၃၁၂

စစ်ကိုင်းတောင်ရိုး

အရှေပရက္ကမ ဆရာတော်

# အရင်ဝါယာမ

ရေးသားစီရင်တော်မူအပ်သော

## ဘာဝနာပါရဂူကျမ်း

ဒုဂိယအကြိမ် ပုံနှိပ်ခြင်း

ဗုဒ္ဓသာသနာရေး ဦးစီးဌာန

ဗုဒ္ဓသာသနာ ၂၅၂၅ ခု။

ဘာသာပြန်ခွင့်ပြုချက်အမှတ် ၁၀၀၀၀

ရန်ကုန်မြို့ ဗုဒ္ဓသာသနာရေး ဦးစီးဌာန

လှခင်အောင်ဆန်းစာပုံနှိပ်တိုက်မှ ဓာတ်နှိပ်ရိုက်ပြီး

၁၄/၁၀/၂၅။

ဆရာလေးမြို့။

၂၀/၁၂/၆၃။

စစ်ကိုင်းတောင်ရိုး

အရှေပရက္ကမ ဆရာတော်

အရှင်ဝါယာမ

ရေးသားစီရင်တော်မူအပ်သော

# ဘဝနောပါရဂူကျမ်း

ဒုတိယအကြိမ် ပုံနှိပ်ခြင်း

စာအုပ်ရေ ၁၀၀၀၀

၁၃၂၅ ခု။

လှခင်အင်ဆန်းစာပုံနှိပ်တိုက်, ဓာတ်နန်းရပ်, မန္တလေးမြို့။

၁၄/၁၂/၂၅။ ၂၈/၁၂/၆၃။

ကန္ဒီမြို့၊
ရွှေသိမ်တော်တော ရဆရာတော်ဘုရားကြီး၏ ပုံတော်။



၁၃၂၄ ခု၊ တပေါင်းလပြည့်ကျော် ၅ ရက်နေ့ နံနက် ၇ နာရီ
၄၅ မိနစ်အချိန် ရိုက်ကူးသည်။

| ๐ | ๑ | ๒ | ๓ | ๔ | ๕ | ๖ | ๗ | ๘ | ๙ | ๑๐ |
|---|---|---|---|---|---|---|---|---|---|---|
| ๐ | ๐ | ๐ | ๐ | ๐ | ๐ | ๐ | ๐ | ๐ | ๐ | ๐ |
| ๑ | ๐ | ๑ | ๑ | ๑ | ๑ | ๑ | ๑ | ๑ | ๑ | ๑ |
| ๒ | ๐ | ๑ | ๒ | ๒ | ๒ | ๒ | ๒ | ๒ | ๒ | ๒ |
| ๓ | ๐ | ๑ | ๒ | ๓ | ๓ | ๓ | ๓ | ๓ | ๓ | ๓ |
| ๔ | ๐ | ๑ | ๒ | ๓ | ๔ | ๔ | ๔ | ๔ | ๔ | ๔ |
| ๕ | ๐ | ๑ | ๒ | ๓ | ๔ | ๕ | ๕ | ๕ | ๕ | ๕ |
| ๖ | ๐ | ๑ | ๒ | ๓ | ๔ | ๕ | ๖ | ๖ | ๖ | ๖ |
| ๗ | ๐ | ๑ | ๒ | ๓ | ๔ | ๕ | ๖ | ๗ | ๗ | ๗ |
| ๘ | ๐ | ๑ | ๒ | ๓ | ๔ | ๕ | ๖ | ๗ | ๘ | ๘ |
| ๙ | ๐ | ๑ | ๒ | ๓ | ๔ | ๕ | ๖ | ๗ | ๘ | ๙ |
| ๑๐ | ๐ | ๑ | ๒ | ๓ | ๔ | ๕ | ๖ | ๗ | ๘ | ๙ |

| ๐ | ๑ | ๒ | ๓ | ๔ | ๕ | ๖ | ๗ | ๘ | ๙ | ๑๐ |
|---|---|---|---|---|---|---|---|---|---|---|
| ๐ | ๑ | ๒ | ๓ | ๔ | ๕ | ๖ | ๗ | ๘ | ๙ | ๑๐ |
| ๑ | ๒ | ๓ | ๔ | ๕ | ๖ | ๗ | ๘ | ๙ | ๑๐ | ๐ |
| ๒ | ๓ | ๔ | ๕ | ๖ | ๗ | ๘ | ๙ | ๑๐ | ๐ | ๑ |
| ๓ | ๔ | ๕ | ๖ | ๗ | ๘ | ๙ | ๑๐ | ๐ | ๑ | ๒ |
| ๔ | ๕ | ๖ | ๗ | ๘ | ๙ | ๑๐ | ๐ | ๑ | ๒ | ๓ |
| ๕ | ๖ | ๗ | ๘ | ๙ | ๑๐ | ๐ | ๑ | ๒ | ๓ | ๔ |
| ๖ | ๗ | ๘ | ๙ | ๑๐ | ๐ | ๑ | ๒ | ๓ | ๔ | ๕ |
| ๗ | ๘ | ๙ | ๑๐ | ๐ | ๑ | ๒ | ๓ | ๔ | ๕ | ๖ |
| ๘ | ๙ | ๑๐ | ๐ | ๑ | ๒ | ๓ | ๔ | ๕ | ๖ | ๗ |
| ๙ | ๑๐ | ๐ | ๑ | ๒ | ๓ | ๔ | ๕ | ๖ | ๗ | ๘ |
| ๑๐ | ๐ | ๑ | ๒ | ๓ | ๔ | ๕ | ๖ | ๗ | ๘ | ๙ |

ဇေယတု။ သက္ကရာဇ် ၁၂၄၁ ခု၊ ဒီဃနှစ်ကြွင်းရသော ၁၄၁၊ ကလိယုဂ် ဆန်းနှစ် ၄၉၀၀ ပြည့်၊ သူရိယမာသ ကုမ်ရာသီ။ ဝေါဟာရမာသ တပေါင်းလပြည့်ကျော် ၄ ရက်၊ သောကြာနေ့၊ မြန်မာပဟိုရ် ညနေ ၃ ချက်တီး ကျော်၊ ၄ ချက်မတီးမီ၊ ဖဂ္ဂုနီ၊ ၃ ပါဒ်၊ ၃ ဗီဇနာ၊ ၄ ပြာဏ်၊ ခရာပြည့်အချိန်။ ခရစ်သက္ကရာဇ် ၁၀၀၀ ပြည့်၊ ဖေဖော်ဝါရီလ ၂၇ ရက်၊ ညနေ ၅ နာရီ ၁၃ မိနစ်၊ သိဟ်လဂ်၊ ကန်စန်း၊ တနင်္ဂနွေဟောရတ်၊ ကြာသပတေးကြင်း၊ တနင်္ဂနွေနဝင်း၊ စနေဒုဒဿင်း၊ ကြာသပတေးတိုသင်း၊ လင်္ကာနက္ခတ် ၁၀ လုံး၊ ပါဒဲပြည့်၊ ဃဋီပြည့်၊ ၄၂ ဝိဃဋီ၊ ၄၉ အနုဃဋီထက် လင်္ကာလျက် ထိုနာရီ၏ ဣဋ္ဌဆာယာ ဘဝါးသော်ကား၊ ၂၆၀ ဘဝါး၊ ၁၁ လက်သစ်၊ ၂ မုယော၊ ၁ နှမ်း၊ ၁ ဆံခြည် ပြည့်သော မင်္ဂလာအချိန်တွင် ရတနာသုံးပါး ဦးထိပ်ထား လျက် ဘုန်းပညာလက္ခဏာနှင့် ပြည့်စုံသော သတ္တိသား ရတနာကို ဘွားမြင်တော်မူသည်။ အသက် ၁၂၀ ကျော် ရှည်စေသော်။

စစ်ကိုင်းတောင်ရိုး၊
အရှေ့ပရက္ကမဆရာတော်ဘုရား၏ ပုံတော်။



၁၃၂၄ ခု၊ တပေါင်းလပြည့်ကျော် ၅ ရက်နေ့ နံနက် ၇ နာရီ
၄၅ မိနစ်အချိန် ရိုက်ကူးသည်။



B

ပုံ (၁၂) ။ ။ဆေးရုံတွင်းပိုးကူးစက်မှုကာကွယ်ရေးနှင့်ထိန်းချုပ်ရေးကော်မတီ ဖွဲ့စည်းပုံ

။ ဆေးရုံတွင်းပိုးကူးစက်မှုကာကွယ်ရေးနှင့်ထိန်းချုပ်ရေးကော်မတီသည် ၎င်းတို့၏ လုပ်ငန်းဆောင်တာများကို ဆေးရုံအုပ်ကြီးထံသို့ တာဝန်ခံရမည်။

# ပဌမနိဒါန်း

စစ်ကိုင်းတောင်ရိုးတွင် ၁၃၀၉ ခုနှစ်၌ ဆရာတော်ဦးဝါယာမသည်အရှေပရက္ကမချောင်၌၊ဆရာတော်ဦးဝဏ္ဏသည် အနောက်ပရက္ကမချောင်၌ အသီးအသီး အသက အသက ကိုယ်စီကိုယ်ငှ သီတင်းသုံး ဝါဆိုဝါကပ်တော်မူကြသည်။ သီတင်းဝါလ ကျတ်သကာလ သဘောတူတိုင်ပင်ကာ ကျေးဇူးတော်ရှင် ရှေသိမ်တော်တောရဆရာတော်ဘုရားကြီးထံ နည်းနာခံရန် အတူ သွားကြသည်၊ နည်းခံသွားကြသည်။

ထိုကျေးဇူးတော်ရှင် ရှေသိမ်တော်တောရဆရာတော်ဆရားကြီးထံတွင် ၁၃၁၀ ခုနှစ်၌ ဝါဆိုဝါကပ်ကာ တနှစ်ကျော်ကျော် နှစ်နှစ်နီးပါး နည်းနာနိဿယ ခံယူကြသည်။ နည်းနာနိဿယ ခံယူပြီးလျှင်၊ ဆူပူသောင်းကျန်းမှုအတွက် အကြောင်းမလှ အခွင့်မသာ အခွင့်မသင့်လှန်းလှသဖြင့်၊ ကျေးဇူးတော်ရှင် ဆရာတော်ဘုရားထံမှ မဘဲခွါချင်ဘဲလျက် (ဝမ်းနည်းဘွယ်ရာ သခ်ၤါရဓမ္မတွေကို နှလုံးသွင်းလျက်) ရေတတန် ကုန်းတတန် လှေတဖန် ခြေတဖုံ ရေစုန် လှေစုန် တလှည့် ခြေကျင်လျှောက် တသွယ် ရှည်ကျယ်တသီး ခရီးလမ်းမြှောမြှော တရွာဝင် တရွာထွက် နေခိုလျက်တဖုံ ညဉ့်အိပ်ရုံတဝ ဆင်းရဲပုံ အဝဝ မျိုးစုံစွာ ခံစားလျက် သည်းခံကာ စစ်ကိုင်းတောင်ရိုးရောက် ခြေကျင်လျှောက်ကာ ဝါကပ်မိရုံ စိတ်တူညီမျှ အတူ ပြန်လာကြသည်။

စစ်ကိုင်းတောင်ရိုးသို့ ဝါဆို ဝါကပ်မီ အတူ ပြန် ရောက်သကာလ၊ ထို စစ်ကိုင်းတောင်ရိုးဌိပင် မိမိတို့ ရှေးယခင်က မူလနေခဲ့ဘူးသော ဆရာတော် ဦး၀!ယာမ ကား အရှေ့ ပရက္ကမချောင်၊ ဆရာတော် ဦး၀ဏ္ဏကား အနောက် ပရက္ကမချောင်ဌိပင် အသီးအသီး ချမ်းသာမှု ဆင်းရဲမှု ပင်ပန်းမှုတို့ကို ပဓာနမထား၍ မဓာနမပြု၍ ရှေးယခင်က နေခဲ့ဘူးသည်ကိုသာ အာရုံပြုကာ အာရုံ တခုတည်း ထား၍လျက် ယနေ့အထိ (၁၃၂၅ ခုအထိ) သီတင်းသုံး နေထိုင်တော်မူကြပေသည်။ ထို စကားစဉ် အတိုင်း မုံရွာခရိုင် ကန့်မြို့ ကျေးဇူးတော်ရှင် ရှေသိမ် တော်တောရ ဆရာတော်ဘုရားကြီးထံသို့ ဤ ကျမ်းပြု ပုဂ္ဂိုလ်နှင့် အတူပြန် အတူ သွားကာ နည်းနာနိသျှည်း ခံယူစဉ်ကာလ၌ ထိုကျေးဇူးတော်ရှင် ဆရာတော်ဘုရား ကြီးသည် များသောအား၍ဖြင့် နှုတ်မိန့် မြွက်ကာ ဟော ကြားသော တရားဓမ္မ နည်းနယတို့ကို ရေးကူး မှတ် သား၍စဉ်၊ ထိုကျေးဇူးတော်ရှင် ဆရာတော်ဘုရားကြီးက "၀!ယာမ, ၀ဏ္ဏတို့ .... ဆရာတော် ဟောကြားသမျှ နည်းနယတို့ကို တဖြင့်တပါး မလွှင့်ပါး မပျောက်ပျက် စေရန် ကျမ်းစာအုပ် ဖြစ်အောင် ရေးသား အား၍ထုတ် ရမည်" ဟု ချီးမြှင့်စေခိုင်းတော်မူသည်ကို ဝန်ခံခဲ့ရလေ သည်။ (စိတ်ဖြင့် ဝန်ခံခဲ့ရလေသည်။) ထိုသို့ ဝန်ခံခဲ့ရ သည် အား၍လျော်စွာ ထို ကျေးဇူးတော်ရှင် ဆရာတော် ဘုရားကြီး မိန့်မြွက်သမျှတို့တွင် တစိတ်တဒေသမျှ ဖြစ် သော "ရှစ်ဝါရ, ဆဲ့ခုနစ်ဌာန အမေးအဖြေ" တို့နှင့်

တက္ခ “ယောဂိပါရဂူကျမ်း” ကို မူတည်ကာ ရေးသား ခြင်းဖြစ်ပေသည်။

ကျေးဇူးရှင် ရွှေသိမ်တော်တောရ ဆရာတော်ဘုရား ကြီးသည် ယခု ၁၃၂၅ ခု၊ သက်တော် ၈၄ နှစ်၊ ဝါ တော် ၆၅ ဝါရှိသည်တိုင်အောင် ကန္ဒိမြို့ ရွှေသိမ်တော် တောရ၌ သီတင်းသုံး နေထိုင်တော်မူလျက် အရပ် ရှစ် မျက်နှာမှ လာလာသမျှသော တပည့်တို့အား နည်းနာ ပြသ ဥပနိဿယ ပေးတော်မူလျက်ပင် ရှိပေသေးသည်။

ဤဘာဝနာပါရဂူကျမ်း၌ ကဏ္ဍအားဖြင့် သုံးကဏ္ဍ ပြထား၏။ ထိုသုံးကဏ္ဍတို့တွင် သမထကဏ္ဍ၌လည်း ပုဗ္ဗ ကိစ္စ လေးပါးတို့တွင် “ပဒက္ခိဏံ ကတ္ဘာ” မိန့်မှာပါဋ္ဌိ မျှားစွာ လာရှိသည်တို့နှင့်အညီ ဇမ္မူဒီပါ သီဟဠာနှင့် မဇ္ဈိမတိုင်းသူတို့ ထုံးမပျက်ရအောင် ကိုယ်တိုင်ဒိဋ္ဌ လက်ျာ ရစ် လှည့်လည်ကာ နည်းယူရန် ကြောက်ရုံ့ဘယ် ဘေး ရန် တွေ့သော်လည်း၊ “ငါဘုရားသားတော်ဘဲ၊ အဖမောင် ပညာရှိ သင်သည် ရှေးမဆုက မြတ်ဘုရားအား သင် ၏ ခန္ဓာကိုယ်ကို မတွယ်တာသဖြင့် လူဒါန်း အပ်နှင်းပြီး ပြီ မဟုတ်လော” ဟု မကြောက်မရုံ့ဘဲ ရဲဝံ့စွာ ကမ္မ ဋ္ဌာန်း အာရုံ၌သာ စိတ်ကို ခိုင်မြဲစွာ ထားနိုင်ရန် မိမိ ခန္ဓာကိုယ်ကို လူခဏ်းနှင့် မင်္ဂိုလ်နိဗ္ဗာန်ကို လွှန်စွာ စုံ မက် နှစ်သက်မြတ်နိုးစွာ လိုလား တောင့်တ၍ ဆုပန် ဆုတောင်းပုံကို ပြထားခြင်း။

အာနာပါန၌ လေးနည်းခဲ့ကာ ပြထားပေ၏။ ပဌမ နည်းကား ထွက်သက် ဝင်သက်၌ သတိမလွတ် ရေတွက်

မှတ်သားပုံ ဝါရ ရေတွက်နည်း မိမိ မည်မျှ စိတ် ငြိမ်သက် တည်ကြည် သမာဓိ ရှိသည်ဟု နှိုင်းချိန်ရန် မဂ္ဂင် စောင့်နည်းပါ ပြထားခြင်း။ ဒုတိယနည်းနှင့် တတိယနည်းတို့မှာ စိတ်ကြည်ပျော်မွေ့ အားတက်ဘွယ် ဖြစ်ပုံ အမျိုးစုံကို ပြတားခြင်း။ စတုတ္ထနည်းမှာ ဖလ်, မှန်ပမာ မိမိ ခန္ဓာကိုယ် ကြည်လင်ကာ လွှန်စွာ သိမ်မွေ့ ငြိမ်သက်ပုံတို့ကို ပြထားခြင်း။

ဝိပဿနာ ကဏ္ဍ၌ လုပ်စဉ် ရှုစဉ် လုပ်ထုံးသက်သက် အကျဉ်းမျှသာ ပြထားခြင်း။ သဘာဝကဏ္ဍ၌ကား မထင်ရှား မပေါ်လွင်သေးသော သဘာဝဓမ္မ၏ အနက်တို့ကို အနည်းငယ်မျှ အဓိပ္ပါယ် ရှင်းလင်းကာ ပြထားခြင်းသာ ဖြစ်ပေသည်။

## အထူး အားပေးတိုက်တွန်းချက်

ပုဂ္ဂိုလ်တိမင်းထံသို့ ဓမ္မလက်ဆောင် ရေးပေးရာတွင် သောတာပန် ဖြစ်သော ဗိမ္မိသာရမင်းက သူ၏ စိတ်တွင် အကောင်းဆုံးဟု သဘောကျသဖြင့်၊ "အဋ္ဌတိံသကမ္မဋ္ဌာနာနိ ယာဝ အာသဝက္ခယာ ကေဒေသေန လိခိ၊ သောဋ္ဌသဝိဓံ အာနာပါနဿတိကမ္မဋ္ဌာနံ ဝိတ္ထာရေနေဝ လိခိတ္ထာ" ဟု ဥပရိပဏ္ဏာသအဋ္ဌကထာ ဓါတုဝိဘင်္ဂသုတ် ၁၉၉ ၌ "အာနာပါန ကမ္မဋ္ဌာန်း" ကို အကျယ် ရေးသား ပေးလိုက်ပေသည်။

ထို့သို့ သောတာပန် ဖြစ်သော ဗိမ္မိသာရမင်းသည် ပင် သက်တော်ထင်ရှား ဘုရားမျက်မှောက် ရှေးအကျ

ဆိုးသော သာသနာတော်တွင်း ဖြစ်ပါလျက် လေးစား သမှု အမြတ်တနိုး ပြုကာ "အာနာပါန ကမ္မဋ္ဌာန်း" ကို အကျယ်တဝင့် ရေးပေးသေးသည်ကို ထောက်ထား၍ ရိုသေလေးစားကာ သာသနာတော် နောက်ပိုင်း ပုထု ဇဉ်တို့သည် "အာနာပါန ကမ္မဋ္ဌာန်း" ဆိုတာ သမထဘဲ၊ သမထဘာဝနာများကို ယခုလို သာသနာတော်တွင်း၌ အားထုတ်ရန် မလို။ နှလုံးသွင်း ပုံးများဘယ်ကိစ္စ မရှိဟု မလေးမစား ပေါ့ပေါ့တန်တန် သာမညောင်ည ကမ္မဋ္ဌာန်းဘဲဟု ထင်မှား ပြောမှား မဖြစ်စေရန် သတိ ပြုဘယ် အလွန် ကောင်းလှပေသည်။

ထိုပ်မြိသာရမင်း၏ စကားကို နှစ်သက် အားကိုးလျက် သာသနာ့ဝန်ဆောင် သာသနာတော်ထမ်း ရဟန်းမြတ် တို့ အမြဲမပြတ် လေ့လာအပ်သော ဝိနည်းဒေသနာတော် မြတ်၌ အထူး အလေးဂရုပြုကာ ဤ "အာနာပါန ကမ္မ ဋ္ဌာန်း" ကို ပါရာဇိကဏ် အဋ္ဌကထာ၌ရင်း၊ ပဋိသမ္ဘိဒါ မဂ် အဋ္ဌကထာ၌ရင်း၊ ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၌ရင်း အဋ္ဌ ကထာ အရှင်မြတ်များ အကျယ်တဝင့် ဖွင့်ပြတော်မူကြ ပေသည်။

"ဤအာနာပါန ကမ္မဋ္ဌာန်းသည် မမ္မန်မမြတ် သိမ် သိမ်ငယ်ငယ် မဟုတ်။ အလွန့်အလွန် မွန်မြတ်ကြီးကျယ် ၏။ ဘုရား, ပစ္စေကဗုဒ္ဓါ, ဘုရား၏ တပည့်သားတော် မြတ် ဖြစ်ကြကုန်သော "ယောဂျားမြတ်" တို့သည်သာ လျှင် နှလုံးသွင်း အားထုတ်နိုင်သော "အာနာပါန ကမ္မ ဋ္ဌာန်း" ဖြစ်သည်။ သိမ်သိမ်ငယ်ငယ် မြင်မြင်ဝါးဝါး ဘုန်း

ကံနည်းသူတို့ ဘုန်းကံ နည်းပါးသူတို့ နည်းနာကျကျ သ
ဘာဝညီညီ မှိုဝဲအားထုတ်နိုင်သည် မဟုတ်။

"ဣဒံ ပန အာနာပါနဿတိ ကမ္မဋ္ဌာနံ ဂရုကံ ဂရုက
ဘာဝနံ ဗုဒ္ဓ, ပစ္စေကဗုဒ္ဓ, ဗုဒ္ဓပုတ္တာနံ မဟာပုရိသာနံ ယေ
ဝ မနသိကာရဘူမိဘူတံ၊ န စေဂ ဣတ္တရံ, န စ ဣတ္တရ
သတ္တသမာသေဝိတံ" လို့ ပါရာဇိကဏ်အဋ္ဌကထာ ဒုတိ
ယအုပ် ၂၀၊ ပဋိသမ္ဘိဒါမဂ်အဋ္ဌကထာ ဒုတိယအုပ် ၉၀
နှင့် ဝိသုဒ္ဓိမဂ်အဋ္ဌကထာ ပဌမအုပ် ၂၇၆ အာနာပါန
အဖွင့်ဋ္ဌသာ အဋ္ဌကထာ အရှင်မြတ်များ အထူး မိန့်မှာ
တော်မူသောကြောင့်၊ မိမိတို့ ကိုယ်ကို မိမိတို့ ဘုန်းကံ ရှိ
သူ ဘုန်းကံ ကြီးသူ ဘုန်းကံ ရှိလို့သာ ဘုန်းကံ ကြီးလို့
သာ သမ္ဘာထူး ပါရမီထူးလို့သာ ဤကဲ့သို့ ကောင်းမှန်
မြင့်မြတ်သော "အာနာပါန ကမ္မဋ္ဌာန်း" လုပ်ထုံး လုပ်
နည်းကို သိရပေပြီဟု အားတက် ဝမ်းမြောက်ကာ လျင်
လျင်မြန်မြန် ကြိုးစားအားထုတ် ပွါးများ ကြပါကုန်လော့။

အာနာပါန ကမ္မဋ္ဌာန်း အားထုတ်ပုံ လုပ်ထုံးလုပ်စဉ်
အကျယ်ကို ဖတ်ရှု ကြားနာစဉ်ကာလ ထိုခဏ၌၊ ပုဏ္ဏ
သာတိမင်းသည် စတုတ္ထစျာန်ကို ရပေသည်။ ဤ "ဘာ
ဝနာပါတ ကျမ်း" ၌ ပြထားသော အာနာပါန လုပ်ထုံး
လုပ်နည်းကို အားထုတ်ကြသော ယောဂီပုဂ္ဂိုလ်မြတ်များ
လည်း ဤရိယာပုထ် မခိုင်မြဲခြင်း, ကျန် မာမှု နည်းပါး
ခြင်း, ချို့တဲ့ခြင်းတို့ကြောင့် အကယ်၍ အပြုနာသမာဓိ
စျာန်သမာပတ်တို့ကို မဖြစ်စေနိုင်သော်လည်း၊ အဇ္ဈတ္တ
နိမိတ် အာရုံသွင်းပုံ နည်းနာကျကျ ပြထားသည်အတိုင်း

ဆရာ့နည်းခံကာ ကျကျနန အားထုတ်လိုက်ပါက၊ ဗဟိဒ္ဓ နိမိတ်အာရုံလောက်နှင့် "အာနာပါနကမ္မဋ္ဌာန်း" ဆိုတာ ဤမျပါဘဲ၊ သမာဓိ အလုပ်ဆိုတာ ဤမျပါဘဲဟု တင်း တိမ်ရောင့်ရဲ၍နေသော ယောဂီပုဂ္ဂိုလ်တို့သည် ဤဘာဝ နာပါရဂူကျမ်းဌဲ့ ပြထားသော နည်းအတိုင်း ကျကျနန အစ္ဆတ္တနိမိတ် အာရုံသွင်းကာ ဝိပဿနာ ရှုလိုက်ပါက ရှု ပုံးပါက ဝိပဿနာ ရှုပါက "ဟုတ်ပါပေ၏၊ မှန်ပါပေ ၏၊ ကောင်းလှပါပေ၏၊ ဝိပဿနာမှာ အကျိုးများပေ၏၊ အကျိုးရှိပေ၏" ဟု ကိုယ်တိုင် ဝန်ခံလာရပေလိမ့်မည်။ ဝိပဿနာသက်သက် ရှုတာထက် ပုံးတာထက် ဗဟိဒ္ဓ နိမိတ် အာရုံလောက်နှင့် ဝိပဿနာ ရှုတာထက် အဆ မည်မျှ ကွာခြားကြောင်း မိမိ ခန္ဓာကိုယ်ကို မိမိ မည်မျှ စက်ဆုပ်, သံသရာ ခန္ဓာဝန်ကို ရှုံမုန်း ငြီးငွေ့ကြောင်းကို ကိုယ်တိုင် ဝန်ခံကြရပေလိမ့်မည်။

ထို့ကြောင့် ဤအာနာပါန ကမ္မဋ္ဌာန်းကို သာမည ကမ္မဋ္ဌာန်းဘဲဟု မလေးမစား ပေါ့ပေါ့တန်တန် မမှတ်မှု၍ လေးလေးစားစား ကြိုးကြိုးစားစား အားထုတ်ကြ ပါကုန်လော့။

**ဆရာတော် ဦးဝဏ္ဏ**
ပရဏ္ဏမချောင် အနောက်တိုက်၊
စစ်ကိုင်းတောင်ရိုး၊
စစ်ကိုင်းမြို့။

သာသနာတော်နှစ် ၂၄၉၄။
မြန်မာနှစ် ၁၃၁၂ ခု၊ ပဌမ ဝါဆိုလပြည့်။

# ဒုတိယ နိဒါန်း

ဤ "ဘဝနဲ့ပါရဂူကျမ်း" ကို ပုံနှိပ်ပြီး မျှးမကြာမီ လ, နှစ် အတွင်း ထိုကျမ်းဌ် ရုပ်နာမ်တို့၏ သဘော လက္ခဏာကို ကြည့်ရှုသူတို့ ဉာဏ်တွင်လင်း အသိရှင်းကာ ကွင်းကွင်းကွက်ကွက် သိသာ ပေါ်လွင်စေရန် မာတိကာ တခု အဖြစ်ဖြင့် ထည့်သွင်းလိုသေးသည့်ပြင်၊ သဘာဝ သကောမှန်ကို မသိဘဲ အမှန်အတိုင်း မသိဘဲ "ယောယိမ်းလိုက်၊ ဘာသား ယိမ်းလိုက်" ဆိုသလို သူများ နှုတ်ယောင်လိုက်ပြီး သမထဆိုတာ သာသနာပမှာသာ အားထုတ်ရတဲ့ သမထပါဟု ကဲ့ရဲ့ရှုတ်ချ အပြစ်ပြောသူတွေ့ များကြ၏။ "သမထနယ်ကား ဗြဟ္မာ ၂၀ အထိသာ ပိုနိုင်သည်၊ ရောက်နိုင်သည်၊ ဗြဟ္မာ့ဘုံအထိသာ ပိုနိုင်သည်၊ ရောက်နိုင်သည်" ဟု သာသနာတော်တွင်း သာသနာပ မခဲ့ဘဲ ရောထွေးကာ သမထနယ် ကန့်သတ်ပိုင်းခြား သတ်မှတ် ယူဆကာ ခပ်တွင်တွင်ကြီး အပြစ်ပြော ကဲ့ရဲ့ရှုတ်ချသူတွေ့လည်း များကြ၏။ သမထနယ် သတ်မှတ် ပိုင်းခြား ကန့်သတ်သူတွေ့လည်း များကြ၏။ သို့ဖြစ်၍ သာသနာတော်တွင်းမှာလည်း သမထကို ပွါးများ အားထုတ်ထိုက်ကြောင်း "သမာဓိ ပရိဘာဝိတာ ပညာ မဟပ္ဖလာ ဟောတိ မဟာနိသံသာ (=သမာဓိဖြင့် ထုံအပ်သော ပညာသည် အကျိုး ကြီးမားသည် ဖြစ်၏၊ အကျိုးဆက် ကြီးမားသည် ဖြစ်၏)" ဟူ၍ လာသည်အတိုင်း သမထသမာဓိသည် ဝိပဿနာဉာဏ်ပညာ

ထက်သန်ကြီးထွား ဖွံ့ဖြိုး အားကောင်း အားရှိရန် ဝိပဿနာ ရှုပွါးရန်အတွက် မျှားစွာ အကူအညီ အထောက်အပံ့ ရ၍ အလွန် အကျိုးများ အကျိုးရှိ အဘိုးတန်ကြောင်း သာသနာတော်တွင်း သာသနာပ သာသနာတော်တွင်း သမထ, သာသနာပ သမထ ခဲ့ကာ စီစဉ်ရေးသားပြီး၊ နောက်အကြိမ် ပုံနှိပ်က ထည့်သွင်းနိုင်ရန် အဆင်သင့် ဖြစ်စေရန် ရေးသားထား၏။ နောက်အကြိမ် ပုံနှိပ်ဖြစ်စေရန်ကိုလည်း လွန်မင်းစွာ လိုလား တောင့်တမိပေ၏။ သို့သော် မိမိထံ ဆည်းကပ်ကြသူ ဥပါသကာ ဒါယကာတို့အား တိုက်တွန်းပါက၊ မနိုင်ဝန် ချီခိုင်းရာကျမျှား ကျနေလေမှာလားဟု တိုက်တွန်း ပြောကြားရန် အလွန် ဝန်လေးလျက်နေပေသည်။

၁၃၂၁ ခုနှစ်က မိမိဇာတိ ဓနုဖြူမြို့သို့ ဓမ္မာစရိယများ ဖြစ်တော်မူကြပေသော ချမ်းသာကြီးတိုက် ဆရာတော်နှင့် သုံးထပ်ကျောင်းတိုက် ဆရာတော်တို့၏ အမိန့်ကို မလွန်ဆန်နိုင်သဖြင့်၊ ပဌမအကြိမ် ကြွရောက်ကာ "အရှေ့ပရက်ကမ ကမ္မဋ္ဌာန်းတိုက်" နှင့် "အနောက်ပရက်ကမ ကမ္မဋ္ဌာန်းတိုက်"၊ ထိုပရက်ကမ ကမ္မဋ္ဌာန်းတိုက် နှစ်တိုက် တည်ထောင်ကာ ကျေးဇူးတော်ရှင် ကန့်ဓိ ရှေသိမ်တော်တော၇ ဆရာတော်ဘုရားကြီး၏ ကန့်နည်း ကမ္မဋ္ဌာန်းမျိုးစေ့ကို စတင်၍ မျိုးစေ့ ချခဲ့ပေသည်။

မိမိ ရှေးက ကမ္မဋ္ဌာန်းမျိုးစေ့ ချခဲ့သော ထိုပရက်ကမ ကမ္မဋ္ဌာန်းတိုက် နှစ်တိုက်၌ ကန့်နည်း ဥပနိသျ ကမ္မဋ္ဌာန်း

မျိုးစေ့ အောင်မြင်စွာ အညှန့်အညောက် ပေါက်ရောက်လန်းဆန်းဝေဆာ စည်ပင်ပြန့်ပွါး တိုးတက်စေရန် ကမ္မဋ္ဌာန်း မြေတောင်မြောက်သော အနေအားဖြင့် ယခု ဒုတိယအကြိမ် ၁၃၂၅ ခုနှစ်၊ တန်ဆောင်မုန်းလလောက် တွင် ကြွသွားရပေဦးမည်။

ထိုသို့ ပဌမအကြိမ် ကြွရောက်ခဲ့စဉ် အခါ၌ "မဟာပုရိသာနံ" ပုဒ်ကို လက်ကိုင်ပြုပြီး လက်ကိုင်ထား၍ "အာနာပါနဟာ သိပ်ခက်တယ်၊ ခက်တယ် ခက်တယ်" ဟူ၍ ဂုဏ်း၊ "အာနာပါန ဆိုတာ သာမန်လူများ ပွါးများ အားထုတ်ရတာ မဟုတ်" ဟူ၍ဂုဏ်း၊ "သင်တို့နှင့် မထိုက်မတန်" ဟူ၍ဂုဏ်း၊ "အာနာပါနဟာ သမထဘဲ" ဟူ၍ဂုဏ်း၊ အာနာပါနကို အထင်အမြင်သေးသူတို့နှင့် ပက်ပင်းပါကြုံ ရင်ဆိုင်တိုးမိပြန်တော့၏။ ပက်ပင်းပါကြုံ ရင်ဆိုင်ဆုံကာ တိုးမိပြန်တော့၏။ ထိုစဉ်က ဝိပဿနာ အာလုန် ခေတ်စား စန်းပွင့်ချိန် ဖြစ်၍၊ မျက်နှာပန်း အလှုန်လှချိန်ပွင့်ချိန် ဖြစ်၍ မိမိကလည်း စကား အလှုန် နည်း၊ ကြာရှည်စွာ စကား မပြောလိုလှသဖြင့်၊ ခပ်မဆိတ် သည်းခံ၍သာ နေလိုက်ရ၏။

သို့ပင် သည်းခံရပါသော်လည်း၊ အာနာပါနဟာ သိပ်ခက်တယ်၊ ခက်တယ်၊ ခက်တယ်ဆိုက ဝိပဿနာရောလှယ်ပါရဲ့လား၊ ဝိပဿနာ ဆိုတာ သာမန် လူများ ပွါးများ အားထုတ်ရတာ မဟုတ်၊ သင်တို့နှင့် နင်တို့နှင့် ခင်ဗျားတို့နှင့် မထိုက်မတန်ဟု ပြန်ပြောရန် သင့်သည့်

ပြင်၊ အာနာပါနဟာ ခက်က၊ ဝိပဿနာရော လွယ်ပါရဲ့လား။ ဝိပဿနာရော သာမန်လူမျှား သာမန် လူစားမျှား သာမန် လူတန်းစားမျှား ပုဂ္ဂိုလ်မျှား အားထုတ်နိုင်ပါရဲ့လား၊ ဝိပဿနာရော သင်တို့နှင့် နင်တို့နှင့် ခင်ဗျားတို့နှင့် ထိုက်ပါရဲ့လား၊ တန်ပါရဲ့လား၊ ထိုက်တန်ပါရဲ့လား ဟု မေးမြန်းရန် သင့်ဖတ္တသည်၊ ပြန်ပြော မေးမြန်းဘို့သာ ကောင်းလှတော့သည်။ ဝိပဿနာကို သမ္မာထူး ပါရမီထူးတဲ့ တကဲ့ ဉာဏ်ထက် ဉာဏ်မြက် တကဲ့ ဉာဏ်ကြီးရှင် ပညာရှင် ပါရမီရှင် ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်မျှားသာ မစဉ်ဖိုလ် ရအောင် ပွားများ အားထုတ်နိုင်၏။ ပွားများ အားထုတ်နိုင်တဲ့ ဝိပဿနာဟု အဖြမှန် ထုတ်ပေါ်လာပေလိမ့်မည်။

သို့ခပ်မဆိတ် နေလိုက်ရသော်လည်း၊ "သမာဓိ ပရိဘာဝိတာ ပညာ မဟပ္ဖလာ ဟောတိ မဟာနိသံသာ (= သမာဓိဖြင့် ထုံအပ်သော ပညာသည် အကျိုးကြီးမားသည် ဖြစ်၏၊ အကျိုးဆက် ကြီးမားသည် ဖြစ်၏)" ဟူသည်နှင့်အညီ အာနာပါနဟာ သမထ ဖြစ်ပေမဲ့ ဝိပဿနာအတွက် အသုံးဝင် အဘိုးတန်၍ သာသနာတော်တွင်းမှာ အလွန် အကျိုးမျှားလှကြောင်းကို ရေးသား၍ ပေးသင့်သော တပည့် ယောဂီတွေကို အကျဉ်းမျှ ရေးသားပေးထားခဲ့၏။

စစ်ကိုင်းတောင်ရိုး မိမိချောင်သို့ ပြန်ရောက်သကာလ ထိုကို အကြောင်းပြုပြီး "အာနာပါန သံခိုပ်ကျမ်း" ကို စီစဉ်ရေးသားဘော့၏။ ထိုအာနာပါန သံခိုပ်ကျမ်းကို

ရေးသားနေခိုက် ရေးသားနေစဉ် အတွင်း မန္တလေးမြို့နေ ဦးစံလှပေါ်သည် သီလ သမာဓိ ပညာ သုံးဖြာဂုဏ်မှ နိဗ္ဗာန်မဂ်ဖိုလ် ရနိုင် ရောက်နိုင်သည်ဟု ယုံကြည်ရင်းရှိပေသည်။ သို့ယုံကြည်ချက်ကား—

၁။ ဣမာယ စ ကဿပ သီလသမ္ပဒါယ စိတ္တသမ္ပဒါယ ပညာသမ္ပဒါယ အညာ သီလသမ္ပဒါ စိတ္တသမ္ပဒါ ပညာသမ္ပဒါ ဥတ္တရိတရာ ဝါ ပဏီတတရာ ဝါ နတ္ထိ။ ။သီလက္ခန္ဓ ပါဠိတော် မဟာသီဟနာဒသုတ် ၁၉၃။

၂။ စတုန္နံ ဘိက္ခဝေ ဓမ္မာနံ "အနုပေါဓာ အပ္ပဋိဃဝေဓာ ဇဝမိဒံ ဒိဋ္ဌမဒ္ဓါနံ သန္ဓာဝိတံ သံသရိတံ မမဉ္ဉေဝ တုမ္ဟာကဉ္စ" ။ ကတမေသံ စတုန္နံ။

(က) အရိယဿ ဘိက္ခဝေ သီလဿ အနုပေါဓာ အပ္ပဋိဃဝေဓာ ဇဝမိဒံ ဒိဋ္ဌမဒ္ဓါနံ သန္ဓာဝိတံ သံသရိတံ မမဉ္ဉေဝ တုမ္ဟာကဉ္စ။

(ခ) အရိယဿ ဘိက္ခဝေ သမာဓိဿ (ပ)။

(ဂ) အရိယာယ ဘိက္ခဝေ ပညာယ (ပ)။

(ဃ) အရိယာယ ဘိက္ခဝေ ဝိမုတ္တိယာ (ပ)။

၃။ တယိဒံ ဘိက္ခဝေ အရိယံ သီလံ အနုပုဒ္ဓံ ပဋိဝိဒ္ဓံ၊ အရိယော သမာဓိ အနုပေါဓော ပဋိဝိဒ္ဓေါ၊ အရိယာ ပညာ အနုပုဒ္ဓါ ပဋိဝိဒ္ဓါ၊ အရိယာ ဝိမုတ္တိ အနုပုဒ္ဓါ ပဋိဝိဒ္ဓါ၊ ဥစ္ဆိန္နာ ဘဝတဏှာ၊ ခီဏာ ဘဝနေတ္တိ၊ နတ္ထိ ဒါနိ ပုနဗ္ဘဝေါ။

၄။ သီလ သမာဓိ ပညာ စ၊ ဝိမုတ္တိ စ အနုတ္တရာ။
အနုပုဒ္ဓါ ဣမေ ဓမ္မာ၊ ဂေါတမေန ယသဿိနာ။

၅။ တေဒေဝ ဗဟုလံ ဘိက္ခူနံ ဓမ္မိံ ကထံ ကရောတိ။ "ဣတိသီလံ ဣတိသမာဓိ ဣတိပညာ"။ သီလပရိဘာဝိတော သမာဓိ မဟပ္ဖလော ဟောတိ မဟာနိသံသော။ သမာဓိပရိဘာဝိတာ ပညာ မဟပ္ဖလာ ဟောတိ မဟာနိသံသာ။ ပညာပရိဘာဝိတံ စိတ္တံ သမ္မဒေဝ အာသဝေဟိ ဝိမုစ္စတိ။ ။သုတ်မဟာဝါပါဠိတော် မဟာပရိနိဗ္ဗာန သုတ် ၁၀၂။

၁။ အဝတ်မဖုံး ဗလာတုံးလုံး ကိုယ်လုံးဟန်ပြ အစေလ ကဿပ.... ဤအရဟတ္တဖိုလ်နှင့် ယှဉ်သော သီလ၏ ပြည့်စုံခြင်းမှလည်းကောင်း၊ ဤပဌမစျာန် အစရှိသည်တို့နှင့် ပြည့်စုံ၍ ဥပစာရသမာဓိ, အပ္ပနာသမာဓိ ဟူသော စိတ်၏ ပြည့်စုံခြင်းမှလည်းကောင်း၊ ဤအရဟတ္တဖိုလ်နှင့် ယှဉ်သော စိတ်၏ သမာဓိ၏ ပြည့်စုံခြင်းမှလည်းကောင်း၊ ဤစိတ္တသမာဟိတ ဖြစ်၍ စိတ်တည်ကြည်သော အခါ ဝိပဿနာဉာဏ် ဟူသော ပညာ၏ ပြည့်စုံခြင်းမှလည်းကောင်း၊ ဤအရဟတ္တဖိုလ်နှင့် ယှဉ်သော ပညာ၏ ပြည့်စုံခြင်းမှလည်းကောင်း၊ အခြား တပါးသော ထိုအရဟတ္တဖိုလ်နှင့် ယှဉ်သော သီလ စိတ္တ ပညာ "သီလ သမာဓိ ပညာ"၏ ပြည့်စုံခြင်းတို့ထက် လွန်မြတ်ကဲလွန်သည်လည်း ဖြစ်သော မွန်မြတ် လွန်ကျူး ထူးမြတ်သည်လည်း ဖြစ်သော အရဟတ္တဖိုလ်နှင့် ယှဉ်သော သီ

လ၏ ပြည့်စုံခြင်းသည်လည်းကောင်း၊ အရဟတ္တဖိုလ်နှင့် ယှဉ်သော စိတ်၏ "သမာဓိ"၏ ပြည့်စုံခြင်းသည်လည်းကောင်း၊ အရဟတ္တဖိုလ်နှင့် ယှဉ်သော ပညာ၏ ပြည့်စုံခြင်းသည်လည်းကောင်း မရှိ။

၂။ ရဟန်းတို့.... လေးပါးကုန်သော တရားတို့ကို လျော်ကပ်စွာ မသိခြင်းကြောင့်၊ ထိုးထွင်း၍ မသိခြင်းကြောင့်၊ ငါဘုရားသည်ဝင်း၊ ငါ့၌ ချစ်သားတို့ သည်ဝင်း ကျွန်အခွန်ရှည်စွာသော သံသရာကာလပတ်လုံး အဖန်တလဲလဲ ပြေးသွားရလှလေပြီ၊ ကျင်လည်ရလှလေပြီ။

ရဟန်းတို့ . အသာယ်တရားတို့ကို မသိခြင်း, ထိုးထွင်း၍ မသိခြင်းကြောင့်၊ ငါဘုရားရော သင် ချစ်သားတို့ပါ သံသရာ တရှောက်လုံး ခေါက်တုံ့ခေါက်ပြန် တပြောင်းပြန်ပြန် ပြေးသွား ကျင်လည်ရလေသနည်း။

(က) ရဟန်းတို့ .. အရိယမဂ်နှင့် ယှဉ်သော သီလကို လျော်ကပ်စွာ မသိခြင်းကြောင့်၊ ထိုးထွင်း၍ မသိခြင်းကြောင့်၊ ငါဘုရားသည်ဝင်း၊ သင် ချစ်သားတို့သည်ဝင်း ကျွန်အခွန်ရှည်စွာသော သံသရာကာလပတ်လုံး အဖန်တလဲလဲ ပြေးသွားရလှလေပြီ၊ ကျင်လည်ရလှလေပြီ။

(ခ) ရဟန်းတို့.... အရိယမဂ်နှင့် ယှဉ်သော သမာဓိကို (ပ)။

(ဂ) ရဟန်းတို့ .. အရိယမဂ်နှင့် ယှဉ်သော ပညာကို (ပ)။

(ဃ) ရဟန်းတို့ မြတ်သော ကိလေသာ အညစ်အကြေး ကင်း၍ ဖြူစင်သော အရဟတ္တဖိုလ်ကို (ပ)။

၃။ ရဟန်းတို့ ... ငါဘုရားသည် အရိယမဂ်နှင့် ယှဉ်သော ထိုသီလကို လျောက်ပတ်စွာ သိအပ်ပြီ၊ ထိုးထွင်း၍ သိအပ်ပြီ၊ အရိယမဂ်နှင့် ယှဉ်သော သမာဓိကို လျောက်ပတ်စွာ သိအပ်ပြီ၊ ထိုးထွင်း၍ သိအပ်ပြီ။ အရိယမဂ်နှင့် ယှဉ်သော ပညာကို လျောက်ပတ်စွာ သိအပ်ပြီ၊ ထိုးထွင်း၍ သိအပ်ပြီ၊ မြတ်သော ဖြူစင်သော အရဟတ္တဖိုလ်ကို လျောက်ပတ်စွာ သိအပ်ပြီ၊ ထိုးထွင်း၍ သိအပ်ပြီ၊ ဘဝတဏှာကို အရဟတ္တမဂ်ဖြင့် အကြွင်းမဲ့ ဖြတ်အပ်ပြီ၊ ဘဝတဏှာကြိုးသည် ကုန်ပြီ၊ ယခုအခါ ဘဝသစ်၌ တဖန် ဖြစ်ခြင်း မရှိ။

၄။ သီလ၌လည်း၊ သမာဓိ၌လည်း၊ ပညာ၌လည်း၊ မိမိထက် လွန်မြတ်သော တရား မရှိသော အရဟတ္တဖိုလ်၌လည်း။ ဤလေးပါးသော တရားတို့ကို များသော အခြံအရံ ရှိသော ဂေါတမနွယ်ဘွား ငါဘုရားသည် မဘောက်မပြန် ဟုတ်တိုင်းမှန်စွာ သိအပ်ပြီ။

၅။ ထိုသီလ, သမာဓိ အစရှိသည်တို့နှင့် စပ်သော တရားစကားကိုသာလျှင် အဖန်တလဲလဲ ကြိမ်ဖန်များစွာ ရဟန်းတို့အား ဟောကြားတော်မူ၏။ အသို့ ဟောကြားတော်မူသနည်း။ သီလသည် ဤမျှ အတိုင်းအရှည် ရှိ၏။ သမာဓိသည် ဤမျှ အတိုင်းအရှည် ရှိ၏။ ပညာသည် ဤမျှ အတိုင်းအရှည် ရှိ၏။ သီလဖြင့် ထုံအပ်သော မဂ်ဖိုလ်နှင့်

ယျဉ်သော သမာဓိသည် ကြီးသော အကျိုးရှိသည်ဖြစ်၏။ ကြီးသော အကျိုးဆက် ရှိသည်ဖြစ်၏။ သမာဓိဖြင့် ထို အပ်သော ပညာသည် အကျိုးကြီးမားသည်ဖြစ်၏။ အကျိုးဆက် ကြီးမားသည်ဖြစ်၏။ ပညာဖြင့် ထိုအပ်သော စိတ်သည် ကောင်းစွာသာလျှင် အာသဝေါတရားတို့မှ လွတ်၏။

ဤမဟာပရိနိဗ္ဗာန သုတ်တော်မြတ်ဟု နာမံတံဆိပ် ရှေ့ဘဲတော်ခတ်နှိပ်၍ ပေးထားတော်မူခြင်းသည်ကား တဆဲ့ခြောက်ခုသော ပြည်, ရွာ, မြို့, ပြ, ဇနပုဒ်အရပ်ဒေသ နေရာဌာနတို့၌ ထိုက်သလောက် သီတင်းသုံးစမှယ်တော်မူ၍ နေ့ရက်များစွာ အကြိမ်ကြိမ် အဖန်ဖန် ဟောကြားတော်မူအပ်သော တရားဒေသနာတော်မြတ်တွေကို စုပေါင်းပြီး၊ နောက်ဆုံး ပရိနိဗ္ဗာန်စံတော်မူသည်ကို ရည်၍ဖြင်း၊ ထိုနောက်ဆုံး ပရိနိဗ္ဗာန်စံတော်မူခါနီး ဟောကြားတော်မူအပ်သော တရားဒေသနာတော်မြတ်ကို ရည်၍ဖြင်း မဟာပရိနိဗ္ဗာန သုတ်တော်မြတ်ဟု နာမံတံဆိပ်ခတ်နှိပ်ကာ ရှေ့ဘဲတော် ပေးထားတော်မူအပ်သော မဟာပရိနိဗ္ဗာန သုတ်တော်မြတ် ဖြစ်ပေသည်။

ထိုတဆဲ့ခြောက်ဌာနတို့တွင်လည်း ရာဇဂြိုဟ်ပြည် ပါဠလိရွာ၊ ဇေသာလီပြည် ဝေဠုဝရွာနှင့် မဟာဝုန်တောကူဋာဂါရစရပ်၊ ပါဝါပြည် ရွှေပန်းထိမ်သား စုန္ဒသရက်ဥယျာဉ်၊ ကုသိနာရုံပြည် မလ္လာမင်း အင်ကြင်းဥယျာဉ် အင်ကြင်းတော။ ဤငါးဌာနတို့ကို ချန်လှပ်ထား၍ ရာဇဂြိုဟ်ပြည် ဂိဇ္ဈကူဋ်တောင်၊ သရက်ပျိုဥယျာဉ် မင်းကွန်း

စံနန်းတော်၊ နာဋ္ဌမြို့ ပါဝါရသူဌေး သရက်ဥယျာဉ်၊ ကောဋိရွာ၊ နာတိကရွာ အုဋ္ဌတိုက်ကျောင်းတော်ကြီး၊ ဝေသာလီပြည် အမွပါလီ၏ သရက်ဥယျာဉ်။ ဤခြောက်ဌာန တို့ကား ဝါတော် ၄၅ ဝါမြောက် နောက်ဆုံး ဝေဠုဝရွာ၌ ဝါမဆို ဝါမကပ်မီ "ဣတိသီလံ ဣတိသမာဓိ ဣတိပညာ (= သီလသည် ဤမျှ အတိုင်းအရှည် ရှိ၏။ သမာဓိသည် ဤမျှ အတိုင်းအရှည် ရှိ၏။ ပညာသည် ဤမျှ အတိုင်းအရှည် ရှိ၏)" ဟု အကြိမ်ပေါင်း များစွာ အခါပေါင်း များစွာ အဖန်တလဲလဲ ဟောကြားတော်မူအပ်သော ခြောက်ဌာန ခြောက်နေရာ။

ဘဏ္ဍာရွာ၊ ဆင်ရွာ၊ သရက်ပင်ရွာ၊ သပြေပင်ရွာ၊ ဘောဂရွာ သို့မဟုတ် ဘောဂနဂရရွာ အာနုန္ဒစေတီ။ ဤငါးဌာနတို့ကား ဝေဠုဝရွာ၌ နောက်ဆုံး ဝါကျွတ်ပြီး စာပါလစေတီ၌ အာယုသင်္ခါရ လွှတ်တော်မူပြီးသည် နောက်၊ မရွေးမနှောင်း တပြိုင်နက် တချက်တည်း ဆိုသလို တရက်တည်း တရက်အတွင်း မဟာဝုန်တော ကူဋဂါရိရ စရပ်၌ ဝေသာလီပြည်တွင် ဝါကပ်တော်မူကြကုန်သော ဝေသာလီ တပြည်လုံးရှိ ရဟန်းတို့အား-

၁။ ဟန္ဒ ဒါနိ ဘိက္ခဝေ၊ အာမန္တယာမိ ဝေါ။
ဝယဓမ္မာ သင်္ခါရာ၊ အပ္ပမာဒေန သမ္ပါဒေထ။

၂။ နစိရံ တထာဂတာသ ပရိနိဗ္ဗာနံ ဘဝိဿတိ၊ ဣတော တီဏ္ဍံ မာသာနံ အစ္စယေန တထာဂတော ပရိနိဗ္ဗာယိဿတိ။ ၁၀၀။

၁။ ရဟန်းတို့ ယခုအခါ ငါဘုရားသည် သင်ချစ်သားတို့ကို မှာကြားတော်မူခဲ့မည်။ နိဗ္ဗာန်စံ မှာတမ်းတော်ကြီး မှာကြားထားတော်မူခဲ့မယ်၊ မှာသွားတော်မူခဲ့မယ်။ ရဟန်းတို့ . သင်္ခါရဟရားတို့သည် ပျက်စီးခြင်း သဘော ရှိကုန်၏။ သင် ချစ်သားတို့သည် မနေမမလျော့သဖြင့် ရဟန်းတရားကို ပြည့်စုံကြစေကုန်လော့။

၂။ မကြာမြင့်မီ ငါဘုရား ပရိနိဗ္ဗာန် စံတော်မူခြင်းသည် ဖြစ်လတံ့။ ဤလမှ သုံးလတို့ ကျော်လွန်သဖြင့် ငါဘုရား ပရိနိဗ္ဗာန်စံတော်မူလတံ့၊ ငါဘုရား ပရိနိဗ္ဗာန်စံတော်မူရတော့မယ် ချစ်သားတို့ ဟု အာယုသင်္ခါရလွှတ်တော်မူပြီးသည်နှင့် တပြိုင်နက်၊ ပရိနိဗ္ဗာန် စံတော်မူခါနီး၊ သုံးလအလို အူအသဲ ဆုတဲချ ပြုတ်ကြွလူမတတ် နှလုံးတုန်ခိုက် လှိုက်လှိုက်လဲလဲ ဝမ်းနည်း ကြကဲဘွယ် နိဗ္ဗာန်စံ မှာတမ်းတော်ကြီး အဖြစ်ဖြင့် အရေးတကြီး ပဌမအကြိမ် မှာတမ်းတော်မူပြီးလျှင်၊ ဒုတိယတဖန် ထပ်မံကာ ဝေနေယျကြာ တပည့် သတ္တဝါတို့ကို သံသရာဝဋ်ဆင်းရဲမှ ကျွတ်လွတ်ထွက်မြောက် နိဗ္ဗာန်မင်္ဂိုလ် လျင်လျင်မြန်မြန် ရောက်စေချင်လှန်း ရစေချင်လှန်း အားကြီးလှန်းလို့ နာရီပိုင်းလောက် အလို ပရိနိဗ္ဗာန် စံတော်မူမည့် ဆဲဆဲ၊

ဟန္ဒ ဒါနိ ဘိက္ခဝေ၊ အာမန္တယာမိ ဝေါ။

ဝယဓမ္မာ သင်္ခါရာ၊ အပ္ပမာဒေန သမ္ပါဒေထ။ ၁၂၀။

ရဟန်းတို့ ...ယခု ငါဘုရား သင်ချစ်သားတို့ကို မှာကြားတော်မူခဲ့မယ်၊ နိဗ္ဗာန်စံ မှာတမ်းတော်ကြီး မှာကြားတော်မူခဲ့မယ်၊ မှာသွားတော်မူခဲ့မယ်။ ရဟန်းတို့ ... သခ်ၤါရတရားတို့သည် ပျက်စီးခြင်း သဘော ရှိကုန်၏။ သင်ချစ်သားတို့ သည် မမေ့မလျော့သဖြင့် ရဟန်းတရားကို ပြည့်စုံကြစေကုန်လော့ ဟု နိဗ္ဗာန်စံ မှာတမ်းတော်ကြီး နောက်ဆုံးပိတ်အနေ မှာတမ်းတော်မူခြင်း ဖြစ်ပေသည်။ တိုပဌမ နိဗ္ဗာန်စံ မှာတမ်းတော်ကြီး, ဒုတိယနိဗ္ဗာန်စံ မှာတမ်းတော်ကြီး နှစ်ပါးတို့၏ အလယ် ထို ဒုတိယ နိဗ္ဗာန်စံ မှာတမ်းတော်ကြီး နောက်ဆုံးပိတ်အနေ မှာတမ်းတော်မမူသေးမီ၊ သုံးလအတွင်း၌ ဤ "ဣတိသီလံ ဣတိသမာဓိ ဣတိပညာ" တည်းဟူသော သီလ, သမာဓိ, ပညာ တရားဒေသနာတော်မြတ်ကို ရေးကြီးသုတ်ပြာ အရေးတကြီး တက်သုတ်ရိုက်ပြီး ခပ်တွင်တွင်ကြီး ဟောကြားတော်မူအပ်သော "နိဗ္ဗာန်စံ မှာတမ်းတော်ကြီး"ဟု ဆိုသင့်၏။ ဆိုအပ် ဆိုသင့် ဆိုထိုက်၊ ခေါ်အပ် ခေါ်သင့် ခေါ်ထိုက်လှပေသော "နိဗ္ဗာန်စံ မှာတမ်းတော်ကြီး ပမာ" "ဣတိသီလံ ဣတိသမာဓိ ဣတိပညာ (= သီလသည် ဤမျှ အတိုင်းအရှည် ရှိ၏၊ သမာဓိသည် ဤမျှ အတိုင်းအရှည် ရှိ၏၊ ပညာသည် ဤမျှ အတိုင်းအရှည် ရှိ၏)" ဟူသော သီလ, သမာဓိ, ပညာ တရားဒေသနာတော်မြတ်ကို ဟောကြားတော်မူအပ်သော ငါးဌာန ငါးနေရာ၊ ဤသို့အားဖြင့် တဆဲ့ တဌာန တဆဲ့တနေရာတို့၌ "ဣတိသီလံ ဣတိသမာဓိ ဣတိပညာ

(= သီလသည် ဤမျှ အတိုင်းအရှည် ရှိ၏၊ သမာဓိသည် ဤမျှ အတိုင်းအရှည် ရှိ၏၊ ပညာသည် ဤမျှ အတိုင်းအရှည် ရှိ၏)" ဟူသော ဤသီလ, သမာဓိ, ပညာ နိဗ္ဗာန်စံ မှာတမ်းတော်ကြီးကို သုံးလအတွင်း အရေးတကြီး တက်သုတ်ရိုက်ပြီး ခပ်တွင်တွင်ကြီး အကြိမ်ကြိမ် အခါခါ အဖန်ဖန် အထပ်ထပ် အဖန်တလဲလဲ နေ့ညမစဲ ဟောကြားတော်မူပေသည်။

ဤသို့လျှင် သီလ, သမာဓိ, ပညာကို သဗ္ဗညုရှင်တော် ဘုရား ကြိမ်ဖန် များစွာ ဟောကြားတော်မူပေသည်။

သို့ပါသော်လည်း မသိမလိမ္မာသူတို့က သမထကိုဌင်း၊ သမထ သမာဓိကိုဌင်း အထင်သေးကြသည်၊ အမြင်သေးကြသည်၊ အထင်အမြင်သေးကြသည်၊ နှိမ်ချကြသည်၊ နှိမ်ထားကြသည်၊ ဘိန့်ပ်ကြသည်၊ ကဲ့ရဲ့ကြသည်၊ ရှုတ်ချကြသည်။

မဟာပရိနိဗ္ဗာန်သုတ်တော်မြတ်၌ကား "သမာဓိ အနုဗောဓော ပဋိဝေဒ္ဓါ၊ ပညာ အနုဗုဒ္ဓါ ပဋိဝိဒ္ဓါ၊ ဝိမုတ္တိ အနုဗုဒ္ဓါ ပဋိဝိဒ္ဓါ" ဟူ၍ဌင်း၊ "သမာဓိ ပညာ စ ဝိမုတ္တိ စ" ဟူ၍ဌင်း၊ "ဣတိသမာဓိ ဣတိပညာ" ဟူ၍ဌင်း၊ သမာဓိ ပရိဘာဝိတာ ပညာ မဟပ္ဖလာ ဟောတိ မဟာနိသံသာ" ဟူ၍ဌင်း သမာဓိကို သမထသမာဓိကို ပညာဝိမုတ္တိခေါ် ဝိပဿနာ ဝိပဿနာပညာ အရဟတ္တဖိုလ်တို့နှင့် ဂုဏ်ရည်တူ တန်းတူ အဆင့်အတန်းတူ အတန်းအစားချင်း အတူတူ ဂုဏ်တူ တန်းတူ အတူတူ ထားကာ တတန်းစား

တည်း ထားကာ အရေးပေးကာ ဦးစားပေးလျက်ငင်း၊ ပရိနိဗ္ဗာန်စံတော်မူခါနီး အရေးတကြီး မှာကြားရသော စကားတော်မြတ် ဟောကြားရသော တရားတော်မြတ်၏ အဖြစ်ဖြင့် နိဗ္ဗာန်စံ မှာတမ်းတော်ဝင် တရားတော်မြတ် အဖြစ်အထိ သမာဓိကို သို့ကလောက် သဗ္ဗညုရှင်တော် ဘုရားလေးစား ချီးမြှင့် မြောက်စားတော်မူပေသည် ဟူသော ဤသုတ်တော်မြတ်တို့ အရ ဖြစ်ပေသည်။

သို့အတွက် ဦးစံလှပေါ်သည် ပင်ကိုယ် ပကတိစိတ် ရင်းကပင်လျှင် "သီလ, သမာဓိ, ပညာ သုံးဖြာ စုံမှ နိဗ္ဗာန်မရ်ဖိုလ် ရနိုင် ရောက်နိုင်သည်" ဟု ယုံကြည်သည် အတိုင်း ထိုသုတ်တော်မြတ်တို့ကို နာကြားရ နာခံမှတ် သားရ တွေ့မြင်ဖတ်ရှုရ သိရသော အခါ သိရသဖြင့်၊ ရှေးကထက် ပိုပြီး ဆတက်ထမ်းပိုး တိုးကာ "သီလ, သမာဓိ, ပညာ သုံးဖြာ စုံမှ နိဗ္ဗာန်မရ်ဖိုလ် ရနိုင်သည် ရောက်နိုင်သည်" ဟု ထိုမဟာသီဟနာဒ သုတ်တော်မြတ် နှင့် မဟာပရိနိဗ္ဗာန သုတ်တော်မြတ်တို့ကို ခိုင်ခိုင်လုံလုံ အားကိုးအားထား ကိန်းသေမှု၍ ယုံကြည်ချက်အရ "သမာဓိပရိဘာဝိတာ ပညာ မဟပ္ဖလာ ဟောတိ မဟာနိသံသာ (= သမာဓိဖြင့် ထုံအပ်သော ပညာသည် အကျိုးကြီးမားသည်ဖြစ်၏၊ အကျိုးဆက် ကြီးမားသည်ဖြစ်၏)" ဟူသည်နှင့်အညီ ဝိပဿနာ ရှုပွါးရန် နှလုံးသွင်းဆင်ခြင် ရန်အတွက် မျှားစွာ အကူအညီ အထောက် အပံ့ ရမှု အားပေးမှု ဝိပဿနာဉာဏ် ကြီးမား ဖွံ့ထွား သန်စွမ်း အားတက် အကျိုးဆက် အာနိသင် အကျိုး ကြီးမားစေတတ်

သော သမာဓိအတွက် အာနာပါနကို အားထုတ်၏၊ အားထုတ်တော့၏။ ထိုအခါ သမာဓိ၏ အရသာကို အထိုက်အလျောက် သုံးဆောင်ခံစားရ၏။ ထိုသို့ သမာဓိ၏ အရသာကို မြိန်မြိန်ရှက်ရှက် ခံ ၇င်းတွေ့တွေ့ အရသာရှိရှိ အားမရ တင်းမတိမ်နိုင်လောက်အောင်ပင် ခံစားရ၍ "သမာဓိ ပရိဘာဝိတာ ပညာ မဟပ္ဖလာ ဟောတိ မဟာနိသံသာ" မိန့်မှာသည်အတိုင်း သမာဓိ၏ အရသာ အကျိုးရှိ အဘိုးတန် ဝိပဿနာရှုရန် အရေးပါ အရာရောက် အသုံးဝင်ဟန်ကို ကိုယ်တိုင်ဒိဋ္ဌ သိရလေသည်၊ သိရှိရလေသည်။ သို့ဖြစ်၍ တနေ့သော အခါ၌၊ ဆရာတင့်နှင့် အာနာပါန ကမ္မဋ္ဌာန်း၏ လုပ်ထုံးလုပ်နည်း ဥပနိဿယ အကြောင်းနှင့် စကားစပ်လျှင်းပြီး စကားစပ်မိကြရာ ဆရာတင့်က ဤ "ဘာဝနာပါရဂူကျမ်း" ကို ဦးစံလှပေါ် အား ကြည့်ရှုရန် ပေးလိုက်ပေသည်။

ထိုအခါ ဦးစံလှပေါ်သည်လည်း ထို "ဘာဝနာပါရဂူကျမ်း" ကို ကြည့်ရှုလေသည်။ သို့ကြည့်ရှုရသော အခါ ကြည့်မိသော အခါ၊ မိမိ ပွါးများ အားထုတ်ခဲ့ဘူးသော၊ အာနာပါန နည်းအတိုင်း ဖြစ်နေသဖြင့်၊ "မိမိသည် သမာဓိ၏ အရသာ ကို မြိန်ရှက်စွာ သုံးဆောင်ခံစားရသကဲ့သို့ ဗုဒ္ဓဘာသာ တိုင်းပြည်တိုင်း တိုင်းပြဿတိုင်း သို့မဟုတ် တကမ္ဘာလုံးရှိ ဗုဒ္ဓဘာသာဝင်တွေ့ သမာဓိ၏ အရသာကို အားပါးတရ မြိန်ရှက်စွာ သုံးဆောင်ခံစားရပါမူကား ကောင်းလေစွ။ ဤအာနာပါန ဥပနိဿယ နည်းနာနယသည် ဗုဒ္ဓဘာသာဝင် တိုင်းပြည်တိုင်း တိုင်းပြည်

တိုင်း သို့မဟုတ် တကမ္ဘာလုံး ပြန့်နှံ့အောင် ဤ 'ဘာဝနာပါရဂူကျမ်း' ကို နောက်ထပ် ပုံနှိပ်ကာ ဖြန့်ဖြူးရပါမူကား ကောင်းလေစ့" ဟု ပီတိစိတ် ပြင်းပြသောသမ္မာဆန္ဒ ရှိလှသဖြင့်၊ ဤ "ဘာဝနာပါရဂူကျမ်း" ကို ဘုရားတပည့်တော်တို့ နောက်ထပ် တဖန် ပုံနှိပ်လိုပါသဖြင့်၊ နောက်ထပ် ပုံနှိပ်ခွင့် ပြုတော်မူပါရန်နှင့် ပြင်ဆင်ဖြည့်စွက် ရေးသားချီးမြှင့် ပေးသနားတော်မူပါဘုရား" ဟု မန္တလေးမြို့ သူဌေးတန်းရပ် ပိုက်ကျုံးညွှန့် သစ်စက်ပိုင်ရှင် ဦးစံလှပေါ်၊ မန္တလေးမြို့ ဓါတ်နန်းရပ် လှခင်အောင်ဆန်း စာပုံနှိပ်တိုက်ပိုင်ရှင် ဦးပန်းရည်နှင့် စစ်ကိုင်းမြို့ ရန်နိုင်ရပ် မြန်မာသမားတော်ကြီး ဆရာတင့်တို့ လျှောက်ထားချက်အရ ၁၃၂၄ ခု၊ နှောင်းတန်ခူးလပြည့်၊ တနင်္ဂနွေ ဒုတိယအကြိမ် ပြင်ဆင် ဖြည့်စွက် ရေးသား၍ ပြီးသည်။

အရှေ့ပရက္ကမဆရာတော်၊
အရှေ့ပရက္ကမချောင်၊
စစ်ကိုင်းတောင်ရိုး၊
စစ်ကိုင်းမြို့။

၁၃၂၄ ခု၊ နှောင်းတန်ခူးလပြည့်၊ တနင်္ဂနွေ။

## ညွှန်ကြားချက်

“ဘယ်မျှလောက် များပါသလဲ။ တဒါ ကိရ မဟာ ဘိက္ခုသံဃော အဟောသိ အပရိစ္ဆိန္နဂဏနော (= ထို အခါက အများဆုံး သံဃာတော်များ ဖြစ်သတဲ့။ သံဃာ တော် အများဆုံး ဖြစ်သတဲ့။ မရေတွက်နိုင်ဘူးတဲ့။ များ လွန်းအား ကြီးလို့ များလွန်းလို့ မရေတွက်နိုင်တော့ဘူး တဲ့)။ မရေတွက်နိုင်လောက်အောင်ပင် ရေတွက်၍ မ ဆုံးနိုင်လောက်အောင်ပင် များပြားလှသော သံဃာ တော်များ ဝါကပ်တော်မူကြသည်လို့ ဆိုလိုသည်။

ထိုသံဃာတော် အပေါင်းသည် အာဟုနေယျဂုဏ် တော်, ပါဟုနေယျဂုဏ်တော်, ဒက္ခိဏေယျဂုဏ်တော်, အဉ္ဇလီကရဏီယဂုဏ်တော်, အနုတ္တရပုညခေတ္တလောက ဂုဏ်တော်တို့နှင့် ပြည့်စုံကြ၍ အပ္ပံ ဒိန္နံ ဗဟု ဟောတိ၊ ဗဟု ဒိန္နံ ဗဟုတရံ (= နည်းနည်းပါးပါး အလှူသည် များများ အကျိုးပေး၏။ များများစားစား အလှူသည် များသထက် များများစားစား အကျိုးပေး၏)။ ဒုလ္လဘာ ဒဿနာယ လောကဿ (= ထိုသံဃာတော် အပေါင်း တို့ကို လူများ ဖူးမြင်ရဘို့ အလွန် ရခဲ၏၊ ကြုံကြိုက်ခဲ၏၊ ခဲယဉ်းလှ၏)။ အလံ ယောဇနဂဏနာနံ ဒဿနာယ ဂန္တုံ၊ ပုဋ္ဌောသေနာပိ (= ယူဇနာ တရာ ယူဇနာ တထောင် အဝေးက လက်ဆောင်ရိက္ခာကို ပခုံးထမ်း ခေါင်းရွက် ပခုံးလွယ်ကာ လက်ဆွဲယူငင်၍ ဖူးမြင် ဆည်းကပ် ခစား

ရန် လာခြင်းငှါ သင့်၏၊ လျော်၏)"ဟူသော စကားပိုဒ် ဝါကျတို့ကို ပါဠိနှင့် တပါတည်း ရော၍ ဘတ်က၊ စကား မချောမပြေပြစ်ဘဲ၊ စကားထောင့်၍နေပေမည်။ ပါဠို ကို ဖယ်ထား၍-

"ဘယ်မျှလောက် များပါသလဲ။ ထိုအခါက အများ ဆုံး သံဃာတော်များ ဖြစ်သတဲ့။ သံဃာတော် အများ ဆုံး ဖြစ်သတဲ့။ မရေတွက်နိုင်ဘူးတဲ့။ များလွန်း အား ကြီးလို့ များလွန်းလို့ မရေတွက်နိုင်တော့ဘူးတဲ့။ မ ရေတွက်နိုင်လောက်အောင်ပင် ရေတွက်၍ မဆုံးနိုင် လောက်အောင်ပင် များပြားလှသော သံဃာတော်များ ဝါကပ်တော်မူကြသည်လို့ ဆိုလိုသည်။

ထိုသံဃာတော် အပေါင်းသည် အာဟုနေယျဂုဏ် တော်, ပါဟုနေယျဂုဏ်တော်, ဒက္ခိဏေယျဂုဏ်တော်, အဉ္ဇလီကရဏီယဂုဏ်တော်, အနုတ္တရပုညခေတ္တလောက ဂုဏ်တော်တို့နှင့် ပြည့်စုံကြ၍ နည်းနည်းပါးပါး အလှူ သည် များများ အကျိုးပေး၏။ များများစားစား အလှူ သည် များသထက် များများစားစား အကျိုးပေး၏။ ထို သံဃာတော် အပေါင်းတို့ကို လူများ ဖူးမြင်ရဘို့ အလွန် ရခဲ၏၊ ကြုံကြိုက်ခဲ၏၊ ခဲယဉ်းလှ၏။ ယူဇနာ တရာ ယူ ဇနာ တထောင် အဝေးက လက်ဆောင် ရိက္ခာကို ပခုံး ထမ်း ခေါင်းရွက် ပခုံးလွယ်ကာ လက်ဆဲ့ ယူငင်၍ ဖူး မြင် ဆည်းကပ် ခစားရန် လာခြင်းငှါ သင့်၏၊ လျော် ၏" ဟု ဘတ်ပါက၊ စကား ပြေပြစ်ချောမောသွား

တော့သည်။ စကား လေးနက် ခိုင်လုံစေရန် ပါဠိ ထည့်သွင်း ကြားညှပ်၍ ပြလိုက်ခြင်း ဖြစ်သည်။အားလုံး ဤလို ဘတ်။

ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာတို့၏ နံပါတ်များသည် ဆဋ္ဌမ ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာတို့၏ နံပါတ်များ ဖြစ်ကြသည်။

# မာတိကာ


| အခန်း | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | ပဏာမနှင့် ပဋိညာဉ် .... .... .... | ၁ |
| ၁။ | သမထကထာ .... .... ...., | ၂၃ |
| | ၁။ အာနာပါန လေးနည်း ရှစ်နည်းကို ပြခြင်း ... | ၃၅ |
| | ၂။ သမထ၏ ပုဗ္ဗကိစ္စ လေးပါးကို ပြခြင်း .... | ၃၈ |
| | ၃။ သဗ္ဗတ္ထကကမ္မဋ္ဌာန်း သုံးပါးကို ပြခြင်း .... | ၄၀ |
| | ၄။ ပဌမနည်းကို ပြခြင်း .... .... | ၄၉ |
| | ၅။ မဂ္ဂင် စောင့်နည်းကို ပြခြင်း .... .... | ၅၅ |
| | ၆။ အလုပ်တို့၏ ဝေါဟာရစကား ပြော မပြော .... | ၅၇ |
| | ၇။ ဒုတိယနည်းကို ပြခြင်း .... .... | ၅၇ |
| | ၈။ နောက်ဆုတ်ထိုင်, ရှေ့တိုးထိုင်, ဥတ်တုပ်ထိုင် ယောဂီ သုံးမျိုးကို ပြခြင်း .... .... | ၅၉ |
| | ၉။ တတိယနည်းကို ပြခြင်း .... .... | ၆၁ |
| | ၁၀။ နိမိတ်ရင့်သန်ရန် လေ့လာပုံ .... .... | ၆၃ |
| | ၁၁။ နိမိတ်ကို အမျိုးမျိုး သုံးသပ်လေ့လာပုံ .... | ၆၃ |
| | ၁၂။ စတုတ္ထနည်းကို ပြခြင်း .... .... | ၆၆ |
| | ၁၃။ မိမိခန္ဓာကိုယ် ဖလ်ရုပ်မှန်ရုပ်ကဲ့သို့ ထင်မြင်လာပုံ | ၆၉ |
| | ၁၄။ အလုပ်တို့၏ ဝေါဟာရ ဥပစာဆိုက်ပုံ .... | ၇၀ |
| | ၁၅။ အာနာပါနလုပ်ထုံးလုပ်နည်းစည်းမျဉ်းကိုပြခြင်း | ၇၁ |
| | ၁၆။ ယောဂီချင်း ပြောဆိုပုံ .... .... | ၇၅ |
| | ၁၇။ မဟာပုရိသာနုံပုဒ်ဖြင့် ဂုဏ်တင် ဂုဏ်မြောက် ထားပုံကို ပြခြင်း .... .... .... | ၇၆ |
| | ၁၈။ အာနာပါန ထွက်သက် ဝင်သက်လေ၏ သဘောမှန်ကို ပြခြင်း.... .... .... | ၈၆ |

| အခန်း | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၂။ | ဝိပဿနာကဏ္ဍ .... .... | .... ၁၀၀ |
| ၁။ | ဝိပဿနာ၏ ပုဗ္ဗကိစ္စ လေးပါး.... | .... ၁၀၀ |
| ၂။ | ရူပပရိဂ္ဂဟကို ပြခြင်း .... | .... ၁၀၀ |
| ၃။ | ရုပ်၌ ထင်ခြင်း သုံးပါးကို ပြခြင်း.... | .... ၁၁၁ |
| ၄။ | ရုပ်၏ အစွန်း သုံးပါးကို ပြခြင်း.... | .... ၁၁၂ |
| ၅။ | နာမပရိဂ္ဂဟကို ပြခြင်း .... | .... ၁၁၄ |
| ၆။ | အာရုံနှင့် အာရမ္မဏိကကို ပြခြင်း | .... ၁၁၇ |
| ၇။ | ခန္ဓာအာယတနဓာတ်တို့ကို ရုပ်နာမ် နှစ်ပါးဖြင့် သိမ်းဆည်းခြင်း .... .... | .... ၁၁၉ |
| ၈။ | ပစ္စယပရိဂ္ဂဟကို ပြခြင်း .... | .... ၁၂၂ |
| ၉။ | အဒ္ဓါနပရိဂ္ဂဟကို ပြခြင်း .... | .... ၁၂၇ |
| ၁၀။ | ရုပ်နာမ် နှစ်ပါးတို့ကို ဝိပဿနာရှုရန် သမ္မသန ဉာဏ်ကို ပြခြင်း .... .... | .... ၁၂၉ |
| ၁၁။ | ရုပ်၏ ဥပမာ ငါးပါးကို ပြခြင်း... | .... ၁၃၃ |
| ၁၂။ | ဥဒယဗ္ဗယဉာဏ်ကို ပြခြင်း .... | .... ၁၃၅ |
| ၁၃။ | အနိစ္စလက္ခဏာ လေးပါးကို ပြခြင်း | .... ၁၃၈ |
| ၁၄။ | ဒုက္ခလက္ခဏာ လေးပါးကို ပြခြင်း | .... ၁၄၉ |
| ၁၅။ | အနတ္တလက္ခဏာ လေးပါးကို ပြခြင်း | .... ၁၄၀ |
| ၁၆။ | အနတ္တရုံရန် ဒီဃကောဋ္ဌိကစသည်ကို ပြခြင်း | .... ၁၄၂ |
| ၁၇။ | ရုပ်၌ ရှုပုံ ခုနစ်ပါးကို ပြခြင်း .... | .... ၁၄၇ |
| ၁၈။ | ဘင်္ဂဉာဏ်ကို ပြခြင်း .... | .... ၁၅၁ |
| ၁၉။ | စကြဝဠာစည် ဝိပဿနာ ရှုပုံ .... | .... ၁၅၃ |
| ၂၀။ | သံဝရဒ္ဓါရ ရှစ်ပါးကို ပြခြင်း .... | .... ၁၅၈ |
| ၂၁။ | အာနာပါန ဝိရတိ ရ မရ ဝေဘန်၍ ပြခြင်း | ၁၈၁ |

| အခန်း | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၃။ | သဘာဝကလ္လာ .... .... | .... ၂၀၄ |
| ၁။ | ရုပ်နာမ်တို့၏ သဘောလက္ခဏာကို ပြခြင်း.... | ၂၀၄ |
| ၂။ | ရှစ်ဝါရကို ပြခြင်း .... .... | .... ၂၁၅ |
| ၃။ | ဆယ့်ခုနစ်ဌာန အမေး အဖြေကို ပြခြင်း .... | ၂၂၉ |
| ၄။ | ပဋိစ္စသမုပ္ပါဒ်ဇယား .... | .... ၂၅၆ |
| ၅။ | အာယတနနှင့် ဓာတ်သဘောကို ပြခြင်း .... | ၂၅၈ |
| ၆။ | ခန္ဓာ ငါးပါး မိမိ အလိုသို့ မလိုက်ပုံ .... | ၂၆၀ |
| ၇။ | ခန္ဓာ ငါးပါး အနှစ်သာရ မရှိပုံ .... | ၂၆၃ |
| ၈။ | အတိတ် စသော ဆဲ့တပါး၏ သဘောကို ပြခြင်း .... .... | .... ၂၆၈ |
| ၉။ | ရုပဓနာမ်တို့၏ ဖြစ်စဉ်ကို ပြခြင်း.... | .... ၂၇၃ |
| ၁၀။ | လက္ခဏာရေး သုံးပါး၊ ဖုံးလွှမ်းပုံ သုံးပါး | .... ၂၈၂ |
| ၁၁။ | ဥပက္ကိလေသတရား ဆယ်ပါးကို ပြခြင်း | .... ၂၈၅ |
| ၁၂။ | ပက္ခန္ဒန စသော ဓါတ်လေးပါးတို့ကို ပြခြင်း.... | ၂၈၉ |
| ၁၃။ | ခြောက်ပါးသော ဂုဏ်တို့ဖြင့် နိဗ္ဗာန်ကို မြင်ခြင်း | ၂၉၄ |
| ၁၄။ | သစ္စာ လေးပါး၏ သဘောကို ပြခြင်း | .... ၂၉၆ |
| ၁၅။ | သစ္စာအနက် ဆဲ့ခြောက်ချက်ကို ပြခြင်း | .... ၃၀၅ |
| ၁၆။ | အလုပ်လမ်းရိုးတို့ အခေါ်ကို ပြခြင်း | .... ၃၀၉ |
| ၁၇။ | နိဗ္ဗာန်မြင်ပုံ ဥပမာ ခြောက်ပါးကို ပြခြင်း | .... ၃၁၀ |
| ၁၈။ | မဂ် လေးပါး ပယ်စဉ်ကို ပြခြင်း.... | .... ၃၁၄ |
| ၁၉။ | သောတာပန်၏ ဂုဏ် ခုနစ်ပါးကို ပြခြင်း | .... ၃၂၃ |
| ၂၀။ | သောတာပန်၏ စိတ်ပေါ့ပါးခြင်း သုံးပါးကို ပြခြင်း .... .... | .... ၃၂၆ |
| ၂၁။ | သောတာပန်၏ လက္ခဏာ နှစ်ပါးကို ပြခြင်း.. | ၃၂၇ |
| ၂၂။ | အာနာပါန ကမ္မဋ္ဌာန်း၏ အကျိုး ငါးပါးကို ပြခြင်း .... .... .... | ၃၂၉ |

အကြောင်းအရာ စာမျက်နှာ

၂၃။ သာသနာတော်တွင်း သမထနှင့် သာသနာပ
သမထ နှစ်ပါး ထူးခြားပုံကို ခွဲပြခြင်း ၃၃၂
၂၄။ သမထကမ္မဋ္ဌာန်း လေးဆယ် ပါဠိတော်များ၌
တိုက်ရိုက် ဟောသည်ကို ပြခြင်း ... ၃၅၅
၂၅။ ဘုရားရှင်တိုင်း ဒွတ္တိံသာကာရ ကမ္မဋ္ဌာန်းကို
မလွတ် မစွန့်ခကြောင်းကို ပြခြင်း ... ၄၀၇
၂၆။ ဘုရားသခင် လက်ထက်ကစ၍ အစဉ်အဆက်
မပျက် သမထကမ္မဋ္ဌာန်း ခေါ်ပုံကို ပြခြင်း . ၄၁၃
၂၇။ သဗ္ဗညု၊ ရှင်တော်ဘုရားသည် ကမ္မဋ္ဌာန်း ပေး
လျှင်၊ များသောအားဖြင့် သမထကမ္မဋ္ဌ နှ်းကို
သာ ပေးတော်မူကြောင်းကို ပြခြင်း .... ၄၃၂
၂၈။ သမထ၏ သဘောမှန်ကို ဝေဘန်၍ ပြခြင်း ၄၃၇
နိဂုံး .... .... .... ... ၄၅၇

# အာဝုဓာဒိရတနကုသုမဝဿာ

နမော တဿ ဘဂဝတော အရဟတော
သမ္မာသမ္ဗုဒ္ဓဿ။

## ပဏာမနဉ္စ ပဋိညာဉ္စ

၁။ ဘာဝနိစ္ဆိတာနံ ဒေန္တံ၊
ဘာဝနာညာဏသဟုဏှာ၊
ဘာဝနံ ဒဿေန္တံ ဗုဒ္ဓံ၊
ဘာဝနံ အတုလံ နမေ။ ။

၂။ ဘာဝနာနုပဿနာဒီနံ၊
ဘာဝနံ စ မနောရမံ၊
ဘာဝနာနိသံသံ မမ္မံ၊
ဘာဝနာယ သုခ နမေ။ ။

၃၊ ဘာဝနာကာမာနံ ဒေန္တံ၊
ဘာဝနာညာဏသံပုဏှံ၊
ဘာဝနံ ဒဿေန္တံ သံဃံ၊
ဘာဝနံ စ စရဏံ နမေ။ ။

၄။ ပါကဋံ ကဒ္ဒိထေရောတိ၊
ပဥ္စနိကာယပါရဂုံ၊
ယောဂိသစ္စာဒိ ဂန္ထဉ္စ၊
ဒဋ္ဌံ သမာဓိ မေ ဂရုံ။ ။

၅။ လဒ္ဓေါပဒေသံ နိဿာယ၊
ဂရုံ တေဟိ ဘိပေသိတော၊
ယောဂိနံ သုခ မတ္ထာယ၊
ကဿံ ဘာဝနပါရဂုံ။ ။

၁။ အဟံ၊ ငါသည်။ ဘာဝနိစ္ဆိတာနံ၊ သမထ ဝိပဿနာ, ဘာဝနာ နှစ်ဖြာကို အလိုရှိကုန်သော သူတို့အား။ ဘာဝနံ၊ သမထ ဝိပဿနာ, ဘာဝနာ နှစ်ဖြာကို။ ဒေန္တိ၊ ပေးတော်မူတတ်ထသော။ ဘာဝနိစ္ဆိတာနံ၊ သမထ ဝိပဿနာ, ဘာဝနာ နှစ်ဖြာကို အလိုရှိကုန်သော သူတို့အား။ ဘာဝနံ၊ သမထ ဝိပဿနာ, ဘာဝနာ နှစ်ဖြာကို။ ဒဿေန္တိ၊ ပြတော်မူတတ်ထမသော။ အတုလံ၊ အတုမရှိသော။ ဘာဝနာညာဏသံပုဏ္ဏံ၊ ဘာဝနာညာဏ်နှင့် ပြည့်စုံတော်မူထသော။ ဗုဒ္ဓံ၊ ဘာဝနာ သခင်, ဘုရားရှင်ကို။ နမေ—နမာမိ၊ သဒ္ဓါရိုကျိုး, လက်စုံမိုး၍, ရှိခိုးပါ၏။

၂။ အဟံ၊ ငါသည်။ ဘာဝနာနုပဿနာဉာနံ၊ သမထ ဝိပဿနာ, ဘာဝနာ နှစ်ဖြာကို အဘန်ဘန် ရှုကြကုန်သော ပုဂ္ဂိုလ်တို့အား။ ဝါ၊ သမထ ဝိပဿနာ, ဘာဝနာ နှစ်ဖြာကို အဘန်ဘန် ရှုကြကုန်သော ပုဂ္ဂိုလ်တို့၏။ မနောရမံ၊ စိတ်နှလုံးကို ရွှင်ပြုံးကြည်စေတတ်သော။ ဘာဝနံ၊ သမထ ဝိပဿနာ, ဘာဝနာ နှစ်ဖြာကို။ ဒဿေန္တိ၊ ပြတော်မူထသော။ ဘာဝနာဃ၊ သမထ ဝိပဿနာ, ဘာဝနာ နှစ်ဖြာကို, လွန်စွာ ကြိုးကုတ်, အားထုတ်သဖြင့်။ လဒ္ဓံ၊ ရအပ်သော (ထည့်)။ ဘာဝနာနိ

သံသံ၊ ဘာဝနာ၏ ကျိုးဆက်ဂုဏ်အင် အာနိသင် ဖြစ်သော။ သုခံ၊ နိဗ္ဗာန်တည်းဟူသော ချမ်းသာစစ်ကြီးကို။ ဒဿေန္တံ၊ ပြတော်မူထသော။ ဓမ္မံ၊ မဂ်လေးတန်, ဖိုလ်လေးတန်, နိဗ္ဗာန် ပရိယတ်, အမြတ် ဆယ်ဘော်, တရားတော်ကို။ နမေ-နမာမိ၊ သဒ္ဓါရိုကျိုး, လက်စုံမိုး၍, ရှိခိုးပါ၏။

၄။ အဟံ၊ ငါသည်။ ဘာဝနာကာမာနံ၊ သမထ ဝိပဿနာ, ဘာဝနာ နှစ်ဖြာကို အလိုရှိကုန်သော သူတို့ အား။ ဘာဝနံ၊ သမထ ဝိပဿနာ, ဘာဝနာ နှစ်ဖြာကို။ ဒဿေန္တံ၊ ပေးတော်မူတတ်ထသော။ ဘာဝနာကာမာနံ၊ သမထ ဝိပဿနာ, ဘာဝနာ နှစ်ဖြာကို အလိုရှိကုန်သော သူတို့အား။ ဘာဝနံ၊ သမထဝိပဿနာ, ဘာဝနာ နှစ်ဖြာကို။ ဒဿေန္တံ၊ ပြတော်မူတတ်ထသော။ ဘာဝနာဉာဏသံပုဏ္ဏံ၊ ဘာဝနာဉာဏ်နှင့် ပြည့်စုံတော်မူထသော။ ဘာဝနံ၊ သမထ ဝိပဿနာ, ဘာဝနာ နှစ်ဖြာကို။ စရံ-စရန္တံ၊ ကျင့်တော်မူထသော။ သံဃံ၊ အရိယာနွယ်ဝင် သမ္မုတိထေရ်အရှင် သံဃာတော်မြတ် အပေါင်းကိုလည်း။ နမေ နမာမိ၊ သဒ္ဓါရိုကျိုး, လက်စုံမိုး၍, ရှိခိုးပါ၏။

၄။ မေ-မမ၊ ငါ၏။ ဂရုံ၊ ကျောက်ထီးတန္တု၊ အလေးပြုအပ်သော၊ ဥပဇ္ဈာယ် ဖြစ်သော ဓနုဖြူမြို့ ကျေးဇူးရှင် မြို့ပေါက် ဆရာတော်မြတ်ဘုရားကြီးကို။ နမေ-နမာမိ၊ ကျေးဇူးတော် အဖုံဖုံ, အစုံအစုံသော, ဂုဏ်တော်တို့ကို အောက်မေ့ကြည်နူး, လက်စုံပူးကာ, ရှိခိုးပါ၏။

ပဉ္စနိကာယပါရဂူ၊ ဒီဃ, မဇ္ဈိမ, သံယုတ္တ, အင်္ဂုတ္တရ နှင့် ခုဒ္ဒက တသွယ်, ငါးနိကာယ်ကို, သွယ်သွယ် တန် တန်, ဘန်ဘန် ထက်အောက်, မှေ့နှောက်ပြန်လှန် ကမ်း တဘက်ရောက် တတ်မြောက်တော်မူထသော။ ယောဂိ သစ္စာဒီ ဂန္ထဉ္စ၊ ယောဂိပါရဂူ, သစ္စပါရဂူ စသော ကျမ်း ပြုအကျော် ဆရာတော်လည်း ဖြစ်တော်မူထသော။ (အာဒိသဒ္ဒါဖြင့် သရဏပါရဂူကျမ်း, ပိဝဋ္ဋပါရဂူကျမ်း တို့ကို ယူလေ။) ဒဋ္ဌံ၊ မြမြံ ခိုင်ခံ့ တည်တံ့သော။ သမာဓ စ၊ သမာဓလည်း ရှိတော်မူထသော။ ကန္ဒထေ ရောတိ၊ ကန္ဒိမထေရိဟူ၍။ ဝါ၊ ကန္ဒိဆရာတော်ဟူ၍။ စ၀ါ၊ ကန္ဒိမြို့ "ရွှေသိမ်တော်တောရ ဆရာတော်ဘုရား ကြီး" ဟူ၍။ ပါကဋ်၊ ကျော်စော ထင်ရှားတော်မူသော။ မေ-မမ၊ ငါ၏။ ဂရုံ၊ ကျောက်ထီးတန်တွဲ၊ အလေးပြုအပ် သော ကျေးဇူးရှင် ရွှေသိမ်တော်တောရ ဆရာတော် ဘုရားကြီးကို။ နမေ-နမာမိ၊ သဒ္ဒါရိုက်ပြီး, လက်စုံမိုးကာ, ရှိခိုးပါ၏။

၅။ တေဟိ၊ ထိုကျေးဇူးသခင် ဆရာရှင်တို့သည်။ အဘိပေသိတော၊ အထူးသဖြင့် ချီးမြှင့်စေခိုင်းတော်မူ ကြသည်ဖြစ်၍။ ဝါ၊ စေခိုင်းတော်မူကြသောကြောင့်။ လဒ္ဓါပဒေသံ၊ ကျေးဇူးရှင် ရွှေသိမ်တော်တောရ ဆရာ တော်ဘုရားကြီးထံမှ ရအပ်သော နည်းကို။ နိဿာယ၊ အမှီတံကဲ့, သဟဲပြု၍။ ယောဂိနံ၊ သမထ ဝိပဿနာ, ဘာဝနာ နှစ်ဖြာကို, လွန်စွာ ကြိုးကုတ်, အားထုတ်လို ငြား, ယောဂီများတို့၏။ သုခ မတ္ထာယ၊ ချမ်းချမ်းသာသာ

လွယ်လင့်တကူ ကြည့်ရှုမှတ်သား၍ သိစေခြင်းအကျိုးငှါ။ ဘာဝနပါရဂုံ၊ "ဘာဝနာပါရဂူ" အမည်ရှိသော ကျမ်းကို။ ကဿံ၊ ကရုဏာရှေသ့ား, မေတ္တာထား၊ကာ, ရေးသားပြုပြင်, စီရင်ပေအံ့။

ဤ ဘာဝနာပါရဂူကျမ်း၌ အာနာပါနကို မူတည်ကာ ပဓာနထားလျက် ပြမည်ဖြစ်၍ ထိုအာနာပါနနှင့် စကားစပ်လျဉ်း ဆက်နွယ်နေသော လေးနက် ခန့်ညား တည်တံ့ ခိုင်မာ ဩဇာနက်ပြည့် သုခါဘုတ်တမျှ အရသာရှိ အာ၊ကျနည်းယူ အတုယူ အတုခိုး ကြည်ညိုဘွယ်ရာ မှတ်သားစရာ အလွန် ကောင်းလှသော သောတာပန် ဖြစ်ပေလတ် ဗိမ္မိသာရမင်းမြတ်က ပုက္ကုသာတိမင်းမြတ်ထံ ပဏ္ဏာကာရသဓော် ရွှေစာလှာ လက်ဆောင်ပါးပုံစကားကို ဤနေရာ၌ အလျဉ်းသင့်နေ၍ ဖေါ်ပြလိုက်ပေသည်။

တရားရသော ဗိမ္မိသာရ မင်းမြတ်က
တရားမရသေးသော သူငယ်ချင်း ဖြစ်သူ ပုက္ကုသာတိမင်းမြတ်ထံ
ရတနာသုံးပါး၏ ဂုဏ်ကျေးဇူးတို့ကို အကျဉ်း ရေး၍
ရွှေစာလှာကို လက်ဆောင်ပါးပုံ။

က။ အပိစ ခေါ ပနဿ သောတာပန္နကာလတော
ပဋ္ဌာယ ဌပေတ္ဝာ တိဏိ ရတနာနိ အညံ ရတနံ သော
မနဿံ ဇနေတုံ သမတ္ထံ နာမ နတ္ထိ။ ၁၉၆

ခ။ ယံ ကိဉ္စိ ဝိတ္တံ ဣဓ ဝါ ဟုရံ ဝါ၊
သဂ္ဂေသု ဝါ ယံ ရတနံ ပဏီတံ။

နနောသမံ အတ္ထိ တထာဂတေန၊
ဣဒမ္ပိ ဗုဒ္ဓေ ရတနံ ပဏီတံ။
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။ ၁၉၇

၈။ ယံ ဗုဒ္ဓ သေဋ္ဌော ပရိဝဏ္ဏယီ သုစိံ၊
သမာဓိ မာနန္တရိကည မာဟု။
သမာဓိနာ တေန သမော နတ္ထိ၊
ဣဒမ္ပိ ဓမ္မေ ရတနံ ပဏီတံ။
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။ ၁၉၈

၉။ ကုလပုတ္တာ နာမ သတ္ထု၊ ဓမ္မကထံ သုတ္ဝာ ဧဝံ နိက္ခမိတ္ဝာ ပဗ္ဗဇန္တိ၊ ကေစိ သောတဆိတ္တံ ပဟာယ ပဗ္ဗဇန္တိ၊ ကေစိ ဉပရဇ္ဇံ၊ ကေစိ သေနာပတိဋ္ဌာနာဒီနိ ပဟာယ ပဗ္ဗဇန္တိ။ ပဗ္ဗဇိတ္ဝာ စ ပန ဣမဉ္စ ပဋိပတ္တိံ ပူရေန္တိ စူဠသီလ မဇ္ဈိမ သီလ မဟာသီလာဒီနိ ကေဒေသေန လိခိတ္ဝာ ဆဒ္ဒါရသံဝရံ သတိသမ္ပဇညံ စတုပစ္စယသန္တောသံ နဝဝိဓံ သေနာသနံ နိဝရဏပ္ပဟာနံ ပရိကမ္မံ စျာနာဘိညာ "အဋ္ဌတိံသ ကမ္မဋ္ဌာနာနိ ယာဝ အာသဝက္ခယာ ကေဒေသေန လိခိ၊ သောဠ်သဝိဓံ အာနာပါနဿတိ ကမ္မဋ္ဌာနံ ဝိတ္ထာရေနေဝ လိခိတ္ဝာ" သတ္ထု၊ သာဝက သံဃော နာမ ဧဝရူပေဟိ စ ဂုဏေဟိ သမန္နာဂတော။ ၁၉၉

၁၀။ ယေ ပုဂ္ဂလာ အဋ္ဌသတံ ပသဋ္ဌာ၊
စတ္တာရိ တောနိ ယုဂါနိ ဟောန္တိ။

တေ ဒက္ခိဏေယျာ သုဒတဿ သာဝကာ၊
ဧတေသု ဒိန္နာနိ မဟပ္ဖလာနိ။
ဣဒမ္ပိ သံဃေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတ္ဝေတိ

ဧဝံ ကေဒေသေန ဘံဃဂုဏော လိခိတ္ဝာ "ဘဂဝတော သာသနံ သ္ဝာက္ခာတံ နိယျာနိကံ၊ သစေ မယ္ဟံ ဃဟာယော သက္ကောတိ၊ နိက္ခမိတ္ဝာ ပဗ္ဗဇတ္ဝေ"တိ လိခိတ္ဝာ-။ ၁၉၉

စ။ အထ သဗ္ဗပရိယန္တေ အာနာပါနဿတိ ကမ္မဋ္ဌာနံ ဝါစေတ္ဝာ စတုက္ကပ္ဈာနာနိ နိဗ္ဗတ္တေသိ၊ သောစျာန သုခေနေဝ ဝီတိနာမေသိ၊ အညော ကောစိ ဒဋ္ဌုံ န လဘတိ၊ ဧကော၀ စူဠပဒ္ဒါကော ပဝိသတိ။ ၂၀၁

က။ အမ္ဟာကံ စင်စစ် ထို ဗိမ္ဗိသာရ မင်းမြတ်အား သောတာပန် ဖြစ်သော နေ့မှစ၍ ရတနာသုံးပါးတို့ကို ဖယ်ထား၍ စိတ်နှလုံးကို ရှင်ပြုံးနှစ်သက် အားရဝမ်းသာခြင်းကို ဖြစ်စေခြင်းငှါ တတ်စွမ်းနိုင်သော အခြားတပါးသော ရတနာမည်သည် မရှိ။

ထို့ကြောင့် အတုမရှိ မှန်မြတ်လှသော ရတနာကို ငါ၏ အလှန် ချစ်မြတ်နိုးလှစွာသော ချစ်မိတ်ဆွေ သူငယ်ချင်း ပုဏ္ဏသာတိ မင်းမြတ်အား ပေးပို့ပေတော့အံ့ ဟု စိတ်ကူးကြံစည်ပြီးလျှင်၊ အောက်ပါအတိုင်း ရတနာသုံးပါးတို့၏ ဂုဏ်ကျေးဇူးတို့ကို အကျဉ်း ရေး၍ ရွှေစာလွှာကို လက်ဆောင်ပါးလိုက်လေသည်။

(က) ဘုရားဂုဏ်တော်ကို အကျဉ်း ရေးပုံ။

"အရဟံဂုဏ်တော်၊ သမ္မာသမ္ဗုဒ္ဓဂုဏ်တော်၊ ဝိဇ္ဇာစရဏသမ္ပန္နဂုဏ်တော်၊ သုဂတဂုဏ်တော်၊ လောကဝိဒူဂုဏ်တော်၊ အနုတ္တရောပုရိသဒမ္မသာရထိဂုဏ်တော်၊ သတ္ထာဒေဝမနုဿာနဂုဏ်တော်၊ ဗုဒ္ဓဂုဏ်တော်၊ ဘဂဝါဂုဏ်တော်တို့နှင့် ပြည့်စုံတော်မူသော သဗ္ဗညုရှင်တော်မြတ် ဘုရားသည် ဤလူ့ပြည်လောကဌ ယခု ရာဇဂြိုဟ်ပြည်ဌ ပွင့်တော်မူ၏" ဟူ၍ ဘုရားဂုဏ်တော် ကိုးပါးကို ရှေးဦးစွာ အကျဉ်းရေး၏။

ထိုနောင်မှ "ဤသို့ ပါရမီတော် ဆယ်ပါး အပြား သုံးဆယ်ကို ဖြည့်ကျင့်ဆည်းပူး၏။ ဤသို့ တုသိတာနတ်ပြည်မှ စုတေ၍ မယ်တော်မာယာ ကြာတိုက်ခန်းဌ ပဋိသန္ဓေနေ၏။ ဤသို့ လောကဝိဝရဏ တန်းခိုးပြာဋိဟာသည် ဖြစ်၏။ မယ်တော်မာယာ ကြာတိုက်ခန်းဌ နေသော အခါ၊ ဤသို့သော ဟန်ပန် အမူအရာသည် ဖြစ်၏။ ရမ္မ, သုဘ, သုရမ္မ ရှေနန်း သုံးဆောင်ဌ ဤသို့ မင်းစည်းစိမ်ဖြင့် ရိပ်ငြိမ်ပျော်မွေ့ စမ္ပယ်၏။ ဤသို့ မြတ်သော တောထွက်ခြင်းဖြင့် တောထွက်၏။ ဤသို့ ကမ္မဋ္ဌာန်းဘာဝနာ ပဓာနအလုပ်ကို အားထုတ်ကျင့်ကြံ၏။ ဤသို့ ဒုက္ကရစရိယ အကျင့်ကို ကျင့်၏။ ဤသို့ ပြုခဲ့ ပြုနိုင်ခဲ့သော ဒုက္ကရစရိယအကျင့်ကို ပြုကျင့်၍ မဟာဗောဓိမဏ္ဍိုင်သို့ တက်ကာ အပရာဇိတ ပလ္လင်တော်မြတ်ဌ နေတော်မူလျက် သဗ္ဗညုတဉာဏ်တော်ကို ရ၏။ သဗ္ဗညုတဉာဏ်တော်ကို ရလျှင်၊ ဤသို့ လောကဝိဝရဏတန်းခိုး

ပြာဠိဟာသည် ဖြစ်၏။ နတ်နှင့်တကွသော လောကဌ်
ဤသို့ သဘောရှိသော အခြား ရုတနာမည်သည် မရှိ”
ဟု ဗုဒ္ဓဝင်ကို အကျဉ်း ရေး၏။

၃။ “ဤလူ့ပြည်ဌ်ဌရင်း၊ နဂါး ဂဠုန် အစရှိသည်
တို့၏ ပြည်ဌ်ဌရင်း၊ နတ်ပြည်တို့ဌ်ဌရင်း အလုံးစုံသော နှစ်
သက်ခြင်းကို ဖြစ်စေတတ်သော နှစ်သက်ဘွယ် ဖြစ်
သော မြတ်သော အကြင်ရတနာသည် ရှိ၏။ မြတ်စွာ
ဘုရားနှင့် တူသော ထိုနှစ်သက်ဘွယ် မြတ်သော ရတနာ
သည် မရှိ။ မြတ်စွာဘုရား၏ ဤရတနာ၏ အဖြစ်သည်
လည်း မြတ်၏။ ဤသို့ ဆိုရသော သစ္စာစကားကြောင့်
ဤသတ္တဝါတို့အား ကိုယ်စိတ် နှစ်ဖြာ ချမ်းသာခြင်းသည်
ဖြစ်ပါစေသတည်း” ဟု ဘုရားဂုဏ်တော်တို့ကို နည်း
နည်းပါးပါး ရေး၏။

(ခ) တရားဂုဏ်တော်ကို အကျဉ်းရေးပုံ။

ထိုနောင်မှ တရားရတနာကို ချီးမွမ်းလို၍ “မြတ်စွာ
ဘုရား၏ တရားတော်သည် သွာက္ခာတဂုဏ်တော်၊ သန္ဒိဋ္ဌိ
ကဂုဏ်တော်၊ အကာလိကဂုဏ်တော်၊ ဧဟိပဿိကဂုဏ်
တော်၊ ဩပနေယျိကဂုဏ်တော်၊ ပစ္စတ္တံဝေဒိတဗ္ဗ ဝိညူ
ဟိဂုဏ်တော်တို့နှင့် ပြည့်စုံ၏” ဟူ၍ ၎င်း။ “သတိပဋ္ဌာန်
ကား ၄ ပါး၊ သမ္မပ္ပဓာန်ကား ၄ ပါး၊ ဣဒ္ဓိပါဒ်ကား ၄
ပါး၊ ဣန္ဒြေကား ၅ ပါး၊ ဗိုလ်ကား ၅ ပါး၊ ဗောဇ္ဈင်ကား
၇ ပါး၊ မဂ္ဂင်ကား ၈ ပါး” ဟူ၍ ၎င်း။

သဗ္ဗညုရှင်တော်ဘုရား ဟောကြားတော်မူအပ်သော တရားတော်မြတ် မည်သည် ဤသို့သဘော ရှိ၏၊ ဤလို သဘောရှိ၏ဟု ၃၇ ပါးသော ဗောဓိပက္ခိယတရားတို့ကို နည်းနည်းပါးပါး ရေး၍၊

၈။ "သဗ္ဗညုဘုရားမြတ်သည် အကြင်အရဟာတ္တမဂ်နှင့် ယှဉ်သော သမာဓိကို စင်ကြယ်၏ဟူ၍ ချီးမွမ်းတော်မူပြီ။ အကြင်အရဟာတ္တမဂ်နှင့် ယှဉ်သော သမာဓိကို မိမိ၏ အခြားမဲ့၌ အကျိုးကို ပေးတတ်၏ဟူ၍ သဗ္ဗညု ရှင်တော်မြတ်ဘုရားတို့သည် ဟောကြားတော်မူကုန်ပြီ။ ထို အရဟာတ္တမဂ်နှင့် ယှဉ်သော သမာဓိနှင့် တူသော အခြားတပါးသော တရားသည် မရှိ။ တရားတော်၏ ဤရတနာ၏ အဖြစ်သည်လည်း မြတ်၏။ ဤသို့ ဆိုရသော သစ္စာစကားကြောင့် ဤသတ္တဝါတို့အား ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်းသည် ဖြစ်ပါစေသတည်း" ဟု တရားဂုဏ်တော်တို့ကို နည်းနည်းပါးပါး ရေး၏။

## (ဂ) သံဃာ့ဂုဏ်တော်ကို အကျဉ်းရေးပုံ။

ထိုနောင်မှ သံဃာရတနာကို ချီးမွမ်းလို၍ "မြတ်စွာဘုရား၏ တပည့်သား သံဃာတော်သည် သုပ္ပဋိပန္နဂုဏ်တော်၊ ဥဇုပ္ပဋိပန္နဂုဏ်တော်၊ ဉာယပ္ပဋိပန္နဂုဏ်တော်၊ သာမိစိပ္ပဋိပန္နဂုဏ်တော်၊ အာဟုနေယျဂုဏ်တော်၊ ပါဟုနေယျဂုဏ်တော်၊ ဒက္ခိဏေယျဂုဏ်တော်၊ အဉ္ဇလိကရဏီယဂုဏ်တော်၊ အနုတ္တရပုညခေတ္တလောကဂုဏ်တော်တို့နှင့် ပြည့်စုံ၏" ဟူ၍ ၎င်း၊

ဃ။ "အမျိုးကောင်းသားတို့မည်သည် သဗ္ဗညုရှင်တော်ဘုရား၏ တရားမမှ ဒေသနာတော်မြတ်ကို နာကြား၍ ဤသို့ တောထွက်ကာ ရဟန်းပြုကြကုန်၏။ အချို့တို့ကား ထီးဖြူကို ပယ်စွန့်ကာ ရဟန်းပြုကြကုန်၏။ အချို့တို့ကား အိမ်ရှေမင်း အဖြစ်ကို ပယ်စွန့်လျက် ရဟန်းပြုကြကုန်၏။ အချို့တို့ကား စစ်ဘုရင် ရာထူးအစရှိသည်တို့ကို ပယ်စွန့်၍ ရဟန်းပြုကြကုန်၏။ ရဟန်းပြုပြီး၍လည်း သမထ, ဝိပဿနာ ဘာဝနာ ကမ္မဋ္ဌာန်း ပဋိပတ်ကျင့်လမ်းကို ဤလို ဤပုံ ဒီလို ဒီနှယ် အားထုတ်ဆည်းပူးဖြည့်ကျင့်ကြကုန်၏" ဟူ၍၎င်း၊ သီလငယ် သီလလယ် သီလကြီး, သီလညံ့ သီလယုတ် သီလလတ် သီလမြတ်စသည်တို့ကို တချို့တဝက် ရေး၍ ဒုဂါရ ခြောက်ပါး စောင့်စည်းပုံ "အပေါက် ခြောက်ပေါက် ပိတ်ဆို့ပုံ"၊ သတိသမ္ပဇဉ်တရား၊ ပစ္စည်း လေးပါး၌ တင်းတိမ် ရောင့်ရဲခြင်း ၁၂ ပါး "ပစ္စည်း လေးပါး၌ ချို့ငဲ့ခေါင်းပါးပါးရှားနည်းပါးအောင် ပြုမူကျင့်ကြံ ခြိုးခြံရခြင်း ၁၂ ပါး"၊ ကိုးပါး အပြားရှိသော ကျောင်း အိပ်ရာ နေရာ၊ နီဝရဏတရား ပယ်ပုံ ပယ်ဟန်၊ ပရိကံ စျာန်အဘိညာဉ်၊ သုံးဆဲ့ရှစ်ပါးသော ကမ္မဋ္ဌာန်းတို့ကို အာသဝေါတရား ကုန်သည်တိုင်အောင် "အရဟာတ္တမဂ် အရဟာတ္တဖိုလ် ရသည်တိုင်အောင်" အနည်းငယ် ခပ်ကျဉ်းကျဉ်းကလေး ရေး၏။ တဆဲ့ခြောက်ပါး အပြားရှိသော အာနာပါနဿတိ ကမ္မဋ္ဌာန်းကိုကား မပျင်းမရိ မခိုမကပ် ခပ်ကျယ်ကျယ် ခပ်များများ အကျယ်တဝင့် စုံစုံစိစိကလေးသာ

လျှင် ရေး၍ သဗ္ဗညူ၊ ရှင်တော်မြတ်ဘုရား၏ တပည့် သံဃာတော် အရှင်မြတ်များသည်ကား ဤသို့ သဘော ရှိကုန်သော ဂုဏ်တော် ကျေးဇူးတော်တို့နှင့်လည်း ပြည့် စုံတော်မူကြပေသည်။

၎။ "သူတော်ကောင်းတို့သည် ချီးမွမ်းအပ်ကုန် သော အကြင် ပုဂ္ဂိုလ်တို့သည် ရှစ်ယောက်တို့ ဖြစ်ကုန် ၏။ ချီးမွမ်းအပ်ကုန်သော အကြင် ပုဂ္ဂိုလ်တို့သည် တ ရာ့ရှစ်ယောက်တို့သည် ဖြစ်ကုန် ရှိကုန်၏။ ထိုအရိယာ ပုဂ္ဂိုလ်တို့သည် လေးယောက် အစုံတို့ ဖြစ်ကုန်၏။ သဗ္ဗညူ ရှင်တော် ဘုရား၏ တပည့် ဖြစ်ကုန်သော ထိုအရိယာ ပုဂ္ဂိုလ်တို့သည် မြတ်သော အလှူကို ခံတော်မူထိုက်ကုန် ၏။ ထိုအရိယာပုဂ္ဂိုလ်တို့အား လှူအပ်ကုန်သော အလှူ တို့သည် ကြီးသော အကျိုး ရှိကုန်၏။ "ကြီးမား မျှားပြား မြတ်သော အကျိုး ရှိကုန်၏။" သံဃာတော်၏ ဤရတနာ ၏ အဖြစ်သည်လည်း မြက်၏။ ဤသို့ ဆိုရသော သစ္စာ စကားကြောင့် ဤသတ္တဝါတို့အား ကိုယ်စိတ်နှစ်ဖြာ ချမ်း သာခြင်းသည် ဖြစ်ပါစေသတည်း" ဟု သံဃာ့ ဂုဏ်တော် တို့ကို နည်းနည်းပါးပါး ရေး၍ "မြတ်စွာဘုရား၏ သာ သနာတော်သည် ကောင်းစွာ ဟောကြားအပ်သည်ဖြစ် ၍ သံသရာဝဋ်ဆင်းရဲမှ ထွက်မြောက်ကြောင်း ဖြစ်၏။ အကယ်၍ ကျွန်တော်၏ အလွန် ချစ်မြတ်နိုးလှစွာသော ချစ်မိတ်ဆွေ သူငယ်ချင်း သတ္တိရှိ သတ္တိမည့် ရဲစွမ်းသတ္တိ ရှိပါက မင်းစည်းစိမ်ခါတွက် စွန့်လွှတ်လျက် တောထွက် ကာ ရဟန်းပြုပါလော့" ဟု ရေး၏။

## သဝဏ်ရွှေစာလွှာ
## အရေးကောင်း၍ သဝဏ်ရွှေစာလွှာကို ကျမ်းပြုဆရာတော် ချီးမွမ်းပုံ။

ဤသဝဏ် ရွှေစာလွှာသည် ပုဂ္ဂလသာတိ မင်းမြတ် အတွက် ကျားမြီး ဆဲသူ ပုံပမာ ကျနေတော့၏။ ဖြစ်နေတော့၏။ ကျားမြီးကို ဆဲမိသော သူသည်ကား ကျားမြီးကို နှိုင်အောင် ဆဲနှိုင်လျှင် ဆဲနှိုင်ပါမှ နှိုင်အောင် မဆဲနှိုင်ပါက ကျားက မိမိကို ပြန်၍ ကိုက်နှိုင်သည် ကိုက်နှိုင်သွားပေလိမ့်မည် ကိုက်နှိုင်လိမ့်မည်ကို အလွန် စိုးရိမ်ရတိသကဲ့သို့ ပုဂ္ဂလသာတိ မင်းမြတ်သည် ဤ သဝဏ်ရွှေစာလွှာပါ ညွှန်ပြချက် တိုက်တွန်းချက် အတိုင်း မလိုက်နာ မနာယူနှိုင်ပါက၊ မိမိသည် သတ္တိညံ့ရာ သတ္တိကြောင်ရာ ကျနေမည်ကို စိုးရိမ်ရပေလိမ့်မည်။ ထို့ သဝဏ်လွှာသည် ဌာနကောင်း နေရာကောင်း ချက် ကောင်းကို တချက်တည်းနှင့် အလေအသေ ရုတ်ချလှုက် သည်နှင့် တူသဖြင့်၊ ကျားမြီး ဆဲရသည်ထက် ပိုမိုကဲ မောက် ကြောက်စရာ လွန်မင်းစွာ ကောင်းလှတော့၏။ ထိုကြောက်စရာ လွန်မင်းစွာ ကောင်းလှသော အခိုက် ဆိုး အမိဆိုး အထိဆိုး စကားလုံးသည်ကား- "အကယ်၍ ကျွန်တော်၏ အလွန် ချစ်မြတ်နိုးလှစွာသော ချစ်မိတ်ဆွေ သူငယ်ချင်း သတ္တိရှိ သတ္တိမည့် ရဲစွမ်း သတ္တိရှိပါက၊ မင်းစည်းစိမ်ခါတုန်က စွန့်လွှတ်လျက် တောထွက်ကာ ရဟန်းပြုပါလော့" ဆိုတဲ့ စကားလုံး ဖြစ်ပေသည်။

အရေးအကြီးဆုံး စကားကတော့ ‘‘သစေ သင်္ကော တိ ပဗ္ဗဇတု = အကယ်၍ မည်ကဲ့ ရဲစွမ်းသတ္တိရှိပါက ရဟန်းပြုပါလော့’’ ဆိုတဲ့ စကားဘဲ ဖြစ်သည်။

ပုဂ္ဂိုလ်သာတိ မင်းမြတ်မှာ ရဟန်း မပြုနိုင်ပါက၊ သတ္တိမရှိ ညံ့ဖျင်းရာ ကျနေ၍ ဤလောက လူ့ဘောင် အလယ်တွင် အသုံးမဝင် အရာမရောက် အနှစ်ဗဟုလ အာ ညှန့်အညောက် ပေါက်နေသည်နှင့် တူလှသည့်အတွက် ပုဂ္ဂိုလ်သာတိ မင်းမြတ်သည် ဘယ်မှာလျှင် ရဟန်းမပြု ဘဲ နေဝံ့ပါချိမ့်မည်နည်း။ နေဝံ့ပါလိမ့်မလဲ။ နေဝံ့ပါ တော့အုံနည်း။ မုချမသွေ ရဟန်းပြုရတော့မည်သာ အ မှန်ပေ မလွဲပေ။ တယ် ထိတဲ့ မိတဲ့ စကားလုံးကလေးဘဲ။

ထိုကဲ့သို့သော သဝဏ်ရွှေစာလွှာမျိုး စကားလုံးမျိုး ထိထိမိမိ ချက်ကျကျ အသားပါပါ အသားပါအောင် ရေးတတ်လို့ သဝဏ်ရွှေစာလွှာ အရေးကောင်းလို့ ပုဂ္ဂိုလ် သာတိမင်းမြတ်သည် ထီးနန်းစွန့်ခွါ၍ တောထွက်ရပေ တော့မည်။

ပိဗ္ဗိသာရမင်းမြတ်၏
သဝဏ် ရွှေစာလွှာကြောင့် ပုဂ္ဂိုလ်သာတိ
မင်းမြတ်သည် ထီးနန်းခွါပင် ဈာန်ချမ်းသာဖြင့်သာ
အချိန်ကို ကုန်လွန်စေပုံ အကြောင်း။

စ။ (ပုဂ္ဂိုလ်သာတိ မင်းမြတ်သည် ဤသဝဏ်ရွှေစာ လွှာကို ရလျှင်၊ နန်းတော်ပြာသာဒ် အထက်ဆင့်သို့ တက်၍ သဝဏ်ရွှေစာလွှာကို ဖတ်၏။ ဘုရားဂုဏ်တော်ကို ဖတ်

ပြီးသော အခါ၌၎င်း၊ တရားဂုဏ်တော်ကို ဖတ်ပြီးသော အခါ၌၎င်း၊ သံဃာဂုဏ်တော်ကို ဖတ်ပြီးသော အခါ၌ ၎င်း ထိုပုဂ္ဂိုလ်သာတိ မင်းမြတ်အား အလှန့်အလှန် နှစ်သက် ဝမ်းမြောက်ခြင်းတို့သည် ဖြစ်ကုန်၏။) ရှေသဝဏ် စာလှာ အလုံးစုံကို ဖတ်ပြီးသည့်နောက် အာနာပါနဿတိ ကမ္မဋ္ဌာန်းကို ပြန်ဖတ်၍ စတုတ္ထစျာန် ပဥ္စမစျာန်တို့ကို ဖြစ်စေ၏။ ထိုပုဂ္ဂိုလ်သာတိ မင်းမြတ်သည် စျာန်ချမ်းသာ ဖြင့်သာ အချိန်ကို ကုန်လွန်စေသောကြောင့်၊ တယောက် တလေမျှ ဖူးခွင့် မြင်ခွင့် တွေ့ခွင့် မရပေ။ အလုပ်အ ကျွေးငယ် တယောက်သာ ဝင်ခွင့်ရ၏။

ပုဂ္ဂိုလ်သာတိ မင်းမြတ်သည်
ထီးနန်းစွန့်ခွါ၍ ရဟန်းပြုပြီးလျှင် စတုတ္ထစျာန်ကို ဝင်စားလျက်
တက္ကသိုလ်ပြည်မှ ရာဇဂြိုဟ်ပြည်သို့
ကြွသွားပုံ အကြောင်း။

ပုဂ္ဂိုလ်သာတိ မင်းမြတ်သည် ထီးနန်း စွန့်ခွါပြီး ရဟန်း ပြုလျက် တက္ကသိုလ်ပြည်မှ ရာဇဂြိုဟ်ပြည်သို့ ၁၉၂ ယူဇ နာ ဝေးကွာသော ခရီးကို အာနာပါန စတုတ္ထစျာန် ယာဉ်ဖြင့်သာ စျာန်ယာဉ် စီး၍သာ ရောက်အောင် သွား နိုင်ပေသည်။ အကယ်၍ အာနာပါန စတုတ္ထစျာန်သာ မရပါက၊ ဤမျှ ဝေးလံလှသော ခရီးကို ဆိုက်ရောက် ပေါက်မြောက်အောင် သွားနိုင်လိမ့်မည် မဟုတ်ပေ။ လမ်းခရီးအကြားတွင် ခန္ဓာစဲကာ နတ်ရွာစံ ကံတော်ကုန် ရမည်ကား မလွဲမသွေ မှန်လှပေ၏။

ကုလပုတ္တောပိ ဒ္ဒါနဝုတိယောဇနသတံ အာဂတောမ္မိ၊ မုဟုတ္တံ တာဝ နိပ္ပဇ္ဇတ္တာ မဂ္ဂဒရထံ ဝိနောဒေမိတိ စိတ္တံ အနုပ္ပါဒေတ္ဝာ နိသီဒမာနော အာနာပါန စတုတ္ထဈာနံ သမာပဇ္ဇိ။ ၂၀၅

အမျိုးကောင်းသား ပုက္ကုသာတိမင်း ရဟန်းမြတ်သည်လည်း "ငါသည် ၁၆၂ ယူဇနာ ဝေးသော ခရီးကိုလာသည်ဖြစ်၏။ အတန်ငယ် လျောင်းစက်အိပ်ကာ ခရီးပန်းအမောဖြေအံ့ အမောအပန်းဖြေဦးအံ့" ဟု စိတ်ကလေး ဖြစ်ရုံမျှ မဖြစ်စေဘဲ ထိုင်လျက်သာလျှင် အာနာပါန စတုတ္ထဈာန်ကို ဝင်စား၍သာနေ၏။

ဈာန်သမာဓိ ရမှုအတွက် သမထကမ္မဋ္ဌာန်း, အာနာပါနကမ္မဋ္ဌာန်းကို ပွါးများအားထုတ်သော အာနာပါနကယောဂီတို့ကို ရှုတ်ချ ပြစ်တင် ကဲ့ရဲ့သူတို့ သတိရဘွယ်အချက် ဖြစ်သည်။ ပုက္ကုသာတိမင်းသည် အကယ်၍သာ အာနာပါန စတုတ္ထဈာန်သာ မရပါက၊ ဤမျှ အလွန်ဝေးကွာလှသော ခရီးကို မသွားနိုင် မရောက်နိုင် ဟူ၍လည်း စဉ်းစားဆင်ခြင်ပါ သတိပြုပါ။ ။ထိုပြင်လည်း

သဗ္ဗညုရှင်တော်ဘုရားသည်
ပုက္ကုသာတိ ရဟန်းမြတ်ကို မိမိနှင့် ဂုဏ်တူတန်းတူထားကာ
ချီးမြှင့်မြောက်စားတော်မူပုံ။

ဘဂဝါပိ သမာပတ္တိလာဘီ၊ ကုလပုတ္တောပိ။ ဒ္ဒေပိ သမာပတ္တိလာဘိနော ကုမ္ဘကာရဂါမံ ပဝိသိတ္ဝာ နိသိန္နာ။ ၂၀၅

သဗ္ဗညု ရှင်တော်ဘုရားလည်း သမာပတ် ရ၏။ သမာပတ်နှင့် ပြည့်စုံ၏။ သမာပတ် ရှိ၏။ အမျိုးကောင်းသား ပုဏ္ဏသာတိ ရဟန်းမြတ်လည်း သမာပတ် ရ၏။ သမာပတ်နှင့် ပြည့်စုံ၏။ သမာပတ် ရှိ၏။ သမာပတ်နှင့် ပြည့်စုံကြကုန်သော၊ သမာပတ် ရကြကုန်သောဘုရားနှင့် ရဟန်း နှစ်ဦးသားတို့သည် အိုးထိန်းသည် ဇရပ်သို့ ဝင်၍နေကြကုန်၏။

သဗ္ဗညု ရှင်တော်မြတ်ဘုရားက "ငါဘုရားလည်း စျာန် ရ၏။ စျာန်နှင့် ပြည့်စုံ၏။ အဘိညာဉ် စျာန်သမာပတ်နှင့် ပြည့်စုံ၏။ ညလုံးပေါက် တညလုံး စျာန်ဝင်စားနေနိုင်၏။ သမာပတ်ဝင်စားနေနိုင်၏။ ပုဏ္ဏသာတိ ရဟန်းမြတ်လည်း စျာန် ရ၏။ စျာန်နှင့် ပြည့်စုံ၏။ အဘိညာဉ် စျာန်သမာပတ်နှင့် ပြည့်စုံ၏။ ညလုံးပေါက် တညလုံး စျာန်ဝင်စားနေနိုင်၏။ သမာပတ်ဝင်စားနေနိုင်၏" ဟု မိမိနှင့် စျာန်ရခြင်း ဂုဏ်တူတန်းတူ ဂုဏ်အဆင့်အတန်းချင်း အတူထားကာ ချီးမြှင့်မြောက်စားတော်မူသည်။ အားရဝမ်းသာတော်မူသည်။

ဤသဗ္ဗညု ရှင်တော်ဘုရား၏ သာသနာတော်တွင် ရှင်မဟာကဿပ မဟာထေရ်မြတ်ကြီးအား ပံသုကူသက်နှံးခြင်း လဲလှယ် ဝတ်ရုံ၍ ပံသုကူဓုတင်ဆောင်ခြင်း ဂုဏ်တူတန်းတူ ဂုဏ်အဆင့်အတန်းချင်း အတူတူထားကာ သဗ္ဗညု ရှင်တော်ဘုရား ချီးမြှင့်မြောက်စားတော်မူသည်။ ပုဏ္ဏသာတိ ရဟန်းမြတ်အား များများ

စားစား များများကြီး စျာန်သမာပတ် ဝင်စားနိုင်ခြင်း ဂုဏ်တူတန်းတူ ဂုဏ် အဆင့်အတန်းချင်း အတူတူထား ကာ ချီးမြှင့်မြောက်စားတော်မူသည်။

သို့ဖြစ်၍ သဗ္ဗညု ရှင်တော်ဘုရားနှင့် တန်းတူထား ကာ မြောက်စားတော်မူသော ရှင်မဟာကဿပနှင့် ပုက္ကု သာတိ ရဟန်းမြတ် နှစ်ဦးကိုသာ မှတ်မိသည် သတိရမိ သည်။

ဤသာသနာတော်တွင် သဗ္ဗညု ရှင်တော်ဘုရားနှင့် ဂုဏ်တူတန်းတူထားကာ ချီးမြှင့်မြောက်စားတော်မူသော ပုဂ္ဂိုလ်မြတ်တို့သည်ကား ရှင်မဟာကဿပ မဟာထေရ် မြတ်ကြီးနှင့် ပုက္ကုသာတိ ရဟန်းမြတ်တို့သာဟု ဆိုက လဲလိမ့်မည်မထင်။

အာနာပါန စတုတ္ထစျာန် ရလို့သာ တန်းခိုးကြောင့် သာ ဤလို မြောက်စားခြင်း အကျိုးကို ခံစားရပုံ သိသာ ထင်ရှားလှပေတော့သည်။

သမထ သမာဓိ စျာန်ကို သဗ္ဗညု ရှင်တော်ဘုရားက ချီးမွမ်း မြောက်စားပါလျက် ယခုအခါ ပုထုဇဉ်တွေက ထိုသမထ သမာဓိ စျာန်ကို နှိမ့်ချ ပြစ်တင် ရှုတ်ချ ကဲ့ရဲ့ ကြသည်မှာ အံ့သြဘွယ်ရာ ကောင်းလှ၏။ ထိုသို့ ရှုတ် ချ ကဲ့ရဲ့ခြင်း အမှုကို မပြုမိအောင် သတိပြုသင့်လှတော့ သည်။

သမထ သမာဓိ စျာန်တရားကို ပြစ်တင်ရှုတ်ချ ကဲ့ရဲ့ ကာ၊ ထိုသမထ သမာဓိ စျာန်ကို အားထုတ်နေသော သူ

တို့မှာ ပုဏ္ဏားသာတိရဟန်း ယုံမှားသံသယ ဖြစ်သလို ဖြစ်၍နေလိမ့်မည်။ ပုဏ္ဏားသာတိရဟန်း ယုံမှားသံသယ ဖြစ်ပုံကို အဋ္ဌကထာ၌ ဤသို့ ဆို၏။ "သစေ အဝဏ္ဏံ ကထေယျ၊ မယ္ဘံ ပဗ္ဗဇိတ္ဝာ ဒ္ဝါနဝုတိယောဇနသတံ အာဂန္ဆန္တိဿ ဣဒံ စတုတ္ထဈာနံ ယာနကိစ္စံ သာဓေတိ၊ အဟံ ဇတ္တကံ မဂ္ဂံ အာဂန္ဆန္တော စျာနသုခေန စျာနရတိယာ အာဂတော၊ ဒေဝရူပဿ နာမ ပဏီတဓမ္မဿာ အဝဏ္ဏံ ကထေတိ၊ ဇာနံ နု ခေါ ကထေတိ အဇာနန္တိ ကုလပုတ္တော သဿယ သမ္မောဟ အာပဇ္ဇေယျ။ ၂၁၀

"အကယ်၍ မြတ်စွာဘုရားသည် စတုတ္ထစျာန်ကို ပြစ်တင်ရှုတ်ချ ကဲ့ရဲ့အံ့၊ 'ရဟန်းပြု၍ ၁၉၂ ယူဇနာခရီးကို လာသော ငါအား ဤအာနာပါန စတုတ္ထစျာန်သည် ယာဉ်သဘွယ်ဖြစ်၍ ယာဉ်ကိစ္စကို ပြီးစေ၏။ ဤမျှလောက် ဝေးကွာလှသော ခရီးကို လာသော ငါသည် စျာန်ချမ်းသာဖြင့် စျာန်၌ မေ့လျော့သဖြင့် လာ၏။ ဤသို့ သဘော ရှိသော မှန်မြတ်သော စျာန်တရားမည်သည်အား ပြစ်တင် ရှုတ်ချ ကဲ့ရဲ့သေး၏ တကား။ အမှန် သိ၍ပင် ကဲ့ရဲ့လေတော့သလား။ စျာန်၏ အကျိုးများပုံ အကျိုးရှိပုံကို မသိဘဲ သူများ နှုတ်ယောင် သံယောင် လိုက်ကာ ကဲ့ရဲ့လေရော့သလား' ဟု အမျိုးကောင်းသား ပုဏ္ဏားသာတိ ရဟန်းမြတ်သည် ယုံမှားသံသယ ဖြစ်ရာ၏"။

သို့ဖြစ်၍ ထိုပုဏ္ဏားသာတိ မင်းမြတ်၏ ယုံမှားသံသယ စက်ကွင်းမှ ရှောင်ကွင်းပြီးလည်း ကျအောင်၊ ထိုဗိမ္ဘသာ

လွန်ကဲ သိမ်မွေ့သည်ထက် သာလွန် လွန်ကဲ သိမ်မွေ့သော အပ်နဖါးထွင်း စူးနှင့် တူသော ပညာဖြင့်သာ ပွါးများ အားထုတ် နှလုံးသွင်းနိုင်သည်။

ထိုကြောင့် "အာနာပါနဿတိကမ္မဋ္ဌာနံ ဝိတ္ထာရေနေဝ လိခိတ္ဝာ"ဟူသော သောတာပန် ဗိမ္မိသာရမင်းမြတ်၏ စကားကို ခိုင်ခိုင်လုံလုံ အားကိုးလျက် "နစေဝ ဣတ္တရံ နစဣတ္တရသတ္တသမာသေဝိတံ"ဟု ပါရာဇိကဏ် အဋ္ဌကထာနှင့် ဝိသုဒ္ဓိမဂ်အဋ္ဌကထာ အရှင်မြတ်များ အထူးသဖြင့် မိန့်တော်မူအပ်သည်နှင့်အညီ ဘုန်းကံ နည်းသူ, ဘုန်းကံမရှိသူတို့ ကျင့်ကြံအားထုတ် ပွါးများနှလုံးသွင်းရန်ကိုမဆိုထားဘိ အားထုတ်လိုက်ချင်ပါဘိ, အားထုတ်လိုက်ဦးမည် ဟူသော စိတ်ကလေး ဖြစ်ရုံမျှကိုပင် မဖြစ်ထိုက် မဖြစ်နိုင်သော။ ဝါ၊ ဘုန်းကံရှိသူတို့သာ။ ဝါ၊ ရွေးရွေးက ပါရမီအထူး ကံအထူး ရှိသူတို့သာ ပွါးများထိုက်, ပွါးများနိုင် နှလုံးသွင်းထိုက်, နှလုံးသွင်းနိုင် အားထုတ်ထိုက်, အားထုတ်နိုင်သော။ ဝါ၊ ဘုန်းကံရှိသူတို့နှင့်သာ ထိုက်တန်သော အာနာပါနကမ္မဋ္ဌာန်း အားထုတ်ပုံ, အားထုတ်နည်း ကျကျနနကို "ယောဂိပါရဂူကျမ်း" မှ ဆိုင်ရာ ဆိုင်ရာ ထုတ်ဆောင်၍ လုပ်ထုံးလုပ်နည်း အကျဉ်းသက်သက်သာ ရေးသားပေအံ့။

# အခန်း ၁

# သမထကဏ္ဍ

## သမ္မညုရှင်တော်ဘုရား ရွှေသက်ထက်တော်က သာသနာတော်ထမ်း ရဟန်းတော်များ အများဆုံး အာနာပါနကမ္မဋ္ဌာန်းကို စီးဖြန်းပွါးများ အားထုတ်ကြပုံကို ပြခြင်း။

နိကာယ်ငါးရပ် အဝင်အပါ မဇ္ဈိမနိကာယ် ဥပရိပဏ္ဏာသ ပါဠိတော်၌ "အာနာပါနဿတိ သုတ်တော်" ကို ဟောတော်မူရန် အခွင့်ဆိုက်ကာ ကြုံကြိုက်လာပုံကား သမ္မညု ရှင်တော်ဘုရားသည် သာဝတ္ထိပြည် ပုဗ္ဗာရုံကျောင်းတော်မြတ်၌ ဝါဆိုဝါကပ်တော်မူ၏။ ထိုဝါသည်ကား အခြားအခြားသော ဝါတို့ထက် သာဝတ္ထိပြည်တွင် ဝါကပ်တော်မူကြသော၊ အလွန် ထင်ရှားကျော်ကြား တန်ခိုးဣဒ္ဓိပါဒ် ကြီးမားတော်မူကြပေသော အရှင်မဟာသာရိပုတ္တရာ, အရှင်မဟာမောဂ္ဂလာန်, အရှင်မဟာကဿပ, အရှင်မဟာကစ္စည်း, အရှင်မဟာကောဋ္ဌိက, အရှင်မဟာကပ္ပိန, အရှင်မဟာစုန္ဒ, အရှင်အနုရုဒ္ဓါ, အရှင်ရေဝတ, အရှင်အာနန္ဒာ စသော သာဝကတပည့်ကြီးတွေ စုံစုံစီစီ စုံစုံလင်လင် ပေါင်းဆုံ၍ အခြား ကျော်ကြားထင်ရှားသော သံဃာတော်အရှင်

မြတ်များ အများဆုံး ဝါကပ်တော်မူကြသော ဝါတော်ထွဋ် ဝါတော်မြတ် ဖြစ်ပေသည်။

ဘယ်မျလောက် များပါသလဲ။ တဒါ ကိရ မဟာဘိက္ခုသံဃော အဟောသိ အပရိစ္ဆိန္နဂဏနော (= ထို အခါက အများဆုံး သံဃာတော်များ ဖြစ်သတဲ့။ သံဃာတော် အများဆုံး ဖြစ်သတဲ့။ မရေတွက်နိုင်ဘူးတဲ့။ များလွန်းအားကြီးလို့ များလွန်းလို့ မရေတွက်နိုင်တော့ဘူးတဲ့)။ မရေတွက်နိုင်လောက်အောင်ပင် ရေတွက်၍ မဆုံးနိုင်လောက်အောင်ပင် များပြားလှသော သံဃာတော် များ ဝါကပ်တော်မူကြသည်လို့ ဆိုလိုသည်။

ထိုသံဃာတော် အပေါင်းသည် အာဟုနေယျဂုဏ်တော်, ပါဟုနေယျဂုဏ်တော်, ဒက္ခိဏေယျဂုဏ်တော်, အဉ္ဇလီကရဏီယဂုဏ်တော်, အနုတ္တရပုညခေတ္တလောကဂုဏ်တော်တို့နှင့် ပြည့်စုံကြ၍ အပ္ပံ ဒိန္နံ ဗဟု ဟောတိ၊ ဗဟု ဒိန္နံ ဗဟုတရံ (= နည်းနည်းပါးပါး အလှူသည် များများ အကျိုးပေး၏။ များများစားစား အလှူသည် များသထက် များများစားစား အကျိုးပေး၏)။ ဒုလ္လဘာ ဒဿနာယ လောကဿ (= ထိုသံဃာတော် အပေါင်းတို့ကို လူများ ဖူးမြင်ရဘို့ အလွန် ရခဲ၏၊ ကြုံကြိုက်ခဲ၏၊ ခဲယဉ်းလှ၏)။ အလံ ယောဇနဂဏနာနံ ဒဿနာယ ဂန္တုံ၊ ပုဋ္ဌောသေနာပိ (= ယူဇနာတရာ ယူဇနာတထောင် အဝေးက လက်ဆောင်ရိက္ခာကို ပခုံးထမ်း ခေါင်းရွက် ပခုံးလွယ်ကာ လက်ဆွဲယူငင်၍ ဖူးမြင်ဆည်းကပ် ခစား ရန် လာခြင်းငှါ သင့်၏၊ လျော်၏)။

“အဝေးလက်ဆောင် အလှူခံထိုက်သော အာဟုနေယျဂုဏ်တော် စသော ဂုဏ်တော်အပေါင်းနှင့် ပြည့်စုံတော်မူသော၊ မရေတွက်နိုင်လောက်အောင်ပင် များသော ဝါဆိုသံဃာတော် အပေါင်းအား လှူရာ၌ နည်းနည်း အလှူသည် အကျိုး များ၏။ များများ အလှူသည် အလွန် ပို၍ အကျိုး များ၏။ ထို၀ါဆိုသံဃာတော် အပေါင်းအား ဖူးမြင်ရဘို့ ဖူးရဘို့ အလွန် ရခဲ၏။ ကြုံခဲတွေ့နိုင်ခဲ၏၊ ခဲယဉ်းလှ၏။ ယူဇနာ တရာ တထောင်က ပင် ရိက္ခာထုပ် လက်ဆဲ့ကာ ထမ်းပိုး လှည်ကာ ဖူးမြင်ကန်တော့ ဆည်းကပ်ရန် ရောက်ဘို့ သင့်၏၊ ထိုက်၏၊ လျော်လှ၏”ဟု သဗ္ဗညုရှင်တော်ဘုရား ချီးမွမ်းမြောက်စားတော်မူရပေသည်။

ဘာ့ကြောင့် အခါတပါးထက် ထူးကဲစွာ သဗ္ဗညုရှင်တော်ဘုရားသည် သာဝတ္ထိပြည်တွင် ယခု ဝါကပ်တော်မူကြသော၊ များပြားလှသော သံဃာတော်အပေါင်းအား သို့ကလောက် ချီးမွမ်းတော်မူရပါသလဲ။

ဤမျှ များပြားလှသော သံဃာတော် ပရိသတ် အပေါင်းတွင် အလွန် ပေါ်လွင်ထင်ရှား ကျော်ကြားသော တပည့်ကြီးတွေ့ စုံစုံလင်လင် ပါနေခြင်း၊ ဗောဓိပင်ခွဲယတရား သုံးဆဲ့ခုနစ်ပါးကို ပွါးများ ကျင့်ကြံသော ရဟန်းတော်တွေ့လည်း ပါနေခြင်း၊ မေတ္တာဘာဝနာ ကရုဏာဘာဝနာ မုဒိတာဘာဝနာ ဥပေက္ခာဘာဝနာ ဟူသော ဗြဟ္မဝိဟာရတရား ပွါးသော ရဟန်းတော်တွေ့လည်း ပါနေခြင်း၊ အသုဘသညာ သမထဘာဝနာ အနိစ္စ

သညာ ဝိပဿနာဘာဝနာ ပွါးသော ရဟန်းတော်တို့လည်း ပါနေခြင်း၊ ထိုထက် များများစားစား အများဆုံး ပါဝင်နေသည်ကား မသိသူ အများတို့က အနှစ်သာရနှင့် ပြည့်စုံမှုန်း အနှစ်ရှိမှန်း အဘိုးအနှဲ့ ထိုက်တန်မှန်း သဘောမှန်ကို လေးလေးနက်နက် ထိထိမိမိ မသိသူတို့က "သမထ"ဘဲဟု အထင်သေးနေသော၊ သာသနာပမှာသာ ပွါးရသည်ဟု အမြင်မှား အမြင်လွဲနေသော၊ ပမာမထား မလေးမခန့် ပြုနေသော "အာနာပါန ကမ္မဋ္ဌာန်း"ကို ပွါးများ အားထုတ်တော်မူနေကြသော ရဟန်းတော်တို့ မြတ်စွာဘုရား ၂၀ လောက် ပါနေခြင်း၊ ထိုကြောင့် ထိုမျှလောက် လွန်ကဲ ထူးခြွန်စွာ ချီးမွမ်း မြောက်စားတော်မူခြင်း ဖြစ်ပေသည်။

ထိုရာခိုင်နှုန်း ၉၀ မျှလောက် အာနာပါန ကမ္မဋ္ဌာန်း ပွါးများ အားထုတ်တော်မူကြသော ရဟန်းတော်အရှင် မြတ်များ လွန်ကဲ များပြားစွာ ပါနေခြင်းကြောင့်၊ အခြားသော သမထ ကမ္မဋ္ဌာန်းနှင့် ဝိပဿနာ ကမ္မဋ္ဌာန်းတို့ကို တိုရုံတိုရုံသာ တိုကာတိုကာသာ အမည်မျှသာ ခေါင်းစဉ်မျှသာ ခေါင်းစဉ်လောက်သာ ဟောတော်မူလျက်၊ "သန္တိ ဘိက္ခဝေ ဘိက္ခူ။ ဣမသ္မိံ ဘိက္ခုသံဃေ အာနာပါနဿတိ ဘာဝနာနုယောဂ မနုယုတ္တာ ဝိဟရန္တိ၊ အာနာပါနဿတိ ဘိက္ခဝေ ဘာဝိတာ ဗဟုလီကတာ မဟပ္ဖလာ ဟောတိ မဟာနိသံသာ။ အာနာပါနဿတိ ဘိက္ခဝေ ဘာဝိတာ ဗဟုလီကတာ စတ္တာရော သတိပဋ္ဌာ

နေ ပရိပူရေတိ။ စတ္တာရော သတိပဋ္ဌာနာ ဘာဝိတာ ဗဟုလီကတာ သတ္တ ဗောဇ္ဈင်္ဂေ ပရိပူရေန္တိ။ သတ္တ ဗောဇ္ဈင်္ဂါ ဘာဝိတာ ဗဟုလီကတာ ဝိဇ္ဇာဝိမုတ္တိံ ပရိပူရေန္တိ။" စသော "အာနာပါနဿတိ သုတ်တော်" ဟူသော အမည်နာမ ရှေ့ဆုံတော်တံဆိပ် ခတ်နှိပ်ကာ "အာနာပါန ကမ္မဋ္ဌာန်း"ကို ကျယ်ကျယ်ဝင့်ဝင့် စုံစုံလင်လင် ဟောကြားတော်မူပေသည်။

ထို့ကြောင့် ဥပရိပဏ္ဏာသအဋ္ဌကထာ ၉၈ ၌ "ယသ္မာ ပနေတ္ထ အာနာပါနကမ္မဋ္ဌာနဝသေန အာဘိနိဝိဋ္ဌာဝဗဟူ ဘိက္ခူ။ တသ္မာ သေသကမ္မဋ္ဌာနာနိ သင်္ခေပေန ကထေတ္ဝာ အာနာပါနကမ္မဋ္ဌာနံ ဝိတ္ထာရေန ကထေန္တော အာနာပါနဿတိ ဘိက္ခဝေတိ အာဒိမာဟ။"

"အထူးကား ဤပဝါရဏာသင်္ဃာ အစည်းအဝေးပွဲ၌ အကြင်ကြောင့် အာနာပါန ကမ္မဋ္ဌာန်း၏ အစွမ်းဖြင့် ပဉ္စင်းမျှားအားထုတ် နှလုံးသွင်းတော်မူကြကုန်သော ရဟန်းတော်အရှင်မြတ်တို့သည် များပြားလှကုန်၏။ ရာခိုင်နှုန်း ၉၀ လောက် များပြားကြကုန်၏။ ထို့ကြောင့် ကြွင်းသော ကမ္မဋ္ဌာန်းတို့ကို အကျဉ်းအားဖြင့် ဟောတော်မူလျက် အာနာပါန ကမ္မဋ္ဌာန်းကို အကျယ်အားဖြင့် ဟောတော်မူလိုသော သဗ္ဗညုရှင်တော်ဘုရားသည် အာနာပါနဿတိ ဘိက္ခဝေ ဤသို့ အစရှိသော အာနာပါနဿတိ သုတ်တော် ဒေသနာတော်မြတ်ကို ဟောတော်မူ၏" ဟု အဋ္ဌကထာ အရှင်မြတ် မိန့်သည်။

ဝါကျတ်သော သံဃာတော်များသည် သီတင်းကျတ်လပြည့်နေ့၌ ပဝါရဏာ ပြုမြဲထုံးစံ ဖြစ်သည်။ သို့သော် ယခု ဝါတွင်း တရားအားထုတ်တော်မူကြသော ရဟန်းတော် အရှင်မြတ်တို့၏ သမထဝိသနာတို့၏ နုသေး ရက်မရသေး အလှူပ်အရှက် အတိမ်းအပါး အတိမ်းအယိမ်းမခံနိုင်သေး၍ ထိုရဟန်းတော် အရှင်မြတ်တို့အား သနား၍ညာ ချီးမြှင့်မြောက်စားလိုသဖြင့်၊ တန်ဆောင်မုန်းလပြည့်နေ့ကျမှ ပဝါရဏာပြုရန် တလ စောင့်ဆိုင်း ဆိုင်းငံ့ထားသည်။ ထိုသို့ ဆိုင်းငံ့ထားသည်ကို ပဝါရဏာငင်သည်လို့ ခေါ်သည်။ ပဝါရဏာသင်္ဃာလို့လည်း ခေါ်သည်။ တန်ဆောင်မုန်းလပြည့်နေ့မှ ပဝါရဏာပြုရန် သဗ္ဗညုရှင်တော်ဘုရား ခွင့်ပြုတော်မူသည်လို့ ဆိုသည်။

ထို့ကြောင့် ဥပရိပဏ္ဏာသ အဋ္ဌကထာ ၉၇ ၌ ဤသို့ပြသည်။ ဥတ္တိဒုတိယကံပြု၍ ပေးသည်ကို ပဝါရဏာသင်္ဃာ ဟု ဆို၏။ ထိုပဝါရဏာသင်္ဃာကို ဘယ်သူအား ပေးရပါသလဲ၊ ဘယ်သူအား မပေးရဘူးလဲ၊ အကာရကဿတာဝ ဗာလပုထုဇ္ဇနဿ နဒိယျတိ။ တထာ အာရဒ္ဓဝိပဿကဿ စေဝ အရိယသာဝကဿ စ (=တရားအား မထုတ်သော ပုထုဇဉ်ရဟန်းမိုက်အား မပေးရဘူး။ လွန်လွန် ကဲကဲ ဝိပဿနာ အားထုတ်သော သုဒ္ဓဝိပဿကခေါ် သုက္ခဝိပဿကလည်းခေါ် အာရဒ္ဓဝိပဿက ရဟန်းအားငင်း၊ အရိယရဟန်းအားငင်း မပေးရဘူး)။ ယဿပန သမထော ဝါ တရုဏော ဟောတိ ဝိပဿနာ ဝါ၊

တဿ ဒိယျတိ(= ပေးရသော ရဟန်းကား အကြင် ရဟန်းအား သမထလည်း နှုသေး၏၊ ဝိပဿနာလည်း နှုသေး၏၊ ထိုရဟန်းအား ပေးရ၏)။

ထိုပဝါရဏာသင်္ဃ အစည်းအဝေးပွဲ အခါ၌ သဗ္ဗညု ရှင်တော်ဘုရားသည်လည်း ရဟန်းတို့၏ စိတ်အလိုကို စိတ်နေစိတ်ထား စိတ်ဖြစ်နေပုံကို စူးစမ်းဆင်ခြင် ကြည့်သည်ရှိသော်၊ သမထဝိပဿနာနှံ တရုဏဘာဝံ ဥတ္တာ(= သမထဝိပဿနာတို့၏ နှုသေးသည်၏ အဖြစ်ကို အား ပျော့နုနယ်သေးသည်၏ အဖြစ်ကို သိ၍) "ငါဘုရား ယနေ့ ပဝါရဏာပြုသည်ရှိသော် ထိုထိုအရပ်ဒေသတို့၌ ဝါကျွတ်ကြကုန်သော ရဟန်းတို့သည် ဤသာဝတ္ထိပြည်သို့ လာကြကုန်လတ္တံ့။ ထိုကြောင့် ဤရဟန်းတို့သည် ဝါကြီးကုန်သော ဥဋ္ဌသည်ရဟန်းတို့သည် ကျောင်းအိပ်ရာ နေရာကို ယူသော အခါ၊ ဝိသေသံ နိဗ္ဗတ္တေတုံ နာ သက္ခိဿန္တိ (= စျာန် မဂ်ဖိုလ် တရားအထူးကို ဖြစ်စေခြင်းငှါ ရစေခြင်းငှါ မတတ်နိုင် မစွမ်းနိုင်ကြကုန်လတ္တံ့)။ အကယ်၍ ငါဘုရားသည်လည်း ဒေသစာရီ လှည့်လည်ကြွမြန်း သွားပါအံ့။ ဤရဟန်းတို့အား ကျောင်းအိပ်ရာနေရာ အရပ်သည် ရခဲပေလိမ့်လတ္တံ့၊ ခဲယဉ်းနေပေလိမ့်မည်။

ငါဘုရား ပဝါရဏာ မပြုပါက၊ တမြို့တရွာက ရဟန်းတော်လည်း ဤသာဝတ္ထိပြည်သို့ မလာကြကုန်လတ္တံ့။ ငါဘုရားသည်လည်း ခရီး မကြွမြန်းရတော့အံ့။ ဤသို့ ငါဘုရား ခရီး မကြွမြန်းပါက၊ ဤရဟန်းတို့အား ကျောင်း

အိပ်ရာ နေရာ အရပ်သည် မကျပ်တည်း မကျဉ်းမြောင်း တော့လတံ့။ ထိုရဟန်းတို့သည် မိမိ မိမိတို့၏ နေရာ အရပ်ဌာနဌ် ချမ်းသာစွာ နေကြကုန်လျက် သမထဝိပဿနာ ထားမစာတာ ကတ္တာ ဝိသေသံ နိဗ္ဗတ္တေတုံ သက္ခိဿန္တိ (= သမထ ဝိပဿနာ အားရှိ အားကြီး အားကောင်းသည်၏ အဖြစ်ကို ပြု၍ စျာန် မဂ်ဖိုလ် တရားအထူးကို ဖြစ်စေခြင်းငှါ ရစေခြင်းငှါ တတ်နိုင် စွမ်းနိုင်ကြကုန် ပေလိမ့်လတံ့)။"

ဤစကားရပ်တို့၌ ပဝါရဏာသင်္ဃာ အစည်းအဝေးပွဲ အချိန်အခါ၌ ရာခိုင်နှုန်း ၉၀ လောက် ပါနေသော ရှိနေသော၊ အာနာပါန ကမ္မဋ္ဌာန်း ပွါးများ အားထုတ်တော်မူသော ရဟန်းတော်အရှင်မြတ်များကို မည်မျှ မြှောက်စား ချီးမြှင့်သည်ကို သိလေ။ စဉ်းစားကြည့်လေ။ ဉာဏ်အမြင် သန့်ရှင်း ကြည်လင်ပါလေ။ "သမထော ဝါ တရဏော" ဆိုသဖြင့်လည်း အာနာပါန ကမ္မဋ္ဌာန်း အားထုတ်၍ ဥပစာရသမာဓိမျှလောက်သာ ရရှိနေပုံကိုလည်း သိအပ်၏။ အသိဉာဏ် စူးအပ်၏၊ အသိဉာဏ် ထူးအပ်၏။

အဘယ်ကြောင့်ဆိုသော် "သမထဝိပဿနာ ထာမဇာတာ ကတ္တာ ဝိသေသံ"ကို ထောက်ပါလေ။ သိပါလေ။ သမထ အားကောင်း အားရှိ သန်စွမ်း ဆိုသည်ကား အပ္ပနာသမာဓိခေါ် ပဌမစျာန် စသည်ကို ခေါ်သည် ဆိုသည်။ အပ္ပနာသမာဓိနှင့် စာလျှင် ဥပစာရသမာဓိဟာ

နုသေး၏။ ပဌမစျာန်နှင့် စာလျှင် ဥပစာရသမာဓိဟာ နုသေး၏။ တရုဏ ဖြစ်သေး၏။

အဋ္ဌကထာ ၉၀ သို့ တဆင့်တက်ပြီး အောက်ပါအတိုင်း ကြည့်ပါဦး။ "ပုဗ္ဗေနာပရံ" ဆိုသည်ကား ဤဌာနဲသော သမထ ဝိပဿနာတို့ဌာ ပွါးများ အားထုတ်ခြင်း အမှုကို ပြု၍ သမထ ဝိပဿနာ သန်စွမ်း အားရှိသည် ဖြစ်ကုန်၏။ ဤကား ရှေး အထူး မည်၏။

ထိုနောင်မှ သမာဟိတေန စိတ္တေန သဒ်္ဓါရေ သမ္မသိတ္ဝာ (= တည်ကြည်သော စိတ်ဖြင့် သင်္ခါရတရားတို့ကို သုံးသပ်ဆင်ခြင်၍) အချို့ သောတာပတ္တိဖိုလ်ကို မျက်မှောက်ပြုကြကုန်၏။ အချို့ သကဒါဂါမိဖိုလ်ကို မျက်မှောက်ပြုကြကုန်၏။ အချို့ အနာဂါမိဖိုလ်ကို မျက်မှောက်ပြုကြကုန်၏။ အချို့ အရဟတ္တဖိုလ်ကို မျက်မှောက်ပြုကြကုန်၏။ ဤကား နောက် မြတ်သော အထူး မည်၏။

ဥပစာရသမာဓိကို တရုဏသမထ ဆိုသည်။ အပ္ပနာသမာဓိ ပဌမစျာန် စသည်ကို ထာမဇာတသမထ ဆိုသည်။ ထိုအပ္ပနာသမာဓိ ပဌမစျာန်စိတ် စသည်ကို "သမာဟိတေန စိတ္တေန (= တည်ကြည်သော စိတ်ဖြင့်) ဆိုသည်။ သို့ဖြစ်၍ တည်ကြည်သော စိတ်ဖြင့် ဝိပဿနာ ရှုပွါးပါက၊ လျင်မြန်စွာ မဂ်ဖိုလ် ရနိုင်သည်ကို သိပါလေ။ အထူး သတိပြုပါလေ။

ဝိပဿနာသမာဓိကို ခဏိကသမာဓိ ဆိုသည်။ သမထသမာဓိကို ဥပစာရသမာဓိနှင့် အပ္ပနာသမာဓိ ဆိုသည်။

မဂ်သမာဓိ ဖိုလ်သမာဓိကိုလည်း အပ္ပနာသမာဓိ ဆိုသေး သည်။ ဤသို့ သမာဓိမျိုးကို ခဲ့၍ သိလေ။

ဤပါဠိတော် ဤအဋ္ဌကထာတို့၌ “ သမာဟိတေန စိတ္တေန” ဆိုသဖြင့် ဝိပဿနာသမာဓိခေါ် ခဏိကသမာဓိကို မကောက်ရ မယူရ။ သမထသမာဓိခေါ် ဥပစာရသမာဓိနှင့် အပ္ပနာသမာဓိကိုသာ ကောက်ရ ယူရ၏ဟု သိ၊ သိပါလေ။ ဥာဏ်အမြင် ရှင်းပါစေ။

ထိုထိုပါဠိတော် အဋ္ဌကထာ ဋီကာတို့၌ “သမာဟိတော သို့မဟုတ် သမာဟိတေန စိတ္တေန” ဟု ဟော တော်မူပါက ဖွင့်ပြတော်မူပါက၊ သမထသမာဓိခေါ် ဥပစာရသမာဓိနှင့် အပ္ပနာသမာဓိကို ကောက်ရ ယူရ ကြောင်း ကိန်းသေ မုချ တထစ်ချ မှတ်ပါလေ။

ထို့ကြောင့် ဤဥပရိပဏ္ဏာသ ပါဠိတော် အာနာပါ နဿတိသုတ်တော်မြတ်တွင် “ယသ္မိံ သမယေ ဘိက္ခဝေ ဘိက္ခု၊နော ပဿဒ္ဓကာယသ သုခိနော စိတ္တံ သမာဓိ ယတိ (= အို....ရဟန်းတို့ ငြိမ်းအေးသော ကိုယ်စိတ်ရှိ သော၊ ချမ်းသာသော ရဟန်းအား စိတ်တည်ကြည်၏။ အပ္ပနာ သမာဓိကဲ့သို့ ထားနိုင်၏)” ဟု ဟောတော်မူ သော ပါဠိတော် စကားရပ်၌ သမာဓိယတိ ပုဒ်ကို “သမာဓိယတိတိ သမ္မာ ဌပိယတိ၊ အပ္ပနာပတ္တံ ဝိယ ဟောတိ(=သမာဓိယတိ ဆိုသည်ကား၊ ကောင်းစွာ ထား၏။ အပ္ပနာသမာဓိသို့ ရောက်သကဲ့သို့ ရသကဲ့သို့ ဖြစ် ၏)” ဟု အဋ္ဌကထာရှင် ဖွင့်ပြတော်မူသည်။

ကောင်းစွာ ထားနိုင်သည် ဆိုသည်လည်း "ခဏိက သမာဓိလည်း ကောင်းစွာ ထားနိုင်သည်"ဟု ယူဆကာ ခဏိကသမာဓိကို ကောက်ယူနေမည်ကို စိုးရိမ်သောကြောင့်၊ "ဥပစာရသမာဓိနှင့် အပ္ပနာသမာဓိကိုသာ ကောက်ပါ၊ ယူပါ။ ကောက်ရသည်၊ ယူရသည်"ဟု သိစေလိုရှိ "အပ္ပနာပတ္တံ ဝိယ ဟောတိ (= အပ္ပနာသို့ ရောက်သကဲ့သို့ ဖြစ်၏)"ဟု အဋ္ဌကထာ ဆရာမြတ် ဖွင့်ပြတော်မူပေသည်။

လိုရင်းကား "စျာန်ရလုနီးပါး အပ္ပနာသမာဓိနီးပါးလောက် အားရှိ အားကောင်းသော ဥပစာရ သမာဓိဖြင့် ဝိပဿနာ ရှုပွါးပါက၊ ခဏိကသမာဓိထက် ပိုမို လျင်မြန်စွာ မဂ်ဖိုလ်နိဗ္ဗာန်ကို ရနိုင် ရောက်နိုင်သည်" ဟု ဤပါဠိတော်နှင့် အဋ္ဌကထာစကားကို ပိုမို လေးစားယုံကြည်သင့်၏၊ အားကျသင့်၏၊ အားတက်သင့်၏။

အားလုံးချုံး၍ လိုရင်း ပြရသော်ကား 'သဗ္ဗညုရှင်တော်ဘုရား ရှေလက်ထက်တော် အခါက သာသနာတော်ထမ်း ရဟန်းတော်အရှင်မြတ်များ အများဆုံး အာနာပါန ကမ္မဋ္ဌာန်းကို စီးဖြန်းပွါးများ အားထုတ်ကြသည်' ဟူ၍၎င်း၊ 'သဗ္ဗညုရှင်တော်ဘုရား အလွန် အားရှန်စသက်တော်မူလျှ၍ အားထုတ်သော ရဟန်းပုဂ္ဂိုလ် အားလုံးတို့၏ အားထုတ်အပ်သော အာနာပါန ကမ္မဋ္ဌာန်း ဓမ္မအားလုံးတို့၏ ပုဂ္ဂလဓိဋ္ဌာန် ဓမ္မဓိဋ္ဌာန်အားဖြင့်ဟူ၍၎င်း၊ ပုဂ္ဂလ ဓမ္မဓိဋ္ဌာန်အားဖြင့်ဟူ၍၎င်း၊ ချီးမြှင့် မြှောက်စားလိုသဖြင့်

ချီးမြှင့်မြောက်စားသောအားဖြင့် ပဝါရဏာ ပြုခဲ့တ
လ ဆိုင်းငံ့ကာ အားပေး မြှောက်စားရသော အာန
ပါန ကမ္မဋ္ဌာန်း ဖြစ်သည်' ဟူ၍ဂုင်း၊ 'အာနာပါနဿတိ
သုတ်တော် ဟူသော ရှေဘဲ့တော်တံဆိပ် ခတ်နှိပ်လျက်
သုတ္တန်ဓမ္မဒေသနာတော် တသီးတခြား တထီးတနှန်း
တစောင်တဖဲ့ အဖြစ်ဖြင့် ချီးမြှင့်မြောက်စား အားပေး
ကာ ဟောကြားတော်မူရသော အာနာပါန ကမ္မဋ္ဌာန်း
ဖြစ်ပေသည်' ဟူ၍ဂုင်း၊ 'သမထပင် ဖြစ်လင့်ကစား
သမထပင် ဆိုရစေကာမူ၊ ဝိပဿနာပါ တပါတည်း ယှဉ်
စပ် ပူးတဲ့ကာ ဟောထားသဖြင့်၊ ဝိပဿဲနာပါ ယှဉ်စပ်
ပူးတဲ့ကာ ဝိပဿနါရှုပွါးနိုင်သော "နှစ်ဘက်ရ ဝိဘင်း"
ဆိုရသည်ပမာ သမထရော ဝိပဿနာပါ နှစ်မျိုးလုံး ရှု
ပွါးနိုင်သော သမထ ဝိပဿနာ နှစ်မျိုးရ အာနာပါန
ကမ္မဋ္ဌာန်း ဖြစ်ပေသည်' ဟူ၍ဂုင်း၊ 'ဝိပဿနာအတွက်
တကယ်တမ်း များစွာ ကူညီထောက်ပံ့ အားပေးနိုင်
သော အာနာပါနကမ္မဋ္ဌာန်း ဖြစ်ပေသည်' ဟူ၍ဂုင်း
ရှေးကထက် ပိုမြိုး အားကိုးယုံကြည် ရှိသေလေးစား
ထိုက်လှပေသည်။ အားကိုးယုံကြည် ရှိသေလေးစားကြ
ပါလေ ယောဂီမြတ်တော့။

ထိုသို့ သဗ္ဗညု ရှင်တော်ဘုရား ရှေလက်ထက်တော်
က အများဆုံး အာနာပါန ကမ္မဋ္ဌာန်းကို စီးဖြန်းပွါး
များ အားထုတ်တော်မူကြသော ရဟန်းတော်အရှင်မြတ်
များကို အားကျကာ "ငါတို့လည်း ယခု သာသနာတော်
တွင်းမှာ တကယ်တမ်း အားထုတ်အပ် အားထုတ်သင့်

အားထုတ်ထိုက် အားထုတ်ကောင်းသော အာနာပါန ကမ္မဋ္ဌာန်း ဖြစ်ပေသည်တကား" ဟု ရှေးကထက် ဆတက်ထမ်းပိုး တိုးပြီး ယုံကြည်လေးစား အားကိုးလျက် အာနာပါန ကမ္မဋ္ဌာန်းကို ကြိုးစားမင်းစား ကြိုးကြိုးစားစား အားတက်သရော ပွါးများ အားထုတ်ကြပါလေ ယောဂီမြတ်တော့။

အာနာပါန ကမ္မဋ္ဌာန်းကို ကြိုးစားမင်းစား ကြိုးကြိုးစားစား အားတက်သရော ပွါးများ အားထုတ်ကြရန် နှစ်နှစ်ကာကာ လေးလေးနက်နက်ကြီး အားပေး တိုက် တွန်းကာ မေတ္တာရပ်ခံလိုက်ပေသည်။

## ၁။ အာနာပါန လေးနည်း ရှစ်နည်းကို ပြခြင်း

### အဆင့်အတန်း ခေါ်ပုံ ဆောင်ပုဒ်

တစ်, နှစ် ရေရာ၊ ပဌမာ၊ ဒု, မှာ ရှည်ရှည် သိ။
စ, လယ်, ဆုံး, မှာ၊ တတိယာ၊ စ, မှာ ငြိမ်းစေ သိ။

တနည်း

ချက်, ရင်, နှာ, မှာ၊ တတိယာ၊ စ, မှာ ငြိမ်းစေ ဘိ။
နှာ, ရင်, ချက်, မှာ၊ တတိယာ၊ စ, မှာ ငြိမ်းစေ ဘိ။

### သဘာဝ ဖြစ်ပေါ်ပုံ ဆောင်ပုဒ်

သတိ မြဲရာ၊ ပဌမာ၊ ဒု, မှာ နိမိတ္တိ။
ကိုယ်လုံးလင်းဖြာ၊ တတိယာ၊ စ, မှာ ငြိမ်းလေ သိ။

## တနည်း

ကိုယ်လုံး လင်းကာ၊ တတိယာ၊ စ, မှာ သိမ်မွေ့ သိ။ ဂ, နဲ, ဖုံ, ထ,၊သလ်, ဝိ, ပါ့,၊ ပဋ္ဌ, "အာ" ရှစ်ဖြာ။ ရေ, စဉ်, ထိ, ဈာန်,၊ ဝိပဿနာ်,၊ မဂ်, မှန် ဖိုလ်, ဆင်ခြင်,။

ဂဏာ, ဗန္ဓ,၊ ဖုသန,၊ ထပ, သမထာ။
သလ္လ, ဝဋ္ဋ,၊ ရိသုဒ္ဓိ,၊ ပဋ္ဌိ, ဝိပဿနာ။
ဂဏာနာ, အနုဗန္ဓနာ,၊ ဖုသနာ, ထပနာ,
သလ္လက္ခဏာ,။ ဝိဝဋ္ဋနာ, ပါရိသုဒ္ဓိ,၊ တေသဉ္စ
ပဋ္ဌိပဿနာ,။

ဂဏာနာ၊ တစ်, နှစ် စသည် ရေတွက်ခြင်း။ အနုဗန္ဓနာ၊ ထွက်သက် ဝင်သက်လေသို အစဉ်လိုက်ကာ သတိ၏ အခြားမရှိ အဆင့်ဆင့် ဖြစ်ခြင်း။ ဝါ၊ ထွက်သက် ဝင်သက်လေတို့ကို သတိဖြင့် အစဉ်လိုက်ခြင်း။ ဝါ၊ နှာသီးဖျားဌာ ထွက်သက်ဝင်သက်လေတို့ ထိတိုင်း ထိတိုင်း သတိဖြင့် အစဉ်အမြဲ လိုက်၍ သိနေခြင်း။ ဖုသနာ၊ နှာသီးဖျား စသော အရပ်ကို ထွက်သက် ဝင်သက်လေတို့၏ တိုးဝှေ့ထိပါး ထိခိုက်ခြင်း။ ထပနာ၊ ဈာန်စိတ်ကို အာရုံဌာ ကောင်းစွာ ထားခြင်း။ သလ္လက္ခဏာ၊ မမြဲ ဆင်းရဲ စသည်ကို ကောင်းစွာ ရှုမှတ်ခြင်း။ ဝိဝဋ္ဋနာ၊ ဝဋ်တရား မှဌင်း၊ နိစ္စ စသော နိမိတ်မှဌင်း လည်ခြင်း။ ပါရိသုဒ္ဓိ၊ ထက်ဝန်းကျင် စင်ကြယ်ခြင်း။ တေသဉ္စ၊ ထိုဝဋ္ဋနာ

မည်သော မဂ်၊ ပါရိသုဒ္ဓိ မည်သော ဖိုလ်တို့ကိုလည်း။ ပဋိပဿနာ၊ အသီးသီး ရှုဆင်ခြင်ခြင်း။

တနည်း။ ဂဏနာ၊ ရေတွက်ခြင်း။ အနုပဿနာ၊ အစဉ်လိုက်ခြင်း။ ဖုသနာ၊ တိုးဝှေ့ထိပါးခြင်း။ ထပနာ၊ အပ္ပနာကျ စဉ်ငြိမ်ရခြင်း။ သလ္လက္ခဏာ၊ ဝိပဿနာကို ရှုခြင်း။ ဝိဝဋ္ဋနာ၊ မဂ်။ ပါရိသုဒ္ဓိ၊ ဖိုလ်။ တေသဉ္စ၊ ထိုမဂ်ဖိုလ်တို့ကိုလည်း။ ပဋိပဿနာ၊ ဆင်ခြင်ခြင်း။

**မှတ်ချက်။** တွင်းသက် ဝင်သက်လေ အစဉ်တစိုက် ထိခိုက်၍သွားတိုင်း မသိဘဲ ထိခိုက်၍ တကြိမ် နှစ်ကြိမ်မျှ သိရာ ခဏခဏဖြစ်သာ သိခြင်း ရေတွက်ခြင်းကို "ဂဏနာ" ရေတွက်ခြင်းလို့ ခေါ်သည်။ တကြိမ် နှစ်ကြိမ်မျှမက အစဉ်အမြဲ သိနေခြင်း၊ မရေမတွက်ဘဲ အစဉ်တောက်လျောက် အခြားမရှိ အသိချင်း စပ်ကာ သိနေခြင်းကို "အနုပဿနာ" အစဉ်လိုက်ခြင်းလို့ ခေါ်သည်။ "ရေတွက်မှ အာရုံထင်တာ စိတ်တည်တာ ဂဏနာ။ မရေမတွက်ဘဲ အာရုံထင်တာ စိတ်တည်တာ အနုပဿနာ"ဟု မှတ်။

ဤ အဋ္ဌကထာလာ သမထ ၄ နည်း, ဝိပဿနာ ၄ နည်းဟု အာနာပါန ၈ နည်း။ သမထ ဝိပဿနာ ခွဲခြားပုံကို ကျကျနန သိပါက၊ ဆရာကောင်း သမားကောင်း တို့ထံမှ ကျကျနန လျှလျှပိုင်ပိုင် နိုင်နိုင်နင်းနင်းကြီး ဩဝါဒခံကာ ကမ္မဋ္ဌာန်းနည်းကို ယူဘူးပါက၊ အဆုံးဒါမ ဩဝါဒကို နာခံမှတ်သား သင်ကြားဘူးပါက၊ "အာနာပါန် ကမ္မဋ္ဌာန်းဟာ သမထ ကမ္မဋ္ဌာန်းဘဲ၊ ဝိပဿနာနှင့် မယှဉ်မတွဲ သမထချည်း သက်သက်ဘဲ၊ သမထဘဲ"

ဟူ၍ အဘယ်မှာလျှင် ယူဆဝံ့ပါ၍မ်မည်နည်း။ မထေ
မဲ့မြင် မခန့်ထေးစား ပြောဆိုဝံ့ပါ၍မ်မည်နည်း။

အာနာပါန ကမ္မဋ္ဌာန်းကို "သမထ သက်သက်သာ ဖြစ်သည်။ သမထဘဲ" ဟု ယူဆသူ ထင်သူတို့ အထူး သတိချပ်ဘွယ်။

အာနာပါနကို ဝိပဿနာနှင့် ယှဉ်တဲ့ ဟောတော်မူသော စတုတ္ထ ၄ နည်းကား

အနိစ္စာနုပဿီ- မမြဲခြင်းကို အဖန်ဖန် ရှုလျက်။
ဝိရာဂါနုပဿီ-ပျောက်ကင်းခြင်းကို အဖန်ဖန်ရှုလျက်။
နိရောဓာနုပဿီ- ချုပ်ငြိမ်းခြင်းကို အဖန်ဖန် ရှုလျက်။
ပဋိနိဿဂ္ဂါနုပဿီ-တဖန် စွန့်ပစ်ခြင်းကို အဖန်ဖန် ရှုလျက်။

ဘုရားဟော ဤအာနာပါန ၁၆ နည်းကို အာနာပါနသံခိပ်၌ အကျယ် ပြမည်။

## ၂။ သမထ၏ ပဌမကိစ္စ လေးပါးကို ပြခြင်း

အာနာပါန ကမ္မဋ္ဌာန်းကို အားထုတ်စီးဖြန်းလိုသော ယောဂီပုဂ္ဂိုလ်သည် ပဌမကိစ္စ လေးပါးတို့ကို ရှေးဦးစွာ ပြုပြီးလျှင်၊ သဗ္ဗထ္ထက ကမ္မဋ္ဌာန်း သုံးပါးတို့ကို ပွါးများ အားထုတ်ပြီးမှ၊ အာနာပါန ကမ္မဋ္ဌာန်းကို အားထုတ် စီးဖြန်းရာ၏။

## (၁) စေတီယဂ်ဏာဝတ်ပြုခြင်း

စေတီတော်သို့ သွား၍ စေတီတော်၏ ရင်ပြင်၌ မြက်, အမှိုက် စသည်တို့ကို သုတ်သင် ရှင်းလင်းခြင်း စေတီယဂ်ဏ ဝတ်ကို ပြုပြီးလျှင်၊ ပန်း, ဆီမီး, ရေချမ်း စသည်တို့ကို လှူဒါန်းပူဇော်ရမည်။

## (၂) ကန်တော့တောင်းပန်ခြင်း

စေတီတော်၏ အရှေ့ဘက်မျက်နှာမှ နေ၍ တည်ခြင်း ငါးပါးဟူဖြင့် ရိုသေလေးမြတ်စွာ ရှိခိုးပြီးလျှင်၊

"ဘုရားတပည့်တော်သည် အစမထင်သော အနမတဂ္ဂ သံသရာ ဘဝအဆက်ဆက်တို့မှစ၍ ယခုဘဝ ဤနေ့ ဤရက်အထိ ဂဠဳဝါလူ သဲစုမက ပွင့်တော်မူကြကုန်သော ဘုရား, ပစ္စေကဗုဒ္ဓါ, ရဟန္တာအရှင်မြတ်တို့အား ကာယကံ, ဝစီကံ, မနောကံတည်းဟူသော သုံးပါးသော ကံတို့ဖြင့် တစုံတရာ ပြစ်မှားကျူးလွန်ခဲ့မိသည်ရှိသော်၊ ထိုအပြစ်တို့မှ ကင်းလွတ်ပယျောက်ပါစေခြင်း အကျိုးငှါ ကာယပဏာမ, ဝစီပဏာမ, မနောပဏာမ တည်းဟူသော သုံးပါးသော ပဏာမတို့ဖြင့် ရိုသေလေးမြတ်စွာ ရှိခိုးကန်တော့ပါ၏ အရှင်ဘုရား။ အပြစ်ကြီး အပြစ်ငယ် အသွယ်သွယ်တို့ကို သည်းခံ ခွင့်လွှတ်တော်မူကြပါ အရှင်မြတ်တို့ဘုရား။"

သုံးကြိမ်ကန်တော့ တောင်းပန်။ ၎င်းနည်းအတိုင်း တောင်ဘက်, အနောက်ဘက်, မြောက်ဘက် လက်ျာရစ်လှည့်၍ သုံးကြိမ်စီ ကန်တော့ တောင်းပန်ရမည်။

(၃) ခန္ဓာကိုယ်လှုံ့ခြင်း

"ဘုရားတပည့်တော်၏ ရုပ်, နာမ်, ခန္ဓာကိုယ်ကို ဂင်္ဂါဝါလူ သဲစုမက ပုဉ်တော်မူကြကုန်သော ဘုရား, ပစ္စေကဗုဒ္ဓါ, ရဟန္တာအရှင်မြတ်တို့အား လှူဒါန်းပါ၏, အပ်နှင်းပါ၏ အရှင်မြတ်တို့ဘုရား။"

သုံးကြိမ်စီ လှူဒါန်း အပ်နှင်း၍ လက်ျာရစ် လှည့်။

(၄) ဆုတောင်းခြင်း

"ဘုရားတပည့်တော်သည် ဂင်္ဂါဝါလူ သဲစုမက ပုဉ် တော်မူကြကုန်သော ဘုရား, ပစ္စေကဗုဒ္ဓါ, ရဟန္တာ အရှင်မြတ်တို့ သိမြင်တော်မူအပ်သော သစ္စာလေးပါး မြတ်တရားတို့ကို လျင်မြန်ဆောစွာ သိမြင်ရပါလို၏ အရှင်မြတ်တို့ဘုရား။"

သုံးကြိမ်စီ ဆုတောင်း၍ လက်ျာရစ် လှည့်။

## ၃။ သဗ္ဗညုကကမ္မဋ္ဌာန်း သုံးပါးကို ပြခြင်း

### (၁) ဗုဒ္ဓါနုဿတိ အရဟံဂုဏ်တော် ပွါးများရန်

သော ဘဂဝါ ဣတိပိ အရဟံ။

လူ နတ် ဗြဟ္မာ သတ္တဝါတို့၏ ပူဇော်အထူးကို ခံတော်မူထိုက်သော မြတ်စွာဘုရား။

သော ဘဂဝါ ဣတိပိ အရ-ဟံ။

တထောင့်ငါးရာ ကိလေသာ တည်းဟူသော ရန်သူ တို့ကို ခုတ်သတ် ဖျက်ဆီးတော်မူတတ်သော မြတ်စွာ ဘုရား။

သော ဘဂဝါ ဣတိပိ အ-ရဟံ။

ဆိတ်ကွယ်ရာ၌ မကောင်းမှုတို့ကို ပြုတော်မမူသော မြတ်စွာဘုရား။

(၂) မရဏာနုဿတိ ပွါးရန်

မရဏံ မေ ဓုဝံ။

ငါ၏ သေခြင်းသဘောတရားသည် မြဲ၏။

အဓုဝံ မေ ဇီဝိတံ။

ငါ၏ အသက်ရှင်ခြင်းသည် မမြဲ။

ငါ အမြဲ အသက်မရှင်။

အဝဿံ မယာ မရိတဗ္ဗံ။

ငါ မချတ်ကျန် အမှန်ဒီဋ္ဌ သေရာ၏။

ငါ မလွဲကျန် အမှန်မုချ သေရတော့မည်။

မရဏံ မေ ဘဝိဿတိ။

ငါ သေလတ္တံ့။ ငါ သေရဦးမည်။

## (၃) မေတ္တာပွါးရန်

"သဗ္ဗေ သတ္တာ အဝေရာ ဟောန္တု" စသော မိမိတို့ပို့နေကျ "ငါးရာ့ နှစ်ဆယ် ရှစ်သွယ်" မေတ္တာပို့ အတိုင်းပင် ဖြစ်စေ သို့မဟုတ်

ဒုက နှစ်ပါးစုံ ၄ ပါး တတွဲ

သုခိနော ဝ ခေမိနော ဟောန္တု၊
သဗ္ဗသတ္တာ ဘဝန္တု သုခိတတ္တာ။ ။

ယေကေစိ ပါဏဘူတတ္ထိ၊
တသာ ဝါ ထာဝရာ ဝ နဝသေသာ။

တိက သုံးပါးစုံ ၃ ပါး တတွဲ

ဒိဃာ ဝါ ယေ ဝ မဟန္တာ၊
ဝ
မဇ္ဈိမာ ရုဿကာ အဏုကထူလာ။ ။

ဒုက နှစ်ပါးစုံ ၄ ပါး တတွဲ

ဒိဋ္ဌာ ဝါ ယေ ဝ အဒိဋ္ဌာ၊
ယေ ဝ ဒူရေ ဝသန္တိ အဝိဒူရေ။
ဘူတာ ဝါ သမ္ဘဝေသီ ဝ၊
သဗ္ဗသတ္တာ ဘဝန္တု၊ သုခိတတ္တာ။ ။

ဟူသော မေတ္တာသုတ် အရ ဖြစ်စေ၊ ပါဠိလို ဖြစ်စေ၊ မြန်မာလို ဖြစ်စေ၊ မိမိ မိမိတို့ ကြိုက်ရာ နှစ်သက်ရာ

သဘောကျရာကို ပွါးများရမည်၊ ပွါးများနိုင်သည်၊ ပို့
နိုင်သည်။ ပါဠိ မြန်မာ နှစ်ပါးစုံကိုလည်း ရော၍ ပွါး
များနိုင်သည်၊ ပို့နိုင်သည်။

## မေတ္တာသုတ်အရ ပါဠိလို မေတ္တာပွါးရန်

### ဒုက နှစ်ပါးစုံ ၄ ပါး တတွဲ

၁။ တသာ ဝါ ထာဝရာ ဝါ သုခိနော ဟောန္တု။
ခေမိနော ဟောန္တု။ သုခိတတ္တာ ဘဝန္တု။။

၂။ ဒိဋ္ဌာ ဝါ အဒိဋ္ဌာ ဝါ သုခိနော ဟောန္တု။
ခေမိနော ဟောန္တု။ သုခိတတ္တာ ဘဝန္တု။။

၃။ ဒူရေ ဝါ အဝိဒူရေ ဝါ သုခိနော ဟောန္တု။
ခေမိနော ဟောန္တု။ သုခိတတ္တာ ဘဝန္တု။။

၄။ ဘူတာ ဝါ သမ္ဘဝေသီ ဝါ သုခိနော ဟောန္တု။
ခေမိနော ဟောန္တု။ သုခိတတ္တာ ဘဝန္တု။။

### တိက သုံးပါးစုံ ၃ ပါး တတွဲ

၅။ ဒီဃာ ဝါ ရဿကာ ဝါ မဇ္ဈိမာ ဝါ သုခိနော
ဟောန္တု။ ခေမိနော ဟောန္တု။ သုခိတတ္တာ ဘဝန္တု။။

၆။ မဟန္တာ ဝါ ခုဒ္ဒကာ ဝါ မဇ္ဈိမာ ဝါ သုခိနော
ဟောန္တု။ ခေမိနော ဟောန္တု။ သုခိတတ္တာ ဘဝန္တု။။

၇။ ထူလာ ဝါ အဏုကာ ဝါ မဇ္ဈိမာ ဝါ သုခိနော
ဟောန္တု။ ခေမိနော ဟောန္တု။ သုခိတတ္တာ ဘဝန္တု။။

## အနက်

### ဒုက နှစ်ပါးစုံ ၄ ပါး တွဲ

၁။ တသာ ဝါ၊ ထိတ်လန့်တတ်ကုန်သော ပုထုဇဉ် ပုဂ္ဂိုလ်တို့သည်ရင်း။ ထာဝရာ ဝါ၊ မထိတ်လန့်တတ်ကုန်သော ရဟန္တာပုဂ္ဂိုလ်တို့သည်ရင်း။ သဗ္ဗသတ္တာ၊ ခပ်သိမ်းကုန်သော သတ္တဝါတို့သည်။ သုခိနော၊ ချမ်းသာခြင်း ရှိကုန်သည်။ ဟောန္တု၊ ဖြစ်ကြပါစေကုန်သတည်း။ ခေမိနော၊ ဘေးမရှိကုန်သည်။ ဟောန္တု၊ ဖြစ်ကြပါစေကုန်သတည်း။ သုခိတတ္တာ၊ ချမ်းသာသော ကိုယ်, စိတ် ရှိကုန်သည်။ ဘဝန္တု၊ ဖြစ်ကြပါစေကုန်သတည်း။

**မှတ်ချက်။** နောက်နောက် ပုဒ်များ၌လည်း ''သဗ္ဗသတ္တာ'' ထည့်၍ ''သုခိနော'' စသော ပုဒ်တို့ကိုလည်း ဤအတိုင်း အနက်ပေးလေ။

၂။ ဒိဋ္ဌာ ဝါ၊ မြင်ဘူးကုန်သော သတ္တဝါတို့သည်ရင်း။ အဒိဋ္ဌာ ဝါ၊ မမြင်ဘူးကုန်သော သတ္တဝါတို့သည်ရင်း။

၃။ ဒိဋ္ဌရေ ဝါ၊ ဝေးသော အရပ်၌ နေကုန်သော သတ္တဝါတို့သည်ရင်း။ အဝိဋ္ဌရေ ဝါ၊ မနီးမဝေးသော အရပ်၌ နေကုန်သော သတ္တဝါတို့သည်ရင်း။

၄။ ဘူတာ ဝါ၊ ရဟန္တာတို့သည်ရင်း။ သမ္ဘဝေသီ ဝါ၊ ပုထုဇဉ် သေကွဲတို့သည်ရင်း။

## တိက သုံးပါးစုံ ၃ ပါး တတွဲ

၅။ ဒီဃာ ဝါ။ ရှည်သော ကိုယ် ရှိကုန်သော နဝါး အစရှိသော သတ္တဝါတို့သည်ချင်း။ ရဿကာ ဝါ။ တို့, နိမ့်, သေး, ငယ်သော ကိုယ် ရှိကုန်သော ကြက်, ငှက် အစရှိသော သတ္တဝါတို့သည်ချင်း။ မဇ္ဈိမာ ဝါ။ အလယ်, အလတ် ဖြစ်သော ကိုယ် ရှိကုန်သော ကျဲ, နွား အစရှိသော သတ္တဝါတို့သည်ချင်း။

၆။ မဟန္တာ ဝါ။ ကြီးသော ကိုယ် ရှိကုန်သော ငါး, လိပ် အစရှိသော သတ္တဝါတို့သည်ချင်း။ ခုဒ္ဒကာ ဝါ။ ငယ်သော ကိုယ် ရှိကုန်သော သတ္တဝါတို့သည်ချင်း။ မဇ္ဈိမာ ဝါ။ အလယ်, အလတ် ဖြစ်သော ကိုယ် ရှိကုန်သော သတ္တဝါတို့သည်ချင်း။

၇။ ထူလာ ဝါ။ ဆူဖြိုးသော ကိုယ် ရှိကုန်သော ဝက် စသော သတ္တဝါတို့သည်ချင်း။ အဏုကာ ဝါ။ သေးဖွဲ့ သိမ်မွေ့သော ကိုယ် ရှိကုန်သော ပိုးရွ စသော သတ္တဝါတို့သည်ချင်း။ မဇ္ဈိမာ ဝါ။ အလယ်, အလတ် ဖြစ်သော ကိုယ် ရှိကုန်သော သတ္တဝါတို့သည်ချင်း။

**မှတ်ချက်။** ခုဒ္ဒကပါဠိ အဋ္ဌကထာ၊ မေတ္တာသုတ်ဋီ ''မဟန္တာကာကာ'' ဟူ၍ ဖွင့်ပြတော်မူ၏။ ဤဋီ အဆိုအမှတ် မရောထွေး စေခြင်းအကျိုးငှါ ''မဟန္တာဝါ, ခုဒ္ဒကာ ဝါ'' ဟူ၍ ပြလိုက်ပေသည်။

## မေတ္တာသုတ်အရ မြန်မာလို မေတ္တာပွါးရန်

### ဒုက နှစ်ပါးစုံ ၄ ပါး တတွဲ

၁။ လန့်တတ်သော သတ္တဝါ၊ မလန့်တတ်သော သတ္တဝါတွေ့ ကိုယ်, စိတ် နှစ်ဖြာ ချမ်းသာကြပါစေ။

၂။ မြင်ဘူးသော သတ္တဝါ၊ မမြင်ဘူးသော သတ္တဝါတွေ့ ကိုယ်, စိတ် နှစ်ဖြာ ချမ်းသာကြပါစေ။

၃။ အဝေးနဲ့ သတ္တဝါ၊ အနီးနေ သတ္တဝါတွေ့ ကိုယ်, စိတ် နှစ်ဖြာ ချမ်းသာကြပါစေ။

၄။ ဖြစ်ပြီးသော သတ္တဝါ၊ ဖြစ်လတ္တံ့သော သတ္တဝါတွေ့ ကိုယ်, စိတ် နှစ်ဖြာ ချမ်းသာကြပါစေ။

### တိက သုံးပါးစုံ ၃ ပါး တတွဲ

၅။ ရှည်သော ကိုယ် ရှိသော သတ္တဝါ၊ တိုသော, ကိုယ် ရှိသော သတ္တဝါ၊ မရှည်, မတို အလယ်, အလတ်, ကိုယ် ရှိသော သတ္တဝါတွေ့ ကိုယ်, စိတ် နှစ်ဖြာ ချမ်းသာကြပါစေ။

၆။ ကြီးသော ကိုယ် ရှိသော သတ္တဝါ၊ ငယ်သော ကိုယ် ရှိသော သတ္တဝါ၊ မကြီး, မငယ် အလယ်, အလတ် ကိုယ် ရှိသော သတ္တဝါတွေ့ ကိုယ်, စိတ် နှစ်ဖြာ ချမ်းသာကြပါစေ။

၇။ ဆူသော ကိုယ် ရှိသော သတ္တဝါ၊ ကြုံသော ကိုယ် ရှိသော သတ္တဝါ၊ မဆူ, မကြုံ အလယ်, အလတ် ကိုယ် ရှိ

သော သတ္တဝါတွေ့ ကိုယ်, စိတ် နှစ်ဖြာ ချမ်းသာကြပါစေ။

၇။ ဝသော ကိုယ် ရှိသော သတ္တဝါ၊ ပိန်သော ကိုယ် ရှိသော သတ္တဝါ၊ မဝ, မပိန် အလယ်, အလတ် ကိုယ် ရှိသော သတ္တဝါတွေ့ ကိုယ်, စိတ် နှစ်ဖြာ ချမ်းသာကြပါစေ။

## တနည်း

## မေတ္တာသုတ်အရ မြန်မာလို မေတ္တာပွါးရန်

### ဒုက နှစ်ပါးစုံ ၄ ပါး တို့ဝဲ

၁။ လန့်တတ် မလန့်တတ်၊ နှစ်ရပ် နှစ်ဖြာ၊ သတ္တဝါ၊ ကိုယ်, စိတ် နှစ်ဖြာ ချမ်းသာကြပါစေ။

၂။ မြင်ဘူး မမြင်ဘူး၊ နှစ်ဦး နှစ်ဖြာ၊ သတ္တဝါ၊ ကိုယ်, စိတ် နှစ်ဖြာ ချမ်းသာကြပါစေ။

၃။ ဝေး နီး နှစ်ဖြာ၊ သတ္တဝါ၊ ကိုယ်, စိတ် နှစ်ဖြာ ချမ်းသာကြပါစေ။

၄။ ဖြစ်ပြီး ဖြစ်လတ္တံ့၊ နှစ်တန် နှစ်ဖြာ၊ သတ္တဝါ၊ ကိုယ်, စိတ် နှစ်ဖြာ ချမ်းသာကြပါစေ။

### တိက သုံးပါးစုံ ၃ ပါး တို့ဝဲ

၅။ ရှည်, တို, လယ်လတ်၊ သုံးရပ် သုံးဖြာ၊ သတ္တဝါ၊ ကိုယ်, စိတ် နှစ်ဖြာ ချမ်းသာကြပါစေ။

၆။ ကြီး, ငယ်, လယ်လတ်၊ သုံးရပ် သုံးဖြာ၊ သတ္တဝါ၊ ကိုယ်, စိတ် နှစ်ဖြာ ချမ်းသာကြပါစေ။

၇။ ဆူ, ကြုံ, လယ်လတ်၊ သုံးရပ် သုံးဖြာ၊ သတ္တဝါ၊ ကိုယ်, စိတ် နှစ်ဖြာ ချမ်းသာကြပါစေ။

၇။ ဝ, ပိန်, လယ်လတ်၊ သုံးရပ် သုံးဖြာ၊ သတ္တဝါ၊ ကိုယ်, စိတ် နှစ်ဖြာ ချမ်းသာကြပါစေ။

ထိုသုံးပါးတို့တွင် တပါးပါးလျှင် ၃ ရက် ၅ ရက် ၇ ရက် စသည်ဖြင့် မိမိတို့ စေတနာ သဒ္ဓါတရားအား လျော်စွာ အားထုတ်နိုင်၏။ အနည်းဆုံး တပါးတပါးလျှင် ၃ ရက် အားထုတ်ရမည်။ အားထုတ်တိုင်း အားထုတ်တိုင်း နံနက် တကြိမ် ညနေ တကြိမ် စေတီတော်၏ ရင်ပြင်သို့ သွား၍ စေတိယင်္ဂဏစတ် စသည်တို့ကို ပြုခြင်း၊ လက်ျာရစ်လှည့်ခြင်းတို့ကို ပြုပြီးလျှင်၊ ရင်ပြင်တော်၌ ၁၀ မိနစ် ၁၅ မိနစ် စသည်ဖြင့် မိမိတို့ နေနိုင်သလောက် နေ၍ "အရဟံဂုဏ်တော်" စသည်တို့ကို ပွါးများ အားထုတ်ရာ၏။

ထိုနောက် မိမိတို့ နေရာသို့ ပြန်၍ နေ့ရော ညဉ့်ပါ ဣရိယာပုထ် လေးပါးလုံး အာရုံမပြတ် နှလုံးသွင်း၍ ပွါးများ အားထုတ်ကာ နေရာ၏။

ရှေ့ လေးပါးကို "ပုဗ္ဗကိစ္စ လေးပါး" ဟူ၍လည်း ခေါ်နိုင်၏။ တပါးတည်းပြု၍ နောက် သုံးပါးနှင့် ပေါင်း၍လည်း "ပုဗ္ဗကိစ္စ လေးပါး" ဟူ၍လည်း ခေါ်နိုင်၏။

ပုဗ္ဗကိစ္စ လေးပါး ပြီး၏။

## ၄။ ပဌမနည်းကို ပြခြင်း

### ဝါရ ရေတွက်ပုံ

အာနာပါနှ ကမ္မဋ္ဌာန်းကို, စီးဖြန်းမယုတ်, ပွါးများအားထုတ်လိုသော အာနာပါနက ယောဂီ သည် "ငါ၏ ထွက်သက်လေကို ထွက်တိုင်း ထွက်တိုင်း မှတ်အံ့။ ဝင်သက်လေကို ဝင်တိုင်း ဝင်တိုင်း မှတ်အံ့ မှတ်အံ့" ဟု သတိကို ဖြစ်စေ၍ သတိကို နှာသီးဖျားဌဲ့ ထား၍၊

| | | |
|---|---|---|
| ထွက်သည် | ဝင်သည် | တစ် |
| ထွက်သည် | ဝင်သည် | နှစ် |
| ထွက်သည် | ဝင်သည် | သုံး |
| ထွက်သည် | ဝင်သည် | လေး |
| ထွက်သည် | ဝင်သည် | ငါး |
| ထွက်သည် | ဝင်သည် | ခြောက် |
| ထွက်သည | ဝင်သည | ခုနစ် |
| ထွက်သည် | ဝင်သည် | ရှစ် |

ဟူ၍ မှတ်ရမည်၊ ရေတွက်ရမည်။ ရှစ်သို့ ရောက်က၊ တဝါရဟု ခေါ်ရ၏။ ဝါရ အရေအတွက်ကို စိတ်သညာဖြင့်သာ အမှတ်အသားပြုပြီး မှတ်သား ရေတွက်ရာ၏။

မှတ်သားရာ ဌာနနေရာ အရပ်မျှားကား၊ ညာဘက်ခ္ဍ ငါးဌာန၊ ဘယ်ဘက်ခ္ဍ ငါးဌာန ရှိသည်။

ညာဘက်ခ္ဍကား၊ ချိုစောင်း, ပခုံးစွန်း, တတောင်ဆစ်, လက်ကောက်ဝတ်, လက်ဖျား ဟူ၍ ငါးဌာန၊ ဘယ်ဘက်ခ္ဍလည်း ထို့အတူ ငါးဌာန။

သို့ဖြစ်၍ "ငါးဝါရ" ရလျှင်၊ ညာဘက် ချိုစောင်းမှာ စိတ်သညာဖြင့် တင်ထား၊ စိတ်ဖြင့် တင်ထား၊ စိတ် သညာဖြင့် မှတ်ထား၊ စိတ်ဖြင့် မှတ်ထား။

"ချက်ဆို ဒက်ခနဲ" နေပေ့စေ၊ "ဒိုးဆို ဒေါင်ခနဲ" နေပေ့စေ။

(ချိုစောင်းမှတပါး အခြားတပါးဆီသို့ စိတ်အာရုံ ရောက်မသွားစေနဲ့၊ စိတ်အာရုံ ညွတ်မသွားစေနဲ့)။

နောကထပတဖန်

နောက် "ငါးဝါရ" ရလျှင်၊ ပခုံးစွန်းမှာ တင်။

နောက် "ငါးဝါရ" ရလျှင်၊ တတောင်ဆစ်မှာ တင်။

နောက် "ငါးဝါရ" ရလျှင်၊ လက်ကောက်စတ်မှာ တင်။

နောက် "ငါးဝါရ" ရလျှင်၊ လက်ဖျားမှာ တင်။

အဆုံးဖြစ်သော လက်ဖျားသို့ ကျတိုင်းကျတိုင်း "ငါသည် ဝါရ ၂၅ ဝါရ ရပြီ" ဟု ပြန်ပေါင်း ရေတွက်၍ မနေရဘဲ၊ ဝါရ ရပုံ အရေအတွက်ကို သိနိုင်ပါသည်၊ သိရပါသည်။

ဘယ်ဘက်ခြေလည်း ထို့အတူ လက်ဖျားသို့ ကျတိုင်း ကျတိုင်း "ငါသည် ဝါရ ၂၅ ဝါရ ရပြီ" ဟု သိနိုင်ပါသည်၊ သိရပါသည်။

ငါးဝါရ ရတိုင်းရတိုင်း တနေရာ တဌာနစီ တင်ရသည်။ လက်ဖျားသို့ ကျတိုင်းကျတိုင်း ရောက်တိုင်း

ရောက်တိုင်း "၂၅ ဝါရ ရပြီ" ဟု သိနိုင်ပါသည်၊ သိရပါသည်။

ညာဘက်နှင့် ဘယ်ဘက် နှစ်ပါးစုံကို "တပတ်" ဟု မှတ်သားထားပြီး၊ တပတ်လျှင် ဝါရ ၅၀၊ နှစ်ပတ်လျှင် ဝါရ ၁၀၀ စသည်ဖြင့် မှတ်သား ရေတွက်၍သွားပါက၊ စိပ်ပုတီးပတ်ဖြင့် ဝါရ ရေတွက် မှတ်သားသည်နှင့် မခြား ဝါရ ရေတွက်ရပုံ မှတ်သားရပုံ မျှားစွာ လွယ်ကူနေပုံတို့ကို လက်တွေ့ သိပြီးဖြစ်၍ သဘောကျကာ စိတ်ရှင်းသွားပေလိမ့်မည်။

ကာယဝိညတ်ကို ဖြစ်စေတတ်သော စိပ်ပုတီးဖြင့် ဝါရ ရေတွက်ခြင်းထက် စိတ်သညာ စိတ်သက်သက်ဖြင့်သာ ဝါရ ရေတွက်ရခြင်းသည် သာလွန် ပိုမို၍ ကောင်းလှပါသည်။

ဘာ့ကြောင့်ပါလဲ။ သမထအလုပ်ကိစ္စ ဝိပဿနာ အလုပ်ကိစ္စများသည် စိတ်အလုပ် သက်သက်သာ ဖြစ်ခြင်း၊ ဤပဌမနည်းမှတပါး ကျန် ဒုတိယစသော နည်းတို့နှင့် ဝိပဿနာ ရှုရာတို့၌လည်း စိပ်ပုတီး မကိုင်ရဘဲ၊ ဝါ၊ စိပ်ပုတီး မပါဘဲ၊ သမထ ဝိပဿနာတရား ဘာဝနာတရားများကို ပွါးများကာ ရှုရမည်ဖြစ်ခြင်းတို့ကြောင့် သာလွန် ပိုမို၍ ကောင်းလှပါသည်။

ထို့ပြင် ဝိပဿနာရှုရာတို့၌လည်း စိပ်ပုတီး ကိုင်နေကျ ဖြစ်၍ အကျင့်ပါနေ၍ စိပ်ပုတီးကို မကိုင်ရက

အားးမလို အားးမရ ဖြစ်ကာ စိတ်ကို အလွန်အမင်း အာနှောင့်အရှက်ပေးတတ်ပါသည်။

တမျိုးအားးဖြင့်လည်း ဒုတိယစသော နည်းအဆင့်အတန်းသို့ မတက်နိုင်ဘဲ မလျှမ်းနိုင်ဘဲ၊ ဤပဌမနည်း အဆင့်အတန်းဖြင့်သာ ရပ်တန့်ထားရသူ ဆိုင်းငံ့ထားရသူများသည် ဤ ဝါရ ရေတွက်နည်းကို "ပုတီးစိပ်နည်း ပုတီးစိပ်ရသည်" ဟု မှတ်ထင်ကာ ကတောင်မျောက်ချား ယောင်ယောင်ဝါးဝါး ဖြစ်ကာ ပုတီးစိပ်မှုအကျင့်ပါနေ၍ ပုတီးစိပ်၍လည်း နေတတ်ပေသည်။ သို့ဖြစ်၍ စိပ်ပုတီးပတ်ဖြင့် ဝါရ ရေတွက်ခြင်းထက် စိတ်သက်သက်ဖြင့်သာ ဝါရ ရေတွက်ရခြင်းသည် သာလွန်ပိုမို၍ ကောင်းလှပါသည်။

ထို့ကြောင့် ကန္ဒီကျေးဇူးတော်ရှင် ရှေသိမ်တော်တောရ ဆရာတော်ဘုရားကြီး ကိုယ်တော်တိုင် ပြုစီရင်သော ယောဂိပါရဂူကျမ်း၌ "ကာယဝိညတ် ဝစီဝိညတ် ဖြစ်သော သူမှု အဘယ် ဆိုဘွယ်ရာ ရှိပါတော့အံ့နည်း။ ဝါရ ဟူ၍မျှ မဆိုအပ်" ဟူ၍ ကြပ်ကြပ်တည်းတည်း တားမြစ်ကာ ရေးသားမိန့်မှာ၍ ထားတော်မူခဲ့ပေသည်။

"လျှာ မလှုပ်ရ၊ နှုတ်ခမ်းတောင် မပြင်ရ" ဟူ၍လည်း မိန့်တော်မူသည်။

တဝါရ ဆိုသည်ကား ပါဠိခေါ် ဝါရ၊ မြန်မာခေါ် အကြိမ်။ တဝါရ တကြိမ် ရပြီလို့ ဆိုလိုသည်။

# မဂ္ဂင်၅စ် တဝါရ၅စ်

ဂဏ္ဌေန္တေန စ ပဠုန္နံ ဟေဋ္ဌာ န ဌပေတဗ္ဗံ၊ ဒဿနဉ္စ ဥပရိ န နေတဗ္ဗံ၊ အန္တရာ ခဏ္ဍံ န ဒဿေတဗ္ဗံ။ ။ပါရာဇိကဏ်အဋ္ဌကထာ ၂၃၊ ပဋိသမ္ဘိဒါမဂ်အဋ္ဌကထာ ၉၄၊ ဝိသုဒ္ဓိမဂ် ၂၇၀။

ထုက်သက်ဝင်သက် ရေထုက်ပုံကို ဆက်၍ ဆိုဦးအုံး။ ထုက်သက်ဝင်သက် ရေတွက်သော အာနာပါနကယော ဂိသည် ထုက်သက်ဝင်သက်လေတို့ကို ငါးကြိမ်မှ ရှေ့၍ လို၍ နည်း၍ မရေတွက်ရ၊ ဆယ်ကြိမ်ထက် ပို၍ များ၍ မရေတွက်ရ၊ နည်းလိုက် များလိုက် ရှေ့ တလွဲလွှဲ ပို တခါ ရှေ့ တကြိမ် ပို တလီ မညီမမျှ ကြားဖြတ် ကြားဖြတ် မရေတွက်ရ။

"ပဠုန္နံ ဟေဋ္ဌာ" ဟူသည်နှင့်အညီ ၅ ကြိမ် အောက်လည်း မလျှော့မနည်း၊ "ဒဿနဉ္စ ဥပရိ" ဟူသည်နှင့်အညီ ၁၀ ကြိမ်ထက်လည်း မပိုမများစေဘဲ၊ ထိုဆယ်ကြိမ်သို့ တိုင်အောင်ပင် မရောက်စေတော့ဘဲ၊ သုခပဋိပဒါ မဖြစ်မ ပဋိပဒါ ချမ်းချမ်းသာသာ ပေါ့ပါး လွယ်ကူ အလယ် အလတ် ကျင့်သုံးနိုင်စေရန် မဂ်တရား ဖိုလ်တရား ရရှုန် အတွက် ရည်မှန်း တောင့်တလျက် ကျင့်သုံး ပွါးများ အားထုတ်အပ်သော အာနာပါနကမ္မဋ္ဌာန်း ဖြစ်သည် အားလျော်စွာ မဂ္ဂင်၅စ်ပါးကိုလည်း ရည်ရွယ်ပြီး ၅စ် ကျလျှင် တဝါရ ဟု ကျေးဇူးတော်ရှင် ရှေသိမ်တော်

တောရ ဆရာတော်ဘုရားကြီးသည် ဝါရ ရေတွက်ပုံကို ညွှန်ကြား ပြသတော်မူပေသည်။

## သံသယဝါရ

ထိုဝါရသည်လည်း "သံသယဝါရ, သန္နိဋ္ဌဝါရ" ဟူ၍ နှစ်ပါး အပြားရှိ၏။ ထိုတွင် တစ်က ရှစ်တိုင်ရုံအတွင်း၌ အာရုံ ခြောက်ပါးတို့တွင် တပါးပါးသော အာရုံသို့ ပြေး ဝင်ခြင်း ရှိမူဌင်း၊ နီဝရဏ ငါးပါးတို့တွင် တပါးပါး သော နီဝရဏသို့ ပြေးဝင်ခြင်း ရှိမူဌင်း၊ အကုသလ ဝိတက် သုံးပါးတို့တွင် တပါးပါးသော ဝိတက်သို့ ပြေးဝင်ခြင်း ရှိမူဌင်း "သံသယဝါရ" မည်၏။ ဝါရ ပေါက် ဝါရကျိုး မည်၏။ "တဝါရ"ဟု မရေတွက်အပ်။ ကာယဝိညတ်, ဝစီဝိညတ် ဖြစ်သော သူမူ အဘယ် ဆို ဘွယ် ရှိတော့အံ့နည်း။ "ဝါရ" ဟူ၍မျှ မဆိုအပ်။

## သန္နိဋ္ဌဝါရ

ထိုဆိုခဲ့သော အာရုံခြောက်ပါး၊ နီဝရဏ ငါးပါး၊ ဝိ တက်ကြီး သုံးပါးတို့သို့ တကြိမ်တခါမျှ မပြေးမသွားဘဲ၊ တစ်က ရှစ်တိုင်အောင် ထွက်တိုင်း ဝင်တိုင်း မှတ်မိသော ယောဂါဝစရသည် "သန္နိဋ္ဌဝါရ"ကို တဝါရ ရပေ၏။

## အာဝဇ္ဇန

အကြင်အခါ၌ တစ်, နှစ် စသည်တို့ကို ရေတွက် စဉ်၊ လူသံ, ဆင်သံ, မြင်းသံ, စည်သံ, မောင်းသံ

စသည်တို့တွင် တခုခုသော အသံကို ကြားလိုက်ရ၏။ ကြားခဲ့ပါမူ အာဝဇ္ဇနသာ ဖြစ်ရာ၏။ အနုဝဇ္ဇန မဖြစ်ရာ၊ သဒ္ဒါရုံကို ကြားကာမျှ ဖြစ်ခြင်းသည် "အာဝဇ္ဇန" မည်၏။

## အနုဝဇ္ဇန

"ဤအသံကား လူသံ၊ မိန်းမသံလော၊ ယောကျ်ားသံလော၊ မိ မည်သူ၏ အသံတည်း။" ဤသို့ အစရှိသော အားဖြင့် ဖြစ်ခြင်းကို "အနုဝဇ္ဇန" ဟူ၍ မှတ်။ ထို သဒ္ဒါရုံကို ပြက ကြွင်းသော ကမ္မဋ္ဌာန်း၏ အာရုံမှတပါး ငါးပါးသော အာရုံတို့၏ အာဝဇ္ဇန, အနုဝဇ္ဇနတို့ကို သိကြလေကုန်။

## ၉။ မဂ္ဂင် ၈ စောင့်နည်းကို ပြခြင်း

ဝါရလုပ်စဉ် ထွက်သက် ဝင်သက်လေ တိုက်ခတ်၍ သွားတိုင်း မမှတ်အပ်။ နှာသီးဖျား၏ လက်တသစ်ခန့် အတွင်း၌သာ မှတ်ရမည်။ မျက်စိကို မှိတ်၍ အားထုတ်ရမည်။ ရှေ့, နောက်၊ ဝဲ, ယာ၊ ထက်, အောက် လက်တသစ်ခန့်မျှ နယ်မှတပါး အခြားကို မကြည့်ရာ၊ မအောက်မေ့ရာ၊ မကြံရာ၊ မသိရာ၊ မမြင်ရာ။ အဘယ်ကြောင့် နည်းဟူမူ ဤအာနာပါနကမ္မဋ္ဌာန်းကို စီးဖြန်းအားထုတ်သော သူအား သမာဓိကို ပဌမနည်းဖြင့် တည်စ ဖြစ်၍ ထိုသမာဓိ၌ သမ္မာဝါယာမ, သမ္မာသတိ, သမ္မာသမာဓိ

ဟူသော မဂ္ဂင် သုံးပါးတို့ကို လုံခြုံအောင် စောင့်သုံးရမည်။

အကယ်၍တည်း အားထုတ်စဉ်၌၊ ထွက်သော်၊ ဝင်စေရမည်။ ဝင်သော်၊ ထွက်စေရမည်။ ဆက်၍ ဆက်၍ ဝိရိယကို မချီး မပင့် တစ်က ရှစ်ထိအောင် အတွင်း၌ တကြိမ်မျှ နေမိအံ့၊ "သမ္မာဝါယာမမဂ္ဂင်" ပေါက်၏။

ဝိရိယက ချီးမြှင့်တိုင်း ချီးမြှင့်တိုင်း တစ်, နှစ်, သုံး စသည်ဖြင့် မမှတ်မိအံ့၊ "သမ္မာသတိ မဂ္ဂင်" ပေါက်၏။

ဝိရိယက ချီးမြှင့်တိုင်း, သတိက မှတ်တိုင်းတို့၌ မတည်မူ၍ တပါးသော အာရုံသို့ ပြေးမူ၊ "သမ္မာသမာဓိ မဂ္ဂင်" ပေါက်၏။

ထို့ကြောင့် အခြားကို မကြည့်ရာ၊ မမြင်ရာ။ တခုခု မြင်ခဲ့ပါမူလည်း၊ အလေးမပြုရာ။ အကယ်၍ မိမိ ရှေတူရူ၌ အခိုးကိုဂုဏ်း၊ အရောင်ကိုဂုဏ်း၊ အဆင်းကိုဂုဏ်း၊ ပတ္တမြားလောက်, ဥက္ကာလောက်, ကြယ်လောက်ပင် တောက်ပသော အရောင်ကို မြင်ပါငြားသော်လည်း၊ မကြည့်ရသေးရာ၊ မိမိ နှလုံးသွင်းမြဲတိုင်းသော တစ်, နှစ် စသော ကမ္မဋ္ဌာန်း အာရုံ၌သာ မြစ္ဈာသော သတိဖြင့် ဖွဲ့ချည်ထားရမည်။

သတိဖြင့် မိမိ၏ စိတ်ကို ဖွဲ့ချည်၍ သန္နိဋ္ဌဝါရပေါင်း နှစ်ဆယ်တန်သည်၊ သုံးဆယ်တန်သည် စသည်ဖြင့် တခု တခုသော ဣရိယာပုထ်၌ ရသမျှ အားထုတ်ကြရမည်။

## ၆။ အလုပ်တို့၏ ဝေါဟာရစကား ပြော မပြော

အကြင်သူသည် တရက်, နှစ်ရက်စသည်ဖြင့် အား ထုတ်၍နေစဉ်၊ မီးခိုး, တိမ်တောင်, မီးရောင်, လျှပ်နှယ် စသည်တို့ကဲ့သို့ မိမိ၏ ရှေတူရူ နံပါး စသည်တို့၌ အာကယ်၍ ထင်မြင်လာခဲ့အံ့၊ ထိုသူသည် စကားပြောသော သူ မည်၏။

အကြင်သူသည် တရက်, နှစ်ရက်စသည်ဖြင့် အား ထုတ်ပါငြားသော်လည်း၊ မည်ကဲ့သို့မျှ မထင်မြင်။ ထိုသူ သည် စကားမပြောသော သူ မည်၏။

စေ့စေ့စုံစုံ ရှိအောင်ကိုကား ဆရာနှင့် လက်ထပ် ယူကြရမှ ပြည့်စုံမည်။ ပဌမနည်း ပြီး၏။

## ၇။ ဒုတိယနည်းကို ပြခြင်း

ဒုတိယနည်းကို အားထုတ်လိုသော ယောဂါဝစရ သည် "ငါ၏ ထွက်သက်လေကို ရှည်ရှည် ရှူမည်၊ ရှည် ရှည် ရှူမည်" ဟု ရှည်ရှည်နှေးနှေး နှာဝမှ လွှတ်ရမည်။ "ငါ၏ ဝင်သက်လေကို ရှည်ရှည် ရှိုက်မည်၊ ရှည်ရှည် ရှိုက်မည်" ဟု ရှည်ရှည် နှေးနှေး လွှတ်သော လေ အဆုံးမှ ရှိုက်ရမည်။

ထိုသို့ ရှူရာ ရှိုက်ရာ၌ မိမိ နှာဝကို ဖြောင့်စွာ ထား၍ နှာဝ မဖြောင့်သော်လည်း၊ မိမိစိတ်က ဖြောင့်၏ ဟု မှတ်ထား၍ နှာဝမှ ဖြောင့်ဖြောင့်တန်းတန်း ကြိုးတန်း ကြိမ်တန်းကဲ့သို့ တန်းမတ်စေလျက် နှာဝမှစ၍ နှစ်

တောင်ထွာခန့် အရပ်သို့ ထွက်သက်ကို လွှတ်လိုက်ရ
မည်။ လွှတ်လိုက်သော အခါ၊ ခုနစ်ကြိမ် ရှစ်ကြိမ်မျှ
လောက် တွန်း၍ တွန်း၍ ပို့။ ဝင်သက်ကို ရှိုက်လိုက်
သော အခါ၊ ခုနစ်ကြိမ် ရှစ်ကြိမ်မျှလောက် ဆဲ၍ ဆဲ၍
ယူ။ လေးကြိမ် ငါးကြိမ်လည်း ဖြစ်၏။

မိမိနှာဝမှ တမျှင်းကြိုးဆွဲ၍ တန်းသကဲ့သို့သော အရပ်
ဖြောင့်ဖြောင့်မှ ထက်, အောက်၊ ဝဲ, ယာ၊ ရှေ့, နောက်
တို့ကို မကြည့်လင့်။

ထိုသို့ နှစ်တောင်ထွာ ဟူသော မိမိနယ်ကို မလွန်မူ
၍ မဂ္ဂင် သုံးပါးဖြင့် စောင့်ရှောက်စေလျက် အားထုတ်
အပ်သော ယောဂါဝစရသည် တရှူထက် တရှူ၊ တရှိုက်
ထက် တရှိုက်၊ တထိုင်ထက် တထိုင်၊ တနေ့ထက် တနေ့
မိမိ၏ ဘာဝနာ၌ သာယာသဖြင့် အစိုးရခြင်း ရှိလျှ၍
တိုး၍ တိုး၍ အားထုတ်လိုသော စိတ်ဆန္ဒသည် ဖြစ်၏။

ထိုစိတ်ဆန္ဒ အလွန် အားကြီးလှသဖြင့်၊ တိုး၍ တိုး၍
အားထုတ်သော သူသည် ထွက်သက် ဝင်သက်၏ ရှုနှုံ
ရင်းခြင်း မရှိ။ လေဟုန်ကို စီး၍လိုက်သော ဉာက်ကြီးကဲ့
သို့ အလွန် နူးညံ့ခြင်းသို့ ရောက်လေ၏။ ဤစကားသည်
မှန်၏။ ပုပန်ခြင်းမှ ကင်းသော သူသည် ထွက်သက် ဝင်
သက်၌ အလွန် လိမ္မာလှ၍ အလွန် နူးညံ့ခြင်းသို့ ရောက်
လေ၏။

အကြင်အခါ မိမိ ယူအပ်သော "အာနာပါန" ဟူ
သော ပရိကံ အားရှိလတ်သော်၊ စိတ်ဖြင့် ကောင်းစွာ
"ထွက်သည် ဝင်သည်"ဟု သညာက ယူခဲ့အံ့၊ ဝါ "ထွက်

ရှာပြီ, ဝင်ရှာပြီ” ဟူ၍ ထင်မြင်ခဲ့အံ့။ ထိုအခါ၌ မျက်စိဖြင့် မြင်သကဲ့သို့ ဝါအခိုးကို နှာခေါင်းမှ လွှတ်၍ ကြည့်သကဲ့သို့ မိမိ၏ စိတ်အား ထင်မြင်ခဲ့၏။ ထို့သို့ ထင်မြင်သော တရားထူး တခုသည် “ဥဂ္ဂဟနိမိတ်” ခေါ်သော တရားထူးပေတည်း။ မိမိ ရအပ်သော ဥဂ္ဂဟနိမိတ်ကို အစဉ်တစိုက် လိုက်၍ ကြည့်အပ်၏။

## ပုလဲ ပတ္တမြား

ထိုထင်မြင်လာသော ဥဂ္ဂဟနိမိတ်သည် အချို့ အချို့သော သူတို့အား သောက်ရှုးကြယ်, ပတ္တမြားလုံး, ပုလဲလုံး, ဝါစေ့, သစ်သားနှစ်တံကျင်, ဆောက်လုံးကြိုး, ပန်းဆိုင်း, မီးခိုး, တိမ်ညွှန့် စသည်တို့ကဲ့သို့ ထင်မြင်လာရ၏။ အမြဲ မဟုတ်။

## ၈။ နောက်ဆုတ်ထိုင်, ရှေ့တိုးထိုင်, ငုတ်တုပ်ထိုင် ယောဂီ သုံးမျိုးကို ပြခြင်း

ယောဂီပုဂ္ဂိုလ်သည် “နောက်ဆုတ်ထိုင်, ရှေ့တိုးထိုင်, ငုတ်တုပ်ထိုင်” ဟူ၍ သုံးယောက် ရှိ၏။ ထိုတွင်–

## နောက်ဆုတ်ထိုင်

အကြင်သူသည် မြင်လာသော ဥဂ္ဂဟနိမိတ်သည် ရေနံမီးခိုး, အမှိုက်မီးခိုး စသည်တို့၏ အခိုးကဲ့သို့ ထင်၍ နောက်ကျ၏။ ထိုနောက်ကျသော ဥဂ္ဂဟနိမိတ်ကို တ

ရက်, နှစ်ရက် စသည်ဖြင့် ရှည်ရှည် ရှုဘန်များလတ်သော်၊ ဖြူစွာ ဖြစ်တတ်၏။ အဆင်း ပျောက်၍ အလွန်ကြည်လင်ခြင်းသို့လည်း ရောက်တတ်၏။

ထိုအခါ မိမိ၏ အာရုံကို "သြော်.... ငါ၏ ဥဂ္ဂဟနိမိတ်သည် အဆင်းပျောက်ခဲ့ပြီ။ အလွန် ကြည်လင်သော ဆီးနှင်း, ရေတို့၏ အရောင်ကိုကဲ့သို့ ရှုရမည်ကို မရှု။ ငါမြင်သော မီးခိုးကို မမြင်ပါခဲ့။ မြင်စေရဦးမည်" ဟူ၍ မီးခိုး၏ အရောင်စသည်တို့ကို အာရုံပြုခြင်းသည် "နောက်ဆုတ်ထိုင်" မည်၏။

## ရှေတိုးထိုင်

အကြင်သူသည် မြင်လာသော ဥဂ္ဂဟနိမိတ်ကား မီးခိုး, တိမ်ညွှန့်ကဲ့သို့သာ ရှိသေးသည်။ မိမိ၏ အာရုံကား ဆီးနှင်း, ရေ စသော အကြည် သုံးပါးတို့ အရောင်ကို အာရုံပြုခြင်းသည် "ရှေတိုးထိုင်" မည်၏။

## ငုတ်တုပ်ထိုင်

အကြင်သူသည် မြင်လာသော ဥဂ္ဂဟနိမိတ်ကား မီးခိုး, တိမ်ညွှန့် စသည်ကို မြင်ရ၏။ ထိုပဌမ မြင်ရသော အာရုံကိုသာ အာရုံပြု၏။ နိမိတ်က တိုးသော်လည်း အာရုံက မလိုက်။ ထိုသူသည် "ငုတ်တုပ်ထိုင်" မည်၏။

ဤကဲ့သို့ မဖြစ်စေမူ၍ အာရုံ, နိမိတ်အတိုင်းသာ ဖြစ်စေရာ၏။ အာရုံ, နိမိတ်ကို ယူတိုင်း, ယူတိုင်း ရမ္မ "ဥဂ္ဂဟနိမိတ်" မည်၏။

## မဂ္ဂင်စောင့်နည်း

နှာဝမှသည် မိမိ ထားသော အမှတ်သို့ ရောက်အောင် ထွက်သက်, ဝင်သက်ကိုငင်း၊ ငင်း၏ နိမိတ်ကိုငင်း အားပင့်၍ အားပင့်၍ လွှတ်ခြင်း၊ အမှတ်မှသည် နှာဝသို့ ရောက်အောင် အားပင့်၍ အားပင့်၍ ရှိုက်ခြင်းသည် "သမ္မာဝါယာမ" မည်၏။

အားပင့်တိုင်း, အားပင့်တိုင်း သိခြင်းသည် "သမ္မာသတိ" မည်၏။

အာရုံတပါးသို့ မပြေး မသွားစေခြင်းသည် "သမ္မာသမာဓိ" မည်၏။ ဒုတိယနည်း ပြီး၏။

## ၉။ တတိယနည်းကို ပြခြင်း

တတိယနည်းကို အားထုတ်လိုသော ယောဂါဝစရသည် "ထွက်သက်၏ အစ, အလယ်, အဆုံး၊

ဝင်သက်၏ အစ, အလယ်, အဆုံး၊

နှာသီးဖျား, ရင်လယ်, ချက်၊

ချက်, ရင်လယ်, နှာသီးဖျား" စသည်ဖြင့် အားထုတ်ဘန်များလတ်သော်၊ နှာသီးဖျားမှ ချက်တိုင်အောင်သော အရပ်၌ ဒုတိယနည်း၌ မြင်ပြီးသော အလွန်ကြည်လင်သန့်ရှင်းသော ပဋိဘာဂနိမိတ်သည်ပင် ဝင်သကဲ့သို့ ထွက်သကဲ့သို့ ထင်မြင်လာရ၏။

## ဖလ်ဖြူ ကူရင်

အဘယ်ကဲ့သို့ ထင်မြင်သနည်းဟူမူ ဖလ်ဖြူဖြင့်ပြီးသော လူရုပ် တခုသည် ရှိသတတ်။ ထိုလူရုပ်၏ ဝမ်းတွင်းသို့ အလွန် ကြည်လင်လှစွာသော ရေကို နှာဝမှ သွန်းလောင်းလိုက်သော်၊ စက္ခုအမြင်နှင့် ပြည့်စုံသော အနီးဌ ရှိသော ယောကျ်ား သတိသမားသည်၊ ဝါမျက်စိကောင်းရှု သတိရှိသော အနီးဌ နေသော ယောကျ်းသည် "သွန်းလောင်းလိုက်သော ရေကား နှာသီးဖျားဌ ရှိသေး၏။ ရင်၏ အလယ်သို့ ရောက်ခဲ့ပြီ။ ချက်သို့ ရောက်ခဲ့ပြီတကား" ဟူ၍ဂုင်း၊

## ပိုက်ပြွန်မှုတ်ထုတ်

တဘန် အောက်မှ အထက်သို့ တက်အောင် ပိုက်ပြွန်တို့ဖြင့် မှုတ်လိုက်ပြန်သော်၊ "ထိုရေသည် ချက်ဌ ရှိသေး၏။ ရင်၏ အလယ်သို့ ရောက်ခဲ့ပြီ။ နှာသီးဖျားသို့ ရောက်ခဲ့ပြီတကား" ဟူ၍ဂုင်း ဝင်တိုင်း ထွက်တိုင်း ထင်မြင်လာရ၏။

## ပုလဲလုံး ယမ်းတုံး

ဂုင်းနည်းတူ အချို့အချို့သော သူတို့အား ပုလဲလုံးဆင်းသည် တက်သည်ကဲ့သို့ဂုင်း၊ ယမ်းတုံး ယမ်းတိုင်ကို မီးစာလျက် သက်သည် တက်သည်ကဲ့သို့ဂုင်း၊ ဖလ်ပြွန်မှ ထွက်အပ်သော မီးခိုး မီးဖွား မီးပန်း မီးပေါက်ကဲ့သို့ဂုင်း ဤသို့ စသည်ဖြင့် ထင်မြင်လာရ၏။

ထိုသို့ ထင်မြင်လာသော တပါးပါးသော နိမိတ်၏ အစ, အလယ်, အဆုံးတို့ကို ကြည့်၍ ကြည့်၍ "ငါ၏ ဝင်သက်သည် နှာသီးဖျားတွင် ရှိသေး၏။ ရင်လယ်သို့ ရောက်ခဲ့ပြီ။ ချက်သို့ ရောက်ခဲ့ပြီတကား။ ငါ၏ ထွက်သက်သည် ချက်တွင် ရှိသေး၏။ ရင်လယ်သို့ ရောက်ခဲ့ပြီ။ နှာသီးဖျားသို့ ရောက်ခဲ့ပြီတကား" ဟု အဘန်ဘန် အစ, အလယ်, အဆုံးကို နှလုံးပြု၍ ကြည့်ရှုရမည်။

## ၁၀။ နိမိတ်ရင့်သန်ရန် လေ့လာပုံ

အလွန် ကြည်လင်သန့်ရှင်းသော အဿာသ, ပဿာသ နိမိတ်သည် ရှုတိုင်း, ရှုက်တိုင်း ရခဲ့အံ့။ ထိုသို့ ရသော နိမိတ်ကို "ရှည်စေ, တိုစေ, ကြီးစေ, ငယ်စေ, ကွဲးစေ, ကောက်စေ, ထောင်စေ, စိုက်စေ, ဝန်းစေ, အထောင့် ဖြစ်စေ, မျက်စိမှ ထွက်စေ, နားမှ ထွက်စေ, ပါးမှ ထွက်စေ, ပါးစပ်မှ ထွက်စေ, နီးစေ, ဝေးစေ" စသည်ဖြင့် မိမိ အလိုရှိတိုင်း ရခဲ့ပါမူ၊ ပဂုဏ ဖြစ်၏။ ပဂုဏ ဖြစ်အောင် လေ့လာရာ၏။

## ၁၁။ နိမိတ်ကို အမျိုးမျိုး သုံးသပ်လေ့လာပုံ

ဦးခေါင်း ပြတ်စေ။

အလိုရှိတိုင်း ရသော၊ အလိုသို့ လိုက်စေနိုင်သော၊ ကြည်လင်သော နိမိတ်ကို နှစ်ထွာတိုင် သုံးထွာခန့် ကြီးစေလျက် ရှေ့တူရှူသို့ ခပ်လျင်လျင် ထွက်သက်ဖြင့်

လွှတ်ရခြင်း၊ မိမိ၏ မျက်နှာသို့ ရှေးရှု ခပ်လျင်လျင် ဝင်သက်ဖြင့် ဆွဲရခြင်းတို့ကို ပြီးစေ၍ "၎င်းနိမိတ်အကြည် ဓာတ်သည် ငါ၏ ဦးခေါင်းကို ဖြတ်နိုင်မည်လော" ဟု လျင်သော အဟုန်ဖြင့် ဖြတ်လိုက်ရမည်။ မကြောက်လင့်။ မိမိ ဦးခေါင်း ပြတ်၍သွားအောင် ဖြတ်။ တကြိမ်တည်း နှင့် မရမူ၊ အကြိမ်ကြိမ် ဖြတ်။ တချက်တည်းနှင့် ဦးခေါင်း မပြတ်မူ၊ ထန်းလျှီးသော သူ၊ တောင်ပို့ ဖျက်သော သူ၊ ဆေးရိုး စည်းသော သူတို့ကဲ့သို့ တဖြေးဖြေး ဦးထိပ်က စ၍ စ၍ ဖြတ်။ "ပြတ်၍ ဦးခေါင်း မရှိခဲ့ပြီ" ဟု ထင်မြင်လာမူ၊ အဇ္ဈတ္တသို့ စဲလေ၏။

## ကိုယ်ကို စားစေ။

ထို ဦးခေါင်း ဖြတ်သော နည်းကို အားကိုး၍ "ယခု ငါ၏ နိမိတ်သည် ဦးခေါင်းကိုကား စားခဲ့၏။ ဤကိုယ် ကိုလည်း စားရှာတော့မည်" ဟု ယုံကြည် မြတ်နိုးလျက် ယမ်းတုံးကို အပေါ်မှ မီးတိုက်လိုက်သကဲ့သို့၎င်း၊ ဝါဂွမ်း စိုင်ကို မီးတိုက်လိုက်သကဲ့သို့၎င်း မိမိ၏ နိမိတ်ကို နှမ်း ပွတ်သော ကျည်ပွေ့၏ အရင်းလောက် ပြု၍ ထိပ်ထက်, ပခုံးထက်မှ စ၍ အောက်သို့ ဝင်သက်ဖြင့် စားစေရာ သည်။ တင်ပါး၏ အစွန်းကိုဂျင်း၊ ခြေဖျားကိုဂျင်း ရောက် လျှင်၊ ဖြည်းညှင်းသာယာစွာ အောက်မှ အထက်သို့ ထွက် သက်ဖြင့် စားစေရာသည်။ ပခုံးစွန်း တင်ပါးစွန်းတို့ ကျန်လျှင်၊ ထပ်၍ ထပ်၍ စားစေရမည်။ အထက်မှသည် အောက်၊ အောက်မှသည် အထက် ကောင်းကင်မှ ကျ

သော မိုဃ်းပေါက်တို့ကို မြင်ရသကဲ့သို့ရင်း၊ ဖလ်ပြန်ဖြင့် အထက်ကို ပြန်၍ မှုတ်ဒဉပ်သော ရေမှုန့်တို့ကို မြင်ရသကဲ့သို့ရင်း၊ သဲကမ်းတို့ ပြိုသကဲ့သို့ရင်း၊ ယမ်းတုံး, ယမ်းတိုင်ကို မီးစာ၍ သွားသကဲ့သို့ရင်း စသည်ဖြင့် ထင်မြင်လာမှု အဖွဲတွဲသို့ ဝင်လေ၏။ ထိုသို့ဝင်ခြင်းသည် "ဩဓိ" မည်၏။

## ဆဲန္ဒစ်တောင် အစ

မိမိ၏ "ပဋိဘာဂ"ကို စူးစမ်းလိုသော ယောဂါဝစရသည် မိမိ၏ ကိုယ်ကို လွှန်၍ အထက်သို့ တဆဲန္ဒစ်တောင် ရှုအပ်၏။

အထက် တဆဲန္ဒစ်တောင်ကစ၍ "အစ", မိမိကိုယ်ကို "အလယ်", အောက် တဆဲန္ဒစ်တောင်၏ အဆုံးကို "အဆုံး" ဟူ၍ ဝင်သက်ဖြင့် အောက်ကို ရှု။

အောက် တဆဲန္ဒစ်တောင်ကစ၍ "အစ", မိမိကိုယ်ကို "အလယ်", အထက် တဆဲန္ဒစ်တောင်၏ အဆုံးကို "အဆုံး" ဟူ၍ ထွက်သက်ဖြင့် အထက်ကို ရှု။

အရှေ့ အနောက် တောင် မြောက် ဖြစ်သော အရပ်လေးမျက်နှာကိုလည်း တဆဲန္ဒစ်တောင်လောက် ရောက်စေ, ပါစေလျက် သက်တုံ, တက်တုံ ရှိအောင် ရှု။ ထိုသို့ ရှု၍ ထက် အောက် ဖီလာ ဆယ်မျက်နှာတို့၌ အာကာသဂင်္ဂါမှ ကျ၍လာသော ရေစိုင်ကြီးတို့ကဲ့သို့ ဝင်သက် ထွက်သက်အား လျော်စွာ မြင်ရခြင်းသည် "အန္ဓောဓိ" မည်၏။

ဩဒိဋ္ဌသာ မိမိ၏ ပဋိဘာဂ အာရုံကို အမြဲ ထားရာ၏။ အဒန္ဓာဓိတ္ဌိကား ကုန်မြူးစူးစမ်းရုံမျှသာ ရုံခါရုံခါ ရှုရာ၏။

ကျန် ဩဒိတို့၏ အကျယ်ကို အလိုရှိမူ၊ ကျေးဇူးရှင် ရွှေသိမ်တော်တောရ ဆရာတော်ဘုရားကြီး ရေးသား တော်မူအပ်သော ယောဂီပါရဂူကျမ်းမှာ ကြည့်လေ။

## မင်္ဂဇ စောင့်နည်း

အစမှသည် အလယ်, အလယ်မှသည် အဆုံး, အဆုံးမှသည် အလယ်, အလယ်မှသည် အစ, ပဋိဘာဂနိမိတ်ကို အားပင့်၍ အားပင့်၍ ရှုခြင်းသည် "သမ္မာဝါယာမ" မည်၏။

အားပင့်တိုင်း အားပင့်တိုင်း အစ, အလယ်, အဆုံး၊ အဆုံး, အလယ်, အစကို သိခြင်းသည် "သမ္မာသတိ" မည်၏။

အာရုံတပါးသို့ မပြေးမသွားစေခြင်းသည် "သမ္မာသမာဓိ" မည်၏။ တတိယနည်း ပြီး၏။

## ၁၂။ စတုဇ္ဈနည်းကို ပြခြင်း

ထိုသို့ အားထုတ်အပ်သော နည်း သုံးပါးတို့၌ 'ငါ၏ အဿာသ, အဿာသ နိမိတ်, ပဿာသ, ပဿာသ နိမိတ်တို့သည် ရှုန့်ရင်းလှသေး၏။ ကြမ်းကြုတ်လှသေး၏။ ထိုရှုန့်ရင်း ကြမ်းကြုတ်လှသော အဿာသ, ပဿာ

သကို ယခုအခါ၌မှာမူ သိမ်မွေ့စွာ ဖြစ်စေလျက် ငြိမ်းစေအံ့။ သဒရထ, သပရိဠာဟတို့နှင့်တကွ ဖြစ်သော ငါ၏ အဿာသ, ပဿာသကို ငြိမ်သက်သာယာ ဖြည်းညှင်းစွာ ငြိမ်းစေတော့အံ့' ဟူ၍ ထက်ဝက်သော ကိုယ်ကို ဖြောင့်စွာ ထား၍ ခြေ, လက်, ဦးခေါင်း စသည်ကို မလှုပ်ရှားအောင် နေခြင်းဟူသော ကိုယ်ကို သိမ်းဆည်းခြင်း၊

နိဝရဏ ငါးပါးတို့တွင် တပါးပါးကိုမျှ မကြုံမူ၍ ကမ္မဋ္ဌာန်း၌သာ မိမိ၏ စိတ်ကို ရှေရှုထားခြင်းဟူသော စိတ်ကို သိမ်းဆည်းခြင်း၊

ထိုသိမ်းဆည်းခြင်း နှစ်ပါးတို့ကို အထူးသဖြင့် သိမ်းဆည်းပြီး၍ အားထုတ်လိုသော ယောဂါဝစရသည် မိမိရှေးက ဒုတိယနည်း၌ ယူခဲ့ဘူးသော ပဋိဘာဂနိမိတ်ကို ပင်လျှင် မိမိ၏ နှာသီးဖျား၌ ထွက်သက်, ဝင်သက်ဖြင့် အာရုံပြု၍ တဘန် အားထုတ်ဘန်များလတ်ပြန်သော်၊ မီးလင်းဖို၏ အခိုးထုတ်သော ခေါင်ပေါက်မှ ရုံခါရုံခါလေ၏ အဟုန်ကြောင့် ထွက်ပေါ်လာသော မီးတောက်ငယ်ကဲ့သို့ နှာသီးဖျား၌ လက်လေးသစ်ခန့် တမိုက်ခန့် ကွန့်မြူး စမွယ်လာသော အဿာသ, ပဿာသ၏ ပဋိဘာဂကို မြင်လတ္တံ့။

ထိုမြင်လာသော ပဋိဘာဂနိမိတ်ကို 'ငါသည် ငြိမ်းစေအံ့။ ရုန့်ရင်းကြမ်းကြုတ်သော သဒရထ, သပရိဠာဟတို့နှင့်တကွ ဖြစ်သော ထွက်သက်, ဝင်သက်ကို ငြိမ်းစေအံ့' ဟူ၍ ဝင်သက်လေဖြင့် ၎င်းနိမိတ်ကို ရှေးဦးစွာ

သိမ်းလိုက်ရမည်။ သိမ်းရှိုက်ပြီး၍ တဘန် ထွက်သက် လေကိုကား ဖြည်းညှင်းသာယာစွာ အထူး သာယာစေ လျက် လွှတ်ရမည်။ ၎င်းနည်းတူ ဒုတိယစသော ဝင် သက် ထွက်သက်တို့ကို သာနိုင်သမျှ သာစေ၍ ဝင်စေ, ထွက်စေရမည်။

မိမိသည်မူကား အသက် ရှိုက်ခြင်း ရှူခြင်း၌ ဉာဏ ဟမပြု။ ဝင်သက်, ထွက်သက်၏ ပဋိဘာဂနိမိတ်၏ သက် တံ့, တက်တုံကိုသာ ရှု၍ ရှု၍ အလွန် ငြိမ်သက်စွာ နေ ရကား မိမိ စိတ်သည် အပသို့ မလွှင့်။ ကမ္မဋ္ဌာန်း၌သာ အာရုံယူ၍နေသောကြောင့်၊ ငြိမ်သက်ခြင်း, အထူးသ ဖြင့် ငြိမ်သက်ခြင်း, အထူးသဖြင့် အလွန် ငြိမ်သက်ခြင်း သည် ဖြစ်လေ၏။

## ကောင်းကင် ပျံတက်

ထိုသို့ ရှုနိုရင်း ကြမ်းကြုတ်သော ထွက်သက် ဝင် သက်ကို သိမ်းလိုက်၍ ပဋိဘာဂနိမိတ်ကိုသာ နှုးညှံစွာ လှသော ဝင်သက်ဖြင့် သက်တုံကိုသာ ရှု၍ရင်း၊ နှုးညှံ စွာလှသော ထွက်သက်ဖြင့် တက်တုံကိုသာ ရှု၍ရင်း ငြိမ် သက်စွာ နေ၍ ရှုသော အခါတို့၌ မိမိ၏ ကိုယ်သည် နေ ရာမှ လွှတ်၍ ကောင်းကင်သို့ တက်သကဲ့သို့ရင်း၊ ကြီး ထွား ပွါးပြန့်၍လာသကဲ့သို့ရင်း၊ ရှည်ခြင်း, တိုခြင်း ရှိ သကဲ့သို့ရင်း၊ လုံးခြင်း, ပြားခြင်း ရှိသကဲ့သို့ရင်း စသည် ဖြင့် ထင်လာရ၏။

## ၁၃။ မိမိခန္ဓာကိုယ် ဖလိရုပ် မွန်ရုပ်ကဲ့သို့ ထင်ဖြင် လေ့ရှုံ

အလွန်အကျူး အထူးသဖြင့် နေ့, ည၌ မယုတ် အားထုတ်သော ယောဂါဝစရသည် မိမိ ဦးခေါင်းမှစ၍ ခြေဖျားသို့ ရောက်အောင်သော မထွာလ အတွင်းတို့၌ လွန်စွာ ကြည်လင်သန့်ရှင်းသော မွန်တုံး မွန်တိုင် မွန်ရုပ်ကြီးကဲ့သို့ဌင်း၊ မီးတုံး မီးလုံ့ မီးရုပ်ကြီးကဲ့သို့ဌင်း၊ တခုခုသော အဆင်းနှင့်တကွသော ဖလိတုံး ဖလိတိုင် ဖလိရုပ်ကြီးကဲ့သို့ဌင်း၊ "သုညတဘို့"

ဂွမ်းစိုင် ဂွမ်းပုံကြီးကဲ့သို့ဌင်း၊ နီသော ကမ္မလာ, ရွှေသော ကမ္မလာ, မောင်းသော ကမ္မလာ စသည်တို့ကဲ့သို့ဌင်း၊ "ဝဏ္ဏဘို့"

မိမိကိုယ်၌ အရိုးစု အသားစိုင် အူသိမ် အူမ အစရှိသော ကြောက်မက်ဘွယ်တို့ကိုဌင်း၊ "အသုဘဘို့"

ထိုသုံးပါးတို့တွင် တပါးပါး ထင်မြင်လာဟတ်သည်။ ထိုသို့ထင်မြင်လာသော အာကာရတို့တွင် ဝဏ္ဏ, အသုဘ တပါးပါး ထင်မြင်သော သူသည် ၎င်းထင်မြင်လာသော အာသာသ ပဿာသနိမိတ်ကို အကြိမ်များစွာ သုံးသပ်ရာ၏။ သုံးသပ်ဘန်များလတ်သော်၊ လွန်စွာ ကြည်လင်သန့်ရှင်းလာ၍ ပွတ်သစ်သော ခရုသင်း၊ အိတ်တွင်းမှ ထုတ်သော မွန်၊ ကောင်းကင်ယံ၌ လဝန်းစသည်တို့ကဲ့သို့ တခု တခု သူ့အာရုံနှင့် သူ့အာရုံ တွေ့ကြုံကြလျက် သုညတဘော ဖြစ်၍ ထင်လာခု၏။

## ၁၄။ အလုပ်တို့၏ ဝေါဟာရ ဥပစာဆိုက်ပုံ

ဥပစာဆိုက်ခြင်းတို့တွင် အလုပ်တို့ ဝေါဟာရ၌ ရုပ် ဥပစာ နာမ်ဥပစာ ဟူ၍ နှစ်ပါးအပြား ရှိ၏။ ထိုနှစ်ပါး တို့တွင် စတုတ္ထနည်းကို သိမ်းလိုက်သော အခါ၊ ထွက်သက် ဝင်သက်ကို ငြိမ်းသည်ထက် ငြိမ်းသည်၊ သာသည် ထက် သာသည် ဖြစ်လတ်သော်၊ မိမိကိုယ်သည် လေ ဖြင့်ပြည့်သော သားရေအိတ်ကဲ့သို့ ဖေါင်းကြွ ပြည့်ဖြိုး တိုးတက် မြောက်ပင့် ချီးမြှင့် ဝဲပျံသကဲ့သို့ ဖြစ်သော အခါ၌ "ရုပ်ဥပစာ ဆိုက်သည်" ဟု ခေါ်၏။

ထိုနည်းတူစွာ စတုတ္ထနည်းကို သိမ်းလိုက်သော အခါ၌၊ မိမိ၏ ကိုယ်ဟု ခေါ်အပ်သော လေးတောင်မျှ မထွာလအတွင်း လွန်မင်းစွာ ကြည်လင် သန့်ရှင်းလှသော အဃာသ ပဃာသ ပဋိဘာဂနိမိတ်ကို မြင်ရ၏။ ထိုသို့ မြင်ရခြင်းသည်ပင် "နာမ်ဥပစာ ဆိုက်သည်" ဟု ခေါ်၏။

## မင်္ဂဇ် စောင့်နည်း

အစမှ အဆုံးသို့ ရောက်အောင်၊ အဆုံးမှ အစသို့ ရောက်အောင် ညှင်း၍ ညှင်း၍ ရှု။ခြင်း ရှု၊က်ခြင်းသည် "သမ္မာဝါယာမ" မည်၏။

ညှင်းတိုင်း ညှင်းတိုင်း သိခြင်းသည် "သမ္မာသတိ" မည်၏။

အာရုံတပါးသို့ မပြေးမသွားစေခြင်းသည် "သမ္မာသမာဓိ" မည်၏။ စတုတ္ထနည်း ပြီး၏။

## ၁၅။ အာနာပါန လုပ်ထုံးလုပ်နည်း စည်းမျဉ်းကို ပြခြင်း

တတ္ထ အဿာသပဿာသထမ္ဘ သတိယောတ္တုန ဗန္ဓိတဗ္ဗံ။ ။ဝိသုဒ္ဓိမဂ်အဋ္ဌကထာ အနုဿတိကမ္မဋ္ဌာန နိဒ္ဒေသ အာနာပါနဿတိ ပဌမအုပ် ၂၆၀

ထိုတော စသည်၌ ထွက်သက် ဝင်သက်ဟူသော တို့၌ သတိဟူသော ကြိုးဖြင့် နှောင်ဖွဲ့အပ်၏။

## အမြတ် အလတ် အယုတ် အညံ့ သုံးမျိုး

ပဌမနည်း၌ ဤသို့ အဿာသ ပဿာသ (=ထွက်သက် ဝင်သက်)ဟူသော တို့၌ သတိဟူသော ကြိုးဖြင့် မိမိ၏ စိတ်ကို ဖွဲ့ချည်၍ သန္ဓိဌ ဝါရပေါင်း နှစ်ဆယ်တန် သည် သုံးဆယ်တန်သည် စသည်ဖြင့် တခု တခုသော ဤမိုယာပုထ်၌ ရသမျှ အားထုတ်ကြရမည်။

## အမြတ်စား ဥက္ကဋ္ဌ

အားထုတ်၍ အကြင်သူသည် တနေ့နှင့် တညဉ့်အတွက်တို့တွင် ညဉ့်အဘို၌ သုံးစု ပြု၍ တစုကို ချန်လှပ်ပြီး လျှင်၊ ဆွမ်းခံခြင်း ဆွမ်းစားခြင်း ဝစ္စကိစ္စ ပဿာဝကိစ္စ (=အပေါ့အပါး အခင်းကြီး အခင်းငယ် ကိစ္စ)တို့ကို ထား၍ တနေ့နှင့် ညဉ့်၏ နှစ်ဘို့ကို အားထုတ်နိုင်ပါလျှင်၊ ဥက္ကဋ္ဌဟု ဆိုသင့်ပေ၏။ ထိုသူအား ဆယ်ရက်မျှလောက် နှင့် ပဌမနည်းကို အအောင် ပေးထိုက်ပေ၏။ တိက္ခ

ဖြစ်၍ ဥဂ္ဃဟနိမိတ်အာရုံ အလွန် စကားပြောလျပါမူ၊ ခုနစ်ရက်, ရှစ်ရက်နှင့် ပေးထိုက်ပေ၏။

## အလတ်စား မဇ္ဈိ

အကြင်သူသည် တနေ့နှင့် ညဉ့် နှစ်ဘို့တို့တွင် ငါးစုပြု၍ လေးစုမျှ အားထုတ်နိုင်ပါလျှင်၊ မဇ္ဈိဟု ဆိုသင့်ပေ၏။ ထိုသူအား အရက် နှစ်ဆယ်လောက်နှင့် ပဌမနည်းကို အဓောင် ပေးထိုက်ပေ၏။ တိက္ခ ဖြစ်၍ နိမိတ် အလွန် စကားပြောလျပါမူ၊ တဆဲ့ငါးရက်, တဆဲ့ခြောက်ရက်နှင့်ပင် အဓောင် ပေးထိုက်ပေ၏။

## အယုတ်စား အညံ့စား မုဒု

အကြင်သူသည် တနေ့နှင့် ညဉ့် နှစ်ဘို့တို့တွင် ငါးစုပြု၍ သုံးစုမျှ အားထုတ်နိုင်ပါလျှင်၊ မုဒုဟု ဆိုသင့်ပေ၏။ ထိုသူအား တလလောက်နှင့် ပဌမနည်းကို အဓောင် ပေးထိုက်ပေ၏။ တိက္ခ ဖြစ်၍ နိမိတ် အလွန် စကားပြောလျပါမူ၊ အရက် နှစ်ဆယ်, နှစ်ဆဲ့ငါးရက်နှင့်ပင် အဓောင် ပေးထိုက်ပေ၏။

## ဒုတိယနည်း ပြောင်း

ဤသို့ ပဌမနည်း၌ ပြခဲ့ပြီးသော သန္နိဋ္ဌာန်ရဖြင့် နေ့ရက်များစွာ အားထုတ်ခြင်းကို ပြုကုန်ရာ၏။ ထိုသို့ အားထုတ်၍ အာရမ္မဏသက်တိက ကသိဏသက်တို့ ရင့်လွန်သဖြင့်၊ ဒုတိယနည်းကို ပြောင်းရွေ့ရာ၏။

ထိုသို့ ဒုတိယနည်းကို ပြောင်းရှေ့သည်ရှိသော်၊ အကြင်မျှလောက် ကာလပတ်လုံး ဥဂ္ဂဟနိမိတ်သည် မပေါ်သေး။ ထိုမျှလောက် ကာလပတ်လုံး ပကတိ ထွက်သက်ဝင်သက်ကို မလွှတ်ရာ။ အကြင်အခါ ဥဂ္ဂဟနိမိတ်သည် ထင်၏။ ထိုအခါ ပကတိ ထွက်သက် ဝင်သက်ကို လွှတ်၍ အဿာသ ပဿာသ နိမိတ်ဖြင့် အာဒုတ်ရာ၏။

## တတိယနည်း ပြောင်း

### သာဒီနသာဒီနဝါရ

(၁) **ဥဂ္ဂဟသာဒီနဝါရ**။ ။အကြင်သူသည် မိမိ ရသော ဥဂ္ဂဟနိမိတ်ကို မပျောက်ပျက်အောင် စောင့်ရှောက်တတ်သဖြင့်၊ ပဋိဘာဂသို့ ကူး၍ တတိယသို့ သက်နိုင်ပါမူ၊ "ဥဂ္ဂဟသာဒီ" မည်၏။

(၂) **မဏ္ဍလသာဒီနဝါရ**။ ။အကြင်သူသည် နိမိတ်ကို မပျောက်ပျက်ရအောင် မစောင့်ရှောက်တတ်သည်ဖြစ်၍ ၎င်း၊ သတိမေ့လျော့သည်ဖြစ်၍၎င်း ဥဂ္ဂဟမှ ပဋိဘာဂသို့ မကူးမူ ပျောက်ခဲ့၏။ မိမိနှင့် ဝါးတောင်ကွာမျှ၌သာလျှင် ကာရုံသကဲ့သို့ ထင်၏။ ထိုသူကို အကြိမ်ကြိမ် ကြာမြင့်စွာ အာဒုတ်စေ၍ နိမိတ် မပေါ်သောက တတိယသို့သာလျှင် အသက်ခိုင်းရပါမူ၊ "မဏ္ဍလသာဒီ" မည်၏။

(၃) **ပဒ္ဓသာဒီနဝါရ**။ ။အကြင်သူသည် မိမိ ရသော ဥဂ္ဂဟနိမိတ်သည် တူရူ မသွားမူ၍ မြင်းမြီးဆံကို လေလွှန်၍ တိုက်သကဲ့သို့ ထင်ခဲ့၏။ ထိုအခါ နှာဝမှ ဝါးတောင်ခန့်

အတ္ထင်းဌ် မိမိ စိတ်ဖြင့် အကွင်း ငယ်ငယ်ကြီးကြီးတို့ကို ဆက်စေလျက် ၎င်းအကွင်း၏ အတွင်းသို့ သွတ်၍ မှုတ် ပါမျှားလတ်မူ၊ နိမိတ်သည် ယူဆောင်တိုင်းရသဖြင့် တတိယသို့ သက်ရပါမူ၊ "ပဋ္ဌသား" မည်၏။

(၄) **ဩကာသသား**။ ။အကြင်သူသည် နှာဝ၏ တူရွှဲဌ်ကား မထင်၊ မနီးမဝေးသော အရပ်ဌ် မှန်တုံးကဲ့သို့၎င်း၊ မှန်အိုးကဲ့သို့၎င်း၊ မှန်သေတ္တာကြီးကဲ့သို့၎င်း ထင်ခဲ့၏။ ထိုထင်သော အကြည် နိမိတ်အစိုင်အခဲကြီးကို မိမိ ထိပ်ပေါ်သို့ တင်၍ တတိယသို့ သက်ရပါမူ၊ "ဩကာသသား" မည်၏။

(၅) **ပရိဆိန္နသား**။ ။အကြင်သူသည် ၎င်းဒုတိယနည်းကို အားထုတ်သော အခါ၊ နိမိတ်ကို ဆောင်ယူစဉ် လောင်မီးကျသကဲ့သို့ ဦးခေါင်းကိုင်း၊ ကိုယ်ထက်ဝက်ကိုင်း၊ ကိုယ် အားလုံးကိုင်း လောင်ကျွမ်းခဲ့၏။ ထို လောင်ကျွမ်းသော အတိုင်း တတိယသို့ သက်ရပါမူ၊ "ပရိဆိန္နသား" မည်၏။

၎င်း ငါးယောက်သော ယောဂီတို့တွင် ဥဂ္ဃဟသား ဖြစ်အောင် အားထုတ်ရာ၏။ အားထုတ်၍ မရမှသာ မဇ္ဈိမ စသည်သို့ သက်စေရာ၏။ ဤသို့ ငါးယောက်သော သူတို့တွင် အဘယ်သူမဆို တတိယ၏ အစ, အလယ်, အဆုံး သုံးပါးသို့ သက်နိုင်သည်သာ ပဓာနတည်း။ ထိုသို့ တတိယနည်းသို့ သက်ပြီးမှ ဩဓိ, အန္တောဓိ, အနုန္တောဓိသို့ ရောက်စေရာ၏။

## စတုဏ္ဍနည်း ပြောင်း

ဉာဏ် မထက်သော အား မရှိသော သူတို့မှာ ဩဒိဋ္ဌပင်လျှင် တန့်ရပ်၍ စတုတ္ထဈာနည်းသို့ ကူးစေရာ၏။ အနန္တောဓိသို့ ရောက်ပြီးသော သူသည်လည်း ဩဒိဋ္ဌသို့ပြန်လျက် စတုတ္ထသို့ သက်စေရာ၏။

ဤလေးပါးသော နည်းတို့၌ သန္ဓိဋ္ဌဝါရဖြင့် သတိမြဲသော သူကိုသာလျှင် ဒုတိယနည်းသို့ ပြောင်းရာ၏။ ထို ဒုတိယနည်း၌လည်း ဥဂ္ဃဟနိမိတ် ရ၍ ပဋိဘာဂသို့ သက်လျက်တည်သော သူကိုသာ တတိယနည်းသို့ ပြောင်းရာ၏။ နိမိတ် မရသေးပါမူ၊ ပဌမနည်းသို့ ပြန်၍ သက်စေရာ၏။ ပဋိဘာဂသို့ သက်၍တည်ပါမူ ဦးခေါင်းကို ဖြတ်၍ အဖျိုတွင်သို့ မသက်မချင်း အကြိမ်များစွာ သွတ်သွင်း၍ အစ, အလယ်, အဆုံးတို့ကို ယူရာ၏။ အဖျိုတွင် ဗဟိဒ္ဓမခြား တသားတည်းကဲ့သို့ နေပါမူ စတုတ္ထသို့ သက်ရာ၏။

## ၁၆။ ယောဂီချင်း ပြောဆိုပုံ

ပဌမနည်းကို ပဌမနည်း ဟူ၍၎င်း၊ ပဌမဆင့် ဟူ၍၎င်း၊ ဝါယု ဝါရ ဟူ၍၎င်း၊ ဝါရ ရောက်နေပါသည် ဟူ၍၎င်း၊ ရောက်နေပါသည် ဟူ၍၎င်း၊ အစပင် ရှိပါသေးသည် ဟူ၍၎င်း၊

ဒုတိယနည်းကို ဒုတိယနည်း ဟူ၍၎င်း၊ ဒုတိယဆင့် ဟူ၍၎င်း၊ ရှည်ရှည် ဟူ၍၎င်း၊ သုံးချက်ပါ ဟူ၍၎င်း၊

သုံးချက် လိုက်နေသည် ဟူ၍ရင်း၊ ဗဟိဒ္ဓ လိုက်နေသည် ဟူ၍ရင်း၊ အပြင် လိုက်နေသည် ဟူ၍ရင်း၊

တတိယနည်းကို တတိယနည်း ဟူ၍ရင်း၊ တတိယဆင့် ဟူ၍ရင်း၊ သုံးချက်သိ ဟူ၍ရင်း၊ အဇ္ဈတ္တ လိုက်နေသည် ဟူ၍ရင်း၊ အတွင်း လိုက်နေသည် ဟူ၍ရင်း ယောဂီအချင်းချင်း ပြောဆို မေးမြန်း သုံးစဲ့လေ့ သုံးနှုံးလေ့ ခေါ်ဝေါ်ပြောဆိုလေ့ရှိကြပေသည်။

ညွှန်ပြချက်။ ဝါယု ဝါရ။ ဝါယု = လေ၊ ဝါရ = အကြိမ်၊ လေအကြိမ် ဆိုလိုသည်။

## ၁၇။ မဟာပုရိသဒုနံ ပုဗ္ဗင်္ဂဖြင့် ဂုဏ်တင် ဂုဏ်ဖြောက် ထားပုံကို ပြခြင်း

၁။ ဣဒံ ပန အာနာပါနဿတိကမ္မဋ္ဌာနံ ဂရုကံ ဂရုကဘာဝနံ ဗုဒ္ဓပစ္စေကဗုဒ္ဓဗုဒ္ဓပုတ္တာနံ မဟာပုရိသာနံယေဝ မနသိကာရတ္ထိုမိတ္ထိုတံ၊ နစေဝ ဣတ္တရံ နစ ဣတ္တရသတ္တသမာသေဝိတံ။

၂။ ယထာယထာ မနသိကရိယတိ၊ တထာတထာ သန္တဉ္စေဝ ဟောတိ သုခုမဉ္စ။ တဿာ ဇော့ထ ဗလဝတီ သတိ စ ပညာ စ ဣဆ်ိတဗ္ဗါ။

၃။ ဣမိအာနာပါနဿတိကမ္မဋ္ဌာန်းသည်ကား ခဲခက်၏။ ခက်ခဲသော ဘာဝနာ ဖြစ်၏။ ဘုရား, ပစ္စေကဗုဒ္ဓါ, ဘုရားသားတော် ယောဂျားမြတ်တို့၏သာလျှင် နှလုံး

သွင်းရာဌာန ဖြစ်၏။ သိမ်သိမ်ငယ်ငယ် မဟုတ်။ သာမန်လူစားမျှား နည်းနာကျကျ သဘာဝအညီ မှီဝဲနိုင်သည် မဟုတ်။

၂။ အကြင်အကြင်သို့ နှလုံးသွင်း၏။ ထို့နှလုံးသွင်းသောအတိုင်း ငြိမ်သက်သည်လည်း ဖြစ်၏။ သိမ်မွေ့သည်လည်း ဖြစ်၏။ ထို့ကြောင့် ဤအာနာပါနဿတိကမ္မဋ္ဌာန်း၌ အားကြီးသော သတိကိုဌင်း၊ ပညာဉာဏ်ကုဌင်း အလုံရှိအပ်လေသည်။

သိမ်မွေ့နူးညံ့သော အဝတ်ကို ချုပ်သော အခါ၊ သိမ်မွေ့သေးငယ်သော အပ်ကိုဌင်း၊ ထို့ထက် သိမ်မွေ့သေးငယ်သော အပ်နဖား ထွင်းသော စူးကိုဌင်း အလို့ရှိအပ်သကဲ့သို့ ဤအတူ နူးညံ့သိမ်မွေ့သော အဝတ်နှင့်တူသော ဤအာနာပါနကမ္မဋ္ဌာန်းကို ပွါးစေသော ကာလ၌ အပ်နှင့်တူသော သတိကိုဌင်း၊ အပ်နဖားထွင်း စူးနှင့်တူသော၊ ထိုသတိနှင့် ယှဉ်သော၊ အားကြီးသော ပညာကိုဌင်း အလိုရှိအပ်၏။ ။ဝိသုဒ္ဓိမဂ်အဋ္ဌကထာ ပဌမအုပ် အာနာပါနဿတိ ၂၇၆၊ ပဋိသမ္ဘိဒါမဂ်အဋ္ဌကထာ ဒုတိယအုပ် သတောကာရိဉာဏနိဒ္ဒေသ ၉၀။

ဤ၌ "မဟာပုရိသာနံ(=ယောဂျားမြတ်)" ဟူသော စကားလုံးကို ကြည့်ပြီး၊ "အာနာပါနကမ္မဋ္ဌာန်းကို ဘုရားသားတော် ယောဂျားမြတ်တို့သာ ပွါးအပ်၏။ အခြားသူမျှား မပွါးအပ် မပွါးရ အားမထုတ်ရဘူး" ဟူ၍ ယူဆတတ်သည်။ သံသယ ဖြစ်နေတတ်သည်။ မှန်ပါ၏။ သာ

မန် လူစားများ မပွါးနိုင်ပါ။ သို့သော် ဤအရာ ဤနေရာ၌ ဤ"ယောကျ်ားမြတ်" ဟူသော စကားလုံးသည် အားပေးမှု ချီးမြှောက်မှု အားတက် စိတ်တက်ကြွစေမှု စကားမျိုးကဲ့သို့ ဖြစ်ပေသည်။ ဘယ်ကဲ့သို့နည်း။

၁။ နသက္ကာ ကုသီတေန နဝလောကုတ္တရမမ္မံ လဒ္ဓုံ၊ အာရဒ္ဓဝီရိယေနဝ သက္ကာ။ ၃၇၉၊ ၂၉၇၊ ၁၉၅။

၂။ သဗ္ဗဗုဒ္ဓပစ္စေကဗုဒ္ဓမဟာသာဝကေဟိ တေ ဂတမဂ္ဂေါ ဂန္တုံ။ ၂၉၇၊ ၁၉၆။

၃။ သာရိပုတ္တမဟာမောဂ္ဂလာနာ စေဝ အသီတိ စ မဟာသာဝကာ ဝီရိယေနဝ လောကုတ္တရမမ္မံ ပဋိဝိဒ္ဓုံသု၊ ကဲ့သို့ တေသံ သဒြဟ္မစာရိနံ ပဋိပဇ္ဇိသိ၊ နပဋိပဇ္ဇိသိ။

၄။ ဗုဒ္ဓ ပစ္စေကဗုဒ္ဓ မဟာသာဝကေဟိ ဂတမဂ္ဂေါ မယာ ဂန္တုံ။ ။ဝိသုဒ္ဓိမဂ် ဝီရိယသမ္ဘောဇ္ဈင် ၁၂၈၊ သုတ်မဟာဝါ၊ မူလပဏ္ဏာသ၊ မဟာဝဂ္ဂသံယုတ်အဋ္ဌကထာ ဝီရိယသမ္ဘောဇ္ဈင် အဖွင့်။

၁။ ကြိုးကြိုးစားစား လုံ့လရှိသော သူသာလျှင် လောကုတ္တရာတရား ကိုးပါးကို ရခြင်းငှါ တတ်နိုင်၏ စွမ်းနိုင်၏။ သူပျင်းကား ရခြင်းငှါ မတတ်နိုင်။

၂။ ခပ်သိမ်းကုန်သော ဘုရား ပစ္စေကဗုဒ္ဓါ မဟာသာဝကတို့ ကြွသွားသော လမ်းခရီးကို သင်သည် သွား

သင့် သွားအပ်၏။ ထိုလမ်းသည်လည်း ပျင်းရိသော သူသည် သွားခြင်းငှါ မတတ်နိုင်။

၃။ ရှင်သာရိပုတ္တရာ ရှင်မဟာမောဂ္ဂလာန်တို့သည် ၎င်း၊ ရှစ်ကျိပ်သော မဟာသာဝကတို့သည်၎င်း လုံလဝီရိယဖြင့်သာလျှင် လောကုတ္တရာတရားကို ထိုးထွင်း၍ သိကုန် ရကုန်၏။ သင်သည် ထိုအတူနေ သီတင်းသုံးဘော် မထေရ်မြတ်တို့၏ ကြွသွားသော လမ်းခရီးသို့ လိုက်ရလိမ့်မည်။ လိုက်၍ ကျင့်ရလိမ့်မည်။ မလိုက်မကျင့်ဘဲ မနေသင့် မနေအပ်။ လိုက်အပ် ကျင့်အပ်၏။

၄။ ဘုရား ပစ္စေကဗုဒ္ဓါ မဟာသာဝကတို့ ကြွသွားသော လမ်းခရီးကို ငါသည် သွားသင့် သွားအပ်၏။ ထို လမ်းသည်လည်း ပျင်းရိသော သူသည် သွားခြင်းငှါ မတတ်နိုင်။

"မဟာသာဝက၊ အသီတိ မဟာသာဝက (= ရှစ်ကျိပ်သော မဟာသာဝက) နှင့် ကုသီတေန (= ပျင်းရိ)" ဟူသော စကားမျိုးကဲ့သို့ပင် တည်း။

"ရှစ်ကျိပ်သော မဟာသာဝကနှင့် ပျင်းရိ" ဟူသော စကားလုံးမျိုးဖြင့် အားတက် စိတ်တက်ကြွစေရန် တိုက်တွန်း အားပေးသော စကားမျိုး ဖြစ်သကဲ့သို့ ဤ 'မဟာပုရိသာနံ (= ယောကျ်ားမြတ်)" ဟူသော စကားလုံးမျိုးသည်လည်း အားတက် စိတ်တက်ကြွစေရန် တိုက်တွန်းအားပေးသော စကားလုံးမျိုးသာ ဖြစ်ပေသည်။

"ချောက်လုံး လှန်လုံး စိတ်လျှော့စိတ်ပျော့ အားလျှော့

အားပျော့စေတတ်သော စကားလုံးမျိုး မဟုတ်” ဟူ၍ ပင် မြဲမြံ မှတ်။

ထို့ပြင် ဤပါဠိဒ္ဓပင် ဗလဝတီ သတိ စ ပညာ စ ဣဆိတဗွာ (= အားကြိုးသော သတိ ပညာကို အလိုရှိ အပ်လှပေသည်) နှင့် အဝတ်ချုပ် ဥပမာတို့သည်ကား အားပေး အားတက်စေမှုကို ဖြစ်စေတတ်သော စကား လုံးမျိုး ဖြစ်ပေသည်။

“သင် အာနာပါနက ယောဂီသည် ပကတိ နေရိုးနေ စဉ်က သတိမျိုး လုံ့လမျိုးလို မဖြစ်စေဘဲ၊ ထိုသတိဝီရိ ယတို့ထက် ဆတက်ထမ်းပိုး တိုးပြီး ပိုမို၍ သတိဝီရိယ ဖြစ်ရ ရှိရလိမ့်မည်” ဟု ဆရာ ပြောရန်နှင့် မိမိကိုယ်တိုင် ပင် သတိဖြစ်စေရန် အားပေးမှု စကားလုံးမျိုး ဖြစ်သည်။

သတိနှင့် ဝီရိယကား ယခု ပြုပြင်လျှင်၊ ဆန္ဒ ရှိပါက ဖြစ်လွယ်၏။ မင်္ဂလာဇော်အား ထောက်ပံ့နိုင်အောင် ပညာထက်သန် ရင့်မာဘို့ ပြုပြင်နိုင်သော သဘာဝမျိုး မဟုတ်။ ပါရမီမျိုးစေ့သာ။ သို့သော် တစထက် တစ ကြီးမား ထက်သန်လာတတ်ပေ၏။

“ယောက်ျားမြတ်” ဟူသော စကားလုံးကို ကြည့်ပြီး၊ “အာနာပါနကမ္မဋ္ဌာန်းကို သာမန် လူစားများ မပွါး အပ်” ဟု ယူဆကာ သံသယ ဖြစ်နေပါအံ့။

“မဟာသာဝက၊ ရှစ်ကျိပ်သော မဟာသာဝက” ဆို သော စကားလုံးမျိုးကိုလည်း “ဝီရိယသမ္မောဇ္ဈင် ဖြစ် စေရန် မပွါးအပ် အားမထုတ်အပ်” ဟု ယူဆသင့် ယုံ

မှားသံသယဖြစ်သင့်တော့၏။ ထိုသို့ ယူဆ ယုံမှားသံသယဖြစ်မှုကား မလျော်ပေ။ ထိုသို့လည်း မည်သူမျှ ဖြစ်လိမ့်မည် မဟုတ်ပေ။

## ဂုဏ်တင် ဂုဏ်မြောက်ပုံ

"အာနာပါနကမ္မဋ္ဌာန်းဆိုတာ သမထကမ္မဋ္ဌာန်းဘဲ" ဟု အထင်အမြင်သေးမှုကို "နံ စေဝ ဣတ္တံ ရုံ( = သိမ်သိမ်ငယ်ငယ် မဟုတ်) ထည်ထည်ဝါဝါ ခန့်ခန့်ညားညား မှန်မြတ်လှသော ကမ္မဋ္ဌာန်း" ဟု ဂုဏ်တင်ဂုဏ်မြောက်ထားသည်။

ယောဂျားမြတ် "နံ စ ဣတ္တံ ရသတ္တာသမာသေဝိတံ (= သာမန်လူစားများ နည်းနာကျကျ သဘာဝအညီ မှီဝဲနိုင်သည်မဟုတ်)" ဟု တိတ္ထိဆရာနှင့် တပည့်တို့ကို ပုတ်ထုတ်ကာ အမှန်းတင်ထားသည်။

ဘုရားအယူ ယူက၊ ဘုရားသားတော် ဖြစ်တော့၏။ ဘုရားအယူ မယူသော တိတ္ထိတို့ကို "ဗုဒ္ဓပုတ္တာနံ( = ဘုရားသားတော်)" ဟူသော စကားလုံးဖြင့် မှုတ်ထုတ်သည်၊ ချောက်ထုတ်သည်။

လောကမှာ မဂ်ဖိုလ်ထက် မည်သည့်တရား မည်သည့် အရာမျှ မခက်ပေ၊ မရှိပေ။

အာနာပါနသမထနှင့် စာလျှင်၊ ဝိပဿနာသည် သာ၍ပင် ခက်၏။ အခက်တကာ့ အခက်ဆုံး ဖြစ်၏။ "ဧတ္ထ ဗလဝတီ သတိ စ ပညာ စ ဣဆွိတဗ္ဗာ။ ။ဣဒံ ပန အာ

နာပါနဿတိကမ္မဋ္ဌာနံ ၀ရိကံ ၀ရိကဘာ၀နံ (=ဤအာနာပါနဿတိကမ္မဋ္ဌာန်းဌ် အားကြိုးသော သတိကိုၛင်း၊ ပညာကိုၛင်း အလိုရှိအပ်လေသည်။ ။ဤအာနာပါနဿတိကမ္မဋ္ဌာန်းသည်ကား ခဲခက်၏။ ခဲခက်သော ဘာ၀နာ ဖြစ်၏။ ခဲယဉ်း၏။ ခက်ခဲသော ပ္ဍုံးမျှားရခြင်း ရှိ၏)" ဟု ဆိုထားသဖြင့် မှာထား သတိပေးထားသဖြင့်၊ အာနာပါနဟာ ခက်တယ် ခက်တယ်လို့ ညည်းနေပါက၊ ဝိပဿနာရော လွယ်ပါရဲ့လား။ အာနာပါနဟာ ခက်တယ် ခက်တယ်၊ သိပ် ခက်တယ်၊ အားကြိုး ခက်တယ်၊ မြင့်မြတ်သော ယောက်ျားမြတ်တို့၏ အရာသာ၊ မြင့်မြတ်သော ယောက်ျားမြတ်တို့နှင့်သာ တန်သည်၊ ရာသည်၊ ထိုက်တန်သည်၊ ငါတို့နှင့် မတန်မရာ၊ မထိုက်တန်လို့ ညည်းနေပါက၊ အာနာပါနဟာ မက်တယ် ခက်တယ်လို့ ညည်းနေပါက၊ တွေးတောဒိုဟ စိတ်နှလုံး နှစ်ခု ယုံမှားသံသယ ဖြစ်နေပါက၊ ထိုပုဂ္ဂိုလ်စားမျိုးသည်ကား ဝိပဿနာအနားသို့ပင် မကပ်နိုင်၊ မသီနိုင်တော့ပေ။

ဘုရားကြောင့်နည်း။ "ဝေံ အာဒိကမ္မိကကုလပုတ္တဿ သီလကထာယ ပရိကမ္မံ ကတ္ဝာ အရဟတ္တပဒဋ္ဌာနံ သဏ္ဌံ သုခုမံ သုညတံ ဝိပဿနာလက္ခဏံ အာစိက္ခတိ (=ဤသို့ ပဌမစ၍ အားထုတ်သော အမျိုးကောင်းသား အား သီလသန့်ရှင်းစင်ကြယ် စိတ်တည်ကြည်မှုစသော သီလကထာဖြင့် ရှေးဦး ပရိကံ ပြုပြီး၍ အရဟတ္တဖိုလ်၏ အလွန် နီးစပ်သော အကြောင်း ဖြစ်သော၊ အလွန် သိမ်မွေ့နုးညံ့လှ၍ သုညတသဘော ဖြစ်သော ဝိပဿနာ

လက္ခဏာကို ဟောကြား၏)”ဟူသော နိဒါနဝဂ္ဂ သံယုတ် အဋ္ဌကထာလာ စကားတော်မြတ်အရင်း၊

“ယသ္မာ ပနေသာ ပရိသုဒ္ဓါ၊ တသ္မာ တံ အကထေတ္ဝာ အရဟာတ္တသ္မ ပဒဋ္ဌာနဘူတံ ဝိပဿနမေဝ အာစိက္ခတိ။ တသ္မာ ပုဗ္ဗဘာဂပဋိပဒံ အကထေတ္ဝာ အရဟာတ္တသ္မ ပဒဋ္ဌာနဘူတံ အစ္ဆန္ဒသုညတံ ဝိပဿနာလက္ခဏမေဝသ္မ အာစိက္ခိတုံ အာရဒ္ဓါ (=အကြင်သူအား ရှေးဦး ကျင့်ရမည့် အကျင့်သည် ပြည့်စုံ၏။ ထိုသူအား ရှေးဦး ကျင့်ရမည့် အကျင့်ကို ဟောတော်မမူဘဲ၊ အရဟတ္တဖိုလ်၏ အလွန် နီးစ်ာသော အကြောင်း ဖြစ်၍ဖြစ်သော ဝိပဿနာကိုသာလျှင် ဟောကြားတော်မူ၏။ ထို့ကြောင့် ထိုပုဂ္ဂိုလ်သာတိမင်း ရဟန်းမြတ်အား ရှေးဦးအကျင့်ကို ဟောတော်မမူဘဲ၊ အရဟတ္တဖိုလ်၏ အလွန် နီးစ်ာသော အကြောင်း ဖြစ်၍ဖြစ်သော၊ စင်စစ် သူညတသဘော ရှိသော ဝိပဿနာလက္ခဏာကိုသာလျှင် သဗ္ဗညုရှင်တော် ဘုရားသည် ဟောကြားတော်မူခြင်းငှါ အားထုတ်တော်မူ၏)” ဟူသော ဥပရိပဏ္ဏာသအဋ္ဌကထာ ဓါတုဝိဘင်္ဂသုတ်တော်မြတ် ၂၀၇ လာ စကားတော်မြတ်အရင်း၊

အာနာပါနသမထသမာဓိထက် ပြောမဆုံးနိုင်အောင် ခက်လှသော၊ မဂ်ဖိုလ် ရရန်အတွက် ပူးမျှား အားထုတ်ရသော ဝိပဿနာကမ္မဋ္ဌာန်း ဖြစ်၍ စကောလောက်မှ စောက်မနက်သော မိမိ ဥာဏ်မှန်မှားကလေးဖြင့် မဂ်နှင်းဖိုလ်နှင်း မသီမကပ်နိုင်သောကြောင့်ပေတည်း။

သီလစောင့်စည်းခြင်း၊ ဣန္ဒြေစောင့်စည်းခြင်း၊ ဘောဇဉ်၌ အတိုင်းအရှည်ကို သိခြင်း၊ နိုးကြားခြင်း၊ သူတော်ကောင်းတရား ခုနစ်ပါး၊ စျာန်လေးပါးတို့ကို ကမ္မဋ္ဌာန်းဘာဝနာ မစီးဖြန်း မပွါးများ အားမထုတ်သေးမီ ရှေးအဘို့က ဖြည့်ကျင့်ရမည့် ရှေးဦးအကျင့် ပုဗ္ဗဘာဂပဋိပဒံ ဆိုသည်။

**မှတ်ချက်။** စျာန်လေးပါး ဆိုသည်ကား စတုတ္ထစျာန်ရသောပုဂ္ဂိုလ်တိမင်းကို ရည်၍ သုတ်အား အရာအားလျော်စွာ ဥက္ကံသအလွန် ဥက္ကဋ္ဌနည်း စျာန် လေးပါး ဆိုသည်။ ဥပစာရသမာဓိ ဥပစာရစျာန်ကိုလည်း ယူသင့် ယူရသည်ဟု မှတ်။

အခက်သည် "အခက်ကလေး, အခက်ကြီး၊ ဝါ အလွန်ခက်, သာလွန်ပိုမို၍ခက်" ဟူ၍ ရှိသည်။

အခက်ကလေး, အလွန်ခက်တို့ကို ရှေးဦးစွာ ဆည်းပူးလေ့လာအားထုတ်ထားပါက၊ အခက်ကြီး, သာလွန်ပိုမို၍ ခက်သော အခက်ကို အားထုတ်ပြုလုပ်ရန် လွယ်သော လောကထုံးစံမမှတပင် ဖြစ်ပေသည်။

ခက်သော အာနာပါနကမ္မဋ္ဌာန်းကို ရှေးဦးစွာ အားထုတ်ထားပါက၊ အခက်တွင် ပြောမဆုံးနိုင်၍ အလွန်အလွန် သာလွန်ပိုမို၍ ခက်သော မဂ်ဖိုလ်ရဘို့ ဝိပဿနာကမ္မဋ္ဌာန်းသည် တစတစ အထိုက်အလျောက် အခက်အခဲ နည်းနိုင်သလောက် နည်းပါးသွားတော့၏။ ထိုအကျိုးကို မြော်ကိုးပြီး၊ ရှေး ကမ္မဋ္ဌာန်းဆရာစဉ်ဆက်က စ၍ ယခု ယနေ့အထိ အများအားဖြင့် အာနာပါန

ကမ္မဋ္ဌာန်းကို ရှေးဦးစွာ သင်ကြားပြသတော်မူကြပေသည်။

ဘာဝကြောင့် မဂ်ဖိုလ် မရနိုင်ပါသလဲ မေးက၊ "အဝိဇ္ဇာခေါ် မောဟ မျှားသော အားကြီးသောကြောင့်ဌင်း၊ ဝိတက် မျှားသော အားကြီးသောကြောင့်ဌင်း မဂ်ဖိုလ်မရနိုင်"ဟု ဖြေ။ သို့ဖြေက မလွဲနိုင်ပေ။ ဟုတ်မှန်နေပေသည်။ အလွန် သဘာဝကျလှပေသည်။

ဘာဝကြောင့် ပဋိုလ် မြင်တိုင်း ယောဂီတိုင်းလိုလို အာနာပါနကမ္မဋ္ဌာန်းကို ပေးပါသလဲ။

အာနာပါနဿတိ ဘာဝေတဗ္ဗာ ဝိတက္ကုပစ္ဆေဒါယ။ မေဃိယသုတ်။ ။ဝိတက္ကစရိတဿ အာနာပါနကမ္မဋ္ဌာနံ ဒေတိ။ ဒသုတ္တရသုတ်အဋ္ဌကထာ။ ။မောဟစရိတဿ ဝိတက္ကစရိတဿဲ စ ကံ အာနဲ့ပါနဿတိကမ္မဋ္ဌာနမေဝ။ ဝိသုဒ္ဓိမဂ်အဋ္ဌကထာ။ ။အာနာပါနံ မောဟစရိတဿ ဝိတက္ကစရိတဿ စ။ သဋ္ဌိဟ်တို့ ဆိုသောကြောင့်၊ ပဋိုလ်တိုင်း မျှားသောအားဖြင့် မကင်းနိုင်၍ မောဟ မျှားကြသည်။ မောဟ အားကြီးကြသည်။ တိုထိုက္ခဏိက္ခဏ တောင်တောင်မြောက်မြောက် ကံစည်တွန်းတော်စိတ်ကူးမှု ဝိတက် မျှားကြသည်။ ဝိတက် အားကြီးကြသည်။ သို့ဖြစ်၍ ပဋိုလ်တိုင်းလိုလို ယောဂီတိုင်းလိုလိုနှင့် လျော်လှသဖြင့်၊ အာနာပါနကမ္မဋ္ဌာန်းကို အမျှားအားဖြင့် ကမ္မဋ္ဌာန်းဆရာတိုင်း ပြသသင်ကြား နည်းနာပေးခြင်း ဖြစ်ပေသည်။ ။အကျယ်ကို အာနာပါနသံယုတ်၌ ပြအံ့။

## ၁၈။ အာနာပါနထွက်သက် ဝင်သက်ငေ့ါ သဘောမှန်ကို ပြခြင်း။

## အာနာပါန နာသီးဖျားခ္ဍ် စိတ်ထား။

အာနာပါနကမ္မဋ္ဌာနိကော အတ္တနော နာသိကဝါတံ ပရိဂ္ဂဏှာတိ။ ။ဝိသုဒ္ဓိမဂ် ပဌမအုပ် အသုဘနိဒ္ဒေသ ဥဒ္ဓုမာတကအဖွင့် ၁၀၃။

အာနာပါနကမ္မဋ္ဌာန်းကို စီးဖြန်းမယုတ် ပွါးများအားထုတ်သော အာနာပါနကယောဂီသည် မိမိ၏ နာသိကဝါတ (= နှာခေါင်းလေ)ကို သိမ်းဆည်း၏။

နှာခေါင်းပေါက်မှ ထွက်ဝင်နေသော လေကို နှာသီးဖျားခ္ဍ် စိတ်ထားပြီး သတိစိုက်ကာ အာရုံပြုနေသည်လို့ ဆိုလိုသည်။

| | |
|---|---|
| အာနာပါန | ထွက်သက် ဝင်သက်လေ။ |
| အဿာသပဿာသ | ထွက်သက် ဝင်သက်လေ။ |
| အာန | ထွက်သက်လေ။ |
| အပါန, ပါန | ဝင်သက်လေ။ |

အာနန္တိ အဿာသော၊ အပါနန္တိ ပဿာသော။ ။ ပဋိသမ္ဘိဒါမဂ် ပါဠိတော်။

## ဝိနည်းအလို

| | |
|---|---|
| အာန | ထွက်သက်လေ။ |
| အဿာသ | ထွက်သက်လေ။ |
| ဗဟိနိက္ခမနဝါတ | ထွက်သက်လေ။ |

အပါန, ပါန ဝင်သက်လေ။
ပဿာသ ဝင်သက်လေ။
အန္တောပဝိသနဝါတ ဝင်သက်လေ။

## သုတ္တန်အဘိဓမ္မာအလို

အာနာပါန ဝင်သက်လေ။
အဿာသ ဝင်သက်လေ။
အန္တောပဝိသနဝါတ ဝင်သက်လေ။
အန္တောပဝိသနနာသိကဝါတ ဝင်သက်နှာခေါင်းလေ။
အပါန, ပါန ထွက်သက်လေ။
ပဿာသ ထွက်သက်လေ။
ဗဟိနိက္ခမနဝါတ ထွက်သက်လေ။
ဗဟိနိက္ခမနနာသိကဝါတ ထွက်သက်နှာခေါင်းလေ။

၁။ အထာနေန ပကတိဖုဋ္ဌဝသေန စိတ္တံ ဌပေတွာ မနသိကာရော ပဝတ္တေတဗ္ဗော။ ဣမေ ဟိ ဒီဃနာသိကဿ နာသပုဋံ ဃဋ္ဋေန္တာ ပဝတ္တန္တိ။ ရဿနာသိကဿ ဥတ္တရောဋ္ဌံ၊ တသ္မာနေန ဣမံ နာမ ဌာနံ ဃဋ္ဋေန္တီတိ နိမိတ္တံ ဌပေတဗ္ဗံ။ ၂၀၊ ၂၇၅၊ ၉၇။

၂။ ဝေမေဝ တေန ဘိက္ခုနာ နေ တေ အဿာသ ပဿာသာ အညတြ ပကတိဖုဋ္ဌောကာသာ ပရိယေသိတဗ္ဗာ။ သတိရသ္မိံ ပန ပညာပတောဒဠှ ဂဟေတ္ဝာ ပကတိဖုဋ္ဌောကာသေ စိတ္တံ ဌပေတ္ဝာ မနသိကာရော ပဝတ္တေတဗ္ဗော။ ။ပါရာဇိကကဏ္ဍအဋ္ဌကထာ ဒုတိယ

၂၀။ ဝိသုဒ္ဓိမဂ် ပဌမ ၂၇၆၊ ပဋိသမ္ဘိဒါမဂ်အဋ္ဌကထာ ဒုတိယ ၉၀။

၁။ ထို့နောက် ဤအာနာပါနကယောဂီရဟန်းသည် ပကတိ ထိရာဌာန၏ အစွမ်းဖြင့် စိတ်ကို ထား၍ နှလုံးသွင်းခြင်းကို ဖြစ်စေအပ်၏။ ဤထွက်သက် ဝင်သက်လေတို့သည် နှာခေါင်း ရှည်သော သူအား နှာခေါင်းဖုံကို ထိခိုက်၍ ဖြစ်ကုန်၏။ နှာခေါင်း တိုသော သူအား အထက်နှုတ်ခမ်းကို ထိခိုက်၍ ဖြစ်ကုန်၏။ ထို့ကြောင့် ဤအာနာပါနက ယောဂီရဟန်းသည် ဤမည်သော အာရုံကို ထိကုန်၏ ဟု နိမိတ်ကို ထား၍ ဖြစ်စေအပ်၏။

၂။ လယ်ထွန်သမား လွှတ်လိုက်နွားကို ရေဆိပ်သွား၍ စောင့်ကာဖမ်းယူ ဤဥပမာအတူသာလျှင် ထိုအာနာပါနကယောဂီရဟန်းသည် ထိုထွက်သက် ဝင်သက်လေတို့ကို ပြကတေ့အားဖြင့် ထိရာဌာနကို ကြဉ်၍ မရှာအပ်ကုန်။ သတိတည်းဟူသော ကြိုးကိုငင်း၊ ပညာတည်းဟူသော နှင်တံကိုငင်း ယူ၍ ပြကတေ့အားဖြင့် တွေ့ထိသော အရုပ်၌ စိတ်ကို ထား၍ နှလုံးသွင်းခြင်းကို ဖြစ်စေအပ်၏။

## စိတ်ထား၍ မှတ်ရာ အရပ်ဌာနကား

နာသပုဋ္ဌ နှာခေါင်းဖုံ နှာသီးဖျား။
နာသိကဂ္ဂ နှာသီးဖျား။
ဥတ္တရောဋ္ဌ အထက်နှုတ်ခမ်း။
မုခနိမိတ္တ အထက်နှုတ်ခမ်း။

၁။ အန္တောပဝိဋ္ဌဝါတာ စ ဗဟိနိက္ခန္တဝါတာ စ။

၂။ နာသိကာ နပ္ပဟောတိ၊ မုခေန အာသာသန္တောပိ ပဿာသန္တောပိ။

၃။ ဗဟိနိက္ခမနဝါတာသာ နာသိကာ။

၄။ အဘ်န္တရံ ပဝိသနဝါတာသာ နာသိကဂ္ဂ။

၅။ ပကတိဖုဋ္ဌောကာသေ စိတ္တံ ဌပေတ္ဝာ။

၆။ ဒီဃနာသိကာသာ နာသပုဋံ ဃဋ္ဋေန္တော။

၇။ ရဿနာသိကာသာ ဥတ္တရောဋ္ဌံ။ ဣမံ နာမ ဌာနံ ဃဋ္ဋေန္တီ။

၁။ အတ္တဉ်းသို့ ဝင်သော လေ၊ အပြင်အပသို့ ထုတ်သော လေ။

၂။ နှာခေါင်းမဆံ့၍ ခံတ္ဆင်း ပါးစပ်က ထုတ်သက် ဝင်သက်လေ ရှုရှိုက်၏။

၃။ အပြင်အပသို့ ထုတ်လေ အဆုံးကား နှာသီးဖျား။

၄။ အတ္ဆင်းသို့ ဝင်လေ အစကား နှာသီးဖျား။

၅။ ပြကတေ့ပင်ကိုယ်အတိုင်း ရှုရိုးရှုစဉ် ရှုနေကြ အတိုင်း ထုတ်သက် ဝင်သက်လေ ထိခိုက် တိုးဝှေ့ရာ နှာခေါင်းပေါက် နှာခေါင်းဝ နှာသီးဖျား အရပ်ဌာနဌ် စိတ်ထား၊ ပါ၊ အာရုံပြု၊ ပါ၊ မှတ်သား၊ ပါ။

"ခံတ္ဆင်း ပါးစပ်က ထုတ်သက် ဝင်သက်လေ ရှု ရှိုက်၏" ဟူသော စကားအရ ပါးစပ်က ထုတ်သက်

ဝင်သက် ရှူ။ရှိုက်ရခြင်းသည် ဝိကတိ (= ဖေါက်ပြန်) လို့ ခေါ်သည်။ ဘာကြောင့်ပါလဲ။ နှာခေါင်း မအား၍ အသုံးပြုရသော အရာ၊ နှာခေါင်း မဆို့၍ အသုံးမပြု၍ သုံးရသော အရာ ဖြစ်သည်။ အလွန် မောပန်းသော အခါနှင့် နှာစေး နှာခေါင်း ပိတ်နေသော အခါ၊ ခံတွင်း ပါးစပ်က အသက်ရှူ။ရှိုက်နေခြင်းသည် အလွန် သိသာ ထင်ရှားလှပေသည်။

၆။ နှာခေါင်း ရှည်သူအား နှာခေါင်းဖု နှာသီးဖျား ဥ် ထုက်သက်ဝင်သက်လေ ထိခိုက်၏။ တိုးဝှေ့ထိပါး နေ၏။ တိုးနေ၏။

၇။ နှာခေါင်း တိုသူအား အထက်နှုတ်ခမ်းဖျားဥ် ထုက်သက်ဝင်သက်လေ ထိခိုက်၏။ တိုးဝှေ့ထိပါးနေ၏။ တိုးနေ၏။

ဤကား ပါရာဇိကဏ်၊ သမ္မော၊ သုတ်မဟာဝ၊ မူလပဏ္ဏာသ၊ ဝိသုဒ္ဓိမဂ်အဋ္ဌကထာနှင့် ပဋိသမ္ဘိဒါမဂ်ပါဠိတော် အဋ္ဌကထာတို့ဥ် လာသော စကားပေတည်း။

## ထုက်သက်ဝင်သက်လေ ထုက်ရာ သုံးပေါက် သုံးဌာန နှာခေါင်း ပါးစပ် နား

ဝေမေဝ ခေါ မေ ရာဇကုမာရ မုခတော စ နာသတော စ ကဏ္ဌတော စ အဿာသပဿာသေသု ဥပရုဒ္ဓေသု အဓိမတ္တာ ဝါတာ မုဒ္ဓနိ ဥိဟန္တိ။ ။မဇ္ဈိမပဏ္ဏာသ ပါဠိတော် ဇေဝဓိရာဇကုမာရသုတ် ၂၀၆။

အို ဗောဓိမင်းသား.... အားရှိသော ယောကျ်ား သည် ထက်မြက်ရင့်မာ အနှစ်ပြည့်၍ လက်ဆကောင်း သော တင်းပုတ် ဆောက်ပုတ်ဖြင့် ဥိးခေါင်းကို ပုတ်ခတ် ရိုက်လိုက်သည်အတူသာလျှင် ငါ့အား ငါ၏ ခံတွင်း ပါး စပ်မှဒုင်း၊ နှာခေါင်းပေါက်မှဒုင်း၊ နားပေါက်မှဒုင်း ထွက်သက် ဝင်သက်လေတို့ကို အောင့်ထား ပိတ်ထား ချုပ်ထားလိုက်သည်ရှိသော်၊ အလွန် ပြင်းထန်သော လေ တို့သည် ဥိးခေါင်းကို ထိခိုက် ပုတ်ခတ်ကုန်၏။

အို သစ္စကပရိဗိုဇ်.... အားရှိသော ယောကျ်ားသည် ထက်မြက်ရင့်မာ အနှစ်ပြည့်၍ လက်ဆကောင်းသော တင်းပုတ် ဆောက်ပုတ်ဖြင့် ဥိးခေါင်းကို ပုတ်ခတ် ရိုက် လိုက်သည်အတူသာလျှင် ငါ့အား ငါ၏ ခံတွင်း ပါးစပ် မှဒုင်း၊ နှာခေါင်းပေါက်မှဒုင်း၊ နားပေါက်မှဒုင်း ထွက် သက် ဝင်သက်လေတို့ကို အောင့်ထား ပိတ်ထား ချုပ် ထားလိုက်သည်ရှိသော်၊ အလွန် ပြင်းထန်သော လေတို့ သည် ဥိးခေါင်းကို ထိခိုက် ပုတ်ခတ်ကုန်၏။

ဤသို့ ဗောဓိမင်းသားအစား "အဂ္ဂိဝေဿန၊ သစ္စက ပရိဗိုဇ်" ဟု မူလပဏ္ဏာသပါဠိတော် မဟာသစ္စကသုတ် ၃၁၀ ၌ ဟောတော်မူသည်။

ဤကား သဗ္ဗညုရှင်တော်ဘုရား ဒုက္ကရစရိယကျင့် စဉ်က ကိုယ်ခန္ဓာတော် ဆင်းရဲပင်ပန်းမှုကို ဖြစ်စေတတ် သော အာနာပါနအကျင့်။ ဤကဲ့သို့ ကိုယ်ခန္ဓာတော် ဆင်းရဲပင်ပန်းစွာ လွန်ကဲသော ဆန္ဒတော်ဖြင့် ကျင့်ခြင်း

ကြောင့် စျာန်လည်း မရ၊ သဗ္ဗညုတဉာဏ်တော် လည်း မရခဲ့ပေ။

ဤဒုက္ကရစရိယ အာနာပါနအကျင့်ကို အတုယူ နည်း ခိုးကာ ထွက်သက်ဝင်သက်လေကို ခပ်ကြာကြာကြိုး အောင့်ထားမှု ချုပ်ထားမှုကို ဂုဏ်ယူ အသားယူကာ ဣန္ဒိယပြည့်တွင် အာနာပါနနည်း အမျိုးမျိုးအဖုံဖုံ အား ထုတ်မှု များကြပေသည်။ သို့ကြောင့်လည်း စျာန်မရနိုင် ဖြစ်ကြရတော့သည်။ ဖြစ်ချေတော့သတည်း။

## အာနာပါနလမ်းမှန် ပဌမစျာန် ရပြန်

အထ ဗောဓိသတ္တော ဣတောစိတော စ ဩလော ကေန္တော ကိဉ္စိ အဒိသ္ဝာ သဟသာ ဥဋ္ဌာယ ပလ္လင်္ကံ အာဘုဇိတ္ဝာ အာနာပါနေ ပရိဂ္ဂဟေတ္ဝာ ပဌမဈာနံ နိဗ္ဗတ္တေသိ။ ၃၂၅။

ခမည်းတော် လယ်ထွန်မင်္ဂလာပွဲစဉ်၊ ဇမ္ဗူသပြေပင် ရိပ်အောက်၌ နေရာ၊ ထိုအခါ၌ အလောင်းတော် သိဒ္ဓ မင်းသားကလေးသည် တောင်မြောက်လေးပါး ကြည့် လိုက်သော အခါ၊ မိမိထံပါး အနီးအနား၌ အထိန်းတော် တို့ကို မတွေ့မမြင်သဖြင့်၊ ဖြုတ်ဆို ရုတ်ခနဲ ထလျက် တင် ပလ္လင်ခွေထိုင်ကာ အနာပါနကမ္မဋ္ဌာန်း စီးဖြန်း၍ ပဌမ စျာန်ရ၍ ရသဖြင့် စျာန်ချမ်းသာ ခံစားလျက်နေ၏။

ခုနစ်ရက်သားအရွယ်က အာနာပါန ပဌမစျာန်ရ သည်ကို ပြန်ပြီး သတိရ၍ အာနာပါနကမ္မဋ္ဌာန်း လမ်း

မှန် နည်းမှန်ကို အားထုတ်ပွါးများသော အခါ၊ သမာပတ် ရှစ်ပါးနှင့်တကွ သဗ္ဗညုတဉာဏ်တော်ကို ရတော်မူသည်။ ။ဗုဒ္ဓဝံသအဋ္ဌကထာ ဂေါတမဗုဒ္ဓဝံသ ၃၂၅။

သဗ္ဗညုရှင်တော်ဘုရားသည် သဗ္ဗညုတဉာဏ်တော် ရပြီးသော အခါ၊ ဤအတိုင်းပင် မဟာသတိပဋ္ဌာန သုတ်တော်မြတ်စသည်တို့ဌ် "အာနာပါနပဗ္ဗ" စသော အာနာပါနကမ္မဋ္ဌာန်းကို ဟောတော်မူသည်။

ဤဌ် ဆိုလိုရင်းစကားမှာ ပါးစပ် နှားတို့ကား လို့ရင်း မဟုတ်လှပေ။ နာသတော (= နှာခေါင်း) ဆိုသော စကားလုံးသာ လို့ရင်း မှတ်။ အာနာပါန (=ထွက်သက် ဝင်သက်လေ)သည် နှာခေါင်းပေါက်မှ ထွက်ကြောင်း၊ နှာသီးဖျားဌ်သာ စိတ်ထား သတိစိုက်၍ အာရုံပြုရကြောင်း သဗ္ဗညုရှင်တော်ဘုရားကိုယ်တော်တိုင် ကိုယ်တွေ့ လက်တွေ့ အားထုတ်ပွါးများခဲ့သော အာနာပါန နည်း ဖြစ်ပေသည်။ နာသတောကို လေးစားထိုက်လှပေသည်။ ရိုသေထိုက်လှပေသည်။

## ကာယပဋိဗဒ္ဓ ရောထွေးယုံမှားတတ်

၁။ ကာယပဋိဗဒ္ဓါတိ ကာယနိဿိတာ၊ ကာယေ သတိ ဟောန္တိ၊ အသတိ နု ဟောန္တိ။ ၂၆၃။

၂။ ဧဝံ ဣမေ သဒ္ဓါရာ အညမညမိဿာ အာလုဋိတာ အဝိဘူတာ ဒဒ္ဒိပနာ။ ၂၆၄။

၁။ ကိုယ်နှင့် ဆက်စပ် ဆိုသည် ကိုယ်၌ မှီ၍ ဖြစ်ကုန်၏။ ကိုယ် ရှိက ရှိကုန်၏။ ကိုယ် မရှိလျှင် မရှိကုန်။

၂။ ဤသို့ ဤသခ်ၤါရတို့သည် အချင်းချင်း ရောထွေးသည်ဖြစ်၍ဖြစ်ကုန်၏။ နောက်ကျ၊ နှောင့်ရှက်သည် ဖြစ်၍ဖြစ်ကုန်၏။ မပေါ်မထင်နိုင်သည်ဖြစ်၍ဖြစ်ကုန်၏။ မြင်နိုင်ခဲကုန်၏ဟု စူဠဝေဒလ္လသုတ် မူလပဏ္ဏာသ အဋ္ဌကထာ၌ ပြခြင်း လာခြင်းကြောင့်၊ အရောရော အထွေးထွေး ထွေးလုံးရစ်ပတ်နေ၍ အသိဉာဏ် မလင်းဘဲ ဖြစ်တတ်ပေသည်။

၁။ ပဿမ္ဘယံ ကာယသခ်ၤါရံ အာသေဝိဿာမီတိ သိက္ခတိ။

၂။ ပဿမ္ဘယံ ကာယသခ်ၤါရံ ပဿသေဝိဿာမီတိ သိက္ခတိ။

၁။ အရူပြင်း၍ ရုန့်ရင်းသော ထုက်သက်လေ ဟူသော ကာယသခ်ၤါရကို သာယာဖြည်းညှင်း ရူခြင်းဖြင့် ငြိမ်းစေလျက် ထုက်သက်ကို ဖြစ်စေအံ့ဟု ကျင့်၏။

၂။ အရှိုက်ပြင်း၍ ရုန့်ရင်းသော ဝင်သက်လေ ဟူသော ကာယသခ်ၤါရကို သာယာဖြည်းညှင်း ရှိုက်ခြင်းဖြင့် ငြိမ်းစေလျက် ဝင်သက်ကို ဖြစ်စေအံ့ဟု ကျင့်၏။

ကတမော ကာယသခ်ၤါရော၊ ဒီဃံ အဿာသာ ကာယိကာ ဧတေ ဓမ္မာ ကာယပဋိဗဒ္ဓါ ကာယသခ်ၤါရာ၊ တေ

ကာယသခ်ၤရေ ပသမ္ဘေန္တာ နိရောဓေန္တာ ဝုပ
သမေန္တာ သိက္ခတိ။ ။ပဋိသမ္ဘိဒါမဂ်ပါဠိတော် ၁၀၃။

ကာယသခ်ၤရဟူသည် အဘယ်နည်း။ ရှည်သော ထွက်သက်ဝင်သက်ဟု ဆိုအပ်ကုန်သော ရူပကာယ၌ ဖြစ်ကုန်သော ရူပကာယကို မှီကုန်သော ဤတရားတို့သည် ကာယသခ်ၤရ မည်ကုန်၏။ ၎ထိုကာယသခ်ၤရတို့ကို ငြိမ်းစေလျက် ချုပ်စေလျက် ပေးစေလျက် ကျင့်၏။

၁။ ပသမ္ဘယံ ကာယသခ်ၤရန္တိ ဩဠာရိကံ အသာသပသ္သာသသခ်ၤတံ ကာယသခ်ၤရံ ပသမ္ဘေန္တာ ဝုပသမေန္တာ။ ။ပဋိသမ္ဘိဒါမဂ်အဋ္ဌကထာ ပဌမအုပ် ၂၀၁။

၂။ ပသမ္ဘယံ ကာယသခ်ၤရံ (ပ) သိက္ခတိတ် ဩဠာရိကံ အသာသပသ္သာသသခ်ၤတံ ကာယသခ်ၤရံ ပသမ္ဘေန္တာ ပဋိပသမ္ဘေန္တာ နိရောဓေန္တာ ဝုပသမေန္တာ အသာသိသာမိ ပသာသိသာမီတိ သိက္ခတိ။ ပဋိသမ္ဘိဒါမဂ်အဋ္ဌကထာ ဒုတိယအုပ် ၉၁။

၁။ ပသမ္ဘယံ ကာယသခ်ၤရံ ဆိုသည် အရှုအရှိုက် ပြင်း၍ ရုန့်ရင်းသော ထွက်သက်ဝင်သက်လေဟု ဆိုအပ်သော ကာယသခ်ၤရကို ငြိမ်းစေလျက် ပေးစေလျက် ထွက်သက် ဝင်သက်ကို ရှူအံ့ ရှိုက်အံ့ဟု အားထုတ်၏။ ကျင့်၏။

၂။ ပသမ္ဘယံ ကာယသခ်ၤရံ (ပ) သိက္ခတိ ဆို သည် အရှူအရှိုက်ပြင်း၍ ရုန့်ရင်းသော ထွက်သက်

ဝင်သက်လေဟု ဆိုအပ်သော ကာယသခ်ါရကို ငြိမ်းစေလျက် အထူးငြိမ်းစေလျက် ချုပ်စေလျက် အေးစေလျက် ထွက်သက် ရှူအံ့၊ ဝင်သက် ရှိုက်အံ့ဟု အားထုတ်၏။ ကျင့်၏။

**ကာယပဋိဗဒ္ဓါ ကိုယ်နှင့်စပ်ဟူ ထွက်သက် ဝင်သက်လေကို ဟူ။**

၁။ ကာယိကာတိ ရူပကာယေ ဘဝါ၊ ကာယပဋိဗဒ္ဓါတိ ကာယ ပဋိဗဒ္ဓါ၊ ကာယံ နိဿိတာ၊ ကာယေသတိ ဟောန္တိ၊ အသတိ နဟောန္တိ။ ။ပဋိသမ္ဘိဒါမဂ် အဋ္ဌကထာ ဒုတိယအုပ် ၁၁၃။

၁။ ကာယိကာ ဆိုသည် ရူပကာယ၌ ဖြစ်၏။ ကာယပဋိဗဒ္ဓါ ဆိုသည် ရူပကာယ၌ ဖြစ်ကုန်သော၊ ရူပကာယကို မှီကုန်သော ထွက်သက် ဝင်သက်လေတို့သည် ကာယသခ်ါရ မည်ကုန်၏။ ရူပကာယ ရှိသော်၊ ထွက်သက်ဝင်သက်လေတို့ ရှိကုန်၏။ဖြစ်ကုန်၏။ ရူပကာယ မရှိသော်၊ ထွက်သက်ဝင်သက်တို့ မရှိကုန်။ မဖြစ်ကုန်။

၁။ ကာယေသု ကာယညတရာဟံ ဘိက္ခဝေ ဧဝံ ဝဒါမိ ယဒိဒံ အဿာသပဿာသာ။ တသ္မာတိဟ ဘိက္ခဝေ ကာယေ ကာယာနုပဿီ။ ။ဥပရိပဏ္ဏာသပါဠိတော် အာနာပါနဿတိသုတ် ၁၂၆။

၂။ ကာယညတရာဟံ အာနန္ဒ ဧတံ ဝဒါမိ ယဒိဒံ အဿာသပဿာသံ၊ တသ္မာတိဟာနန္ဒ ကာယေ ကာယာ

နုပဿီ။ ။မဟာဝဂ္ဂသံယုတ်ပါဠိတော် ကိမိလသုတ်နှင့် ပဌမ အာနန္ဒသုတ ၂၀၁၊ ၂၀၇။

၃။ ကာယညဉ်တရုန်္တိ ပထဝီကာယာဒီသု စတူသု ကာယေသု အညတရံ ဝဒါမိ။ ဝါယောကာယံ ဝဒါမီတိ အတ္ထော။ အထဝါ ရူပါယတနံ (ပ) ကဗဠီကာရော အာဟာရောတိ ပဋ္ဌဝီသတိ ရူပကောဋ္ဌာသာ ရူပကာယော နာမ။ တေသု အာနာပါနံ ဖေါဋ္ဌဗ္ဗာယတနေ သင်္ဂဟိတတ္တာ ကာယညတရံ ဟောတိ။ တဿာပိ ဧဝံ မာဟာ။ တဿာတိဟာတိ ယဿာ စတူသု ကာယေသု အညတရံ ဝါယောကာယံ ပဋ္ဌဝီသတိ ရူပကောဋ္ဌာသေ ဝါ ရူပကာယေ အညတရံ အာနာပါနံ အနုပဿတိ၊ တဿာ ကာယေ ကာယာနုပဿီတိ အတ္ထော။ ။ဥပရိ ပဏ္ဏာသအဋ္ဌကထာ အာနာပါနဿတိသုတ် ၉၉။

မဟာဝဂ္ဂသယုတအဋ္ဌကထာ ကိမိလသုတ ၃၀၁ ဋ္ဌ စတူသု မပါဘဲ ရူပါယတနံအစား စက္ခာယတနံ ဟု ပြောင်းလဲဖွင့်သည်မှတပါး အားလုံး တူသည်။

၁။ အို ရဟန်းတို့.... အကြင်ထုက်သက် ဝင်သက် လေတို့သည် ရှိကုန်၏။ ထိုထုက်သက်ဝင်သက်လေ နှစ်ပါး အပေါင်းကို ပထဝီကာယ, အာပေါကာယအစရှိသော ကာယ အပေါင်းတို့တွင် ဝါယောကာယ တပါး ဟူ၍ ဤသို့ ငါဘုရား ဟောတော်မူ၏။ အို ရဟန်းတို့.... ထို့ကြောင့် ဤဝါယောကာယ၌ ထုက်သက်ဝင်သက်လေ အပေါင်းကို အဖန်တလဲလဲ ရှုရ၍နေ၏။

၂။ အို အာနန္ဒာ.... အကြင်ထွက်သက်ဝင်သက်လေတို့သည် ရှိကုန်၏။ ထိုထွက်သက်ဝင်သက်လေ နှစ်ပါးအပေါင်းကို ပထဝီကာယ, အာပေါကာယအစရှိသောကာယ အပေါင်းတို့တွင် ဝါယောကာယ တပါးဟူ၍ ဤသို့ ငါဘုရား ဟောတော်မူ၏။ အို အာနန္ဒာ.... ထို့ကြောင့် ဤဝါယောကာယ၌ ထွက်သက်ဝင်သက်လေအပေါင်းကို အဖန်တလဲလဲ ရှုရ၍နေ၏။

၃။ ကာယညတရ ဆိုသည် ပထဝီကာယအစရှိကုန်သော လေးပါးကုန်သော ကာယအပေါင်းတို့တွင် ဝါယောကာယ တပါး၊ ဝါ လေ တခုတည်းကို ငါဘုရား ဟောတော်မူ၏။ လေအပေါင်းကို ငါဘုရား ဟောတော်မူ၏။ ဤကား ဆိုလိုရင်းတည်း။ တနည်းကား ရူပါယတန (ပ) ကဗဠီကာရအာဟာရဟူ၍ နှစ်ဆယ့်ငါးပါးကုန်သော ရုပ်စုရုပ်အပေါင်းတို့သည် ရူပကာယ မည်၏။ ထိုရုပ် နှစ်ဆယ့်ငါးပါးတို့တွင် အာနာပါန(=ထွက်သက်ဝင်သက်လေ)ကို ဖေါဋ္ဌဗ္ဗာယတန၌ ရေတွက်အပ် ပေါင်းအပ်သည်၏အဖြစ်ကြောင့်၊ ဝါယောကာယ တပါး၊ ဝါ လေ တပါး ဖြစ်၏။ ထို့ကြောင့်လည်း ထွက်သက်ဝင်သက်လေ တပါးဟု ဤသို့ ငါဘုရား ဟောတော်မူ၏။ တဿဝတိဟ ဆိုသည် အကြင်ကြောင့် လေးပါးကုန်သော အပေါင်းတို့တွင် ဝါယောကာယ လေ တပါးကို တနည်း နှစ်ဆယ့်ငါးပါးသော ရုပ်စုရုပ်ပေါင်း ဖြစ်သော ရူပကာယ၌ အာနာပါန တပါးကို၊ ဝါ တွက်သက်ဝင်သက်လေ

တပါးတည်းကို အဖန်တလဲလဲ ရှုရှုနေ၏။ ထို့ကြောင့် ထုက်သက်ဝင်သက်လေ အစုအပေါင်းဌ် ထုက်သက်ဝင်သက်လေ အစုအပေါင်းဟု အဖန်တလဲလဲ ရှုရှုနေ၏။ ဤကား ဆိုလိုရင်း စကားတည်း။

ဤဌ် "အာနာပါန, အဿာသပဿာသ (= ထုက်သက်လေဝင်သက်လေ) ဆိုသည် ဝါယော (= လေ)ကို သာ ယူရမည် မှတ်ရမည်။ အခြား ကိုယ်ခန္ဓာနှင့် စပ်သည်ကုကိုယခန္ဓာ တစတတဒေသ အရပဌာနကု မယူရမမှတ်ရ" ဟု ကာယညတရပုဒ်ဖြင့် တားမြစ်ပယ်ရှားရှု သဗ္ဗညုရှင်တော်ဘုရား သေချာစွာ ဟောတော်မူသည်။

အဌကထာဆရာမြတ်တို့ကလည်း သဗ္ဗညုရှင်တော်ဘုရား အလိုတော်ကျအတိုင်း "ဝါယောကာယံ ဝဒါမိ အာနာပါနံ ဖေဋ္ဌဗ္ဗာယတနေ သင်္ဂဟိတတ္တာ၊ အညတရံ ဝါယောကာယံ၊ အညတရံ အာနာပါနံ (= ဝါယောကာယကို ငါဘုရား ဟောတော်မူသည်၊ အာနာပါန ထုက်သက်ဝင်သက်လေကို ဖေါဌ္ဌဗ္ဗာယတနဌ် သွင်းအပ်ရေတွက်အပ်၏။ ဝါယောကာယလေ တပါး၊ အာနာပါန ထုက်သက်ဝင်သက်လေ တပါး)" ဟု ကာယသင်္ခါရနှင့် ကာယပဋိဗဒ္ဓပုဒ်တို့၏ အနက်သဘောမှန်ကို မလွဲမမှားနိုင်အောင် တိတိကျကျ သေချာစွာ ဖွင့်ပြတော်မူကြပေသည်။

သို့ဖြစ်၍ ထုက်သက်ဝင်သက်လေသည် ကိုယ်ခန္ဓာနှင့် စပ်နေသော်လည်း၊ ထိုကိုယ်ကာယကိုရင်း၊ ထိုကိုယ်

ကာယ၏ တစိတ်တဒေသ အရုပ်ဌာနကိုဂုဏ်း မမှတ်ရ မယူရဟု ပယ်ရှားတားမြစ်ထားသည်။ ဝါယောကာယ ထွက်သက်ဝင်သက်လေ လေသက်သက် တပါးတည်းကို သာ ယူရမည်ဟု ယတိပြတ် ဆုံးဖြတ်ချက် ချထားပေသည်။

ဖေါဋ္ဌဗ္ဗာယတနေ သင်္ဂဟိတတ္တာပုဒ်ဖြင့် ကာယာယတနကို လွှင့်စဉ်စေသည်၊ ပယ်ရှားထားသည်၊ မှုတ်ထုတ်ပစ်လိုက်သည်။

အာနာပါန ထွက်သက်ဝင်သက်လေကို ကိုယ်ခန္ဓာ တစိတ်တဒေသ အရုပ်ဌာန၌ ရှုမှတ်နေပါက၊ ကာယာယတန ဖြစ်နေ၍ ဖေါဋ္ဌဗ္ဗာယတနနှင့် ဖီလာကန့်လန့် ဆန့်ကျင်နေသည်၊ ကန့်လန့်ကျနေသည်၊ အာနာပါန အမည်ကို အလွဲသုံးစားရာကျနေသည်။

**မှတ်ချက်။** အာနာပါန ထွက်သက်ဝင်သက်လေကို ကိုယ် ခန္ဓာ တစိတ်တဒေသ အရုပ်ဌာန၌ ရှုမှတ်နေခြင်းသည် ကာယာနုပဿနာ ဖြစ်ပါ၏။ ကာယာနုပဿနာ မဖြစ်လို့ မဆိုလိုပါ။ အာနာပါန ဆိုသည်အရ အာနာပါန မမည်ပါ။ အာနာပါန အမည်နှင့် မထိုက်မတန် မလိုက်လျော ပဏာမဟာ အဆင်မပြေသော အမည်၊ သဗ္ဗညုရှင်တော်ဘုရား မှည့်ခေါ်ပညတ်သမုတ်ထားသော အမည်ပေးထားသော ''အာနာပါန'' နာမယ်အမည်ကို ကမောက် ကမပြုကာ အလွဲသုံးစားသော အာနာပါနအမည်ဟု ဆိုလိုသည်။ ဤစကားလုံးတို့ကို အဖျားဆွတ်၍ မပြောမိစေရန် အထူး သတိပေးခ်၏။

၁။ ကတမော ပနာယျေ ကာယသခ်ိါရော။

၂။ အဿာသပဿာသာ ခေါ အာဝုသော ဝိသာခ ကာယသခ်ိါရော။

၃။ ကသ္မာ ပနာယျေ အဿာသပဿာသာ ကာယ သခ်ိါရော။

၄။ အဿာသပဿာသာ ခေါ အာဝုသော ဝိသာခ ကာယိကာ ဧတေ ဓမ္မာ ကာယပဋိဗဒ္ဓါ၊ တသ္မာ အဿာသပဿာသာ ကာယသခ်ိါရော။ ။မူလပဏ္ဏာသပါဠိတော် စူဠဝေဒလ္လသုတ် ၃၇၅။

၁။ အို ရှင်မ ဓမ္မဒိန္နာထေရိမ ... ကာယသခ်ိါရဆို တာ ဘာကို ဆိုလိုပါသလဲ။

၂။ အို ငါ့ရှင် ဝိသာခဥပါသကာ.... ထွက်သက်ဝင် သက်လေတို့ကို ကာယသခ်ိါရလို့ ဆိုပါတယ်၊ ဆိုတာ ပါဘဲ။

၃။ အို ရှင်မ ဓမ္မဒိန္နာထေရိမ .... ထွက်သက်ဝင် သက်လေတို့ကို ဘာကြောင့် ကာယသခ်ိါရလို့ ခေါ်နိုင် ပါသလဲ။ ဆိုနိုင်ပါသလဲ။ ခေါ်ရပါသလဲ။ ဆိုရပါသလဲ။

၄။ အို ငါ့ရှင် ဝိသာခဥပါသကာ.... ထွက်သက်ဝင် သက်လေတို့သည် ရူပကာယ၌ ဖြစ်ကုန်၏။ ဤ ထွက် သက်ဝင်သက်လေ သဘောတရားတို့သည် ရူပကာယကို မှီကုန်၏။ ရူပကာယနှင့် စပ်၍ ဖြစ်ကုန်၏။ ထို့ကြောင့်

ထွက်သက်ဝင်သက်လေတို့ကို ကာယသင်္ခါရလို့ ခေါ်နိုင်ပါတယ်၊ ဆိုနိုင်ပါတယ်။ ဆိုပါတယ်။

ဘာဖြစ်လို့ ထွက်သက်ဝင်သက်လေတို့ကို ကာယသင်္ခါရလို့ ဆိုပါသလဲ။

ကိုယ်နှင့်စပ် ကိုယ်ကို မှီနေသောကြောင့်၊ ထွက်သက်ဝင်သက်လေတို့ကို ကာယသင်္ခါရလို့ ဆိုပါသည်။ ဤသို့တိုတိုတုတ်တုတ် လိုရင်းအတိုချုပ် မှတ်။

ထွက်သက်ဝင်သက်လေ အသာသပသာသအမည်ကို ကာယသင်္ခါရဟု အမည်ပြောင်းလဲ မှည့်ဆို ခေါ်ထားသည်လို့ ဆိုလိုသည်။

ကာယသင်္ခါရ ဆိုတာ ကိုယ်ခန္ဓာ အစိတ်အပိုင်း တနေရာကို မဆိုလို။ ထွက်သက်ဝင်သက်လေကိုသာ အမှန်ဆိုလိုသည်ဟု အသာသပသာသပုဒ်ဖြင့် ပြထား ဟောထားခြင်းသည် အလွန် ထင်ရှားသိသာလှပါသည်။

**စကားအကျိုးပြီးစေလို ဥပမာဖြင့် ဆို။**

ဥပမာယ ပိဓေကစ္စေ ဝိညူ ပုရိသာ ဘာသိတဿ အတ္ထံ အာဇာနန္တိ (= လောကဌ် အချို့ လိမ်မာမြေဝ်သိ ပညာရှိ ကဝိတို့သည် ဆိုလိုသော စကား၏ သဘောအကျိုးအနက် လိုရင်းအချက်ကို ဥပမာဖြင့်လည်း သိစေကြကုန်၏)။

သုတ်မဟာဝါပါဠိတော်၌ ရှင်ကုမာရကဿပက ပါယာသိရာဇညမင်းအားဇင်း၊ မှုလပဏ္ဍာသပါဠိတော် မ

ဟာဝေဒလ္လသုတ်၌ ရှင်သာရိပုတ္တရာက ရှင်မဟာကောဋ္ဌိကအားငင်း မိမိ စကား ပိုမိုလေးနက် ခိုင်လုံ ယုံကြည်အကျိုးပြီးစေလို၍ ဥပမာပြုရန် အစချီ အစပျိုးသော စကားချီး စကားပျိုးတည်း။

သဗ္ဗညုရှင်တော်ဘုရားသည် ပညာရှိကဝိတို့တွင် တပါးတဆူ အပါအဝင် ဖြစ်၍ ပညာရှိကဝိထိပ်သီးတို့၏ အထွဋ်အမြတ် ထိပ်သီး ကဝိတဆူ ဖြစ်တော်မူသည့်အတိုင်း မိမိ စကား ပိုမို လေးနက် နှစ်သက် ခိုင်လုံ ယုံကြည် အကျိုးပြီးမြောက် ထိရောက်စေခြင်းအကျိုးငှါ ထို့ထို့ ဓမ္မဒေသနာတော်တို့၌ ဥပမာပြကာ ဟပ်ကာ ဥပမာပေးကာ ပေးကာ ဥပမာဖြင့် ပြသဟောကြားတော်မူလေ့ရှိတော်မူသည့်အတိုင်း ဤ သတိပဋ္ဌာနသုတ်တော်မြတ် အာနာပါနပဗ္ဗ၌လည်း ထွက်သက်ဝင်သက်လေနှင့် ပွတ်ကြိုး နှိုင်းယှဉ်ကာ ပွတ်ကြိုး ပွတ်သမား ဥပမာဖြင့် ဟောတော်မူသည်။

သေယျထာပိ ဘိက္ခဝေ ဒက္ခော ဘမကာရော ဝါ ဘမကာရန္တေဝါသီ ဝါ ဒီဃံ ဝါ အဉ္ဆန္တော ဒီဃံ အဉ္ဆာမီတိ ပဇာနာတိ၊ ရဿံ ဝါ အဉ္ဆန္တော ရဿံ အဉ္ဆာမီတိ ပဇာနာတိ။

ရဟန်းတို့.... ဥပမာကား လမမာသော ပွတ်သမားသည်ရင်း၊ ပွတ်သမား တပည့်သည်ရင်း ရှည်ရှည် ပွတ်ကြိုးကို ဆွဲငင်ဆွဲယူသော အခါ၊ ရှည်ရှည် ပွတ်ကြိုးကို ဆွဲငင်ဆွဲယူ၏ဟု သိ၏။ တိုတို ပွတ်ကြိုးကို ဆွဲ

ငင်ဆဲ့ယူသော အခါ၊ တိုတို ပုတ်ကြိုးကို ဆဲ့ငင်ဆဲ့ယူ၏ ဟု သိ၏။

ဤဥပမာကား နောင် သာသနာတော် ၂၄၀၀၊ ၂၅၀၀ ကျော် အချိန်ကာလ ခေတ်သမယ၌ အာနာပါန (= ထုက်သက်ဝင်သက်လေ) အရှည်အတိုကို ခန္ဓာကိုယ် တစိတ်တဒေသ တနေရာတ၌ နာနာ့ဘဝ တနေရာတ၌ ထုက်သက်ဝင်သက်လေ အရှည်အတို အာနာပါနအမည်ဖြင့် ရှုပွါးနေမည်ကို စိုးရိမ်မကင်းလှသဖြင့်၊ ထုက်သက်ဝင်သက်လေ အရှည်အတို ဖြစ်ပုံဖြစ်ဟန် နေပုံနေဟန်ကို မလွဲမမှားနိုင်အောင် သိသာထင်ရှား လမ်းမှန် နည်းမှန် ကျစေရန် ရစေရန် ပုတ်ဆဲ့ပုတ်သမား ဥပမာဖြင့် လက်ညှိုးတော်ညွှန်ကာ သဗ္ဗညုရှင်တော်ဘုရားက ဟောကြားတော်မူသော ဥပမာစကားတော်မြတ် ဖြစ်ပေသည်။

ရှေးက လက်ဆဲ့ပုတ်စင် ဖြစ်သည်။ ထိုဥပမာ ထင်ရှားအောင် လုံးပတ် ကြီးသော စည်နှင့် လုံးပတ် ငယ်သော ဆံထိုး နှိုင်းယှဉ်ကာ လက် ဆန့်ဆန့် ထားဟန် ကွေးကွေး ထားဟန် နေဟန် အင်္ဂကထာ၌ ပြသည်။

ဤဥပမာဖြင့်လည်း နှာခေါင်းမှတပါး အခြား ခန္ဓာကိုယ် အစိတ်အပိုင်း၌ အာနာပါနအဖြစ်ဖြင့် မရှုအပ်ကြောင်း သိသာထင်ရှားလှပေသည်။

ပရိမုခံ သတိ ဥပဋ္ဌပေတွာတိ တတ္ထ ကတမာ သတိ၊ ယာ သတိ အနုဿတိ ပဋိဿတိ (ပ) သမ္မာသတိ၊ အယံ ဝုစ္စတိ သတိ။ အယံ သတိ ဥပဋ္ဌိတာ ဟောတိ

သုပဋိတာ နာသိကဂ္ဂေ ဝါ မုခနိမိတ္တေ ဝါ၊ တေန ဝုစ္စတိ ပရိမုခံ သတိံ ဥပဋ္ဌပေတ္ဝာတိ။ ။ဝိဘင်ပါဠိတော် စျာနဝိဘင်သုတ်တန္တိဘာဇနီယ ၂၆၁။

ဇေမေဝ ဘိက္ခု နာသိကဂ္ဂေ ဝါ မုခနိမိတ္တေ ဝါ သတိံ ဥပဋ္ဌပေတ္ဝာ နိသိန္နော ဟောတိ။ ။ပဋိသမ္ဘိဒါ မဂ်ပါဠိတော် အာနာပါနဿတိကထာ ဝေါဒါနဉာဏ နိဒ္ဒေသ ၁၇၀။

ဤ၌ "နာသိကဂ္ဂေ ဝါ မုခနိမိတ္တေ ဝါ သတိံ" တို့ကို သဗ္ဗညုရှင်တော်ဘုရားကိုယ်တော်တိုင် ဟောကြားတော်မူအပ်သော သာမုက္ကံသိက ရွှေနှုတ်တော်ထွက် ဖြစ်၍ အလွန် ရိုသေလေးစား လိုက်နာအပ် လိုက်နာထိုက်လှပေသတည်း။

နတ္ထိ ဇ္ဈာ ပရိကမ္မေန ဝါ ဥပစာရေန ဝါ သန္တာတာ။ အာဒိဿမန္နာဟာရတော ပဘုတိ အတ္တာနော သဘာဝေနေဝ သန္တော စ ပဏီတောစာတိ အတ္ထော။ ။ဝိသုဒ္ဓိမဂ် ပဌမအုပ် ၂၅၉။

ဤအာနာပါနဿတိသမာဓိ၌ ငြိမ်သက်ခြင်းသဘော၏ အကြောင်း ဖြစ်သော ပရိကံသည်လည်း မရှိ။ ဥပစာ ဖြင့်မူလည်း ငြိမ်သက်မှုလည်း မရှိ။ ဥပစာရခဏ၌ နီဝရဏကင်းခြင်းကြောင့်၎င်း၊ စျာန်အင်္ဂါ ထင်ရှား ဖြစ်ခြင်းကြောင့်၎င်း အခြားသော သမာဓိတို့၏ ငြိမ်သက်သော အဖြစ်သည် ဖြစ်သကဲ့သို့ ဤအတူ ဤအာနာပါ

နဿတိသမာဓိ၏ ငြိမ်သက်သော အဖြစ်သည် မဖြစ်ချေ။ ဤအာနာပါနဿတိသမာဓိသည် စ၍ ကောင်းစွာ အဖန်တလဲလဲ နှလုံးသွင်းသည်က စ၍ "အတ္တနော သဘာဝေနေဝ သန္တော စ ပဏီတော စ (=မိမိ၏ သဘောအားဖြင့်သာ ငြိမ်သက်သည် မြတ်သည် ဖြစ်၏") ဟု ဆိုလိုသည်။

အတ္တနော သဘာဝေနေဝ သန္တော စ ပဏီတော စ (=မိမိ၏ သဘောအားဖြင့်သာ ငြိမ်သက်သည် မြတ်သည်)။ သန္တဉ္ဉေဝ ဟောတိ သုခုမဉ္စ (=ငြိမ်သက်သည်လည်း ဖြစ်၏။ သိမ်မွေ့သည်လည်း ဖြစ်၏) ဆိုသဖြင့်၊ ပကတိရိုးရိုး ထွက်သက်ဝင်သက်လေသည်ပင် ရှုနှုန်းကြမ်းတန်းလှသေး၏။ ပြင်းလှသေး၏။ သို့အတွက် ပကတိရိုးရိုးထက် တစ တစ နူးညံ့သည်ထက် နူးညံ့၊ သိမ်မွေ့သည်ထက် သိမ်မွေ့စေရန် အာနာပါနကမ္မဋ္ဌာန်းကို ပွါးများရပုံ အားထုတ်ရပုံကိုလည်း အထူး သတိရထိုက်ပြီထိုက်လှပေသတည်း။

"အာနာပါန" ဟု အမည်ခံပါက နာမယ်ပေး နာမယ်ယူထားပါက၊ ဤဝိဘင်ပါဠိတော်, ပဋိသမ္ဘိဒါမဂ်ပါဠိတော်တို့နှင့် ညီရန် မလွန်ဆန်ရန် အထူး သတိပြုထိုက် ရထိုက်လှပေသည်။

တပည့်ယောဂီတို့ လွယ်ကူပေါ့ပါး သမာဓိ ဖြစ်လွယ် ထင်မြင်လွယ်စေခြင်းအကျိုး ရှိရှိပြီး၊ လွယ်ကူမှု ထင်မြင်လွယ်မှု သမာဓိရလွယ် ဖြစ်လွယ်မှု သက်သက်

ကိုသာ သဘောထားပြီး၊ ထင်ရှားပေါ်လွင်ရာ ဌာနကိုသာ ပြရပါသည်။ တမင်သက်သက် တမျိုး ပြုပြင်ရပါသည်။ ‘‘စာအတိုင်းလည်း မယုံကြည် မလိုက်နာနိုင်ပါ။ ရှေးသမရိုးကျလည်း ခေတ်နောက်ပြန်ဆွဲနေ၍ ခေတ်မစားလှပါ။ စာပြော မလို၊ ငါပြော လိုပါသည်။ စာတွဲ့ မလို၊ ငါတွဲ့ လက်တွဲ့မှ လိုပါသည်’’ဟု ဆင်ခြေပေးခဲ့သော်၊ ဒုက္ကရစရိယကျင့်စဉ် ခန္ဓာကိုယ် နှိမ်းနယ်ပင်ပန်းခဲ့သော အာနာပါနမှ သက်သာလွယ်ကူ သဘာဝလည်းကျ ချမ်းသာလှသော အာနာပါနဖြင့် စျာန်သမာပတ် ရခဲ့သော သဗ္ဗညုရှင်တော်ဘုရား ကိုယ်တွဲ့ လက်တွဲ့ ငါတွဲ့ကို ဟောထားတော်မူသော ‘‘စာတွဲ့ အာနာပါနကမ္မဌာန်း’’ဟု သတိရထိုက်လှပေသည်။

ပုထုဇဉ်တို့ ငါတွဲ့ဟာ ဘုရားဟာ စာတွဲ့ အရိယာတွေတို့ကဲ့သို့ မုချ မှန်၏လို့ ယူရဲယူဝံ့ ပြောရဲပြောဝံ့ပါရဲ့လား။

နှာခေါင်း၌ နှာသီးဖျား၌ သတိထားခြင်း သတိဖြစ်စေခြင်း စိတ်ထားခြင်းသည် ဘုရားဟာ ပါဠိတော်ရော အဋ္ဌကထာအဖွင့်ရော လောက အသုံးအနှုံးရော သဘာဝရော မျက်မြင်ရော ကိုယ်တွဲ့ရော အားလုံး ကိုက်ညီနေတော့သည်။ မှန်နေတော့သည်။ အလွန် ကောင်းလှပေသတည်း။ ပါဠိတော် ဘုရားစကားတော်ကို မလွန်ဆန်သင့်ပေ။ ။သမထကဏ္ဍ ပြီး၏။

# ဝိပဿနာကဏ္ဍ

## ၁။ ဝိပဿနာ၏ ပုဗ္ဗကိစ္စ လေးပါး

အာနာပါန သမထမှ ဝိပဿနာသို့ ကူးလိုသော ယောဂါဝစရသည်-

ရုပ်ကို သိမ်းဆည်းခြင်း — ရူပပရိဂ္ဂဟ
နာမ်ကို သိမ်းဆည်းခြင်း — နာမပရိဂ္ဂဟ
ထို ရုပ်, နာမ် နှစ်ပါးတို့၏ ဖြစ်ကြောင်းကို သိမ်းဆည်းခြင်း — ပစ္စယပရိဂ္ဂဟ
အကြောင်း ငါးပါးနှင့်တကွ ဖြစ်သော ရုပ်, နာမ်တရား နှစ်ပါးတို့၏ ဖြစ်ပြီး, ဖြစ်ဆဲ, ဖြစ်လတ္တံ့ ဟူသော အခွန့်ကို သိမ်းဆည်းခြင်း — အဒ္ဓါနပရိဂ္ဂဟ

ဟူသော ပုဗ္ဗကိစ္စ လေးပါးတို့တွင် ရှေးဦးစွာ ရုပ်ကို သိမ်းဆည်းရာ၏။

## ၂။ ရူပပရိဂ္ဂဟကို ပြခြင်း

ရုပ်ကို သိမ်းဆည်းလိုလတ်သော်၊ အဿာသ, အဿာသ၏ ပဋိဘာဂကိုဌင်း ၁။ ထိုအဿာသ၏ ပဋိဘာဂ

၏ အာလောကကြောင့် ပစ္စက္ခဉာဏ်ဝဋ္ဋ ထင်မြင်လာရသော ဝတ္ထုရုပ်တို့ကိုဂုဏ်း ၂။ ပဿာသ, ပဿာသ၏ ပဋိဘာဂကိုဂုဏ်း ၁။ ထိုပဿာသ၏ ပဋိဘာဂ၏ အာလောကကြောင့် ပစ္စက္ခဉာဏ်ဝဋ္ဋ ထင်မြင်လာရသော ဝတ္ထုရုပ်တို့ကိုဂုဏ်း ၂။ (ပေါင်းမူ "အဿာသ၏ ပဋိဘာဂ, ပဿာသ၏ ပဋိဘာဂ, ဝတ္ထုရုပ်တို့" ဟူ၍ သုံးခုသာ ရှိ၏။) ထိုသုံးခုကို တပေါင်းတည်း တခုတည်း ပြု၍ "ရုပ်, ရုပ်" ဟု သိမ်းဆည်းအပ်၏။

## ရုပ် တဆဲ့ရှစ်ပါး

တနည်း အဿာသ, ပဿာသဋ္ဌိ ရအပ်သော ရုပ်ကား-

ပထဝီ, အာပေါ, တေဇော, ဝါယော, ဝဏ္ဏ, ဂန္ဓ, ရသ, ဩဇာ, } သုဒ္ဓဋ္ဌကလာပ်

ဇဋိလကလာပ်နှင့် သမ္မဒ္ဓိက ဖြစ်ကြသော

ပထဝီ, အာပေါ, တေဇော, ဝါယော, ဝဏ္ဏ, ဂန္ဓ, ရသ, ဩဇာ, ဇီဝိတ, ဝတ္ထု } ဝတ္ထုဒသကကလာပ်

ပေါင်း တဆဲ့ရှစ်ပါး ရ၏။ ထိုတဆဲ့ရှစ်ပါးသော ရုပ်တို့ကို တပေါင်းတည်း ပြု၍ "ရုပ်, ရုပ်" ဟု သိမ်းဆည်းအပ်၏။

ဤ ရုပ်တရားတို့သည် ဘောက်ပြန်ခြင်းလက္ခဏာ ရှိ၏။ ဖရိဖရဲကြဲခြင်းကိစ္စ ရှိ၏။ အဗျာကတ ဟု ယောဂီ

ပုဂ္ဂိုလ်အား ထင်ခြင်း ပစ္စုပဋ္ဌာန် ရှိ၏။ ဝိပဿနာ ဝိညာဉ်သာလျှင် နီးစ့ဉ်သော ပဒဋ္ဌာန် ရှိ၏ ဟု လက္ခဏာ, ရသ, ပစ္စုပဋ္ဌာန်, ပဒဋ္ဌာန်တို့ကိုလည်း ဟုတ်မှန်စ့ဉ် ထိုး ထွင်း၍ သိအပ် မြင်အပ်၏။

## ပစ္စက္ခဉာဏ်

"ပစ္စက္ခဉာဏ်ဝဋ္ဋ ထင်မြင်ရသော ဝတ္ထုရုပ်တို့ကို" ဟူရာ၌ စတုတ္ထနည်းကို သိမ်းလိုက်ပြီးသော ယောဂါ ဝစရအား မိမိ၏ ပဋိဘာဂ, အာလောကသညာအတွင်း၌ အရှိန်မစဲ တသဲသဲ ဖြစ်ပေါ်၍ ထင်မြင်လာရသော သဘောတရားတို့ကား ဝတ္ထုရုပ်တို့ကို ပဋိဘာဂ၏ အာလောကကြောင့် မြင်ကုန်၏ ဟူလို။

## ဓမ္မတာ

ဝတ္ထုရုပ်ဟု ဆိုအပ်သော အရှိန်မစဲ တသဲသဲ ဖြစ်ပေါ်၍နေလာသော ဉာဏရဇကာယသည်ကား အဿာသ, အဿာသ၏ ပဋိဘာဂနှင့် စပ်ရမြဲ ဓမ္မတာတည်း။

ဝတ္ထုရုပ်ဟု ဆိုအပ်သော အရှိန်မစဲ တသဲသဲ ဖြစ်ပေါ်၍နေလာသော ဉာဏရဇကာယသည်ကား ပဿာသ, ပဿာသ၏ ပဋိဘာဂနှင့် စပ်ရမြဲ ဓမ္မတာတည်း။

အဿာသ, အဿဲာသ၏ ပဋိဘာဂသည်လည်း ဝတ္ထုရုပ်ဟု ဆိုအပ်သော အရှိန်မစဲ တသဲသဲ ဖြစ်ပေါ်၍နေလာသော ဉာဏရဇကာယနှင့် စပ်ရမြဲ ဓမ္မတာတည်း။

ပဿာသ, ပဿာသ၏ ပဋိဘာဂသည်လည်း ဝတ္ထု၊ ရုပ်ဟု ဆိုအပ်သော အရှိန်မစဲ တသဲသဲ ဖြစ်ပေါ်၍နေလာသော ကရဇကာယနှင့် စပ်ရမြဲ ဓမ္မာတာတည်း။

အဘယ်ကြောင့်နည်းဟူမူ ပဋိဘာဂနိမိတ်၏ ထင်ခြင်းကြောင့်တည်း။ ဝါ ပဋိဘာဂနိမိတ်၏ အာလောကကြောင့်တည်း။

## ၃။ ရုပ်၌ ထင်ခြင်း သုံးပါးကို ပြခြင်း

### အစပ် သန္ဓိ

ထိုသို့ ပဋိဘာဂ၏ အာလောကကြောင့် ပစ္စက္ခဉာဏ်ဝ၌ ထင်မြင်လာရသော ဝတ္ထု၊ရုပ်ကို သိမ်းဆည်းသော ကာလ၌လည်း တကိုယ်လုံးကို တစပ်တည်းကဲ့သို့ ထင်မြင်ခဲ့မူ၊ "သန္ဓိ" မည်၏။

### အဆစ် ပဗ္ဗ

ထိုသန္ဓိသည် အာရုံကို မပြတ်နိုင်သေးရကား မိမိကိုယ်ကို နှစ်ပိုင်း, သုံးပိုင်း, လေးပိုင်း, ငါးပိုင်း စသည် ဆစ်၍ ဆစ်၍ ကြည့်ရာ၏။ ထိုသို့ ဆစ်၍ ဆစ်၍ ကြည့်တိုင်း ကြည့်တိုင်း ထင်မြင်ခဲ့မူ၊ "ပဗ္ဗ" မည်၏။

### အပိုင်း ဩဓိ

ထိုပဗ္ဗသည်လည်း အာရုံကို မပြတ်နိုင်သေးရကား မိမိကိုယ်ကို အာရုံယူနိုင်သမျှ လက်လေးသစ်ခန့် တမိုက်

ခန့် ပိုင်း၍ ပိုင်း၍ ရုပ်ကို အာရုံပြုလျက် "ရုပ်, ရုပ်"ဟု ထင်မြင်ခဲ့မူ၊ "ဩဒိ" မည်၏။

ထိုဩဒိကို လက်မလွတ်မူ၍ "ရုပ်, ရုပ်" ဟူ၍ သိမ်း ဆည်းရမည်။

## ၄။ ရုပ်၏ အစွန်း သုံးပါးကို ပြခြင်း

### ဗဟရန္တရ

အရှိန်မစဲ တသဲသဲ ဖြစ်ပေါ်၍နေသော ဤရုပ်ကား ဝတ္ထုရုပ် မည်သတတ်။ ဤဝတ္ထုရုပ်သည် ငါ၏ နှလုံး အိမ် တလက်ဘက်မျှလောက်သော သွေးဌ မှီ၍ ဖြစ်၏။ ထိုသို့ဖြစ်သောအတိုင်း ငါ၏ သန္တာန် တက်ယ်လုံးဌ အ ရှိန်မစဲ တသဲသဲ တဖွါးဖွါး မြင်လာရ၏။ ထိုသို့ မြင်လာ ရသော ဝတ္ထုရုပ်၏ အရင်းမူလကား အဘယ်ကဲ့သို့ ရှိသ နည်းဟု စူးစမ်းလတ်သော်၊ အန္တရ, ဗဟိန္တရ, ဗဟရန္တရ ဟု ဆိုအပ်သော အစွန်း သုံးပါးတို့တွင် ရှေးဦးစွာ ဗဟ ရန္တရဟု ဆိုအပ်သော မိမိ၏ နိမိတ်၏ ထိပ် မဏ္ဍာလ ဌာန ပဿာဒမဏ္ဍာ၊ အပြင်ဝယ် ငယ်စွာသော ပုန်းညက် စေ့ ပမာဏ ရှိလောက်သော အရပ်ဌ တဖျတ်ဖျတ် ခုန် ၍ ပွင့်လျက်နေသော အာကာရကို မြင်ရ၏။ ထိုအာ ကာရကို အစပြု၍ မဏ္ဍာလ တပြင်လုံးကို ကြည့်လိုက် သော်၊ တဖျတ်ဖျတ် ခုန်လျက်နေကြသော အာကာရကား ယောဂါဝစရပုဂ္ဂိုလ်၏ ဓမ္မတာအားဖြင့် ဝတ္ထုရုပ်တို့၏ ထင်မြင်ခြင်းပင်တည်း။ ထိုယောဂါဝစရအား ထိုမဏ္ဍာလ

ဌာန ပဿာဒမဏ္ဍုံဝယ် မြင်လာရခြင်း၊ ဓမ္မတာသည် ဗဟာရန္တရအာစ္ဆန်း၌ မိမိ၏ ဝတ္ထုရုပ်ကို မြင်ရခြင်း ဓမ္မတာ တပါးပင်တည်း။

## ဗါန္တရ

ထိုဗဟာရန္တရအာစ္ဆန်းကား ဝေးသော အာစ္ဆန်းတည်း။ အချို့သော စျာနလာဘီတို့၏ လမ်းနှင့် တူ၏။ "ငါသည် ဤဗဟာရန္တရဖြင့် အဘယ်မျှစအုံးနည်း" ဟု မိမိ ဦးခေါင်း ထိပ်ထက်ကို စိုက်၍ နာနာ ကြည့်လတ်သော်၊ အရှိန်မစဲ တသဲသဲ ဖြစ်ပျက်၍နေသော ဝတ္ထုရုပ်ကို မြင်ရပြန်၏။ သို့မြင်ရသော ငဝတ္ထုရုပ်သည် ဗါန္တရ မည်၏။ ထိုဘို့ ဗါန္တရအာစ္ဆန်းက နေ၍ အောက်ကို စိုက်လိုက်သော်၊ တကိုယ်လုံး၏ ဝတ္ထုရုပ်တို့ ဖြစ်ပျက်ဟန်ကို မြင်ရ၏။ ထို သို့မြင်ရခြင်းသည် ဗါန္တရအာစ္ဆန်းက စ၍ ဝတ္ထုရုပ်တို့ကို မြင်ရခြင်း ဓမ္မတာ တပါးပင်တည်း။

## အန္တရ

ထိုဗါန္တရအာစ္ဆန်းကား မနီးလွန်း မဝေးလွန်းသော အာစ္ဆန်းတည်း။ အဖျတ်သို့ ကောင်းစွာ မသက်သေး။ "ဤဗါန္တရဖြင့် အဘယ်မျှစအုံးနည်း" ဟု မိမိ၏ နှလုံးအိမ်သို့ စိုက်၍ စိုက်၍ နာနာ ကြည့်လတ်သော်၊ မိမိ၏ ရုင်လယ် အတွင်း၌ ဗဟာရန္တရ မဏ္ဍလဌာန ပဿာဒမဏ္ဍုံဝယ် ဆတ်ဆတ်ခုန် ဖြစ်သော အလားကဲ့သို့ဌင်း၊ မီးခဲုး မီးကျည်တို့၏ စနက်ပေါက်မှ ထွက်ပေါ်လာသော မီးပေါက် မီးဖွားကဲ့သို့ဌင်း၊ စက်ယန္တရားတို့ လည်သကဲ့သို့

ရင်း စသည်ဖြင့် မြင်လာတတ်၏။ ထိုသို့ မြင်လာသော ဟဒယ ပဒေသ အဇ္ဈတ္တမှ စ၍ တချက်တည်းသော အာရုံဖြင့် တကိုယ်လုံးကို ကြည့်လိုက်သော်၊ "ဤအရိုန်မစဲ တသဲသဲ ဖြစ်ပေါ်၍နေသော အာကာရကား ငါ၏ ရင်လယ်ကစ၍ ဖြစ်သော အာကာရတည်း" ဟု တချက်တချက်သော အာရုံဖြင့်သာ တကိုယ်လုံး ထင်မြင်၍နေသော ဝတ္ထုရုပ်ကို မြင်ရခြင်းသည် အန္ဓာရဖြင့် မြင်ရခြင်း ဓမ္မတာ တပါးပင်တည်း။

ထိုအန္ဓာရဖြင့် ရုပ်ကို သိမ်းဆည်းနိုင်ပါမူ၊ ယောင်ကိုင်၍ သိမ်းဆည်းနိုင်သော သူ မည်ပေ၏။ ထိုသို့ ယောင်ကိုင်၍ ဖြစ်စေ၊ သြဒိန္ဒင့် ဖြစ်စေ မိမိ ရုပ်ကို သိမ်းဆည်းအပ်၏။ သိမ်းဆည်းဘန်များလတ်မူ၊ ယောဂါဝစရ၏ ဉာဏ်ဝဠ္ဍ အချို့သော သူတို့အား စတုတ္ထဇ္ဈာန်း သိမ်းဆည်းရုံနှင့်၊ အချို့သော သူတို့အား ရုပ်ကို သိမ်းဆည်းရုံနှင့် အချို့သော သူတို့အား သမ္မသနသို့ ရောက်မှ ငါးပါးသော ရုပ်၏ ဥပမာတို့တွင် တပါးပါး ဖြစ်စေ၊ ရောရှ ဖြစ်စေ ထင်မြင်လာရမြဲ ဓမ္မတာတည်း။

ဤကား အလုပ်လမ်းရိုးတို့၏ ဝေါဟာရ အစဉ်တည်း။ ။ရူပပရိဂ္ဂဟ ပြီး၏။

## ၅။ နာမပရိဂ္ဂဟကို ပြခြင်း

နာမ်ကို သိမ်းဆည်းလိုသော ယောဂါဝစရသည် အဿာသ, အဿာသ၏ ပဋိဘာဂ, ပဿာသ, ပဿာသ၏ ပဋိဘာဂ, ပဋိဘာဂ၏ အာလောကသညာကြောင့်

ပစ္စက္ခဉာဏ်စဥ် ထင်မြင်လာရသော ဝတ္ထုရုပ်တို့ကို အာရုံပြုသော စိတ် စေတသိက်တို့သည် နာမ် မည်၏။ ထိုနာမ်တို့ကို ပဋ္ဌာန၏ အစွမ်းအားဖြင့် သိသည် သိသည် ဟူ၍ သိမ်းဆည်းအပ်၏။

ဤနာမကွန်ဒသည် အာရုံကို ညွှတ်ခြင်းလက္ခဏာ ရှိ၏။ စိတ် စေတသိက်တို့ကို ယှဉ်စေခြင်းကိစ္စ ရှိ၏။ ကဲ့ပြားခြင်း မရှိ ဟု ယောဂီပုဂ္ဂိုလ်အား ထင်ခြင်း ပစ္စုပဋ္ဌာန် ရှိ၏။ ဝိပဿနာဝိညာဉ်လျှင် နီးစွာသော ပဒဋ္ဌာန် ရှိ၏ ဟု လက္ခဏာ, ရသ, ပစ္စုပဋ္ဌာန်, ပဒဋ္ဌာန်တို့ကို သိမ်းရုံး၍ ပဋ္ဌက သုံးပါးတို့တွင် တပါးပါးဖြင့်ရင်း၊ ဝိညာဏပဋ္ဌကဖြင့်ရင်း သိသည် သိသည်ဟု နာမ်ကို သိမ်းဆည်းရာ၏။

## ပစ္စက္ခဉာဏ်

အထူးအားဖြင့်ကား ပစ္စက္ခဉာဏ် ယူရာဝယ်၊ ရုပ်တို့၏ ပစ္စက္ခကဲ့သို့ ဥပမာ ငါးပါးသို့ သက်၍ ထင်မြင်လာရသည်မဟုတ်၊ စင်စစ်သော် ဖဿပဋ္ဌက, ဝေဒနာပဋ္ဌက, ဝိညာဏပဋ္ဌကတို့ဖြင့် သက်ဝင်၍ အာရုံနှင့် အာရမ္မဏိက တွေ့ရုံမတ္တ, ခံစားရုံမတ္တ, အာရုံကို သိရုံမတ္တမျှ ဖြစ်၍ ထင်မြင်ခြင်းသည်ပင် နာမ်တရား၌ ပစ္စက္ခဉာဏ် မည်၏။ ဝါ၊ နာမ်တရား၏ ပစ္စက္ခဉာဏ် ဟူ၍ မှတ်ကြရမည်။

ဝတ္ထုရုပ်တို့ကို အာရုံပြုသော စိတ် စေတသိက် ဟူသည်ကား ထိုထိုသော ဝတ္ထုရုပ်တို့ကို အာရုံပြုသော၊ သုံးပါးသော ပဋ္ဌကတို့ဖြင့် မှတ်အပ်သော ကာမာဝစရ

ကုသိုလ် ဉာဏသမ္ပယုတ်စိတ် ၁၊ အညသမာန်း တေရ သ၊ သောဘဏစေတသိက် ပဥ္စဝိသအား ဖြင့် ၃၁ ပါး ဤတရားတို့ပင်တည်း။ တနည်း မဟာကုသိုလ်ဉာဏသမ္ပယုတ်စိတ် ၁၊ အညသမာန်း ၁၃၊ သောဘဏစေတသိက် ၂၅ အား ဖြင့် ၃၉ ပါး ဤတရားတို့ပင်တည်း။

## တဝတ္ထု၊ တအာရုံ

ထိုစိတ် စေတသိက်တို့ကို သုံးပါးသော ပဥ္စကတို့ဖြင့် သက်စေ၍ ဝတ္ထု၊ရုပ်တို့ကို အာရုံပြုလိုက်သော စိတ် စေတသိက်တို့၏ တဝတ္ထု၊ တအာရုံတည်း ဖြစ်သော နာမ်တရားတို့၏ အပေါင်းကို တပေါင်းတည်း ပြု၍ သိမ်းဆည်းအပ်၏။ တခုတခုသော စိတ္တက္ခဏ၌ ဖြစ်သော နာမ်တရားတို့၏ အပေါင်းကို မသိမ်းဆည်းအပ် မသိမ်းဆည်းနိုင် ဟူလို။

တဝတ္ထု၊ တအာရုံတည်း ဖြစ်သော နာမ်တရားတို့၏ အပေါင်းကို တပေါင်းတည်းပြု၍ သိမ်းဆည်းအပ်၏ဟု ဆိုသော်၊ အဘယ်ကဲ့သို့ ပေါင်း၍ သိမ်းဆည်းအပ်သနည်း။

နာမ်တရားတို့၏ သဘာဝတို့မည်သည် "ဤစိတ်နှင့် ဤစေတသိက်ကို ယှဉ်စေအံ့၊ ဤစိတ်နှင့် ဤစေတသိက်ကို မယှဉ်စေအံ့" ဟု တစုံတယောက်သော သူ ပေါင်းဆုံယှဉ်တွဲခြင်းငှါ မတတ်နိုင်။

စင်စစ်သော်ကား စိတ္တနိယာမအားလျော်စွာ အသာသ ပဿာသတို့၏ ပဋိဘာဂ အာလောကသညာကြောင့် ထင်လာရသော ဓမ္မတာ ဖြစ်၍ ငါးပါးသော ဥပမာတို့

တွင် တပါးပါးသော ဥပမာဖြင့် ထင်မြင်ရသော သ
ဘောတရား အပေါင်းကို အာရုံပြုသော စိတ် စေတသိက်
တို့၏ အပေါင်းတို့ကို နာမနလက္ခဏာ တပေါင်းတည်း
ပြု၍ သိမ်းဆည်းအပ်၏။

ထိုသို့ ထင်မြင်အပ်သော ဓမ္မတာ သဘောတရားတို့
ကို အာရုံပြုလိုက်သော စိတ် စေတသိက် တရားတို့သည်
မနောဒွါရ၏ အစွမ်းဖြင့် သုံးပါးသော ပဥ္စကသို့ သက်
လေ၍ ထင်ရှားစွာ "ဤတရားစုကား နာမ်တို့ပေ
တည်း" ဟု သိရကုန်၏။

## ၆။ အာရုံနှင့် အာရမ္မဏိကကို ပြခြင်း

### ဖဿပဉ္စက

အဿာသ, အဿာသ၏ ပဋိဘာဂ, ပဿာသ, ပဿာ
သ၏ ပဋိဘာဂ, အာလောကကြောင့် ပစ္စက္ခဉာဏ်ဝဋ္ဋ
ထင်မြင်လာရသော ဝတ္ထုရုပ်တရား စသည်တို့ကို ညွှတ်
လိုက်သော၊ ရှေးဦးစွာသော ဝိပဿနာကုသိုလ်စိတ် ယှဉ်
သော၊ ဖဿစေတသိက်ဟူသော အာရမ္မဏိကနှင့် ဤ
တရားစု အပေါင်းကား ဘောက်ပြန်ခြင်း အစရှိသော
ရုပ်တရားတို့တည်းဟု ရှေးဦးစွာ တွေ့ထိအပ်သော ရုပ်၏
အာရုံတရားသည် အာရမ္မဏိကနှင့် အာရုံတရားတို့ တွေ့
ထိခြင်း အရင်းမူလကို ပြခဲ့နှင်းရ၍ ခေါ်ဝေါ်အပ်သော
ကြောင့်၊ "ဖဿပဉ္စက" မည်၏။

ဤဖဿပဉ္စကဥ် ဖဿချည်းသာ မဟုတ်။ ဖဿနှင့်
သဟဇာတ် ဖြစ်ကြကုန်သော ဝေဒနာ, သညာ, စေတနာ,

ဝိညာဉ်, ဤတရား လေးပါးသည်လည်းကောင်း၊ ဤသဟဇာတ်တရား အပေါင်း၌ ကြွင်းသော စေတသိက်တရား ၃၄ ပါးတို့သည်လည်းကောင်း မိမိ မိမိတို့ ခန္ဓာအစုမ်းအားဖြင့် သူ့လက္ခဏာနှင့်သူ ပါကြရလေကုန်၏။

## ဝေဒနာပဉ္စက

ဝေဒနာပဉ္စကဒ္ဒါလည်း ၎င်းနည်းတူ "ဝေဒနာစေတသိက် ဟူသော အာရမ္မဏိကနှင့် ဤတရားစု အပေါင်းကား ဘောက်ပြန်ခြင်း အစရှိသော ရုပ်တရားတို့တည်း" ဟု ရှေးဦးစွာ ခံစားအပ်သော ရုပ်၏ အာရုံတရားသည် အာရမ္မဏိကနှင့် အာရုံတရားတို့ ခံစားခြင်းမူလကို ပြုစာန်း၍ ခေါ်ဝေါ်အပ်သောကြောင့်၊ "ဝေဒနာပဉ္စက" မည်၏။

ဤဝေဒနာပဉ္စကဒ္ဒါ ဝေဒနာချည်းသာ မဟုတ်။ ဝေဒနာနှင့် သဟဇာတ် ဖြစ်ကြကုန်သော သညာ, ဖဿ, စေတနာ, ဝိညာဉ်, ဤတရား လေးပါးသည်လည်းကောင်း၊ ဤသဟဇာတ်တရား အပေါင်း၌ ကြွင်းသော စေတသိက်တရား ၃၄ ပါးတို့သည်လည်းကောင်း မိမိမိမိတို့ ခန္ဓာအစုမ်းအားဖြင့် သူ့လက္ခဏာနှင့် သူ ပါကြရလေကုန်၏။

## ဝိညာဏပဉ္စက

ဝိညာဏပဉ္စကဒ္ဒါလည်း ၎င်းနည်းတူ "ဝိပဿနာဝိညာဉ်စိတ် ဟူသော အာရမ္မဏိကနှင့် ဤတရားစု အ

ပေါင်းကား ဘောက်ပြန်ခြင်း အစရှိသော ရုပ်တရားတို့ တည်း''ဟု ရှေးဦးစွာ သိအပ်သော ရုပ်၏ အာရုံတရား သည် အာရမ္မဏိကနှင့် အာရုံတရားတို့ သိခြင်းမူလကို ပြခဲ့နှင်း၍ ခေါ်ဝေါ်အပ်သောကြောင့်၊ ''ဝိညာဏပဉ္စက'' မည်၏။

ဤဝိညာဏပဉ္စက၌ ဝိညာဉ်ချည်းသာမဟုတ်။ ဝိညာဉ် နှင့် သဟဇာတ် ဖြစ်ကြကုန်သော ဝေဒနာ, သညာ, ဖဿ, စေတနာ, ဤတရား လေးပါးသည်လည်းကောင်း၊ ဤ သဟဇာတ်တရား အပေါင်း၌ ကြွင်းသော စေတ သိက်တရား ၃၄ ပါးတို့သည်လည်းကောင်း မိမိ မိမိတို့ ခန္ဓာ အစုမ်းအားဖြင့် သူ့လက္ခဏာနှင့် သူ ပါကြရလေ ကုန်၏။

## ၇။ ခန္ဓာအာယတနဓါတ်တို့ကို ရုပ် နာမ် နှစ်ပါးဖြင့် သင်္ဂဟ်းဆည်းခြင်း

| ဝတ္ထုရုပ်၌ ရအပ်ကုန်သော ရုပ်ကား | | ဖေါဋ္ဌဗ္ဗာယတန၌ ရအပ် ကုန်သော ရုပ်ကား | |
|---|---|---|---|
| ကာယဒသက | ၁၀ | ကာယဒသက | ၁၀ |
| ဘာဝဒသက | ၁၀ | ဘာဝဒသက | ၁၀ |
| ဝတ္ထုဒသက | ၁၀ | စိတ္တဇ | ၈ |
| စိတ္တဇ | ၈ | ဥတုဇ | ၈ |
| ဥတုဇ | ၈ | အာဟာရဇ | ၈ |
| အာဟာရဇ | ၈ | အဿာသ, ပဿာသ | ၈ |

ဝတ္ထုဒသကကို ဝတ္ထုရုပ် ခေါ်သည်။ အဿာသ ပဿာသ သုဒ္ဓဋ္ဌကို ဖေါဋ္ဌဗ္ဗာယတန ခေါ်သည်။ သဘောတူရာ ပေါင်းက ၆၂ ပါး ဖြစ်၏။

| | | |
|---|---|---|
| ဝတ္ထုဒသက | ၁၀ | ဝတ္ထုရုပ် ၅၄၊ ထွက်သက်ဝင်သက် ၀၊ ပေါင်း ရုပ် ၆၂ ပါး။ |
| ကာယဒသက | ၁၀ | |
| ဘာဝဒသက | ၁၀ | စိတ်နာမ် ၁ ပါး၊ စေတသိက်နာမ် ၃၀ ပါး၊ ပေါင်း နာမ် ၃၉ ပါး၊ ပရမတ္ထတရား ၁၀၁ ပါးတို့သည် အာနာပါနအခိုက်၌ ရအပ်ကုန်၏။ |
| စိတ္တဇ | ၀ | |
| ဥတုဇ | ၀ | |
| အာဟာရဇ | ၀ | |
| အဿာသ, ပဿာသ | ၀ | |

## ခန္ဓာ ငါးပါး

၁။ ရုပ်ပေါင်း ၆၂ ပါးသည် "ရူပက္ခန္ဓာ" မည်၏။

၂။ နာမ်ပေါင်း ၃၉ ပါးတို့တွင် ဝေဒနာစေတသိက် သည် "ဝေဒနာက္ခန္ဓာ" မည်၏။

၃။ သညာစေတသိက်သည် "သညာက္ခန္ဓာ" မည်၏။

၄။ ဝေဒနာ, သညာမှ ကြွင်းသော စေတသိက် ၃၆ ပါးသည် "သင်္ခါရက္ခန္ဓာ" မည်၏။

၅။ ဝိပဿနာကုသိုလ်စိတ်သည် "ဝိညာဏက္ခန္ဓာ" မည်၏။

ရုပ်ခန္ဓာ ၁ ပါးကို "ရုပ်" ဟု သိမ်းဆည်း။ နာမ်ခန္ဓာ ၄ ပါးကို "နာမ်" ဟု သိမ်းဆည်း။

## အာယတန လေးပါး

၁။ ဝတ္ထု၂ရုပ် ၅၄ ပါးမှ ဝတ္ထု၂ ဒသကကို နှုတ်၊ ကြွင်း ၄၄ ပါးသည် "ကာယာယတန" မည်၏။

၂။ အဿာဿ, ပဿာဿ ဂ ပါးသည် "ဖောဋ္ဌဗ္ဗာယတန" မည်၏။

၃။ ဝိပဿနာကုသိုလ်စိတ်သည် "မနာယတန" မည်၏။

၄။ ဝတ္ထု၂ဒသက ၁၀ ပါးသည် ရုပ်ဓမ္မာယတန၊ စေတသိက် ၃၈ ပါးသည် နာမ်ဓမ္မာယတန၊ နှစ်ပါးပေါင်း ၄၈ ပါးသည် "ဓမ္မာယတန" မည်၏။

ကာယာယတန, ဖောဋ္ဌဗ္ဗာယတန, ရုပ်ဓမ္မာယတန တို့ကို "ရုပ်" ဟု သိမ်းဆည်း။

မနာယတန, နာမ်ဓမ္မာယတနတို့ကို "နာမ်" ဟု သိမ်းဆည်း။

## ဓါတ် လေးပါး

၁။ ဝတ္ထု၂ရုပ် ၅၄ ပါးမှ ဝတ္ထု၂ဒသကကို နှုတ်၊ ကြွင်း ၄၄ ပါးသည် "ကာယဓါတ်" မည်၏။

၂။ အဿာဿ, ပဿာဿ ဂ ပါးသည် "ဖောဋ္ဌဗ္ဗ ဓါတ်" မည်၏။

၃၊ ဝိပဿနာကုသိုလ်စိတ်သည် "မနောဝိညာဏ ဓါတ်" မည်၏။

၄။ ဝတ္ထုဒသက ၁၀ ပါးသည် ရုပ်ဓမ္မဓါတ်၊ စေတသိက် ၃၈ ပါးသည် နာမ်ဓမ္မဓါတ်၊ နှစ်ပါးပေါင်း ၄၈ ပါးသည် "ဓမ္မဓါတ်" မည်၏။

ကာယဓါတ်, ဖေဋ္ဌဗ္ဗဓါတ်, ရုပ်ဓမ္မဓါတ်တို့ကို "ရုပ်" ဟု သိမ်းဆည်း။

မနောဝိညာဏဓါတ်, နာမ်ဓမ္မဓါတ်တို့ကို "နာမ်" ဟု သိမ်းဆည်း။ ။နာမပရိဂ္ဂဟ ပြီး၏။

## ၈။ ပစ္စယပရိဂ္ဂဟကို ပြခြင်း

ထို ရုပ် နာမ် နှစ်ပါးတို့သည်၊ ဝါ ခန္ဓာ ငါးပါးတို့သည်၊ ဝါ အာယတန လေးပါးတို့သည်၊ ဝါ ဓါတ် လေးပါးတို့သည်၊ ဝါ ပရမတ္ထတရား ၁၀၁ ပါးတို့သည် အကြောင်းကင်း၍ ဖြစ်သည် မဟုတ်၊ အကြောင်းနှင့် တကွ ဖြစ်၏။

အကြောင်းကား၊ "အဝိဇ္ဇာ, တဏှာ, ဥပါဒါန်, ကံ, အာဟာရ" ဟူသော ဟေတုအကြောင်း, ပစ္စယအကြောင်းအားဖြင့် အတိတ်အကြောင်း ငါးပါး၊ "မနော, ဓမ္မာရုံ, မနသိကာရ" ဟူသော ပဋိစ္စအကြောင်းအားဖြင့် ပစ္စုပ္ပန်အကြောင်း သုံးပါး။ ဤအကြောင်းတို့သည် ပြုပြင်၍ ဖြစ်သည်ကို ရည်၍ "ပြုပြင်သည် ပြုပြင်သည်" ဟု သိမ်းဆည်းအပ်၏။

## ဟေတုအကြောင်း

အဝိဇ္ဇာ, တဏှာ, ဥပါဒါန်, ကံ-ဤလေးပါးတို့ကား ဇနက ဖြစ်၍ "ဟေတုအကြောင်း" မည်၏။

အာဟာရသည် ဥပထမ္ဘက ဖြစ်၍ "ပစ္စယအကြောင်း" မည်၏။

အဝိဇ္ဇာသည် ရှေးရှေးသော အမှတ်မဲ့ တခုခုသော ဘဝ၌ ကာမ, ရူပ, အရူပဘဝတို့ကို မတပ်မက်အပ်သော တရားစု ဖြစ်လျက်နှင့် ဒါန, သီလ, ဘာဝနာတို့ကို ပြုပြီး၍ မစားအပ်သော အဆိပ်ကို စားအပ်၏ဟု ထင်မှားသော ယောကျ်ားမိုက်ကဲ့သို့ နောက်နောင် ဖြစ်လတ္တံ့သော လူ, နတ်, ဗြဟ္မာတို့၏ သန္တာန်၌ ကောန် ကပ်ငြိသော ဇာတိ, ဇရာ, မရဏ စသော ဘေးကြီးတို့ကို မှန်ကန်စွာ ယုံကြည်ပိုင်းဖြတ်၍ မသိတတ်သော တရားသည် "အဝိဇ္ဇာ" မည်၏။

"အဝိဒ္ဒါ ဘိက္ခဝေ အဝိဇ္ဇာဂတော ပုညာဘိသင်္ခါရမ္ပိ အဘိသင်္ခရောတိ၊ အပုညာဘိသင်္ခါရမ္ပိ အဘိသင်္ခရောတိ၊ အာနဉ္ဇာဘိသင်္ခါရမ္ပိ အဘိသင်္ခရောတိ။" ဟူသော ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၏ သာဓကပါဠိတော်ကို ထောက်။

ဘိက္ခဝေ၊ ရဟန်းတို့။ အဝိဒ္ဒါ၊ ပညာမရှိသော။ အဝိဇ္ဇာဂတော၊ အဝိဇ္ဇာနှင့် ပြည့်စုံသော သူသည်။ ပုညာဘိသင်္ခါရမ္ပိ၊ ပုညာဘိသင်္ခါရကိုလည်း။ အဘိသင်္ခရော

တိ၊ ပြုပြင်စီရင်၏။ ဝါ၊ အားထုတ်၏။ အပုညာဘိသင်္ခါရမ့ဲ၊ အပုညာဘိသင်္ခါရကိုလည်း။ အဘိသင်္ခရောတိ၊ အားထုတ်၏။ အာနဉ္ဇာဘိသင်္ခါရမ့ဲ၊ အာနဉ္ဇာဘိသင်္ခါရကိုလည်း။ အဘိသင်္ခရောတိ၊ အားထုတ်၏။

"ထိုထို လူ၊ ဘဝ, နတ်ဘဝ, ဗြဟ္မာဘဝတို့၌ ရုအပ်သော ရုပ်တရားတို့ကို ငါသည် ရုပါမူ၊ သြော်.... ကောင်းလေစ့၊ ချမ်းသာလေစ့" ဟု နှလုံးပြု၍ ဒါန, သီလ, ဘာဝနာတို့ကို ပြုပြီး၍ သင်ဓုန်းသွား၌ ထားအပ်သော ပျားရည်ကို လျက်လိုသော သူမိုက်ကဲ့သို့ နောက်နောင် ဖြစ်လတ္တံ့သော လူ, နတ်, ဗြဟ္မာတို့၏ သန္ဓာန်၌ ကေန် ကပ်ငြိတတ်သော ဇာတိ, ဇရာ, မရဏ စသော ဘေးကြီးတို့ကို မှန်ကန်စွာ မသိဘဲလျက် အာသာငင်းငင်း တပ်မက်ခြင်းသည် "တဏှာ" မည်၏။

အဆက်ဆက် တပ်မက်ခြင်းသည် "ဥပါဒါန်" မည်၏။

"ထိုထို လူ၊ ဘဝ, နတ်ဘဝ, ဗြဟ္မာဘဝတို့၌ ရအပ်သော ရုပ်တရားတို့ကို ငါသည် ရုပါမူ၊ သြော်....ကောင်းလေစ့၊ ချမ်းသာလေစ့" ဟု နှလုံးပြု၍ ဒါန, သီလ, ဘာဝနာတို့ကို ပြုပြီး၍ "ငင်းကုသိုလ်တို့၏ အကျိုးအားဖြင့် လူ နတ်တို့၏ သမ္ပတ္တိကို ရရစေသတည်း" ဟု မိမိ၏ စေတနာကို ဖြစ်စေခြင်းသည်ငင်း၊ ကာမဂုဏ်၏ အရသာကို ခံစားလိုသော ယောကျ်ားမိုက်သည် ဘီလူးမတို့၏ လှည့်ပတ်သော ရူပါရုံ၌ အာသာငင်းငင်း တပ်မက်

ခြင်းကြောင့်၊ မငြင်းမဆန် သူ့နိုင်ငံ၌ အစားခံလိုက်ရသကဲ့သို့ ဇာတိ, ဇရာ, မရဏ၏ အာရုံ၌ အာသာငင်းငင်း တပ်မက်ခြင်းသည် "ကံ" မည်ပေ၏။

## ပစ္စယအကြောင်း

"ထိုထို လူ့ဘဝ, နတ်ဘဝ, ဗြဟ္မာဘဝတို့၌ ရအပ်သော ရုပ်တရားတို့ကို ငါသည် ရပါမူ၊ သြော်....ကောင်းလေစ၊ ချမ်းသာလေစ" ဟု နှလုံးပြု၍ ဒါန, သီလ, ဘာဝနာတို့ကို ပြုပြီး၍ လာလတ္တံ့သော နိကန္တိဘေး, ဥပဂမနဘေး, အာယူဟနဘေး, အဘိနိပါတဘေး ဟူသော လေးပါးသော ဘေးကြီးတို့ကို မကြည့်မရှု မမှုမရရ အားကျပါးကျ အစာကို မက်သော ငှက်ခါးသည် အစာကိုသာ မြင်၍၊ ညောင်စေး ကျော့ကွင်းတို့ ဘေးကို မမြင်သကဲ့သို့ အာသဝန္ဒင်တကွ အားထုတ် ဆောင်ရွက်တတ်သော တရားသည် "အာဟာရ" မည်၏။

ထို အာဟာရသည်လည်း "ရုပ်အာဟာရ, နာမ်အာဟာရ" ဟူ၍ နှစ်ပါးအပြား ရှိ၏။ ထိုနှစ်ပါးတို့တွင် ရုပ်အာဟာရသည် ပဝတ္ထိ ဖြစ်သော ဥပါဒိန္နကရုပ် အနုပါဒိန္နကရုပ်ကိုသာ ဆောင်နိုင်၏။ နာမ်အာဟာရသည် ပဋိသန္ဓေအခါ၌ ဖြစ်သော ကမ္မဇရုပ် ၃၀ ကိုဂင်း၊ ပဋိသန္ဓေ၌ ဖြစ်သော နာမ်တရားတို့ကိုဂင်း ဆောင်နိုင်၏။

## ပဋိစ္စအကြောင်း

ပဋိစ္စအကြောင်းမှာ နာမ်တရား တခုသာ ရထိုက်၏။ အဘယ် နာမ်တရားကို ရထိုက်သနည်း။ ပဝတ္တိအခါ၌ ယောဂီပုဂ္ဂိုလ်၏ ဒိဋ္ဌထင်ထင် သိအပ် တွေ့အပ်သော ဖဿပဉ္စမက ဟူသော နာမ်တရားကိုသာ ရထိုက်၏။

ယခု အာနာပါနကမ္မဋ္ဌာန်းကို စီးဖြန်းအားထုတ်အပ်သော အခါ၌ကား ဝိပဿနာ နာမကမ္မဋ္ဌာန္ဒ့ဉ် သဟဇာတ် ဖြစ်သော ပဋိဘာဂနိမိတ် အာလောကသညာ၌ ထင်လာရသော ရုပ်တရား, နာမ်တရားတို့ အကြောင်း ဖြစ်သော ပစ္စုပ္ပန် ရုပ်နာမ် နှစ်ပါးတို့၏ ဓမ္မာရုံ ၁၊ ဝတ္ထုရုပ်၌ ပုရေဇာတ ဖြစ်သော ဘဉ်စိတ် ၂၊ ဝိပဿနာကို နှလုံးသွင်းခြင်း ဟူသော မနသိကာရ ၃၊ ၎င်းအကြောင်းသုံးပါးတို့ကို စွဲ၍ ဖဿပဉ္စမက ဟူသော ဤနာမ် ဖြစ်၏ ဟူ၍ သိမ်းဆည်းရမည်။

မနောဒ္ဒါရ၌ ပဋိစ္စအကြောင်းဖြင့် ဖြစ်ပေါ်၍နေလာသော ရုပ်, နာမ် တရားတို့အား ရှေးဦးစွာ ပဋိသန္ဓေအခါ ဟေတုအကြောင်း, ပစ္စယအကြောင်းဟု ဆိုအပ်သော ရှေးရှေးသော ဘဝက အဝိဇ္ဇာ, တဏှာ, ဥပါဒါန်, ကံ, အာဟာရသည် ပစ္စုပ္ပန်ကာလဟု ဆိုအပ်သော ယခု ကမ္မဋ္ဌာန်းစီးဖြန်းသော အခါ၌လည်း မျက်ဝါးထင်ထင် မြင်လာသော ငါးပါးသော ဥပမာတို့တွင် တပါးပါးသော ဥပမာဖြင့် ထင်လာသော ရုပ်၊ ရုပ်ကဲ့သို့ မထင်မြင်အပ်သော်လည်း၊

ဒိဋ္ဌ သိလိုက်အပ်သော နာမ်၊ ထို ရုပ်, နာမ် နှစ်ပါးတို့၏ မနောဟူသော ဘင်္ဂ၊ ရုပ် နာမ် ဟူသော ဓမ္မာရုံ၊ နှလုံးသွင်းခြင်း ဟူသော မနသိကာရ၊ ဤပဋိစ္စအကြောင်း သုံးပါးသည်လည်း အဝိဇ္ဇာစသော ဟေတု, ပစ္စယအကြောင်း ငါးပါး ပြုပြင်၍ ဖြစ်သည်။ အတိတ်အကြောင်း ငါးပါးကို ပစ္စုပ္ပန်အကြောင်း သုံးပါး၌ ပေါင်း၍ ယခု ဖြစ်ဆဲ ဖြစ်သော ရုပ်, နာမ် နှစ်ပါးသည် အတိတ်အကြောင်း ငါးပါးကြောင့် ဖြစ်ပေါ်လာသော ပစ္စုပ္ပန်အကြောင်း သုံးပါးတို့သည် ပြုပြင်၍ ဖြစ်သည်ကို ရည်၍ "ပြုပြင်သည် ပြုပြင်သည်" ဟု အကြောင်းကို သိမ်းဆည်းအပ်၏။ ။ပစ္စယပရိဂ္ဂဟ ပြီး၏။

## ၃။ အင်္ဂါနုပရိဂ္ဂဟကို ပြခြင်း

ဤအကြောင်း ငါးပါး, အကြောင်း သုံးပါးနှင့်တကွ ဖြစ်စေအပ်သော ရုပ်, နာမ် နှစ်ပါးသည် ယခုအခါ ပစ္စုပ္ပန်ဘဝ ဤခဏ၌ ဖြစ်သကဲ့သို့ ရှေးရှေးသော အတိတ်ဘဝ ထိုထိုကာလတို့၌လည်း ၎င်းနည်းတူ ဖြစ်ဘူးခဲ့လှပြီ။ နောင်လာလတ္တံ့ အနာဂတ်ဘဝ ထိုထိုကာလတို့၌လည်း ၎င်းနည်းတူ ဖြစ်လတ္တံ့ဟူ၍ ပိုင်းဖြတ် ယုံကြည်စွာ နှလုံးထား၍ အတိတ်ကာလ, အနာဂတ်ကာလ နှစ်ပါးကို ပစ္စုပ္ပန်ကာလ၌ ပေါင်း၍ "ဤခန္ဓာ ငါးပါး, ရုပ်နာမ် တရားတို့သည် ဖြစ်ဆဲ, ဖြစ်ဆဲ" ဟု ကာလသုံးပါး ဟူသော အင်္ဂန်ကို သိမ်းဆည်းအပ်၏။

အတိတ်, ပစ္စုပ္ပန်, အနာဂတ်ကာလ သုံးပါးတို့တွင် အတိတ်ဘဝ၌ ဖြစ်သော အကြောင်း ငါးပါးတို့သည် ပြုပြင်၍ဖြစ်သော ရုပ်, နာမ် ခန္ဓာတို့ ချုပ်၍သာ ယခုဘဝ ပစ္စုပ္ပန်၌ ရုပ်, နာမ် ခန္ဓာတို့ ဖြစ်လာကုန်၏။ ဝါ။ ယောဂါဝစရပုဂ္ဂိုလ်၏ ပဋိဘာဂနိမိတ်၏ အာလောကဋ္ဌ ပစ္စက္ခ ဖြစ်သော ဉာဏ်ဖြင့် နာမကွန္ဒာနှင့်တကွ ဥပမာ ငါးပါးတို့တွင် တပါးပါးဖြင့် မြင်လာရသော ဝတ္ထုရုပ်နှင့်တကွ ဖြစ်သော အကြောင်း ငါးပါးတို့သည် ပြုပြင်၍ဖြစ်သော ရုပ်, နာမ် တရားတို့သည် ယခုပင် ဖြစ်ခြင်း, ချုပ်ခြင်းကို ပြု၍ တဘန် ယခုပင် ဖြစ်ရှာရဦးတော့လတ္တံ့ဟု ရှုအပ်၏။ ။အဒ္ဓါန ပရိဂ္ဂဟ ပြီး၏။

ပဋ္ဌာန်စ္စ လေးပါး ပြီး၏။

## ၁၀။ ရုပ် နာမ် နှစ်ပါးတို့ကို ဝိပဿနာရှုရန် သမ္မသနဉာဏ်ကို ပြခြင်း

အတိတ်, ပစ္စုပ္ပန်, အနာဂတ်, အဇ္ဈတ္တ, ဇဟိဒ္ဓ, ဩဠာရိက, သုခုမ, ဟီန, ပဏီတ, ဒူရ, သန္တိကဟု ဆိုအပ်သော တဆဲ့တပါးသော အာကာရသို့ သက်လျက် တည်၍နေသော ရုပ် နာမ် ဓမ္မ သခ်ါရတို့ကို တိရဏပရိညာဖြင့် တင်၍ အနိစ္စ စသော အဖြစ်ဖြင့် စီးဖြန်းအားထုတ်လိုသော ယောဂိသည် မိမိ၏ အာလောကပစ္စက္ခဉာဏ်ဝဋ္ဋ ဥပမာ ငါးပါးတို့တွင် တပါးပါးဖြင့် ထင်မြင်လာရသော ရုပ်အပေါင်းတို့ကို နိယကဇ္ဈတ္တက ရုပ်လျက်-

### အတိတ်

ဩော်....ရုပ်အပေါင်းတို့တွင် အတိတ်ခဏာဋ္ဌ အတိတ်ဘဝတို့၌ ဖြစ်ကြကုန်သော ရုပ်အပေါင်းသည် အတိတ်ခဏာ စသည်၌ပင်လျှင် ကုန်ခဲ့ပြီ။ ယခု ပစ္စုပ္ပန်ခဏာစသည်သို့ မရောက်။ ထိုသို့လျှင် အတိတ်ရုပ်သည် ပစ္စုပ္ပန်သို့ မရောက်၊ ကုန်ခြင်းကို သိရ မြင်ရသောကြောင့်၊ အနိစ္စ အနိစ္စ။

### ပစ္စုပ္ပန်

ပစ္စုပ္ပန်ခဏာ စသည်တို့၌ ဖြစ်ကြသော ရုပ်အပေါင်းသည် ပစ္စုပ္ပန်ခဏာ စသည်၌ပင်လျှင် ကုန်ဆဲ ဖြစ်ခဲ့၏။ အနာဂတ်ခဏာသို့ မရောက်။ ထိုသို့လျှင် ပစ္စုပ္ပန်ရုပ်သည်

အနာဂတ်သို့ မရောက်၊ ကုန်ခြင်းကို သိရ မြင်ရသော ကြောင့်၊ အနိစ္စ အနိစ္စ။

## အနာဂတ်

အနာဂတ်ခဏ စသည်တို့၌ ဖြစ်ကြလတ္တံ့သော ရုပ် အပေါင်းသည် အနာဂတ်ခဏ စသည်၌ပင်လျှင် ကုန်ရ ဦးလတ္တံ့။ တဘန် နှစ်ခုသော ခဏစသည်သို့ မရောက်။ ထို့သို့လျှင် အနာဂတ်ရုပ်သည် တဘန် နှစ်ခုသော အ နာဂတ်သို့ မရောက်၊ ကုန်ခြင်းကို သိရ မြင်ရသော ကြောင့်၊ အနိစ္စ အနိစ္စ။ ။တိက် တပါး။

## အဋ္ဌတ္တ

နိယကဋ္ဌတ္တအာရုံ၏ အတ္တင်းစသည်တို့၌ ဖြစ်ကြသော ရုပ်အပေါင်းသည် ထိုနိယကဋ္ဌတ္တအာရုံ၏ အတ္တင်း စ သည်၌ပင်လျှင် ကုန်ဆဲဖြစ်ခဲ့၏။ နောက် တခုတခုသော နိယကဋ္ဌတ္တအာရုံ အစရှိသော ဗဟိဒ္ဓအာရုံ၏ အတ္တင်း စသည်၌ ဖြစ်ကြသော ရုပ်သို့ မရောက်၊ ကုန်ခြင်းကို သိရ မြင်ရသော ကြောင့်၊ အနိစ္စ အနိစ္စ။

## ဗဟိဒ္ဓ

နောက် တခုတခုသော နိယကဋ္ဌတ္တအာရုံ အစရှိသော ဗဟိဒ္ဓအာရုံ၏ အတ္တင်းစသည်၌ ဖြစ်ကြသော

ရုပ်အပေါင်းသည်လည်း ထိုဗဟိဒ္ဓအာရုံ၏ အတွင်း၌ သာလျှင် ကုန်ခဲ့၏။ နိယကဇ္ဈတ္တအာရုံအတွင်း ရုပ်သို့ မရောက်။ ထိုသို့ ဗဟိဒ္ဓရုပ်သည် နိယကဇ္ဈတ္တသို့ မရောက်၊ ကုန်ခြင်းကို သိရ မြင်ရသောကြောင့်၊ အနိစ္စ အနိစ္စ။ တဒုက်။

ထိုနိယကဇ္ဈတ္တအာရုံသာလျှင် ဝိပဿနာအာဒ္ဒ ပဓါနပြု၍ နာနာ မှတ်။

## ဃဋ္ဋနာရိက

နိယကဇ္ဈတ္တအာရုံ၏ အတွင်း စသည်၌ ဃဋ္ဋနာရိကဇာတ် ဖြစ်ကြသော ရုပ်အပေါင်းသည်လည်း ထိုဃဋ္ဋနာရိကဇာတ် အတွင်း၌ပင်လျှင် ကုန်ခဲ့၏။ သုခုမဇာတ်သို့ မရောက်။ ထိုသို့ ဃဋ္ဋနာရိကဇာတ် ဖြစ်ကြသော ရုပ်အပေါင်းသည် သုခုမဇာတ်သို့ မရောက်၊ ကုန်ခြင်းကို သိရ မြင်ရသောကြောင့်၊ အနိစ္စ အနိစ္စ။

## သုခုမ

နိယကဇ္ဈတ္တအာရုံ၏ အတွင်း စသည်၌ သုခုမဇာတ် ဖြစ်ကြသော ရုပ်အပေါင်းသည်လည်း ထိုသုခုမဇာတ် အတွင်း၌ပင်လျှင် ကုန်ခဲ့၏။ ဃဋ္ဋနာရိကဇာတ်သို့ မရောက်။ ထိုသို့ သုခုမဇာတ် ဖြစ်သော ရုပ်အပေါင်းသည် ဃဋ္ဋနာရိကဇာတ်သို့ မရောက်၊ ကုန်ခြင်းကို သိရ မြင်ရသောကြောင့်၊ အနိစ္စ အနိစ္စ။ ။နှစ်ဒုက်။

## ဟီန

နိယကဗျတ္တအာရုံ၏ အတ္ထင်း စသည်၌ ဟီန ဖြစ်ကြသော ရုပ်အပေါင်းသည်လည်း ထိုဟီနရုပ် ဖြစ်၍ပင်လျှင် ကုန်ခဲ့၏။ ပဏီတရုပ်သို့ မရောက်။ ထိုသို့ ဟီန ဖြစ်သော ရုပ်အပေါင်းသည် ပဏီတရုပ်သို့ မရောက်၊ ကုန်ခြင်းကို သိရ မြင်ရသောကြောင့်၊ အနိစ္စ အနိစ္စ။

## ပဏီတ

နိယကဗျတ္တအာရုံ၏ အတ္ထင်း စသည်၌ ပဏီတ ဖြစ်ကြသော ရုပ်အပေါင်းသည်လည်း ထိုပဏီတရုပ် ဖြစ်၍ပင်လျှင် ကုန်ခဲ့၏။ ဟီနရုပ်သို့ မရောက်။ ထိုသို့ ပဏီတ ဖြစ်သော ရုပ်အပေါင်းသည် ဟီနရုပ်သို့ မရောက်၊ ကုန်ခြင်းကို သိရ မြင်ရသောကြောင့်၊ အနိစ္စ အနိစ္စ။ ။သုံးဒုက်။

## ဒူရ

နိယကဗျတ္တအာရုံ၏ အတ္ထင်း စသည်၌ ဒူရ ဖြစ်ကြသော ရုပ်အပေါင်းသည်လည်း ထိုဒူရရုပ် ဖြစ်၍ပင်လျှင် ကုန်ခဲ့၏။ သန္တိကရုပ်သို့ မရောက်။ ထိုသို့ ဒူရ ဖြစ်သော ရုပ်အပေါင်းသည် သန္တိကရုပ်သို့ မရောက်၊ ကုန်ခြင်းကို သိရ မြင်ရသောကြောင့်၊ အနိစ္စ အနိစ္စ။

## သန္တိက

နိယကဗျတ္တအာရုံ၏ အတ္ထင်း စသည်၌ သန္တိက ဖြစ်ကြသော ရုပ်အပေါင်းသည်လည်း ထိုသန္တိကရုပ်

ဖြစ်၍ပင်လျှင် ကုန်ခဲ့၏။ ဒုရရုပ်သို့ မရောက်။ ထိုသို့ သန္ဓိက ဖြစ်သော ရုပ်အပေါင်းသည် ဒုရရုပ်သို့ မ ရောက်၊ ကုန်ခြင်းကို သိရ မြင်ရသောကြောင့်၊ အနိစ္စ အနိစ္စ။ ။လေးဒုက်။

## နာမ်

နာမ်တရားတို့၌ ၎င်းနည်းတူ အတိတ်ခဏ, အ တိတ်ဘဝတို့၌ ဖြစ်ကြကုန်သော နာမ်အပေါင်းသည် အတိတ်ခဏ, အတိတ်ဘဝ စသည်၌ ကုန်ခဲ့ပြီ။ ယခု ပစ္စုပ္ပန်ခဏ, ဘဝ စသည်သို့ မရောက်။ ထိုသို့လျှင် အတိတ်နာမ်သည် ပစ္စုပ္ပန်သို့ မရောက်၊ ကုန်ခြင်းကို သိရသောကြောင့်၊ အနိစ္စ အနိစ္စ ဟူ၍ စသည်ဖြင့် "ရုပ်" နေရာဝယ် "နာမ်" ကို ထည့်သွင်း၍ နှလုံး သွင်းကြလေ။

## ၁၁။ ရုပ်၏ ဥပမာ ငါးပါးကို ပြခြင်း

ဤသို့ အကြိမ်ကြိမ် အဘန်ဘန် အတန်တန် ရုပ် တရားတို့၏ ဖြစ်ပုံး, ပျက်ဟန်ကို ရှုဘန်များလှသော ယောဂီအား အမြဲမပြတ် တရိပ်ရိပ် ဖြစ်၍ တရိပ်ရိပ် ပျက်ပုံကို အသစ်အသစ် ဖြစ်၍ အဟောင်းအဟောင်း ချုပ်ပျက်ဟန်ကို ကောန် မိမိ၏ မျက်စိဖြင့် ကြည့်၍ မြင်ရ ဘိသကဲ့သို့ မုချထင်ထင် သိမြင်ရရှာတော့၏။ အဘယ် ကဲ့သို့ ထင်ရ မြင်ရသနည်းဟူမူ၊

## ဆီးနှင်း ကြွေကျ

နေအရုဏ်တက်၍ နေထွက်သော အခါ၌၊ ပြိန်းမြက် ပင်တို့၏ အဖျားဌ၌ တသားတည်း ခဲ၍နေသော ဆီးနှင်း ပေါက်တို့သည် တဖြောက်ဖြောက် ကြွေကျသည်ကို မြင် ရဘိသကဲ့သို့ဌင်း။

## ရေပြွက်

ထုံးချောင်း ဂယက်, ကျောက်စပျက် ဝဲကွေ့၌, ရေ ဌေ့၍ ထုတ်အပ်သော ရေပြွက်ကို မြင်ရဘိသကဲ့သို့ဌင်း။

## ရေလှိုင်း

ကြည်လင် ငြိမ်သက်လှသော ရေအပြင်ဝယ် နှင်တံ တောင်ဝှေးတို့ဖြင့် ရေးခြစ်လိုက်သော အခါ။ အလှာ အလှာ အလိပ်အလိပ် တရိပ်ရိပ်သော ရေလှိုင်း အစဉ် ကို မြင်ရဘိသကဲ့သို့ဌင်း။

## မုန်ညင်း ကြွေကျ

ပွတ်ဆောက်ဖျားဌ၌ တင်ထားအပ်သော မုန်ညင်းစေ့, လေလွှ အပ်သော လူး, နှမ်းစေ့တို့၏ တရွေ့ရွေ့, တရိပ်ရိပ် တဖိတ်ဖိတ် ကြွေကျသည်ကို မြင်ရဘိသကဲ့ သို့ဌင်း။

## လျှပ်စစ်နှယ်ရောင်

မိုးယံးလအခါ, ဝသန္တဘဝယ်, ညို ပြာ ရီမှောင်, တိမ် တောင်တိမ်လိပ်တို့၏ အတွင်း၌, လေပြင်းမီးခါတ်,

နဂါးပတ်တွင်း, လေဟုန်ဆင်း၍, တဝင်းဝင်း တောက်ပ အပ်သော လျှပ်စစ်နှယ်ရောင် မြားအမြောင်ကို မြင်ရ ဘိသကဲ့သို့ဂုဏ်း။

အလွန် လျင်မြန်၍ တိုသော အသက်ရှိသော ရုပ်တို့၏ ဖြစ်ဟန်, ပျက်ဟန်ကို ဧကန်မုချ ထင်မြင်လာရကုန်၏။

ထိုသို့ ရုပ်တို့၏ ဥပမာသို့ သက်အောင်သော ကာလ တိုင်တိုင် အားထုတ်သော ယောဂီအား နာမ်တရားတို့၏ ဖြစ်ပုံး, ပျက်ချုပ်ဟန်ကို ဒဋ္ဌိရ၏ အစွမ်းအားဖြင့် သိရ ရှာတော့လေ၏။

အထူးအားဖြင့်ကား ရုပ်တရားတို့မှာ ထင်မြင်၍ ဖြစ် လျက် ထင်မြင်၍ ပျက်ခြင်တည်း။

နာမ်တရားတို့မှာ အာရုံကို ထိ၍ ဖြစ်လျက်၊ အာရုံကို ထိ၍ ပျက်ခြင်သာတည်း။

အာရုံ၏ အရသာကို ခံစား၍ ဖြစ်လျက်၊ အာရုံ၏ အ ရသာကို ခံစား၍ ပျက်ခြင်သာတည်း။

အာရုံကို သိ၍ ဖြစ်လျက်၊ အာရုံကို သိ၍ ပျက်ခြ သာတည်း။ ။သမ္မသနဉာဏ် ပြီး၏။

## ၁၂။ ဥဒယဗ္ဗယဉာဏ်ကို ပြခြင်း

ရုပ်, နာမ် နှစ်ပါးတို့ကို ဥဒယ, ဝယ ဟု ရှုလို့ သော ယောဂါဝစရသည် အတိတ်, အနာဂတ်တို့ကို

မယူမူ၍ သန္ဓတိ, ခဏာပစ္ဆုပ္ပန်တို့ အစ္ဓမ်းဖြင့် ဖြစ်ဆဲဖြစ်သော အာနာပါန ပဋိဘာဂနိမိတ်၏ အတ္ထင်းဌ် နိယကဇ္ဈတ္တ၏ အာရုံ ဖြစ်သော ၆၂ ပါးသော ရုပ်အပေါင်းသည် ပစ္ဆုပ္ပန် မည်၏။ ထိုပစ္ဆုပ္ပန် ဖြစ်သော ရုပ်အပေါင်း၏ စ၍ ဖြစ်ခြင်း ဟူ၍ မှတ်အပ်သော သဒ်တ၏ လက္ခဏာသည် "ဖြစ်ခြင်း" မည်၏။

ဤ ၆၂ ပါးသော ရုပ်အပေါင်း၏ ဘောက်ပြန် ပျက်စီးခြင်းဟူ၍ မှတ်အပ်သော သဒ်တ၏ လက္ခဏာသည် "ပျက်ခြင်း" မည်၏။

နာမ်တရားတို့မှာလည်း ဤရုပ်တရားနှင့် အတူ အတိတ်, အနာဂတ်တို့ကို လွှတ်၍ ခဏာပစ္ဆုပ္ပန်အစ္ဓမ်းဖြင့် ဖြစ်ဆဲဖြစ်သော အာနာပါန ပဋိဘာဂနိမိတ်၏ အတ္ထင်းဌ် နိယကဇ္ဈတ္တ၏ အာရုံ အာရုံမူထိုက ဖြစ်သော ၃၉ ပါးသော နာမ်အပေါင်းသည် (အစိတ်အစိတ်အားဖြင့် ကား ၃၉ ပါးတို့တွင် ဝေဒနာသည် ၁၊ သညာသည် ၂၊ သင်္ခါရတို့သည် ၃၊ ဝိညာဉ်သည် ၄ စသည်ဖြင့် ဆို။) "ခဏာပစ္ဆုပ္ပဒ်" မည်၏။

ထိုပစ္ဆုပ္ပန် ဖြစ်သော နာမ်အပေါင်း၏ (ဝေဒနာ၏ ၁၊ သညာ၏ ၂၊ သင်္ခါရတို့၏ ၃၊ ဝိညာဉ်၏ ၄) စ၍ ဖြစ်ခြင်းဟူ၍ မှတ်အပ်သော သဒ်တ၏ လက္ခဏာသည် "ဖြစ်ခြင်း" မည်၏။

ဤ ၃၉ ပါးသော နာမ်အပေါင်း၏ (ဝေဒနာ၏ ၁၊ သညာ၏ ၂၊ သင်္ခါရတို့၏ ၃၊ ဝိညာဉ်၏ ၄) ဘောက်

ပြန် ပျက်စီးခြင်းဟူ၍ မှတ်အပ်သော သခ်ိတ၏ လက္ခဏာသည် "ပျက်ခြင်း" မည်၏။

ထို ရုပ်, နာမ်တရားတို့၏ စ၍ ဖြစ်ခြင်းကို အသစ်ဖြစ်သော အခြင်းအရာကို "ဖြစ်သည် ဖြစ်သည်" ဟု ရှု။

ထို ရုပ်, နာမ်တရားတို့၏ ဘေက်ပြန်ခြင်းကို ကုန်ခြင်းကို ပျက်ခြင်းကို "ပျက်သည် ပျက်သည်" ဟု ရှု။

ထို ရုပ်, နာမ်တရားတို့၏ အဖြစ်, အပျက် နှစ်ပါးကို ပေါင်း၍ ရော၍ "ဖြစ်သည် ပျက်သည်၊ ဖြစ်သည် ပျက်သည်" ဟု ရှု။

ထိုယောဂီသည် ဤသို့သော အခြင်းအရာဖြင့် သိ၏။ ဤ ရုပ်, နာမ်၏ ဖြစ်သည်မှ ရှေး၌ မဖြစ်သေးသော အကြင်အစုမှ ဖြစ်ရာသို့ လာရာ၏။ ထိုအစုသည်၎င်း၊ ထိုဟုတ်ဟုတ်ငြားငြားသော အစိုင်အခဲသည်၎င်း မရှိ။

အဘယ်ကြောင့်နည်းဟူမူကား မရအပ်သေးသော အတ္တဘောဝ၏ အချင်းခပ်သိမ်း မရှိသည်၏ အဖြစ်ကြောင့်တည်း။

ဖြစ်ဆဲဖြစ်သော ရုပ်, နာမ်၏လည်း စုန့်စုန့်တက်သော အစုမှ၎င်း၊ ဟုတ်ဟုတ်ငြားငြားသော အစိုင်အခဲမှ၎င်း လာခြင်းသည် မရှိ။

ချုပ်ဆဲဖြစ်သော ရုပ်, နာမ်၏လည်း တူရူ အထောင့်အရပ်သို့ ကပ်၍ သွားခြင်းသည် မရှိ။

ချုပ်ပြီးသော ရုပ်, နာမ်၏လည်း တခုသော အရပ်၌ စုန့်စုန့်တက်သော အစုအားဖြင့်၎င်း၊ ဟုတ်ဟုတ်ငြား

ငြားသော အစိုင်အခဲအား ဖြင့်ငင်း၊ မြေဌ မြှုပ်ထား သောအား ဖြင့်ငင်း တည်ခြင်းမည်သည် မရှိရှာတော့ပြီ။

## ၁၃။ အနိစ္စလက္ခဏာ လေးပါးကို ပြခြင်း

အနိစ္စံ ဥပါဒဝယဝန္တိတော် ဝိပရိဏာမတော် တာဝကာလိကတော် နိစ္စပဋိက္ခေပတော်တိ။ ။အာယတန ဝိဘင် သမ္မောဒကထာ။

ဥပါဒဝယဝန္တိတော် စ၊ ဥပါဒ်, ဘင်လျှင် အဆုံးရှိ သောအား ဖြင့်ငင်း။ ဝိပရိဏာမတော် စ၊ ဘောက်ပြန် တတ်သောအား ဖြင့်ငင်း။ တာဝကာလိကတော် စ၊ အခိုက်အတန့်အား ဖြင့်ငင်း။ နိစ္စပဋိက္ခေပတော် စ၊ နိစ္စ၏ ဆန့်ကျင်ဘက်အား ဖြင့်ငင်း။ ဤတိ၊ ဤလေးပါးသော အကြောင်းတို့ဖြင့်။ နာမရူပံ၊ နာမ်, ရုပ်သည်။ အနိစ္စံ၊ အနိစ္စ မည်၏။

ထို ရုပ်, နာမ် နှစ်ပါး သင်္ခါရတရား တို့သည် ပရမတ္ထ အားဖြင့် ထင်ရှား ဖြစ်၍ ပရမတ္ထအားဖြင့် ထင်ရှား မရှိ သည့် အနက်ကြောင့်၊ အနိစ္စ မည်ရုံသာ မဟုတ်သေး။

၁။ တခုတခုသော နိယကဇ္ဈတ္တအာရုံအတွင်း၌ ရ အပ် ရောက်အပ်သော ဖြစ်ခြင်း ဟူသော ဥပါဒ်, ပျက်ခြင်း ဟူသော ဘင်အားဖြင့်ငင်း။

၂။ မပြတ်မလပ် ထပ်၍ ထပ်၍ ဘောက်ပြန်တတ် သောအားဖြင့်ငင်း။

၃။ တမုဟုတ္တ, တခဏ အခိုက်အတန့်မျှ တည်သော အားဖြင့်ရင်း။

၄။ မြဲသော သဘောတရား၏ ဆန့်ကျင်ဘက်အား ဖြင့်ရင်း။

ဤလေးပါးသော အကြောင်းတို့ဖြင့် ရုပ်, နာမ် တရားတို့၏ အနိစ္စကို သိအပ်၏။ ဝ။ ရှုအပ်၏။

## ၁၄။ ဒုက္ခလက္ခဏာ လေးပါးကို ပြခြင်း

အဘိဏှသမ္မဒ္ဒိပီဠနတော ဒုက္ခမတော ဒုက္ခဝတ္ထု တော သုခပဋိက္ခေပတောတိ ဒုက္ခံ။ ။အာယတနဝိဘင် သမ္မောအဋ္ဌကထာ။

အဘိဏှသမ္မဒ္ဒိပီဠနတော စ၊ မပြတ် နှိပ်စက်တတ် သောအားဖြင့်ရင်း။ ဒုက္ခမတော စ၊ သည်းခံနိုင်ခဲသော အားဖြင့်ရင်း။ ဒုက္ခဝတ္ထုတော စ၊ ဒုက္ခ၏ အကြောင်း အားဖြင့်ရင်း။ သုခပဋိက္ခေပတော စ၊ သုခ၏ ဆန့်ကျင် ဘက်အားဖြင့်ရင်း။ ဤတိ၊ ဤလေးပါးသော အကြောင်း တို့ဖြင့်။ နာမရူပံ၊ နာမ်, ရုပ်သည်။ ဒုက္ခံ။ ဒုက္ခ မည်၏။

စိုးရိမ်ရခြင်း၊ ဖြစ်ပြီး၍ ဌိသို့ ရောက်ခြင်း၊ ဌိသို့ ရောက်ပြီး၍ ပျက်ရခြင်းတည်းဟူသော ဘင်သို့ ရောက် ခြင်းအားဖြင့်-

၁။ မပြတ်မလပ် ထပ်၍ ထပ်၍ နှိပ်စက်တတ်သော အားဖြင့်ရင်း။

၂။ ယောဂီပုဂ္ဂိုလ်အား မဖြစ်လိုဘဲလျက် ဖြစ်ရခြင်း ဟူသော ငြိုငြင်စွာ သည်းခံနိုင်ခဲသော အားဖြင့်ဂုဏ်း။

၃။ တေဘူမကဓါတ် ဖြစ်၍ ဒုက္ခမှ မလွတ်နိုင်သေး ရကား ဒုက္ခ၏ အကြောင်းအားဖြင့်ဂုဏ်း။

၄။ ချမ်းသာခြင်း၏ ဆန့်ကျင်ဘက် ဒုက္ခအားဖြင့် ဂုဏ်း။

ဤလေးပါးသော အကြောင်းတို့ဖြင့် ဒုက္ခကို ရှု။

## ၁၅။ အနတ္တလက္ခဏာ လေးပါးကို ပြခြင်း

သုညတော အဿာမိကတော အကာမကာရိယတော အတ္တပဋိက္ခေပတောတိ အနတ္တာ။ ။အာယတနဝိဘင် သမ္မောအဋ္ဌကထာ။

သုညတော စ၊ သာမိ, နိဝါသီ, ကာရက, ဝေဒက, အဓိဋ္ဌာယကဟု ကြံဆ ခေါ်ဆိုအပ်သော ကိုယ်မှ ဆိတ်သောအားဖြင့်ဂုဏ်း။ အဿာမိကတော စ၊ အစိုးရသူ မရှိသောအားဖြင့်ဂုဏ်း။ အကာမကာရိယတော စ၊ အလိုအလျောက် မပြုအပ်သောအားဖြင့်ဂုဏ်း။ အတ္တပဋိက္ခေပတော စ၊ တိတ္ထိတို့ ကြံဆအပ်သော အတ္တ, နိဝါသီ, ကာရက, ဝေဒက, သယံဝသီဟု ဆိုအပ်သော အတ္တ၏ ဆန့်ကျင်ဘက်အားဖြင့်ဂုဏ်း။ ဣတိ၊ ဤလေးပါးသော အကြောင်းတို့ဖြင့်၊ နာမရူပံ၊ နာမ်, ရုပ်သည်။ အနတ္တာ၊ အနတ္တ မည်၏။

၁။ သာမိ, နိဝါသီ, ကာရက, ဝေဒက, အဓိဋ္ဌာယကဟု ကြံဆ ခေါ်ဆိုအပ်သော ကိုယ်မှ ဆိတ်သောအားဖြင့်ဂုဏ်း။

၂။ အစိုးရသူ မရှိသောအားဖြင့်ဂုဏ်း။

၃။ အလိုအလျောက် မပြုအပ်သောအားဖြင့်ဂုဏ်း။

၄။ ဤငါ၏ ကိုယ်သည် သူတပါးတို့နှင့် မဆိုင်။ သူတပါးတို့နှင့် မစပ်။ သူတပါးတို့၏ အရာ မဟုတ်။ သူတပါးတို့နှင့် စပ်ယှက်ခြင်း မရှိ ဟူသော "နိဝါသီ"၊

ဤကိုယ်သည် ချမ်းသာခြင်းကို ပြုတတ်၏။ ဆင်းရဲခြင်းကို ပြုတတ်၏။ ချမ်းသာ, ဆင်းရဲကို စီရင်တတ်၏ ဟူသော "ကာရက"၊

ဤကိုယ်သည် ချမ်းသာကို ခံစားတတ်၏။ ဆင်းရဲကို ခံစားတတ်၏။ ချမ်းသာ, ဆင်းရဲကို ခံစား၏ ဟူသော "ဝေဒက"၊

ဤကိုယ်သည် ငါ၏ အလိုအတိုင်း ဖြစ်၏။ ငါ၏ အလိုနှင့် စပ်၏။ ငါသည် အစိုးရခြင်း ရှိ၏။ ငါ၏ အလိုသို့ လိုက်စေနိုင်၏ ဟူသော "သယံဝသီ"၊

ဤသို့အားဖြင့် တိတ္ထိတို့ ကြံဆအပ်သော အတ္တ, နိဝါသီ, ကာရက, ဝေဒက, သယံဝသီဟု ဆိုအပ်သော အတ္တ၏ ဆန့်ကျင်ဘက်အားဖြင့်ဂုဏ်း။

ဤလေးပါးသော အကြောင်းတို့ဖြင့် အနတ္တကို ရှု။

**၁၆။ အနုဗ္ဗရှုရန် ဒိုင်ကောင်ခိုက်စသည်ကို ပြခြင်း**

သုည မိဒံ အတ္တေန ဝါ အတ္တနိယေန ဝါ၊ ဣဒံ ဓမ္မဇာတံ၊ ဤ ရုပ် နာမ် ဓမ္မ သင်္ခါရသဘော သည်။ အတ္တေန ဝါ၊ အတ္တမှဌင်း။ အတ္တနိယေန ဝါ၊ အတ္တနှင့် စပ်သော ဥစ္စာမှဌင်း။ သုညံ၊ ဆိတ်၏။

မိမိ ကိုယ်ကိုဌင်း၊ မိမိ ကိုယ်နှင့် စပ်သော ဥစ္စာကိုဌင်း၊ ဤနှစ်ပါးတို့သည် အတ္တ ဟူသော ကိုယ်မှ ဆိတ်သောအားဖြင့် "အနတ္တ အနတ္တ" ဟု ရှု။

**စတုကောဋိက ရှုပုံ**

နာဟံ ကုဿနိ၊ ကဿစိ ကိဉ္စနတသ္မိံ၊ နစ မမ ကုဿနိ၊ ကိသ္မိဉ္စိ ကိဉ္စနတတ္ထီတိ။

၁။ အဟံ၊ ငါသည်။ ကုဿနိ၊ တစုံတခုသော အဖျက်တတ်ဟိဒ္ဓိ။ အတ္တာနံ၊ ကိုယ်ကို။ န ပဿတိ၊ မမြင်။

၂။ အတ္တနော၊ မိမိ၏။ အတ္တာနံ၊ ကိုယ်ကို (ထည့်)။ ကဿစိ၊ တစုံတယောက်သော သူတပါး၏။ ကိဉ္စနတသ္မိံ၊ ကြောင့်ကြအပ်သော ဥစ္စာ၏ အဖြစ်ဟိဒ္ဓိ။ ဥပနေတဗ္ဗံ၊ ဆောင်အပ်သည်ကို။ န ပဿတိ၊ မမြင်။

၃။ ကုဿနိ၊ တစုံတခုသော ဌာနဟိဒ္ဓိ။ ပရဿ စ၊ သူတပါး၏လည်း။ အတ္တာနံ၊ ကိုယ်ကို။ န ပဿတိ၊ မမြင်။

၄။ ပရဿ၊ သူတပါး၏။ အတ္တာ၊ ကိုယ်သည် (ထည့်)။ မမ၊ ငါ၏။ ကိသ္မိဉ္စိ၊ တစုံတခုသော အဖျက်တတ်ဟိဒ္ဓိ။

ကိုဠုနတာ-ကိုဠုနဘာဝေ၊ ကြောင့်ကြအပ်သော ပရိက္ခရာ၏ အဖြစ်၌။ အတ္ထိတိ၊ ရှိ၏ ဟူ၍။ နာ ပသာတိ၊ မမြင်။

၁။ တစုံတခုသော အဇ္ဈတ္တ ဗဟိဒ္ဓ၌ ကိုယ်ကို မမြင်။

၂။ ထိုကိုယ်ကို မိမိမှ တပါးသော သူ၏ ကြောင့်ကြအပ်သော ဥစ္စာ၏ အဖြစ်၌ ဆောင်အပ်သည်ကို မမြင်။

၃။ မိမိမှ တပါးသော သူ၏ ကိုယ်ကို မမြင်။

၄။ ထိုမိမိမှ တပါးသော သူ၏သာလျှင် ကိုယ်ကို မိမိ၏ ကြောင့်ကြအပ်သော ဥစ္စာ၏ အဖြစ်၌ ဆောင်အပ်သည်ကို မမြင်။

၁။ မိမိ ကိုယ်။

၂။ မိမိ ကိုယ်နှင့် စပ်သော ဥစ္စာ။

၃။ သူတပါး၏ ကိုယ်။

၄။ သူတပါး၏ ကိုယ်နှင့် စပ်သော ဥစ္စာ။

ဤလေးပါးတို့သည် ကိုယ် မဟုတ်၊ အတ္တမှ ဆိတ်သောအားဖြင့် "အနတ္တ အနတ္တ" ဟု ရှု။

## ဆကောဋိက ရှုပုံ

ရူပံ သုညံ အတ္တေန ဝါ အတ္တနိယေန ဝါ နိစ္စေန ဝါ ဓုဝေန ဝါ သဿတေန ဝါ အဝိပရိဏာမဓမ္မေန ဝါ။

ရူပံ၊ ရုပ်တရားသည်။ အတ္တေန ဝါ၊ အတ္တမှဌင်း။ အတ္တနိယေန ဝါ၊ အတ္တနှင့် စပ်သော ဥစ္စာမှဌင်း။ နိစ္စေန

ဝါ။ မြဲသော သဘောဏ် အဖြစ်မှုဂုဏ်။ ဓုဝေန ဝါ။ ခိုင်ခံ့သည်၏ အဖြစ်မှုဂုဏ်။ သဿတေန ဝါ။ အရှည်တည်သည်၏ အဖြစ်မှုဂုဏ်။ အဝိပရိဏာမဓမ္မေန ဝါ။ မဘောက်မပြန်သည်၏ အဖြစ်မှုဂုဏ်။ သုညံ၊ ဆိတ်၏။

ဝေဒနာ, သညာ, သင်္ခါရာ, ဝိညာဏ်တို့ကိုလည်း "အနတ္တာ" ဟု ရှု။

## အန္ဒကောဋိက ရှုပုံ

ရူပံ အသာရံ နိဿာရံ သာရာပဂတံ နိစ္စသာရသာရေန ဝါ ဓုဝသာရသာရေန ဝါ သုခသာရသာရေန ဝါ အတ္တသာရသာရေန ဝါ နိစ္စေန ဝါ ဓုဝေန ဝါ သဿတေန ဝါ အဝိပရိဏာမဓမ္မေန ဝါ။

ရူပံ၊ ရုပ်တရား သည်။ နိစ္စသာရသာရေန ဝါ။ မြဲသော အနှစ်ဟု ဆိုအပ်သော အနှစ်ဖြင့်လည်းကောင်း။ ဓုဝသာရသာရေန ဝါ၊ ခိုင်ခံ့သော အနှစ်ဟု ဆိုအပ်သော အနှစ်ဖြင့်လည်းကောင်း။ သုခသာရသာရေန ဝါ၊ချမ်းသာသော အနှစ်ဟု ဆိုအပ်သော အနှစ်ဖြင့်လည်းကောင်း။ အတ္တသာရသာရေန ဝါ၊ အတ္တ, နိဝါသီ အစရှိသော အနှစ်ဟု ဆိုအပ်သော အနှစ်ဖြင့်လည်းကောင်း။ နိစ္စေန ဝါ၊ မြဲသောအားဖြင့်လည်းကောင်း။ ဓုဝေန ဝါ၊ ခိုင်ခံ့သောအားဖြင့်လည်းကောင်း။ သဿတေန ဝါ၊ အရှည်တည်သောအားဖြင့်လည်းကောင်း။ အဝိပရိဏာမဓမ္မေန ဝါ၊ မဘောက်မပြန်သောအားဖြင့်လည်းကောင်း။

အသာရုံ၊ အနှစ် မဟုတ်။ နိဿာရုံ၊ အနှစ် မရှိ။ သာရာပ ဂတံ၊ အနှစ်မှ ကင်း၏။

ဝေဒနာ, သညာ, သင်္ခါရာ, ဝိညာဏ်တို့ကိုလည်း "အနတ္တာ" ဟု ရှု။

## ဒသကောဋိက ရှုပုံ

ရူပံ ရိတ္တတော ပဿတိ၊ တုစ္ဆတော သုညတော အနတ္တတော အနသ္သာဒတော အာဒီနဝတော ဝိပရိဏာမဓမ္မတော ပဿတိ။

ရူပံ၊ ရုပ်တရားကို။ ရိတ္တတော၊ နိစ္စသာရ စသည်တို့၏ မရှိခြင်းကြောင့် အနှစ်ကင်းသောအားဖြင့်။ ပဿတိ၊ ရှု၏။ တုစ္ဆတော၊ အနည်းငယ်အားဖြင့်။ ဝါ၊ အယုတ်အားဖြင့်။ ပဿတိ၊ ရှု၏။ သုညတော၊ အတ္တသာရမှ ဆိတ်သောအားဖြင့်။ ပဿတိ၊ ရှု၏။ အနတ္တတော၊ အတ္တ မဟုတ်သောအားဖြင့်။ ပဿတိ၊ ရှု၏။ အနိဿရိယတော၊ အစိုးရသူ မရှိသောအားဖြင့်။ ပဿတိ၊ ရှု၏။ အကာမကာရိယတော၊ အလိုအလျောက် မပြုအပ်သောအားဖြင့်။ ပဿတိ၊ ရှု၏။ အလဋ္ဌနိယတော၊ ရုပ်သည် ဤသို့ဖြစ်စေသတည်း, ဤသို့ မဖြစ်စေသတည်းဟု အလိုကို မရကောင်းသည်၏ အဖြစ်အားဖြင့်။ ပဿတိ၊ ရှု၏။ အဝသဝတ္တနတော၊ မိမိသည် တပါးသော သူ၏ အလိုသို့ မလိုက်တတ်သည်၏အဖြစ်, သူတပါးကို မိမိ အလို၌ မလိုက်စေနိုင်သည်၏ အဖြစ်အားဖြင့်။ ပဿတိ၊ ရှု၏။ ပရ

တော၊ သူစိမ်းပြင်ပအားဖြင့်။ ပဿတိ၊ ရှု၏။ ဝိဝိတ္တ တော၊ အကြောင်းမှ ဆိတ်သောအားဖြင့်။ ဝါ၊ အကျိုးမှ ဆိတ်သောအားဖြင့်။ ပဿတိ၊ ရှု၏။

ဝေဒနံ, သညံ, သင်္ခါရေ, ဝိညာဏံတို့ကိုလည်း "အနတ္တာ" ဟု ရှု။

## ဒွါဒသကောဋိက ရှုပုံ

ရူပံ နု သတ္တော၊ နု ဇီဝေါ၊ နု နရော၊ နု မာနဝေါ၊ နု ဣတ္ထီ၊ နု ပုရိသော၊ နု အတ္တာ၊ နဟံ၊ နံ အတ္တနိယံ၊ နု မမ၊ နု အညဿ၊ နု ကဿစိ။

ရူပံ၊ ရုပ်တရားသည်။ သတ္တော၊ တိတ္ထိတို့ ကြံဆအပ်သော အတ္တဟု ဆိုအပ်သော သတ္တဝါသည်။ နု ဟောတိ၊ မဖြစ်။ ရူပံ၊ ရုပ်သည်။ ဇီဝေါ၊ တိတ္ထိတို့သည် ကြံဆအပ်သော ဇီဝသည်။ နု ဟောတိ၊ မဖြစ်။ ရူပံ၊ ရုပ်သည်။ နရော၊ ဆောင်တတ်သော သူသည်။ နု ဟောတိ၊ မဖြစ်။ ရူပံ၊ ရုပ်သည်။ မာနဝေါ၊ မာန၏ ဖြစ်ရာသည်။ နု ဟောတိ၊ မဖြစ်။ ရူပံ၊ ရုပ်သည်။ ဣတ္ထီ၊ တိတ္ထိတို့ ကြံဆအပ်သော ဣတ္ထီသည်။ နု ဟောတိ၊ မဖြစ်။ ရူပံ၊ ရုပ်သည်။ ပုရိသော၊ တိတ္ထိတို့ ကြံဆအပ်သော ပုရိသသည်။ နု ဟောတိ၊ မဖြစ်။ ရူပံ၊ ရုပ်သည်။ အတ္တာ၊ ငါဟူသော မာနကို ထားရာသည်။ နု ဟောတိ၊ မဖြစ်။ ရူပံ၊ ရုပ်သည်။ အဟံ၊ ငါသည်။ နု ဟောတိ၊ မဖြစ်။ ရူပံ၊ ရုပ်သည်။ အတ္တနိယံ၊ အတ္တ၏ အရံအကာ အစောင့်အရှောက် အဖြစ် တည်း

ဟူသော သတ္တဝါ သခ်ၤါရသည်။ ဝါ၊ အတ္တ၏ ဥစ္စာ ဖြစ်သော သတ္တဝါ သခ်ၤါရသည်။ န ဟောတိ၊ မဖြစ်။ ရူပံ၊ ရုပ်သည်။ မမ၊ ငါ၏။ အတ္တနော၊ မိမိ၏။ သန္တံကံ၊ ဥစ္စာသည်(ထည့်)။ န ဟောတိ၊ မဖြစ်။ ရူပံ၊ ရုပ်သည်။ အညဿ၊ တပါးသော သူ၏။ အတ္တနော၊ မိမိ၏။ သန္တံကံ၊ ဥစ္စာသည် (ထည့်)။ န ဟောတိ၊ မဖြစ်။ ရူပံ၊ ရုပ်သည်။ ကဿစိ၊ တစုံတယောက်သော သူ၏။ အတ္တနော၊ မိမိ၏။ သန္တံကံ၊ ဥစ္စာသည် (ထည့်)။ န ဟောတိ၊ မဖြစ်။

## ၁၇။ ရုပ်၌ ရှုပုံ ခုနစ်ပါးကို ပြခြင်း

### (၁) အာဒါနနိက္ခေပ ရှုပုံ

အာဒါနနိက္ခေပ, ဝယောဝုဟု, အာဟာရ, ဥတု, ကမ္မ ၄, စိတ္တ, ဓမ္မတာရုပ်အား ဖြင့် ရုပ်၌ ခုနစ်ပါး အပြားရှိ၏။ ထိုတွင် တခုသော ဘဝဟောင်းကို စွန့်၍ ဘဝသစ်ကို ယူရာအကြား၌ ဖြစ်ကုန်သော ရုပ်တို့သည် ဖြစ်၍ ပျက်ခဲ့၏။ ဘောက်ပြန်တတ်၏။ အခိုက်အတန့်မျှ ဖြစ်၏။ မြဲသော သဘောကို ပယ်တတ်၏။ အမြဲမရှိကုန်ဟု အနိစ္စကို ရှုခြင်း။

ဖြစ်သော ရုပ်တို့သည် ဒီသို ရောက်၍ ပင်ပန်းကုန်၏။ ပင်ပန်းကုန်၍ ပျက်တတ်၏။ ဤသို့ ဖြစ်ခြင်း, ပျက်ခြင်း ဖြင့် ဒုက္ခကို ရှုခြင်း။

ဖြစ်သော ရုပ်တရားတို့သည် ဒီသို မရောက်စေလင့်။ ဒီသို့ ရောက်သော ရုပ်တရားတို့သည် မအို့စေလင့်။ အို

သော ရုပ်တရားတို့သည် မပျက်စေလင့်ဟု တောင့်တ၍ မရခြင်း၊ နိဝါသီ, ကာရက, ဝေဒက, အဓိဋ္ဌာယက ဖြစ်၍ အစိုးမရခြင်းကြောင့်၊ အနတ္တဟု ရှုခြင်း။

ဤသို့ တဘဝလုံး၏ အကြားဒွ် ဖြစ်သော ရုပ်တို့ကို "အနိစ္စ, ဒုက္ခ, အနတ္တ" ဟု ရှု။

## (၂) ဝယောဝုဒ္ဓ ရှုပုံ

ပဌမအရွယ်ဒွ် ဖြစ်သော ရုပ်သည် ဒုတိယအရွယ်သို့ မရောက်မီ ချုပ်ခဲ့၏။ ထို့ကြောင့် "အနိစ္စ, ဒုက္ခ, အနတ္တ"။

ဒုတိယအရွယ်ဒွ် ဖြစ်သော ရုပ်သည် တတိယအရွယ်သို့ မရောက်မီ ချုပ်ခဲ့၏။ ထို့ကြောင့် "အနိစ္စ, ဒုက္ခ, အနတ္တ"။

တတိယအရွယ်ဒွ် ဖြစ်သော ရုပ်သည် သေသည်မှ နောက်သို့ မရောက်မူ၍ ချုပ်ခဲ့၏။ ထို့ကြောင့် "အနိစ္စ, ဒုက္ခ, အနတ္တ"။

ဂုဏ်းနည်းတူ မိုဃ်းညတု့, ဆောင်းညတု့, နွေညတု့, တန်ခူးလ, ကဆုန်လ, နယုန်လ, ဝါဆိုလ, ဝါခေါင်လ, တော်သလင်းလ, သီတင်းကျွတ်လ, တန်ဆောင်မုန်းလ, နတ္တော်လ, ပြာသိုလ, တပို့တဲ့လ, တပေါင်းလ, လဆုတ်, လဆန်း, တနေ့, နေ့, ည၌, နံနက်, နေ့လယ်, ညနေ, ည၌ဦးယာမ်, သန်းခေါင်ယာမ်, မိုးသောက်ယာမ်, ရှေ့သို့ တက်ခြင်း, နောက်သို့ ဆုတ်ခြင်း, တည့်တည့် ကြည့်ခြင်း, စောင်း၍ ကြည့်ခြင်း, ကွေးခြင်း, ဆန့်ခြင်း, ခြ

ကြွခြင်း, ခြေကို ရှေ့သို့ ဆောင်ခြင်း, ကွင်း၍ ဆောင်ခြင်း, အောက်သို့ လွှတ်ချခြင်း, မြဲ၌ ချခြင်း, ဒုတိယခြေကို ကြွခြင်းတို့၌ ဖြစ်သော ရုပ်တို့သည် ရှေ့ ဖြစ်သော ရုပ်သို့ မရောက်မီ ချုပ်ခဲ့၏။ ထို့ကြောင့် "အနိစ္စ, ဒုက္ခ, အနတ္တ"။

## (၃) အာဟာရဇရုပ်၌ ရှုပုံ

ဆာမွတ်သော အခါ၌ ဖြစ်သော ရုပ်သည် ဝဖြိုးသော အခါသို့ မရောက်မူ၍ ချုပ်၏။ ဝဖြိုးသော အခါ၌ ဖြစ်သော ရုပ်သည် ဆာမွတ်သော အခါသို့ မရောက်မူ၍ ချုပ်၏။ ထို့ကြောင့် "အနိစ္စ, ဒုက္ခ, အနတ္တ"။

**မှတ်ချက်။** ရုပ်အရေအတွက် အာဟာရသမုဋ္ဌာန်နှင့် တူ၍ ကာယဃနဒွါရ တပါးတည်းသာ ဖြစ်၍ မထူးသောကြောင့်၊ အာဟာရဇ၌ ရုပ်အရေအတွက် အဋ္ဌကထာ၌ ပြတော်မမူ။

## (၄) ဥတုဇရုပ်၌ ရှုပုံ

သော အခါ၌ ဖြစ်သော ရုပ်သည် ပူသော အခါသို့ မရောက်မီ ချုပ်၏။ ပူသော အခါ၌ ဖြစ်သော ရုပ်သည် သော အခါသို့ မရောက်မီ ချုပ်၏။ တို့ကြောင့် "အနိစ္စ, ဒုက္ခ, အနတ္တ"။

**မှတ်ချက်။** ရုပ်အရေအတွက် ဥတုသမုဋ္ဌာန်နှင့် တူ၍ ကာယဃနဒွါရ တပါးတည်းသာ ဖြစ်၍ မထူးသောကြောင့်၊ ဥတုဇ ရုပ်၌ ရုပ်အရေအတွက် အဋ္ဌကထာ၌ ပြတော်မမူ။

## (၅) ကမ္မဇဉာဏ်၌ ရှုပုံ

စက္ခုဒ္ဒါရ၌ ဖြစ်သော ၅၄ ပါးသော ရုပ်သည် သော တဒ္ဒါရသို့ မရောက်မီ ချုပ်၏။

သောတဒ္ဒါရ၌ ဖြစ်သော ၅၄ ပါးသော ရုပ်သည် ဃာနဒ္ဒါရသို့ မရောက်မီ ချုပ်၏။

ဃာနဒ္ဒါရ၌ ဖြစ်သော ၅၄ ပါးသော ရုပ်သည် ဇိဝှါဒ္ဒါရသို့ မရောက်မီ ချုပ်၏။

ဇိဝှါဒ္ဒါရ၌ ဖြစ်သော ၅၄ ပါးသော ရုပ်သည် ကာယဒ္ဒါရသို့ မရောက်မီ ချုပ်၏။

ကာယဒ္ဒါရ၌ ဖြစ်သော ၄၄ ပါးသော ရုပ်သည် မနောဒ္ဒါရသို့ မရောက်မီ ချုပ်၏။

မနောဒ္ဒါရ၌ ဖြစ်သော ၅၄ ပါးသော ရုပ်သည် စက္ခုဒ္ဒါရသို့ မရောက်မီ ချုပ်၏။ ထို့ကြောင့် "အနိစ္စ, ဒုက္ခ, အနတ္တ"။

မှတ်ချက်။ ရုပ် ၅၄ ပါးအရကို "သံဝရဒ္ဒါရ"မှာ ကြည့်လေ။

## (၆) စိတ္တဇဉာဏ်၌ ရှုပုံ

ဝမ်းမြောက်သော အခါ၌ ဖြစ်သော ရုပ်သည် နှလုံးမသာယာသော အခါသို့ မရောက်မီ ချုပ်၏။ ထို့ကြောင့် "အနိစ္စ, ဒုက္ခ, အနတ္တ"။

ဂုဏ်းနည်းတူ ဒေါမနဿ, သောမနဿ, လောဘ, ဒေါသ, မောဟ စသည်တို့ကို ရှုလေ။

**မှတ်ချက်။** ရုပ်အရေအတွက် စိတ္တသမုဋ္ဌာန်နှင့် တူ၍ မနာယတနဒွါရ တပါးတည်းသာ ဖြစ်၍ မထူးသောကြောင့်၊ စိတ္တဇဋ္ဌ ရုပ်အရေအတွက် အဋ္ဌကထာရှင် ပြတော်မမူ။

## (၇) မမ္မတာရုပ်၌ ဉာဏ်

နီသော ရုပ်သည် ဖြူသော ရုပ်သို့ မရောက်မီ ချုပ်၏။ ပျော့သော ရုပ်သည် မာသော ရုပ်သို့ မရောက်မီ ချုပ်၏။ ထို့ကြောင့် "အနိစ္စ, ဒုက္ခ, အနတ္တ"။

ဌင်းနည်းတူ အဝိညာဏကရုပ်တို့၌ ရှုလေ။

အကြင်ရှေ့လောက် ကာလပတ်လုံး အထက် ဝိပဿနာသို့ တက်၍ မဂ်ဉာဏ်ကို မကူးသေး၊ ထိုရှေ့လောက် ကာလပတ်လုံး ဤဥဒယဝယကို မလွတ်အပ်။ စင်စစ်မှာမူ သောတာပတ္တိမဂ်ဉာဏ်ကို ကူးပြီးသော်လည်း၊ ဖလသမာပတ်ကို ဝင်စားသော သေက္ခအားဌင်း၊ အထက်မဂ်ဉာဏ်၏ အကျိုးငှါ ဝိပဿနာဉာဏ်ကို အားထုတ်သော သေက္ခအားဌင်း ဤဥဒယဝယကို မလွတ်အပ်။ ပဓါန နှန်းထိုင်ပြီ ဟူလို။ ။ဥဒယဗ္ဗယဉာဏ် ပြီး၏။

## ၁၈။ ဘင်္ဂဉာဏ်ကို ပြခြင်း

ဥဒယဗ္ဗယဉာဏ်၌ ဥပက္ကိလေသတရား ဆယ်ပါးတို့တွင် တပါးပါးသည် ဖြစ်လာတတ်၏။ ဖြစ်လာသော အခါ၊ ဤဥပက္ကိလေသတရားသည်လည်း မြဲသော သဘော မရှိ။ ဆင်းရဲသော သဘော ရှိ၏။ ကိုယ်လည်း မဟုတ်ဟု

လက္ခဏာရေးကို တင်၍ သုံးသပ်သော ယောဂီသည် ရုပ်ဓမ္မ နာမ်ဓမ္မတို့၌ ချိန်ဘန် ဆဘန် များ၍ ဉာဏ်အား ထက်သန်သည်ရှိသော်၊ ဖြစ်ခြင်း ပျက်ခြင်းတို့သည် လျင်စွာ လျင်စွာ ထင်ခဲ့ကုန်၏။ ထို့သို့ထင်ခဲ့ကုန်သည်ရှိသော်၊ ဖြစ်ခြင်းကို လွှတ်လျက် ပျက်ခြင်းကို ရှုသည်မည်၏။

ဖြစ်ခြင်းကို လွှတ်၍ ပျက်ခြင်းကို ရှုရာ၌လည်း အကြင် အကြင် ယောဂီသည် အာနာပါန ပဋိဘာဂ အာရုံ၏ အတွင်း၌ ရုပ်၏ ပျက်ခြင်းကိုငင်း၊ နာမ်၏ ပျက်ခြင်းကိုငင်း ဆင်ခြင်၍ "ပျက်သည် ပျက်သည်" ဟူ၍ငင်း၊ "ချုပ်သည် ချုပ်သည်" ဟူ၍ငင်း အဘန်တလဲလဲ ရှုအပ်၏။

ထိုသို့ ရှုခြင်းသည်လည်း မမြဲသောအားဖြင့် ဘင်ကို အနိစ္စဟု ရှု၏။ မြဲသောအားဖြင့် မရှု။

ဒုက္ခပ်စက်သောအားဖြင့် ဘင်ကို "ဒုက္ခ" ဟု ရှု၏။ "သုခ" ဟု မရှု။

အစိုးမရသောအားဖြင့် ဘင်ကို "အနတ္တ" ဟု ရှု၏။ "အတ္တ" ဟု မရှု။

ထိုသို့ ပျက်ခြင်း၌ ငြီးငွေ့၏။ မနှစ်သက်။ တပ်ခြင်း ကင်း၏။ မတပ်မက်။ တဏှာကို ချုပ်စေ၏။ မဖြစ်စေ။ စွန့်လွှတ်၏။ မစွဲလမ်း။

အနိစ္စဟု ရှုအံ့၊ မြဲ၏ ဟူသော အမှတ်ကို ပယ်၏။

ဒုက္ခဟု ရှုအံ့၊ ချမ်းသာ၏ ဟူသော အမှတ်ကို ပယ်၏။

အနတ္တဟု ရှုအံ့၊ အတ္တ ဟူသော အမှတ်ကို ပယ်၏။
ငြီးငွေ့အံ့၊ နှစ်သက်ခြင်း တဏှာကို ပယ်၏။
တပ်ခြင်း ကင်းအံ့၊ ရာဂကို ပယ်၏။
တဏှာကို ချုပ်စေအံ့၊ တဖန် ဖြစ်ခြင်းကို ပယ်၏။
စွန့်လွှတ်သည်ဖြစ်အံ့၊ စွဲလမ်းခြင်းကို ပယ်၏။

**မှတ်ချက်။** သမ္မသနဉာဏ်, ဉဒယဉာဏ် ဖြစ်က၊ ဝယဉာဏ်, ဘင်္ဂဉာဏ် နှစ်ပါးတို့သည် ဖြစ်မြဲ ဓမ္မတာသာတည်း။

ဘယဉာဏ် ဖြစ်ခဲ့လျှင်၊ အာဒီနဝဉာဏ်, နိဗ္ဗိဒါဉာဏ်တို့သည် ဖြစ်မြဲ ဓမ္မတာသာတည်း။

မုစ္စိတုကမျတာဉာဏ် ဖြစ်ခဲ့လျှင်၊ ပဋိသန္ဓါဉာဏ်, သန္ဓါရုပေက္ခာဉာဏ်တို့သည် ဖြစ်မြဲ ဓမ္မတာသာတည်း။

ဘင်္ဂဉာဏ် ပြီး၏။

## ၁၉။ စကြိုသွားစဉ် ဝိပဿနာ ရှုပုံ

### "ကြွ-ဆောင်-ရှောင်-ချ-နှင်း-ဘိ။"

စကြိုသွား၍ ဝိပဿနာ ရှုလိုသော ယောဂီသည် ဆိတ်ငြိမ်ရာအရပ်သို့ ချဉ်းကပ်၍ မိမိ တယောက်တည်းတည်း လေ့ကျင့်ရာ၏။

၁။ ခြေကို ကြွခြင်း ဉဒ္ဓါရုဏ်။
၂။ ခြေကို ရှေ့သို့ ဆောင်ခြင်း အတိဟရဏ်။
၃။ ခြေကို လွှဲဖယ်ရှောင်ကွင်းခြင်း ဝီတိဟရဏ်။

၄။ ခြေကို အောက်သို့ လွှတ်ချခြင်း ဝေါဿဇ္ဇုန။
၅။ ခြေကို မြဲဌ် ချထားနင်းခြင်း သန္ဓိကွေပန။
၆။ ခြေကို မြဲဌ် ကြပ်ကြပ်ဘိနှိပ်နင်းခြင်း သန္ဓိရုဇ္ဈန။
ဟူ၍ ၆ ပါးသော အဘို့အစုတို့ကို ခြေလှမ်းတိုင်းလှမ်း တိုင်း သတိမလွတ်အောင် မှတ်သား လေ့ကျင့်ရာ၏။

## လေ့ကျင့်ရန်

မြေပြင်ဌ် ခြေစုံ ရပ်လျက် ပဌမဦးစွာ-

၁။ ညာခြေကို မြေမှ ကြွခိုက်ကို 'ကြွ' ဟု မှတ်။
၂။ ခြေကို ချလိုရာသို့ ဆောင်ယူခိုက်ကို 'ဆောင်' ဟု မှတ်။
၃။ ခြေကို လွှဲဖယ်ရှောင်ကွင်းခိုက်ကို 'ရှောင်' ဟု မှတ်။
၄။ ခြေကို ချလိုရာသို့ လွှတ်ချခိုက်ကို 'ချ' ဟု မှတ်။
၅။ ခြေကို မြဲဌ် ချထားနင်းခိုက်ကို 'နင်း' ဟု မှတ်။
၆။ ခြေကို မြဲဌ် ကြပ်ကြပ် ဘိနှိပ်နင်းခိုက်ကို 'ဘိ' ဟု မှတ်။

ရှောင်ကား- သစ်ငုတ် ခလုတ် ဆူး ငြောင့် ပိုးမွှား စသော တစုံတခုသော ဘေးရန်ကို တွေ့မြင်၍ လွှဲဖယ် ရှောင်ကွင်းသည်ကို ဆိုလိုသည်။ ဤကား ဆွမ်းခံရဟန်း တော်တို့ ဆွမ်းခံကြွစဉ် မကင်းတတ် မကင်းနိုင်ဖြစ်တတ် တွေ့တတ်သည်ကို ရည်ရွယ်၍ ဆိုသည်။

နင်းကား- ဒုတိယ အကြိမ် ခြေကို ကြွမြောက်လှမ်း တော့အံ့ဟု အားမထုတ်ခင် စပ်ကြား အားမထုတ်သေး မီ အတောအတွင်း နင်းထားခို်က်ကို ယူ။

ဘိကား- ဒုတိယ အကြိမ် ခြေကို ကြွမြောက်လှမ်း တော့အံ့ဟု အားစိုက် အားယူ အားထုတ်စဉ် ဘိုးပ်၍ နင်းထားခို်က်ကို ယူ။

ဤသို့ ခြေကို တကြိမ်လှမ်း တခါလှမ်းခို်က်၌ "ကြ ဆောင်-ရှောင်-ချ-နင်း-ဘိ" ဟူ၍ ကြတိုင်း ကြတိုင်း ဆောင်တိုင်း ဆောင်တိုင်း စသည်တို့ကို သတိမလွတ်ရ အောင် မှတ်သား လေ့ကျင့်ရာ၏။

အကြွ အဆောင်နှင့် သတိ ကိုက်ညီအောင် လေ့ကျင့် ရာ၏။ တရက်တည်းနှင့် ကိုက်ညီက၊ တရက်သာ လေ့ ကျင့်။ မကိုက်ညီသေးက၊ လေးရက်တန်သည် ငါးရက် တန်သည် လေ့ကျင့်။ သို့မဟုတ် မကိုက်မညီမချင်း လေ့ ကျင့်ရာ၏။

ဘယ်ခြေကိုလည်း ညာခြေနည်းတူ လေ့ကျင့်။ ကိုက် ညီက၊ တဖန် ဘယ်ညာ နှစ်ပါးစုံ ပေါင်း၍ လေ့ကျင့်။ အကြွ အဆောင်နှင့် သတိ ကိုက်ညီက၊ လေ့ကျင့်ဘုယ် ကိစ္စ ပြီးတော့၏။

## ဝိပဿနာ ရှုရန်

၁။ ခြေကို ကြွခို်က်၌ ဖြစ်သော ရုပ်နာမ်ခမူ သင်္ခါရ တို့သည် ဆောင်ခို်က်သို့ မပါမရောက်မူ၍ ကြွခို်က်၌သာ ဖြစ်ပျက်၍ ချုပ်ကုန်၏။

၂။ ဆောင်ခိုက်၌ ဖြစ်သော ရုပ်နာမ်ဓမ္မ သင်္ခါရတို့သည် ရှောင်ခိုက်သို့ မပါမရောက်မူ၍ ဆောင်ခိုက်၌သာ ဖြစ်ပျက်၍ ချုပ်ကုန်၏။

၃။ ရှောင်ခိုက်၌ ဖြစ်သော ရုပ်နာမ်ဓမ္မ သင်္ခါရတို့သည် ချခိုက်သို့ မပါမရောက်မူ၍ ရှောင်ခိုက်၌သာ ဖြစ်ပျက်၍ ချုပ်ကုန်၏။

၄။ ချခိုက်၌ ဖြစ်သော ရုပ်နာမ်ဓမ္မ သင်္ခါရတို့သည် နင်းခိုက်သို့ မပါမရောက်မူ၍ ချခိုက်၌သာ ဖြစ်ပျက်၍ ချုပ်ကုန်၏။

၅။ နင်းခိုက်၌ ဖြစ်သော ရုပ်နာမ်ဓမ္မ သင်္ခါရတို့သည် ဘိခိုက်သို့ မပါမရောက်မူ၍ နင်းခိုက်၌သာ ဖြစ်ပျက်၍ ချုပ်ကုန်၏။

၆။ ဘိခိုက်၌ ဖြစ်သော ရုပ်နာမ်ဓမ္မ သင်္ခါရတို့သည် ကြွခိုက်သို့ မပါမရောက်မူ၍ ဘိခိုက်၌သာ ဖြစ်ပျက်၍ ချုပ်ကုန်၏။

ဤသို့ ရုပ်နာမ်ဓမ္မ သင်္ခါရတို့၏ ဖြစ်ပျက်သည်ကို ရည်၍ ရည်ကာ "ကြွ ဖြစ်ပျက်၊ ဆောင် ဖြစ်ပျက်၊ ရှောင် ဖြစ်ပျက်၊ ချ ဖြစ်ပျက်၊ နင်း ဖြစ်ပျက်၊ ဘိ ဖြစ်ပျက်" ဟု ရှုရာ၏။

ရက်ကြာကြာ အားထုတ်သဖြင့် အာရုံမလွတ် သတိမြဲလှသော်၊ "ကြွ ဖြစ်ပျက်" စသည်တို့တွင် "ကြွ" ဟူသော အမည်ပညတ် စသည်တို့ကို လွှတ်၍ "ဖြစ်ပျက်" စသည်တို့ချည်းသာ ရှုရာ၏။

ခြေ တလှမ်း တလှမ်းဌ် "ဖြစ်သည် ပျက်သည်" ဟု ခြောက်ကြိမ် ခြောက်ခါ အာရုံမလွတ် သတိပြုကာ ရှု ရာ၏။

တဖန် အဖြစ်ကို လွှတ်၍ အပျက်ကိုသာ "ပျက်သည် ပျက်သည်" ဟူ၍ဖြင်း၊ "ချုပ်သည် ချုပ်သည်" ဟူ၍ ဖြင်း ရှုရာ၏။

တနည်း အနိစ္စ ဒုက္ခ အနတ္တ စသည်ဖြင့်လည်း ခြေ တကြိမ်လှမ်း ခြေ တခါလှမ်း ခြောက်ချက် ခြောက်ချက် တို့ကို အာရုံမလွတ် သတိပြုကာ စကြံသွားစဉ် စကြံသွားခိုက် စကြံသွားတုန်းတို့ဌ် ရှုရာ၏။

## တနည်း "ကြွ-လှမ်း-ချ"

ခြေ တကြိမ်လှမ်း ခြေ တခါလှမ်းလျှင်၊ ခြောက်ကြိမ် ခြောက်ခါ မျှားလွန်းလှ၍ စိပ်လွန်းလှ၍ အာရုံ မလိုက်နိုင် အာရုံ မမီ သတိ မဖြစ်နိုင်သေးပါက၊ ခြေ တကြိမ် လှမ်း ခြေ တခါလှမ်းလျှင်၊ "ကြွ-လှမ်း-ချ" ဟု ပဌမ ဦးစွာ စ၍ လေ့ကျင့်က၊ အာရုံ ထင်လွယ်သည်။ သတိ ဖြစ်လွယ်သည်။ ကောင်းလှသည်။ ဝိပဿနာလည်း ရှု။

သုံးချက် သုံးကြိမ် သုံးခါ လေ့ကျင့်ပြီးနောက်မှ ခြောက်ချက် ခြောက်ကြိမ် ခြောက်ခါ လေ့ကျင့်လျှင်၊ သာ၍ လွယ်သည်။ ပို၍ ကောင်းသည်။

အဋ္ဌကထာလာအတိုင်း သိစေ မှတ်သားစေလို၍ ဖြင်း၊ အဋ္ဌကထာဆရာ၏ စကားအစဉ်ကို မပျက်စေလို

မူ၍ ၎င်း၊ ရှေးဦးပဌမ ခြေတလှမ်း ခြောက်ကြိမ် ပြလိုက်ပေသည်။

## ၂၀။ သံဝရဒ္ဓါ၏ ဥစ္စာပါးကို ပြခြင်း

“ကွတိ ကွမေသံ အဌန္နံ သံဝရာနံ ဝသေန စက္ခုသံဝရဒ္ဓါရံ (ပ) မနောသံဝရဒ္ဓါရန္တိ ကွမာနိ အဋ္ဌ သံဝရာနိ ဝေဒိတဗ္ဗာနိ။” ဟူသော စိတ္တပ္ပါဒကဏ္ဍ ဒ္ဓါရကထာ အဋ္ဌသာလိနီအဋ္ဌကထာ။

“တတ္ထာဝတာ ဟိ အဋ္ဌ သံဝရဒ္ဓါရာနိ အဋ္ဌ စ အသံဝရဒ္ဓါရာနိ ကထိတာနိ။ တေသု အဋ္ဌသု အသံဝရဒ္ဓါရေသု ဌိတော ဘိက္ခု သကလဝဋ္ဋ မူလက ဒုက္ခတော န မုစ္စတိ၊ သံဝရဒ္ဓါရေသု ပန ဌိတော သဗ္ဗသ္မာပိ ဝဋ္ဋမူလကဒုက္ခာ မုစ္စတိ။” ဟူသော ဘိက္ခု၀ဂ် ပဉ္စဘိက္ခု၀တ္ထု၊ ဓမ္မပဒအဋ္ဌကထာ။

“စက္ခုနာ သံဝရော သာဓု၊ သာဓု သောတေန သံဝရော။
ဃာနေန သံဝရော သာဓု၊ သာဓု ဇိဝှါယ သံဝရော။
ကာယေန သံဝရော သာဓု၊ သာဓု ဝါစာယ သံဝရော။
မနသာ သံဝရော သာဓု၊ သာဓု သဗ္ဗတ္ထ သံဝရော။
သဗ္ဗတ္ထ သံဝုတော ဘိက္ခု၊ သဗ္ဗဒုက္ခာ ပမုစ္စတိ။” ဟူသော ဘိက္ခု၀ဂ် ပဉ္စဘိက္ခု၀တ္ထု၊ ဓမ္မပဒပါဠိတော်။

“ပုန စ ပရံ ဘိက္ခဝေ ဘိက္ခု၊ အဘိက္ကန္တေန ပဋိက္ကန္တေန (ပ) တုဏှီဘာဝေ သမ္မဇ္ဇာနကာရီ ဟောတိ။” ဟူသော

သတိပဋ္ဌာန်ပါဠိတော် သမ္မဇညပဗ္ဗတို့ အလိုအားဖြင့် သံဝရဒ္ဒါရ ရှစ်ပါးကို ပြပေအံ့။

"ဣတိ ဣမေသံ ဒ္ဝါဒသန္နံ ကမ္မာနံ ကမ္မဋ္ဌာနဿဝ ဝိပါကဋ္ဌာနဿ ဗုဒ္ဓါနံ ကမ္မဝိပါကညာဏသော ယာထာဝ သရသတော ပါကဋံ ဟောတိ၊ အသာဓါရဏံ သာဝကေဟိ၊ ဝိပဿကေန ပန ကမ္မဋ္ဌာနဿ ဝိပါကဋ္ဌာနဿ ကေဒေသတော ဇာနိတဗ္ဗံ၊ တသ္မာ အယံ မုခမတ္တဒဿနေန ကမဝိသေသော ပကာသိတောတိ။" ဟသော ကဒ်ါဝိတ ရဏဝိသုဒ္ဓိနိဒ္ဒေသ ဝိသုဒ္ဓိမဂ်အဋ္ဌကထာ။

"ကမ္မဇံ အာယတနဒ္ဒါရဝသေန ပါကဋံ ဟောတိ၊ စက္ခုဒ္ဒါရသ္မိဉ္ဉိ စက္ခု, ကာယ, ဘာဝဒသကဝသေန တိဴသ ကမ္မဇရူပါနိ ဥပတ္ထမ္ဘကာနိ ပန တေသံ ဥတုစိတ္တာဟာရသမုဋ္ဌာနာနိ စတုဝီသတိတိ စတုပဏ္ဏာသ ဟောန္တိ၊ တထာ သောတ, ဃာန, ဇိဝှါဒ္ဒါရေသု။" ဟူသော မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိနိဒ္ဒေသ ဝိသုဒ္ဓိမဂ်အဋ္ဌကထာ။

"အဝိနိဘ္ဘာဂရူပံ ပန သုဒ္ဓဋ္ဌကံ။ ဒ္ဝေပဉ္စဝိညာဏော ပကိဏ္ဏကဝိဝဇ္ဇိတော။" ဟူသော သဒ္ဒါဟ်။

"ဣဓါတိ ဣမသ္မိံ သာသနေ။ နရူပညူ ဟောတိတိ စတ္တာရိ မဟာဘူတာနိတိ (စတ္တာရိ စ မဟာဘူတာနိ စတုန္နဉ္စ မဟာဘူတာနံ ဥပါဒါယရူပန္တိ) ဧဝံ ဝုတ္တံ ရူပံ ဒ္ဝိဟာကာရေဟိ နာမဇာနာတိ ဂဏနတော ဝါ သမုဋ္ဌာနတော ဝါ။ ဂဏနတော နာမဇာနာတိနာမ 'စက္ခာယတနံ, သောတ, ဃာန, ဇိဝှါ, ကာယာယတနံ, ရူပ, သဒ္ဒ,

ဂန္ဓ, ရသာ, ဖေါဋ္ဌဗ္ဗာယကာနံ, ဣတ္ထိန္ဒြိယံ, ပုရိသိန္ဒြိယံ, ဇီဝိတိန္ဒြိယံ, ကာယဝိညတ္တိ, ဝစီဝိညတ္တိ, အာကာသဓါတု, အာပေါဓါတု, ရူပဿ လဟုတာ, မုဒုတာ, ကမ္မညတာ, ဥပစယော, သန္တတိ, ဇရတာ, ရူပဿ အနိစ္စတာ, ကဗဠီကာရော အာဟာရောတိ' ဧဝံ ပါဠိယံ အာဂတာ ပဉ္စဝိသတိ ရူပကောဋ္ဌာသာတိ နု ဇာနာတိ၊ သေယျထာပိ သော ဂေါပါလကော ဂဏနတော ဂုန္နံ ရူပံ နု ဇာနာတိ၊ တထူပမော အယံ ဘိက္ခု 'သော ဂဏနတော ရူပံ အဇာနန္တော ရူပံ ပရိဂ္ဂဟေတ္ဝာ အရူပံ ဝဝတ္ထပေတ္ဝာ ရူပါရူပံ ပရိဂ္ဂဟေတ္ဝာ ပစ္ဆယံ သလ္လက္ခေတ္ဝာ လက္ခဏံ အာရောပေတ္ဝာ ကမ္မဋ္ဌာနံ မတ္ထကံ ပါပေတုံ နု သက္ကောတိ'။ သော ယထာ တဿ ဂေါပါလကဿ ဂေါဂဏော နု ဝမုတိ၊ ဧဝံ ဣမသ္မိံ သာသနေ သီလ, သမာဓိ, ဝိပဿနာ မဂ္ဂ ဖလ နိဗ္ဗာနေဟိ နု ဝမုတိ။ ယထာ စ သော ဂေါပါလကော ပဠုဟိ ဂေါရဿေဟိ ပရိဇာဟိရော ဟောတိ။ ဧဝံ အသေက္ခေန သီလက္ခန္ဓေန အသေက္ခေန သမာဓိ, ပညာ, ဝိမုတ္တိ, ဝိမုတ္တိဉာဏဒဿနက္ခန္ဓေနာဝိ ပဠုဟိ မမ္မက္ခန္ဓေဟိ ပရိဇာဟိရော ဟောတိ။" ဟူသော မဟာဂေါပါလကသုတ် မူလပဏ္ဏာသ အဋ္ဌကထာ၊ ကောဒသကနိပါတ် အနုသတိဝဂ် အဋ္ဌကထာ။

"ကထဉ္စ ဘိက္ခဝေ ဘိက္ခု နု ရူပညူ ဟောတိ။ ဣဓ ဘိက္ခဝေ ဘိက္ခု ယံကိဉ္စိ ရူပံ သဗ္ဗံ ရူပံ စတ္တာရိ စ မဟာဘူတာနိ စတုန္နဉ္စ မဟာဘူတာနံ ဥပါဒါယ ရူပန္တိ ယထာ

ဘူတံ နပ္ပဇာနာတိ။” ဟူသော မဟာဝေါလကသုတ် မူလ ပဏ္ဏာသပါဠိတော် စသည်တို့နှင့် မျှားစ္စာသော သုတ်ပါဠိ တော်တို့ အလိုအားဖြင့် စက္ခုဒ္ဒိ ရုပ်အရေအတွက် ၆၂ ပါး စသည်တို့နှင့် စေတသိက် ၇ ပါး စသည်တို့ကို ပြပေအံ့။

“ကာယဒ္ဒါရေ ကာယ, ဘာဝဒသကဝသေန စေဝ ဥတုသမုဋ္ဌာနာဒိဝသေန စ စတုစတ္တာလီသ။” ဟူသော ဝိသုဒ္ဓိမဂ် အဋ္ဌကထာ မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိနိဒ္ဒေသ အလိုအားဖြင့် ကာယဒ္ဒ ရုပ် ၅၂ ပါးတို့ကို ပြပေအံ့။

## ကာယဝိညတ်၏ သဘော

ကိုယ်ကို လှုပ်စေလျက် ဝိညတ်သို့ ရောက်သော အခါ ဒ္ဒကား အကြင်သူသည် ငါသည် ရှေ့သို့ တက်အံ့ နောက် သို့ ဆုတ်အံ့ စသည်ဖြင့် စိတ်သည် ရှေးဦးစွာ ဖြစ်၏။ ထို့နောင် ဝိညတ်ရုပ်သည် ကိုယ်ကို ပြည့်စေလျက် ရှေ့ သို့မူလည်း တက်၏။ နောက်သို့မူလည်း ဆုတ်၏။ ဤ ကြိယာအတွင်း၌ သမ္မန္ဓ ဖြစ်သော ရုပ်, နာမ်တို့ကား စိတ်သည် ဝတ္ထုရုပ်၌ မှီရသည်ဖြစ်၍ ဝတ္ထုရုပ်၌ ဝတ္ထု ဒသက ၁၀၊ ဘာဝဒသက ၁၀၊ ကာယဒသက ၁၀၊ စိတ္တဇ ဂ၊ ဥတုဇ ဂ၊ အာဟာရဇ ဂ၊ ပေါင်း ဝတ္ထုရုပ်၌ ရုအပ် သော ရုပ် ၅၄၊ ထို့ဝတ္ထုရုပ်၌ ပါသော ဝါယောဓါတ် သည် ကာယဝိညတ္တိ နဝက ၉ ပါးကို ဖြစ်စေ၏။ ထို့ ဝိညတ်၌ ပါသော ဝါယောဓါတ်သည် ရူပကာယ၌ နှံ့၍ တည်သော ကာယဒသက ၁၀၊ ဘာဝဒသက ၁၀၊ စိတ္တဇ ဂ၊ ဥတုဇ ဂ၊ အာဟာရဇ ဂ ဟူသော ကာယပဿာဒ

၄၄ ပါးဌ် ပါသော ဝါယောဓါတ်တို့ကို အဆက်ဆက် ထောက်ပံ့၏။

## ဝစီဝိညတ်၏ သဘော

ငါသည် စကားဆိုအံ့ဟု စိတ်သည် ဖြစ်၍ ထို့နောင် ဝိညတ်ရုပ်သည် ကိုယ်ကို ပြည့်စေလျက် စကားဆိုခြင်း သည် ဖြစ်၏။ ဤကြိယာအတွင်းဌ် သမ္မန္ဓ ဖြစ်သော ရုပ် နာမ်တို့ကား စိတ်သည် ဝတ္ထု၊ရုပ်ဌ် မှီရသည်ဖြစ်၍ ဝတ္ထု၊ ရုပ်ဌ် ရအပ်သော ရုပ် ၅၄ ပါး၊ ထို့ဝတ္ထု၊ရုပ်ဌ် ပါသော ပထဝီဓါတ်သည် ဥပါဒိန္နက ကာယပသာဒဟု ဆိုအပ် သော ဌာန် ငါးပါးဌ် ရှိသော ကမ္မဇပထဝီဓါတ်ကို ခတ် လျက် စိတ္တဝိပ္ဖါရသဒ္ဒကို ဖြစ်စေ၍ ဝစီဝိညတ္တိသဒ္ဒသက ၁၀ ကလာပ်အဆက်ဆက်ကို ထောက်ပံ့၍ ဖြစ်စေ၏။

## မနော၏ သဘော

"မနောဒ္ဓါရေ ဟဒယဝတ္ထု၊ ကာယ၊ ဘာဝဒသက ဝသေန ဧဝံ ဥတ္တသမုဋ္ဌာနာဒိဝသေန စ စတုပဏ္ဏာသမေဝ။" ဟူသော မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိနိဒ္ဒေသ ဝိသုဒ္ဓိမဂ်အဋ္ဌကထာ။

"ကာမာဝစရသောဘဏ္ဍသု ပန ကုသလသု တာဝ ပဌမဒ္ဓယေ အညသမာနာ တေရသ စေတသိကာ ပဉ္စဝိသတိ သောဘဏစေတသိကာ စေတိ အဋ္ဌတိံသ ဓမ္မာ သင်္ဂဟံ ဂစ္ဆန္တိ။" ဟူသော သင်္ဂြိဟ်တို့ အလိုအား ဖြင့် မနောဒ္ဓါရဌ် ရုပ် ၅၄ ပါး၊ စေတသိက် ၃၀ ပါး တို့ကို ပြပေအံ့။

## ၁။ စက္ခုသံဝရ

| | | | |
|---|---|---|---|
| စက္ခုဒဿက | ၁၀ | ဥတုဇ | ၈ |
| ကာယဒဿက | ၁၀ | အာဟာရဇ | ၈ |
| ဘာဝဒဿက | ၁၀ | ရူပါရုံ | ၈ |
| စိတ္တဇ | ၈ | ပေါင်းရုပ် ၆၂ ပါး | |
| စက္ခုဝိညာဉ်စိတ် | ၁ | ပေါင်း နာမ် ၈ ပါး | ၇၀ နှင့်ညီ ဒုတိယဝါ |
| သမ္ပဋိစ္ဆာသာဓာရဏစေတသိက် | ၇ | | |

### ခန္ဓာ ငါးပါး

၁။ ရုပ် ၆၂ ပါးသည် ရူပက္ခန္ဓာ မည်၏။

၂။ ဝေဒနာစေတသိက်သည် ဝေဒနာက္ခန္ဓာ မည်၏။

၃။ သညာစေတသိက်သည် သညာက္ခန္ဓာ မည်၏။

၄။ ကြွင်းသော စေတသိက် ငါးပါးသည် သင်္ခါရက္ခန္ဓာ မည်၏။

၅။ စက္ခုဝိညာဉ်စိတ်သည် ဝိညာဏက္ခန္ဓာ မ့ည်၏။

### အာယတန လေးပါး

၁။ စက္ခုပသာဒ ၅၄ ပါးသည် စက္ခာယတန ၅၄ ပါး မည်၏။

၂။ ရူပါရုံ ၈ ပါးသည် ရူပါယတန ၈ ပါး မည်၏။

၃။ စက္ခုဝိညာဉ်စိတ် ၁ ပါးသည် မနာယတန ၁ ပါး မည်၏။

၄။ စေတသိက် ၇ ပါးသည် ဓမ္မာယတန ၇ ပါး မည်၏။

## ဓါတ် လေးပါး

၁။ စက္ခုပသာဒ ၅၄ ပါးသည် စက္ခုဓါတ် ၅၄ ပါး မည်၏။

၂။ ရူပါရုံ ဂ ပါးသည် ရူပဓါတ် ဂ ပါး မည်၏။

၃။ စက္ခုဝိညာဉ်စိတ် ၁ ပါးသည် စက္ခုဝိညာဏ ဓါတ် ၁ ပါး မည်၏။

၄။ စေတသိက် ၇ ပါးသည် ဓမ္မဓါတ် ၇ ပါး မည်၏။

ဤ ခန္ဓာ ငါးပါး, အာယတန လေးပါး, ဓါတ် လေး ပါးတို့၏ အညီအမျှ ပေါင်းဆုံကြသော အခါ၌၊ တည့် တည့် ကြည့်ခြင်း, စောင်း၍ ကြည့်ခြင်း စသည် ထင်ခဲ့ ၏။ ထိုသို့ တည့်တည့် ကြည့်ခြင်း, စောင်း၍ ကြည့်ခြင်း ၌ အဘယ် မည်သော သူ တည့်တည့် ကြည့်သနည်း။ ရုပ် ချင်း ခိုက်၍ နာမ်က ကြည့်အပ်သည်၏ အဖြစ်ကြောင့်၊ ကြည့်တတ်သော သူ လူ, နတ်, ဗြဟ္မာ သတ္တဝါ မရှိသည် သာလျှင် တည်း။ ထို့ကြောင့် တခါ ကြည့်၍ တခါ ချုပ် ခဲ့လျှင်၊ အနိစ္စ, ဒုက္ခ, အနတ္တ။

**အထူး သတိပြုရန်။** ဤနည်းကို မှီး၍ သွားခြင်း, လာခြင်း, ထိုင်ခြင်း, ရပ်ခြင်း, အိပ်ခြင်း, စောင်းခြင်း, မှောက်ခြင်း, လှန်ခြင်း, ဦးခေါင်းလှုပ်ခြင်း, ကိုယ်လှုပ်ခြင်း, ခြေလှုပ်ခြင်း, လက်လှုပ်ခြင်း, မျက်စိမှိတ်ခြင်း, နှုတ်ခမ်းလှုပ်ခြင်း, လျှာလှုပ်ခြင်း စသည်တို့၌ တခါ လှုပ်၍ တခါ ချုပ်ခဲ့လျှင်၊ အနိစ္စ, ဒုက္ခ, အနတ္တဟု ကာယဝိညတ္တိ သံဝရမှ ဆက်၍ ကြည့်လေ။

၂။ သောတသံဝရ

| | | | |
|---|---|---|---|
| သောတဒွါရ | ၁၀ | ဥတုဇ | ၈ |
| ကာယဒွါရ | ၁၀ | အာဟာရဇ | ၈ |
| ဘာဝဒွါရ | ၁၀ | သဒ္ဓါရုံ | ၉ |
| စိတ္တဇ | ၈ | ပေါင်း ရုပ် ၆၃ ပါး | |
| သောတဝိညာဉ်စိတ် | ၁ | ပေါင်း နာမ် ၈ ပါး | |
| သမ္ပစ္ဆာသာဓာရဏာစေတသိက် | ၇ | | |

ပေါင်း ၇၁ ပါး

ခန္ဓာ ငါးပါး

၁။ ရူပက္ခန္ဓာ ၆၃

| | | | |
|---|---|---|---|
| ၂။ ဝေဒနာက္ခန္ဓာ | ၁ | ၄။ သင်္ခါရက္ခန္ဓာ | ၅ |
| ၃။ သညာက္ခန္ဓာ | ၁ | ၅။ ဝိညာဏက္ခန္ဓာ | ၁ |

အာယတန လေးပါး

| | | | |
|---|---|---|---|
| ၁။ သောတာယတန | ၁၄ | ၃။ မနာယတန | ၁ |
| ၂။ သဒ္ဒါယတန | ၆ | ၄။ ဓမ္မာယတန | ၂ |

ဓါတ် လေးပါး

| | | | |
|---|---|---|---|
| ၁။ သောတဓါတ် | ၁၄ | ၃။ သာတဝိညာဏဓါတ် | ၁ |
| ၂။ သဒ္ဒဓါတ် | ၆ | ၄။ ဓမ္မဓါတ် | ၂ |

ဤခန္ဓာ ငါးပါး, အာယတန လေးပါး, ဓါတ် လေးပါးတို့၏ အညီအမျှ ပေါင်းဆုံကြသော အခါ၌၊ ကြားခြင်းသည် ထင်ခဲ့၏။ ထိုသို့ ကြားခြင်း၌ အဘယ် မည်သော သူ ကြားသနည်း။ ရုပ်ချင်း ခိုက်၍ နာမ်က ကြားအပ်သည်၏ အဖြစ်ကြောင့်၊ ကြားတတ်သော သူ လူ, နတ်, ဗြဟ္မာ, သတ္တဝါ မရှိသည်သာလျှင်တည်း။ ထို့ကြောင့် တခါ ကြား၍ တခါ ချုပ်ခဲ့လျှင်၊ အနိစ္စ, ဒုက္ခ, အနတ္တ။

## ၃။ ဃာနသံဝရ

| | | | | | |
|---|---|---|---|---|---|
| ဃာနဒဿက | ၁၀ | ဥတုဇ | ၈ | ၂၉ | ဒသ္သနဒသက |
| ကာယဒဿက | ၁၀ | အာဟာရဇ | ၈ | | |
| ဘာဝဒဿက | ၁၀ | ဇန္ဓာရုံ | ၈ | | |
| စိတ္တဇ | ၈ | ပေါင်း ရုပ် ၆၂ ပါး | | | |
| ဃာနဝိညာဉ်စိတ် | ၁ | ပေါင်း နာမ် ၈ ပါး | | ၃၀ | ဃာနသံဝရ |
| သမ္ပဋိစ္ဆာသာဓာရဏာစေတသိက် | ၇ | | | | |

## ခန္ဓာ ငါးပါး

| | | | |
|---|---|---|---|
| ၁။ ရူပက္ခန္ဓာ | ၆၂ | | |
| ၂။ ဝေဒနာက္ခန္ဓာ | ၁ | ၄။ သင်္ခါရက္ခန္ဓာ | ၅၅ |
| ၃။ သညာက္ခန္ဓာ | ၁ | ၅။ ဝိညာဏက္ခန္ဓာ | ၁ |

## အာယတန လေးပါး

| | | | |
|---|---|---|---|
| ၁။ ဃာနာယတန | ၅၄ | ၃။ မနာယတန | ၁ |
| ၂။ ဇိဇ္ဈာယတန | ၈ | ၄။ ဓမ္မာယတန | ၇ |

## ဓါတ် လေးပါး

| | | | |
|---|---|---|---|
| ၁။ ဃာနဓါတ် | ၅၄ | ၃။ ဃာနဝိညာဏဓါတ် | ၁ |
| ၂။ ဇိဇ္ဈဓါတ် | ၈ | ၄။ ဓမ္မဓါတ် | ၇ |

ဤခန္ဓာ ငါးပါး, အာယတန လေးပါး, ဓါတ် လေးပါးတို့၏ အညီ အမျှ ပေါင်းဆုံကြသော အခါ၌၊ နုံခြင်းသည် ထင်ခဲ့၏။ ထိုသို့ နုံခြင်း၌ အဘယ် မည်သော သူ နုံသနည်း။ ရုပ်ချင်း ခိုက်၍ နာမ်က နုံအပ်သည်၏ အဖြစ်ကြောင့်၊ နုံတတ်သော သူ လူ, နတ် မရှိသည် သာလျှင်တည်း။ ထို့ကြောင့် တခါ နုံ၍ တခါ ချုပ်ခဲ့လျှင်၊ အနိစ္စ, ဒုက္ခ, အနတ္တ။

## ၄။ ဇာဂါသံဝဏ္ဏနာ

| | | | |
|---|---|---|---|
| ဇိဝ္ဟါဒသက | ၁၀ | ဥတုဇ | ၈ |
| ကာယဒသက | ၁၀ | အာဟာရဇ | ၈ |
| ဘာဝဒသက | ၁၀ | ရသာရုံ | ၈ |
| ဇဇ္ဈတ္တဇ | ၈ | ပေါင်း ရုပ် ၆၂ ပါး | |
| ဇိဝ္ဟါဝိညာဉ်စိတ် | ၁ | ပေါင်း နာမ် ၈ ပါး | |
| သမ္ပဋိစ္ဆာသာဓာရဏာစေတသိက် | ၇ | | |

ပေါင်း ၇၀ ဥဒ္ဒါန်း ပြီး

### ခန္ဓာ ငါးပါး

၁။ ရူပက္ခန္ဓာ ၆၂

| | | | |
|---|---|---|---|
| ၂။ ဝေဒနာက္ခန္ဓာ | ၁ | ၄။ သင်္ခါရက္ခန္ဓာ | ၅ |
| ၃။ သညာက္ခန္ဓာ | ၁ | ၅။ ဝိညာဏက္ခန္ဓာ | ၁ |

### အာယတန လေးပါး

| | | | |
|---|---|---|---|
| ၁။ ဇိဝ္ဟာယတန | ၁၄ | ၃။ မနာယတန | ၁ |
| ၂။ ရသာယတန | ၈ | ၄။ ဓမ္မာယတန | ၇ |

### ဓါတ် လေးပါး

| | | | |
|---|---|---|---|
| ၁။ ဇိဝ္ဟာဓါတ် | ၁၄ | ၃။ ဇိဝ္ဟာဝိညာဏဓါတ် | ၁ |
| ၂။ ရသဓါတ် | ၈ | ၄။ ဓမ္မဓါတ် | ၇ |

ဤခန္ဓာ ငါးပါး, အာယတန လေးပါး, ဓါတ် လေးပါးတို့၏ အညီအမျှ ပေါင်းဆုံကြသော အခါ၌၊ လျက်ခြင်းသည် ထင်ခဲ့၏။ ထိုသို့ လျက်ခြင်း၌ အဘယ် မည်သော သူ လျက်သနည်း။ ရုပ်ချင်း ခိုက်၍ နာမ်က အရသာကို လျက်သဖြင့် သိအပ်သည်၏ အဖြစ်ကြောင့်၊ လျက်တတ်သော သူ လူ, နတ် မရှိသည်သာလျှင်တည်း။ ထို့ကြောင့် တခါ လျက်၍ တခါ ချုပ်ခဲ့လျှင်၊ အနိစ္စ, ဒုက္ခ, အနတ္တ။

## ၅။ ကာယသံဝရ

| | | | | |
|---|---|---|---|---|
| ကာယဒဿက | ၁၀ | ညတုဇ | ၁ | ဒြဝ္ယသမ္ပယုတ္တ ဝိသဘာဂ ပါရိသုဒ္ဓိ ပါဠိ ပေါင်း ရုပ် ၁၂ ပါး |
| ဘာဝဒဿက | ၁၀ | အာဟာရဇ | ၁ | |
| စိတ္တဇ | ၈ | ဖေါဋ္ဌဗ္ဗာရုံ | ၈ | |
| ကာယဝိညာဉ်စိတ် | ၁ | ပေါင်း နာမ် ၈ ပါး | | |
| သမ္ပဋိစ္ဆာသာခါရဏာစေတသိက် | ၇ | | | |

### ခန္ဓာ ငါးပါး

| | | | |
|---|---|---|---|
| ၁။ ရူပက္ခန္ဓာ | ၁၂ | | |
| ၂။ ဝေဒနာက္ခန္ဓာ | ၁ | ၄။ သင်္ခါရက္ခန္ဓာ | ၅ |
| ၃။ သညာက္ခန္ဓာ | ၁ | ၅။ ဝိညာဏက္ခန္ဓာ | ၁ |

### အာယတန လေးပါး

| | | | |
|---|---|---|---|
| ၁။ ကာယာယတန | ၄၄ | ၃။ မနာယတန | ၁ |
| ၂။ ဖေါဋ္ဌဗ္ဗာယတန | ၈ | ၄။ ဓမ္မာယတန | ၇ |

### ဓါတ် လေးပါး

| | | | |
|---|---|---|---|
| ၁။ ကာယဓါတ် | ၄၄ | ၃။ ကာယဝိညာဏဓါတ် | ၁ |
| ၂။ ဖေါဋ္ဌဗ္ဗဓါတ် | ၈ | ၄။ ဓမ္မဓါတ် | ၇ |

ဤခန္ဓာ ငါးပါး, အာယတန လေးပါး, ဓါတ် လေးပါးတို့၏ အညီအမျှ ပေါင်းဆုံကြသော အခါ၌၊ တွေ့ထိခြင်းသည် ထင်ခဲ့၏။ ထိုသို့ တွေ့ထိခြင်း၌ အဘယ် မည်သော သူ တွေ့ထိသနည်း။ ရုပ်ချင်း ခိုက်၍ နာမ်က တွေ့ထိမှုန်း သိသည်၏ အဖြစ်ကြောင့်၊ တွေ့ထိတတ်သော သူ လူ, နတ် မရှိသည်သာလျှင်တည်း။ ထိုကြောင့် တခါ တွေ့ထိ၍ တခါ ချုပ်ခဲ့လျှင်၊ အနိစ္စ, ဒုက္ခ, အနတ္တ။

ဝိပဿနာကထာ ၁၆၉

၆။ (က) လောကကာယဝိညတ္တိသံဝရ

| | | | |
|---|---|---|---|
| ဝတ္ထုရုပ် | ၅၄ | လောဘစိတ် | ၁ |
| ကာယပသာဒ | ၄၄ | အညသမာန်း | ၁၃ |
| ကာယဝိညတ္တိနဝက | ၉ | အကုသလသာဓါရဏာ | ၄ |
| | | လောဘ, ဒိဋ္ဌိ | ၂ |
| ပေါင်း ရုပ် ၁၀၇ ပါး | | ပေါင်း နာမ် ၂၀ ပါး | |

ဒွိခန္ဓာ ငါးပါး, ၂၄ ပါး

ခန္ဓာ ငါးပါး

၁။ ရူပက္ခန္ဓာ ၁၀၇

| | | | |
|---|---|---|---|
| ၂။ ဝေဒနာက္ခန္ဓာ | ၁ | ၄။ သင်္ခါရက္ခန္ဓာ | ၁၇ |
| ၃။ သညာက္ခန္ဓာ | ၁ | ၅။ ဝိညာဏက္ခန္ဓာ | ၁ |

အာယတန လေးပါး

| | | | |
|---|---|---|---|
| ၁။ ကာယာယတန | ၄၄ | ၃။ မနာယတန | ၁ |
| ၂။ ဖောဋ္ဌဗ္ဗာယတန | ၉ | ၄။ မမ္မာယတန | ၇၃ |

ဓါတ် လေးပါး

| | | | |
|---|---|---|---|
| ၁။ ကာယဓါတ် | ၄၄ | ၃။ မနောဝိညာဏဓါတ် | ၁ |
| ၂။ ဖောဋ္ဌဗ္ဗဓါတ် | ၉ | ၄။ ဓမ္မဓါတ် | ၇၃ |

ဤခန္ဓာ ငါးပါး, အာယတန လေးပါး, ဓါတ် လေးပါးတို့၏ အညီအမျှ ပေါင်းဆုံကြသော အဓါဠှ၊ ရှေ့သို့ တက်ခြင်း, နောက်သို့ ဆုတ်ခြင်း စသည် ထင်ခဲ့၏။ ထိုသို့ ရှေ့သို့ တက်ခြင်းဠှ အဘယ်မည်သော သူ ရှေ့သို့ တက်သနည်း။ စိတ္တဇဝါယောကြောင့် ကမ္မဇဝါယောတို့ သွပ်ရှားသည်။ ဝါ။ နာမ်က ခိုင်းရှိ ရုပ်က လှုပ်ရှားသည်၏ အဖြစ်ကြောင့်၊ ရှေ့သို့, နောက်သို့, ဆုတ်တတ်တက်တတ်သော သူ လူ, နတ်, ဗြဟ္မာ, သတ္တဝါ မရှိသည်သာလျှင်တည်း။ ထိုကြောင့်၊ တခါ ရှေ့သို့ တက်၍ တခါ နောက်သို့ ဆုတ်၍ တခါ ချုပ်ခဲ့လျှင်၊ အနိစ္စ, ဒုက္ခ, အနတ္တ။ ။မျက်နှာ နံပါတ် ၁၆၄ "အထူး သတိပြုရန်" နှင့် ဆက်စပ်၍ ကြည့်လေ။

## ၆။ (ခ) ဒေါသကာယဝိညတ္တိသံဝရ


| | | | | | |
|---|---|---|---|---|---|
| ဝတ္ထုရုပ် | ၅၄ | ဒေါသစိတ် | ၁ | ၂၄ | ဒွိ |
| ကာယပသာဒ | ၄၄ | ဗီတိက္ကမအညသမာန်း | ၁၂ | | |
| ကာယဝိညတ္တိနဝက | ၉ | အကုသလသာဓါရဏ | ၄ | | စာ |
| | | ဒေါသစတုက | ၄ | | ၁၂ |
| ပေါင်း ရုပ် ၁၀၇ ပါး | | ပေါင်း နာမ် ၂၁ ပါး | | | |


### ခန္ဓာ ငါးပါး


၁။ ရူပက္ခန္ဓာ ၁၀၇

| | | | |
|---|---|---|---|
| ၂။ ဝေဒနာက္ခန္ဓာ | ၁ | ၄။ သင်္ခါရက္ခန္ဓာ | ၁၀ |
| ၃။ သညာက္ခန္ဓာ | ၁ | ၅။ ဝိညာဏက္ခန္ဓာ | ၁ |


### အာယတန လေးပါး


| | | | |
|---|---|---|---|
| ၁။ ကာယာယတန | ၄၄ | ၃။ မနာယတန | ၁ |
| ၂။ ဖောဋ္ဌဗ္ဗာယတန | ၉ | ၄။ ဓမ္မာယတန | ၇၄ |


### ဓါတ် လေးပါး


| | | | |
|---|---|---|---|
| ၁။ ကာယဓါတ် | ၄၄ | ၃။ မနောဝိညာဏဓါတ် | ၁ |
| ၂။ ဖောဋ္ဌဗ္ဗဓါတ် | ၉ | ၄။ ဓမ္မဓါတ် | ၇၄ |


ဤခန္ဓာ ငါးပါး, အာယတန လေးပါး, ဓါတ် လေးပါးတို့၏ အညီအမျှ ပေါင်းဆုံကြသော အခါဌ်၌၊ စိတ်ဆိုး, မျက်ထွက်, မနှစ်သက်၍ ရိုက်နှက်ခြင်း, ပုတ်ခတ်ခြင်း စသည် ထင်ခဲ့၏။ ထိုသို့ ပုတ်ခတ်ခြင်းဌ် အဘယ် မည်သော သူ ပုတ်ခတ်သနည်း။ စိတ္တဇဝါယောကြောင့် ကမ္မဇဝါယောတို့ ပုတ်ခတ်သည်။ ဝါ၊ နာမ်က ခိုင်း၍ ရုပ်က ပုတ်ခတ်သည်၏ အဖြစ်ကြောင့်၊ ပုတ်ခတ်တတ်သော သူလူ, နတ် မရှိသည်သာလျှင်တည်း။ ထိုကြောင့် တခါ ပုတ်ခတ်၍ တခါ ချုပ်ခဲ့လျှင်၊ အနိစ္စ, ဒုက္ခ, အနတ္တ။

ဝိပဿနာကထာ ၁၇၁

၆။ (၈) မောဟကာယဝိညတ္တိသံဝရ

စတ္ထုရုပ် ၅၄ | မောဟစိတ် ၁ | ဒွိပဉ္စဝိ
ကာယပသာဒ ၄၄ | ဆန္ဒပိတ်ကြဉ်အညသမာန်း ၁၁ | ပဉ္စ
ကာယဝိညတ္တိနဝက ၉ | အကုသလသာဓါရဏ ၄ | ဒွိ
ပေါင်းရုပ် ၁၀၇ ပါး | ပေါင်းနာမ် ၁၉ ပါး | ၂၆ ဒွိ

ခန္ဓာ ငါးပါး

၁။ ရူပက္ခန္ဓာ ၁၀၇

၂။ ဝေဒနာက္ခန္ဓာ ၁ | ၄။ သင်္ခါရက္ခန္ဓာ ၁၃
၃။ သညာက္ခန္ဓာ ၁ | ၅။ ဝိညာဏက္ခန္ဓာ ၁

အာယတန လေးပါး

၁။ ကာယာယတန ၄၄ | ၃။ မနာယတန ၁
၂။ ဖောဋ္ဌဗ္ဗာယတန ၉ | ၄။ ဓမ္မာယတန ၆၉

ဓါတ် လေးပါး

၁။ ကာယဓါတ် ၄၄ | ၃။ မနောဝိညာဏဓါတ် ၁
၂။ ဖောဋ္ဌဗ္ဗဓါတ် ၉ | ၄။ ဓမ္မဓါတ် ၆၉

ဤခန္ဓာ ငါးပါး, အာယတန လေးပါး, ဓါတ် လေးပါးတို့၏ အညီအမျှ ပေါင်းဆုံကြသော အခါ၌၊ မသိဘဲ အမှတ်တမဲ့ လှုပ်ရှားခြင်း, သွားလာခြင်း စသည် ထင်ခဲ့၏။ ထိုသို့ လှုပ်ရှားခြင်း၌ အဘယ် မည်သော သူ လှုပ်ရှားသနည်း။ စိတ္တဇဝါယောကြောင့် ကမ္မဇဝါယောတို့ လှုပ်ရှားသည်။ ဝါ။ နာမ်က ခိုင်း၍ ရုပ်က လှုပ်ရှားသည်၏ အဖြစ်ကြောင့်၊ လှုပ်ရှားတတ်သော သူ လူ, နတ်, ဗြဟ္မာ, သတ္တဝါ မရှိသည်သာလျှင်တည်း။ ထို့ကြောင့် မသိဘဲ အမှုမဲ့ အမှတ်မဲ့ တခါ လှုပ်၍ တခါ ချုပ်ခဲ့လျှင်၊ အနိစ္စ, ဒုက္ခ, အတ္တ။

## ၆။ (ဃ) ကုသိုလ်ကာယဝိညတ္တိသံဝရ




### ခန္ဓာ ငါးပါး

၁။ ရူပက္ခန္ဓာ ၁၀၇

၂။ ဝေဒနာက္ခန္ဓာ ၁ ၄။ သင်္ခါရက္ခန္ဓာ ၃၉

၃။ သညာက္ခန္ဓာ ၁ ၅။ ဝိညာဏက္ခန္ဓာ ၁

### အာယတန လေးပါး

၁။ ကာယာယတန ၄၄ ၃။ မနာယတန ၁

၂။ ဖောဋ္ဌဗ္ဗာယတန ၉ ၄။ ဓမ္မာယတန ၉၂

### ဓါတ် လေးပါး

၁။ ကာယဓါတ် ၄၄ ၃။ မနောဝိညာဏဓါတ် ၁

၂။ ဖောဋ္ဌဗ္ဗဓါတ် ၉ ၄။ ဓမ္မဓါတ် ၉၂

ဤခန္ဓာ ငါးပါး, အာယတန လေးပါး, ဓါတ် လေးပါးတို့၏ အညီအမျှ ပေါင်းဆုံကြသော အခါ၌၊ ရတနာ သုံးပါးတို့ကို ကန်တော့ခြင်း, ဝပ်ချခြင်း, လက်အုပ်ချီခြင်း စသည် ထင်ခဲ့၏။။ ထိုသို့ ကန်တော့ခြင်း၌ အဘယ် မည်သော သူ ကန်တော့သနည်း။ စိတ္တဇ ဝါယောကြောင့် ကမ္မဇဝါယောတို့ ကန်တော့သည်။ ဝါ။ နာမ်က ခိုင်း၍ ရုပ်က ကန်တော့သည်၏ အဖြစ်ကြောင့်၊ ကန်တော့တတ်သော၊ သူ လူ, နတ်, ဗြဟ္မာ, သတ္တဝါ မရှိသည်သာလျှင်တည်း။ ထိုကြောင့် ရတနာ သုံးပါးတို့ကို တခါ ကန်တော့၍ တခါ ချုပ်ခဲ့လျှင်၊ အနိစ္စ, ဒုက္ခ, အနတ္တ။

## ၇။ (က) လောဘဝစီဝိညတ္တိသံဝရ


| | | | |
|---|---|---|---|
| ဝတ္ထုရုပ် | ၅၄ | လောဘစိတ် | ၁ |
| ကာယပသာဒ | ၄၄ | အညသမာန်း | ၁၃ |
| ဝစီဝိညတ္တိသဒ္ဒဒသက | ၁၀ | အကုသလသာဓါရဏ | ၄ |
| | | လောဘ, ဒိဋ္ဌိ | ၂ |
| ခပါင်း ရုပ် ၁၀၈ ပါး | | ပေါင်း နာမ် ၂၀ ပါး | |

ဝဏ္ဏ ၎င်းပါး

၁။ ရူပက္ခန္ဓာ ၁၀၈

| | | | |
|---|---|---|---|
| ၂။ ဝေဒနာက္ခန္ဓာ | ၁ | ၄။ သင်္ခါရက္ခန္ဓာ | ၁၃ |
| ၃။ သညာက္ခန္ဓာ | ၁ | ၅။ ဝိညာဏက္ခန်ာ | ၁ |

အာယတန လေးပါး

| | | | |
|---|---|---|---|
| ၁။ ကာယာယတန | ၄၄ | ၃။ မနာယတန | ၁ |
| ၂။ သဒ္ဒါယတန | ၁၀ | ၄။ ဓမ္မာယတန | ၂၃ |

ဓါတ် လေးပါး

| | | | |
|---|---|---|---|
| ၁။ ကာယဓါတ် | ၄၄ | ၃။ မနောဝိညာဏဓါတ် | ၁ |
| ၂။ သဒ္ဒဓါတ် | ၁၀ | ၄။ ဓမ္မဓါတ် | ၂၃ |


ဤခန္ဓာ ၎င်းပါး, အာယတန လေးပါး, ဓါတ် လေးပါးတို့၏ အညီအမျှ ပေါင်းဆုံကြသော အခါ၌၊ စကားပြောခြင်း, ဆိုခြင်း စသည် ထင်ခဲ့၏။ ထိုသို့ ပြောခြင်းဆိုခြင်း၌ အဘယ် မည်သော သူ ဆိုသနည်း။ စိတ္တဇပထဝီကြောင့် ကမ္မဇပထဝီတို့ ဆိုသည်။ ဝါ၊ နာမ်က ခိုင်းရှေ့ ရုပ်က ဆိုသည်၏ အဖြစ်ကြောင့်၊ ဆိုတတ်သော သူ လူ, နတ်, ဗြဟ္မာ, သတ္တဝါ မရှိသည်သာလျှင်တည်း။ ထို့ကြောင့် တခါ ဆို၍ တခါ ချုပ်ခဲ့လျှင်၊ အနိစ္စ, ဒုက္ခ, အနတ္တ။

## ၇။ (ခ) ဒေါသဝစီဝိညတ္တိသံဝရ


| | | | | |
|---|---|---|---|---|
| ဝတ္ထုရုပ် | ၅၄ | ဒေါသစိတ် | ၁ | ခုနှစ်ပါး |
| ကာယပသာဒ | ၄၄ | ဒိတိကြဉ်အညသမာန်း | ၁၂ | |
| ဝစီဝိညတ္တိသဒ္ဒဒသက | ၁၀ | အကုသလသာဓါရဏ | ၄ | |
| | | ဒေါသစတုက | ၄ | |
| ပေါင်း ရုပ် ၁၀၀ ပါး | | ပေါင်း နာမ် ၂၁ ပါး | | |

### ခန္ဓာ ငါးပါး

၁။ ရူပက္ခန္ဓာ ၁၀၀

| | | | |
|---|---|---|---|
| ၂။ ဝေဒနာက္ခန္ဓာ | ၁ | ၄။ သင်္ခါရက္ခန္ဓာ | ၁၀ |
| ၃။ သညာက္ခန္ဓာ | ၁ | ၅။ ဝိညာဏက္ခန္ဓာ | ၁ |

### အာယတန လေးပါး

| | | | |
|---|---|---|---|
| ၁။ ကာယာယတန | ၄၄ | ၃။ မနာယတန | ၁ |
| ၂။ သဒ္ဒါယတန | ၁၀ | ၄။ မမ္မာယတန | ၂၄ |

### ဓါတ် လေးပါး

| | | | |
|---|---|---|---|
| ၁။ ကာယဓါတ် | ၄၄ | ၃။ မနောဝိညာဏဓါတ် | ၁ |
| ၂။ သဒ္ဒဓါတ် | ၁၀ | ၄။ ဓမ္မဓါတ် | ၂၄ |


ဤခန္ဓာ ငါးပါး, အာယတန လေးပါး, ဓါတ် လေးပါးတို့၏ ဒုက္ခညိအမျှ ပေါင်းဆုံကြသော အခါ၌၊ စိတ်ဆိုး, မျက်ထွက်, မနှစ်သက်၍ ဆဲဆိုခြင်း စသည် ထင်ခဲ့၏။ ထိုသို့ ဆဲဆိုခြင်း၌ အဘယ်မည်သော သူ ဆဲဆိုသနည်း။ စိဏ္ဏပထဝီကြောင့် ကမ္မဇပထဝီတို့ ဆဲဆိုသည်၊ ဝါ၊ နာမ်က ခိုင်း၍ ရုပ်က ဆဲဆိုသည်၏ အဖြစ်ကြောင့်၊ ဆဲဆိုတတ်သော သူ လူ, နတ် မရှိသည်သာလျှင် တည်း။ ထို့ကြောင့် တခါ ဆဲဆို၍ တခါ ချုပ်ခဲ့လျှင်၊ အနိစ္စ, ဒုက္ခ, အနတ္တ။

၇။ (၈) မောဟဝိစိဒိဋ္ဌိသံဝရ

| | | | | |
|---|---|---|---|---|
| ဝတ္ထုရုပ် | ၅၄ | မောဟစိတ် | ၁ | ၂၄ ဝိပဿနာကထာ |
| ကာယပဿဒ္ဓ | ၄၄ | ဆန္ဒဝိတိက္ကမအညသမာန်း | ၁၁ | |
| ဝစီဝိညတ္တိသဒ္ဒဒသက | ၁၀ | အကုသလသာဓါရဏ | ၄ | |
| ပေါင်းရုပ် ၁၀၈ ပါး | | ပေါင်းနာမ် ၁၆ ပါး | | |

ခန္ဓာ ငါးပါး

၁။ ရူပက္ခန္ဓာ ၁၀၈

| | | | |
|---|---|---|---|
| ၂။ ဝေဒနာက္ခန္ဓာ | ၁ | ၄။ သင်္ခါရက္ခန္ဓာ | ၁၃ |
| ၃။ သညာက္ခန္ဓာ | ၁ | ၅။ ဝိညာဏက္ခန္ဓာ | ၁ |

အာယတန လေးပါး

| | | | |
|---|---|---|---|
| ၁။ ကာယာယတန | ၄၄ | ၃။ မနာယတန | ၁ |
| ၂။ သဒ္ဒါယတန | ၁၀ | ၄။ ဓမ္မာယတန | ၆၉ |

ဓါတ် လေးပါး

| | | | |
|---|---|---|---|
| ၁။ ကာယဓါတ် | ၄၄ | ၃။ မနောဝိညာဏဓါတ် | ၁ |
| ၂။ သဒ္ဒဓါတ် | ၁၀ | ၄။ ဓမ္မဓါတ် | ၆၉ |


ဤခန္ဓာ ငါးပါး, အာယတန လေးပါး, ဓါတ် လေးပါးတို့၏ အညီအမျှ ပေါင်းဆုံကြသော အခါ၌၊ မသိဘဲ အမှတ်တမဲ့ ပြောဆို ခြင်း, ဆိုမှန်းမသိ ဆိုခြင်း, ပြောမှန်းမသိ ပြောခြင်း စသည် ထင်ခဲ့၏။ ထိုသို့ ဆိုမှန်းမသိ ဆိုခြင်း၌ အဘယ် မည်သော သူ ဆိုမှန်း မသိ ဆိုသနည်း။ စိတ္တဇပထဝီကြောင့် ကမ္မဇပထဝီတို့ ဆိုမှန်းမသိ ဆိုသည်။ ဝါ၊ နာမ်က ခိုင်း၍ ရုပ်က ဆိုမှန်းမသိ ဆိုသည်၏ အဖြစ်ကြောင့်၊ ဆိုတတ်သော သူ လူ, နတ်, ဗြဟ္မာ, သတ္တဝါ မရှိသည်သာလျှင်တည်း။ ထို့ကြောင့် တခါ ဆိုမှန်းမသိ ဆို၍ တခါ ချုပ်ခဲ့လျှင်၊ အနိစ္စ, ဒုက္ခ, အနတ္တာ။

## ၇။ (ဃ) ကုသိုလ်ဝစီဝိညတ္တိသံဝရ


| | | | | |
|---|---|---|---|---|
| ဝတ္ထုရုပ် | ၅၄ | ကာမကုသိုလ်စိတ် | ၁ | ၂၆၄ ခန္ဓာ |
| ကာယပသာဒ | ၄၄ | အညသမာန်း | ၁၃ | |
| ဝစီဝိညတ္တိသဒ္ဒဒသက | ၁၀ | သောဘဏစေတသိက် | ၂၅ | |
| ပေါင်းရုပ် ၁၀၈ ပါး | | ပေါင်း နာမ် ၃၉ ပါး | | |


### ခန္ဓာ ငါးပါး


| | | | |
|---|---|---|---|
| ၁။ ရူပက္ခန္ဓာ | ၁၀၈ | | |
| ၂။ ဝေဒနာက္ခန္ဓာ | ၁ | ၄။ သင်္ခါရက္ခန္ဓာ | ၃၆ |
| ၃။ သညာက္ခန္ဓာ | ၁ | ၅။ ဝိညာဏက္ခန္ဓာ | ၁ |


### အာယတန လေးပါး


| | | | |
|---|---|---|---|
| ၁။ ကာယာယတန | ၄၄ | ၃။ မနာယတန | ၁ |
| ၂။ သဒ္ဒါယတန | ၁၀ | ၄။ ဓမ္မာယတန | ၆၂ |


### ဓါတ် လေးပါး


| | | | |
|---|---|---|---|
| ၁။ ကာယဓါတ် | ၄၄ | ၃။ မနောဝိညာဏဓါတ် | ၁ |
| ၂။ သဒ္ဒဓါတ် | ၁၀ | ၄။ ဓမ္မဓါတ် | ၆၂ |


ဤခန္ဓာ ငါးပါး, အာယတန လေးပါး, ဓါတ် လေးပါးတို့၏ အညီအမျှ ပေါင်းဆုံကြသော အခါ၌၊ ရတနာ သုံးပါးတို့၏ ဂုဏ်ကို ရွတ်ဆိုခြင်း, စာပေ, ဘာဝနာသရဇ္ဈာယ်ခြင်း, တရားဟောခြင်း, တရားဓမ္မ ဆွေးနွေး ဖေးမြန်း ဖြေကြားခြင်း စသည် ထင်ခဲ့၏။ ထို သို့ ရွတ်ဆိုခြင်း၌ အဘယ် မည်သော သူ ရွတ်ဆိုသနည်း။ စိတ္တဇ ပထဝီကြောင့် ကမ္မဇပထဝီတို့ ရွတ်ဆိုသည်။ ဝါ၊ နာမ်က ခိုင်းရှိ ရုပ်က ရွတ်ဆိုသည်၏ အဖြစ်ကြောင့်၊ ရွတ်ဆိုတတ်သော သူ လူ, နတ်, ဗြဟ္မာ, သတ္တဝါ မရှိသည်သာလျှင်တည်း။ ထို့ကြောင့် တခါ ရွတ်ဆို၍ တခါ ချုပ်ခဲ့လျှင်၊ အနိစ္စ, ဒုက္ခ, အနတ္တ။

## ၈။ (က) လောဘမနောသံဝရ

ဝတ္ထုရုပ် ၅၄ | လောဘစိတ် ၁
အညသမာန်း ၁၃
အကုသလသာဓါရဏ ၄
လောဘ, ဒိဋ္ဌိ ၂
ပေါင်း နာမ် ၂၀ ပါး
၆၆ ဒြင်္ဂါ

ပေါင်း ရုပ် ၁၄ ပါး

### ခန္ဓာ ငါးပါး

၁။ ရူပက္ခန္ဓာ ၁၄

| | | | |
|---|---|---|---|
| ၂။ ဝေဒနာက္ခန္ဓာ | ၁ | ၄။ သင်္ခါရက္ခန္ဓာ | ၁၇ |
| ၃။ သညာက္ခန္ဓာ | ၁ | ၅။ ဝိညာဏက္ခန္ဓာ | ၁ |

### အာယတန နှစ်ပါး

| | | | |
|---|---|---|---|
| ၁။ မနာယတန | ၁ | ၁။ မနောဝိညာဏဓါတ် | ၁ |
| ၂။ ဓမ္မာယတန | ၁၃ | ၂။ ဓမ္မဓါတ် | ၁၃ |

ဤခန္ဓာ ငါးပါး, အာယတန နှစ်ပါး, ဓါတ် နှစ်ပါးတို့၏ အညီအမျှ ပေါင်းဆုံကြသော အခါ၌၊ ငါ လိုချင်သည်, သူ လိုချင်သည် စသည် ထင်ခဲ့၏။ ထိုသို့ ငါ လိုချင်သည်, သူ လိုချင်သည် စသည်၌ အဘယ် မည်သော သူ လိုချင်သနည်း။ လိုချင်တတ်သော သူလူ, နတ်, ဗြဟ္မာ, သတ္တဝါ မရှိသည်သာလျှင်တည်း။ ထို့ကြောင့် တခါ လိုချင်၍ တခါ ချုပ်ခဲ့လျှင်၊ အနိစ္စ, ဒုက္ခ, အနတ္တ။

---

ဝတ္ထုရုပ် ၅၄၊ စေတသိက် ၃၉၊ ပေါင်း ၇၃ ပါးကို ဓမ္မာယတန ဓမ္မဓါတ်ဟု ဆိုသည်။

## ဂ။ (ခ) ဒေါသမနောသံဝရ


ဝတ္ထုရုပ် ၅၄ ပေါင်း ရုပ် ၅၄ ပါး

ဒေါသစိတ် ၁
ဗိတိက္ကဉ်အညာသမာန်း ၁၂
အကုသလသာဓါရဏာ ၄
ဒေါသစတုက ၄
ပေါင်း နာမ် ၂၁ ပါး


### ခန္ဓာ ငါးပါး


၁။ ရူပက္ခန္ဓာ ၅၄
၂။ ဝေဒနာက္ခန္ဓာ ၁ ၄။ သင်္ခါရက္ခန္ဓာ ၁၀
၃။ သညာက္ခန္ဓာ ၁ ၅။ ဝိညာဏက္ခန္ဓာ ၁


### အာယတန နှစ်ပါး


၁။ မနာယတန ၁
၂။ ဓမ္မာယတန ၂၄


### ဓါတ် နှစ်ပါး


၁။ မနောဝိညာဏဓါတ် ၁
၂။ ဓမ္မဓါတ် ၂၄


ဤခန္ဓာ ငါးပါး, အာယတန နှစ်ပါး, ဓါတ် နှစ်ပါးတို့၏ အညီအမျှ ပေါင်းဆုံကြသော အခါ၌၊ အမျက်ထွက်ခြင်း စသည် ဖြစ်ခဲ့၏။ အမျက်ထွက်ခြင်း၌ အဘယ် မည်သော သူ အမျက်ထွက်သနည်း။ အမျက်ထွက်သော သူ လူ, နတ် မရှိသည်သာလျှင်တည်း။ ထို့ကြောင့် တခါ အမျက်ထွက်၍ တခါ ချုပ်ခဲ့လျှင်၊ အနိစ္စ, ဒုက္ခ, အနတ္တ။

---

အကုသလသာဓါရဏာကား = မောဟ, အဟိရိက, အနောတ္တပ္ပ, ဥဒ္ဓစ္စ။
ဒေါသစတုကကား = ဒေါသ, ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ။

## ၈။ (၈) မောဟမနောသံဝရ


ဝတ္ထုရုပ် ၁၄ မောဟစိတ် ၁
ဆန္ဒဝိတိက္ကမအညသမာန်း ၁၁
အကုသလသာဓာရဏ ၄
ပေါင်း ရုပ် ၁၄ ပါး ပေါင်း နာမ် ၁၆ ပါး
၃၀ စုပေါင်း


### ခန္ဓာ ငါးပါး

၁။ ရူပက္ခန္ဓာ ၁၄

| | | | |
|---|---|---|---|
| ၂။ | ဝေဒနာက္ခန္ဓာ ၁ | ၄။ | သင်္ခါရက္ခန္ဓာ ၁၃ |
| ၃။ | သညာက္ခန္ဓာ ၁ | ၅။ | ဝိညာဏက္ခန္ဓာ ၁ |

### အာယတန နှစ်ပါး ဓာတ် နှစ်ပါး

| | | | |
|---|---|---|---|
| ၁။ | မနာယတန ၁ | ၁။ | မနောဝိညာဏဓာတ် ၁ |
| ၂။ | ဓမ္မာယတန ၆၉ | ၂။ | ဓမ္မဓာတ် ၆၉ |

ဤခန္ဓာ ငါးပါး, အာယတန နှစ်ပါး, ဓာတ် နှစ်ပါးတို့၏ အညီအမျှ ပေါင်းဆုံကြသော အခါ၌၊ တွေ့ဝေခြင်း, ပျံလွှင့်ခြင်း, အလို့လို့ ဖြစ်ခြင်း စသည် ဖြစ်ခဲ့၏။ ထိုသို့ တွေ့ဝေခြင်း, ပျံလွှင့်ခြင်း, အလို့လို့ ဖြစ်ခြင်း၌ အဘယ် မည်သော သူ တွေ့ဝေသနည်း။ တွေ့ဝေတတ်သော သူ လူ, နတ်, ဗြဟ္မာ, သတ္တဝါ မရှိသည်သာလျှင်တည်း။ ထို့ကြောင့် တခါ တွေ့ဝေ၍ တခါ ချုပ်ခဲ့လျှင်၊ အနိစ္စ, ဒုက္ခ, အနတ္တ။

## ၈။ (ဃ) ကုသိုလ်မနေသံဝရ

ဝတ္ထုရုပ် ၅၄ ကုသိုလ်ဉာဏသမ္ပယုတ်စိတ် ၁၂ ဤ ၂၄ ပါး
အညသမာန်း ၁၃
သောဘဏစေတသိက် ၂၅
ပေါင်း ရုပ် ၅၄ ပါး | ပေါင်း နာမ် ၃၉ ပါး

### ခန္ဓာ ငါးပါး

၁။ ရူပက္ခန္ဓာ ၅၄
၂။ ဝေဒနာက္ခန္ဓာ ၁ ၄။ သင်္ခါရက္ခန္ဓာ ၃၉
၃။ သညာက္ခန္ဓာ ၁ ၅။ ဝိညာဏက္ခန္ဓာ ၁

### အာယတန နှစ်ပါး

၁။ မနာယတန ၁
၂။ ဓမ္မာယတန ၆၂

### ဓါတ် နှစ်ပါး

၁။ မနောဝိညာဏဓါတ် ၁
၂။ ဓမ္မဓါတ် ၆၂

ဤခန္ဓာ ငါးပါး, အာယတန နှစ်ပါး, ဓါတ် နှစ်ပါးတို့၏ အညီအမျှ ပေါင်းဆုံကြသော အခါ၌၊ လှူဒါန်းခြင်း, သီလ ကျင့်သုံးခြင်း, ဘာဝနာ စီးဖြန်းခြင်း၌ အဘယ် မည်သော သူ လှူဒါန်းသနည်း၊ သီလ ကျင့်သုံးသနည်း။ ဘာဝနာစီးဖြန်းသနည်း။ လှူဒါန်းတတ်သော သူ၊ သီလ ကျင့်သုံးတတ်သော သူ၊ ဘာဝနာ စီးဖြန်းတတ်သော သူ လူ, နတ်, ဗြဟ္မာ, သတ္တဝါ မရှိသည်သာလျှင်တည်း။ ထိုကြောင့် လှူဒါန်းသော အာရုံ တခါ ဖြစ်၍, သီလ ကျင့်သုံးသော အာရုံ တခါ ဖြစ်၍, ဘာဝနာ စီးဖြန်းသော အာရုံ တခါ ဖြစ်၍ တခါ ချုပ်ခဲ့လျှင်၊ အနိစ္စ, ဒုက္ခ, အနတ္တ။

**မှတ်ချက်။** ဝတ္ထုရုပ် ၅၄ ပါးနှင့် စေတသိက် ၃၀ ပါးတို့သည် ဓမ္မာယတန ဓမ္မဓါတ် ၆၂ ပါး စသည် မည်၏။

# ၂၁။ အာနာပါန စိတ်တို့ ရပရ ဝေဘန်ခြင်း

## အာနာပါနအခိုက်

ဤအာနာပါနအခိုက်၌ ဝိရတိစေတသိက် ရ မရ, ရထိုက် မရထိုက်, ရသင့် မရသင့်ကို သီလကို မူတည်၍ ဝေဘန်မှသာလျှင် သဘောအသိဉာဏ် ရှင်းမည်ဖြစ်၍ သီလကို မူတည် လိုရင်းထား၍ ပြအံ့။

## သီလ ငါးမျိုး

သီလ ငါးမျိုး ရှိသည့်အနက် ဤ၌ လိုရင်းသာ ပြအံ့။

ပဉ္စ သီလာနိ ပရိယန္တပါရိသုဒ္ဓိသီလံ အပရိယန္တပါရိသုဒ္ဓိသီလံ ပရိပုဏ္ဏပါရိသုဒ္ဓိသီလံ။

အနုပသမ္မဒ္ဒွာနံ ပရိယန္တသိက္ခာပဒါနံ၊ ဣဒံ ပရိယန္တပါရိသုဒ္ဓိသီလံ။ ဥပသမ္မဒ္ဒွာနံ အပရိယန္တသိက္ခာပဒါနံ၊ ဣဒံ အပရိယန္တပါရိသုဒ္ဓိသီလံ။ ပုထုဇ္ဇနကလျာဏကာနံ ကုသလဓမ္မေ ယုတ္တာနံ သေက္ခပရိယန္တေ ပရိပူရကာရီနံ ကာယေ စ ဇီဝိတေ စ အနပေက္ခာနံ ပရိစ္စတ္တဇီဝိတာနံ၊ ဣဒံ ပရိပုဏ္ဏပါရိသုဒ္ဓိသီလံ။ ၄၁။

က သလန္တေ စေတနာ သီလံ၊ စေတသိကံ သီလံ၊ သံဝရော သီလံ၊ အဝီတိက္ကမော သီလံ။ ၄၃။

ပါဏာတိပါတံ သံဝရဋ္ဌေန သီလံ၊ အဝီတက္ကမဋ္ဌေန သီလံ။ ၄၃။

နေက္ခမ္မေန ကာမစ္ဆန္ဒံ သံဝရဋ္ဌေန သီလံ၊ အဝိတိက္ကမ ဋ္ဌေန သီလံ။

အဗျာပါဒေန ဗျာပါဒံ သံဝရဋ္ဌေန သီလံ၊ အဝိတိက္ကမ ဋ္ဌေန သီလံ။

အာလောကသညာယ ထိနမိဒ္ဓံ သံဝရဋ္ဌေန သီလံ၊ အ ဝိတိက္ကမဋ္ဌေန သီလံ။

အဝိက္ခေပဋ္ဌေန ဥဒ္ဓစ္စံ သံဝရဋ္ဌေန သီလံ၊ အဝိတိက္ကမ ဋ္ဌေန သီလံ။

မမ္မဝဝတ္ထာနေန ဝစီကစ္ဆာ သံဝရဋ္ဌေန သီလံ၊ အဝ တိတိက္ကမဋ္ဌေန သီလံ။

ဉာဏေန အဝိဇ္ဇံ သံဝရဋ္ဌေန သီလံ၊ အဝိတိက္ကမ ဋ္ဌေန သီလံ။

ပါမောဇ္ဇေန အရတိံ သံဝရဋ္ဌေန သီလံ၊ အဝိတိက္ကမ ဋ္ဌေန သီလံ။ ၄၄။

ဤကား သမထ ဝိပဿနာရူသော ယောဂီတို့အား အတွက် သက်သက် ရည်ညွှန်း၍ တိုက်ရိုက် ပြသော ပဋိ သမ္ဘိဒါမဂ်ပါဠိတော်တည်း။

ပဋ္ဌသီလာနိ ပါဏာတိပါတာ ပဟာနံ သီလံ၊ ဝေရ မဏိ သီလံ၊ စေတနာ သီလံ၊ သံဝရော သီလံ၊ အဝိ တိက္ကမော သီလံ။ ၄၄။

ဝေရူပါနံ သီလာနံ သံဝရပါရိသုဒ္ဓိ အဓိသီလံ၊ သံဝရ ပါရိသုဒ္ဓိယာ ဒ္ဝိတံ စိတ္တံ နဝိက္ခေပံ ဂစ္ဆတိ အဓိစိတ္တံ။ ၄၅

ဤဒ္ဒုလည်း သီလရိုးရိုးတွင် မကဘဲ လွန်ကဲမှန်မြတ်သော ''အံ့ဓိသီလ'' ဟု ယောဂီတို့အတွက်သာ သီလမည်ဟန် မည်ပုံကို တိုက်ရိုက် ပြတော့သည်။ အထူး သတိပြုပါ။

ယော တတ္ထ သံဝရဋ္ဌော၊ အယံ အဓိသီလသိက္ခာ။ ယော တတ္ထ အဝိက္ခေပဋ္ဌော၊ အယံ အဓိစိတ္တသိက္ခာ။ ။ ပဋိသမ္ဘိဒါမဂ်ပါဠိတော် မဟာဝဂ် ဉာဏကထာ သီလမယဉာဏနိဒ္ဒေသ။ ၄၅။

ပရိယန္တသိက္ခာပဒါနန္တိ ဏ္ဍ သိက္ခိတဗ္ဗဋ္ဌေန သိက္ခာ၊ ကောဋ္ဌာသဋ္ဌေန ပဒါနိ၊ သိက္ခိတဗ္ဗကောဋ္ဌာသာနီတိ အတ္ထော။ အပိစ သီလေ ပတိဋ္ဌိတေန ဥပရိ ပတ္တဗ္ဗတ္တာ သဗ္ဗေ ကုသလာ ဓမ္မာ သိက္ခာ၊ (ပ)ဏ္ဍ စ ဒ္ဒေ ပရိယန္တာ သိက္ခာပဒပရိယန္တော စ ကာလပရိယန္တော စ။

ကတမော သိက္ခာပဒပရိယန္တော။ ဥပါသကောပါသိကာနံ ယထာသမာဒါနဝသေန ဏကံ ဝါ ဒ္ဒေ စ ဝါ တီဏိ ဝါ စတ္တာရိ ဝါ ပဉ္စ စ ဝါ အဋ္ဌ ဝါ ဒသ စ ဝါ သိက္ခာပဒါနိ ဟောန္တိ၊ သိက္ခမာနသာမဏေရသာမဏေရီနံ ဒသ သိက္ခာပဒါနိ၊ အယံ သိက္ခာပဒပရိယန္တော။

ကတမော ကာလပရိယန္တော။ ဥပါသကောပါသိကာဒါနံ ဒဒမာနာ ပရိဝေသနပရိယန္တံ သီလံ သမာဒိယန္တိ၊ ဝိဟာရဂတာ ဝိဟာရပရိယန္တံ သီလံ သမာဒိယန္တိ။ ဏကံ ဝါ ဒ္ဒေ ဝါ တယော ဝါ ဘိက္ချာ ဝါ ရတ္တိဋ္ဌာနိ ပရိဘောဇနံ ကတ္ဝာ သီလံ သမာဒိယန္တိ၊ အယံ ကာလပရိယန္တော။

ဣမေသု ဒ္ဒိသု ပရိယန္တေသု သိက္ခာပဒံ ပရိယန္တိံ ကတ္ဝာ သမာဒိန္နံ သီလံ ဝိတိက္ကမနေန ဝါ မရဏေန ဝါ ပဋိပဿမ္ဘတိ၊ ကာလံ ပရိယန္တိံ ကတ္ဝာ သမာဒိန္နံ တံတံ ကာလာတိက္ကမေန ပဋိပဿမ္ဘတိ။ ၁၀၀။

ဤဒ် "ဝိတိက္ကမနေန ဝါ မရဏေန ဝါ။ တံတံ ကာလာတိက္ကမေန" တို့ကို အထူး သတိပြုပါ။

စေတနာသီလန္တိ ပါဏာတိပါတာဒီဟိ ဝိရမန္တသ္မိ ဧတ္တပဋိပတ္တိ ဝါ ပုဂ္ဂလန္တသ္မိ စေတနာ။ စေတသိက သီလန္တိ ပါဏာတိပါတာဒီဟိ ဝိရမန္တသ္မိ ဝိရတိ။ အပိစ စေတနာသီလံ နာမ ပါဏာတိပါတာဒီနိ ပဇဟန္တသ္မိ သတ္တ ကမ္မပထစေတနာ။ စေတသိကသီလံ နာမ အဘိဇ္ဈာ လောကေ ပဟာယ ဝိဂတာဘိဇ္ဈေန စေတသာ ဝိဟရတီတိ အာဒိနာ ဝုတ္တာ အနဘိဇ္ဈာ အဗျာပါဒ သမ္မာဒိဋ္ဌိ ဓမ္မာ။ ၂၀၁။

ဤဒ် "အနဘိဇ္ဈာ အဗျာပါဒ သမ္မာဒိဋ္ဌိဓမ္မာ" ကို သတိပြု။ သမ္မာဒိဋ္ဌိ ဖြစ်၍သာ ဘာဝနာပွါးနေနိုင်ပုံကို စဉ်းစား ဆင်ခြင်ပါ။

## သံဝရ ငါးမျိုး

ပါတိမောက္ခသံဝရ၊ သတိ၊ ဉာဏ၊ ခန္တိ၊ ဝီရိယ။

ဤတိ အယံ ပဉ္စဝိဓောပိ သံဝရော ယာဝ စ ပါပဘိရု ကာနံ ကုလပုတ္တာနံ သမ္ပတ္တဝတ္ထုတော ဝိရတိ၊ သဗ္ဗမေတံ သံဝရသီလန္တိ ဝေဒိတဗ္ဗံ။

အဝိတိက္ကမော သီလန္တိ သမာဒိန္နသီလဿ ကာယိက ဝါစသိကော အဝိတိက္ကမော။ ၂၀၂။

ဤ၌ ရောက်ဆဲဝတ္ထု၊ကိုလည်း မလွန်ကျူး၊ ဆောက်တည်ထားသော သီလနှင့်လည်း ပြည့်စုံနေသော ယောဂီများ ဖြစ်၍ ဝိရတိ ဖြစ်တော့သည် ရတော့သည်။ သတိပြု။

ပါဏာတိပါတာ ဝေရမဏိအာဒယော ဟိ ယသ္မာ အတ္တနော အတ္တနော ပစ္စနိကံ သံဝရန္တိ၊ တံ နဝိတိက္ကမန္တိ စ၊ တသ္မာ သံဝရဏတော အဝိတိက္ကမနတော စ သံဝရဋ္ဌေန သီလံ အဝိတိက္ကမဋ္ဌေန သီလံ နာမ ဟောတိ။

တတ္ထ ပါဏာတိပါတံ သံဝရဋ္ဌေနာတိ ပါဏာတိပါတသ ပဒဟနဋ္ဌေန သီလံ။ ကိံ တံ? ပါဏာတိပါတာ ဝေရမဏီ။ သာ စ တံ သံဝရန္တိယေဝ တံ နဝိတိက္ကမတီတိ အဝိတိက္ကမဋ္ဌေန သီလံ။ ၂၀၃။

တတ္ထ ယသ္မာ နေက္ခမ္မေန ကာမစ္ဆန္ဒံ သံဝရတိ နဝိတိက္ကမတိ၊ တသ္မာ နေက္ခမ္မံ သီလန္တိ အဓိပ္ပါယော။ ၂၀၄။

ဇဝရူပါနံ အပရိယန္တဘူတာနံ ဝိဝဋ္ဋနိဿိတာနံ သီလာနံ သံဝရပါရိသုဒ္ဓိ ဝိဝဋ္ဋနိဿိတတ္တာ သေသသီလတော အဓိကံ သီလန္တိ အဓိသီလန္တိ ဝုစ္စတိ။

သော သဗ္ဗမလဝိရဟိတော နိဗ္ဗောဓာဂိယော သမာဓိ သေသသမာဓိတော အဓိကတ္တာ အဓိစိတ္တန္တိ ဝုစ္စတိ။ စိတ္တသီသေန ဟေတ္ထ သမာဓိ နိဒ္ဒိဋ္ဌော။ ။ပဋိသမ္ဘိဒါမဂ်အဋ္ဌကထာ မဟာဝဂ် သီလမယဉာဏနိဒ္ဒေသ ၂၁၂။

ပါဏာတိပါတာဒီဟိ ဝေရမဏိမတ္တံ ဝိရတိသီလံ။ သေသံ စေတနာဒိ အဝိရတိသီလံ။ ၁၂။

ကာလပရိစ္ဆေဒံ ကတ္ဝာ သမာဒိန္နံ သီလံ ကာလပရိယန္တံ။ ယာဝဇီဝံ သမာဒိယိတ္ဝာ တဇ္ဃေဝ ပဝတ္တိတံ အာပါနကောဋိကံ။ ၁၂။

## စတုပါရိသုဒ္ဓိသီလ

ဇေဝမာဒိနဉ္စ ပါပဓမ္မာနံ ဝသေန ပဝတ္တာ မိစ္ဆာဇီဝါ ဝိရတိ၊ ဣဒံ အာဇီဝပါရိသုဒ္ဓိသီလံ။ ၁၃။

လက်ရှိ အားထုတ်ဆဲ ယောဂီများ ဖြစ်၍ ဤအာဇီဝပါရိသုဒ္ဓိသီလ၊ ပစ္စယသန္နိဿိတသီလတို့နှင့် ပြည့်စုံလေ၏လော။ စင်ကြယ်လေ၏လော ဟု ယုံမှားသံသယဖြစ်နေဘွယ် မလို။

ဇေတ္ထ စ ပဟာနင်္ဂီ ကောစိ ဓမ္မော နာမ နတ္ထိ အညတြ ဝုတ္တပ္ပကာရာနံ ပါဏာတိပါတာဒီနံ အနုပ္ပါဒမတ္တတော။ ယဿ္မာ ပန တံ တံ ပဟာနံ တဿ တဿ ကုသလဓမ္မဿာ ပတိဋ္ဌာနဋ္ဌေန ဥပဓာရဏံ ဟောတိ၊ ဝိကမ္ပါဘာဝကရဏေန စ သမာဒါနံ၊ တသ္မာ ပုဗ္ဗေ ဝုတ္တေနေဝ ဥပဓာရဏသမာဓာနသင်္ခါတေန သီလနဋ္ဌေန သီလန္တိ ဝုတ္တံ။ ဣတရေ စတ္တာရော ဓမ္မာ တတော တတော ဝေရမဏိ ဝသေန, တဿ တဿ သဝရဝသေန, တဒုဘယသမ္ပယုတ္တစေတနာဝသေန, တံ တံ အဝိတိက္ကမန္တဿ အဝိတိက္ကမနဝသေန စ စေတသော ပဝတ္တိသဘ္ဘာဝံ သန္ဓာယ

ဝုတ္တာ။ ။ဝိသုဒ္ဓိမဂ် ပဌမအုပ် သီလနိဒ္ဒေသ ဒုတိယ သလပဉ္ဉတ္တိ။ ၄၈။

သော ဧဝံ ပဇ္ဇဇိတော သမာနော ဘိက္ခု။နံ သိက္ခာ သာဇီဝသမာပန္နော ပါဏာတိပါတံ ပဟာယ ပါဏာတိ ပါတာ ပဋိဝိရတော ဟောတိ နိဟိတဒဏ္ဍော နိဟိတ သတ္ထော လဇ္ဇီ ဒယာပန္နော သဗ္ဗပါဏဘူတဟိတာနုကမ္ပီ ဝိဟရတိ။ ၃၃၄။

ဤ၌ “နိဟိတဒဏ္ဍော (ပ) သဗ္ဗပါဏဘူတဟိတာနုကမ္ပီ” ဆိုသဖြင့်၊ ယောဂီများ အစကနဦးကပင် မေတ္တာကရုဏာခါတ်များ ကိန်းနေ၍ ဒယာပန္နော (=ကရုဏာစေတသိက်)လည်း ရသင့်တော့၏။ ရ၏ဟု ယူဆဘွယ်ကြံဆဘွယ်။ ကရုဏာ (=သနား)လို့ ချစ်လို့ မေတ္တာရှိလို့ သတ္တဝါတွေကို မညှဉ်းဆဲ မနှိပ်စက် မသတ်မပုတ်ဟု ကြံဆသင့် ကြံဆထိုက်သည်။

သော စက္ခုနာ ရူပံ ဒိသွာ နာ နိမိတ္တဂ္ဂါဟီ ဟောတိ နာနုဗျဉ္ဇနဂ္ဂါဟီ၊ (ပ) တဿ သံဝရာယ ပဋိပဇ္ဇတိ၊ ရက္ခတိ စက္ခုန္ဒြိယံ၊ စက္ခုန္ဒြိယေ သံဝရံ အာပဇ္ဇတိ။

သော ဣမိနာ စ အရိယေန သီလက္ခန္ဓေန သမန္နာဂတော၊ ဣမာယ စ အရိယာယ သန္တုဋ္ဌိယာ သမန္နာဂတော၊ ဣမိနာ စ အရိယေန ဣန္ဒြိယသံဝရေန သမန္နာဂတော၊ (ပ) နိသီဒတိ ပလ္လင်္ကံ အာဘုဇိတ္တာ ဥဇုံ ကာယံ ပဏိဓာယ ပရိမုခံ သတိံ ဥပဋ္ဌပေတ္တာ (ပ) ဗျာ

ပါဒပဒေါသံ ပဟာယ အဗျာပန္နစိတ္တော ဝိဟရတိ သဗ္ဗ ပါဏဘူတဟိတာနုကမ္ပီ၊ ဗျာပါဒပဒေါသာ စိတ္တံ ပရိသောဓေတိ။ (ဣဒံ ဣန္ဒြိယသံဝရသီလံ)။ ။မူလပဏ္ဏာသပါဠိတော် မဟာတဏှာသင်္ခယသုတ် ၃၃၆။

ဤ၌ "ပရိမုခံ သတိံ ဥပဋ္ဌပေတွာ" ဆိုသဖြင့်၊ အာနာပါနအာခိုက်၌ ဣန္ဒြိယသံဝရသီလနှင့် ပြည့်စုံနေပုံကို သိပါ။ အထူး သတိပြုပါ။

အဋ္ဌင်္သမန္နာဂတော ဘိက္ခဝေ ဥပေါသထော ဥပဝုတ္ထော မဟပ္ဖလော ဟောတိ မဟာနိသံသော မဟာဇုတိကော မဟာဝိပ္ဖါရော။ (ပ) ယာဝဇီဝံ အရဟန္တော ပါဏာတိပါတံ ပဟာယ (ပ) အဟမ္ပဒ္ဓ ဣမဉ္စ ရတ္တိံ ဣမဉ္စ ဒိဝသံ ပါဏာတိပါတံ ပဟာယ ပါဏာတိပါတာ ပဋိဝိရတော နိဟိတဒဏ္ဍော နိဗ္ဘိတသတ္ထော လဇ္ဇီ ဒယာပန္နော သဗ္ဗပါဏဘူတဟိတာနုကမ္ပီ ဝိဟရာမိ၊ (ပ) ဥပေါသထော စ မေ ဥပဝုတ္ထော ဘဝိဿတီတိ။ ဣမိနာ ပဌမေန အင်္ဂေန သမန္နာဂတော ဟောတိ။ ။အင်္ဂုတ္တရပါဠိတော် ဥပေါသထဝဂ် သံခိတ္တ။ ပေါသထသုတ် ၇၉။

ဤကား ရှစ်ပါးသီလကို အသက်ထက်ဆုံးငင်း၊ နေ့ညဉ့် ရက်လ ပိုင်းခြား ကန့်သတ်၍ငင်း ဆောက်တည်ထားပါက၊ သိက္ခာပုဒ်ကို မလွန်ကျူးသမျှ ရည်မှန်းကန့်သတ်ထားသော ရက်လ မစွေ့သေးသမျှ သီလနှင့် ပြည့်စုံ သီလ တည်နေပုံကို ဟောတော်မူသော ပါဠိတော်မြတ် ဖြစ်ပေသည်။

ကာလပရိဆ္ဆေဒံ ကတ္ဝာတိ ဣမဉ္စ ရတ္တိံ ဣမဉ္စ ဒိဝသ္တိ အာဒိနာ ဝိယ ကာလဝသေန ပရိစ္ဆေဒံ ကတ္ဝာ။ ၃၃။

သံဝစရာယ ပဋိပန္နတိတိ ပဂေဝ သတိယာ ဥပဋ္ဌပေတဗ္ဗတံ။ ရက္ခတိ စက္ခုန္ဒြိယန္တိ သတိယာ ဥပဋ္ဌာပနမေဝ စက္ခုန္ဒြိယဿ အာရက္ခံ။ စက္ခုန္ဒြိယေ သံဝရံ အာပန္နတိတိ တထာဘူတာ သတိယေဝေတ္ထ သံဝရော။ ၃၀။

သီလာဒီသူတိ သီလသံဝရ သတိသံဝရ ဉာဏသံဝရ ခန္တိသံဝရ ဝီရိယသံဝရေသု ဥပဂ်ဟန္တေသု။ ယထာ ဟိ ပဂေဝ သတိအာရက္ခံ အနုပဋ္ဌပေန္တဿ ဒုဿီလျာဒီနံ ဥပဂ်တ္တိ။ ဧဝံ ပဂေဝ သတိအာရက္ခံ ဥပဋ္ဌပေန္တဿ သီလာဒီနံ ဥပဂ်တ္တိ ဧဝေဒိတဗ္ဗာ။ ၃၁။

ပါဏာတိပါတဿ ပဟာနံ သီလန္တိ ဟိ ဧတ္ထ ပဉ္စ ကရုဏာ လောဘာဒိပမုခေန ယေန ကုသလစိတ္တုပ္ပါဒေန ပါဏာတိပါတတော ပဟီယတိ၊ တံ ပါဏာတိပါတဿ ပဟာနံ သီလနဒ္ဓေန သီလံ၊ တထာ ပါဏာတိပါတာ ဝိရတိ ဧဝရမဏီသီလံ။ ပါဏာတိပါတဿ ပဋိပက္ခစေတနာ စေတနာသီလံ။ ပါဏာတိပါတဿ သံဝရဏံ ပဓေ သဒ္ဓါရပိဓါနံ သံဝရောသီလံ။ ပါဏာတိပါတဿ အဝီတိက္ကမနံ အဝီတိက္ကမောသီလံ။ ၃၂။

တတ္ထ နေက္ခမ္မေနာတိ အလောဘပုဓါနေန ကုသလ စိတ္တုပ္ပါဒေန။ ကုသလာ ဟိ ဓမ္မာ ကာမပဋိပက္ခာ ဣဓ နေက္ခမ္မန္တိ အဓိပ္ပေတာ။ တေနာဟ ကာမစ္ဆန္ဒဿ ပဟာနံ သီလန္တိ အာဒိ။

အဗျာပါဒေနာတိ မေတ္တာယ။ အာလောကသညာ
ယာတိ ဝိဘူတံ ကတ္ဝာ မနသိကရဏေန ဥပဋ္ဌိတအာ
လောကသဉ္ဉာနေန။ အဝိက္ခေပေနဝါတိ သမာဓိနာ။
ဓမ္မဝဝတ္ထာနေနာတိ ကုသလာဒိဓမ္မာနံ ယာထာဝနိစ္ဆ
ယေန။ သပစ္စယနာမရူပဝဝတ္ထာနေနာတိပိ ဝဒန္တိ။ ၇၈။

တတ္ထ ပဟာနံ အနုပ္ပါဒနိရောမော ပဟာနန္တိ။ (ပ)
ဧဝံ ဟိဿ သီလဘာဝေါ သုဋ္ဌု ယုဇ္ဇတိ။ တံ တံ ပဟာ
နန္တိ ပါဏာတိပါတဿ ပဟာနံ အဒိန္နာဒါနဿ ပဟာ
နန္တိ ဧဝံ ဝုတ္တေ တ တ ပဟာနံ။ တဿ တဿ ကုသလ
ဓမ္မဿာတိ ပါဏာတိပါတဿ ပဟာနံ မေတ္တာဒိကုသလ
ဓမ္မဿ အဒိန္နာဒါနဿ ပဟာနံ စာဂါဒိကုသလဓမ္မဿာ
တိ ဧဝံ တဿ တဿ ကုသလဓမ္မဿ။

ဣတရေ စတ္တာရောတိ ဝေရမဏိအာဒယော စတ္တာ
ရော ဓမ္မာ နံ ပဟာနံ ဝိယ ဝေါဟာရမတ္တန္တိ အဓိပ္ပါ
ယော။ တတော တတောတိ တမာ တမာ ပါဏာတိပါ
တာဒိတော။ တဿ တဿာတိ ပါဏာတိပါတာဒိကဿ
သံဝရဏာဝသေန၊ တဿ တဿ ဝါ သံဝရဿ ဝသေန။
တဒုဘယ သမုယုတ္တ စေတနာဝသေနာတိ ဝေရမဏီဟိ
သံဝရဓမ္မေဟိ စ သမုယုတ္တာယ စေတနာယ ဝသေန။
တံ တံ အဓိတိက္ကမန္ဆသာတိ တံ တံ ပါဏာတိပါတာဒိံ
အဓိတိက္ကမန္ဆဿ ပုဂ္ဂလဿ ဓမ္မသမုဟာဿ ဝါ ဝသေန။
စေတသော ပဝတ္တိသမ္ဘဝံ သန္ဓာယ ဝုတ္တာ။ တသ္မာ ကေက္ခ
ဏေပိ လဗ္ဘန္တိတိ အဓိပ္ပါယော။ ။ဝိသုဒ္ဓိမဂ်မဟာဋီကာ
သီလနိဒ္ဒေသ ဒုတိယသီလပဉ္စက။ ၈၂။

ပုဗ္ဗေဝ ခေါ ပနဿ ကာယကမ္မံ ဝစီကမ္မံ အာဇီဝေါ သုပရိသုဒ္ဓေါ ဟောတိ။ ။ဥပရိပဏ္ဏာသပါဠိတော် မဟာသဉ္ဇာယတနိကသုတ် ၃၃၇။

ပုဗ္ဗေဝ ခေါ ပနဿာတိ အဿ ဘိက္ခုနော ဝါစာ ကမ္မန္တာဇီဝါ ပုဗ္ဗပရိသုဒ္ဓိကာ နာမ အာဒိတော ပဋ္ဌာယ ပရိသုဒ္ဓါဝ ဟောန္တိ။

ယာ စတ္ထုဟိ ဝစီဒုစ္စရိတေဟိ အာရတိ ဝိရတိတိ ဧဝံ ပုတ္တဝိရတီသု ဟိ မိစ္ဆာဝါစံ ပဇဟတိ၊ သမ္မာဝါစံ ဘာဝေတိ၊ ဧဝံ သမ္မာဝါစံ ဘာဝေန္တဿ ဣမာနိ ပဉ္စဂိ ကာနိ နဝိနာ, သဟေဝ ဝိရတိယာ ပူရေန္တိ။ သမ္မာ ကမ္မန္တာဇီဝေသုပိ ဧသေဝ နယော။ ဣတိ ဝစီကမ္မာဒီနံ အာဒိတော ပဋ္ဌာယ ပရိသုဒ္ဓါနေဝ ဝဋ္ဋန္တိ။ ။ဥပရိပဏ္ဏာသအဋ္ဌကထာ မဟာသဉ္ဇာယတနိကသုတ် ၂၄၈။

အယဉ္စ သုတ္တန္တိကဒေသနာ နာမ ပရိယာယဒေသနာ။ တေနာဟ "ပုဗ္ဗေဝ ခေါပနဿ ကာယကမ္မံ ဝစီကမ္မံ အာဇီဝေ! သုပရိသုဒ္ဓေါ ဟောတီ"တိ။အယံ ပန နိပ္ပရိယာယဒေသနာ။ လောကိယစိတ္တသ္မိဉ္ဥိ တိဿော ပိရတိယော ကေကွဇော နလဘန္တိ။ ။အဋ္ဌသာလိနီအဋ္ဌကထာ စိတ္တုပ္ပါဒကဏ္ဍ ကာမာဝစရကုသလကောဋ္ဌာသ ဝါရ ၁၉၈။

သီလံ သမာဒိယိတ္ဝာတိ ပဉ္စင်္ဂါဒိဝသေန နိစ္စသီလံ ဂဏှိတ္ဝာ။ ဣမိနာ သမာဒါနဝိရတိယော ဒသိတာ။

သမ္မတ္တဝိရတိ သမုစ္ဆေဒဝိရတိယော ပန လောကေ သ်
လန္တိ အပါကဋ္ဌတ္တာ နာ ဝုတ္တာ။ ကိဉ္စာပိ နာ ဝုတ္တာ၊ အာ
ရမ္မဏပစ္စယာ ပန ဟောန္တိယေဝ။ ။ပဋ္ဌာနုဒ္ဒေသဝဏ္ဏ
ထာ ကုသလတ္တိက ပဋ္ဌာနဝိဘင်္ဂ ၄၃၅။

သဗ္ဗကာယပဋိသံဝေဒီ အဿာသပဿာသာနံ သံဝရ
ဌေန သီလဝိသုဒ္ဓိ၊ အဝိက္ခေပဌေန စိတ္တဝိသုဒ္ဓိ၊ ဒဿန
ဌေန ဒိဋ္ဌိဝိသုဒ္ဓိ၊ ယော တတ္ထ သံဝရဋ္ဌော၊ အယံ အဓိ
သီလသိက္ခာ။ ယော တတ္ထ အဝိက္ခေပဋ္ဌော၊ အယံ အဓိစိတ္တ
သိက္ခာ။ ယော တတ္ထ ဒဿနဋ္ဌော၊ အယံ အဓိပညာ
သိက္ခာ။ ဣမာ တိဿော သိက္ခာယော အာဝဇ္ဇန္တော
သိက္ခတိ၊ ဇာနန္တော သိက္ခတိ၊ (ပ) ဒီဂိယံ ပဂ်ဏ္ဟန္တော
သိက္ခတိ၊ သတိံ ဥပဋ္ဌပေန္တော သိက္ခတိ၊ (ပ) ဘာဝေ
တဗ္ဗံ ဘာဝေန္တော သိက္ခတိ၊ (ပ)။ ။ပဋိသမ္ဘိဒါမဂ်
ပါဠိတော် မဟာဝဂ် အာနာပါနဿတိကထာ သတော
ကာရိဉ္စာဇာနိဒ္ဒေသ ၁၀၂။

သဗ္ဗကာယပဋိသံဝေဒီ အဿာသပဿာသာနံ သံဝ
ရဌေနာတိ အာဒီသု သဗ္ဗကာယပဋိသံဝေဒီတိ ဝုတ္တ
အဿာသပဿာသတော ဥပ္ပန္နဇ္ဈာန ဝိပဿနာ မဂ္ဂသု
သံဝရောယေဝ သံဝရဌေန သီလဝိသုဒ္ဓိ။ အဝိက္ခေပါ
ယေဝ အဝိက္ခေပဌေန စိတ္တဝိသုဒ္ဓိ။ ပညာယေဝ ဒဿန
ဌေန ဒိဋ္ဌိဝိသုဒ္ဓိ။ စျာနဝိပဿနာသု ဝိရတိအာဘာဝေပိ ပါ
ပါဘာဝမတ္တမေဝ သံဝရောနာမ ဝေဒီတဗ္ဗံ။ ။ပဋိသမ္ဘိ
ဒါမဂ်အဋ္ဌကထာ သတောကာရိဉ္စာဇာနိဒ္ဒေသ ၁၁၃။

ဝိရတိယော ပန တိသ္သောပိ လောကုတ္တရစိတ္တေသု သဗ္ဗထာပိ နိယတာ ကေတောဝ လဗ္ဘန္တိ။ လောကိယေသု ပန ကာမာဝစရကုသလေသ္ဝေ ကဒါစိ သန္ဒိဿန္တိ ဝိသုံ ဝိသုံ။

ကာမာဝစရသောဘဏေသု ပန ကုသလေသု တာဝ ပဌမဒ္ဒယေ အညသမာနာ တေရသ စေတသိကာ ပဉ္စ ဒိသတိ သောဘဏစေတသိကာစေတိ အဋ္ဌတိံသ ဓမ္မာ သင်္ဂဟံ ဂစ္ဆန္တိ။ အပ္ပမညာဝိရတိယော ပနေတ္ထ ပဉ္စပိ ပဋိသန္ဓိကမေဝ ယောဇေတဗ္ဗာ။

အဋ္ဌတိံသ သတ္တတိံသ၊
ဒ္ဝယံ ဆတ္တိံသကံ သုဇော။
ပဉ္စတိံသ စတုတ္တိံသ၊
ဒ္ဝယံ တေတ္တိံသကံ ကြေယော။ ။သင်္ဂဟော။

တေသု တေသု ဟိ သုတ္တပဒေသု ဆန္ဒော, အဓိမောက္ခော, မနသိကာရော, တတြမဇ္ဈတ္တတာ, ကရုဏာ, မုဒိတာ, ကာယဒ္ဒုစ္စရိတဝိရတိ, ဝစီဒ္ဒုစ္စရိတဝိရတိ, မိစ္ဆာဇီဝဝိရတိတိ ဣမေ နဝ ဓမ္မာ ပညာယန္တိ။

ဣမေသု ပန နဝသု ဆန္ဒော, အဓိမောက္ခော, မနသိကာရော, တတြမဇ္ဈတ္တတာတိ ဣမေ စတ္တာရော ဧကဋ္ဌာ ဧဏ လဗ္ဘန္တိ၊ သေသာ နာနာက္ခဏေ။ယဒါ ဟိ ဣမိနာ စိတ္တေန မိစ္ဆာဝါစံ ပဇဟတိ၊ ဝိရတိဝသေန သမ္မာဝါစံ ပူရေတိ၊ တဒါ ဆန္ဒာဒယော စတ္တာရော သမ္မာဝါစာတိ

ဣမေ ပဉ္စ ကေက္ခေ လဘ္ဘန္တိ။ ။အဌသာလိနီအဋ္ဌကထာ စိတ္တုပ္ပါဒကဏ္ဍ ကာမာဝစရကုသလ။ ၁၇၆။

တတ္ထ ကာမာဝစရ ပဌမကုသလဝိညာဏာ သမ္ပယုတ္တာ တာဝ နိယတာ သရဏေန အာဂတာ သတ္တဝိသတိ၊ ယေ ဝါပနကာ စတ္တာရော၊ အနိယတာ ပဉ္စာတိ ဆတ္တိံသ။

တတ္ထ ဖဿော, စေတနာ, (ပ) စိတ္တုဇုကတာတိ ဣမေ သရဏေန အာဂတာ သတ္တဝိသတိ၊ ဆန္ဒော, အဓိမောက္ခော, မနသိကာရော, တတြမဇ္ဈတ္တတာတိ ဣမေ ယေ ဝါပနကာ စတ္တာရော၊ ကရုဏာ, မုဒိတာ, ကာယဒုစ္စရိတဝိရတိ, ဝစီဒုစ္စရိတဝိရတိ, မိစ္ဆာဇီဝဝိရတီတိ ဣမေ အနိယတာ ပဉ္စ၊ ဧတေ ဟိ ကဒါစိ ဥပ္ပဇ္ဇန္တိ၊ ဥပ္ပဇ္ဇမာနာပိ စ နကတော ဥပ္ပဇ္ဇန္တိ။ ၉၂။

ဣတိ ဣမေဝ ဆတ္တိံသ သင်္ခါရာ ပဌမေန ကာမာဝစရကုသလဝိညာဏေန သမ္ပယောဂံ ဂစ္ဆန္တိတိ ဝေဒိတဗ္ဗာ။ ။ဝိသုဒ္ဓိမဂ်အဋ္ဌကထာ ခန္ဓနိဒ္ဒေသ သင်္ခါရက္ခန္ဓကထာ ၉၇။

တသ္မိံ တသ္မိံ စိတ္တေ ဥပ္ပန္နေ နိယမေန ဥပ္ပဇ္ဇနတော နိယတာ။ ကဒါစိဒေဝ ဥပ္ပဇ္ဇနတော နာ နိယတာတိ အနိယတာ။ ယဒိပိ အနိယတာ ဧကဒ္ဓံ နာ ဥပ္ပဇ္ဇန္တိ၊ တသ္မိံ ပန စိတ္တေ ဥပ္ပဇ္ဇနဓမ္မတာယ ဆတ္တိံသာတိ ဝုတ္တံ။ တေ နာဟ ဥပ္ပဇ္ဇမာနာပိ စ နကတော ဥပ္ပဇ္ဇန္တီတိ။ ၁၃၉။

သင်္ခါရာတိ သင်္ခါရက္ခန္ဓဧဓမ္မေ သန္ဓာယာဟ။ တေ ဟိ ဣဓာဓိပ္ပေတာ။ အညထာ အဋ္ဌတိံသာတိ ဝတ္တဗ္ဗံ

သိယာ။ ။ဝိသုဒ္ဓိမဂ်မဟာဋီကာ ခန္ဓနိဒ္ဒေသ သခ်ၤဟ
ရကၡန္ဓကထာ ၁၄၈။

တပါး နှစ်ပါးသော သိက္ခာပုဒ်ကို ဆောက်တည်ထားပါက၊ လွန်ကျူးသော သိက္ခာပုဒ်သာ ပျက်သည်။ ကျန်သော သိက္ခာပုဒ်များ တည်နေသည်။ လွန်ကျူးက ပျက်သည်။ သေလျှင် ပျက်သည်။ သီလ မတည် သီလ မရှိ။ မလွန်ကျူးသမျှ မသေသေးသမျှ သီလ တည်တော့သည်။ သီလ တည်က၊ သီလ ရှိက ဝိရတိ ဖြစ်တော့သည်၊ ရတော့သည်။

ရက်လ ပိုင်းခြား၍ သီလ ဆောက်တည်က၊ ပိုင်းခြားသော ရက်လ စေ့မှသာ ကုန်မှသာ သီလ ပျက်တော့သည်။ သီလ မရှိတော့ပေ။ ပိုင်းခြားသော ရက်လအာတ္တင်း သီလ တည်နေပါက ရှိနေပါက ဝိရတိ ဖြစ်တော့၏၊ ရတော့၏။

သီလ ပျက်သော ယောဂီ, သီလ မရှိသော ယောဂီဟူ၍ တယောက်တလေမျှ မရှိပေ။ သို့ဖြစ်၍ ဝိရတိ ဖြစ်သင့် ရသင့်၏ဟု ဆိုသင့်၏။

စာပေပရိယတ်လည်း ပြည့်စုံ၊ သီလဝိသုဒ္ဓိလည်း ပြည့်စုံသော ဆရာတော်ကြီးတို့အား အကယ်၍ တရားဟောစာချ စကားပြောစဉ် အသက်ရှူခိုက်၌ "အရှင်ဘုရား အသက်ရှူခိုက် ရှူနေစဉ် ဝိရတိ ဖြစ်ပါ၏လား။ ရပါ၏လား ဘုရား" ဟု လျှောက်ထားက လျှောက်ထားကြည့်က၊ သင်္ကြိဟ်, အဋ္ဌကထာတို့ကို အာရုံပြုလျက် သုံးသပ်

ဆင်ခြင် သတိသမ္ပဇဉ်ဉာဏ်မှာ ထင်လာ အမှတ်ရပြီး သတိရပြီး ဝိရတိ မဖြစ် မရဟု မုချ ဖြေလိမ့်မည်။ ထိုအခါ "ဒီလို ဖြစ်ပါလျှင်၊ ဆရာတော် သီလ မရှိ၊ သီလ မစင်ကြယ် အလင်္ဂါဒုဿီလ ဖြစ်နေပါပေါ့ကလား။ ဖြစ်နေတော့၏" ဟု လျှောက်ဆိုသော စကားကို လက်ခံနိုင်လိမ့်မည်မဟုတ်ပေ။ မိမိ အလင်္ဂါဒုဿီလ ဖြစ်နေပုံ ဖြစ်နေဟန် ဖြစ်နေမည်ကို ဝန်ခံဝံ့မည်မဟုတ်ပေ။ ဘာ့ကြောင့်နည်း။ မိမိ ဝိရတိ ဖြစ်၍သာ သီလဝိသုဒ္ဓိ ပြည့်စုံနေသည်ကို သံသယမရှိ၊ မိမိ ယုံကြည်ချက်ကြောင့်ပင်။

အာနာပါန အသက်ရှူခိုက် ဆိုသည် "ပုဂ္ဂလဓိဋ္ဌာန်" ဟု သိ။

"ဝိရတိအဘာဝေပိ ပါပါဘာဝမတ္တမေဝ" ဟူ၍၎င်း၊ "သုတ္တန္တိကဒေသနာနာမ ပရိယာယဒေသနာ" ဟူ၍၎င်း သုတ္တန်နည်းအားဖြင့် အာနာပါနအခိုက်၌ ဝိရတိ ဖြစ်သင့် ရသင့်၏။

"အဝိတိက္ကမန္တံ သီ ပုဂ္ဂလသီ ဓမ္မသမ္ဘူဟသီ" ဆိုသ ဖြင့်လည်း ပုဂ္ဂလဓိဋ္ဌာန် တရားအပေါင်းအစုအားဖြင့် ဝိရတိ ဖြစ်သင့် ရသင့်၏။

"ဥပဇ္ဈာနဓမ္မတာယ ဆတ္တံ သ" ဟု အဋ္ဌကထာ ဋီကာ ဆရာတို့ မိန့်တော်မူသော စေတသိက် အရေအတွက် စကားအစဉ်ကို မပျက်စေလို မပျက်စေမူ၍၊ အာနာပါန အခိုက်၌ စေတသိက် ၃၈ ပါး ရ၏။ ဝိရတိ ဖြစ်၏ ရ၏ ဟု ပြလိုက်ခြင်း ဖြစ်ပေသည်။

“ကရဏာလောဘာဒိပမုခေန” ကရဏာပါ ရသင့် ရထိုက်ဟန်ကိုလည်း မဟာဋီကာအရှင်မြတ် ကြံဆယူဆ ပေသေးသည်။

“တသ္မာ ကေက္ခဏေပိ လဇ္ဇနီတိ အဓိပ္ပါယော” ဟု ဝိရတိ အပ္ပမညာ စေတသိက်တို့လည်း စိတ္တုပ္ပါဒ်၌ တ ပြိုင်နက် တပေါင်းတည်း ရဟန်ဖြစ်ဟန်ကိုလည်း မဟာ ဋီကာဆရာအရှင်မြတ် အလိုရှိပြန်ပေသေးသည်။

ကာမကုသိုလ်မှန်က ဖြစ်ရမည့် ရရမည့် သဘော တရား ဖြစ်၍၎င်း၊ ကာမကုသိုလ်တိုင်း မကင်းတတ် မကင်းကောင်း မကင်းနိုင်သော သဘောတရား ဖြစ်၍ ၎င်း “အဌတိံသ ဆတ္တိံသ” ဟု အဌကထာ ဋီကာ ဆရာတို့ ပြသည်ဖြစ်၍၎င်း၊ သုတ္တန်နည်းအားဖြင့်၎င်း၊ ပုဂ္ဂလဓိဋ္ဌာန်အားဖြင့်၎င်း၊ ကုသိုလ်တွင် လွန်ကဲသော အဓိကုသလကုသိုလ် ဘာဝနာကုသိုလ်ဖြစ်၍၎င်း၊ သာမန် သီလ ရိုးရိုးသီလတွင်မက လွန်ကဲ မွန်မြတ်သော အဓိသီ လ ဖြစ်၍၎င်း၊ သီလဝိသုဒ္ဓိနှင့် ပြည့်စုံသော ယောဂီများ ဖြစ်၍၎င်း၊ သမထဝိပဿနာတရားတို့ကို ပွါးများ အား ထုတ်နေသော ယောဂီများ ဖြစ်၍၎င်း၊ အဌတိံသ ဆတ္တိံ သ (= ၃၈ ပါး ၃၆ ပါး) ဆိုသော အဋ္ဌကထာ ဋီကာ ဆရာတို့၏ စေတသိက် အရေအတွက်မှ မယုတ်လျော့စေ လိုမှု၍၎င်း အာနာပါနအခိုက်၌ စေတသိက် ၃၈ ပါး ရ၏ဟု ပြလိုက်ခြင်း ဖြစ်ပေသတည်း။

သုတ္တန်နှင့် အဘိဓမ္မာ အဋ္ဌကထာ ဆရာအချင်းချင်း ယူဆပုံ တမျိုး တဖုံစီ ဖြစ်နေပေသေးသည်။ သဗ္ဗညုတ ရှေ့ဥာဏ်တော်၏ ကျက်စားရာ အဘိဓမ္မာအရာ ဖြစ်၍ ရှေးဆရာတော်ကြီးများလည်း ယတိပြတ် မဆုံးဖြတ်ရဲဝံ့ကြပေ။ သို့ဖြစ်၍ "သင့်၏" ဟူသာ ဆိုရ ပြရပေတော့သည်။

မဟာကုသိုလ်ကို ဒါနကုသိုလ် သီလကုသိုလ် သမထကုသိုလ် ဝိပဿနာကုသိုလ် ဘာဝနာကုသိုလ် ရှိသမျှ ကာမကုသိုလ်တွေကို အကုန် သိမ်းကြုံးကာ မဟာကုသိုလ်လို့ ခေါ်သည်။

ထိုမဟာကုသိုလ်ကို သာမန် မဟာကုသိုလ်, အထူးဝိသေသ မဟာကုသိုလ်ဟု ရှေးဦးစွာ နှစ်မျိုးနှစ်စား နှစ်ပါး ခွဲခြားထား၊ ခွဲခြား၍ မှတ်။

သီလကုသိုလ်ကို ရည်၍ဝင်း၊ သီလကုသိုလ် ပါ၍ဝင်း၊ သို့မဟုတ် ကရုဏာဘာဝနာကုသိုလ် မုဒိတာဘာဝနာကုသိုလ်တို့ကို ရည်၍ဝင်း၊ ပါ၍ဝင်း အားလုံးသော ကာမကုသိုလ်သည် သာမန် မဟာကုသိုလ် မည်၏။ သာမန် မဟာကုသိုလ် ခေါ်၏။

ဒါနကုသိုလ် သမထကုသိုလ် ဝိပဿနာကုသိုလ် ဘာဝနာကုသိုလ်တို့သည် အထူး ဝိသေသ မဟာကုသိုလ် မည်၏။ အထူး ဝိသေသ မဟာကုသိုလ် ခေါ်၏။

သီလကုသိုလ် ကရုဏာကုသိုလ် မုဒိတာကုသိုလ် ပါသော သာမန် မဟာကုသိုလ်၌ စေတသိက် ၃၀ ပါး ရသည်လို့ ဓမ္မသင်္ဂဏီပါဠိတော် ၁၇၊ အဋ္ဌသာလိနီအဋ္ဌ

ကထာ ၁၇၆-၁၇၈၊ ဝိသုဒ္ဓိမဂ်အဋ္ဌကထာ ခန္ဓနိဒ္ဒေသ သခ်ၤါရက္ခန္ဓကထာ ဒုတိယအုပ် ၉၂-၉၇၊ သဒ္ဒဗိန္ဒုကဆိုသည်။

သီလကုသိုလ်၌ စေတသိက် ၃၆ ပါး ရသည်။ ကရုဏာ မုဒိတာ ဘာဝနာကုသိုလ် သမထကုသိုလ်၌ စေတသိက် ၃၅ ပါး ရသည်။

ဘာဝနာကုသိုလ် သမထကုသိုလ် ဝိပဿနာကုသိုလ် ဒါနကုသိုလ်တို့၌ ကရုဏာ မုဒိတာ နှုတ်၊ ကျန်သော စေတသိက် ၃၃ ပါး ရသည်။ ဤအထူး ဝိဿဿမဟာကုသိုလ်၌ စေတသိက် ၃၃ ပါး ရသည်လို့ ဆိုလိုသည်။

ဝိရတိစေတသိက်သည် သီလနယ် သီလကုသိုလ်နယ်က ဖြစ်သည်။ သို့ဖြစ်၍ သီလကုသိုလ် သီလမဟာကုသိုလ်၌ ဝိရတိစေတသိက် ရသည်။ သို့ သီလကုသိုလ်၌ ဝိရတိစေတသိက် ရသည့်အတွက် သီလကုသိုလ် သီလမဟာကုသိုလ်၌ စေတသိက် ၃၆ ပါး ရသည် ဆိုသည်။

ထို့ကြောင့် ဓမ္မသင်္ဂဏီပါဠိတော် ၁၀၄ နှင့် အဋ္ဌသာလိနီအဋ္ဌကထာ ၃၀၆ တို့၌ ဟောကြားမိန့်ဆိုတော်မူသော "ပဠေ သိက္ခာပဒါ ကုသလာယေဝ။" ဟူသော ပါဠိကို အကိုးအကားအဖြစ် သာဓက ထုတ်ဆောင်ကာ ဝိသုဒ္ဓိမဂ်အဋ္ဌကထာ ခန္ဓနိဒ္ဒေသ သခ်ၤါရက္ခန္ဓကထာ ဒုတိယအုပ် ၁၈၁ ၌ "ဝိရတိယောပိ ဝိပါကေသု န သန္တိ။ ပဠေ သိက္ခာပဒါ ကုသလာယေဝါတိ ဟိ ဝုတ္တံ (= ဝိရတိစေတသိက်တို့သည်လည်း ဝိပါက်တို့၌ မရှိကုန်၊ မရကုန်။

ဝိပါက်တို့၌ ဝိရတိစေတသိက်တို့လည်း မရှိ မရဟု ငါဆို သော စကားသည် မှန်၏။ သိက္ခာပုဒ် ငါးပါးတို့သည် ကုသိုလ်တို့သည်သာလျှင်)" ဟူ၍ အဋ္ဌကထာ အရှင်မြတ် မိန့်ဆိုတော်မူသည်။

ဤဝိသုဒ္ဓိမဂ် အကိုးသာဓကအရ သီလကုသိုလ် သီလ မဟာကုသိုလ်၌ ဝိရတိစေတသိက် ရသည်ဟု ဆိုသည်။

ထိုဝိရတိစေတသိက်ခေါ် သမ္မာဝါစာ စေတသိက် သမ္မာကမ္မန္တစေတသိက် သမ္မာအာဇီဝ စေတသိက်တို့ကို မဂ္ဂင်ရှစ်ပါး၌ သမ္မာဝါစာမဂ္ဂင် သမ္မာကမ္မန္တမဂ္ဂင် သမ္မာ အာဇီဝမဂ္ဂင် ဟူ၍ သဗ္ဗညုရှင်တော်ဘုရားသည် မဂ္ဂင် ဟူသော အမည်ဖြင့် နာမပညတ် သမုတ်လတ်ကာ ရှေ ဘွဲ့တော်တံဆိပ် ခတ်နှိပ်ပေးထားတော်မူပေသည်။

ထို့ကြောင့် မဟာသတိပဋ္ဌာန်သုတ်တော်မြတ် ဒုက္ခ နိရောဓဂါမိနိပဋိပဒါ အရိယသစ္စာ သို့မဟုတ် မဂ္ဂသစ္စာ ၌ ဤသို့ သဗ္ဗညုရှင်တော်ဘုရား ဟောကြားတော်မူ ပေသည်။

၁။ ကတမာ စ ဘိက္ခဝေ သမ္မာဝါစာ။ မုသာဝါဒါ ဝေရမဏီ, ပိသုဏာဝါစာယ ဝေရမဏီ, ဖရုသာဝါစာယ ဝေ ရမဏီ, သမ္ဖပ္ပလာပါ ဝေရမဏီ။ အယံ ဝုစ္စတိ ဘိက္ခဝေ သမ္မာဝါစာ။

၂။ ကတမော စ ဘိက္ခဝေ သမ္မာကမ္မန္တော။ ပါဏာ တိပါတာ ဝေရမဏီ, အဒိန္နာဒါနာ ဝေရမဏီ, ကာမေသု

မိစ္ဆာစာရာ ဝေရမဏီ။ အယံ ဝုစ္စတိ ဘိက္ခဝေ သမ္မာကမ္မန္တော။

၃။ ကတမော စ ဘိက္ခဝေ သမ္မာအာဇီဝော။ ဣဓ ဘိက္ခဝေ အရိယသာဝကော မိစ္ဆာအာဇံ ပဟာယ သမ္မာအာဇီဝေန ဇီဝိတံ ကပ္ပေတိ။ အယံ ဝုစ္စတိ ဘိက္ခဝေ သမ္မာအာဇီဝော။

၁။ ရဟန်းတို့.... ကောင်းစွာ ဆိုခြင်းကား အဘယ်နည်း။ မဟုတ်မမှန်သော စကားကို ဆိုခြင်းမှ ရှောင်ကြဉ်ခြင်း၊ ချေပစ်ကုန်းတိုက်သော စကားမှ ရှောင်ကြဉ်ခြင်း၊ ကြမ်းကြုတ်သော စကားမှ ရှောင်ကြဉ်ခြင်း၊ အကျိုးမရှိ အဖျင်းပြောဆိုခြင်းမှ ရှောင်ကြဉ်ခြင်း။ ရဟန်းတို့.... ဤရှောင်ကြဉ်ခြင်းတရား ၄ ပါးကို ကောင်းစွာ ပြောဆိုခြင်းဟူ၍ ဆို၏။ ခေါ်၏။

၂။ ရဟန်းတို့.... ကောင်းစွာ ပြုခြင်းကား အဘယ်နည်း။ သူ၏ အသက်ကို သတ်ခြင်းမှ ရှောင်ကြဉ်ခြင်း၊ အရှင် မပေးသော သူ၏ ဥစ္စာကို ခိုးယူခြင်းမှ ရှောင်ကြဉ်ခြင်း၊ ကာမတို့၌ မှားယွင်းသော အကျင့်မှ ရှောင်ကြဉ်ခြင်း။ ရဟန်းတို့.... ဤရှောင်ကြဉ်ခြင်းတရား ၃ ပါးကို ကောင်းစွာ ပြုခြင်းဟူ၍ ဆို၏။ ခေါ်၏။

၄။ ရဟန်းတို့.... ကောင်းစွာ ပြုခြင်းကား အဘယ်နည်း။ သူ၏ အသက်ကို သတ်ခြင်းမှ ရှောင်ကြဉ်ခြင်း၊ အရှင် မပေးသော သူ၏ ဥစ္စာကို ခိုးယူခြင်းမှ ရှောင်ကြဉ်ခြင်း၊ ကာမတို့၌ မှားယွင်းသော အကျင့်မှ ရှောင်ကြဉ်ခြင်း။ ရဟန်းတို့.... ဤရှောင်ကြဉ်ခြင်းတရား ၃ ပါးကို ကောင်းစွာ ပြုခြင်းဟူ၍ ဆို၏။ ခေါ်၏။

၅။ ရဟန်းတို့.... ကောင်းစွာ အသက်မွေးခြင်းကား အဘယ်နည်း။ ရဟန်းတို့.... ဤငါဘုရား၏ သာသနာတော်၌ မြတ်သော အရိယ ဖြစ်သော ငါဘုရား၏ တပည့်

သည် မကောင်းသော မှားသော အသက်မွေးခြင်းကို ပယ်၍ ကောင်းသော အသက်မွေးခြင်းဖြင့် အသက်မွေး၏။ ရဟန်းတို့.... ဤတရားကို ကောင်းစွာ အသက်မွေးခြင်းဟူ၍ ဆို၏။ ခေါ်၏။

ဤမဂ္ဂင် ၃ ပါးကို သီလမဂ္ဂင် ဖွဲ့သည်။ သီလမဂ္ဂင်၌ ပေါင်းထားသည်။ သီလမဂ္ဂင်ကုသိုလ်ဟု ခေါ်သည်။ သီလမဂ္ဂင်မဟာကုသိုလ်လို့ ဆိုလိုသည်။

အာနာပါနသည် သုတ္တန်၊ ဝါယောဓါတ်သည် အဘိဓမ္မာ။ ထွက်သက်ဝင်သက် ရှုရှိုက်တတ်သော ပုဂ္ဂိုလ်၊ ရှုရှိုက်နေသော ယောဂီပုဂ္ဂိုလ်ကို ရည်၍ သုတ္တန်လို့ ဆို သည်။ အာနာပါနသည် အာရမ္မဏိက၊ ဝါယောလေသည် အာရုံ။ အာနာပါနသည် အာရုံ ရှိသူ ယောဂီ၊ ဝါယောလေသည် ယောဂီ၏ အာရုံပြုရာ အာရုံလေ၊ လေအာရုံ။ အာနာပါနသည် ပုဂ္ဂလ၊ ဝါယောဓါတ်သည် ဓမ္မ။ အာနာပါနသည် ပုဂ္ဂလဓိဋ္ဌာန်၊ ဝါယောဓါတ်သည် ဓမ္မဓိဋ္ဌာန်။

အာနာပါန သုတ္တန် အာရမ္မဏိက အာရုံရှိသူယောဂီ ပုဂ္ဂိုလ ပုဂ္ဂလဓိဋ္ဌာန်တို့သည်ကား သီလနယ် သီလကုသိုလ်နယ် သီလမဟာကုသိုလ်နယ်၌ အတွင်းဝင်နေသည်။ အကျုံးဝင်နေသည်။ ပါနေသည်။ မျှားသောအားဖြင့် တရားအားထုတ်သူ ယောဂီမှန်က အဖျင်းဆုံး အညံ့ဆုံး ငါးပါးသီလ ဆောက်တည်သည်။ စောင့်ထိန်းသည်။ ငါးပါးသီလ ရှိသည်။ တည်သည်။ ပြည့်စုံသည်။ "ပဥ္စ သိက္ခာပဒါ ကုသလာယေဝ" ဆိုသည့်အတိုင်း သီလ

ကုသိုလိနယ်သို့ ဖြောင့်တန်းစွာ ဝင်နေ ပါဝင်နေတော့သည်။ သို့သိမ်လကုသိုလ်နယ်သို့ ပါဝင်နေပါကလည်း၊ ဝိရတိစေတသိက် ရတော့သည်။

ထိုသီလကုသိုလ်နယ်သို့ မဝင် ဝိရတိစေတသိက် မရပါက၊ သီလ ချို့တဲ့သူ, သီလ မရှိသူ ဒုဿီလ ဖြစ်နေပေတော့သည်၊ ဖြစ်တော့သည်။ သီလ မရှိသူ သီလ မတည်သူ ယောဂီဟူ၍ တယောက်တလေမျှ မရှိပေ၊ မရှိချေ။

ဤအရာ၌ ခဲခြားဝေဘန်ကာ သိခဲ၏၊ သဘောကျခဲ၏၊ သဘောသက်ခဲ၏၊ သဘောသက်ဝင်နိုင်ခဲလှ၏။

အနိယတ အနိယတယောဂီ စေတသိက် အရာ၌ "ကဒါစိ သန္ဒိဿန္တိ ဝိသုံဝိသုံ၊ နာနာ ကဒါစိ" ဟူသော သဂ္ဂိဟ် စသည်တို့ကို အမြဲလက်ကိုင်ပြုကာ လက်စံထားလျက် ပုဂ္ဂလဓိဋ္ဌာန်မဘက် အဘိဓမ္မာသဘော ဓမ္မဓိဋ္ဌာန် သကသကချည်းသာ အာရုံစုက စတဝင်စား စတဖော်လှန်းအားကြီး၍ အသိဉာဏ် ရှုတ်ထွေးနေတတ်သည်၊ အသိဉာဏ် မလင်းဘဲ ဖြစ်နေတတ်သည်။

သို့ဖြစ်၍ သုတ္တန် အာရမ္မဏိက ပုဂ္ဂလဓိဋ္ဌာန် အနေအားဖြင့်ဂင်း၊ ရည်ရွယ်၍ဂင်း "အာနာပါန အခိုက်၌ စေတသိက် ၃၀ ပါး ရ၏" ဟု ပြလိုက်ခြင်း ဖြစ်ပေသည်။ "သင့်ယူ = စေ ယူတံ ဂဟေတဗ္ဗံ"။ ပုဒ်ပါဠိ ဆစ်၍ သဘောအနက်ကို အာနာပါနသံခိပ်၌ အကျယ်ပြအံ့။

ဝိပဿနာကထွာ ပြီး၏။

# အခန်း ၃

# သဘာဝကဏ္ဍ

## ၁။ ရုပ်နာမ်တို့၏ သဘောလက္ခဏာကို ပြခြင်း

### ရုပ် ၂၀ ပါး

ဘူတရုပ် ၄ ပါး၊ ဥပါဒါရုပ် ၂၄ ပါးအားဖြင့် ရုပ် ၂၀ ပါး ရှိသည်။

တနည်း။ နိပ္ဖန္နရုပ် ၁၀ ပါး၊ အနိပ္ဖန္နရုပ် ၁၀ ပါး အားဖြင့် ရုပ် ၂၀ ပါး ရှိသည်။

### နိပ္ဖန္နရုပ် ၁၀ ပါး

ဘူတရုပ် ၄ ပါး၊ ပသာဒရုပ် ၅ ပါး၊ ဂေါစရရုပ် ၄ ပါး၊ ဘာဝရုပ် ၂ ပါး၊ ဟဒယရုပ် ၁ ပါး၊ ဇီဝိတရုပ် ၁ ပါး၊ အာဟာရရုပ် ၁ ပါးအားဖြင့် နိပ္ဖန္နရုပ် ၁၀ ပါး ဖြစ်သည်။

### အနိပ္ဖန္နရုပ် ၁၀ ပါး

ပရိစ္ဆေဒရုပ် ၁ ပါး၊ ဝိညတ်ရုပ် ၂ ပါး၊ ဝိကာရရုပ် ၃ ပါး၊ လက္ခဏရုပ် ၄ ပါးအားဖြင့် အနိပ္ဖန္နရုပ် ၁၀ ပါး ဖြစ်သည်။

### ဘူတရုပ် ၄ ပါး

(၁) ပထဝီ (၂) အာပေါ (၃) တေဇော (၄) ဝါယော။

## ပဿဒ္ဓိရုပ် ၅ ပါး

(၁) စက္ခု၊ (၂) သောတ (၃) ဃာန (၄) ဇိဝှါ (၅) ကာယ။

## ဝေါစရုပ် ၄ ပါး

(၁) ရူပ (၂) သဒ္ဒ (၃) ဂန္ဓ (၄) ရသ။
(ပထဝီ, တေဇော, ဝါယော ဟူသော ဖေါဋ္ဌဗ္ဗ)

## ဘာဝရုပ် ၂ ပါး

(၁) ဣတ္ထိဘာဝ (၂) ပုမ္ဘာဝ။

## ဟဒယစသော ရုပ် ၄ ပါး

(၁) ဟဒယ (၂) ဇီဝိတ (၃) အာဟာရ (၄) ပရိစ္ဆေဒ။

## ဝိညတ်ရုပ် ၂ ပါး

(၁) ကာယဝိညတ္တိ (၂) ဝစီဝိညတ္တိ။

## ဝိကာရရုပ် ၃ ပါး

(၁) လဟုတာ (၂) မုဒုတာ (၃) ကမ္မညတာ။

## လက္ခဏရုပ် ၄ ပါး

(၁) ဥပစယ (၂) သန္တတိ (၃) ဇရတာ (၄) အနိစ္စတာ။

ရုပ်အစဉ် ပြီး၏။

## ဘူတရုပ် ၄ ပါး အဓိပ္ပါယ်

(၁) ပထဝီ = ခက်မာခြင်း, နူးညံ့ခြင်း (၂) အာပေါ = ယိုစီးခြင်း, ဖွဲ့စည်းခြင်း (၃) တေဇော = ပူခြင်း အေးခြင်း (၄) ဝါယော = ထောက်ကန်ခြင်း, လှုပ်ရှားခြင်း။

ဤရုပ် လေးပါးတို့ကို ပရမတ္ထအားဖြင့် ထင်ရှား ရှိခြင်းကြောင့်၊ "ဘူတရုပ်" ဟု ခေါ်ဆိုသည်။ ထိုဘူတရုပ် ဓါတ်ကြီး လေးပါးတို့ကို မှီ၍ဖြစ်သော ကျန် ၂၄ ပါးသော ရုပ်တို့ကို "ဥပါဒါရုပ်" ဟု ခေါ်ဆိုသည်။

## ပသာဒရုပ် ၅ ပါး အဓိပ္ပါယ်

(၁) စက္ခု = မျက်စိ (၂) သောတ = နား (၃) ဃာန = နှာခေါင်း (၄) ဇိဝှါ = လျှာ (၅) ကာယ = ကိုယ်။

ဤရုပ် ငါးပါးတို့ကို မိမိတို့နှင့်တကွ တကယ်တည်း ဖြစ်သော ရုပ်တို့ကို ကြည်လင်စေတတ်သောကြောင့်၊ "ပသာဒရုပ်" ဟု ခေါ်ဆိုသည်။

## ဂေါစရရုပ် ၄ ပါး အဓိပ္ပါယ်

(၁) ရူပ = အဆင်း (၂) သဒ္ဒ = အသံ (၃) ဂန္ဓ = အနံ့ (၄) ရသ = အရသာ။ (ဖေါဋ္ဌဗ္ဗ = တွေ့ထိခြင်း)။

ဤရုပ်တို့ကို ပဋ္ဌဝိညာဉ်တို့၏ ကျက်စားရာအာရုံ ဖြစ်သောကြောင့်၊ "ဂေါစရရုပ်" ဟု ခေါ်ဆိုသည်။

## ဘာဝရုပ် ၂ ပါး အဓိပ္ပါယ်

(၁) ဣတ္ထိဘာဝ = မိန်းမ ဖြစ်ကြောင်းရုပ် (၂) ပုမ္ဘာဝ = ယောကျ်ား ဖြစ်ကြောင်းရုပ်။

ဤရုပ် နှစ်ပါးတို့ကို ဤသည်ကား မိန်းမ၊ ဤသည်ကား ယောကျ်ားဟု သိကြောင်း ဖြစ်၍ "ဘာဝရုပ်"ဟု ခေါ်ဆိုသည်။

## ဟဒယစသော ရုပ် ၄ ပါး အဓိပ္ပါယ်

(၁) ဟဒယ = နှလုံး။ ။မနောဓါတ် မနောဝိညာဏဓါတ်တို့၏ မှီရာ။ (၂) ဇီဝိတ = ဇီဝိတိန္ဒြေ = တကလာပ်တည်း ဖြစ်သော ကမ္မဇရုပ်တို့ကို စောင့်ရှောက်ခြင်း အစိုးရခြင်း (၃) အာဟာရ = ထောက်ပံ့ခြင်း။ ။ဩဇာကို ထောက်ပံ့တတ်သည်။ (၄) ပရိစ္ဆေဒ = ပိုင်းခြားခြင်း။ အာကာသဓါတ်။

## ဝိညတ်ရုပ် ၂ ပါး အဓိပ္ပါယ်

(၁) ကာယဝိညတ္တိ = ကိုယ်အမှုအရာအားဖြင့် သိစေခြင်း (၂) ဝစီဝိညတ္တိ = နှုတ်အမှုအရာအားဖြင့် သိစေခြင်း။

ဤရုပ် နှစ်ပါးသည် ဘောက်ပြန်သော အခြင်းအရာအထူးကို မိမိ သူတပါး နှစ်ဦးသားတို့အား သိစေအပ်သိစေတတ်သည်။ ဝါ၊ မိမိ၏ အလိုကို မိမိလည်း သိစေတတ်သည်။ မိမိ၏ အလိုကို သူတပါးအားလည်း သိစေအပ်သည်။ သူတပါး၏ အလိုကို မိမိလည်း သိသည်။

## ဒိကာရရုပ် ၃ ပါး အဓိပ္ပါယ်

(၁) လဟုတာ = ရုပ်၏ ပေါ့ပါးခြင်း (၂) မုဒု တာ = ရုပ်၏နူးညံ့ခြင်း (၃) ကမ္မညတာ = ရုပ်၏ အ မှုဋ္ဌ ခံခြင်း, အမှုဋ္ဌ ကောင်းခြင်း။

## လက္ခဏရုပ် ၄ ပါး အဓိပ္ပါယ်

(၁) ဥပစယ = ဖြစ်ဆဲ (၂) သန္တတိ = ဖြစ်စဉ် (၃) ဇရတာ = ရင့်ခြင်း (၄) အနိစ္စတာ = ပျက်ခြင်း။

ရုပ်၏ သဘောလက္ခဏာ ပြီး၏။

## စိတ် ၂၅ ပါး၊ စေတနာ ကံ။

အကုသိုလ်စိတ် ၁၂ ပါး၊ မဟာကုသိုလ်စိတ် ၈ ပါး၊ ရူပကုသိုလ်စိတ် ၅ ပါး၊ ဤ ၂၅ ပါးသော စိတ်တို့၌ ရှိသော စေတနာ ၂၅ ပါးတို့ကို နာနာက္ခဏိက စေတနာ ကံဟု ခေါ်ဆိုသည်။ ဤ ၂၅ ပါးသော ကံတို့သည် ရုပ်ကို မုချ ဖြစ်စေနိုင်သော ကံတရားမျိုးတို့ပေတည်း။

ထို ၂၅ ပါးသော ကံတရားတို့ကြောင့် ဖြစ်သော ရုပ်တရားတို့သည်ကား "စက္ခု, သောတ, ဃာန, ဇိဝှါ, ကာယ, ဣတ္ထိဘာဝ, ပုမ္ဘာဝ, ဟဒယ, ဇီဝိတ" ဤ ၉ ပါးသော ရုပ်တရားတို့ပေတည်း။

ထို့ကြောင့် "ကမ္မသမုဒယာ ရူပသမုဒယော (= ကံ ဖြစ်ခြင်းကြောင့်၊ ရုပ် ဖြစ်သည်)" ဟု ဟောတော်မူပေသည်။

ထို့ပြင်လည်း “ကမ္မနိရောဓါ ရူပနိရောဓေါ (= ကံချုပ်ခြင်းကြောင့်၊ ရုပ် ချုပ်သည်)” ဟူ၍လည်း ဟောတော်မူပြန်သည်။

ထို့မှတပါးလည်း “ကုသလံ အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿနာ (= ကုသိုလ်ကံကို လက္ခဏာရေးသုံးပါး တင်၍ ဝိပဿနာ ရှုရမည်)” ဟူ၍လည်း ဟောတော်မူပြန်ပေသည်။

ထို့သို့ “ကုသလ အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿနာ၊ ကမ္မနိရောဓါ ရူပနိရောဓေါ” ဟု ဟောတော်မူသည်အားလျော်စွာ ထိုကံတို့ကြောင့် ထိုရုပ်မျိုးများ မဖြစ်အောင် ကုသိုလ်ကံကို ပြုပါက၊ ထိုကုသိုလ်ကံ၏ ချုပ်မှုကြောင့် ထိုရုပ်မျိုးများ ချုပ်အောင် ဤလို ကုသိုလ်ကံကို ပြုလျှင်၊ “ဒါနံ ဒတ္တွာ သီလံ သမာဒိယိတ္တွာ ဥပေါသထကမ္မံ ကတ္တွာ တံ ပစ္စဝေက္ခတိ၊ ဂုဇ္ဈ သုစိဏ္ဏာနိ ပစ္စဝေက္ခတိ၊ သေက္ခာ ဝါ ပုထုဇ္ဇနာ ဝါ ကုသလံ အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿနာ၊ ကမ္မနိရောဓါ ရူပနိရောဓေါ” ဟု ဟောတော်မူသည်အားလျော်စွာ ထိုကံတို့ကြောင့် ထိုရုပ်မျိုးများ မဖြစ်အောင် ကုသိုလ်ကံကို ပြုပါက၊ ထိုကုသိုလ်ကံ၏ ချုပ်မှုကြောင့် ထိုရုပ်မျိုးများ ချုပ်အောင် ဤလို ကုသိုလ်ကံကို ပြုလျှင်၊ “ဒါနံ ဒတ္တွာ သီလံ သမာဒိယိတ္တွာ ဥပေါသထကမ္မံ ကတ္တွာ တံ ပစ္စဝေက္ခတိ၊ ဂုဇ္ဈ သုစိဏ္ဏာနိ ပစ္စဝေက္ခတိ၊ သေက္ခာ ဝါ ပုထုဇ္ဇနာ ဝါ ကုသလံ အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿနာ၊ ကမ္မနိရောဓါ ရူပနိရောဓေါ” ဟူသော ပဋ္ဌာန်းဒေသနာတော် ပဋ္ဌာဝါရန္ဒင့်အညီ ထိုပြုသော ကုသိုလ်ကံ တရားတို့ကို လက္ခဏာရေး သုံးပါး တင်၍ ဝိပဿနာဉာဏ်ဖြင့် ရှုနိုင် သုံးသပ်ဆင်ခြင်နိုင်ပါက၊ ဤကံတရားမျိုးတို့ကြောင့် ဤရုပ်တရားမျိုးတို့သည် မဖြစ်နိုင်တော့ပေ။

မြတ်စွာဘုရား သာသနာတော်နှင့် ကြုံကြိုက်ခိုက် အသိ အလိမ္မာ ဉာဏ်ပညာ ကြီးမား ဖွံ့ထွားခိုက် ကုသိုလ်

ကံတရားတို့ကို လက္ခဏာရေးသုံးပါး တင်၍ ဝိပဿနာ ဉာဏ်ဖြင့် အဖန်ဖန် သုံးသပ်ဆင်ခြင်လျက် ကုသိုလ်ကံကို ပြုတိုင်းပြုတိုင်း ဝိပဿနာ ရှုမိအောင် အထူး သတိရှိဘို့ အလွန် ကောင်းလှပေသည်။ အထူး သတိရှိကြလေ။

## ကုသိုလ်ကံကို လက္ခဏာရေးသုံးပါး တင်ပုံ

ကုသိုလ်ကံကို ပြုသော စေတနာသည် စိတ်သည် မမြဲ၊ ထိုကုသိုလ်ကံကို ပြုခိုက် ပြုစဉ်မှာပင် ချုပ်ဆုံး ကွယ်ပျောက်လေသောကြောင့်၊ အနိစ္စ အနိစ္စ။

ကုသိုလ်ကံကို ပြုသော စေတနာသည် စိတ်သည် ဖြစ်ခြင်း ပျက်ခြင်းတို့ဖြင့် မပြတ်မလပ် အဖန်ဖန် အထပ်ထပ် နှိပ်စက်တတ်လေသောကြောင့်၊ ဒုက္ခ ဒုက္ခ။

ကုသိုလ်ကံကို ပြုသော စေတနာသည် စိတ်သည် အစိုးမရ အလိုသို့ မလိုက် သူ့သဘောအတိုင်းသာ ဖြစ်တတ် ပျက်တတ်လေသောကြောင့်၊ အနတ္တ အနတ္တ။

ဤလို မိမိတို့ ကောင်းမှုကုသိုလ်ကံကို ပြုတိုင်း ပြုတိုင်း လက္ခဏာရေးသုံးပါး တင်ကြလေ၊ မမေ့ကြလေနှင့်။ ကြပ်ကြပ်ကြီး အထူး သတိရှိကြလေ သူတော်ကောင်းတို့။

## စိတ်ကြောင့် ဖြစ်သော ရုပ် ၆ ပါး

(၁) ကာယဝိညတ္တိ (၂) ဝစီဝိညတ္တိ (၃) သဒ္ဒ (၄) လဟုတာ (၅) မုဒုတာ (၆) ကမ္မညတာ။

## ဥတုကြောင့် ဖြစ်သော ရုပ် ၄ ပါး

(၁) သဒ္ဒ (၂) လဟုတာ (၃) မုဒုတာ (၄) ကမ္မညတာ။

## အာဟာရကြောင့် ဖြစ်သော ရုပ် ၃ ပါး

(၁) လဟုတာ (၂) မုဒုတာ (၃) ကမ္မညတာ။

## ကံ စိတ် ဥတု အာဟာရ အကြောင်း လေးပါးတို့ကြောင့် ဖြစ်သော ရုပ် ၉ ပါး

(၁) ပထဝီ (၂) အာပေါ (၃) တေဇော (၄) ဝါယော (၅) ဝဏ္ဏ (၆) ဂန္ဓ (၇) ရသ (၈) ဩဇာ (၉) ပရိစ္ဆေဒ။

ကာယဝိညတ္တိ ဝစီဝိညတ္တိ ရုပ်တို့သည် ဇကန် စိတ်ကြောင့်သာ ဖြစ်သော ရုပ် မည်၏။ သဒ္ဒရုပ်သည် စိတ်ကြောင့်လည်း ဖြစ်နိုင်၏။ ဥတုကြောင့်လည်း ဖြစ်နိုင်၏။ ထို့ကြောင့် အနေကန်ရုပ် မည်၏။

ရုပ်ခဏ်း ပြီး၏။

## စေတသိက် ၅၂ ပါး

သဗ္ဗစိတ္တသာဓါရဏစေတသိက် ၇ ပါး၊ ပကိဏ်စေတသိက် ၆ ပါး၊ အကုသိုလ်စေတသိက် ၁၄ ပါး၊ သောဘဏစေတသိက် ၂၅ ပါးအားဖြင့် စေတသိက် ၅၂ ပါး ရှိသည်။

## သဗ္ဗစိတ္တသာဓါရဏစေတသိက် ၇ ပါး

(၁) ဖဿ (၂) ဝေဒနာ (၃) သညာ (၄) စေတနာ (၅) ဇီဝိတိန္ဒြေ (၆) မနသိကာရ။

## ပကိဏ်စေတသိက် ၆ ပါး

(၁) ဝိတက် (၂) ဝိစာရ (၃) အဓိမောက္ခ (၄) ဝီရိယ (၅) ပီတိ (၆) ဆန္ဒ။

## အကုသိလစေတသိက် ၁၄ ပါး

(၁) မောဟ (၂) အဟိရိက (၃) အနောတ္တပ္ပ (၄) ဥဒ္ဓစ္စ (၅) လောဘ (၆) ဒိဋ္ဌိ (၇) မာန (၈) ဒေါသ (၉) ဣဿာ (၁၀) မစ္ဆရိယ (၁၁) ကုက္ကုစ္စ (၁၂) ထိန (၁၃) မိဒ္ဓ (၁၄) ဝိစိကိစ္ဆာ။

## သောဘဏစေတသိက် ၂၅ ပါး

(၁) သဒ္ဓါ (၂) သတိ (၃) ဟိရီ (၄) ဩတ္တပ္ပ (၅) အလောဘ (၆) အဒေါသ (၇) တတြမဇ္ဈတ္တတာ (၈) ကာယပဿဒ္ဓိ (၉) စိတ္တပဿဒ္ဓိ (၁၀) ကာယလဟုတာ (၁၁) စိတ္တလဟုတာ (၁၂) ကာယမုဒုတာ (၁၃) စိတ္တမုဒုတာ (၁၄) ကာယကမ္မညတာ (၁၅) စိတ္တကမ္မညတာ (၁၆) ကာယပါဂုညတာ (၁၇) စိတ္တပါဂုညတာ (၁၈) ကာယုဇုကတာ (၁၉) စိတ္တုဇုကတာ (၂၀) သမ္မာဝါစာ (၂၁) သမ္မာကမ္မန္တ (၂၂) သမ္မာအာဇီဝ (၂၃)ကရုဏာ (၂၄)မုဒိတာ (၂၅)ပညိန္ဒြေ။

စေတသိက်အစဉ် ပြီး၏။

## သဗ္ဗစိတ္တသာဓာရဏာစေတသိက် ၇ ပါး အဓိပ္ပါယ်

(၁) ဖဿ = တွေ့ထိခြင်း (၂) ဝေဒနာ = ခံစားခြင်း (၃) သညာ = မှတ်ခြင်း (၄) စေတနာ = စေ့ဆော်ခြင်း (၅) ဧကဂ္ဂတာ = တည်ကြည်ခြင်း, မပျံ့လွင့်ခြင်း (၆) ဇီဝိတိန္ဒြေ = စောင့်ခြင်း, အစိုးရခြင်း (၇) မနသိကာရ = နှလုံးသွင်းခြင်း။

## ပကိဏ်စေတသိက် ၆ ပါး အဓိပ္ပါယ်

(၁) ဝိတက် = အာရုံသို့ ရွှေ့ရှု တင်ခြင်း (၂) ဝိစာရ = အာရုံကို သုံးသပ်ခြင်း (၃) အဓိမောက္ခ = အာရုံကို ဆုံးဖြတ်ခြင်း (၄) ဝီရိယ = ထောက်ပံ့ခိုင်စေခြင်း (၅) ပီတိ = နှစ်သက်ခြင်း (၆) ဆန္ဒ = ပြုလိုကာမတ္တာသာ ဖြစ်ခြင်း, လိုချင်ကာမျှသာ ဖြစ်ခြင်း။

ဤ ၁၃ ပါးကို အညသမာန်းစေတသိက် ခေါ်သည်။

## အကုသိုလ်စေတသိက် ၁၄ ပါး အဓိပ္ပါယ်

(၁) မောဟ = ဖုံးလွှမ်းခြင်း (၂) အဟိရိက = မကောင်းမှုမှ မရှက်ခြင်း (၃) အနောတ္တပ္ပ = မကောင်းမှုမှ မလန့်ခြင်း (၄) ဥဒ္ဓစ္စ = မငြိမ်သက်ခြင်း, ပျံ့လွင့်ခြင်း (၅) လောဘ = လိုချင်ခြင်း, တပ်မက်ခြင်း။ (၆) ဒိဋ္ဌိ = မှားသောအားဖြင့် နှလုံးသွင်းခြင်း (၇) မာန = ထောင်

လှဘးခြင်း (၈) ဒေါသ = ပြစ်မှားခြင်း (၉) ဣဿာ = ပြေးစိုခြင်း, စောင်းမြောင်းခြင်း, မနာလိုခြင်း (၁၀) မစ္ဆရိယ = လျှိုဝှက်ခြင်း, ဝန်တိုခြင်း, နှမြောခြင်း (၁၁) ကုက္ကုစ္စ = စိုးရိမ်ခြင်း, နောင်တဖန် ပူပန်ခြင်း (၁၂) ထိန = စိတ်၏ မခံ့ခြင်း, တွန့်တိုခြင်း, ထိုင်းမှိုင်းခြင်း (၁၃) မိဒ္ဓ = စေတသိက်၏ မခံ့ခြင်း, တွန့်တိုခြင်း, ထိုင်းမှိုင်းခြင်း (၁၄) ဝိစိကိစ္ဆာ = ယုံမှားခြင်း, အာရုံကို မဆုံးဖြတ်နိုင်ခြင်း။

## သောဘဏစေတသိက် ၂၅ ပါး အဓိပ္ပါယ်

(၁) သဒ္ဓါ = ယုံကြည်ခြင်း (၂) သတိ = အောက်မေ့ခြင်း (၃) ဟိရီ = မကောင်းမှုမှ ရှက်ခြင်း (၄) ဩတ္တပ္ပ = မကောင်းမှုမှ လန့်ခြင်း (၅) အလောဘ = မလိုချင်ခြင်း, မတပ်မက်ခြင်း (၆) အဒေါသ = မပြစ်မှားခြင်း (၇) တတြမဇ္ဈတ္တတာ = လျစ်လျူ ရှုခြင်း (၈) ကာယပဿဒ္ဓိ = စေတသိက်တို့၏ ငြိမ်းခြင်း (၉) စိတ္တပဿဒ္ဓိ = စိတ်တို့၏ ငြိမ်းခြင်း (၁၀) ကာယလဟုတာ = စေတသိက်တို့၏ ပေါ့ခြင်း (၁၁) စိတ္တလဟုတာ = စိတ်တို့၏ ပေါ့ခြင်း (၁၂) ကာယမုဒုတာ = စေတသိက်တို့၏ နူးညံ့ခြင်း (၁၃) စိတ္တမုဒုတာ = စိတ်တို့၏ နူးညံ့ခြင်း (၁၄) ကာယကမ္မညတာ = စေတသိက်တို့၏ အမှုဋ္ဌ ခံ့ခြင်း (၁၅) စိတ္တကမ္မညတာ = စိတ်တို့၏ အမှုဋ္ဌ ခံ့ခြင်း (၁၆) ကာယပါဂုညတာ = စေတသိက်တို့၏ လွှ လာခြင်း (၁၇) စိတ္တပါဂုညတာ = စိတ်တို့၏ လွှလာ

ခြင်း (၁၈) ကာယုဇုကတာ = စေတသိက်တို့၏ ဖြောင့်စာ ဖြစ်ခြင်း (၁၉) စိတ္တုဇုကတာ = စိတ်တို့၏ ဖြောင့်စာ ဖြစ်ခြင်း (၂၀) သမ္မာဝါစာ = ကောင်းစာ ဆိုခြင်း (၂၁) သမ္မာကမ္မန္တ = ကောင်းစာ ပြုခြင်း (၂၂) သမ္မာအာဇီဝ = ကောင်းစာ အသက်မွေးခြင်း (၂၃) ကရုဏာ = သနားခြင်း (၂၄) မုဒိတာ = ဝမ်းမြောက်ခြင်း (၂၅) ပညိန္ဒြေ = ထိုးထွင်း၍ သိခြင်း, အစိုးရခြင်း၊ အမောဟကို ပညိန္ဒြေ ခေါ်သည်။

မှတ်ချက်။ သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝ၊ ဤသုံးပါးကို ဝိရတိစေတသိက်ဟု ခေါ်သည်။

စေတသိက်နာမ်သဘောလက္ခဏာ ပြီး၏။

## ၂။ ရုစ်ဝါရကို ပြခြင်း

သ, ကာ, ပါ, ပ၊ ရိ, မ, လ၊ သစ္စဉ္, ရုစ်ဝါရ။

## ၁။ သဘာဝဝါရ

၁။ မြင်မြင်သမျှ ရူပါရုံနှင့် စက္ခုပသာဒရုပ် ထိခိုက်ကြ၍ စက္ခုဝိညာဉ်က မြင်သည်။ ငါ မြင်သည် မဟုတ်။

၂။ ကြားကြားသမျှ သဒ္ဒါရုံနှင့် သောတပသာဒရုပ် ထိခိုက်ကြ၍ သောတဝိညာဉ်က ကြားသည်။ ငါ ကြား သည်မဟုတ်။

၃။ နံနံသမျှ ဂန္ဓာရုံနှင့် ဃာနပသာဒရုပ် ထိခိုက်ကြ၍ ဃာနဝိညာဉ်က နံသည်။ ငါ နံသည်မဟုတ်။

၄။ လျက်လျက်သမျှ ရသာရုံနှင့် ဇိဝှါပသာဒရုပ် ထိခိုက်ကြ၍ ဇိဝှါဝိညာဉ်က လျက်သည်။ ငါ လျက်သည်မဟုတ်။

၅။ ထိထိသမျှ ဖောဋ္ဌဗ္ဗာရုံနှင့် ကာယပသာဒရုပ် ထိခိုက်ကြ၍ ကာယဝိညာဉ်က ထိသည်။ ငါ ထိသည်မဟုတ်။

၆။ လှုပ်လှုပ်သမျှ နာမ်က ခိုင်း၍ ရုပ်က လှုပ်ရသည်။ ငါ လှုပ်သည်မဟုတ်။ ဝါ၊ လှုပ်လှုပ်သမျှ စိတ္တဇဝါယောဇဉ်ကြောင့် ကမ္မဇဝါယောတို့ လှုပ်ရသည်။ ငါ လှုပ်သည်မဟုတ်။

၇။ ဆိုဆိုသမျှ နာမ်က ခိုင်း၍ ရုပ်က ဆိုရသည်။ ငါ ဆိုသည်မဟုတ်။ ဝါ၊ ဆိုဆိုသမျှ စိတ္တဇပထဝီကြောင့် ကမ္မဇပထဝီတို့ ဆိုရသည်။ ငါ ဆိုသည်မဟုတ်။

၈။ ကြံကြံသမျှ ဝတ္ထုရုပ်ကို မှီ၍ နာမ်က ကြံသည်။ ငါ ကြံသည်မဟုတ်။

ဤ၌ ဝါရတို့တွင် ကာယဝိညတ်မှာ စိတ္တဇဝါယောဇဉ်ကြောင့် ကမ္မဇဝါယောတို့ကို လှုပ်စေသည်။ ဝစီဝိညတ်မှာ စိတ္တဇပထဝီကြောင့် ကမ္မဇပထဝီတို့ကို ဆိုစေသည်။ မနောမှာ ပဉ္စဝေါကာရဘုံ၌သာ ဝတ္ထုရုပ်ကို မှီ၍ ကြံသည်။ စတုဝေါကာရဘုံမှာ မမှီမူ၍လည်း ကြံသည်။

## ၂။ ကာရကာဝါရ

၁။ စက္ခုဝိညာဉ်က မြင်ရာ၊ စက္ခုပသာဒရုပ်, ရူပါရုံ, အာလောက (= အလင်း), မနသိကာရ (= နှလုံးသွင်းခြင်း) အကြောင်းလေးပါး ညီသောကြောင့်၊ မြင်ပါသည်။ ငါ မြင်သည်မဟုတ်။

၂။ သောတဝိညာဉ်က ကြားရာ၊ သောတပသာဒရုပ်, သဒ္ဒါရုံ, ဝိဝရဏ (= အပေါက်), မနသိကာရ အကြောင်း လေးပါး ညီသောကြောင့်၊ ကြားပါသည်။ ငါ ကြားသည် မဟုတ်။

၃။ ဃာနဝိညာဉ်က နံရာ၊ ဃာနပသာဒရုပ်, ဂန္ဓာရုံ, ဝါယော (= လေ), မရသိကာရ အကြောင်း လေးပါး ညီသောကြောင့်၊ နံပါသည်။ ငါ နံသည်မဟုတ်။

၄။ ဇိဝှါဝိညာဉ်က လျက်ရာ၊ ဇိဝှါပသာဒရုပ်, ရသာရုံ, အာပေါ (= ရေ), မနသိကာရ အကြောင်း လေးပါး ညီသောကြောင့်၊လျက်ပါသည်။ ငါ လျက်သည်မဟုတ်။

၅။ ကာယဝိညာဉ်က ထိရာ၊ ကာယပသာဒရုပ်, ဖေါဋ္ဌဗ္ဗာရုံ (= ပထဝီ + တေဇော + ဝါယော), ပထဝီ (= ခက်မာခြင်း), မနသိကာရ အကြောင်း လေးပါး ညီသောကြောင့်၊ ထိပါသည်။ ငါ ထိသည်မဟုတ်။

၆။ လျှပ်လိုသမျှ လျှပ်လိုက်ရာ၊ စိတ္တ, ရူပ, တဇ္ဇဝါယာမ အကြောင်း သုံးပါး ညီသောကြောင့် လှုပ်ပါသည်။ ငါ လှုပ်သည်မဟုတ်။

၇။ ဆိုလိုသမျှ ဆိုလိုက်ရာ၊ စိတ္တ, ရူပ, တဇ္ဇဝါယာမ အကြောင်း သုံးပါး ညီသောကြောင့် ဆိုပါသည်။ ငါဆိုသည်မဟုတ်။

၈။ ကြံလိုသမျှ ကြံလိုက်ရာ၊ မနော, ဆဋ္ဌာရုံ, မနသိကာရ အကြောင်း သုံးပါး ညီသောကြောင့် ကြံပါသည်။ ငါ ကြံသည်မဟုတ်။

## ၃။ ပါကဋဝါရ

၁။ မြင်အပ်သော ဝတ္ထုသည် သဟဇာတ် ဖြစ်သော ရုပ်အပေါင်းကို ရူပါရုံက အုပ်စိုး၍ အမြင်ခံသည်။ မြင်တတ်သော ဝိညာဉ်သည် သဟဇာတ် ဖြစ်သော ရုပ်, နာမ် အပေါင်းကို စက္ခုဝိညာဉ်က အုပ်စိုး၍ မြင်သည်။ ငါ မြင်သည်မဟုတ်။

၂။ ကြားအပ်သော ဝတ္ထုသည် သဟဇာတ် ဖြစ်သော ရုပ်အပေါင်းကို သဒ္ဒါရုံက အုပ်စိုး၍ အကြားခံသည်။ ကြားတတ်သော ဝိညာဉ်သည် သဟဇာတ် ဖြစ်သော ရုပ်, နာမ် အပေါင်းကို သောတဝိညာဉ်က အုပ်စိုး၍ ကြားသည်။ ငါ ကြားသည်မဟုတ်။

၃။ နံအပ်သော ဝတ္ထုသည် သဟဇာတ် ဖြစ်သော ရုပ်အပေါင်းကို ဂန္ဓာရုံက အုပ်စိုး၍ အနံခံသည်။ နံတတ်သော ဝိညာဉ်သည် သဟဇာတ် ဖြစ်သော ရုပ်, နာမ် အပေါင်းကို ဃာနဝိညာဉ်က အုပ်စိုး၍ နံသည်။ ငါ နံသည်မဟုတ်။

၄။ လျက်အပ်သော ဝတ္ထုသည် သဟဇာတ် ဖြစ်သော ရုပ်အပေါင်းကို ရသာရုံက အုပ်စိုး၍ အလျက်ခံသည်။ လျက်တတ်သော ဝိညာဉ်သည် သဟဇာတ် ဖြစ်သော ရုပ်, နာမ် အပေါင်းကို ဇဝဝါဝိညာဉ်က အုပ်စိုး၍ လျက်သည်။ ငါ လျက်သည်မဟုတ်။

၅။ ထိအပ်သော ဝတ္ထုသည် သဟဇာတ် ဖြစ်သော ရုပ်အပေါင်းကို ဖောဋ္ဌဗ္ဗာရုံက အုပ်စိုး၍ အထိခံသည်။ ထိတတ်သော ဝိညာဉ်သည် သဟဇာတ် ဖြစ်သော ရုပ်, နာမ် အပေါင်းကို ကာယဝိညာဉ်က အုပ်စိုး၍ ထိသည်။ ငါ ထိသည် မဟုတ်။

၆။ လှုပ်အပ်သော ဝတ္ထုသည် သဟဇာတ် ဖြစ်သော ရုပ်အပေါင်းကို ကမ္မဇဝါယောက အုပ်စိုး၍ အလှုပ်ခံသည်။ လှုပ်တတ်သော ဝိညာဉ်သည် သဟဇာတ် ဖြစ်သော ရုပ်, နာမ် အပေါင်းကို စိတ္တဇဝါယောက အုပ်စိုး၍ လှုပ်သည်။ ငါ လှုပ်သည်မဟုတ်။

၇။ ဆိုအပ်သော ဝတ္ထုသည် သဟဇာတ် ဖြစ်သော ရုပ်အပေါင်းကို ကမ္မဇပထဝီက အုပ်စိုး၍ အဆိုခံသည်။ ဝါ၊ အသံဖြစ်သည်။ ဆိုတတ်သော ဝိညာဉ်သည် သဟဇာတ် ဖြစ်သော ရုပ်, နာမ် အပေါင်းကို စိတ္တဇပထဝီက အုပ်စိုး၍ ဆိုစေသည်။ ဝါ၊ အသံကို ဖြစ်စေသည်။ ငါ ဆိုသည်မဟုတ်။

၈။ ကြံအပ်သော ဝတ္ထုသည် စိတ်တခုယုတ် ၉၀, စေတသိက် ဒွေပညာသ, ရုပ် အဋ္ဌဝီသ, နိဗ္ဗာန်, ပညတ်

တရား အပေါင်းတို့တွင် သူ့သဘာဝနှင့် သူ သဟဇာတ် တရားတို့ကို အာရုံ ခြောက်ပါးတို့တွင် တပါးပါးက အုပ်စိုး၍ အကြံခံသည်။ ကြံတတ်သော ဝိညာဉ်သည်လည်း မိမိနှင့် အတူ သဟဇာတ် တရားတို့ကို အာရမ္မဏိက ခြောက်ပါးတို့တွင် တပါးပါးက အုပ်စိုး၍ ကြံစေသည်။ ငါ ကြံသည်မဟုတ်။

## ၄။ ပဗ္ဗဝါရ

၁။ ရုပ်ချင်း ခိုက်၍ နာမ်က မြင်ရာ သာယာမှု၊ တဏှာ။ ငါ မြင်မှု၊ ဒိဋ္ဌိ။ သာ, တူ, ယုတ်က၊ မာန။

၂။ ရုပ်ချင်း ခိုက်၍ နာမ်က ကြားရာ သာယာမှု၊ တဏှာ။ ငါ ကြားမှု၊ ဒိဋ္ဌိ။ သာ, တူ, ယုတ်က၊ မာန။

၃။ ရုပ်ချင်း ခိုက်၍ နာမ်က နံရာ သာယာမှု၊ တဏှာ။ ငါ နံမှု၊ ဒိဋ္ဌိ။ သာ, တူ, ယုတ်က၊ မာန။

၄။ ရုပ်ချင်း ခိုက်၍ နာမ်က လျက်ရာ သာယာမှု၊ တဏှာ။ ငါ လျက်မှု၊ ဒိဋ္ဌိ။ သာ, တူ, ယုတ်က၊ မာန။

၅။ ရုပ်ချင်း ခိုက်၍ နာမ်က ထိရာ သာယာမှု၊ တဏှာ။ ငါ ထိမှု၊ ဒိဋ္ဌိ။ သာ, တူ, ယုတ်က၊ မာန။

၆။ နာမ်က ခိုင်း၍ ရုပ်က လှုပ်ရာ သာယာမှု၊ တဏှာ၊ ငါ လှုပ်မှု၊ ဒိဋ္ဌိ။ သာ, တူ, ယုတ်က၊ မာန။

၇။ နာမ်က ခိုင်း၍ ရုပ်က ဆိုရာ သာယာမှု၊ တဏှာ။ ငါ ဆိုမှု၊ ဒိဋ္ဌိ။ သာ, တူ, ယုတ်က၊ မာန။

၈။ ဝတ္ထုရုပ်ကို မှီ၍ နာမ်က ကြံရာ သာယာမှု၊ တ
ဏှာ။ ငါ ကြံမှု၊ ဒိဋ္ဌိ။ သာ, တူ, ရုပ်က၊ မာန။

## ၅။ ပရိညာဝါရ

၁။ ရုပ်ချင်း ခိုက်၍ နာမ်က မြင်ရာ လက္ခဏာစသည်
ကို သိမှု၊ ဉာတပရိညာ။ အနိစ္စဟု ရှုမှု၊ တီရဏပရိညာ။
ဆန္ဒရာဂကို ပယ်မှု၊ ပဟာနပရိညာ။

၂။ ရုပ်ချင်း ခိုက်၍ နာမ်က ကြားရာ လက္ခဏာစသည်
ကို သိမှု၊ ဉာတပရိညာ။ အနိစ္စဟု ရှုမှု၊ တီရဏပရိညာ။
ဆန္ဒရာဂကို ပယ်မှု၊ ပဟာနပရိညာ။

၃။ ရုပ်ချင်း ခိုက်၍ နာမ်က နံရာ လက္ခဏာစသည်ကို
သိမှု၊ ဉာတပရိညာ။ အနိစ္စဟု ရှုမှု၊ တီရဏပရိညာ။ ဆန္ဒ
ရာဂကို ပယ်မှု၊ ပဟာနပရိညာ။

၄။ ရုပ်ချင်း ခိုက်၍ နာမ်က လျက်ရာ လက္ခဏာစသည်
ကို သိမှု၊ ဉာတပရိညာ။ အနိစ္စဟု ရှုမှု၊ တီရဏပရိညာ။
ဆန္ဒရာဂကို ပယ်မှု၊ ပဟာနပရိညာ။

၅။ ရုပ်ချင်း ခိုက်၍ နာမ်က ထိရာ လက္ခဏာစသည်
ကို သိမှု၊ ဉာတပရိညာ။ အနိစ္စဟု ရှုမှု၊ တီရဏပရိညာ။
ဆန္ဒရာဂကို ပယ်မှု၊ ပဟာနပရိညာ။

၆။ နာမ်က ခိုင်း၍ ရုပ်က လှုပ်ရာ လက္ခဏာစသည်ကို
သိမှု၊ ဉာတပရိညာ။ အနိစ္စဟု ရှုမှု၊ တီရဏပရိညာ။ ဆန္ဒ
ရာဂကို ပယ်မှု၊ ပဟာနပရိညာ။

၇။ နာမ်က ခိုင်း၍ ရုပ်က ဆိုရာ လက္ခဏာစသည်ကို သိမူ၊ ဉာတပရိညာ။ အနိစ္စဟု ရှုမူ၊ တီရဏပရိညာ။ ဆန္ဒရာဂကို ပယ်မူ၊ ပဟာနပရိညာ။

၈။ ဝတ္ထုရုပ်ကို မှီ၍ နာမ်က ကြံရာ လက္ခဏာစသည်ကို သိမူ၊ ဉာတပရိညာ။ အနိစ္စဟု ရှုမူ၊ တီရဏပရိညာ။ ဆန္ဒရာဂကို ပယ်မူ၊ ပဟာနပရိညာ။

## ၆။ မလဝါရ

၁။ ရုပ်ချင်း ခိုက်၍ နာမ်က မြင်ရာ ဒွစ်သက်မူ၊ လောဘ။ မဒွစ်သက်မူ၊ ဒေါသ။ မသိမူ၊ မောဟ။

၂။ ရုပ်ချင်း ခိုက်၍ နာမ်က ကြားရာ ဒွစ်သက်မူ၊ လောဘ။ မဒွစ်သက်မူ၊ ဒေါသ။ မသိမူ၊ မောဟ။

၃။ ရုပ်ချင်း ခိုက်၍ နာမ်က နံရာ ဒွစ်သက်မူ၊ လောဘ။ မဒွစ်သက်မူ၊ ဒေါသ။ မသိမူ၊ မောဟ။

၄။ ရုပ်ချင်း ခိုက်၍ နာမ်က လျက်ရာ ဒွစ်သက်မူ၊ လောဘ။ မဒွစ်သက်မူ၊ ဒေါသ။ မသိမူ၊ မောဟ။

၅။ ရုပ်ချင်း ခိုက်၍ နာမ်က ထိရာ ဒွစ်သက်မူ၊ လောဘ။ မဒွစ်သက်မူ၊ ဒေါသ။ မသိမူ၊ မောဟ။

၆။ နာမ်က ခိုင်း၍ ရုပ်က လှုပ်ရာ ဒွစ်သက်မူ၊ လောဘ။ မဒွစ်သက်မူ၊ ဒေါသ။ မသိမူ၊ မောဟ။

၇။ နာမ်က ခိုင်း၍ ရုပ်က ဆိုရာ ဒွစ်သက်မူ၊ လောဘ။ မဒွစ်သက်မူ၊ ဒေါသ။ မသိမူ၊ မောဟ။

၈။ ဝတ္ထုရုပ်ကို မှီ၍ နာမ်က ကြံရာ နှစ်သက်မှု၊ လောဘ။ မနှစ်သက်မှု၊ ဒေါသ။ မသိမှု၊ မောဟ။

## ၇။ လက္ခဏာဝါရ

၁။ ရုပ်ချင်း ခိုက်၍ နာမ်က မြင်ရာ မမြဲသည်ကို သိမှု၊ အနိစ္စကို မြင်၏။ နှိပ်စက်သည်ကို သိမှု၊ ဒုက္ခကို မြင်၏။ အစိုးမရသည်ကို သိမှု၊ အနတ္တကို မြင်၏။

၂။ ရုပ်ချင်း ခိုက်၍ နာမ်က ကြားရာ မမြဲသည်ကို သိမှု၊ အနိစ္စကို မြင်၏။ နှိပ်စက်သည်ကို သိမှု၊ ဒုက္ခကို မြင်၏။ အစိုးမရသည်ကို သိမှု၊ အနတ္တကို မြင်၏။

၃။ ရုပ်ချင်း ခိုက်၍ နာမ်က နံရာ မမြဲသည်ကို သိမှု၊ အနိစ္စကို မြင်၏။ နှိပ်စက်သည်ကို သိမှု၊ ဒုက္ခကို မြင်၏။ အစိုးမရသည်ကို သိမှု၊ အနတ္တကို မြင်၏။

၄။ ရုပ်ချင်း ခိုက်၍ နာမ်က လျက်ရာ မမြဲသည်ကို သိမှု၊ အနိစ္စကို မြင်၏။ နှိပ်စက်သည်ကို သိမှု၊ ဒုက္ခကို မြင်၏။ အစိုးမရသည်ကို သိမှု၊ အနတ္တကို မြင်၏။

၅။ ရုပ်ချင်း ခိုက်၍ နာမ်က ထိရာ မမြဲသည်ကို သိမှု၊ အနိစ္စကို မြင်၏။ နှိပ်စက်သည်ကို သိမှု၊ ဒုက္ခကို မြင်၏။ အစိုးမရသည်ကို သိမှု၊ အနတ္တကို မြင်၏။

၆။ နာမ်က ခိုင်း၍ ရုပ်က လှုပ်ရာ မမြဲသည်ကို သိမှု၊ အနိစ္စကို မြင်၏။ နှိပ်စက်သည်ကို သိမှု၊ ဒုက္ခကို မြင်၏။ အစိုးမရသည်ကို သိမှု၊ အနတ္တကို မြင်၏။

၇။ နာမ်က ခိုင်း၍ ရုပ်က ဆိုရာ မမြဲသည်ကို သိမူ၊ အနိစ္စကို မြင်၏။ နှိပ်စက်သည်ကို သိမူ၊ ဒုက္ခကို မြင်၏။ အစိုးမရသည်ကို သိမူ၊ အနတ္တကို မြင်၏။

၈။ ဝတ္ထုရုပ်ကို မှီ၍ နာမ်က ကြံရာ မမြဲသည်ကို သိမူ၊ အနိစ္စကို မြင်၏။ နှိပ်စက်သည်ကို သိမူ၊ ဒုက္ခကို မြင်၏။ အစိုးမရသည်ကို သိမူ၊ အနတ္တကို မြင်၏။

## ၈။ သစ္စာဝါရ

၁။ ရုပ်ချင်း ခိုက်၍ နာမ်က မြင်ရာ နှိပ်စက်သည်ကို သိမူ၊ ဒုက္ခသစ္စာကို ပိုင်းခြား၍ သိသည် မည်၏။ ဆန္ဒရာဂကို ပယ်မူ၊ သမုဒယသစ္စာကို ပယ်သည် မည်၏။ သမုဒယသစ္စာကို ပယ်၍ အကြောင်းချုပ်သည်ကို သိမူ၊ နိရောဓသစ္စာကို မျက်မှောက်ပြုသည် မည်၏။ သိသော ဉာဏ်သည် မဂ္ဂသစ္စာ မည်၏။

၂။ ရုပ်ချင်း ခိုက်၍ နာမ်က ကြားရာ နှိပ်စက်သည်ကို သိမူ၊ ဒုက္ခသစ္စာကို ပိုင်းခြား၍ သိသည် မည်၏။ ဆန္ဒရာဂကို ပယ်မူ၊ သမုဒယသစ္စာကို ပယ်သည်မည်၏။ သမုဒယသစ္စာကို ပယ်၍ အကြောင်းချုပ်သည်ကို သိမူ၊ နိရောဓသစ္စာကို မျက်မှောက် ပြုသည် မည်၏။ သိသော ဉာဏ်သည် မဂ္ဂသစ္စာ မည်၏။

၃။ ရုပ်ချင်း ခိုက်၍ နာမ်က နံရာ နှိပ်စက်သည်ကို သိမူ၊ ဒုက္ခသစ္စာကို ပိုင်းခြား၍ သိသည် မည်၏။ ဆန္ဒရာဂကို ပယ်မူ၊ သမုဒယသစ္စာကို ပယ်သည် မည်၏။

သမုဒယသစ္စာကို ပယ်၍ အကြောင်းချုပ်သည်ကို သိမူ၊ နိရောဓသစ္စာကို မျက်မှောက်ပြုသည် မည်၏။ သိသော ဉာဏ်သည် မဂ္ဂသစ္စာ မည်၏။

၄။ ရုပ်ချုင်း ခိုက်၍ နာမ်က လျက်ရာ နှိပ်စက်သည်ကို သိမူ၊ ဒုက္ခသစ္စာကို ပိုင်းခြား၍ သိသည် မည်၏။ ဆန္ဒရာဂကို ပယ်မူ၊ သမုဒယသစ္စာကို ပယ်သည် မည်၏။ သမုဒယသစ္စာကို ပယ်၍ အကြောင်းချုပ်သည်ကို သိမူ၊ နိရောဓသစ္စာကို မျက်မှောက်ပြုသည် မည်၏။ သိသော ဉာဏ်သည် မဂ္ဂသစ္စာ မည်၏။

၅။ ရုပ်ချုင်း ခိုက်၍ နာမ်က ထိရာ နှိပ်စက်သည်ကို သိမူ၊ ဒုက္ခသစ္စာကို ပိုင်းခြား၍ သိသည် မည်၏။ ဆန္ဒရာဂကို ပယ်မူ၊ သမုဒယသစ္စာကို ပယ်သည် မည်၏။ သမုဒယသစ္စာကို ပယ်၍ အကြောင်းချုပ်သည်ကို သိမူ၊ နိရောဓသစ္စာကို မျက်မှောက်ပြုသည် မည်၏။ သိသော ဉာဏ်သည် မဂ္ဂသစ္စာ မည်၏။

၆။ နာမ်က ခိုင်း၍ ရုပ်က လှုပ်ရာ နှိပ်စက်သည်ကို သိမူ၊ ဒုက္ခသစ္စာကို ပိုင်းခြား၍ သိသည် မည်၏။ ဆန္ဒရာဂကို ပယ်မူ၊ သမုဒယသစ္စာကို ပယ်သည် မည်၏။ သမုဒယသစ္စာကို ပယ်၍ အကြောင်းချုပ်သည်ကို သိမူ၊ နိရောဓသစ္စာကို မျက်မှောက်ပြုသည် မည်၏။ သိသော ဉာဏ်သည် မဂ္ဂသစ္စာ မည်၏။

၇။ နာမ်က ခိုင်း၍ ရုပ်က ဆိုရာ နှိပ်စက်သည်ကို သိမူ၊ ဒုက္ခသစ္စာကို ပိုင်းခြား၍ သိသည် မည်၏။ ဆန္ဒရာဂကို ပယ်မူ၊ သမုဒယသစ္စာကို ပယ်သည် မည်၏။

သမုဒယသစ္စာကို ပယ်၍ အကြောင်းချုပ်သည်ကို သိမူ၊ နိရောဓသစ္စာကို မျက်မှောက်ပြုသည် မည်၏။ သိသော ဉာဏ်သည် မဂ္ဂသစ္စာ မည်၏။

၈။ ဝတ္ထုရုပ်ကို မှီ၍ နာမ်က ကြံရာ နှိပ်စက်သည်ကို သိမူ၊ ဒုက္ခသစ္စာကို ပိုင်းခြား၍ သိသည် မည်၏။ ဆန္ဒရာဂကို ပယ်မူ၊ သမုဒယသစ္စာကို ပယ်သည် မည်၏။ သမုဒယသစ္စာကို ပယ်၍ အကြောင်းချုပ်သည်ကို သိမူ၊ နိရောဓသစ္စာကို မျက်မှောက်ပြုသည် မည်၏။ သိသော ဉာဏ်သည် မဂ္ဂသစ္စာ မည်၏။

## အာသဝေါရ

၁။ ရုပ်ချင်း ခိုက်၍ နာမ်က မြင်ရာ သာယာမူ၊ ကာမာသဝေါ လှလိုမူ၊ ဘဝါသဝေါ လူစသည် လှသည်ဟု ထင်မူ၊ ဒိဋ္ဌာသဝေါ ကျိုးပါး ဖြစ်သည်ကို မသိမူ၊ အဝိဇ္ဇာသဝေါ

၂။ ရုပ်ချင်း ခိုက်၍ နာမ်က ကြားရာ သာယာမူ၊ ကာမာသဝေါ အသံကောင်းလိုမူ၊ ဘဝါသဝေါ လူသံ စသည်ဟု ထင်မူ၊ ဒိဋ္ဌာသဝေါ ကျိုးပါး ဖြစ်သည်ကို မသိမူ၊ အဝိဇ္ဇာသဝေါ

၃။ ရုပ်ချင်း ခိုက်၍ နာမ်က နံရာ သာယာမူ၊ ကာမာသဝေါ နံလို မွှေးလိုမူ၊ ဘဝါသဝေါ လူနံ့ စသည်ဟု ထင်မူ၊ ဒိဋ္ဌာသဝေါ ကျိုးပါး ဖြစ်သည်ကို မသိမူ၊ အဝိဇ္ဇာသဝေါ

၄။ ရုပ်ချင်း ခိုက်၍ နာမ်က လျက်ရာ သာယာမူ၊ ကာမာသဝေါ ကောင်းလိုမူ၊ ဘဝါသဝေါ ဆားငံ စသည်ဟု

ထင်မူ၊ ဒိဋ္ဌာသဝ။ ဤသုံးပါး ဖြစ်သည်ကို မသိမူ၊ အဝိဇ္ဇာသဝ။

ဤရသာရုံအရာ၌ ရသာရုံသည် ရုသ ရသာရုံ ပရိဘောဂ ရသာရုံ ဟူ၍ ၂ ပါးအပြား ရှိ၏။ ထိုတွင် အချို့, အချဉ် စသည်တို့သည် ရသ ရသာရုံ မည်၏။ အဝတ်, သင်္ကန်း, ပုဆိုး, ထမီ စသည်တို့သည် ပရိဘောဂ ရသာရုံ မည်၏။

၅။ ရုပ်ချင်း ခိုက်၍ နာမ်က ထိရာ သာယာမူ၊ ကာမာသဝ။ ထိလိုမူ၊ ဘဝါသဝ။ လူ၏ အသား အရေ စသည် ထင်မူ၊ ဒိဋ္ဌာသဝ။ ဤသုံးပါး ဖြစ်သည်ကို မသိမူ၊ အဝိဇ္ဇာသဝ။

၆။ နာမ်က ခိုင်း၍ ရုပ်က လှုပ်ရာ သာယာမူ၊ ကာမာသဝ။ လှုပ်လိုမူ၊ ဘဝါသဝ။ လက်လှုပ်သည် စသည်ဟု ထင်မူ၊ ဒိဋ္ဌာသဝ။ ဤသုံးပါး ဖြစ်သည်ကို မသိမူ၊ အဝိဇ္ဇာသဝ။

၇။ နာမ်က ခိုင်း၍ ရုပ်က ဆိုရာ သာယာမူ၊ ကာမာသဝ။ ဆိုလိုမူ၊ ဘဝါသဝ။ ငါဆို, သူဆို စသည်ဟု ထင်မူ၊ ဒိဋ္ဌာသဝ။ ဤသုံးပါး ဖြစ်သည်ကို မသိမူ၊ အဝိဇ္ဇာသဝ။

၈။ ဝတ္ထုရုပ်ကို မှီ၍ ဆဋ္ဌာရုံကို ကြုံရာ သာယာမူ၊ ကာမာသဝ။ ဖြစ်လိုမူ၊ ဘဝါသဝ။ ဆဋ္ဌာရုံ၌ တခုခုကို စွဲမူ၊ ဒိဋ္ဌာသဝ။ ဤသုံးပါး ဖြစ်သည်ကို မသိမူ၊ အဝိဇ္ဇာသဝ။

**မှတ်ချက်။** ဤအာသဝဝါရသည် အလွန် ကျယ်ဝန်း၏။ ဘုံအား ဖြင့် ဘဝဂ်သို့ တိုင်၏။ ဓမ္မအား ဖြင့် အရဟတ္တမဂ် ဝေဒါန်သို့ ဘိုင်၏။

ထို အာသဝေါတရား လေးပါးတို့၏ ကုန်ကြောင်းကား ဘေဒကွယအားဖြင့် ကုန်ခြင်း တပါး။ ခီဏာကာရကွယအားဖြင့် ကုန်ခြင်း တပါး။ မဂ္ဂကွယအားဖြင့် ကုန်ခြင်း တပါး။ ဖလကွယအားဖြင့် ကုန်ခြင်း တပါး။ နိဗ္ဗာနကွယအားဖြင့် ကုန်ခြင်း တပါး။ ဤသို့ ငါးပါး အပြား ရှိ၏။ ထို့တွင်-

အာသဝေါတရားတို့သည် အကြောင်းအားလျော်စွာ ဖြစ်၍ ဘင်သို့ ရောက်လျှင် ချုပ်ရခြင်းသည် ဘေဒကွယ မည်၏။ ဤကား သဘာဝတို့၏ ဓမ္မတာတည်း။

သီလ, သမာဓိ, ဝိပဿနာတို့ကြောင့် ကုန်ရခြင်း သည် ခီဏာကာရကွယ မည်၏။

ပုညဇကမ္မကြောင့် တဘန် ဖြစ်ခြင်း မရှိ၊ ကုန်ခန်းရခြင်းသည် မဂ္ဂကွယ မည်၏။

တဘန် ငြိမ်းသောအားဖြင့် ပုညဇဖလကို ခံစားခြင်းသည် ဖလကွယ မည်၏။

ခန္ဓာ ငါးပါးတို့၏ အဆုံးစွန် ချုပ်ငြိမ်းရခြင်းသည် တဘန် ဖြစ်ခြင်း မရှိရကား နိဗ္ဗာနကွယ မည်၏။

ဤသို့အားဖြင့် အာသဝေါတရားတို့၏ ကုန်ကြောင်းတို့ကို သိရာ၏။ ဤကား အမှာတည်း။

**မှတ်ချက်။** ခယ ငါးပါးတို့၏ အကျယ်ကို လိုမူ၊ ကျေးဇူးရှင် ရွှေသိမ်တော်တောရ ဆရာတော်ဘုရားကြီး ရေးသားတော်မူအပ်သော ဝိဝဋ္ဋပါရဂူကျမ်းမှာ ကြည့်လေ။

## ၃။ ဆဲခုနှစ်ဌာန အဓမ်း, အဇ္ဈက်ကို ပြခြင်း

### ၁။ စက္ခုဌာန ခန္ဓာဘို

မေး။ မြင်မြင်သမျှ ဘာကို မြင်သလဲ။

ဖြေ။ ရူပါရုံကို မြင်ပါသည်။

မေး။ ရူပါရုံကို ဘယ်သဘာဝက မြင်သလဲ။

ဖြေ။ စက္ခုဝိညာဉ်က မြင်ပါသည်။

မေး။ စက္ခုဝိညာဉ်က မြင်သော်၊ ရုပ်နာမ်ပေါင်း မည်မျှ ရှိသလဲ။

ဖြေ။ ရုပ်နာမ်ပေါင်း ၇၀ ရှိပါသည်။

မေး။ ၇၀ ရှိသော ရုပ်နာမ်သည် ဘာဖြစ်သလဲ။

ဖြေ။ * ခန္ဓာ ငါးပါး ဖြစ်ပါသည်။

မေး။ * ခန္ဓာ ငါးပါး ဖြစ်သော်၊ဘယ်အမည် ရှိသလဲ။

ဖြေ။ * ခန္ဓာ ငါးပါးသည် သင်္ခါရအမည် ရှိပါသည်။

မေး။ ထိုသင်္ခါရသည် ဘယ်လို ဖြစ်သလဲ။

ဖြေ။ ဖြစ်ခြင်း, ပျက်ခြင်း, မရှိသောကြောင့်၊ အနိစ္စ ဖြစ်၍ ချုပ်ပါသည်။

မေး။ အနိစ္စ ဖြစ်သော်၊ ဘာပြုသေးသလဲ။

ဖြေ။ ဖြစ်ခြင်း, ပျက်ခြင်းဖြင့်, နှိပ်စက်၍ ဒုက္ခ ဖြစ်ပါသည်။

မေး။ ထိုဒုက္ခကို ဘယ်သူ ခံစားသလဲ။

ဖြေ။ ခံစားတတ်သော အတ္တ မရှိပါ။ အကြောင်းကြောင့် အကျိုး ဖြစ်ရုံမျှသာ ဖြစ်ပါသည်။

## အာယတနဘို

ဖြေ။ * အာယတန လေးပါး ဖြစ်ပါသည်။

မေး။ * အာယတန လေးပါး ဖြစ်သော်၊ ဘယ် အမည် ရှိသလဲ။

ဖြေ။ * အာယတန လေးပါးသည် သင်္ခါရ အမည် ရှိပါသည်။

## ဓါတ်ဘို

ဖြေ။ * ဓါတ် လေးပါး ဖြစ်ပါသည်။

မေး။ * ဓါတ် လေးပါး ဖြစ်သော်၊ ဘယ်အမည် ရှိသလဲ။

ဖြေ။ * ဓါတ် လေးပါးသည် သင်္ခါရ အမည် ရှိပါသည်။

## ပဋိစ္စသမုပ္ပါဒ်ဘို

ဖြေ။ * ပဋိစ္စသမုပ္ပါဒ် အင်္ဂါ ကိုးပါး ဖြစ်ပါသည်။

မေး။ * ပဋိစ္စသမုပ္ပါဒ် အင်္ဂါ ကိုးပါးသည် ဘယ် အမည် ရှိသလဲ။

ဖြေ။ * ပဋိစ္စသမုပ္ပါဒ် အင်္ဂါ ကိုးပါးသည် သင်္ခါရ အမည် ရှိပါသည်။

## ၁။ စက္ခုဋ္ဌာန အာယတနဘို

မေး။ မြင်မြင်သမျှ ဘာကို မြင်သလဲ။

ဖြေ။ ရူပါရုံကို မြင်ပါသည်။

မေး။ ရူပါရုံကို ဘယ်သဘာဝက မြင်သလဲ။
ဖြေ။ စက္ခုဝိညာဉ်က မြင်ပါ၏သည်။
မေး။ စက္ခုဝိညာဉ်က မြင်သော်၊ ရုပ်နာမ်ပေါင်း မည်မျှ ရှိသလဲ။
ဖြေ။ ရုပ်နာမ်ပေါင်း ၇၀ ရှိပါသည်။
မေး။ ၇၀ ရှိသော ရုပ်နာမ်သည် ဘာဖြစ်သလဲ။
ဖြေ။ * အာယတန လေးပါး ဖြစ်ပါသည်။
မေး။ * အာယတန လေးပါး ဖြစ်သော်၊ ဘယ် အမည် ရှိသလဲ။
ဖြေ။ * အာယတန လေးပါးသည် သန္ဓိရ အမည် ရှိပါသည်။
မေး။ ထိုသန္ဓိရသည် ဘယ်လို ဖြစ်သလဲ။
ဖြေ။ ဖြစ်ခြင်း, ပျက်ခြင်း, မမြဲသောကြောင့်၊ အနိစ္စ ဖြစ်၍ ချုပ်ပါသည်။
မေး။ အနိစ္စ ဖြစ်သော်၊ ဘာပြုသေးသလဲ။
ဖြေ။ ဖြစ်ခြင်း, ပျက်ခြင်းဖြင့် နှိပ်စက်၍ ဒုက္ခ ဖြစ်ပါသည်။
မေး။ ထိုဒုက္ခကို ဘယ်သူ ခံစားသလဲ။
ဖြေ။ ခံစားတတ်သော အတ္တ မရှိပါ။ အကြောင်းကြောင့် အကျိုး ဖြစ်ရုံမျှသာ ဖြစ်ပါသည်။

**ညွှန်ကြားချက်။** ဖြေ * အာယတန လေးပါး ဖြစ်ပါသည်ဟု ပြထားသည်ကား ခန္ဓာနေရာတွင် အာယတနကို လဲလှယ်ထည့်ရန် ခရေးပွင့် သုံးပွင့်နှင့် ညွှန်ပြထားခြင်း ဖြစ်သည်။ ဆဲ့ခုနစ်ဌာနလုံး ဤနည်းအတိုင်း အပြည့်အစုံ ဖေါ်လေ။

## ၁။ စက္ခုဋ္ဌာန ဓါတ်ဘို့

မေး။ မြင်မြင်သမျှ ဘာကို မြင်သလဲ။

ဖြေ။ ရူပါရုံကို မြင်ပါသည်။

မေး။ ရူပါရုံကို ဘယ်သဘာဝက မြင်သလဲ။

ဖြေ။ စက္ခုဝိညာဉ်က မြင်ပါသည်။

မေး။ စက္ခုဝိညာဉ်က မြင်သော်၊ ရုပ်နာမ်ပေါင်း မည်မျှ ရှိသလဲ။

ဖြေ။ ရုပ်နာမ်ပေါင်း ၇၀ ရှိပါသည်။

မေး။ ၇၀ ရှိသော ရုပ်နာမ်သည် ဘာဖြစ်သလဲ။

ဖြေ။ * ဓါတ် လေးပါး ဖြစ်ပါသည်။

မေး။ * ဓါတ် လေးပါး ဖြစ်သော်၊ ဘယ်အမည် ရှိသလဲ။

ဖြေ။ * ဓါတ် လေးပါးသည် သဒ်္ဓါရုအမည် ရှိပါသည်။

မေး။ ထိုသဒ်္ဓါရုသည် ဘယ်လို ဖြစ်သလဲ။

ဖြေ။ ဖြစ်ခြင်း, ပျက်ခြင်း, မမြဲသောကြောင့်၊ အနိစ္စ ဖြစ်၍ ချုပ်ပါသည်။

မေး။ အနိစ္စ ဖြစ်သော်၊ ဘာပြုသေးသလဲ။

ဖြေ။ ဖြစ်ခြင်း,ပျက်ခြင်း,နှိပ်စက်၍ ဒုက္ခ ဖြစ်ပါသည်။

မေး။ ထိုဒုက္ခကို ဘယ်သူ ခံစားသလဲ။

ဖြေ။ ခံစားတတ်ဘော အတ္တ မရှိပါ။ အကြောင်း ကြောင့် အကျိုးဖြစ်ရုံမျှသာ ဖြစ်ပါသည်။

ညွှန်ကြားချက်။ ဖြေ * ဓါတ် လေးပါး ဖြစ်ပါသည်ဟု ပြထားသည်ကား ခန္ဓာ နေရာတွင် ဓါတ်ကို လဲလှယ်ထည့်ရန် ခရားပွင့် သုံးပွင့်နှင့် ညွှန်ပြထားခြင်း ဖြစ်သည်။ ဆဲ့ခုနစ်ဌာနလုံး ဤနည်းအတိုင်း အပြည့်အစုံ ဖေါ်လေ။

## ၁။ စကွေးဌာန ပဋိစ္စသမုပ္ပါဒ်ကို.

မေး။ မြင်မြင်သမျှ ဘာကို မြင်သလဲ။

ဖြေ။ ရူပါရုံကို မြင်ပါသည်။

မေး။ ရူပါရုံကို ဘယ်သဘာဝက မြင်သလဲ။

ဖြေ။ စက္ခုဝိညာဉ်က မြင်ပါသည်။

မေး။ စက္ခုဝိညာဉ်က မြင်သော်၊ ရုပ်နာမ်ပေါင်း မည်မျှ ရှိသလဲ။

ဖြေ။ ရုပ်နာမ်ပေါင်း ၇၀ ရှိပါသည်။

မေး။ ၇၀ ရှိသော ရုပ်နာမ်သည် ဘာဖြစ်သလဲ။

ဖြေ။ * ပဋိစ္စသမုပ္ပါဒ် အင်္ဂါ ကိုးပါး ဖြစ်ပါသည်။

မေး။* ပဋိစ္စသမုပ္ပါဒ် အင်္ဂါ ကိုးပါး ဖြစ်သော်၊ ဘယ်အမည် ရှိသလဲ။

ဖြေ။ * ပဋိစ္စသမုပ္ပါဒ် အင်္ဂါ ကိုးပါးသည် သင်္ခါရ အမည် ရှိပါသည်။

မေး။ ထိုသင်္ခါရသည် ဘယ်လို ဖြစ်သလဲ။

ဖြေ။ ဖြစ်ခြင်း, ပျက်ခြင်း မရှိသောကြောင့်၊ အနိစ္စ ဖြစ်၍ ချုပ်ပါသည်။

မေး။ အနိစ္စ ဖြစ်သော်၊ ဘာပြုသေးသလဲ။

ဖြေ။ ဖြစ်ခြင်း,ပျက်ခြင်းဖြင့် နှိပ်စက်၍ ဒုက္ခ ဖြစ်ပါသည်။

မေး။ ထိုဒုက္ခကို ဘယ်သူ ခံစားသလဲ။

ဖြေ။ ခံစားတတ်သော အတ္တ မရှိပါ။ အကြောင်းကြောင့် အကျိုး ဖြစ်ရုံမျှသာ ဖြစ်ပါသည်။

**ညွှန်ကြားချက်။** ဖြေ * ပဋိစ္စသမုပ္ပါဒ် အင်္ဂါ ကိုးပါး ဖြစ်ပါသည်ဟု ပြထားသည်ကား ခန္ဓာ နေရာတွင် ပဋိစ္စသမုပ္ပါဒ်ကို လဲ

လှယ်ထည့်ရန် ခရားပွင့် သုံးပွင့်နှင့် ညွှန်ပြထားခြင်း ဖြစ်သည်။ ဆဲ့ခုနစ်ဌာနလုံး ဤနည်းအတိုင်း အပြည့်အစုံ ဖေါ်လေ။

## ၂။ သောတဌာန ခန္ဓာဘို

မေး။ ကြားကြားသမျှ ဘာကို ကြားသလဲ။
ဖြေ။ သဒ္ဒါရုံကို ကြားပါသည်။
မေး။ သဒ္ဒါရုံကို ဘယ်သဘာဝက ကြားသလဲ။
ဖြေ။ သောတဝိညာဉ်က ကြားပါသည်။
မေး။ သောတဝိညာဉ်က ကြားသော်၊ ရုပ်နာမ်ပေါင်း မည်မျှ ရှိသလဲ။
ဖြေ။ ရုပ်နာမ်ပေါင်း ၇၁ ပါး ရှိပါသည်။
မေး။ ၇၁ ပါး ရှိသော ရုပ်နာမ်သည် ဘာဖြစ်သလဲ
ဖြေ။* ခန္ဓာ ငါးပါး ဖြစ်ပါသည်။
မေး။* ခန္ဓာငါးပါး ဖြစ်သော်၊ ဘယ်အမည် ရှိသလဲ။
ဖြေ။* ခန္ဓာငါးပါးသည် သင်္ခါရ အမည် ရှိပါသည်။
မေး။ ထိုသင်္ခါရသည် ဘယ်လို ဖြစ်သလဲ။
ဖြေ။ ဖြစ်ခြင်း, ပျက်ခြင်း, မမြဲသောကြောင့်၊ အနိစ္စ ဖြစ်၍ ချုပ်ပါသည်။
မေး။ အနိစ္စ ဖြစ်သော်၊ ဘာပြုသေးသလဲ။
ဖြေ။ ဖြစ်ခြင်း, ပျက်ခြင်းဖြင့် နှိပ်စက်၍ ဒုက္ခ ဖြစ်ပါသည်။
မေး။ ထိုဒုက္ခကို ဘယ်သူ ခံစားသလဲ။
ဖြေ။ ခံစားတတ်သော အတ္တ မရှိပါ။ အကြောင်းကြောင့် အကျိုး ဖြစ်ရုံမျှသာ ဖြစ်ပါသည်။

**အာယတနဘို့**

ဖြေ။ * အာယတန လေးပါး ဖြစ်ပါသည်။

**ဓါတ်ဘို့**

ဖြေ။ * ဓါတ် လေးပါး ဖြစ်ပါသည်။

**ပဋိစ္စသမုပ္ပါဒ်ဘို့**

ဖြေ။ * ပဋိစ္စသမုပ္ပါဒ် အင်္ဂါ ကိုးပါး ဖြစ်ပါသည်။

**၃။ ဃာနဌာန ခန္ဓာဘို့**

မေး။ နံနံသမ္မ ဘာကို နံသလဲ။

ဖြေ။ ဂန္ဓာရုံကို နံပါသည်။

မေး။ ဂန္ဓာရုံကို ဘယ်သဘာဝက နံသလဲ။

ဖြေ။ ဃာနဝိညာဉ်က နံပါသည်။

မေး။ ဃာနဝိညာဉ်က နံသော်၊ ရုပ်နာမ်ပေါင်း မည်မျှ ရှိသလဲ။

ဖြေ။ ရုပ်နာမ်ပေါင်း ၇၀ ရှိပါသည်။

မေး။ ၇၀ ရှိသော ရုပ်နာမ်သည် ဘာဖြစ်သလဲ။

ဖြေ။ * ခန္ဓာ ငါးပါး ဖြစ်ပါသည်။

မေး။* ခန္ဓာငါးပါး ဖြစ်သော်၊ ဘယ်အမည် ရှိသလဲ။

ဖြေ။* ခန္ဓာငါးပါးသည် သင်္ခါရ အမည် ရှိပါသည်။

မေး။ ထိုသင်္ခါရသည် ဘယ်လို ဖြစ်သလဲ။

ဖြေ။ ဖြစ်ခြင်း, ပျက်ခြင်း, မမြဲသောကြောင့်၊ အနိစ္စ ဖြစ်၍ ချုပ်ပါသည်။

မေး။ အနိစ္စ ဖြစ်သော်၊ ဘာပြုသေးသလဲ။
ဖြေ။ ဖြစ်ခြင်း, ပျက်ခြင်း, နှိပ်စက်၍ ဒုက္ခ ဖြစ်ပါသည်။
မေး။ ထိုဒုက္ခကို ဘယ်သူ ခံစားသလဲ။
ဖြေ။ ခံစားတတ်သော အတ္တ မရှိပါ။ အကြောင်း ကြောင့် အကျိုး ဖြစ်ရုံမျှသာ ဖြစ်ပါသည်။

## အာယတနဘို့

ဖြေ။ * အာယတန လေးပါး ဖြစ်ပါသည်။

## ဓါတ်ဘို့

ဖြေ။ * ဓါတ် လေးပါး ဖြစ်ပါသည်။

## ပဋိစ္စသမုပ္ပါဒ်ဘို့

ဖြေ။ * ပဋိစ္စသမုပ္ပါဒ် အင်္ဂါ ကိုးပါး ဖြစ်ပါသည်။

## ၄။ ဇာဂါဠာန ခန္ဓာဘို့

မေး။ လျက်လျက်သမျှ ဘာကို လျက်သလဲ။
ဖြေ။ ရသာရုံကို လျက်ပါသည်။
မေး။ ရသာရုံကို ဘယ်သဘာဝက လျက်သလဲ။
ဖြေ။ ဇိဝှါဝိညာဉ်က လျက်ပါသည်။
မေး။ ဇိဝှါဝိညာဉ်က လျက်သော်၊ ရုပ်နာမ်ပေါင်း မည်မျှ ရှိသလဲ။
ဖြေ။ ရုပ်နာမ်ပေါင်း ၇၀ ရှိပါသည်။

မေး။ ၇၀ ရှိသော ရုပ်နာမ်သည် ဘာဖြစ်သလဲ။

ဖြေ။ * ခန္ဓာ ငါးပါး ဖြစ်ပါသည်။

မေး။ * ခန္ဓာငါးပါးဖြစ်သော်၊ ဘယ်အမည် ရှိသလဲ။

ဖြေ။ * ခန္ဓာငါးပါးသည် သင်္ခါရ အမည်ရှိပါသည်။

မေး။ ထိုသင်္ခါရသည် ဘယ်လို ဖြစ်သလဲ။

ဖြေ။ ဖြစ်ခြင်း, ပျက်ခြင်း, မမြဲသောကြောင့်၊ အနိစ္စ ဖြစ်၍ ချုပ်ပါသည်။

မေး။ အနိစ္စ ဖြစ်သော်၊ ဘာပြုသေးသလဲ။

ဖြေ။ ဖြစ်ခြင်း, ပျက်ခြင်းဖြင့်, နှိပ်စက်၍ ဒုက္ခ ဖြစ်ပါသည်။

မေး။ ထိုဒုက္ခကို ဘယ်သူ ခံစားသလဲ။

ဖြေ။ ခံစားတတ်သော အတ္တ မရှိပါ။ အကြောင်းကြောင့် အကျိုး ဖြစ်ရုံမျှသာ ဖြစ်ပါသည်။

## အာယတနဘို

ဖြေ။ * အာယတန လေးပါး ဖြစ်ပါသည်။

## ဓါတ်ဘို

ဖြေ။ * ဓါတ် လေးပါး ဖြစ်ပါသည်။

## ပဋိစ္စသမုပ္ပါဒ်ဘို

ဖြေ။ * ပဋိစ္စသမုပ္ပါဒ် အင်္ဂါ ကိုးပါး ဖြစ်ပါသည်။

## ၅။ ကာယဂ္ဂာန ခန္ဓာဘို

မေး။ ထိထိသမျှ ဘာကို ထိသလဲ။

ဖြေ။ ဖေါဋ္ဌဗ္ဗာရုံကို ထိပါသည်။

မေး။ ဖေါဋ္ဌဗ္ဗာရုံကို ဘယ်သဘာဝက ထိသလဲ။

ဖြေ။ ကာယဝိညာဉ်က ထိပါသည်။

မေး။ ကာယဝိညာဉ်က ထိသော်၊ ရုပ်နာမ်ပေါင်း မည်မျှ ရှိသလဲ။

ဖြေ။ ရုပ်နာမ်ပေါင်း ၆၀ ရှိပါသည်။

မေး။ ၆၀ ရှိသော ရုပ် နာမ်သည် ဘာဖြစ်သလဲ။

ဖြေ။ * ခန္ဓာ ငါးပါး ဖြစ်ပါသည်။

မေး။ * ခန္ဓာငါးပါး ဖြစ်သော်၊ ဘယ်အမည် ရှိသလဲ။

ဖြေ။ * ခန္ဓာငါးပါးသည် သင်္ခါရအမည် ရှိပါသည်၊

မေး။ ထိုသင်္ခါရသည် ဘယ်လို ဖြစ်သလဲ။

ဖြေ။ ဖြစ်ခြင်း, ပျက်ခြင်း, မမြဲသောကြောင့်၊ အနိစ္စ ဖြစ်၍ ချုပ်ပါသည်။

မေး။ အနိစ္စ ဖြစ်သော်၊ ဘာပြုသေးသလဲ။

ဖြေ။ ဖြစ်ခြင်း, ပျက်ခြင်းဖြင့် နှိပ်စက်၍ ဒုက္ခ ဖြစ်ပါသည်။

မေး။ ထိုဒုက္ခကို ဘယ်သူ ခံစားသလဲ။

ဖြေ။ ခံစားတတ်သော အတ္တ မရှိပါ၊ အကြောင်းကြောင့် အကျိုး ဖြစ်ရုံမျှသာ ဖြစ်ပါသည်။

## အာယတနဘို

ဖြေ။ * အာယတန ၁၂ လေးပါး ဖြစ်ပါသည်။

## ဓါတ်ဘို

ဖြေ။ * ဓါတ် လေးပါး ဖြစ်ပါသည်။

## ပဋိစ္စသမုပ္ပါဒ်ဘို

ဖြေ။ * ပဋိစ္စသမုပ္ပါဒ် အင်္ဂါ ကိုးပါး ဖြစ်ပါသည်။

## ၆။ လောဘကာယဝိညတ္တိဌာန ခန္ဓာဘို

မေး။ လိုချင်, တပ်မက်, လွန်ဒုစ်သက်၍ လှုပ်လှုပ်သမျှ ဘာက လှုပ်သလဲ။

ဖြေ။ နာမ်က ခိုင်း၍ ရုပ်က လှုပ်ပါသည်။

မေး။ ရုပ်ကလှုပ်သော်၊ ဘယ်သဘာဝက လှုပ်စေသလဲ။

ဖြေ။ စိတ္တဇဝါယောကြောင့်၊ ကမ္မဇဝါယောတို့ လှုပ်ပါသည်။

မေး။ စိတ္တဇဝါယောကြောင့်၊ ကမ္မဇဝါယောတို့ လှုပ်သော်၊ ရုပ်နာမ်ပေါင်း မည်မျှ ရှိသလဲ။

ဖြေ။ ရုပ်နာမ် ၁၂၇ ပါး ရှိပါသည်။

မေး။ ၁၂၇ ပါး ရှိသော ရုပ်နာမ်သည် ဘာဖြစ်သလဲ။

ဖြေ။ * ခန္ဓာ ငါးပါး ဖြစ်ပါသည်။

မေး။ * ခန္ဓာ ငါးပါး ဖြစ်သော်၊ ဘယ်အမည်ရှိသလဲ။

ဖြေ။ * ခန္ဓာ ငါးပါးသည် သစ်္စာရ အမည် ရှိပါသည်။

မေး။ ထိုသစ်္စာရသည် ဘယ်လို ဖြစ်သလဲ။

ဖြေ။ ဖြစ်ခြင်း, ပျက်ခြင်း, မမြဲသောကြောင့်၊ အနိစ္စ ဖြစ်၍ ခဏပါသည်။

မေး။ အနိစ္စ ဖြစ်သော်၊ ဘာပြုသေးသလဲ။
ဖြေ။ ဖြစ်ခြင်း, ပျက်ခြင်းဖြင့်, နှိပ်စက်၍ ဒုက္ခ ဖြစ်ပါသည်။
မေး။ ထိုဒုက္ခကို ဘယ်သူ ခံစားသလဲ။
ဖြေ။ ခံစားတတ်သော အတ္တ မရှိပါ။ အကြောင်းကြောင့် အကျိုး ဖြစ်ရုံမျှသာ ဖြစ်ပါသည်။

## အာယတနဘို

ဖြေ။ * အာယတန လေးပါး ဖြစ်ပါသည်။

## ဓါတ်ဘို

ဖြေ။ * ဓါတ် လေးပါး ဖြစ်ပါသည်။

## ပဋိစ္စသမုပ္ပါဒ်ဘို

ဖြေ။ * ပဋိစ္စသမုပ္ပါဒ် အင်္ဂါ ဆဲ့နှစ်ပါး ဖြစ်ပါသည်။

## ၇။ ဒေါသကာယဝိညတ္တိဌာန ခန္ဓာဘို

မေး။ စိတ်ဆိုး, မျက်ထောက်, မနှစ်သက်၍ လှုပ်လှုပ်သမျှ ဘာက လှုပ်သလဲ။
ဖြေ။ နာမ်က ခိုင်း၍ ရုပ်က လှုပ်ပါသည်။
မေး။ ရုပ်ကလှုပ်သော်၊ဘယ်သဘာဝက လှုပ်စေသလဲ။
ဖြေ။ စိတ္တဇဝါယောကြောင့်၊ ကမ္မဇဝါယောတို့ လှုပ်ပါသည်။

မေး။ စိတ္တဇဝါယောကြောင့်၊ ကမ္မဇဝါယောတို့ လျှပ်သော်၊ ရုပ်နာမ်ပေါင်း မည်မျှ ရှိသလဲ။

ဖြေ။ ရုပ်နာမ်ပေါင်း ၁၂၀ ပါး ရှိပါသည်။

မေး။ ၁၂၀ ပါး ရှိသော ရုပ်နာမ်သည် ဘာဖြစ်သလဲ။

ဖြေ။ * ခန္ဓာ ငါးပါး ဖြစ်ပါသည်။

မေး။* ခန္ဓာ ငါးပါး ဖြစ်သော်၊ ဘယ်အမည် ရှိသလဲ။

ဖြေ။ * ခန္ဓာ ငါးပါးသည် သင်္ခါရ အမည် ရှိပါသည်။

မေး။ ထိုသင်္ခါရသည် ဘယ်လို ဖြစ်သလဲ။

ဖြေ။ ဖြစ်ခြင်း, ပျက်ခြင်း, မမြဲသောကြောင့်၊ အနိစ္စ ဖြစ်၍ ချုပ်ပါသည်။

မေး။ အနိစ္စ ဖြစ်သော်၊ ဘာပြုသေးသလဲ။

ဖြေ။ ဖြစ်ခြင်း, ပျက်ခြင်းဖြင့် နှိပ်စက်၍ ဒုက္ခ ဖြစ်ပါသည်။

မေး။ ထိုဒုက္ခကို ဘယ်သူ ခံစားသလဲ။

ဖြေ။ ခံစားတတ်သော အတ္တ မရှိပါ။ အကြောင်းကြောင့် အကျိုး ဖြစ်ရုံမျှသာ ဖြစ်ပါသည်။

## အာယတနဘို

ဖြေ။ * အာယတန လေးပါး ဖြစ်ပါသည်။

## ဓါတ်ဘို

ဖြေ။ * ဓါတ် လေးပါး ဖြစ်ပါသည်။

## ပဋိစ္စသမုပ္ပါဒ်ဘို

ဖြေ။ * ပဋိစ္စသမုပ္ပါဒ် အင်္ဂါ ဆဲ့နှစ်ပါး ဖြစ်ပါသည်။

## ၈။ မောဟကာယဝိညတ္တိဌာန ခန္ဓာဘို

မေး။ မသိဘဲနှင့် လှုပ်ရှားသမျှ ဘာက လှုပ်ရှားသလဲ။

ဖြေ။ နာမ်က ခိုင်း၍ ရုပ်က လှုပ်ရှားပါသည်။

မေး။ ရုပ်ကလှုပ်သော်၊ ဘယ်သဘာဝက လှုပ်စေသလဲ။

ဖြေ။ စိတ္တဇဝါယောကြောင့်၊ ကမ္မဇဝါယောတို့ လှုပ်ပါသည်။

မေး။ စိတ္တဇဝါယောကြောင့်၊ ကမ္မဇဝါယောတို့ လှုပ်သော်၊ ရုပ်နာမ်ပေါင်း မည်မျှ ရှိသလဲ။

ဖြေ။ ရုပ်နာမ်ပေါင်း ၁၂၃ ပါး ရှိပါသည်။

မေး။ ၁၂၃ ပါး ရှိသော ရုပ်နာမ်သည် ဘာဖြစ်သလဲ။

ဖြေ။ * ခန္ဓာ ငါးပါး ဖြစ်ပါသည်။

မေး။* ခန္ဓာ ငါးပါး ဖြစ်သော်၊ ဘယ်အမည် ရှိသလဲ။

ဖြေ။ * ခန္ဓာ ငါးပါးသည် သင်္ခါရ အမည် ရှိပါသည်။

မေး။ ထိုသင်္ခါရသည် ဘယ်လို ဖြစ်သလဲ။

ဖြေ။ ဖြစ်ခြင်း, ပျက်ခြင်း, မမြဲသောကြောင့်၊ အနိစ္စ ဖြစ်၍ ချုပ်ပါသည်။

မေး။ အနိစ္စ ဖြစ်သော်၊ ဘာပြုသေးသလဲ။

ဖြေ။ ဖြစ်ခြင်း, ပျက်ခြင်းဖြင့် နှိပ်စက်၍ ဒုက္ခ ဖြစ်ပါသည်။

မေး။ ထိုဒုက္ခကို ဘယ်သူ ခံစားသလဲ။

ဖြေ။ ခံစားတတ်သော အတ္တ မရှိပါ။ အကြောင်းကြောင့် အကျိုး ဖြစ်ရုံမျှသာ ဖြစ်ပါသည်။

**အာယတနဘို့**

ဖြေ။ * အာယတန လေးပါး ဖြစ်ပါသည်။

**ဓါတ်ဘို့**

ဖြေ။ * ဓါတ် လေးပါး ဖြစ်ပါသည်။

**ပဋိစ္စသမုပ္ပါဒ်ဘို့**

ဖြေ။ * ပဋိစ္စသမုပ္ပါဒ် အင်္ဂါ ဆဲ့တပါး ဖြစ်ပါသည်။

**၉။ ကုသိုလ်ကာယဝိညတ္တိဌာန ဓနဉာဘို့**

မေး။ ကောင်းမှုကုသိုလ်အတွက် လှုပ်လှုပ်သမျှ ဘာက လှုပ်သလဲ။

ဖြေ။ နာမ်က ခိုင်း၍ ရုပ်က လှုပ်ပါသည်။

မေး။ ရုပ်က လှုပ်သော်၊ ဘယ် သဘာဝက လှုပ်စေသလဲ။

ဖြေ။ စိတ္တဇဝါယောကြောင့်၊ ကမ္မဇဝါယောတို့ လှုပ်ပါသည်။

မေး။ စိတ္တဇဝါယောကြောင့်၊ ကမ္မဇဝါယောတို့ လှုပ်သော်၊ ရုပ်နာမ်ပေါင်း မည်မျှ ရှိသလဲ။

ဖြေ။ ရုပ်နာမ်ပေါင်း ၁၄၆ ပါး ရှိပါသည်။

မေး။ ၁၄၆ ပါး ရှိသော ရုပ်နာမ်သည် ဘာဖြစ်သလဲ။

ဖြေ။ * ဓနဉာ ငါးပါး ဖြစ်ပါသည်။

မေး။ * ခန္ဓာ ငါးပါး ဖြစ်သော်၊ ဘယ် အမည် ရှိသလဲ။

ဖြေ။ * ခန္ဓာ ငါးပါးသည် သင်္ခါရ အမည် ရှိပါသည်။

မေး။ ထိုသင်္ခါရသည် ဘယ်လို ဖြစ်သလဲ။

ဖြေ။ ဖြစ်ခြင်း, ပျက်ခြင်း, မမြဲသောကြောင့်၊ အနိစ္စ ဖြစ်၍ ချုပ်ပါသည်။

မေး။ အနိစ္စ ဖြစ်သော်၊ ဘာပြုသေးသလဲ။

ဖြေ။ ဖြစ်ခြင်း, ပျက်ခြင်းဖြင့် နှိပ်စက်၍ ဒုက္ခ ဖြစ်ပါသည်။

မေး။ ထိုဒုက္ခကို ဘယ်သူ ခံစားသလဲ။

ဖြေ။ ခံစားတတ်သော အတ္တ မရှိပါ။ အကြောင်းကြောင့် အကျိုး ဖြစ်ရုံမျှသာ ဖြစ်ပါသည်။

## အာယတနဘို့

ဖြေ။ * အာယတန လေးပါး ဖြစ်ပါသည်။

## ဓါတ်ဘို့

ဖြေ။ * ဓါတ် လေးပါး ဖြစ်ပါသည်။

## ပဋိစ္စသမုပ္ပါဒ်ဘို့

ဖြေ။ * ပဋိစ္စသမုပ္ပါဒ် အင်္ဂါ ဆယ့်နှစ်ပါး ဖြစ်ပါသည်။

## ၁၀။ လောဘဝစီဝိညတ္တိဌာန ခန္ဓာဘို့

မေး။ လိုချင် တပ်မက်, လွန်ဒ္ဒစ်သက်၍ ပြောဆိုသမျှ ဘာက ပြောဆိုသလဲ။

ဖြေ။ နာမ်က ခိုင်း၍ ရုပ်က ပြောဆိုပါသည်။

မေး။ ရုပ်က ပြောဆိုသော်၊ ဘယ်သဘာဝက ပြောဆိုစေသလဲ။

ဖြေ။ စိတ္တဇပထဝီကြောင့်၊ ကမ္မဇပထဝီတို့ ပြောဆိုပါသည်။

မေး။ စိတ္တဇပထဝီကြောင့်၊ ကမ္မဇပထဝီတို့ ပြောဆိုသော်၊ ရုပ်နာမ်ပေါင်း မည်မျှ ရှိသလဲ။

ဖြေ။ ရုပ်နာမ်ပေါင်း ၁၂၀ ပါး ရှိပါသည်။

မေး။ ၁၂၀ ပါး ရှိသော ရုပ်နာမ်သည် ဘာဖြစ်သလဲ။

ဖြေ။ * ခန္ဓာ ငါးပါး ဖြစ်ပါသည်။

မေး။* ခန္ဓာ ငါးပါး ဖြစ်သော်၊ ဘယ်အမည် ရှိသလဲ။

ဖြေ။ * ခန္ဓာ ငါးပါးသည် သင်္ခါရ အမည် ရှိပါသည်။

မေး။ ထိုသင်္ခါရသည် ဘယ်လို ဖြစ်သလဲ။

ဖြေ။ ဖြစ်ခြင်း, ပျက်ခြင်း, မမြဲသောကြောင့်၊ အနိစ္စ ဖြစ်၍ ချုပ်ပါသည်။

မေး။ အနိစ္စ ဖြစ်သော်၊ ဘာပြုသေးသလဲ။

ဖြေ။ ဖြစ်ခြင်း, ပျက်ခြင်းဖြင့် နှိပ်စက်၍ ဒုက္ခ ဖြစ်ပါသည်။

မေး။ ထိုဒုက္ခကို ဘယ်သူ ခံစားသလဲ။

ဖြေ။ ခံစားတတ်သော အတ္တ မရှိပါ။ အကြောင်းကြောင့် အကျိုး ဖြစ်ရုံမျှသာ ဖြစ်ပါသည်

**အာယတနဘို့**

ဖြေ။ * အာယတန လေးပါး ဖြစ်ပါသည်။

**ဓါတ်ဘို့**

ဖြေ။ * ဓါတ် လေးပါး ဖြစ်ပါသည်။

**ပဋိစ္စသမုပ္ပါဒ်ဘို့**

ဖြေ။ * ပဋိစ္စသမုပ္ပါဒ် အင်္ဂါ ဆဲ့ခုစ်ပါး ဖြစ်ပါသည်။

**၁၁။ ဒေါသဝစီဝိညတ္တိဌာန ခန္ဓာဘို့**

မေး။ စိတ်ဆိုး, မျက်ထွက်, မနှစ်သက်၍ ပြောဆိုသမျှ ဘာက ပြောဆိုသလဲ။

ဖြေ။ နာမ်က ခိုင်း၍ ရုပ်က ပြောဆိုပါသည်။

မေး။ ရုပ်က ပြောဆိုသော်၊ ဘယ်သဘာဝက ပြောဆိုစေသလဲ။

ဖြေ။ စိတ္တဇပထဝီကြောင့်၊ ကမ္မဇပထဝီတို့ ပြောဆိုပါသည်။

မေး။ စိတ္တဇပထဝီကြောင့်၊ ကမ္မဇပထဝီတို့ ပြောဆိုသော်၊ ရုပ်နာမ်ပေါင်း မည်မျှ ရှိသလဲ။

ဖြေ။ ရုပ်နာမ်ပေါင်း ၁၂၉ ပါး ရှိပါသည်။

မေး။ ၁၂၉ ပါး ရှိသော ရုပ်နာမ်သည် ဘာ ဖြစ်သလဲ။

ဖြေ။ * ခန္ဓာ ငါးပါး ဖြစ်ပါသည်။

မေး။ * ခန္ဓာ ငါးပါး ဖြစ်သော်၊ ဘယ် အမည် ရှိသလဲ။

ဖြေ။ * ခန္ဓာ ငါးပါးသည် သင်္ခါရ အမည် ရှိပါသည်။

မေး။ ထိုသင်္ခါရသည် ဘယ်လို ဖြစ်သလဲ။

ဖြေ။ ဖြစ်ခြင်း, ပျက်ခြင်း, မမြဲသောကြောင့်၊ အနိစ္စ ဖြစ်၍ ချုပ်ပါသည်။

မေး။ အနိစ္စ ဖြစ်သော်၊ ဘာပြုသေးသလဲ။

ဖြေ။ ဖြစ်ခြင်း, ပျက်ခြင်းဖြင့် နှိပ်စက်၍ ဒုက္ခ ဖြစ်ပါသည်။

မေး။ ထိုဒုက္ခကို ဘယ်သူ ခံစားသလဲ။

ဖြေ။ ခံစားတတ်သော အတ္တ မရှိပါ။ အကြောင်းကြောင့် အကျိုး ဖြစ်ရုံမျှသာ ဖြစ်ပါသည်။

## အာယတနဘို့

ဖြေ။ * အာယတန လေးပါး ဖြစ်ပါသည်။

## ဓါတ်ဘို့

ဖြေ။ * ဓါတ် လေးပါး ဖြစ်ပါသည်။

## ပဋိစ္စသမုပ္ပါဒ်ဘို့

ဖြေ။ * ပဋိစ္စသမုပ္ပါဒ် အင်္ဂါ ဆယ့်နှစ်ပါး ဖြစ်ပါသည်။

## ၁၂။ မောဟဝစီဝိညတ္တိဌာန ခန္ဓာဘို

မေး။ မသိဘဲနှင့် ပြောဆိုသမျှ ဘာက ပြောဆိုသလဲ။

ဖြေ။ နာမ်က ခိုင်း၍ ရုပ်က ပြောဆိုပါသည်။

မေး။ ရုပ်က ပြောဆိုသော်၊ ဘယ်သဘာဝက ပြောဆို စေသလဲ။

ဖြေ။ စိတ္တဇပထဝီကြောင့်၊ ကမ္မဇပထဝီတို့ ပြောဆို ပါသည်။

မေး။ စိတ္တဇပထဝီကြောင့်၊ ကမ္မဇပထဝီတို့ ပြောဆို သော်၊ ရုပ်နာမ်ပေါင်း မည်မျှ ရှိသလဲ။

ဖြေ။ ရုပ်နာမ်ပေါင်း ၁၂၄ ပါး ရှိပါသည်။

မေး။ ၁၂၄ ပါး ရှိသော ရုပ်နာမ်သည် ဘာဖြစ်သလဲ။

ဖြေ။ * ခန္ဓာ ငါးပါး ဖြစ်ပါသည်။

မေး။ * ခန္ဓာ ငါးပါး ဖြစ်သော်၊ ဘယ်အမှည် ရှိသလဲ။

ဖြေ။ * ခန္ဓာ ငါးပါးသည် သစ်္ခါရအမည် ရှိပါသည်။

မေး။ ထိုသစ်္ခါရသည် ဘယ်လို ဖြစ်သလဲ။

ဖြေ။ ခံစားတတ်သော အတွေ့ မရှိပါ။ အကြောင်း ကြောင့် အကျိုး ဖြစ်ရုံမျှသာ ဖြစ်ပါသည်။

**အာယတနဘို့**

ဖြေ။ * အာယတန လေးပါး ဖြစ်ပါသည်။

**ဓါတ်ဘို့**

ဖြေ။ * ဓါတ် လေးပါး ဖြစ်ပါသည်။

**ပဋိစ္စသမုပ္ပါဒ်ဘို့**

ဖြေ။ * ပဋိစ္စသမုပ္ပါဒ် အင်္ဂါ ဆဲ့တပါး ဖြစ်ပါသည်။

**၁၃။ ကုသိုလ်ဝစီဝိညတ္တိဌာန ခန္ဓာဘို့**

မေး။ ရတနာသုံးပါး၏ ဂုဏ်ကို ရွတ်ဆိုသမျှ ဘာက ရွတ်ဆိုသလဲ။

ဖြေ။ နာမ်က ခိုင်း၍ ရုပ်က ရွတ်ဆိုပါသည်။

မေး။ ရုပ်က ဆိုသော်၊ ဘယ်သဘာဝက ဆိုစေသလဲ။

ဖြေ။ စိတ္တဇပထဝီကြောင့်၊ ကမ္မဇပထဝီတို့ဆိုပါသည်။

မေး။ စိတ္တဇပထဝီကြောင့်၊ ကမ္မဇပထဝီတို့ ဆိုသော်၊ ရုပ်နာမ်ပေါင်း မည်မျှ ရှိသလဲ။

ဖြေ။ ရုပ်နာမ်ပေါင်း ၁၄၇ ပါး ရှိပါသည်။

မေး။ ၁၄၇ ပါး ရှိသော ရုပ်နာမ်သည် ဘာဖြစ်သလဲ။

ဖြေ။ * ခန္ဓာ ငါးပါး ဖြစ်ပါသည်။

မေး။ * ခန္ဓာ ငါးပါး ဖြစ်သော်၊ ဘယ်အမည် ရှိသလဲ။

ဖြေ။ * ခန္ဓာ ငါးပါးသည် သင်္ခါရ အမည် ရှိပါသည်။

မေး။ ထိုသင်္ခါရသည် ဘယ်လို ဖြစ်သလဲ။

ဖြေ။ ဖြစ်ခြင်း, ပျက်ခြင်း မမြဲသောကြောင့်၊ အနိစ္စ ဖြစ်၍ ချုပ်ပါသည်။

မေး။ အနိစ္စ ဖြစ်သော်၊ ဘာပြုသေးသလဲ။

ဖြေ။ ဖြစ်ခြင်း, ပျက်ခြင်းဖြင့် နှိပ်စက်၍ ဒုက္ခ ဖြစ်ပါသည်။

မေး။ ထိုဒုက္ခကို ဘယ်သူ ခံစားသလဲ။

ဖြေ။ ခံစားတတ်သော အတ္တ မရှိပါ။ အကြောင်းကြောင့် အကျိုး ဖြစ်ရုံမျှသာ ဖြစ်ပါသည်။

## အာယတနဘို့

ဖြေ။ * အာယတန လေးပါး ဖြစ်ပါသည်။

## ဓါတ်ဘို့

ဖြေ။ * ဓါတ် လေးပါး ဖြစ်ပါသည်။

## ပဋိစ္စသမုပ္ပါဒ်ဘို့

ဖြေ။ * ပဋိစ္စသမုပ္ပါဒ် အင်္ဂါ ဆဲ့နှစ်ပါး ဖြစ်ပါသည်။

## ၁၄။ လောဘမနောဒွာန ခန္ဓာဘို့

မေး။ လိုချင် တပ်မက်, လွန်နှစ်သက်၍ ကြံကြံသမျှ ဘာကို ကြံသလဲ။

ဖြေ။ ဆဋ္ဌာရုံကို ကြံပါသည်။

မေး။ ဆဋ္ဌာရုံကို ကြံသော်၊ ဘယ်သဘာဝကို မှီ၍ ကြံသလဲ။

ဖြေ။ ဝတ္ထုရုပ်ကို မှီ၍ နာမ်က ကြံပါသည်။

မေး။ ဝတ္ထုရုပ်ကို မှီ၍ နာမ်က ကြံသော်၊ ရုပ်နာမ် ပေါင်း မည်မျှ ရှိသလဲ။

ဖြေ။ ရုပ်နာမ်ပေါင်း ၇၄ ပါး ရှိပါသည်။

မေး။ ၇၄ ပါး ရှိသော ရုပ်နာမ်သည် ဘာဖြစ်သလဲ။

ဖြေ။ * ခန္ဓာ ငါးပါး ဖြစ်ပါသည်။

မေး။* ခန္ဓာငါးပါး ဖြစ်သော်၊ ဘယ်အမည် ရှိသလဲ။

ဖြေ။* ခန္ဓာငါးပါးသည် သင်္ခါရ အမည် ရှိပါသည်။

မေး။ ထိုသင်္ခါရသည် ဘယ်လို ဖြစ်သလဲ။

ဖြေ။ ဖြစ်ခြင်း, ပျက်ခြင်း, မမြဲသောကြောင့်၊ အနိစ္စ ဖြစ်၍ ချုပ်ပါသည်။

မေး။ အနိစ္စ ဖြစ်သော်၊ ဘာပြုသေးသလဲ။

ဖြေ။ ဖြစ်ခြင်း, ပျက်ခြင်းဖြင့် နှိပ်စက်၍ ဒုက္ခ ဖြစ် ပါသည်။

မေး။ ထိုဒုက္ခကို ဘယ်သူ ခံစားသလဲ။

ဖြေ။ ခံစားတတ်သော အတ္တ မရှိပါ။ အကြောင်း ကြောင့် အကျိုး ဖြစ်ရုံမျှသာ ဖြစ်ပါသည်။

## အာယတနဘို

ဖြေ။ * အာယတန နှစ်ပါး ဖြစ်ပါသည်။

## ဓါတ်ဘို

ဖြေ။ * ဓါတ် နှစ်ပါး ဖြစ်ပါသည်။

## ပဋိစ္စသမုပ္ပါဒ်ဘို

ဖြေ။ * ပဋိစ္စသမုပ္ပါဒ် အင်္ဂါ ဆယ့်နှစ်ပါး ဖြစ်ပါသည်။

၁၅။ ဒေါသမနောဌာန ခန္ဓာဘို့

မေး။ နှလုံးမသာ မနှစ်သက်၍ ကြံကြံသမျှ ဘာကို ကြံသလဲ။

ဖြေ။ ဆဋ္ဌာရုံကို ကြံပါသည်။

မေး။ ဆဋ္ဌာရုံကို ကြံသော်၊ ဘယ်သဘာဝကို မှီ၍ ကြံသလဲ။

ဖြေ။ ဝတ္ထုရုပ်ကို မှီ၍ နာမ်က ကြံပါသည်။

မေး။ ဝတ္ထုရုပ်ကို မှီ၍ နာမ်က ကြံသော်၊ ရုပ်နာမ် ပေါင်း မည်မျှ ရှိသလဲ။

ဖြေ။ ရုပ်နာမ်ပေါင်း ၇၅ ပါး ရှိပါသည်။

မေး။ ၇၅ ပါး ရှိသော ရုပ်နာမ်သည် ဘာဖြစ်သလဲ။

ဖြေ။ * ခန္ဓာ ငါးပါး ဖြစ်ပါသည်။

မေး။* ခန္ဓာ ငါးပါး ဖြစ်သော်၊ ဘယ်အမည်ရှိသလဲ။

ဖြေ။ * ခန္ဓာ ငါးပါးသည် သင်္ခါရ အမည် ရှိပါသည်။

မေး။ ထိုသင်္ခါရသည် ဘယ်လို ဖြစ်သလဲ။

ဖြေ။ ဖြစ်ခြင်း, ပျက်ခြင်း, မမြဲသောကြောင့်၊ အနိစ္စ ဖြစ်၍ ချုပ်ပါသည်။

မေး။ အနိစ္စ ဖြစ်သော်၊ ဘာပြုသေးသလဲ။

ဖြေ။ ဖြစ်ခြင်း, ပျက်ခြင်းဖြင့် နှိပ်စက်၍ ဒုက္ခ ဖြစ်ပါသည်။

မေး။ ထိုဒုက္ခကို ဘယ်သူ ခံစားသလဲ။

ဖြေ။ ခံစားတတ်သော အတ္တ မရှိပါ။ အကြောင်း ကြောင့် အကျိုး ဖြစ်ရုံမျှသာ ဖြစ်ပါသည်။

**အာယတနဘို့**

ဖြေ။ * အာယတန နှစ်ပါး ဖြစ်ပါသည်။

**ဓါတ်ဘို့**

ဖြေ။ * ဓါတ် နှစ်ပါး ဖြစ်ပါသည်။

**ပဋိစ္စသမုပ္ပါဒ်ဘို့**

ဖြေ။ * ပဋိစ္စသမုပ္ပါဒ် အင်္ဂါ ဆဲ့နှစ်ပါး ဖြစ်ပါသည်။

**၁၆။ မေဟမနောဌာန ခန္ဓာဘို့**

မေး။ တဲ့တဲ့ ဝေဝေ ကြံကြံသမျှ ဘာကို ကြံသလဲ။

ဖြေ။ ဆဋ္ဌာရုံကို ကြံပါသည်။

မေး။ ဆဋ္ဌာရုံကို ကြံသော်၊ ဘယ်သဘာဝကို မှီ၍ ကြံသလဲ။

ဖြေ။ ဝတ္ထုရုပ်ကို မှီ၍ နာမ်က ကြံပါသည်။

မေး။ ဝတ္ထုရုပ်ကို မှီ၍ နာမ်က ကြံသော်၊ ရုပ်နာမ် ပေါင်း မည်မျှ ရှိသလဲ။

ဖြေ။ ရုပ်နာမ်ပေါင်း ၇၀ ရှိပါသည်။

မေး။ ၇၀ ရှိသော ရုပ်နာမ်သည် ဘာဖြစ်သလဲ။

ဖြေ။ * ခန္ဓာ ငါးပါး ဖြစ်ပါသည်။

မေး။* ခန္ဓာငါးပါး ဖြစ်သော်၊ ဘယ်အမည် ရှိသလဲ။

ဖြေ။ * ခန္ဓာငါးပါးသည် သစ်္စာရ အမည် ရှိပါသည်။

မေး။ ထိုသစ်္စာရသည် ဘယ်လို ဖြစ်သလဲ။

ဖြေ။ ဖြစ်ခြင်း, ပျက်ခြင်း မမြဲသောကြောင့်၊ အနိစ္စ ဖြစ်၍ ချုပ်ပါသည်။

မေး။ အနိစ္စ ဖြစ်သော်၊ ဘာပြုသေးသလဲ။
ဖြေ။ ဖြစ်ခြင်း, ပျက်ခြင်းဖြင့် နှိပ်စက်၍ ဒုက္ခ ဖြစ်ပါသည်။
မေး။ ထိုဒုက္ခကို ဘယ်သူ ခံစားသလဲ။
ဖြေ။ ခံစားတတ်သော အတ္တ မရှိပါ။ အကြောင်း ကြောင့် အကျိုး ဖြစ်ရုံမျှသာ ဖြစ်ပါသည်။

## အာယတနဘို

ဖြေ။ * အာယတန နှစ်ပါး ဖြစ်ပါသည်။

## ဓါတ်ဘို

ဖြေ။ * ဓါတ် နှစ်ပါး ဖြစ်ပါသည်။

## ပဋိစ္စသမုပ္ပါဒ်ဘို

ဖြေ။ * ပဋိစ္စသမုပ္ပါဒ် အင်္ဂါ ဆဲ့တပါး ဖြစ်ပါသည်။

## ၁၇။ ကုသိုလ်မနောဌာန ခန္ဓာဘို

မေး။ စာပေ, ဘာဝနာ ကြံကြံသမျှ ဘာကို ကြံသလဲ။
ဖြေ။ ဆဋ္ဌာရုံကို ကြံပါသည်။
မေး။ ဆဋ္ဌာရုံကို ကြံသော်၊ဘယ်သဘာဝကို မှီ၍ကြံသလဲ။
ဖြေ။ ဝတ္ထုရုပ်ကို မှီ၍ နာမ်က ကြံပါသည်။
မေး။ ဝတ္ထုရုပ်ကို မှီ၍ နာမ်က ကြံသော်၊ ရုပ်နာမ် ပေါင်း မည်မျှ ရှိသလဲ။
ဖြေ။ ရုပ်နာမ်ပေါင်း ၉၃ ပါး ရှိပါသည်။
မေး။ ၉၃ ပါး ရှိသော ရုပ်နာမ်သည် ဘာဖြစ်သလဲ။
ဖြေ။ * ခန္ဓာ ငါးပါး ဖြစ်ပါသည်။

မေး။ * ခန္ဓာ ငါးပါး ဖြစ်သော်၊ ဘယ်အမည် ရှိသလဲ။
ဖြေ။ * ခန္ဓာငါးပါးသည် သင်္ခါရအမည် ရှိပါသည်၊
မေး။ ထိုသင်္ခါရသည် ဘယ်လို ဖြစ်သလဲ။
ဖြေ။ ဖြစ်ခြင်း, ပျက်ခြင်း မရှိသောကြောင့်၊ အနိစ္စ ဖြစ်၍ ချုပ်ပါသည်။
မေး။ အနိစ္စ ဖြစ်သော်၊ ဘာပြုသေးသလဲ။
ဖြေ။ ဖြစ်ခြင်း, ပျက်ခြင်းဖြင့် နှိပ်စက်၍ ဒုက္ခ ဖြစ်ပါသည်။
မေး။ ထိုဒုက္ခကို ဘယ်သူ ခံစားသလဲ။
ဖြေ။ ခံစားတတ်သော အတ္တ မရှိပါ။ အကြောင်းကြောင့် အကျိုး ဖြစ်ရုံမျှသာ ဖြစ်ပါသည်။

## အာယတနဘို

ဖြေ။ * အာယတန ၁၂ပါး ဖြစ်ပါသည်။

## ဓါတ်ဘို

ဖြေ။ * ဓါတ် ၁၈ပါး ဖြစ်ပါသည်။

## ပဋိစ္စသမုပ္ပါဒ်ဘို

ဖြေ။ * ပဋိစ္စသမုပ္ပါဒ် အင်္ဂါ ဆဲ့၁ပါး ဖြစ်ပါသည်။

ကျေးဇူးရှင် ရှေသိမ်တော်တောရ ဆရာတော်ဘုရားကြီး ရေးသား၍ ချီးမြှင့် ပေးသနားတော်မူအပ်သော ရှစ်ဝါရ၁ှင့် ဆဲ့ခုနစ်ဌာန အမေး အဖြေ ပြီးပြီ။

မှတ်ချက်။ ဆဲ့ခုနစ်ဌာန အမေး အဖြေနှင့် ပဋိစ္စသမုပ္ပါဒ် ဇယားတို၏ သဘောအနက် အဓိပ္ပါယ် အကျယ်ကို အလိုရှိက "သစ္စပါရဂူကျမ်း"မှာ ကြည့်လေ။

## ၄။ ပဋိစ္စသမုပ္ပါဒ်ဇယား

| | ဒုစရိုက်မြောက် | ဒေါသ | ဥပဒေါ |
|---|---|---|---|
| စက္ခု | × | | |
| သောတ | × | | |
| ဃာန | × | | |
| ဇိဝှါ | × | | |
| ကာယ | × | | |
| လောဘကာယ | | | |
| ဒေါသကာယ | | | |
| မောဟကာယ | | | |
| ကုသိုလ်ကာယ | ကုသလ-မူလ | | |
| လောဘဝစီ | | | |
| ဒေါသဝစီ | | | |
| မောဟဝစီ | | | |
| ကုသိုလ်ဝစီ | ကုသလ-မူလ | | |
| လောဘမနော | | | |
| ဒေါသမနော | | | |
| မောဟမနော | | | |
| ကုသိုလ်မနော | ကုသလ-မူလ | | |

ဤ ၉ ပါးသော ပဋိစ္စသမုပ္ပါဒ်တို့တွင် စေတနာစေတသိက်သည် သန်ဒါရန့် ဘဝ မည်၏၊ စက္ခုဝိညာဉ်စိတ်သည် ဝိညာဉ် မည်၏။ ဖဿစေတသိက်သည် ဖဿ မည်၏။ ဝေဒနာစေတသိက်သည် ဝေဒနာ မည်၏။ ကြွင်းသော စေတသိက် ၄ ပါးသည် နာမ် မည်၏။

ကျွန်ုပ်တို့ ဝန်ထမ်းများ ကြေးနန်းရုံးဖွင့်ရန် ရွာသို့ ရောက်သွားသောအခါ ကြေးနန်းရုံးဖွင့်ရန် ကိုယ်ထည်ကြီးသော အိမ်ကြီးတစ်လုံးကို ငှားရမ်းထားသည်ကို တွေ့ရသည်။ ထိုအိမ်ကြီးသည် ကျွန်ုပ်တို့ ကြေးနန်းရုံးဖွင့်ရန် ငှားရမ်းထားသော အိမ်ကြီးဖြစ်သည်။ ထိုအိမ်ကြီးသည် ကျွန်ုပ်တို့ ကြေးနန်းရုံးဖွင့်ရန် ငှားရမ်းထားသော အိမ်ကြီးဖြစ်သည်။

| ကြွင်း | ရသောအင် | ဆရာမရဏာ | ဇာတိ | ဘဝ | ပြောင်းလဲခြင်း | ဆင်ခြင်ခြင်း |
|---|---|---|---|---|---|---|
| ၅ | ၅ | | | | ယင်ကောင်းသော | ၀၇၂၄ |
| ၅ | ၅ | | | | ယင်ကောင်းသော | ၀၇၂၄ |
| ၅ | ၅ | | | | ယင်ကောင်းသော | ၅၇၂၄ |
| ၅ | ၅ | | | | ယင်ကောင်းသော | ၅၇၂၄ |
| ၅ | ၅ | | | | ယင်ကောင်းသော | ၀၇၂၄ |
| ၅ | ၅ | | | | ယင်ကောင်းသော | ၀၇၂၄ |
| ၅ | ၅ | | | | ယင်ကောင်းသော | ၅၇၂၄ |
| ၅ | ၅ | | | | ယင်ကောင်းသော | ၅၇၂၄ |
| ၅ | ၅ | | | | ယင်ကောင်းသော | ၀၇၂၄ |
| ၅ | ၅ | | | | ယင်ကောင်းသော | ၅၇၂၄ |
| ၅ | ၅ | | | | ယင်ကောင်းသော | ၅၇၂၄ |
| ၅ | ၅ | | | | ယင်ကောင်းသော | ၀

**၅။ အာယတနနှင့် ဓါတ်သဘောကို ပြခြင်း။**

ဣဓ ပန သဒ္ဓာတိဒေသဌေန သမောသရဏဌေန ကာရဏဌေနာတိ တိဓါပိ ဝဋ္ဋတိ။ ဖဿာဒယော ဟိ ဓမ္မာ ဇော်ထွ သဒ္ဓါယန်္တိ သဒ္ဓါတိဒေသဌေနပိ ဇော်အာယတနံ။ ဗဟိဒ္ဓါ ရူပ, သဒ္ဒ, ဂန္ဓ, ရသ, ဖေါဋ္ဌဗ္ဗာ အာရမ္မဏဘာဝေနေတ္ထ ဩသရန်္တိ သမောသရဏဌေနပိ အာယတနံ။

"သဒ္ဓါတိဒေသဌေန၊ ဖြစ်ရာဒေသ။ သမောသရဏဌေန၊ စုဝေးရာ" ဟု စိတ်ဆုပြုဒါဒကဏ္ဍ ကာမာဝစရကုသလပဒအဖွင့် အဋ္ဌသာလိနီအဋ္ဌကထာ စသော အဋ္ဌကထာ ရှင်များ မိန့်ဆိုတော်မူအပ်သည်နှင့်အညီ၊ "မျက်စိအကြည် စုဝေးဖြစ်ရာ" ဟု ပြလို၏။ သို့သော် ခေါ်ပေါ်လွယ် မှတ်မိလွယ်စေခြင်းငှါ သဘော အနက် အဓိပ္ပါယ် မပျက် "အကြည်" နှင့် "စုဝေး" ပုဒ်တို့ကို ချကာ အကျေကြံလျက် "မျက်စိဖြစ်ရာ" ဟု ပြပေအံ့။

| ပါဠိ | မြန်မာ |
|---|---|
| စက္ခာယတန | မျက်စိဖြစ်ရာ။ |
| သောတာယတန | နားဖြစ်ရာ။ |
| ဃာနာယတန | နှာခေါင်းဖြစ်ရာ။ |
| ဇိဝှါယတန | လျှာဖြစ်ရာ။ |
| ကာယာယတန | ကိုယ်ဖြစ်ရာ။ |
| မနာယတန | အသိဖြစ်ရာ။ |

ရူပါယတန အဆင်းဖြစ်ရာ။
သဒ္ဒါယတန အသံဖြစ်ရာ။
ဂန္ဓာယတန အနံ့ဖြစ်ရာ။
ရသာယတန အရသာဖြစ်ရာ။
ဖေါဋ္ဌဗ္ဗာယတန တွေထိဖြစ်ရာ။
ဓမ္မာယတန သဘောဖြစ်ရာ။

## ဓါတ်

"အတ္တာနော သဘာဝံ ဓါရေတီတိ ဓါတု" ဟူသည်နှင့် အညီ "မျက်စိအကြည်သဘော ဆောင်ရာ" ဟု ပြလို၏။ သို့သော် ခေါ်ဝေါ်လွယ်, မှတ်မိလွယ်စေခြင်းငှါ "မျက်စိ သဘော" ဟု ပြပေအံ့။

ပါဠိ မြန်မာ

စက္ခုဓါတု မျက်စိသဘော။
သောတဓါတု နားသဘော။
ဃာနဓါတု နှာခေါင်းသဘော။
ဇိဝှါဓါတု လျှာသဘော။
ကာယဓါတု ကိုယ်သဘော။
ရူပဓါတု အဆင်းသဘော။
သဒ္ဒဓါတု အသံသဘော။
ဂန္ဓဓါတု အနံ့သဘော။
ရသဓါတု အရသာသဘော။

ဖေါဋ္ဌဗ္ဗဓါတု တော့ထိသဘော။
စက္ခုပ်ညာဏဓါတု မျက်စိ သိ သဘော။
သောတဝိညာဏဓါတု နား သိ သဘော။
ဃာနဝိညာဏဓါတု နှာခေါင်း သိ သဘော။
ဇိဝှါဝိညာဏဓါတု လျှာ သိ သဘော။
ကာယဝိညာဏဓါတု ကိုယ် သိ သဘော။
မနောဓါတု အသိ သဘော။
မနောဝိညာဏဓါတု ကြံသိ သဘော။
ဓမ္မဓါတု သဘော၏ သဘော။

၆။ ခန္ဓာ ငါးပါး ဒိဒိ အလိုံသို့ ဓလိုက်ပုံ။

၁။ အကြင်, အကြင် ယောဂီသည် မိမိ၏ သန္တာန်၌ အရှိနဲ့မစဲ တသဲသဲ ဖြစ်၍နေသော ရုပ်အပေါင်းတို့၌ တခု ဖြစ်စေ၊ နှစ်ခု ဖြစ်စေ၊ အားလုံးကို ဖြစ်စေ၊ ဤပထဝီသည် ဤအာပေါသည် (ပ) ဤအနိစ္စတာသည် ငါ၏ သန္တာန်၌ မဖြစ်စေသတည်း။ ဤရုပ်သည် မည်ကဲ့သို့ ဖြစ်စေသတည်း စသည်ဖြင့် တောင့်တပါသော်လည်း၊ မိမိ အလိုသို့ မလိုက်။ သူ့သဘာဝအတိုင်း ဖြစ်၍သာ ပျက်ရှာခဲ့၏။ ထို့ကြောင့် ရုပ်တရား ဟူသမျှသည် "အဝသ" မည်ပေရကား အနတ္တ မှန်ပေ၏။

၂။ အကြင်, အကြင် ယောဂီသည် မိမိ၏ သန္တာန်၌ အရှိန်မစဲ တသဲသဲ ဖြစ်၍နေသော ဝေဒနာအပေါင်းတို့၌ တခု ဖြစ်စေ၊ နှစ်ခု ဖြစ်စေ၊ အားလုံးကို ဖြစ်စေ၊ ဤ

သုခဝေဒနာသည် ဤဒုက္ခဝေဒနာသည် (ပ) ဤ ဥပေက္ခာဝေဒနာသည် ငါ၏ သန္တာန်၌ မဖြစ်စေသ တည်း။ ဤဒုက္ခဝေဒနာသည် သုခ ဖြစ်စေသတည်း စ သည်ဖြင့် တောင့်တပါသော်လည်း၊ မိမိ အလိုသို့ မလိုက်။ သူ့သဘာဝအတိုင်း ဖြစ်၍သာ ပျက်ရှာခဲ့၏။ ထို့ကြောင့် ဝေဒနာတရား ဟူသမျှသည် "အဝသ" မည်ပေရကား အနတ္တ မှန်ပေ၏။

၃။ အကြင်, အကြင် ယောဂီသည် မိမိ၏ သန္တာန်၌ အရှိန်မစဲ တသဲသဲ ဖြစ်၍နေသော သင်္ခါရ အပေါင်းတို့၌ တခု ဖြစ်စေ၊ နှစ်ခု ဖြစ်စေ၊ အားလုံးကို ဖြစ်စေ၊ ဤ ဖဿသည် (ပ) ဤပညိန္ဒြေသည် ငါ၏ သန္တာန်၌ မဖြစ် စေသတည်း။ ဤဖဿသည် စေတနာ ဖြစ်စေသတည်း စသည်ဖြင့် တောင့်တပါသော်လည်း၊ မိမိ အလိုသို့ မလိုက်။ သူ့သဘာဝအတိုင်း ဖြစ်၍သာ ပျက်ရှာခဲ့၏။ ထို့ကြောင့် သညာတရား ဟူသမျှသည် "အဝ သ" မည်ပေရကား အနတ္တ မှန်ပေ၏။

၄။ အကြင်, အကြင် ယောဂီသည် မိမိ၏ သန္တာန်၌ အရှိန်မစဲ တသဲသဲ ဖြစ်၍နေသော သင်္ခါရ အပေါင်းတို့ ၌ တခု ဖြစ်စေ၊ နှစ်ခု ဖြစ်စေ၊ အားလုံးကို ဖြစ်စေ၊ ဤ ဖဿသည် (ပ) ဤပညိန္ဒြေသည် ငါ၏ သန္တာန်၌ မဖြစ် စေသတည်း။ ဤဖဿသည် စေတနာ ဖြစ်စေသတည်း စသည်ဖြင့် တောင့်တပါသော်လည်း၊ မိမိ အလိုသို့ မ လိုက်။ သူ့သဘာဝအတိုင်း ဖြစ်၍သာ ပျက်ရှာခဲ့၏။ ထို့

ကြောင့် သခ်ါရတရား ဟူသမျှသည် "အဝသ" မည်ပေရကား အနတ္တ မှန်ပေ၏။

၅။ အကြင်, အကြင် ယောဂိသည် မိမိ၏ သန္တာန်၌ အရှိန်မစဲ တသဲသဲ ဖြစ်၍နေသော ဝိညာဉ် အပေါင်းတို့၌ တခု ဖြစ်စေ၊ နှစ်ခု ဖြစ်စေ၊ အားလုံးကို ဖြစ်စေ၊ ဤစက္ခုဝိညာဉ်သည် (ပ) ဤမနောဝိညာဉ်သည် ငါ၏ သန္တာန်၌ မဖြစ်စေသတည်း။ ဤစက္ခုဝိညာဉ်သည် မနောဝိညာဉ် ဖြစ်စေသတည်း စသည်ဖြင့် တောင့်တပါသော်လည်း၊ မမ အလှူသူ မလှူက။ သူ့သဘာဝအတိုင်း ဖြစ်၍သာ ပျက်ရှာခဲ့၏။ ထို့ကြောင့် ဝိညာဉ်တရား ဟူသမျှသည် "အဝသ" မည်ပေရကား အနတ္တ မှန်ပေ၏။

ရူပေ ဝသော နာ လဗ္ဘတိ၊ ဝေဒနာယ ဝသော နာ လဗ္ဘတိ၊ သညာယ ဝသော နာ လဗ္ဘတိ၊ သခ်ါရေသု ဝသော နာ လဗ္ဘတိ၊ ဝိညာဏေ ဝသော နာ လဗ္ဘတိ။ ။စူဠနိဒ္ဒေသပါဠိတော်။

ရူပေ၊ ရုပ်အပေါင်း၌။ ဝါ၊ ရူပက္ခန္ဓာ၌။ ဝသော၊ မိမိ အလိုသို့ လိုက်သော အဖြစ်ကို။ နာ လဗ္ဘတိ၊ မရအပ်။ ဣတိ၊ ဤသို့။ အဝေက္ခတိ၊ ရှု၏။ ဝေဒနာယ၊ ဝေဒနာအပေါင်း၌။ ဝါ၊ ဝေဒနာက္ခန္ဓာ၌။ ဝသော၊ မိမိ အလိုသို့ လိုက်သော အဖြစ်ကို။ နာ လဗ္ဘတိ၊ မရအပ်။ ဣတိ၊ ဤသို့။ အဝေက္ခတိ၊ ရှု၏။ သညာယ၊ သညာအပေါင်း၌။ ဝါ၊ သညာက္ခန္ဓာ၌။ ဝသော၊ မိမိအလိုသို့ လိုက်သော အဖြစ်ကို။ နာ လဗ္ဘတိ၊ မရအပ်။ ဣတိ၊ ဤသို့။ အဝေက္ခ

တိ၊ ရှု၏။ သခ်ါရေသူ၊ သခ်ါရအပေါင်းတို့၌။ ဝါ၊ သခ်ါရကွန္ဓာတို့၌။ ဝသော၊ မိမိအလိုသို့ လိုက်သော အဖြစ်ကို။ နလဘတိ၊ မရအပ်။ ဣတိ၊ ဤသို့။ အဝေက္ခတိ၊ ရှု၏။ ဝိညာဏော၊ ဝိညာဉ်အပေါင်း၌။ ဝါ၊ ဝိညာဏကွန္ဓာ၌။ ဝသော၊ မိမိအလိုသို့ လိုက်သော အဖြစ်ကို။ နလဘတိ၊ မရအပ်။ ဣတိ၊ ဤသို့။ အဝေက္ခတိ၊ ရှု၏။

## ၇။ ခန္ဓာ ငါးပါး အနှစ်သာရ မရှိပုံ။

၁။ အကြင်, အကြင် ယောဂီသည် အရှိန်မစဲ တသဲသဲ ဖြစ်၍နေသော ရူပအပေါင်း၌ မျက်စိတမှိတ်ခန့်မျှ မြဲသော အနှစ်ကိုလည်းကောင်း၊ မျက်စိတမှိတ်ခန့်မျှ ချမ်းသာသော အနှစ်ကိုလည်းကောင်း၊ တိတ္ထိတို့ ကြံဆအပ်သော အတ္တ, နိဝါသီ, ကာရက, ဝေဒက, သယံဝသီဟူသော အနှစ်ကိုလည်းကောင်း၊ အခိုင်အမြဲစွဲ၍ တည်သော နိစ္စ, ဓုဝ, သဿတ, အဝိပရိဏာမ ဟူသော အနှစ်တို့ကိုလည်းကောင်း အကြိမ်ကြိမ် အဘန်ဘန် အတန်တန် ရှာပါငြားဆော်လည်း၊ အနုမြူခန့်မျှ မရခဲ့ရကား နိစ္စအစရှိသော ခြောက်ပါးသော အနှစ် မရှိ။ ခြောက်ပါးသော အနှစ်မှ ကင်းခဲ့၏။ ထို့ကြောင့် အနတ္တ မှန်ပေ၏။

၂။ အကြင်, အကြင် ယောဂီသည် အရှိန်မစဲ တသဲသဲ ဖြစ်၍နေသော ဝေဒနာအပေါင်း၌ မျက်စိတမှိတ်ခန့်မျှ မြဲသော အနှစ်ကိုလည်းကောင်း၊ မျက်စိတမှိတ်ခန့်မျှ ချမ်းသာသော အနှစ်ကိုလည်းကောင်း၊ တိတ္ထိတို့

ကြံဆအပ်သော အတ္တ, နိဝါသီ, ကာရက, ဝေဒက, သယံဝသီ ဟူသော အနှစ်ကိုလည်းကောင်း၊ အခိုင်အမြဲစွဲ၍ တည်သော နိစ္စ, ဓုဝ, သဿတ, အဝိပရိဏာမ ဟူသော အနှစ်တို့ကိုလည်းကောင်း အကြိမ်ကြိမ် အဘန်ဘန် အတန်တန် ရှာပါငြားသော်လည်း၊ အနုမြူခန့်မျှ မရခဲ့ရကား နိစ္စ အစရှိသော ခြောက်ပါးသော အနှစ် မရှိ။ ခြောက်ပါးသော အနှစ်မှ ကင်းခဲ့၏။ ထို့ကြောင့် အနတ္တ မှန်ပေ၏။

၃။ အကြင်, အကြင် ယောဂီသည် အရှိန်မစဲ တသဲသဲ ဖြစ်၍နေသော သညာအပေါင်းဌ မျက်စိတမှိတ်ခန့်မျှ မြဲသော အနှစ်ကိုလည်းကောင်း၊ မျက်စိတမှိတ်ခန့်မျှ ချမ်းသာသော အနှစ်ကိုလည်းကောင်း၊ တိတ္ထိတို့ ကြံဆအပ်သော အတ္တ, နိဝါသီ, ကာရက, ဝေဒက, သယံဝသီ ဟူသော အနှစ်ကိုလည်းကောင်း၊ အခိုင်အမြဲစွဲ၍ တည်သော နိစ္စ, ဓုဝ, သဿတ, အဝိပရိဏာမ ဟူသော အနှစ်တို့ကိုလည်းကောင်း အကြိမ်ကြိမ် အဘန်ဘန် အတန်တန် ရှာပါငြားသော်လည်း၊ အနုမြူခန့်မျှ မရခဲ့ရကား နိစ္စ အစရှိသော ခြောက်ပါးသော အနှစ် မရှိ။ ခြောက်ပါးသော အနှစ်မှ ကင်းခဲ့၏။ ထို့ကြောင့် အနတ္တ မှန်ပေ၏။

၄။ အကြင်, အကြင် ယောဂီသည် အရှိန်မစဲ တသဲသဲ ဖြစ်၍နေသော သဒ္ဒါရုံ အပေါင်းတို့ဌ မျက်စိတမှိတ်ခန့်မျှ မြဲသော အနှစ်ကိုလည်းကောင်း၊ မျက်စိတမှိတ်

ခန့်မျှ ချမ်းသာသော အနှစ်ကိုလည်းကောင်း၊ တိတ္ထိတို့ ကြုံဆအပ်သော အတ္တ, နိဝါသီ, ကာရက, ဝေဒက, သယံဝသီ ဟူသော အနှစ်ကိုလည်းကောင်း၊ အခိုင်အမြဲစွဲ၍ တည်သော နိစ္စ, ဓုဝ, သဿတ, အဝိပရိဏာမ ဟူသော အနှစ်တို့ကိုလည်းကောင်း အကြိမ်ကြိမ် အဘန်ဘန် အတန်တန် ရှာပါငြားသော်လည်း၊ အနုမြူခန့်မျှ မရခဲ့ရကား နိစ္စ အစရှိသော ခြောက်ပါးသော အနှစ် မရှိ။ ခြောက်ပါးသော အနှစ်မှ ကင်းခဲ့၏။ ထို့ကြောင့် အနတ္တမှန်ပေ၏။

၅။ အကြင်, အကြင် ယောဂီသည် အရှိန်မစဲ တသဲသဲ ဖြစ်၍နေသော ဝိညာဉ်အပေါင်းဌ မျက်စိတမှိတ်ခန့်မျှ မြဲသော အနှစ်ကိုလည်းကောင်း၊ မျက်စိတမှိတ်ခန့်မျှ ချမ်းသာသော အနှစ်ကိုလည်းကောင်း၊ တိတ္ထိတို့ ကြုံဆအပ်သော အတ္တ, နိဝါသီ, ကာရက, ဝေဒက, သယံဝသီ ဟူသော အနှစ်ကိုလည်းကောင်း၊ အခိုင်အမြဲစွဲ၍ တည်သော နိစ္စ, ဓုဝ, သဿတ, အဝိပရိဏာမ ဟူသော အနှစ်တို့ကိုလည်းကောင်း အကြိမ်ကြိမ် အဘန်ဘန် အတန်တန် ရှာပါငြားသော်လည်း၊ အနုမြူခန့်မျှ မရခဲ့ရကား နိစ္စ အစရှိသော ခြောက်ပါးသော အနှစ် မရှိ။ ခြောက်ပါးသော အနှစ်မှ ကင်းခဲ့၏။ ထို့ကြောင့် အနတ္တမှန်ပေ၏။

ရူပေ သာရော နာ လဇ္ဇတိ၊ ဝေဒနာယ သာရော နာ လဇ္ဇတိ၊ သညာယ သာရော နာ လဇ္ဇတိ၊ သင်္ခါရေသု

သာရော နလဘ္ဘတိ၊ ဝိညာဏော သာရော နလဘ္ဘတိ၊ ရူပံ အသာရံ နိဿာရံ သာရာပဂတံ နိစ္စသာရသာရေန ဝါ ဓုဝသာရသာရေန ဝါ သုခသာရသာရေန ဝါ အတ္တသာရသာရေန ဝါ နိစ္စေန ဝါ ဓုဝေန ဝါ သဿတေန ဝါ အဝိပရိဏာမဓမ္မေန ဝါ။ ဝေဒနာ အသာရာ နိဿာရာ သာရာပဂတာ၊ သညာ အသာရာ နိဿာရာ သာရာပဂတာ၊ သင်္ခါရာ အသာရာ နိဿာရာ သာရာပဂတာ၊ ဝိညာဏံ အသာရံ နိဿာရံ သာရာပဂတံ၊ နိစ္စသာရသာရေန ဝါ ဓုဝသာရသာရေန ဝါ သုခသာရသာရေန ဝါ အတ္တသာရသာရေန ဝါ နိစ္စေန ဝါ ဓုဝေန ဝါ သဿတေန ဝါ အဝိပရိဏာမဓမ္မေန ဝါ။ ။စူဠနိဒ္ဒေသ ပါဠိတော်။

ရူပေ၊ ရုပ်အပေါင်း၌။ သာရော၊ ခြောက်ပါးသော အနှစ်ကို။ နလဘ္ဘတိ၊ မရအပ်။ ဝေဒနာယ၊ ဝေဒနာ အပေါင်း၌။ သာရော၊ ခြောက်ပါးသော အနှစ်ကို။ နလဘ္ဘတိ၊ မရအပ်။ သညာယ၊ သညာအပေါင်း၌။ သာရော၊ ခြောက်ပါးသော အနှစ်ကို။ နလဘ္ဘတိ၊ မရအပ်။ သင်္ခါရေသု၊ သင်္ခါရအပေါင်းတို့၌။ သာရော၊ ခြောက်ပါးသော အနှစ်ကို။ နလဘ္ဘတိ၊ မရအပ်။ဝိညာဏော၊ ဝိညာဉ်အပေါင်း၌။ သာရော၊ ခြောက်ပါးသော အနှစ်ကို။ နလဘ္ဘတိ၊ မရအပ်။

ရူပံ၊ ရုပ်တရားသည်။ အသာရံ၊ အနှစ် မဟုတ်။ နိဿာရံ၊ အနှစ် မရှိ။ သာရာပဂတံ၊ အနှစ်မှ ကင်း၏။ နိစ္စ

သဘာရသာရေန ဝါ၊ မြဲသော အနှစ်ဟု ဆိုအပ်သော အနှစ်ဖြင့်လည်းကောင်း။ ဓုဝသာရသာရေန ဝါ၊ ခိုင်ခန့်သော အနှစ်ဟု ဆိုအပ်သော အနှစ်ဖြင့်လည်းကောင်း။ သုခသာရသာရေန ဝါ၊ ချမ်းသာသော အနှစ်ဟု ဆိုအပ်သော အနှစ်ဖြင့်လည်းကောင်း။ အတ္တသာရသာရေန ဝါ၊ အတ္တ, နိဝါသီ အစရှိသော အနှစ်ဟု ဆိုအပ်သော အနှစ်ဖြင့်လည်းကောင်း။ နိစ္စန ဝါ၊ မြဲသောအားဖြင့်လည်းကောင်း။ ဓုဝန ဝါ၊ ခိုင်ခံ့သောအားဖြင့်လည်းကောင်း၊ သဿတန ဝါ၊ အရှည်တည်သောအားဖြင့်လည်းကောင်း။ အဝိပရိဏာမဓမ္မန ဝါ၊ မဘောက်မပြန်သောအားဖြင့်လည်းကောင်း။ သာရော၊ အနှစ်ကို။ နလဋ္ဌတိ၊ မရအပ်။

ဝေဒနာ၊ ဝေဒနာသည်။ အသာရာ၊ အနှစ် မဟုတ်။ နိဿာရာ၊ အနှစ် မရှိ။ သာရာပဂတာ၊ အနှစ်မှ ကင်း၏။ သညာ၊ သညာသည်။ အသာရာ၊ အနှစ် မဟုတ်။ နိဿာရာ၊ အနှစ် မရှိ။ သာရာပဂတာ၊ အနှစ်မှ ကင်း၏။ သင်္ခါရာ၊ သင်္ခါရတို့သည်။ အသာရာ၊ အနှစ် မဟုတ်ကုန်။ နိဿာရာ၊ အနှစ် မရှိကုန်။ သာရာပဂတာ၊ အနှစ်မှ ကင်းကုန်၏။ {ပြန်စပ်}

ဝိညာဏံ၊ ဝိညာဉ်သည်။ အသာရံ၊ အနှစ် မဟုတ်။ နိဿာရံ၊ အနှစ် မရှိ။ သာရာပဂတံ၊ အနှစ်မှ ကင်း၏။ နိစ္စသာရသာရေန ဝါ၊ လည်းကောင်း။ ဓုဝသာရသာရေန ဝါ၊ လည်း ကောင်း။ သုခသာရသာရေန ဝါ၊ လည်း

ကောင်း။ အတ္တသာရသာရေန ဝါ၊ လည်းကောင်း။ နိစ္စေ
န ဝါ၊ လည်းကောင်း။ ဓုဝေန ဝါ၊ လည်းကောင်း။
သဿတေန ဝါ၊ လည်းကောင်း။ အဝိပရိဏာမဓမ္မေန
ဝါ၊ လည်းကောင်း။ သာရော၊ ကို။ နှ လဋ္ဌတိ၊ မရအပ်။

## ၈။ အတိတ် စသော ဆဲတပါး၏ သဘောကို ပြခြင်း။

အတိတ် (ပ) ဒုရ, သန္တိက ဟူသော တိက် တပါး၊ ဒုက် လေးပါး၊ ပေါင်း ၁၁ ပါးတို့၏ သဘာဝကား–

မိမိ၏ ပဋိသန္ဓေစိတ်၏ ရှေး အနန္တရ ဘဝတို့၌ ဖြစ်စေ၊ ဘဝ ကုဋေ တသိန်းထက်တို့၌ ဖြစ်စေ ရှေးရှေး ဖြစ်သော ရုပ်သည် အတိတ် ဖြစ်သော ရုပ် မည်၏။

စုတိစိတ်၏ နောက်အဘိုကာလ ဘဝတို့၌ ဖြစ်စေ၊ ဘဝ ကုဋေ တသိန်းထက်တို့၌ ဖြစ်စေ နောက်နောက် ဖြစ်သော ရုပ်သည် အနာဂတ် ဖြစ်သော ရုပ် မည်၏။

စုတိ, ပဋိသန္ဓေ နှစ်ပါးတို့၏ အကြားဌာ ဖြစ်စေအပ်သော ရုပ်တို့သည် ပစ္စုပ္ပန် ဖြစ်သော ရုပ် မည်ကုန်၏။

## အဒ္ဓါ အတိတ်

ထိုအတိတ်, အနာဂတ်, ပစ္စုပ္ပန်သည် အဒ္ဓါအတိတ် သန္တတိအတိတ်, သမယအတိတ်, ခဏအတိတ် ဟူ၍ အတိတ်၌ လေးပါး၊ အနာဂတ်, ပစ္စုပ္ပန်တို့၌လည်း ထို့အတူ လေးပါးစီ ပြား၏။ ထိုလေးပါး လေးပါးတို့တွင်

တယောက်သော့်သူ၏ တခု တခုသော ဘဝဌ္ဌ ပဋိသန္ဓေစိတ်၏ ရှေးရှေး တဘဝ, တဘဝ၏ အဓိန့်ကာလ ရုပ်သည် အဒ္ဓါအတိတ် ရုပ် မည်၏။

စုတိစိတ်၏ နောက်နောက် တဘဝ, တဘဝ၏ အဓိန့်ကာလ ရုပ်သည် အဒ္ဓါအနာဂတ် ရုပ် မည်၏။

စုတိ, ပဋိသန္ဓေ နှစ်ခုတို့၏ အကြား တဘဝ၏ အဓိန့်ကာလ ရုပ်သည် အဒ္ဓါပစ္စုပ္ပန်ရုပ် မည်၏။

## သန္တတိ အတိတ်

သဘောတူသော တခု တခုသော ဥတုကြောင့် ဖြစ်သော ရုပ်သည်ရင်း၊ တခု တခုသော အာဟာရကြောင့် ဖြစ်သော ရုပ်သည်ရင်း၊ တခုသော ဥတု တခုသော အာဟာရတို့၏အတွက် ဖြစ်ကြသော ရုပ်တို့၏ အစဉ် တခု ဖြစ်ခြင်းသည် သန္တတိ ပစ္စုပ္ပန် မည်၏။

သဘောတူသော ဥတု, တခုသော အာဟာရတို့၏ ရှေးဦ် သဘောမတူသော ဥတု, တခုသော အာဟာရတို့၏အတွက် ဖြစ်ကြသော ရုပ်တို့၏ အစဉ် တခု ဖြစ်ခြင်းသည် သန္တတိ အတိတ် မည်၏။

တခုသော ဥတု, တခုသော အာဟာရတို့၏ နောက်နောက်ဦ် သဘောမတူသော ဥတု, တခုသော အာဟာရတို့၏အတွက် ဖြစ်ကြသော ရုပ်တို့၏ အစဉ် တခု ဖြစ်ခြင်းသည် သန္တတိ အနာဂတ် မည်၏။

## သမယ အတိတ်

တနံနက်, တနေ့, တညဉ့် စသည်ဖြင့် တခု တခုသော အခါအတွင်း၌ ဖြစ်သော ရုပ်သည် သမယ ပစ္စုပ္ပန် မည်၏။

တနံနက်, တနေ့, တညဉ့် စသည်ဖြင့် တခု တခုသော အခါမှ ရှေး၌ ဖြစ်သော ရုပ်သည် သမယ အတိတ် မည်၏။

တနံနက်, တနေ့, တညဉ့် စသည်ဖြင့် တခု တခုသော အခါမှ နောက်နောက်၌ ဖြစ်သော ရုပ်သည် သမယ အနာဂတ် မည်၏။ {မျက်စိတမှိတ်ကစ၍ ယူ။}

## ခဏ အတိတ်

ဥပါဒ်, ဌိ, ဘင် သုံးခုတို့၏ အပေါင်း၌ အကျုံးဝင်သော ရုပ်သည် ခဏ ပစ္စုပ္ပန် မည်၏။

ဌင်းဥပါဒ်၏ ရှေး၌ ဖြစ်သော ရုပ်သည် ခဏ အတိတ် မည်၏။

ဘင်၏ နောက်၌ ဖြစ်သော ရုပ်သည် ခဏ အနာဂတ် မည်၏။

**မှတ်ချက်။** ဤအခါ, သန္တတိ, သမယ, ခဏ လေးပါးတို့တွင် ယခု ပြခဲ့ပြီးသော ခဏ အတိတ်, ခဏ ပစ္စုပ္ပန်, ခဏ အနာဂတ်သည်သာလျှင် မုချ စကားမျိုး ဖြစ်၍၊ ဤကမ္မဋ္ဌာန်းကို စီးဖြန်းသော အရာ၌ မုချ အလိုရှိအပ်ပေ၏။ အခါ စသော အတိတ်, အနာဂတ်, ပစ္စုပ္ပန် သုံးပါးတို့ကို ဥပစာ စကားမျိုး ဖြစ်၍ ဥပစာဖြင့်သာ အလိုရှိအပ်ပေ၏။

## အဖျတ်ဒုက်

၁။ အဖျတ်တသည် ဝေါစရဖျတ်တ, နိယကဖျတ်တ, အဖျတ်တဖျတ်တ, ဝိသယဖျတ်တ ဟူ၍ လေးပါး အပြား ရှိ၏။ ထိုလေးပါးတို့တွင် အကြင် ယောဂိသည် ရှေးဦး လ္ဟ လာဘ်ဟူးသော ထိုပထမစျာန် အစရှိသော သမာဓိ၏ အာရုံ ဖြစ်သော ကသိုဏ်း စသော ပဋိဘာဂ၏ အာရုံဌ် သာလျှင် မိမိ၏ စိတ်ကို ကောင်းစွာ ထားနိုင်၏။ ထိုသို့ ထားနိုင်ခြင်း အစရှိသည်သည် ဝေါစရဖျတ်တ မည်၏။

၂။ မိမိ သန္တာန်ဌ် အကျုံးဝင်သော။ ဝါ၊ မိမိကို စဲ၍ ဖြစ်သော စိတ်ကို ကြည်စေတတ်သော မိမိ သန္တာန်ဌ် အကျုံးဝင်သော။ ဝါ၊ မိမိကို စဲ၍ ဖြစ်သော သဒ်္ဒါရတရားတို့ဌ် မူလည်း ဤတရားတို့ကား သဒ်္ဒါရတို့သာတည်း။ သတ္တ မဟုတ်, ဇီဝ မဟုတ်ဟု ရှုလေ့ရှိသည် ဖြစ်၍နေသော စိတ်သည် နိယကဖျတ်တ မည်၏။

၃။ ခြောက်ပါးကုန်သော အပေါင်း ဖြစ်သော နိယကဖျတ်တဌ် ဖြစ်ကုန်သော။ ဝါ၊ အဓပါင်း ဖြစ်သော နိယကဖျတ်တဌ် အစိတ်အဖြစ်ဖြင့် တည်ကုန်သော အာယတနတို့သည် အဖျတ်တဖျတ် မည်၏။

၄။ အကြင် အရိယာသူမြတ်တို့သည် အလုံးစုံသော ရူပါရုံ စသော သဒ်တ နိမိတ်တို့ကို နှလုံးမမူခြင်းကြောင့်ဎင်း၊ နိဗ္ဗာန် ဟူသော အသဒ်တ နိမိတ်ကိုသာလျှင် နှလုံးမူခြင်းကြောင့်ဎင်း၊ အစုံးရသောအရာ ဖြစ်၍ ဖြစ်သော အကြင် သုညတဖလသမာပတ်ကို ပြည့်စုံစေ၍ နေနိုင်သော အရိယာသူမြတ်သည် ဝိသယဖျတ်တ မည်၏။

မိမိသည် စီးဖြန်း အားထုတ်သော နိယကဗျတ္တ အာရုံ ဖြစ်သော ရုပ်ဘရား ဖြစ်စေ၊ နာမ်တရား ဖြစ်စေ ထို ကမ္မဋ္ဌာန်း၏ အာရုံမှ တပါး ရုပ်ကွဲခြေ, နာမ်ကွဲခြေတို့ သည် ဖဲ့သည်လည်း ဖြစ်ကုန်သော မဖဲ့သည်လည်း ဖြစ် ကုန်သော သန်ါရ တရားတို့သည် ဗဟိဒ္ဓ မည်၏။

## သြဠာရိကဒုက်

သြဠာရိကရုပ် ၁၂ ပါးတို့သည် ဝိသယီ, ဝိသယ ဖြစ် ၍ ထိခိုက်သည်၏ အစွမ်းဖြင့် ယူအပ်သည်၏ အဖြစ် ကြောင့် သြဠာရိက မည်၏။

သုခုမရုပ် ၁၆ ပါးတို့သည် ဝိသယီ, ဝိသယ ဖြစ်၍ ထိခိုက်သည်၏ အစွမ်းဖြင့် မယူအပ်သည်၏ အဖြစ် ကြောင့် သုခုမ မည်၏။

**မှတ်ချက်။** ကမ္မဋ္ဌာန်း စီးဖြန်းသော လက္ခဏာ စသည် အာ ရုံသည် ဝိသယ မည်၏။ ကမ္မဋ္ဌာန်း စီးဖြန်းသော စိတ်သည် ဝိသယီ မည်၏။

## ဟီနဒုက်

အကြင်, အကြင် အာယတန ဖြစ်၍ ဖြစ်သော ရုပ်၌ အကုသိုလ်၏ အကျိုးကြောင့် ဖြစ်သော ဝိညာဉ်သည် ဖြစ်၏။ ထိုအကုသလဝိပါက်ဝိညာဉ်၏ အာရုံ ဖြစ်သော ရုပ်သည် ဟီနရုပ် မည်၏။

အကြင်, အကြင် အာယတန ဖြစ်၍ ဖြစ်သော ရုပ်၌ ကုသိုလ်၏ အကျိုးကြောင့် ဖြစ်သော ဝိညာဉ်သည် ဖြစ်

၏။ ထိုကုသလဝိပါက်ဝိညာဉ်၏ အာရုံ ဖြစ်သော ရုပ်သည် ပဏီတရုပ် မည်၏။

## ဒုရဒုက်

သုခုမ ရုပ်သည် သိမ်မွေ့သည်ဖြစ်၍ ထိုးထွင်း၍ သိနိုင်ခဲသော သဘော ရှိသည်၏ အဖြစ်ကြောင့် ဉာဏ်နှင့် ဝေးသည်ဖြစ်၍ ဒုရရုပ် မည်၏။

သဋ္ဌာရိက ရုပ်သည် ရုန့်ရင်းသည် အဖြစ်ဖြင့် ထိုးထွင်း၍ သိလွယ်သော သဘော ရှိသည်၏ အဖြစ်ကြောင့် ဉာဏ်နှင့် နီးသည်ဖြစ်၍ သန္တိကေရုပ် မည်၏။

## ဒ။ ရုပ်နာမ်တို့၏ ပြစ်ခဉ်ကို ပြခြင်း

၁။ ကမ္မ။
၂။ ကမ္မသမုဋ္ဌာန။
၃။ ကမ္မပစ္စယ။
၄။ ကမ္မပစ္စယ စိတ္တသမုဋ္ဌာန။
၅။ ကမ္မပစ္စယ အာဟာရသမုဋ္ဌာန။
၆။ ကမ္မပစ္စယ ဥတုသမုဋ္ဌာန။ } ၆ ပုံးဖြင့် ၁၁။

၁။ စိတ္တ။
၂။ စိတ္တသမုဋ္ဌာန။
၃။ စိတ္တပစ္စယ။
၄။ စိတ္တပစ္စယ အာဟာရသမုဋ္ဌာန။
၅။ စိတ္တပစ္စယ ဥတုသမုဋ္ဌာန။ } ၅ ပုံးဖြင့် ၁၀။




အပေါင်းအားဖြင့် ၂၁ ပါး၊ ဤသို့အားဖြင့် ရုပ်နာမ် နှစ်ပါး သခ်ၤတ တရားတို့၏ ဖြစ်ပုံးခြင်း အစကို သိအပ်၏။

## ၁။ ကမ္မ

ထိုတွင် ရှေးရှေးသော ဘဝဌ္ဌ ယခု အစရှိသော ရုပ်နာမ်တို့ကို ဖြစ်ရာဖြစ်ကြောင်း ဖြစ်သော နာနာက္ခဏိက စေတနာ ၂၅ ပါးသည် ကံ မည်၏။

## ၂။ ကမ္မသမုဋ္ဌာန

ပဋိသန္ဓေစိတ်နှင့်တကွ နာမကွန္ဓာ လေးပါးတို့သည် ၎င်း၊ စက္ခုဒသက, သောတဒသက, ဃာနဒသက, ဇိဝှါဒသက, ကာယဒသက, ဘာဝဒသက, ဝတ္ထုဒသက ဟူ

သော ကံကြောင့် ဖြစ်သော ရုပ်သည်ရင်း ကမ္မသမုဋ္ဌာန် မည်၏။

## ၃။ ကမ္မပစ္စယ

ရင်းကမ္မသမုဋ္ဌာန တရားတို့သည်ပင်လျှင် ကံ ဟူသော အထောက်အပံ့ ရှိ၍ ကမ္မပစ္စယ မည်၏။

## ၄။ ကမ္မပစ္စယ စိတ္တသမုဋ္ဌာန

ပဋိသန္ဓေစိတ်လျှင် ဖြစ်ကြောင်း ရှိသော ကမ္မဇရုပ် ၃၀ သည် ကံလျှင် အထောက်အပံ့ ရှိသည်ဖြစ်၍ စိတ်လျှင် ဖြစ်ခြင်း ရှိရကား ကမ္မပစ္စယ စိတ္တသမုဋ္ဌာန် မည်၏။

## ၅။ ကမ္မပစ္စယ အာဟာရသမုဋ္ဌာန

ကံကြောင့် ဖြစ်သော ပဋိသန္ဓေ၏ ရုပ်တို့၌ ဌိသို့ ရောက်သော ဩဇာသည် တပါးသော ဩဇဋ္ဌမကရုပ်ကို ဖြစ်စေခြင်း၊ ရင်းဒုတိယ ဩဇဋ္ဌမကရုပ်၌ ဌိသို့ ရောက်သော ဩဇာသည် တတိယ ဩဇဋ္ဌမကရုပ်ကို ဖြစ်စေခြင်း၊ ရင်းနည်းတူ လေးဆက် ငါးဆက်သော ဩဇာကို ဖြစ်စေသော ရုပ်သည် ကမ္မပစ္စယ အာဟာရသမုဋ္ဌာန် မည်၏။

## ၆။ ကမ္မပစ္စယ ဥတုသမုဋ္ဌာန

ရင်းနည်းတူ ကံကြောင့် ဖြစ်သော ပဋိသန္ဓေစိတ်၏ ရုပ်တို့၌ ဌိသို့ ရောက်သော တေဇောဓါတ်သည် ဥတု

လျှင် ဖြစ်ကြောင်း ရှိသော သြဇဋ္ဌမကရုပ်ကို ဖြစ်စေ၏။ ထိုသြဇဋ္ဌမကရုပ်၌လည်း ဌီသို ရောက်သော ဥတုသည် တဘန် သြဇဋ္ဌမကရုပ်ကို ဖြစ်စေ၏။ ၎င်းနည်းတူ လေးဆက်ငင်း၊ ငါးဆက်ငင်း ကံကြောင့် ဖြစ်သော ဥတုတို့၏ အဆက်ဆက် ဖြစ်ခြင်းသည် ကမ္မပစ္စယ ဥတုသမုဋ္ဌာန် မည်၏။

ဤကား ကံ၊ ကံကြောင့် ဖြစ်သော စိတ်၊ ကံကြောင့် ဖြစ်သော အာဟာရ၊ ကံကြောင့် ဖြစ်သော ဥတုဟု ဆိုအပ်သော သန္ဓိတ တရားတို့၏ ဖြစ်ခြင်း အရင်းအစ ပေတည်း။

## ၁။ စိတ္တ

စိတ်တခုယုတ် ၉၀ သည် စိတ် မည်၏။ ထိုတွင်-

၁။ ဝုဋ္ဌေဝါ၊ ကာမဇော တခုယုတ် ၃၀၊ အဘိညာဉ်ဒွေ၊ ပေါင်း ၃၂ ပါးတို့သည် ရုပ်, ဂ္ဂရိယာပုထ်, ဝိညတ် သုံးပါးတို့ကို ဖြစ်စေနိုင်ကုန်၏။

၂။ မဟဂ္ဂုတ်, လောကုတ္တရာဇော ၂၃ ပါးတို့သည် ရုပ်, ဂ္ဂရိယာပုထ် ဒွစ်ပါးတို့ကို ဖြစ်စေနိုင်ကုန်၏။ ဝိညတ်ကို မဖြစ်စေနိုင်။

၃။ တဒါရုံ ကောဒသ၊ သမ္ပဋိစ္ဆိုင်းဒွေ၊ ရူပါဝစရ ဝိပါက် ငါးခု၊ ပဥ္စဒ္ဓါရာဝဇ္ဇန်းဟု ဆိုအပ်သော ၁၉ ပါးတို့သည် ရုပ်ကိုသာ ဖြစ်စေနိုင်၏။ ဂ္ဂရိယာပုထ်, ဝိညတ်တို့ကို မဖြစ်စေနိုင်ကုန်။

၄။ ဒွေပဉ္စဝိညာဉ် ၁၀၊ အရူပဝိပါက် ၄ ခု၊ ခပ်သိမ်းသော ပဋိသန္ဓေစိတ်, ရဟန္တာတို့၏ စုတိစိတ်။ ဝါ၊ ခပ်သိမ်းသော သူတို့၏ စုတိစိတ်အားဖြင့် ၁၉ ပါးတို့သည် ရုပ်, ဣရိယာပုထ်, ဝိညတ် သုံးပါးလုံးတို့ကို မဖြစ်စေနိုင်ကုန်။

ဆောင်ရန် လက်ာ။

ဝုဒ္ဓာ, ဇောလည်းကာမ, ဘိညာဉ်ဒွ၊ တိ်သဗာတ်ဟု ရေ။
ဆဗ္ဗိဓသ, မဟဂ္ဂါတ်, ဇောမှန်ကြဉ်၍ ထုတ်။
ရုဒ်, ရုဒ်, တဒါ၊ ဋ္ဌိဆ်ုင်းပါ၊ ရူပါဝိပါက်, ပဉ်ဒွါစွက်။
ဝိပါက်အရူ၊ ဆယ်ဝိဉ်ကူ၊ ဘိန္ဒ။ သန္ဓိဟော။
သုံးသဘော, ရုပ်, ဣ, ဝိ, နောက်က ယှဉ်၍, နဝယ် ထည့်။

ဤသို့ အပေါင်းအားဖြင့် ၇၇ ပါးသော စိတ်တို့သည် ရုပ်ကို ဖြစ်စေနိုင်သော စိတ် မည်ကုန်၏။

## ၂။ စိတ္တသမုဋ္ဌာန

သုံးပါးသော နာမက္ခန္ဓာ, သဒ္ဒါနဝက ကလောပ်, ကာယဝိညတ်, ဝစီဝိညတ်, အာကာသဓါတ်, လဟုတာ, မုဒုတာ, ကမ္မညတာ, ဥပစယ, သန္တတိ ဤသို့ အပေါင်းအားဖြင့် ၁၇ ပါးသော ရုပ်တို့သည် စိတ်ကြောင့် ဖြစ်ခြင်းကြောင့် စိတ္တသမုဋ္ဌာန် မည်၏။

## ၃။ စိတ္တပစ္စယ

တပိထိအတ္ထင်းဒွ် စိတ်တို့ အဆက်ဆက်ကြောင့် ဖြစ်သော စတုဇရုပ်သည် စိတ္တပစ္စယ မည်၏။

### ၄။ စိတ္တာပစ္စယ အာဟာရသမုဋ္ဌာန်

စိတ်ကြောင့် ဖြစ်သော ရုပ်တို့၌ ဌီသို့ ရောက်သော ဩဇာသည် တပါးသော ဩဇဋ္ဌမကရုပ်ကို ဖြစ်စေ၏။ ဤသို့ နှစ်ဆက်, သုံးဆက် ဖြစ်သော ဩဇဋ္ဌမကရုပ်သည် စိတ္တာပစ္စယ အာဟာရသမုဋ္ဌာန် မည်၏။

### ၅။ စိတ္တာပစ္စယ ဥတုသမုဋ္ဌာန

ပဋိသန္ဓေစိတ်နောင်, ပဌမဘဝင်၏ ဌီသို့ ရောက်သော ဥတုသည် တပါးသော ဩဇဋ္ဌမကရုပ်ကို ဖြစ်စေ၏။ ဤသို့ နှစ်ဆက်, သုံးဆက် ဩဇဋ္ဌမကရုပ်ကို ဖြစ်ခြင်းသည် စိတ္တာပစ္စယ ဥတုသမုဋ္ဌာန် မည်၏။

ဤသို့ စိတ်ကြောင့် ဖြစ်သော သန္ဓတ တရားတို့၏ ဖြစ်ပုံးခြင်း အစကို သိအပ်၏။

### ၁။ အာဟာရ

အလုပ် အလွှဲကို မပြုအပ်သော်လည်း ပြုအပ်သကဲ့သို့သော အာဟာရသည် အာဟာရ မည်၏။

### ၂။ အာဟာရသမုဋ္ဌာန

ဥပါဒိန္န ဖြစ်သော ကမ္မဇရုပ်ကို ထောက်ပံ့မှီ၍ အမှတ်မဲ့သော ကာလ၌ ဌီသို့ ရောက်သော ဩဇာသည် ဖြစ်စေအပ်သော ဩဇဋ္ဌမကရုပ်, အာကာသဓါတ်, လဟု

တာ, မုဒုတာ, ကမ္မညတာ, ဥပစယ, သန္တတိ ဤ ၁၄ ပါးသော ရုပ်သည် အာဟာရကြောင့် ဖြစ်သောကြောင့်၊ အာဟာရသမုဋ္ဌာန် မည်၏။

## ၃။ အာဟာရပစ္စယ

အာဟာရပစ္စယမှာ ဥပါဒိန္နရုပ်သို့ ရောက်အောင် ထောက်ပံ့ခြင်းကို ယူ။

## ၄။ အာဟာရပစ္စယ အာဟာရသမုဋ္ဌာန

အာဟာရကြောင့် ဖြစ်သော ရုပ်တို့၌ ဌီသို့ ရောက်သော ဩဇာသည် တပါးသော ဩဇဋ္ဌမကရုပ်ကို ဖြစ်စေ၏။ ဤသို့ ဆယ်ဆက်, ဆဲ့ခုနစ်ဆက် ဩဇဋ္ဌမကရုပ်တို့၏ ဖြစ်ခြင်းသည် အာဟာရပစ္စယ အာဟာရသမုဋ္ဌာန် မည်၏။

## ၅။ အာဟာရပစ္စယ ဥတုသမုဋ္ဌာန

ကမ္မဇာဟာရဟု ဆိုအပ်သော ဥပါဒိန္နကာဟာရ၏ ဌီသို့ ရောက်သော ရုပ်ကို ဖြစ်စေရာ၌ ဩဇာသည် တပါးသော ရုပ်ကို ဖြစ်စေ၏။ ဤသို့ လေးကြိမ်, ငါးကြိမ် ဆက်သော အခါ၊ အာဟာရကြောင့် ဖြစ်သော ဥတုသည် ဌီသို့ ရောက်၍ ဩဇဋ္ဌမကရုပ်ကို ဖြစ်စေ၏။ ဤသို့ ဖြစ်ခြင်းသည် အာဟာရပစ္စယ ဥတုသမုဋ္ဌာန် မည်၏။

အာဟာရသည် ဤသို့ အာဟာရကြောင့် ဖြစ်သော သန်တာန တရားတို့၏ ဖြစ်ပုံခြင်း အစကို သိအပ်၏။

## ၁။ ဥတု

လေးပါးသော အကြောင်းတို့ကြောင့် ဖြစ်သော တေဇောဓါတ်သည် ဥတု မည်၏။

## ၂။ ဥတုသမုဋ္ဌာန

ထိုဥတုသည် ဥပါဒိန္နရုပ်ကို ထောက်ပံ့၍ ဌီသို့ ရောက်လျက် ထိုဠ် ရုပ်ကို ဖြစ်စေ၏။ ထိုရုပ်သည် သဒ္ဒနဝက, အာကာသဓါတ်, လဟုတာ, မုဒုတာ, ကမ္မညတာ, ဥပစယ, သန္တတိ အားဖြင့် ပေါင်း ၁၅ ပါးသည် ဥတုသမုဋ္ဌာန် မည်၏။

## ၃။ ဥတုပစ္စယ

ဥတုပစ္စယလည်း ၎င်းတို့ပင် တည်း။

## ၄။ ဥတုပစ္စယဥတုသမုဋ္ဌာန

ဥတုကြောင့် ဖြစ်သော တေဇောဓါတ်သည် ဌီသို့ ရောက်၍ တပါးသော ဩဇဋ္ဌမကရုပ်ကို ဖြစ်စေ၏။ ဤနည်းအတူ ရှည်မြင့်စွာသော ကာလပတ်လုံး အနုပါဒိန္နဖြစ်သော အရိုး ပျောက်သည်တိုင်အောင် အဆက်ဆက် ဖြစ်ခြင်းသည် ဥတုပစ္စယ ဥတုသမုဋ္ဌာန် မည်၏။

## ၅။ ဥတုပစ္စယ အာဟာရသမုဋ္ဌာန

ဥတုကြောင့် ဖြစ်သော ဌီသို့ ရောက်သော ဩဇာသည် တပါးသော ဩဇဋ္ဌမကရုပ်ကို ဖြစ်စေ၏။ ဤသို့

ဆယ်ဆက်, ဆဲ့နှစ်ဆက် ဖြစ်ခြင်းသည် ဥတုပစ္စယ အာဟာရသမုဋ္ဌာန် မည်၏။

ဤသို့ ပြအပ်ခဲ့ပြီးသော လေးပါးသော သင်္ခတတရားတို့တွင် ရှေးရှေးသော ဘဝဋ္ဌ အမှတ်မဲ့သော ကံသည် ကံအစစ်ပင်တည်း။ ထိုကံကြောင့် ဖြစ်သော ပဋိသန္ဓေစိတ်၌ ပါသော ရုပ်နာမ်သည် ကံ၏ သားပင်တည်း။ ၎င်းစိတ်၏ ဋ္ဌိမှစ၍ ကလာပ်တို့၏ လေးဆက်, ငါးဆက် ဖြစ်ခြင်းသည် ကံ၏ မြေး, ကံ၏ မြစ်, ကံ၏ တို, ကံ၏ တွတ်တို့ပင် တည်း။ ၎င်းနည်းတူ ယခုထက်တိုင်တိုင် ဖြစ်ကုန်၏။ ဆက်၍ ဆက်၍ ဖြစ်ကုန်၏။

ပဋိသန္ဓေနောင် ပဌမဘဝင်၌ ဖြစ်သော နာမ်သည် စိတ် မည်၏။ ထိုစိတ်၏ ဋ္ဌိမှစ၍ ရုပ်တို့၏ နှစ်ဆက်, သုံးဆက် ဖြစ်ခြင်းသည် စိတ်သား, စိတ်မြေး, စိတ်မြစ်တို့ တည်း။ ၎င်းနည်းတူ ယခုထက်တိုင်တိုင် ဖြစ်ကုန်၏။

အမှတ်မဲ့သော ကာလ တပါးပါးသော စိတ်၏ ဥပါဒ်၌ ဖြစ်သော အာဟာရသည် အာဟာရ မည်၏။ ထိုအာဟာရကြောင့် ဖြစ်သော ရုပ်တို့၏ ဆယ်ဆက်, ဆဲ့နှစ်ဆက်သည် အာဟာရ၏ သား, မြေး, မြစ်, တို, တွတ်, ကျွတ်, ဆပ်, ဆပ်သား, ဆပ်မြေး စသည်တို့ပင်တည်း။ ၎င်းနည်းတူ ယခုထက်တိုင်တိုင် ဖြစ်ကုန်၏။

ဗဟိဒ္ဓဥတုနှင့် တွဲ၍ ဖြစ်သော ဥတုသည် ဥတု မည်၏။ ထိုဥတု၌ ပါသော တေဇောဓာတ်သည် အဆက်

ဆက် ဆောင်၍ အရိုး ပျောက်သည်တိုင်အောင်။ ဝါ၊ ကမ္ဘာပျက်သည်တိုင်အောင် ရုပ်တို့၏ အဆက်ဆက် ဖြစ်ခြင်းသည် ဥတု၏ သား, မြေး, မြစ် စသည်တို့ပင်တည်း။

## ၁၀။ လက္ခဏာရေး သုံးပါး၊ ဖုံးလွှမ်းပုံ သုံးပါး

လက္ခဏာရေး သုံးပါးတို့သည် အဘယ် တရားကို နှလုံးမသွင်းခြင်းကြောင့်၊ အဘယ် တရားသည် ဖုံးလွှမ်း အပ်သည် အဖြစ်ကြောင့်၊ မထင်ကုန်သနည်း။

## အနိစ္စ အစဉ် ဖုံးလွှမ်း

အကြင်, အကြင် ယောဂီသည် ရုပ်ဓမ္မ, နာမ်ဓမ္မတို့၏ ဖြစ်ပုံး ပျက်ချုပ်ဟန်ကို ကောန် နှလုံးမသွင်းခြင်းကြောင့်၊ ရုပ်တရား, နာမ်တရားတို့၏ ပုံးဆင့် ဆက်လက်၍ မပျက်သော အစဉ်ကို ငါပင်ဟု ထင်မှတ်သဖြင့် အစဉ်သည် ဖုံးလွှမ်းခြင်းကြောင့်၊ အနိစ္စလက္ခဏာကို မထင်နိုင်။ အကယ်၍ ဖြစ်ခြင်း, ပျက်ခြင်းကို နှလုံးသွင်းအံ့။ ရုပ်နာမ်တို့၏ အစဉ်ကို သိအံ့။ အနိစ္စကို ထင်နိုင်၏။

## ဒုက္ခ ဇာရိယာပုထိဖုံးလွှမ်း

ရုပ်နာမ်ဓမ္မတို့၏ ဖြစ်ခြင်းဖြင့် နှိပ်စက်ခြင်း, ပျက်ခြင်းဖြင့် နှိပ်စက်ခြင်းတို့ကို နှလုံးမသွင်းခြင်းကြောင့်၊ သွားခြင်း, ရပ်ခြင်း, ထိုင်ခြင်း, လျောင်းခြင်းတို့သည် ဖုံးလွှမ်းအပ်သည် အဖြစ်ကြောင့်၊ ဒုက္ခကို မထင်နိုင်။

အကယ်၍ အဘန်တလဲလဲ နှိပ်စက်သည်ကို နှလုံးသွင်းအံ့။ ရူပကာယ၏ ဂူရိယာပုထ်ကို ပိုင်းဖြတ်အံ့။ ဒုက္ခကို ထင်နိုင်၏။

## အနတ္တ အပေါင်းဖုံးလွှမ်း

ပထဝီ, အာပေါ် စသော အထူးထူးသော ဓါတ်၊ ဖဿ, ဝေဒနာ စသော အထူးထူးသော သဘောကို အသီးအသီး မိမိတို့၏ လက္ခဏာအားဖြင့် ဝေဘန်ခြင်းကို နှလုံးမသွင်းခြင်းကြောင့်ဂုဏ်း၊ သမ္မုဟဃန, ကိစ္စဃန, အာရမ္မဏဃနတို့သည် ဖုံးလွှမ်းအပ်သည် အဖြစ်ကြောင့်ဂုဏ်း၊ အနတ္တကို မထင်နိုင်။

အကယ်၍ အထူးထူးသော ဓါတ်, အထူးထူးသော နာမ်တို့ကို ဝေဘန်ခြင်းကို နှလုံးသွင်းအံ့၊ သမ္မုဟ, ကိစ္စ, အာရမ္မဏ ဟူသော ဃနကို ပိုင်းခြား၍ သိအံ့၊ အနတ္တကို ထင်နိုင်၏။

အနိစ္စလက္ခဏံ တာဝ ဥဒယဗ္ဗယာနံ အမနသိကာရာ သန္ဓိတိယာ ပဋိစ္ဆန္နတ္တာ နု ဥပဋ္ဌာတိ။ ဒုက္ခလက္ခဏံ အဘိဏှသမ္ပဋိပီဠနာယ အမနသိကာရာ ဣရိယာပထေဟိ ပဋိစ္ဆန္နတ္တာ နု ဥပဋ္ဌာတိ။ အနတ္တလက္ခဏံ နာနာဓါတုဝိနိဗ္ဘောဂသ္သ အမနသိကာရာ ဃနေန ပဋိစ္ဆန္နတ္တာ နု ဥပဋ္ဌာတိ။ ။ဝိသုဒ္ဓိမဂ်အဋ္ဌကထာ - ပဋိပဒါဉာဏဒဿန ဝိသုဒ္ဓိ နိဒ္ဒေသအဖွင့်။

တာဝ၊ ရှေးဦးစွာ။ အနိစ္စလက္ခဏံ၊ အနိစ္စလက္ခဏာသည်။ ဥဒယဗ္ဗယာနံ၊ ဖြစ်ခြင်း ပျက်ခြင်းတို့ကို။ အ

မနသိကာရာ၊ နှလုံးမသွင်းခြင်းကြောင့်။ သန္တိယာ၊ အစဉ်သည်။ ပဋိစ္ဆန္နတ္တာ၊ ဖုံးလွှမ်းအပ်သည်၏ အဖြစ်ကြောင့်။ နာ ဉပဒ္ဒဝါတိ၊ မထင်။

ဒုက္ခလက္ခဏံ၊ ဒုက္ခလက္ခဏာသည်။ အဘိဏှသမ္ပဋိပီဠနာယ၊ မပြတ် အဘန်တလဲလဲ နှိပ်စက်ခြင်းကို။ အမနသိကာရာ၊ နှလုံးမသွင်းခြင်းကြောင့်။ ဣရိယာပထေဟိ၊ ဣရိယာပုထ်တို့သည်။ ပဋိစ္ဆန္နတ္တာ၊ ဖုံးလွှမ်းအပ်သည်၏ အဖြစ်ကြောင့်။ နာ ဉပဒ္ဒဝါတိ၊ မထင်။

အနတ္တလက္ခဏံ၊ အနတ္တလက္ခဏာသည်။ နာနာဓါတူဝိနိဗ္ဘောဂဿ၊ ပထဝီ, အာပေါစသော အထူးထူးသော ဓါတ်၊ ဖဿ, ဝေဒနာ စသော အထူးထူးသော သဘာဝဓမ္မကို အသီးသီး ခွဲခြမ်းဝေဘန်ခြင်းကို။ အမနသိကာရာ၊ နှလုံးမသွင်းခြင်းကြောင့်။ ဃနေန၊ တခဲနက်သည်။ ပဋိစ္ဆန္နတ္တာ၊ ဖုံးလွှမ်းအပ်သည်၏ အဖြစ်ကြောင့်။ နာ ဉပဒ္ဒဝါတိ၊ မထင်။

## သမူဟဃနဿ

အချင်းချင်း ထောက်ပံ့၍ ပေါင်းစုကုန်သော ရုပ်, နာမ်တရားတို့၌ တပေါင်းတည်း ထင်ခြင်းသည် သမူဟဃန မည်၏။

## ကိစ္စဃနဿ

ထိုရုပ်, နာမ်တရားတို့တွင် ပထဝီသည် ပထဝီကိစ္စ, အာပေါသည် အာပေါကိစ္စ, ဖဿသည် ဖဿကိစ္စ,

ဝေဒနာသည် ဝေဒနာကိစ္စ စသည်ဖြင့် ယူအပ်ပါ
လျက် တပေါင်းတည်း ပြု၍ ကိုယ် ပြုသည် သူ ပြုသည်
စသည်ဖြင့် ယူခြင်းသည် ကံစွဲဃန မည်၏။

## အာရမ္မဏဃနဟေတု

အာရုံကို ယူတတ်ကုန်သော တရားတို့၏ အာရုံပြု
ခြင်း အထူးအပြားသည် ရှိပါလျက် ငါ သိသည် သူ သိ
သည် စသည်ဖြင့် ယူခြင်းသည် အာရမ္မဏဃန မည်၏။

## ၁၁။ ဥပက္ကိလေသတရား ဆယ်ပါးကို ပြခြင်း

### ၁။ သြဘာသ၏ သဘော

"သြဘာသ, ဉာဏ, ပီတိ, ပဿဒ္ဓိ, သုခ, အဓိ
မောက္ခ, ပဂ္ဂဟ, ဥပဋ္ဌာန, ဥပေက္ခာ, နိကန္တိ" ဟူသော
ဥပက္ကိလေသတရား ဆယ်ပါးတို့တွင် တပါး ဖြစ်စေ, နှစ်
ပါး ဖြစ်စေ စသည်ဖြင့် ဖြစ်ပေါ်လာတတ်၏။ ထိုဆယ်ပါး
တို့တွင် "သြဘာသ" ဟူသည် ပိပဿနာ၏ အရောင်
တည်း။ ထိုဝိပဿနာ၏ အရောင်အလင်းသည် တခါတရံ
မျှ မဖြစ်ဘူးဘဲ ဖြစ်လာ၍ "သြော် ငါသည် 'မင်'
ကို ရပေပြီ၊ 'ဖိုလ်' ကို ရပေပြီ"ဟု ထင်မှတ်မှား၍ အဓိ
မာန လွှမ်းမိုးတတ်သည်။ မိမိ၏ ကမ္မဋ္ဌာန်းကို လွှတ်၍
နေတတ်၏။ ထိုသြဘာသသည် အချို့သော သူအား
ဟတ္ထပါသ်, အချို့သော သူအား လေးတောင်, ငါး
တောင်, အတောင် တရာ, စကြဝဠာနှံ့မျှ ထင်တတ်

၏။ ၎င်းထင်လာသော အရောင်အလင်းကိုပင် "ဩဘာသ" ဟု ခေါ်၏။

## ၂။ ဥဂ္ဃာ၏ သဘော

အကြင် ယောဂီသည် မိမိ သုံးသပ်အပ်သော ရုပ်နာမ်ဓမ္မ သခ်ၤါရတို့၏ ဖြစ်ခြင်းကိုဌင်း၊ ပျက်ခြင်းကိုဌင်း သိကြားမင်း၏ ပစ်လွှတ်အပ်သော ဝဇိရစိန်ကဲ့သို့ ထက်မြက် စူးရှလျက် မြင်၏။ ဤသို့ မြင်သည်ကို "မဂ်" ဟု ထင်မှတ်တတ်၏။

## ၃။ ပီတိ၏ သဘော

အကြင် ယောဂီသည် ဝိပဿနာ စီးဖြန်းစဉ်ကာလ၌ ခုဒ္ဒကာပီတိ, ခဏိကာပီတိ, ဩက္ကန္တိကာပီတိ, ဥဗ္ဗေဂါပီတိ, ဖရဏာပီတိတို့သည် အစဉ်အတိုင်း ဖြစ်ကုန်၏။ ဤသို့ ဖြစ်သည်ကို "မဂ်" ဟု ထင်မှတ်တတ်၏။

## ၄။ ပဿဒ္ဓိ၏ သဘော

အကြင် ယောဂီသည် ဝိပဿနာ စီးဖြန်းစဉ်ကာလ၌ ညှဉ်ဒ္ဓဌင်း၊ နှေဒ္ဓဌင်း ကိုယ်, စိတ်တို့၏ ပူပန်ခြင်း မဖြစ်။ လေးသည် မဖြစ်၊ ကြမ်းထမ်းသည် မဖြစ်။ မခံ့သည် မဖြစ်။ ကျင်နာသည် မဖြစ်။ ကောက်သည် မဖြစ်။

စင်စစ်ကား ကိုယ်, စိတ်တို့၏ ငြိမ်းခြင်း, ပေါ့ပါးခြင်း, နူးညံ့ခြင်း, ခံ့ခြင်း, စင်ကြယ်ခြင်း, ဖြောင့်ခြင်း ဟူသော ဤခြောက်ပါးသော ဂုဏ်တို့နှင့် ပြည့်စုံသည်

ဖြစ်၍ လေးကျွန်းသေဋ္ဌနင်း မန္ဓာတ်မင်း, နတ်သိကြား တို့၏ ခံစားအပ်သော စည်းစိမ်ထက် ဆတက် ထောင်, ရာ, မကသာသော "အမာနုသီ" မည်သော ဝိပဿနာ ချမ်းသာကြီးကို ခံစားတော်မူလျက် နေတော်မူ၏။ ထို ခြောက်ပါးသော ဂုဏ်တို့နှင့် ပြည့်စုံစေ၍ နေသော ယောဂီသည် ငါသည် "မဂ်" ကို ရောက်ပြီဟု ထင်မှတ် တတ်၏။

## ၅။ သုခ၏ သဘော

အကြင် ယောဂီသည် ဝိပဿနာ စီးဖြန်းစဉ်ကာလ၌ ဝိပဿနာနှင့် ယှဉ်သော "စေတသိကသုခ" သည် ကိုယ် အလုံးကို စုတ်စိုစေလျက် အလွန် မြတ်သော ချမ်းသာ သည် ဖြစ်၏။ ဤသို့ ချမ်းသာသည်ကိုပင် "မဂ်"ဟု ထင် မှတ်တတ်၏။

## ၆။ အဓိမောက္ခ၏ သဘော

အကြင် ယောဂီသည် ဝိပဿနာ စီးဖြန်းစဉ်ကာလ၌ ကိလေသာ ချောက်ချားခြင်း ကင်းသဖြင့်၊ အလွန် ကြည် လင် သန့်ရှင်းသော၊ အလွန် အားရှိသော သဒ္ဓါတရား သည် ဖြစ်၏။ ထိုသဒ္ဓါတရားကိုပင် "မဂ်" ဟု ထင်မှတ် တတ်၏။

## ၇။ ပဂ္ဂဟ၏ သဘော

အကြင် ယောဂီသည် ဝိပဿနာ စီးဖြန်းစဉ်ကာလ၌ ဝိပဿနာနှင့် ယှဉ်သော၊ မလျော့သော၊ အားမထုတ်လွန်း

သော၊ ကောင်းစွာ ချီးပင့်သော ဝိရိယသည် ဖြစ်၏။ ဤဝိရိယကိုပင် "မဂ်" ဟု ထင်မှတ်တတ်၏။

### ၈။ ဥပဒ္ဒဝနှင့် သဘော

အကြင် ယောဂိသည် ဝိပဿနာ စီးဖြန်းစဉ်ကာလ၌ ဝိပဿနာနှင့် ယှဉ်သော၊ ကျောက်စာတိုင်နှင့် တူသော သတိသည် ဖြစ်၏။ ရှေးရှုသော ရုပ်နာမ်တရားတို့ကို နှလုံးသွင်းတိုင်း ရ၏။ ဆင်ခြင်တိုင်း ထင်၏။ သက်ဝင်၏။ ဤသတိကိုပင် "မဂ်" ဟု ထင်မှတ်တတ်၏။

### ၉။ ဥပေက္ခာ၏ သဘော

အကြင် ယောဂိသည် ဝိပဿနာ စီးဖြန်းစဉ်ကာလ၌ သင်္ခါရတို့ကို လျစ်လျူရှုခြင်း ရှိသည်ဖြစ်၍ သမ္မယုတ်တရားတို့ကို လျစ်လျူရှုလျက် သင်္ခါရတို့၌ အလွန် အားရှိသော ဥပေက္ခာသည် ဖြစ်၏။ ထိုဥပေက္ခာကိုပင် "မဂ်" ဟု ထင်မှတ်တတ်၏။

### ၁၀။ နိကန္တီ၏ သဘော

အကြင် ယောဂိသည် ဝိပဿနာ စီးဖြန်းစဉ်ကာလ၌ "သြဘာသ" စသည်တို့ဖြင့် တန်းဆာ ဆင်အပ်သော ဝိပဿနာ၌ အာသာငင်းငင်း တွယ်တာခြင်းကို ပြုလျက် သိမ်မွေ့ငြိမ်သက်သော တဏှာသည် ဖြစ်၏။ ထိုတဏှာကို သိမ်းဆည်းခြင်းငှါ မတတ်နိုင်။ ထိုကပ်ငြိတတ်သော တဏှာကိုပင်လျှင် "မဂ်" ဟု ထင်မှတ်တတ်၏။

## ၁၂။ ပက္ခဠန္နစသော စေါင်္ကလေးပါးတို့ကို ပြခြင်း

ဝိပဿနာ ဉာဏ် ကိုးတန်ကို ကောန် သိမြင်သော ယောဂိသည်လည်း အကြင်အခါ အနုလောမဉာဏ်သို့ သက်၍ အထက် မဂ်ဉာဏ်သို့ ကူးခြင်းငှါ ခံ့သည် ဖြစ်အံ့။ ထိုအခါ ဝိပဿနာဉာဏ် ဆယ်တန်တို့သည် လေးပါးသော ဓါတ်တို့၏ ကိစ္စကို ဆောင်နိုင်၏။ အဘယ် လေးပါးတို့နည်းဟူမူ-

"သမ္မသနဓါတ်, နိဗ္ဗိဒါဓါတ်, ပက္ခန္ဒနဓါတ်, ဩကာမ ဓါတ်" ဤလေးပါးတို့တည်း။ မကူးနိုင်သေးသည် ဖြစ်အံ့။ စတုတ္ထဓါတ်သို့ မရောက်နိုင်။ ထိုလေးပါးတို့တွင်-

### ၁။ သမ္မသနဓါတ်

အကြင် ယောဂိသည် ကောင်းစွာ ကျင့်သည်ဖြစ်၍ နိယကဗျတ္တ အာရုံအတွင်း၌ ရုပ်တရား, နာမ်တရားတို့၏ ဖြစ်ခြင်း, ပျက်ခြင်းတို့ကို သမ္မသနဉာဏ်, ဥဒယဗ္ဗယဉာဏ်, ဘင်္ဂဉာဏ်တိုင်အောင် ပစ္စက္ခအားဖြင့် သုံးသပ်၏။ ထိုယောဂိသည် သမ္မသနဓါတ်ကို ဆောင်နိုင်ပေ၏။

### ၂။ နိဗ္ဗိဒါဓါတ်

ထိုရုပ်နာမ်ဓမ္မ သင်္ခါရတို့၏ ဖြစ်ခြင်း, ပျက်ခြင်းတို့ကို အရှိန်မစဲ တသဲသဲ တရိပ်ရိပ် ဖြစ်, ပျက်ဟန်ကို ကောန် မုချ သိမြင်ရသည်ရှိသော်၊ ချမ်းသာဘွယ်, သာယာ

ဘွယ်, နှစ်သက်ဘွယ် တစုံတခုသော ရုပ်တရား, နာမ်တရားတို့ကို မမြင်။ ထိုသို့ ချမ်းသာဘွယ်, နှစ်သက်ဘွယ်, သာယာဘွယ် တစုံတခုသော ရုပ်တရား, နာမ်တရားတို့ကို မမြင်သော ယောဂီအား စိတ်၌ မပျော်မွေ့ခြင်း, ကိုယ်၌ ပူလောင်ခြင်းသို့ သက်၏။ ထိုယောဂီသည် ပုန်းအောင်းရာ, ကိုးကွယ်ရာ မရှိသည်ဖြစ်၍ ဘယဉာဏ်, အာဒီနဝဉာဏ်, နိဗ္ဗိဒါဉာဏ်တို့ဖြင့် မိမိ၏ ရုပ်နာမ်တို့၌ လည်းကောင်း၊ ဘဝ, ယောနိ, ဂတိတို့၌လည်းကောင်း လွန်စွာ ငြီးငွေ့၏။ ထိုယောဂီသည် နိဗ္ဗိဒါဓါတ်ကို ဆောင်နိုင်ပေ၏။

## ၃။ ပက္ခန္ဒနဓါတ်

ရုပ်တရား, နာမ်တရားတို့၏ ဖြစ်ခြင်း, ပျက်ခြင်း၌ ဘေးဟု ရှုလေ့ရှိသော ယောဂီအား ဤရုပ်တရား, နာမ်တရားသည် ပူလောင်ခြင်း ရှိ၏။ အလျှံ ပြောင်ပြောင် တောက်လောင်၏။ မျှားသော ဒုက္ခ ရှိ၏။ မျှားသော စိုးရိမ် ပူပန်ဘွယ် ရှိ၏။ အကယ်၍ ရုပ်တရား, နာမ်တရားတို့၏ မဖြစ်ခြင်း ရှိသော၊ ငြိမ်သက်သော၊ မြတ်သော၊ အလုံးစုံသော သန်ဓါရတို့၏ ငြိမ်းရာ ဖြစ်သော၊ ဥပဓိကင်းသော၊ တဏှာရာဂတို့၏ ချုပ်ငြိမ်းရာ ဖြစ်သော နိဗ္ဗာန်ကို အကယ်၍ ရငြားအံ့။ သြော် .. ကောင်းလေစွဟု နှလုံးပြု၍ ရုပ်တရား, နာမ်တရားတို့၏ ဖြစ်ခြင်း မရှိသော နိဗ္ဗာန်၌ မိမိ၏ စိတ်ကို မုစ္ဆိတုကမျတာဉာဏ်, ပဋိသန်ဓါဉာဏ်, သန်ဓါရပေက္ခာဉာဏ်တို့ဖြင့် ပြေးဝင်စေ၏။ ကြည်

စေ၏။ ရှင်စေ၏။ ထိုယောဂိသည် ပက္ခန္ဒနမါတ်ကို ဆောင်နိုင်ပေ၏။

## ၄။ သြက္ကမမါတ်

ထို ယောဂီသည် ပက္ခန္ဒနမါတ် ဟူ ဆိုအပ်သော သခ်ါရုပေက္ခာဉာဏ်ဖြင့် ရုပ်တရား, နာမ်တရားတို့၏ မဖြစ်ခြင်းငှါ ၎င်း ပက္ခန္ဒနမါတ် သခ်ါရုပေက္ခာဉာဏ် တည်းဟူသော ခရီးမှန်ကို အားထုတ်၏။ ရှာမှီး၏။ ပွါး များး၏။ အကြိမ် များစွာ ပြု၏။ ထိုသို့ အားထုတ်ရာ၌ ထိုနိဗ္ဗာန်ကို ရောက်ခြင်းအကျိုးငှါ သတိကို တည်စေ၏။ ဝီရိယကို ခိုင်စေ၏။ ပီတိကို ရှင်စေ၏။ ထိုယောဂီ အား ထို ဝိပဿနာစိတ်ကို အကြိမ်ကြိမ် အဘန်ဘန် နှစ်, လ မညောင်း ကောင်းစွာ နှလုံးသွင်းသည်ရှိသော်၊ သခ်ါရတို့၏ ဖြစ်ခြင်းကို လွန်၍ သခ်ါရတို့၏ ဖြစ်ခြင်း မရှိသော၊ နိဗ္ဗာန် တည်းဟူသော အာရုံတော်ကြီးသည် သက်လာပေ၏။ ထိုယောဂီသည် သြက္ကမမါတ်ကို ဆောင် နိုင်ပေ၏။

ထိုယောဂီသည် ဝုဋ္ဌာနဂါမိနီ ဝိပဿနာဉာဏ် ဟူ ဆိုအပ်သော ပဋိသခ်ါဉာဏ်, သခ်ါရုပေက္ခာဉာဏ်တို့ကို အဘန်ဘန် အာသေဝန, ဘာဝန, ဗဟုလီကရဏ ပြု သည်ရှိသော်၊ သဒ္ဓါ, ဝီရိယ, သတိ, အမာဓိ, ပညာ တို့သည် လွန်စွာ ထက်မြက်လျ၍ သြက္ကမခါတ် ဟူ ဆို အပ်သော "မဂ်ဉာဏ်" သို့ သက်တော့မည်ဖြစ်အံ့။ ထို

အခါ ၎င်းဝဠာနဂါမိနီ ဝိပဿနာဉာဏ်တို့သည် အနိစ္စ, ဒုက္ခ, အနတ္တတို့တွင် တပါးပါးကို နှလုံးသွင်း၍ "မနောဒ္ဓါရာဝဇ္ဇန်း, ပရိကံ, ဥပစာ, အနုလောမဉာဏ် ဟု ဆိုအပ်သော အနုလုံ, ဂေါတြဘူဉာဏ်ဟု ဆိုအပ်သော ဂေါတြဘူ" သို့ ပြေးဝင်၍ ၎င်း ဂေါတြဘူဉာဏ်သည် "မဂ်ဉာဏ်" အား အမှတ်ပေး၍ သက်စေလျက် ချုပ်ငြိမ်းလေ၏။

ပြခဲ့ပြီးသော လေးပါးသော ဓါတ်တို့တွင် သက္ကမဓါတ်ဟု ဆိုအပ်သော "သောတာပတ္တိမဂ်" ဉာနဒဿန ဝိသုဒ္ဓိကို ပစ္စက္ခအားဖြင့် သက်လိုသော ပြည့်စုံစေလိုသော ယောဂီသည် "ဥဒယ အစ အနုလောမ အဆုံး" "သမ္မသနဓါတ် အစ ပက္ခန္ဒနဓါတ် အဆုံး" ရှိသော ဝိပဿနာဉာဏ်တို့ကို အဘန်ဘန် အာသေဝန, ဘာဝန, ဗဟုလီကရဏ ပြုသည်ရှိသော်၊ ဝိပဿနာ အာနုဘော်အားလျော်စွာ ရုန့်ရင်း ကြမ်းကြုတ်ကုန်သော သစ္စာလေးပါးကို ဖုံးလွှမ်းတတ်သော မောဟကို ကွယ်စေအပ်သည်ရှိသော်၊ အလုံးစုံသော ရုပ်, နာမ်ဓမ္မ သင်္ခါရတို့၌ မိမိစိတ်သည် မပြေးဝင်, မတည်, နှလုံးမသွင်း, မကပ်, မငြို, ပဒုမ္မာကြာဘက်မှ လျှောကျသော ရေကဲ့သို့ တွန့်လိပ်၍ တည်၏။ အလုံးစုံသော သင်္ခါရနိမိတ် ဟူသော ဝိပဿနာအာရုံသည်လည်းကောင်း၊ အလုံးစုံသော အရှိန်မစဲ တသဲသဲ တလျှပ်လျှပ် စပ်၍ ဖြစ်တတ်သော ဥပါဒိန္နကခန္ဓာဟူသော ပဝတ္တ အာရုံသည်လည်းကောင်း အလွန် ကြောင့်

ကြသည်ဖြစ်၍ ထင်၏။ ထိုယောဂီအား အလုံးစုံသော နိမိတ္တ, ပဝတ္တ အာရုံသည် ကြောင့်ကြသောအားဖြင့် ထင်လတ်သော်၊ နှစ်ကြိမ်, သုံးကြိမ် မြောက်သော အနုလောမဉာဏ်၏ အဆုံးဌာ။ ဝါ၊ ပရိကံ, ဥပစာ, အနုလုံ၏ အဆုံးဌာ ဝိပဿနာအာရုံ ဟူသော သင်္ခါရ နိမိတ်မှ ကင်းသော အစဉ်မလပ် စပ်၍ ဖြစ်ခြင်း ဟူသော ပဝတ္ထအာရုံမှ ကင်းသော၊ သင်္ခါရ မဟုတ်သော၊ သင်္ခါရ၏ ချုပ်ရာဖြစ်သော နိဗ္ဗာန်ကို အာရုံပြုလျက် ပုထုဇ္ဇန်တို့၏ အနှယ်, အမည်, ပညတ်, အရာ, အခိုက်အတန့်ကို လွှမ်းမိုးဖျက်ဆီး၍ အရိယာတို့၏ အနှယ်, အမည်, ပညတ်, အရာ ဟူသော "အဝတ္ထာဘုံ" သို့ သက်ဝင်လျက် နိဗ္ဗာန်အာရုံဌာ ရှေးဦးစွာ တည်ခြင်း, နှလုံးသွင်းခြင်း, ဆင်ခြင်ခြင်း ဖြစ်၍ဖြစ်သော "မဂ်စိတ်" အား အနန္တရ, သမနန္တရ, အာသေဝန, ဥပနိဿယ, နတ္ထိ, ဝိဂတ ဟူသော ခြောက်ပါးသော ပစ္စယသတ္တိတို့ဖြင့် ကျေးဇူးပြုလျက် အပြီးသို့ ရောက်သော၊ အဦး ဖြစ်သော၊ ကန့်အားဖြင့် တကြိမ်သာ ဖြစ်အပ်သော ဂေါတြဘူဉာဏ်သည် ဖြစ်၍ ချုပ်၏။ မဂ်စိတ်သည်လည်း ထိုဂေါတြဘူဉာဏ် ပေးသော နိဗ္ဗာန်အာရုံအမှတ်ကို မလွှတ်မူ၍သာလျှင် အကြားမလပ် တစပ်တည်း လိုက်လျက် မဘောက်မထွင်း မခဲမစိတ်ဘူးသေးသော လောဘအစု, ဒေါသအစု, မောဟအစုတို့ကို ဘောက်ထွင်း ခဲစိတ်၍သာလျှင် ဖြစ်၏။ ထို့နောင် ဖိုလ်စိတ် နှစ်ကြိမ်, သုံးကြိမ် သက်၍ ချုပ်၏။

## ၁၃။ ခြောက်ပါးသော ဂုဏ်တို့ဖြင့် နိဗ္ဗာန်ကို ဖြန်ခြင်း

အသင်္ခတဓါတ် မွန်မြတ်သော နိဗ္ဗာန်အာရုံတော်ကြီးကို မြင်လိုလျှ၍ နောက်က ပြခဲ့ပြီးသောအတိုင်း အနိစ္စ, ဒုက္ခ, အနတ္တတို့ကို ဝေါတြဘူညာဏ်တိုင်အောင် စီးဖြန်းမယုတ် အားထုတ် ဆည်းပူးသော ယောဂီအား အကြင် အခါ ဝေါတြဘူညာဏ်သည် အမှတ်ပေးအပ်သည်ဖြစ်၍ နိဗ္ဗာန်ကို မြင်ခြင်းငှါ ခံ၏။ ထိုအခါ-

"အာကာရ, ဘာဝ, ဒဿန, သတ္တိ, လဟုက, လက္ခဏ" ဟူသော ၆ ပါးသော ဂုဏ်တို့ကို ဆောင်ယူလျက် မြင်တော်မူရာပေ၏။ ထိုစကားကို ထင်စွာ ခဲ့ဦးအုံး။ ထို ခြောက်ပါးတို့တွင်-

သမ္မသနဓါတ်, နိဗ္ဗိဒါဓါတ်, ပက္ခန္ဒနဓါတ် သုံးပါးကို လွန်၍ ဩကွမဓါတ်ဟု ဆိုအပ်သော လောကုတ္တရာ မဂ်စိတ်သည် သင်္ခါရနိမိတ် ဖြစ်သော အနိစ္စ အနိစ္စ ဟူသော နိမိတ္တအာရုံမှ၎င်း, အနမတဂ် စက်သံသရာ အဏ္ဏဝါဠ် လွန်စွာ ဆည်းပူးခြင်း သမုဒယကြောင့် ဖြစ်သော ဥပါဒိန္နကခန္ဓာ ဟူသော ပဝတ္တမှ၎င်း နိဗ္ဗာန် တည်းဟူသော အာရုံတော်ကြီးကို မပြုဘူး, မမြင်ဘူးပါဘဲလျက် ယခုမှ မြင်ရသောကြောင့်၊ နိမိတ္တ, ပဝတ္တ ဟူသော ၎င်း နှစ်ပါးစုံမှ လွှတ်လိုက်ရခြင်းသည် "အာကာရ" မည်၏။

ဤသို့ အာကာရ၏ အစွမ်းအားဖြင့် နိဗ္ဗာန်၏ အာရုံတော်ကြီးကို မြင်သော အခါ၌ နိမိတ္တ, ပဝတ္တ တည်းဟူသော အခြင်းအရာ နှစ်ပါးမှသာလျှင် ထမြောက်ရုံမဟုတ်သေး၊ ဝိပဿနာဉာဏ်စိတ်ဖြင့် တေဘူမက သင်္ခါရ တရားတို့ကို လောကီ ဝိပဿနာဉာဏ်ဖြင့် အနိစ္စ အစရှိသည်တို့၏ အစွမ်းအားဖြင့် ဖျတ်ဆီးသော အဆုံးဌိတ်စိတ်သည် ဘူမိလဒ္ဓ အစွမ်းအားဖြင့် တည်သော ဝဋ္ဋဒုက္ခ အပေါင်းကို ကောင်းစွာ ပယ်လျက် ကောင်းစွာ ငြိမ်းစေလျက် ဖြစ်တော်မူပေ၏။

## ရေအိုး တထောင်

ထိုသို့ ဝဋ္ဋဒုက္ခ အပေါင်းကို ကောင်းစွာ ပယ်လျက် ကောင်းစွာ ငြိမ်းစေလျက် ဖြစ်သော အခါ၊ မြေလွှစွာသော "ရေအိုး တထောင်" ကို မၪ် မိမိ၏ ထိပ်ထက်ဌ် သွန်းလောင်းလိုက်ဘိသကဲ့သို့ နိဗ္ဗာန် အာရုံကို မြင်သော အခါ ဖြစ်တော်မူရှာပေ၏။

ဝိပဿနာသမ္မာဒိဌ် စ တေဘူမကသင်္ခါရေ အနိစ္စာဒိဝသေန ပရိဝိဒ္ဓံသတိ၊ မဂ္ဂသမ္မာဒိဌ် ပန ပရိဝိဒ္ဓံသန ပရိယောသာနေ ဘူမိလဒ္ဓံ ဝဋ္ဋံ သမုဂ္ဃာတယမာနာ ဝူပသမယမာနာ သီတုဒကဃဋသဟဿ မတ္ထကေ အာသိဉ္စမာနာ ဝိယ ဥပ္ပဇ္ဇတိ။ ။မဟာစတ္တာရီသကသုတ် ဥပရိပဏ္ဏာသအဋ္ဌကထာ။

ဝိပဿနာသမ္မာဒိဌ် စ၊ ဝိပဿနာသမ္မာဒိဌ်သည်ကား။ တေဘူမကသင်္ခါရေ၊ တေဘူမကသင်္ခါရဟု ဆိုအပ်သော

ရုပ်နာမ် တရားတို့ကို။ အနိစ္စာဒိဝသေန၊ အနိစ္စံ အစရှိ သည်တို့၏ အစွမ်းအားဖြင့်။ ပရိဝိဒ္ဓံသတိ၊ တဏှာ, မာန, ဒိဋ္ဌိ မဖြစ်အောင် ဖျက်ဆီး၏။ မဂ္ဂသမ္မာဒိဋ္ဌိ ပန၊ မဂ္ဂသမ္မာ ဒိဋ္ဌိသည်လည်း။ ပရိဝိဒ္ဓံသနပရိယောသာနေန၊ ဝိပဿနာ သမ္မာဒိဋ္ဌိ ဖျက်ဆီးသော အဆုံး၌။ ဘူမိလဒ္ဓံ၊ ဘူမိလဒ္ဓ၏ အစွမ်းအားဖြင့် ရအပ်သော။ ဝဋ်၊ တေဘူမက ဝဋ် တရားကို။ သမုဿာတယမာနာ၊ ကောင်းစွာ ပယ်လျက်။ ဝူပသမယမာနာ၊ ငြိမ်းစေလျက်။ သီတုဒကဃဋသဒိသာ ဟာသံ၊ မြေလွှစွာသော ရေအိုး တထောင်ကို။ မတ္ထကေ၊ ထိပ်ထက်၌။ အာသိဉ္စမာနာ ဝိယ၊ သွန်းလောင်းလိုက်ဘိ သကဲ့သို့။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ {ဘာဝဘို့}

## ၁၄။ သန္ဓော လေးပါး၏ သဘောကို ပြခြင်း

### ဒု စက်ဆုပ်

နိဗ္ဗာန်၏ အာရုံတော်ကြီးကို မြင်ဆဲသော အခါ၌ နိမိတ္တ, ပဝတ္တတို့မှ ထမြောက်၍ ရူပကာယကြီးသည် ပိတိလွှမ်း၍ ချမ်းဇ တုန်လှုပ်ရုံမျှသာ မဟုတ်သေး၊ စင်စစ် မှာမူ နိဗ္ဗာန်၏ အာရုံတော်ကြီးကို မြင်ခြင်းဟူသည် သစ္စာ လေးပါးကို မြင်ခြင်းပင်တည်း။ ထို့ကြောင့် "အရိယ သစ္စာနဒဿနံ" ဟူ၍ ရှင်တော်ဘုရား ဟောတော်မူအပ် ပေ၏။

ထင်စေအံ့။ အရိယသစ္စာသည် ဒုက္ခသစ္စာ, သမုဒယ သစ္စာ, နိရောဓသစ္စာ, မဂ္ဂသစ္စာ ဟူ၍ လောကီသစ္စာ

ဒုစ်ပါး, လောကုတ္တရာသစ္စာ ဒုစ်ပါး။ ဝါ၊ လောကီသစ္စာ ဒုစ်ပါးခဲ့, လောကုတ္တရာသစ္စာ တပါးခဲ့အားဖြင့် လေးပါးအပြား ရှိ၏။ ထိုလေးပါးတို့တွင်-

တေဘူမက သင်္ခါရတရားဟု ဆိုအပ်သော ဤရုပ်, နာမ်တရား ခန္ဓာငါးပါး အပေါင်းသည် လွန်စွာ စက်ဆုပ်အပ်သည်၏ အဖြစ်ကြောင့် "ဒု" မည်၏။

## ခံ, အဆည်းနှိုး

ဤတေဘူမက သင်္ခါရတရားဟု ဆိုအပ်သော ရုပ်, နာမ် ဒုစ်ပါး သင်္ခါရဓာတ်တို့သည် ဖြစ်၍ ပျက်ခြင်း, ပျက်၍ ဖြစ်ခြင်း သာ ရှိခဲ့၏။ အနှစ် မရှိ။ ကောင်းကင်သို့ တက်သော ဝါဂွမ်းစိုင်ကို မီးလောင်သကဲ့သို့ဎ်း၊ ကောင်းကင်သို့ စုန့်စုန့်တက်သော ယမ်းစိုင်ကို မီးလောင်သကဲ့သို့ဎ်း တစုံတခု သုံးစားရစ်စရာ မကျန်ရစ် အဆည်းနှိုး ဖြစ်၍ "ခံ" မည်၏။ ထိုဒုစ်ပါးကို ပေါင်းသည်ရှိသော်၊ "ဒုက္ခံ" မည်၏။

## သစ္စာ, အမှန်

ထိုသို့ စက်ဆုပ်အပ်သော အဆည်းနှိုး သဉ်းတတ်သော သဘောအမှန်သည် "သစ္စာ" မည်၏။

ဒုက္ခောတိ ဇတ္ထ ဒုက္ကတိ အယံ သဒ္ဒါ ကုစ္ဆိတေ ဒိဿတိ၊ ခံသဒ္ဒါ ပန တုစ္ဆေ။ ။ပဋိသမ္ဘိဒါမဂ်အဋ္ဌကထာ။

ဒုက္ခောတိ ဇတ္ထ၊ ဒု။ ဒုက္ကတိ အယံ သဒ္ဒါ၊ ဒု ဟူသော ဤသဒ္ဒါသည်။ ကုစ္ဆိတေ၊ စက်ဆုပ်အပ်သော

အနက်၌။ ဒိဿတိ၊ ထင်၏။ ခံသဒ္ဒါ ပန၊ ခံ သဒ္ဒါ သည်ကား။ တုဿ၊ အချည်းနှီး သုဉ်းသော အနက်၌။ ဒိဿတိ၊ ထင်၏။

ဤသို့ စက်ဆုပ်အပ်သော ရုပ်, နာမ်ခမ္မ သခ်ါရတို့၏ ဖြစ်လျှင် ပျက်မြဲ, ပျက်လျှင် ဖြစ်မြဲ မလွဲကေန် အမှန်မုချ ဖြစ်ပေလျှ၍ "ဒုက္ခသစ္စာ" မည်၏။

## သံ, တ္ထယ်တာ, ယှဉ်

တေဘူမက သခ်ါရဟု ဆိုအပ်သော ရုပ်, နာမ်တရား တိကို လောဘစေတသိက်ဟု ဆိုအပ်သော သမုဒယ။

ဂုဏ်မှ ကြွင်းသော အကုသိုလ်စိတ်, အကုသုလ် စေတသိက်, ဥာဏဝိပ္ပယုတ်စိတ်, ဂုဏ်နှင့် ယှဉ်သော စေတသိက်တို့သည် "သမုဒယပက္ခ" မည်၏။

ထိုသမုဒယ, သမုဒယပက္ခတို့သည် သံသရာတွင် တမင်မင် စုံမက် နှစ်သက်ဘွယ်တာ၍ ယှဉ်ခြင်းသည် "သံ" မည်၏။

## ဥဒ, ဖြစ်

ထိုသမုဒယ, သမုဒယပက္ခတို့သည် မိမိကိုဂုဏ်း၊ ဒုက္ခကိုဂုဏ်း ဖြစ်စေခြင်းသည် "ဥဒ" မည်၏။

## အယ, ဖြစ်ကြောင်း

ထိုသမုဒယတို့သည် နောင်တဘန် ရုပ်, နာမ်တရားတို့၏ ဖြစ်ကြောင်းတည်းဟု အကြောင်းကို ပြခြင်းသည် "အယ" မည်၏။

ရင်းသဘာဝတရား သုံးပါးတို့သည် ပေါင်းဆုံ ယှဉ်တွဲ မှီဝဲ ထုံအပ်သည်ဖြစ်၍ စင်စစ်ကေန် မှန်သော ပရမတ္ထတရားသည် "သမုဒယသစ္စာ" မည်၏။

ဒုက္ခသမုဒယောတိ ဇတ္ထ သံဂ္ဂတိ အယံ သဒ္ဒါ သမာဂမော သမေတန္တိ အာဒိသု ဝိယ သံယောဂံ ဒီပေတိ၊ ဥဒဂ္ဂတိ အယံ သဒ္ဒါ ဥပ္ပန်ံ ဥဒိတန္တိ အာဒိသု ဝိယ ဥပ္ပတ္တိံ၊ အယသဒ္ဒါ ပန ကာရဏံ ဒီပေတိ။ ။ပဋိသမ္ဘိဒါမဂ်အဋ္ဌကထာ။

ဒုက္ခသမုဒယောတိ ဇတ္ထ၊ ဌ်။ သံဂ္ဂတိ အယံ သဒ္ဒါ၊ သံ ဟူသော ဤသဒ္ဒါသည်။ သမာဂမော သမေတန္တိ အာဒိသု ဝိယ၊ သမာဂမော သမေတံ ဤသို့ အစရှိသည် တို့ဌ်ဌကဲ့သို့။ သံယောဂံ၊ သံသရာတွင် တမင်မင် စုံမက်၍ ယှဉ်ခြင်း တည်းဟူသော အနက်ကို။ ဒီပေတိ၊ ပြ၏။ ဥဒဂ္ဂတိ အယံ သဒ္ဒါ၊ ဥဒ ဟူသော ဤသဒ္ဒါသည်။ ဥပ္ပန်ံ ဥဒိတန္တိ အာဒိသု ဝိယ၊ ဥပ္ပန်ံ ဥဒိတံ ဤသို့ အစရှိသည်တို့ဌ်ဌကဲ့သို့။ ဥပ္ပတ္တိံ၊ သမုဒယ, သမုဒယပက္ခတို့၏ ဖြစ်ခြင်း အနက်ကို။ ဒီပေတိ၊ ပြ၏။ အယသဒ္ဒါ ပန၊ အယ သဒ္ဒါသည်ကား။ ကာရဏ်၊ သမုဒယ ဒုက္ခတို့၏ ဖြစ်ကြောင်းအနက်ကို။ ဒီပေတိ၊ ပြ၏။

## ရောဓ, မဂ္ဂိတ် ကျင်လည်

အစမထင်သော သံသရာမှစ၍ အသင်္ခတဓါတ် မြတ်သော နိဗ္ဗာန် အာရုံတော်ကို မြင်ရသော သောတာပတ္တိမဂ်တိုင်အောင် ဘဝများစွာ သံသရာ၌ ရုပ်တရား,

နာမ်တရား ဥပါဒါနက္ခန္ဓာ ငါးပါးဟု ဆိုအပ်သော ဝဋ်ဒုက္ခတို့၏ အကြိမ်ကြိမ် အဘန်ဘန် အတန်တန် ကျင်လည်ရခြင်းသည် ''ရောဓ'' မည်၏။

## နိ, ချုပ်ငြိမ်း, မရှိ

ထိုခန္ဓာဓမ္မ ဝဋ်ဒုက္ခတို့၏ နိဗ္ဗာန်တည်းဟူသော အာရုံတော်ကို မျက်မှောက်ပြုရသောကြောင့်၊ သောတာပန်အား ခုနစ်ဘဝကို ထား၍ ချုပ်ငြိမ်းခြင်း, မရှိရခြင်း, တဘန် မဖြစ်ရခြင်းသည် ''နိ'' မည်၏။

ထိုသို နိဗ္ဗာန်တည်းဟူသော အာရုံတော်ကို ကောန်မြင်ဘူးသောကြောင့်၊ သံသရာ၌ ကျင်လည်တတ်သော ခန္ဓာဓမ္မ ဝဋ်ဒုက္ခတို့၏ မရှိခြင်းသည် စင်စစ် ကောန်အမှန် ဖြစ်သော သဘောတရား သုံးပါးတို့၏ အပေါင်းသည် ''နိရောဓသစ္စာ'' မည်၏။

ဒုက္ခနိရောဓန္တိ ဇေတ္ထ နိသဒ္ဒါ အဘာဝံ၊ ရောဓသဒ္ဒါ စ စာရကံ ဒီပေတိ။ တသ္မာ အဘာဝေါ ဇေတ္ထ သံသာရစာရကသင်္ခါတသ ဒုက္ခရောဓသဲ သဗ္ဗဂတိသုညတ္တာ။ ပဋိသမ္ဘိဒါမဂ်အဋ္ဌကထာ။

ဒုက္ခနိရောဓန္တိ ဇေတ္ထ၊ ဠ်။ ယသ္မာ၊ အကြင်ကြောင့်။ နိသဒ္ဒါ၊ နိ သဒ္ဒါသည်။ အဘာဝံ၊ မရှိခြင်း အနက်ကို။ ဒီပေတိ၊ ပြ၏။ ရောဓသဒ္ဒါ စ၊ ရောဓ သဒ္ဒါသည်ကား။ စာရကံ၊ သံသရာ၌ မပြတ် ကျင်လည်တတ်, ဖြစ်တတ်သော ဝဋ်ဒုက္ခ အပေါင်းကို။ ဒီပေတိ၊ ပြ၏။

တသ္မာ၊ ထို့ကြောင့်။ ဤ၊ ဤအသခ်ၤတဓါတ် မြတ်သော နိဗ္ဗာန်၌။ သဗ္ဗဂတိသုညတ္တာ၊ အလုံးစုံသော ယောနိ, ဂတိ, ဘုံ, ဌာန, ဘဝတို့မှ ဆိတ်သည်၏ အဖြစ်ကြောင့်။ သံသာရစာရကသခ်ၤါတသာ၊ သံသရာ၌ မပြတ်ကျင်လည် တတ်သော သဘောဟု ဆိုအပ်သော။ ဒုက္ခရောဓသာ၊ ခန္ဓာ ဟူသော ကျင်လည်ခြင်း၏။ အဘာဝေါ၊ မရှိခြင်း တည်း။

ထိုခန္ဓာမှ ဝင့်ဒုက္ခတို့၏ မရှိခြင်း အမှန်ကို သာမည ဖြင့် မရအပ်။ သမာဓိအာဂမ္မ, ဝိပဿနာအာဂမ္မ, မဂ္ဂ အာဂမ္မအားဖြင့် အာဂမ္မတရား သုံးပါးတို့တွင် မဂ္ဂ အာဂမ္မကို ရမှသာလျှင် ခန္ဓာမှ ဝင့်ဒုက္ခတို့၏ ကျင်လည် တတ်သော သဘော၏ မရှိခြင်း အမှန်ကို ကောန် ရပေ လိမ့်မည်။

ထင်စေအံ့။ သမာဓိအာဂမ္မသည် ကသိဏ်း, ပညတ် စသော ပဋိဘာဂ နိမိတ်ကို အာရုံပြုခြင်းကြောင့်၊ သံသ ရာမှ ထွက်မြောက်ကြောင်း မဟုတ်သေး။

ဝိပဿနာအာဂမ္မသည် သခ်ၤါရတရားကို အာရုံပြုသော် လည်း၊ သံသရာမှ ထွက်မြောက်ကြောင်းကား မှန်၏။ နိဗ္ဗာန်ကို အာရုံပြုသော မဂ္ဂအာဂမ္မကဲ့သို့ သမုစ္ဆေဒ မဟုတ်။ တဒင်္ဂ ဖြစ်ခဲ့ရကား စင်စစ် ထွက်မြောက် ကြောင်း မဟုတ်သေး။

မဂ္ဂအာဂမ္မသည်ကား နိဗ္ဗာန်ကို အာရုံ ပြုရသော ကြောင့်၊ စင်စစ် ထွက်မြောက်ကြောင်း မှန်ပေ၏။

ထို့သို့ မဂ္ဂင်္အာဂမမြဖြင့် ရအပ်, ရောက်အပ်, မျက်မှောက်ပြုအပ်သော ခန္ဓာဓံမမှ ဝဋ်ဒုက္ခတို့၏ ကျင်လည်ခြင်း၏ မရှိခြင်းဟူ ဆိုအပ်သော "နိရောဓ" သည်လည်း အကြောင်း နိရောဓ, အကျိုး နိရောဓံ ဟူ၍ နှစ်ပါး အပြား ရှိ၏။ ထို့တွင်-

အရိယာမဂ်ဖြင့် မျက်မှောက်ပြုရ၍ မဂ် လေးပါးတို့၏ သတ္တိအားလျော်စွာ ကိလေသာဘို့၏ ချုပ်ခြင်း မရှိခြင်းသည် အကြောင်း နိရောဓံ မည်၏။

ကိလေသ ဒုက္ခ, ခန္ဓာ ဒုက္ခတို့၏ အသစ်တဘန် ဖြစ်ပြန်ခြင်း မရှိ၊ စင်စစ် ငြိမ်းခြင်း သင်္ခါရ ဟူသော ပူပန်ခြင်း ငြိမ်းသောအားဖြင့် ငြိမ်းလတ္တံ့သော ပဋိသန္ဓေကိစ္စအားဖြင့် မဖြစ်နိုင်ခြင်း ဟူသော ချုပ်ခြင်းဖြင့် တခါတည်းပြီး ခန္ဓာဓံမမှ ဝဋ်ဒုက္ခတို့၏ ကျင်လည်ခြင်း၏ မရှိလတ္တံ့သော ရဟန္တာတို့၏ စုတိစိတ်တော်၏ ဘင်္ဂက္ခဏ၏ အခြားမဲ့သည် အကျိုး နိရောဓ မည်၏။

ထို့ရဟန္တာတို့၏ စုတိစိတ်တော်၏ ဘင်္ဂက္ခဏ၏ အခြားမဲ့ဥ ရအပ်, ရောက်အပ်သော အကျိုး နိရောဓ ဖြစ်သော နိဗ္ဗာန်ကို "အသင်္ခတဓါတု နိရောဓသစ္စံ" ဟု နေတို့ အဋ္ဌကထာ မိန့်မှာတော်မူအပ်သည်နှင့် အညီ စင်စစ် ပရမတ္ထ၏ အစွမ်းအားဖြင့် မတောက်မပြန် မှန်လှသော နိဗ္ဗာန်ကို "နိရောဓသစ္စာ" မည်၏ ဟူ၍ ဆိုအပ်၏။ ၎င်းအကျိုး ဖြစ်သော နိရောဓသည်ပင်လျှင် စင်စစ် အသင်္ခတဓါတ် ဖြစ်သော နိဗ္ဗာန် မည်၏။

## မဂ္ဂ-ရှာမိုး, သွား, ရောက်

မဂ္ဂသဒ္ဒါသည် သွားရာလမ်းကြောင်း ကောင်းသော ခရီးကိုလည်း ဟော၏။ ထိုမဂ္ဂသဒ္ဒါသည် ရံခါ ခရီးသက်သက်ကိုလည်း ဟော၏။ ဇနကအကြောင်း ဖြစ်သော လောကီမဂ်ကိုလည်း ဟော၏။

ထိုလောကီမဂ်သည်လည်း အကုသိုလ်မဂ်, ကုသိုလ်မဂ် ဟူ၍ နှစ်ပါးအပြား ရှိ၏။ ကုသိုလ်မဂ်သည်လည်း ဝဋ္ဋနိဿိတ ကုသိုလ်မဂ်, ဝိဝဋ္ဋနိဿိတ ကုသိုလ်မဂ်ဟူ၍ နှစ်ပါးအပြား ရှိ၏။ ထိုတွင်-

လူ့ပြည်, နတ်ပြည်, ဗြဟ္မာ့ပြည်ကို လိုလား တောင့်တ၍ ပြုအပ်သော ဒါန, သီလ, ဘာဝနာ အစရှိသော ဇနကအကြောင်းသည် ဝဋ္ဋနိဿိတ ကုသိုလ်မဂ် မည်၏။ ထိုဝဋ္ဋနိဿိတ ကုသိုလ်မဂ်၌လည်း လူ့ပြည်အစ, ဗြဟ္မာ့ပြည်အဆုံး ရှိသော ဘုမ္မိဘေဒ၊ ကာမကုသိုလ်အစ, အရူပကုသိုလ်အဆုံး ရှိသော ဇာတိဘေဒ စသည်တို့ကို ယူအပ်၏။

ဝိဝဋ္ဋနိဿိတကုသိုလ်မဂ်၌လည်း လူ့ပြည်, နတ်ပြည်, ဗြဟ္မာ့ပြည်တို့ကို မလိုလား မတောင်းတမူ၍ ပြုအပ်သော ဒါန, သီလ, ဘာဝနာဟူသော ဇနကအကြောင်း ရင်းကြီး သုံးပါးပင်တည်း။ ထိုတွင် လောကီ ဖြစ်သော ကာမကုသိုလ်အစ, အရူပကုသိုလ်အဆုံး ရှိသော ဇာတိဘေဒကိုလည်း သိအပ်၏။

"ဝိဝဋ္ဋနိဿိတကုသိုလ်အကျယ်ကို အလိုရှိမူ ကျေးဇူးရှင် ရှေသိမ်တော်တောရ ဆရာတော်ဘုရားကြီး ရေးသားတော်မူအပ်သော 'ဝိဝဋ္ဋပါရဂူကျမ်း'မှာ ကြည့်ဧလ။"

ဤအာနာပါန ကမ္မဋ္ဌာန်း အရာဋ္ဌကား လောကုတ္တရာမဂ် ဖြစ်ကြောင်း ကောင်းမြတ်သော ဇနကမဂ်ကို ဆည်းပူးရာ, ဆည်းပူးကြောင်း ဖြစ်၍ ဝိဝဋ္ဋနိဿိတ သီလ, သမာဓိ, ပညာ ဖြစ်သော ကုသိုလ်မဂ်သည် လောကုတ္တရာမဂ်ကို ရခြင်းအကျိုးငှါ ဖြည့်ကျင့်အပ်၏။

ထိုဝိဝဋ္ဋနိဿိတ ဖြစ်သော ကုသိုလ်မဂ်သည် "ပါရမီ"ကို ဆည်းပူးသော ဘဝက စ၍ လေးသင်္ချေနှင့် ကမ္ဘာတသိန်းတိုင်တိုင် ကြာသော်လည်း၊ အကျိုးဆက်တို့ကို မကုန်စေနိုင်၊ အကြင်အခါ အရဟတ္တမဂ်ဉာဏ်၏ ဝေါဒါန်သို့ ရောက်၏။ ထိုအခါ အောက်မဂ်တို့ကို ချန်လှပ်၍ ကြွင်းသမျှသော ဝိဝဋ္ဋနိဿိတကုသိုလ် ဇနကအကြောင်း ဟူသမျှသည် လောကုတ္တရာမဂ်ကို ဖြစ်စေခြင်း, ရောက်စေခြင်းအကြောင်းရင်းချည်းသာတည်း။

လောကီမဂ် ပြီး၏။

"နိဗ္ဗာန် မဂ္ဂတိ ဂဝေသတီတိ မဂ္ဂေါ၊ ကိလေသေ ဝါ မာရေန္တော ဂစ္ဆတီတိ မဂ္ဂေါ"ဟူသော ဝစနတ္ထတို့နှင့် အညီ နိဗ္ဗာန်ကို ရှာမှီးခြင်း, ကိလေသာကို သတ်လျက် နိဗ္ဗာန်ကို သွားခြင်း, ရောက်ခြင်း ဟူသော အနက်ကြောင့် "မဂ်" မည်၏။

ထိုမင်္ဂသည်လည်း သောတာပတ္တိမဂ်, သကဒါဂါမိမဂ်, အနာဂါမိမဂ်, အရဟတ္တမဂ်အားဖြင့် လေးပါး၊ "အဝတ္ထာ" အားဖြင့် တပါး ဟူသော ဇာတိဘေဒ စသည်ကို ရအပ်၏။ ထိုလောကုတ္တရာမဂ်သည် လောကီအကုသိုလ်, ကုသိုလ်မဂ်တို့ကဲ့သို့ ဇနက အကြောင်းမဟုတ်၊ နိဗ္ဗာန်ကို ရောက်စေတတ်သော အကြောင်းဖြစ်၍ သမ္မာပက အကြောင်းသာ ဖြစ်၏။ နိဗ္ဗာန်သည် အရိယာမဂ်သည် အာရုံပြုသောအားဖြင့် ရောက်အပ်သော အကျိုး မည်၏။

ထိုသမ္မာပက အကြောင်း ဖြစ်သော အရိယာမဂ်သည် စင်စစ် နိဗ္ဗာန်သို့ ရောက်ကြောင်း အမှန် ဖြစ်သော တရားသည် "အရိယ မဂ္ဂသစ္စာ" မည်၏။ ဤသို့ သစ္စာလေးပါးတို့၏ သဘောကို သိအပ်၏။

## ၁၅။ သစ္စာအနက် ဆဲခြေးက်ချက်ကို ပြခြင်း

### ဒုက္ခသစ္စာအနက် လေးပါး

အကြင် ယောဂီသည် ပြအပ်ခဲ့ပြီးသော အာနာပါန ကမ္မဋ္ဌာန်း၌ အကြင်အခါ ရုပ်ကို သိမ်းဆည်းခြင်း, နာမ်ကို သိမ်းဆည်းခြင်းဟူ ဆိုအပ်သော သိမ်းဆည်းခြင်းတို့ဖြင့် ရုပ်နာမ် ဒွန်စပါး သခ်ါရတရားတို့ကို ပိုင်းခြားထင်ထင် သိမြင်ခဲ့၏။ ထိုအခါ ပီဠန- နှိပ်စက်ခြင်း, သင်္ခတ-ပြုပြင်ခြင်း, သန္တာပ- ပူပန်ခြင်း, ဝိပရိဏာမ- ဘောက်

ပြန်ခြင်းဟု ဆိုအပ်သော အနက် လေးပါးတို့နှင့်တကွ ဒုက္ခသစ္စာ စတုက္ကကို လောကီ ဝိပဿနာဉာဏ်ဖြင့် ပြီး စေ၏။

## သမုဒယသစ္စာအနက် လေးပါး

အကြောင်းအခါ အကြောင်းကို သိမ်းဆည်းခြင်း, အဓိန့်ကို သိမ်းဆည်းခြင်းဟု ဆိုအပ်သော သိမ်းဆည်းခြင်းတို့ဖြင့် သိမ်းဆည်း၏။ ထိုအခါ အာယူဟန-အားထုတ်ခြင်း, နိဒါန-ဆောင်နှင်းခြင်း, သံယောဂ-ယှဉ်ခြင်း, ပလိဗောဓ-နှောင့်ရှက်ခြင်းဟု ဆိုအပ်သော အနက် လေးပါးတို့နှင့်တကွ သမုဒယသစ္စာ စတုက္ကကို လောကီ ဝိပဿနာဉာဏ်ဖြင့် ပြီးစေ၏။

## မဂ္ဂသစ္စာအနက် လေးပါး

အကြောင်းအခါ ဆည်းပူးအပ်ခဲ့သော ဒါန, သီလတို့၌ ၎င်း၊ သမာဓိတို့၌ ၎င်း၊ သမ္မာဒိဋ္ဌိဉာဏ်အစ, အနုလောမဉာဏ်အဆုံး ရှိသော ဝိပဿနာဉာဏ်တို့၌ ၎င်း ဝဋ်မှ ထွက်မြောက်လိုသဖြင့် ကောင်းစွာ အားထုတ် ဆည်းပူးပုံးများ၏။ ထိုအခါ ဖြစ်ခြင်း, ပျက်ခြင်းတို့ကို လောကီ မဂ္ဂသစ္စာဖြင့် ပုံးများ၍ ဖြစ်ခြင်း, ပျက်ခြင်း မရှိသော နိဗ္ဗာန်၌ ညွတ်, ကိုင်း, ရှိုင်းဝှမ်းလျက် သက်ဝင်သော စိတ်ကို ထား၍ အားထုတ်ခြင်းကြောင့် နိယျာန-ထွက်မြောက်ခြင်း, ဟေတု-နိဗ္ဗာန်ကို ရခြင်း အကြောင်း, ဒဿန-မြင်ခြင်း, အဓိပတေယျ-အစိုးရခြင်းဟု ဆိုအပ်

သော အနက် လေးပါးတို့နှင့်တကွ လောကီ မဂ္ဂသစ္စာ စတုက္ကကို လောကီ ဝိပဿနာဉာဏ်ဖြင့် ပြီးစေ၏။

## နိရောဓသစ္စာအနက် လေးပါး

ဂုဏ်းနည်းတူ နိဗ္ဗာန်ကို ညွတ်,ကိုင်း, ရှိုင်းဝှမ်းလျက် သက်ဝင်သော စိတ် ဖြစ်သော အခါ၌၊ နိဿရဏ- သံသရာမှ ထွက်မြောက်ခြင်း, ဝိဝေက- တဏှာမှ ဆိတ်ခြင်း, အသင်္ခတ - အကြောင်း တရားတို့သည် မပြုပြင်ခြင်း, အမတ - သေခြင်းမှ ကင်းခြင်းဟု ဆိုအပ်သော အနက် လေးပါးတို့နှင့်တကွ လောကီ နိရောဓသစ္စာ စတုက္ကကို လောကီ ဝိပဿနာဉာဏ်ဖြင့် ပြီးစေ၏။ {လောကီဘို့}

အကြင်အခါ လောကီကို လွန်မြောက်၍ လောကုတ္တရာသို့ ရောက်အံ့သော ယောဂီသည် နောက်က ပြုခဲ့အပ်ပြီးသော ဝိပဿနာဉာဏ် ဆယ်တန်တို့၌ သမ္မသနဓါတ်, နိဗ္ဗိဒါဓါတ်, ပက္ခန္ဒနဓါတ်တို့အားကို ဆောင်၍ ဩကွမဓါတ်သို့ သက်ခြင်းငှါ စွမ်းနိုင်၏။ ထိုအခါ အကြင် သင်္ခါရုပေက္ခာဉာဏ်သည် မိမိ ယူအပ်သော လက္ခဏာရေး သုံးပါးတို့တွင် တပါးပါးကို သုံးသပ်၍ "သောတာပတ္တိမဂ်"ကို ကူးအံ့သော အခါ၌၊ ဘဝင်္ဂစလန, ဘဝဂ္ဂ် ပဋ္ဆဒ, မနောဒ္ဓါရာဝဇ္ဇန်း, ပရိကံ, ဥပစာ, အနုလုံ, ဂေါတြဘူ, မဂ်, ဖိုလ်, ဖိုလ်, ဖိုလ်, ဘွင်, ဘွင် ဟူသော မဂ္ဂဝီထိသို့ သက်လာရ၏။

ထို ဝီထိ၌ အနုလုံတိုင်အောင်သော ဝုဋ္ဌာနဂါမိနီ ဝိပဿနာ ဖြစ်သော သင်္ခါရုပေက္ခာဉာဏ်သည် လောကီ

မဂ္ဂသစ္စာ၏ အစ္ဆမ်းဖြင့် သခ်ၤါရတရား့တို့ကို အာရုံပြု၏။ ထို့အနဲ့လောမညာဏ်၏ အခြားမဲ့၌ ဖြစ်သော ဂေါတြဘူ စိတ်, မဂ်စိတ်, ဖိုလ်စိတ်တို့သည်သာလျှင် နိဗ္ဗာန်ကို အာရုံပြုကုန်၏။ ထို့သို့ နိဗ္ဗာန်ကို အာရုံပြုရခြင်းကြောင့် ၎င်းမဂ်စိတ်သည် သံသရာမှ စင်စစ် ထွက်မြောက်ကြောင်း ကြီး ဖြစ်ပေ၍ လောဘ အစရှိသော ကိလေသာတို့ကို မဂ္ဂသမ္မာဒိဋ္ဌိ အစရှိသော လောကုတ္တရာမဂ်တရားတို့သည် ကောင်းစွာ ဖြတ်တောက်ကုန်၏။

ထို့သို့ ကိလေသာတို့ကို ဖြတ်နိုင်ခြင်းကား အာရမ္မဏိက ဖြစ်သော "မဂ်စိတ်" သည် အာရုံ ဖြစ်သော "နိဗ္ဗာန်" ကို အာရုံပြုရခြင်းကြောင့်သာ သမုစ္ဆေဒပဟာန်ဖြင့် ပယ်ဖြတ်နိုင်၏။ ထို့ကြောင့် အာရမ္မဏိက ဖြစ်သော "မဂ်စိတ်" သည် နိယျာန, ဟေတု, ဒဿန, အဓိပတေယျ ဟူသော သံသရာမှ ထွက်မြောက်ခြင်း, နိဗ္ဗာန်သို့ ရောက်ကြောင်း, နိဗ္ဗာန်ကို မြင်ခြင်း, သမ္ပယုတ် တရားတို့ထက် အကြီးအမှူး ဖြစ်ခြင်း အနက် လေးပါး တို့နှင့်တကွ လောကုတ္တရာ မဂ္ဂသစ္စာစတုက္ကကို ပြီးစေ၏။

အာရုံ ဖြစ်သော အသင်္ခတဓါတ် မြတ်သော နိဗ္ဗာန်တည်းဟူသော နိရောဓသစ္စာသည် အနမတဂ် စက် သံသရာ အဏ္ဏဝါဝယ် လွန်စွာ ဆင်းရဲခြင်း တည်းဟူသော ကိလေသဒုက္ခ, ခန္ဓဒုက္ခ အပေါင်းကို ချုပ်ငြိမ်းကြောင်း ဖြစ်၍ နိဿရဏ, ဝိဝေက, အသင်္ခတ, အမတ ဟူသော သံသရာမှ ထွက်မြောက်ခြင်း, သမုဒယသစ္စာ

တဏှာမှ ဆိတ်ခြင်း, အကြောင်းတရား လေးပါးတို့သည် မပြုပြင်ခြင်း, သေခြင်းမှ ကင်းခြင်း အနက် လေးပါးတို့နှင့်တကွ လောကုတ္တရာ နိဗ္ဗာနသစ္စာစတုက္ကကို ပြီးစေ၏။

## ၁၆။ အလုပ်လမ်းရှိုးတို့ အခါကို ပြခြင်း

ထိုမဂ္ဂသစ္စာစတုက္က နိဗ္ဗာနသစ္စာစတုက္က ဆိုက်ခြင်းကို အကြောင်း အဆုံးပြု၍ "ပဓါနအလုပ်" လမ်းရိုးတို့၌ "မုစ္စန, သစ္ဆိကိရိယ, ပဿဒ္ဓိ"ကို ပြအပ်၏။ထိုတွင်—

၁။ ဝိပဿနာဉာဏ်မှ လွတ်လိုက်ခြင်းသည် "မုစ္စန" မည်၏။

၂။ နိဗ္ဗာန်ကို မြင်လိုက်ရခြင်းသည် "သစ္ဆိကိရိယ" မည်၏။

၃။ ဖိုလ်စိတ်တို့၏ ငြိမ်းချမ်းခြင်းသည် "ပဿဒ္ဓိ" မည်၏။

တနည်း။ သိလည်း သိစေ, မသိလည်း မသိစေနှင့်, မြင်လည်း မြင်လိုက်စေကို ယူအပ်၏။ ထိုတွင်—

၁။ ဝိပဿနာဉာဏ်ကို သိခြင်းသည် "သိလည်း သိစေ" မည်၏။

၂။ ဝိပဿနာဉာဏ်မှ လွတ်လိုက်ခြင်းသည် "မသိလည်း မသိစေနှင့်" မည်၏။

၃။ နိဗ္ဗာန်ကို မြင်လိုက်ခြင်းသည် "မြင်လည်း မြင်လိုက်စေ" မည်၏။

တနည်း။ နိမိတ္တ၊, ဗတ္တ၊, ပကော, ညာဏရို့, သင်္ခ ရော ဟူ၍ ငါးပါးအပြား ရှိ၏။ ထိုတွင်-

၁။ အကြင် ယောဂီအား ဥဂ္ဂဟနိမိတ်, ပဋိဘာဂ နိမိတ်တို့ကို မြင်ရခြင်းသည် "နိမိတ္တ၊" မည်၏။

၂။ ဝတ္တ၊ရုပ်တို့ကို မြင်ရခြင်းသည် "ဗတ္တ၊" မည်၏။

၃။ ပုဗ္ဗကိစ္စ လေးပါးကို သိမ်းဆည်းရခြင်းသည် "ပကော" မည်၏။

၄။ ဝိပဿနာညာဏ် ဆယ်တန်ကို မြင်ရခြင်းသည် "ညာဏရို့" မည်၏။

၅။ ဝိပဿနာညာဏ် ဆယ်တန်ကို လွှတ်၍ နိဗ္ဗာန်ကို အာရုံပြုသဖြင့် "မဂ်" သို့ ပြောင်းရွှေ့လိုက်ရခြင်းသည် "သင်္ခရော" မည်၏။

## ၁၇။ နိဗ္ဗာန်မြင်ပုံ ဥပမာ ခြောက်ပါးကို ပြခြင်း

ဤနိဗ္ဗာန်သစ္စာ ဖြစ်သော "နိဗ္ဗာနဓါတ်" သည် ပရမတ္ထတရား၊တို့တွင် အကဲ အလွန်, အမွှန် အမြတ်ဆုံး ဖြစ်၍ အလွန် စင်ကြယ်သော တရားထူး ဖြစ်ပေ၏။ ထို အလွန် စင်ကြယ်သော "နိဗ္ဗာနဓါတ်" ကို မြင်ရသော ခဏကို "သောတာပတ္တိမဂ်" ဟု ခေါ်ရ၏။ ထိုနိဗ္ဗာန်ကို မြင်သော အခိုက်၌ ပရမတ္ထတရား အပေါင်းတို့သည် အလွန် စင်ကြယ်ခြင်းသို့ ရောက်ကုန်၏။ ထိုသို့ ရောက်ခြင်းသည် မြင်ခြင်း ပင်တည်း။

ပရမတ္ထတရားတို့၏ အထူးသဖြင့် စင်ကြယ်ခြင်းသို့ ရောက်သောအခါ၊ မြင်အပ်သော အာရမ္မဏိက ဖြစ်သော "မင်္ဂစိတ်"ဖြင့် အာရုံ ဖြစ်သော သင်္ခါရတို့မှ လွတ်ငြိမ်းရာ ဖြစ်သော နိဗ္ဗာန်ကို မြင်ခြင်းသည်ပင် ပထမ သောတာပတ္တိမဂ်ပုဂ္ဂိုလ် မည်၏။

## အလင်း တောက်ပ

ထိုသောတာပတ္တိမဂ်ပုဂ္ဂိုလ်သည် နိဗ္ဗာန်ကို မြင်လိုက်သောအခါ၌ ဥာဏ်ထက်သော သူတို့အား မိုဃ်းကောင်းကင်ပြည့်မျှ အလွန် ကြည်လင်သန့်ရှင်းသော "တခဲနက် တောက်ပသော အလင်းကြီး"ကို မြင်လိုက်ရ၏။

## နေ နှင့် လ

ဥာဏ်နှံ့သော သူတို့အား မှန်းတည့်အခါ ထွန်းလင်းသော "နေလုလင်"ကို ဦးဖြင့် တိုက်လိုက်ရဘိသကဲ့သို့ ၎င်း၊ ဟတ္ထပါသ်အတွင်း၌ မြင်လိုက်ရဘိသကဲ့သို့ ၎င်း၊ သရဒအခါ "လမင်း"ကို မြင်လိုက်ရဘိသကဲ့သို့ ၎င်း အလွန် စင်ကြယ် သန့်ရှင်းသော "အရောင်အလင်းကြီး"ကို မြင်ရတတ်၏။

ထိုသို့ မြင်လိုက်ရသည်ရှိသော်၊ မင်္ဂ, ဖိုလ်တို့၏ အာရုံဖြစ်သော နိဗ္ဗာန်ကို မဂ္ဂသစ္စာစတုက္ကဟု ဆိုအပ်သော နိဗ္ဗာန်ကို မဂ္ဂသစ္စာစတုက္ကဖြင့် ကောန် မျက်မှောက်ပြုသည် မည်၏။ ခန္ဓာ ငါးပါးတို့ ချုပ်ငြိမ်းဟန်ကို မြင်လိုက်ရသည်

မည်၏။ {ခက်ခဲစ္ဆ}။ ထိုသို့ တခဲနက်သော အရောင်အလင်းကြီးကို မြင်ရာ၌-

၁။ အာလောကသညာကို မြင်ခြင်း။

၂။ ပညိန္ဒြိယုဉ်ခြင်းကို မြင်ခြင်း။

၃။ ပဋိဘာဂနိမိတ်ကို မြင်ခြင်း။

၄။ ဩဘာသကို မြင်ခြင်း။

၅။ ဗလဝဆိုက်သည်ကို မြင်ခြင်း။

၆။ နိဗ္ဗာန်ကို မြင်းခြင်း။

အားဖြင့် ခြောက်ပါးအပြား ရှိ၏။ ထိုတွင်—

၁။ မိမိ၏ တဆဲ့နှစ်တောင်ထွာ ဟတ္ထပါသ်အတွင်း၌ ပဋိဘာဂနိမိတ်၏ သတ္တိကြောင့် ကြည့်တိုင်းမြင်ခြင်းသည် "အာလောကသညာကို မြင်ခြင်း" မည်၏။

၂။ အကြင်ယောဂီ၏ သမာဓိသည် လွန်စွာ ငြိမ်သက်သည်ဖြစ်၍ ညဉ့်အခါ ပိုးစုန်းကြူးတောက်သကဲ့သို့၎င်း၊ ပိုးပြိတ္တာ ကွန့်မြူးသကဲ့သို့၎င်း၊ မီးဖုံးကို ချသကဲ့သို့၎င်း စသည်ဖြင့် ပွင့်၍ မြင်ခြင်းသည် "ပညိန္ဒြိယုဉ်သည်ကို မြင်ခြင်း" မည်၏။

၃။ အကြင်ယောဂီ၏ သမာဓိသည် ငြိမ်သက်လျှက် ဥဂ္ဂဟနိမိတ်ကို ဘောက်ထွင်း လှုပ်မိုး၍ ဖလိတုံး, မှန်တုံး, စိန်တုံး, မီးခဲ, ရှဲ, ပတ္တမြား, မြသား, ပုလဲသွယ် စသည်တို့ကဲ့သို့ မြင်ခြင်းသည် "ပဋိဘာဂနိမိတ်ကို မြင်ခြင်း" မည်၏။

၄။ အကြင်ယောဂီသည် သမာဓိ ရင့်လှသည်ဖြစ်၍ ကမ္မဋ္ဌာန်းကို နှလုံးသွင်းစဉ် အတွင်း၌ ဟတ္ထပါသိကို လှန်၍ တတိုင်, နှစ်တိုင်, တသောင်း, နှစ်သောင်း စသည် တို့ဖြင့် ဘောက်ထွင်း၍ မြင်ခြင်းသည် "ဩဘာသကို မြင်ခြင်း" မည်၏။

၅။ အကြင်ယောဂီသည် ဝိပဿနာ၏ အတွင်း၌၎င်း, အနီး၌၎င်း, အဝေး၌၎င်း မီးတောက်, မီးလျှံ, အခိုး, တိမ်တောင်, နဂါးပတ်, လျှပ်စစ်နယ်ရောင် စသည်တို့ကို မြင်းခြင်းသည် "ဗလဝဆိုက်သည်ကို မြင်ခြင်း" မည်၏။

ထိုငါးပါးသော မြင်ခြင်းတို့တွင် တပါးပါးကို မြင်သော ယောဂီသည် "အာကာရ, ဘာဝ, ဒဿန, သတ္တိ, လဟုက, လက္ခဏာ" တို့နှင့် မပြည့်စုံခြင်းကြောင့် နိဗ္ဗာန သစ္စာကို မျက်မှောက်ပြုသည်မမည်။

၆။ အကြင်ယောဂီသည် ဆိုအပ်ပြီးသော "မဂ်ဂုဏ် ခြောက်ပါး"ကို ဆောင်လျက် ဆိုခဲ့ပြီးသောအတိုင်း အလှန် စင်ကြယ်သန့်ရှင်းသော တခဲနက် တောက်ပသော "အရောင်အလင်းကြီး"ကို မြင်လိုက်ရ၏။ ထိုသို့ မြင်လိုက်ရသည်ရှိသော်၊ မဂ်, ဖိုလ်တို့၏ အာရုံ ဖြစ်သော နိဗ္ဗာန သစ္စာဟု ဆိုအပ်သော နိဗ္ဗာန်တော်ကြီးကို မဂ္ဂသစ္စာ စတုက္ကဖြင့် ကောန် မျက်မှောက်ပြုသော ခြောက်ခု မြောက်သော မြင်ခြင်း မည်၏။

## မင်္ဂိကို သိလို ဖိုလ်နှင့် မေး

ထိုသို့ နိဗ္ဗာန်ကို မြင်ခြင်း မှန်ပါလျှင် တဘန့် ဥဒယ, ဝယ ဉာဏ်ကို အစပြု၍ နိဗ္ဗာန်သည် ငြိမ်သက်၏, မှန်မြတ်၏ဟု နိဗ္ဗာန်သို့ စိတ်ကို ညွှတ်ကိုင်းစေလျက် "ဖလသမာပတ်"ဖြင့် သုံးသပ်ပါမူ ဝသီဘော်နိုင်လောက်လျှင် သုံးသပ်တိုင်း, သုံးသပ်တိုင်း ထိုနိဗ္ဗာန်၏ အာရုံတော်ကြီးကို "မင်္ဂ"၌ ကဲ့သို့ မြင်လာရတတ်၏။ ဝသီဘော်နိုင်လောက်လျက်နှင့် နိဗ္ဗာန်ကို မမြင်ရပါမူ၊ "မင်္ဂ" ဟူ၍ မဆိုအပ်။ {သတိရှိကြစေ}။ ထို့ကြောင့် "မင်္ဂကို သိလို ဖိုလ်နှင့် မေး" ဟူသတတ်။ {ဒဿနဘို့}

## ၁၈။ မင်္ဂ လေးပါး ပယ်စဉ်ကို ပြခြင်း

ဤသို့ အလွန် စင်ကြယ် သန့်ရှင်းသော တခဲနက်တောက်ပသော အရောင်အလင်းကြီး ရှိသော နိဗ္ဗာန်ကို မြင်တတ်သော မင်္ဂစိတ်၏ သတ္တိကြောင့် မင်္ဂလေးပါးတို့၏ ပယ်စဉ်ကို လင်္ကာဖြင့် သိအပ်၏။

### လင်္ကာ

ပယ်ကြရိယာ၊ ယောဇနာမှာကား၊ မှတ်ပါ ဒိဋ္ဌိ၊ ဝိစိသီလဗ်၊ ဤသုံးရပ်ကို၊ 'သောတာပ်' ပယ်ခဲ့!၊ ကာမရာဂ၊ ပဋိဃကို၊ ပယ်ထ 'နာဂါမ်'၊ ကြွင်းငါးတန်ကို၊ အရဟန်မှာ၊ ပယ်နိုင်ကြ၏။ ။ဆယ်ဝ ကိလေ၊ ယင်းအနေတွင်၊ ဒိဋ္ဌေ ဝိစိ၊ 'ပတ္တိ' ပယ်ရ၊ ဒေါသ 'နာဂါမ်'၊ ကြွင်းသတ္တံ

ကို၊ 'အရဟန်' ခေါ်။ ။မိစ္ဆတ္တဝယ်၊ ဒိဋ္ဌ, မု, ပါ၊ ဒိန္နာ, ကာမေ၊ မိစ္ဆဇီဝ၊ သောတ' ပယ်ခဲ့၊ မိစ္ဆာသင်္ကို၊ ပိုဖရူကို၊ ပယ်မှု 'နာဂါမ်'၊ ကြွင်းခြောက်တန်ကို၊ 'အရဟန်' ပစ်။ ။ဓမ္မရှစ်ဝယ်၊ ဖြစ်သည် အလာ၊ အယသာနှင့်၊ ဒုက္ခာ နိန္ဒ၊ ဤလေးဝကို၊ ပယ်ကြ 'နာဂါမ်'၊ လေးတန် ဆုံးဘိ။ ။မစ္ဆရိုင်း၊ ပယ်ငြား 'ပထမ'။ ။ဝိပလ္လ ဝယ်၊ အနိစ္စ သုံး၊ အနတ် သုံးနှင့်၊ ပေါင်းရုံးဒုက္ခ၊ အသုဘ မှု၊ ဒိဋ္ဌကို ယူ၍၊ ရှစ်မှု 'သော' ပ၊ အသုဘ၌၊ သညစိတ္တာ၊ 'အနာ' ပယ်ရ၊ ဒုက်ပလ္လ၌၊ သညစိတ္တာ၊ ပယ်ခဲ့ 'စတုတ္ထ'။ ။ဂန်လေးဝ၌၊ သီလ ဣန္ဒံ၊ ပယ်ပြန် 'ပထမ'၊ ဗျာပါဒကို၊ 'တတိယ' ခဲ့၊ အဘိစ္ဆာမှု၊ ပယ်ရာ ဆုံးဘိ။ ။ဂတိ 'သော' ခဲ့၊ သြ ယော ဂ၊ သူ၊ ဤခဲ့ဒ၌၊ ဒိဋ္ဌ 'သောတာ'၊ ကာမာ 'နာဂါမ်'၊ နှစ်တန် ဆုံးပ။ ။နီဝရဏ၌၊ ကိစ္ဆာ 'သော' ပစ်၊ ကာမစ် ဗျာကု၊ သုံးခု 'နာ' ပယ်၊ သုံးသွယ်ဆုံးပ၊ ဥပါဒ၌၊ ဒိဋ္ဌ သီအတ်၊ သုံးရပ် 'သော' ခဲ့၊ ကာမာဆုံးပ။ ။နုသယဝယ်၊ ဒိဋ္ဌ ကိစ္ဆာ၊ 'သောမင်' ခဲ့၍၊ ကာမာ ပဋိ၊ ပယ်ဘိ 'အနာ'၊ သုံးဖြာ 'ဟတ္ထ'။ ။သုံးမလတွင်၊ ဒေါသ 'နာ' ပစ်၊ ကြွင်းလစ် 'ဟန္ဒာ'။ ။ဒု ဆယ်ဖြာတွင်၊ ဒိဋ္ဌ ပါ ဒိန္နာ၊ ကာမေ မုသာ၊ ဤငါးဝကို၊ 'သောတာ' ပယ်ပြု၊ ပိုဖရူ ဗျာ၊ သုံးဖြာ 'နာ' ပစ်၊ ကြွင်းနှစ် 'ဟတ္ထ'။ ။စိတ်ဒုဂါဒ၌၊ ဒိဋ္ဌယောဂါ၊ စိကိစ္ဆာကို၊ 'သောတာ' ပယ်လစ်၊ ဒေါ 'နာ' ပစ်၏၊ ကြွင်းလစ် ငါးဝ၊ 'စတုတ္ထ' တည်း။ ။ပရာမ ပ ပယ်။ ။လေးသွယ်မဂ္ဂ၊ လေးဝဖလ၊ ယင်းအနေတွင်၊

ဝသေသန၊ 'သော' က ငါးဆယ်၊ 'နာ' ဝယ် သတ်ဗီ၊ သတ်စာလီကို၊ ဆုံးမည်ပယ်ကြ၊ နုကရကား၊ 'သော'အား သတ်ဗီ၊ ထို့ပြီ 'သကဒါ'၊ 'အနာ' သတ်ဇော၊ အကုန် ယောမူ၊ ဇောဒ္ဓကော၊ ပေါင်းရုံးရသည်။ ။ဂန္ထအဆိ နက်လေးတည်း။

## လက်ဝဲ၏ အစ်ပွါယ်ကား

### ၁။ သံယောဇဉ် ဆယ်ပါး

ကာမရာဂ၊ ရူပရာဂ၊ အရူပရာဂ၊ ပဋိဃ၊ မာန၊ ဒိဋ္ဌ၊ သီလဗ္ဗတပရာမာသ၊ ဝိစိကိစ္ဆာ၊ ဥဒ္ဓစ္စ၊ အဝိဇ္ဇာ။

### ၂။ ကိလေသာ ဆယ်ပါး

လောဘ၊ ဒေါသ၊ မောဟ၊ မာန၊ ဒိဋ္ဌိ၊ ဝိစိကိစ္ဆာ၊ ထိန၊ ဥဒ္ဓစ္စ၊ အဟိရိက၊ အနောတ္တပ္ပ။

### ၃။ မိစ္ဆတ္တ တဆဲ့ငါးပါး

မိစ္ဆာဒိဋ္ဌိ၊ မိစ္ဆာသင်္ကပ္ပ၊ မိစ္ဆာဝါစာ လေးပါး၊ မိစ္ဆာကမ္မန္တ သုံးပါး၊ မိစ္ဆာအာဇီဝ၊ မိစ္ဆာဝါယာမ၊ မိစ္ဆာသတိ၊ မိစ္ဆာသမာဓိ၊ မိစ္ဆာဝိမုတ္တိ၊ မိစ္ဆာဉာဏ။

### ၄။ လောကဓံ ရှစ်ပါး

လာဘ၊ အလာဘ၊ ယသ၊ အယသ၊ သုခ၊ ဒုက္ခ၊ နိန္ဒာ၊ ပသံသာ။

## ၅။ မစ္ဆရိယ ငါးပါး

အာဝါသမစ္ဆရိယ၊ ကုလမစ္ဆရိယ၊ လာဘမစ္ဆရိယ၊ ဓမ္မမစ္ဆရိယ၊ ဝဏ္ဏမစ္ဆရိယ။

## ၆။ ဝိပလ္လာသ တဆဲ့နှစ်ပါး

အနိစ္စေ နိစ္စသညာဝိပလ္လာသ။
ဒုက္ခေ သုခသညာဝိပလ္လာသ။
အနတ္တေ အနတ္တသညာဝိပလ္လာသ။
အသုဘေ သုဘသညာဝိပလ္လာသ။
အနိစ္စေ နိစ္စစိတ္တဝိပလ္လာသ။
ဒုက္ခေ သုခစိတ္တဝိပလ္လာသ။
အနတ္တေ အတ္တစိတ္တဝိပလ္လာသ။
အသုဘေ သုဘစိတ္တဝိပလ္လာသ။
အနိစ္စေ နိစ္စဒိဋ္ဌိဝိပလ္လာသ။
ဒုက္ခေ သုခဒိဋ္ဌိဝိပလ္လာသ။
အနတ္တေ အတ္တဒိဋ္ဌိဝိပလ္လာသ။
အသုဘေ သုဘဒိဋ္ဌိဝိပလ္လာသ။

## ၇။ ဂန္ထ လေးပါး

အဘိဇ္ဈာကာယဂန္ထ၊ ဗျာပါဒကာယဂန္ထ၊ သီလဗ္ဗတပရာမာသကာယဂန္ထ၊ ဣဒံသစ္စာဘိနိဝေသကာယဂန္ထ။

## ၈။ အဂတိ လေးပါး

ဆန္ဒာဂတိ၊ ဒေါသာဂတိ၊ မောဟာဂတိ၊ ဘယာဂတိ။

## ၉။ ဩဿ လေးပါး

ကာမောဃ၊ ဘဝေါဃ၊ ဒိဋ္ဌောဃ၊ အဝိဇ္ဇောဃ။

## ၁၀။ ယောဂ လေးပါး

ကာမယောဂ၊ ဘဝယောဂ၊ ဒိဋ္ဌိယောဂ၊ အဝိဇ္ဇာယောဂ။

## ၁၁။ အာသဝ လေးပါး

ကာမာသဝ၊ ဘဝါသဝ၊ ဒိဋ္ဌာသဝ၊ အဝိဇ္ဇာသဝ။

## ၁၂။ နီဝရဏာ ငါးပါး

ကာမစ္ဆန္ဒနီဝရဏာ၊ ဗျာပါဒနီဝရဏာ၊ ထိနမိဒ္ဓနီဝရဏာ၊ ဥဒ္ဓစ္စကုက္ကုစ္စနီဝရဏာ၊ ဝိစိကိစ္ဆာနီဝရဏာ။

## ၁၃။ ဥပါဒါန် လေးပါး

ကာမုပါဒါန်၊ ဒိဋ္ဌုပါဒါန်၊ သီလဗ္ဗတုပါဒါန်၊ အတ္တဝါဒုပါဒါန်။

## ၁၄။ အနုသယ ခုနစ်ပါး

ကာမရာဂါနုသယ၊ ဘဝရာဂါနုသယ၊ ပဋိဃာနုသယ၊ မာနာနုသယ၊ ဒိဋ္ဌာနုသယ၊ ဝိစိကိစ္ဆာနုသယ၊ အဝိဇ္ဇာနုသယ။

## ၁၅။ မလ သုံးပါး

လောဘ၊ ဒေါသ၊ မောဟ။

## ၁၆။ အကုသလကမ္မပထ ဆယ်ပါး

ပါဏာတိပါတာ၊ အဒိန္နာဒါန၊ ကာမေသုမိစ္ဆာစာရ၊ မုသာဝါဒ၊ ပိသုဏဝါစာ၊ ဖရုသဝါစာ၊ သမ္ဖပ္ပလာပ၊ အဘိဇ္ဈာ၊ ဗျာပါဒ၊ မိစ္ဆာဒိဋ္ဌိ။

## ၁၇။ အကုသိုလ်စိတ် တဆဲ့နှစ်ပါး

## ၁၈။ ဒိဋ္ဌိပရာမာသ တပါး

## သောတာပန် ၅၀ ပယ်

သံယောဇဉ်၌ ဒိဋ္ဌိ၊ သီလဗ္ဗတပရာမာသ၊ ဝိစိကိစ္ဆာ သုံးပါး။

ကိလေသာ၌ ဒိဋ္ဌိ၊ ဝိစိကိစ္ဆာ နှစ်ပါး။

## မိစ္ဆတ္တ ခြောက်ပါး

မိစ္ဆာဒိဋ္ဌိ၊ မုသာဝါဒ၊ ပါဏာတိပါတာ၊ အဒိန္နာဒါန၊ ကာမေသုမိစ္ဆာစာရ၊ မိစ္ဆာအာဇီဝ။

## မစ္ဆရိယ ငါးပါး အားလုံးပယ်

## ဝိပလ္လာသ ၅၅ပါး

အနိစ္စ နိစ္စသညာ ဝိပလ္လာသ။
အနိစ္စ နိစ္စစိတ္တ ဝိပလ္လာသ။
အနိစ္စ နိစ္စဒိဋ္ဌိဝိပလ္လာသ။
အနတ္တ အတ္တသညာဝိပလ္လာသ။
အနတ္တ အတ္တစိတ္တဝိပလ္လာသ။

အနတ္တေ အာတ္တဒိဋ္ဌိဝိပလ္လာသ။
ဒုက္ခေ သုခဒိဋ္ဌိဝိပလ္လာသ။
အသုဘေ သုဘာဒိဋ္ဌိဝိပလ္လာသ။

## ဂန္ထ နှစ်ပါး

သီလဗ္ဗတပရာမာသ ကာယဂန္ထ၊ ဣဒံသစ္စာဘိနိဝေသ ကာယဂန္ထ။

## အဂတိ လေးပါး အားလုံးပယ်

ဆြဿဒ္ဓိ ဒိဋ္ဌေဿ တပါး။
ယောဂဿ ဒိဋ္ဌိယောဂ တပါး။
အာသဝဿ ဒိဋ္ဌာသဝ တပါး။
နိဝရဏဿ ဝိစိကိစ္ဆာနိဝရဏ တပါး။
ဥပါဒါနဿ ဒိဋ္ဌုပါဒါန၊ သီလဗ္ဗတုပါဒါန၊ အတ္တဝါဒုပါဒါန သုံးပါး။
အနုသယဿ ဒိဋ္ဌာနုသယ၊ ဝိစိကိစ္ဆာနုသယ နှစ်ပါး။

## အကုသလကမ္မပထ ငါးပါး

ပါဏာတိပါတ၊ အဒိန္နာဒါန၊ ကာမေသုမိစ္ဆာစာရ၊ မုသာဝါဒ၊ မိစ္ဆာဒိဋ္ဌိ။
အကုသိုလ်စိတ်၌ ဒိဋ္ဌိဂတသမ္ပယုတ် လေး၊ ဝိစိကိစ္ဆာ ငါးပါး။
ဒိဋ္ဌိပရာမာသ တပါး။
ဤ ၅၀ ကို သောတာပန် ပုဂ္ဂိုလိက ပယ်၏။

## အနာဂါမိန် ၂၇ ပါး ပယ်။

သံယောဇဉ်၌ ကာမရာဂ၊ ပဋိဃ နှစ်ပါး။
ကိလေသာ၌ ဒေါသ တပါး။
မိဆိုတ်၌ မိစ္ဆာသင်္ကပ္ပ၊ ပိသုဏဝါစာ၊ ဖရုသဝါစာ သုံးပါး။
လောကဓံ၌ အလာဘ၊ အယသ၊ ဒုက္ခ၊ နိန္ဒာ လေး ပါး။

## ဝိပလ္လာသ နှစ်ပါး

အသုဘေ သုဘသညာဝိပလ္လာသ။
အသုဘေ သုဘစိတ္တဝိပလ္လာသ။
ဂန္ထ၌ ဗျာပါဒကာယဂန္ထ တပါး။
ဩဃ၌ ကာမောဃ တပါး။
ယောဂ၌ ကာမယောဂ တပါး။
အာသဝ၌ ကာမာသဝ တပါး။

## နီဝရဏ သုံးပါး

ကာမစ္ဆန္ဒနီဝရဏ၊ ဗျာပါဒနီဝရဏ၊ ကုက္ကုစ္စနီဝရဏ။
အနုသယ၌ ကာမရာဂါနုသယ၊ ပဋိဃာနုသယ နှစ်ပါး။
မလ၌ ဒေါသ တပါး။
အကုသလကမ္မပထ၌ ပိသုဏဝါစာ၊ ဖရုသဝါစာ၊ ဗျာပါဒ သုံးပါး။

အကုသိုလ်စိတ်၌ ဒေါသမူ နှစ်ပါး။
ဤ ၂၇ ပါးကို အနာဂါမ် ပုဂ္ဂိုလ်က ပယ်၏။ သက
ဒါဂါမ် ပုဂ္ဂိုလ်က ခေါင်းပါးရုံ တနုကရသာ ပြုနိုင်၏။

## ရဟန္တာ ၄၇ ပါး ပယ်။

### သံယောဇဉ် ငါးပါး

ရူပရာဂ၊ အရူပရာဂ၊ မာန၊ ဥဒ္ဓစ္စ၊ အဝိဇ္ဇာ။

### ကိလေသာ ခုနစ်ပါး

လောဘ၊ မောဟ၊ မာန၊ ထိန၊ ဥဒ္ဓစ္စ၊ အဟိရိက၊
အနောတ္တပ္ပ။

### မိစ္ဆတ္တ ခြောက်ပါး

သမ္မပ္ပလာပ၊ မိစ္ဆာဝါယာမ၊ မိစ္ဆာသတိ၊ မိစ္ဆာသမာ
ဓိ၊ မစ္ဆာဝိမုတ္တိ၊ မစ္ဆာဉာဏ။
လောကဓံ့ဂ် လာဘ၊ ယသ၊ သုခ၊ ပသံသာ လေးပါး။

### ဝိပလ္လာသ နှစ်ပါး

ဒုက္ခေ သုခသညာဝိပလ္လာသ။
ဒုက္ခေ သုခစိတ္တဝိပလ္လာသ။
ဂန္ထဥ် အဘိဇ္ဈာကာယဂန္ထ တပါး။
ဩဃဥ် ဘဝေါဃ၊ အဝိဇ္ဇောဃ နှစ်ပါး။
ယောဂဥ် ဘဝယောဂ၊ အဝိဇ္ဇာယောဂ နှစ်ပါး။

အာသဝဉ္ဈ ဘဝါသဝ၊ အဝိဇ္ဇာသဝ နှစ်ပါး။
နိဝရဏဉ္ဈ ထိန, မိဒ္ဓ နိဝရဏ၊ ဥဒ္ဓစ္စနိဝရဏ သုံးပါး။
ဥပါဒါန်ဉ္ဈ ကာမုပါဒါန တပါး။
အနုသယဉ္ဈ ဘဝရာဂါနုသယ၊ မာနာနုသယ၊ အဝိဇ္ဇာနုသယ သုံးပါး။
မလဉ္ဈ လောဘ၊ မောဟ နှစ်ပါး။
အကုသလကမ္မပထဉ္ဈ သမ္ဖပ္ပလာပ၊ အဘိဇ္ဈာ နှစ်ပါး။
အကုသိုလ်စိတ်ဉ္ဈ ဒိဋ္ဌိဂတဝိပ္ပယုတ် လေးပါး၊ ဥဒ္ဓစ္စ ငါးပါး။

ဤ ၄၇ ပါးကို ရဟန္တာပုဂ္ဂိုလ်က ပယ်၏။ အနာဂါမ်ပုဂ္ဂိုလ်က ခေါင်းပါးရုံ တနုကရသာ ပြုနိုင်၏။ အားလုံးပေါင်းမူ ၁၂၄ ပါး ဖြစ်၏။

အာဂုံကို လိုမူ ဥာဏဒဿနဝိသုဒ္ဓိနိဒ္ဒေသအဖွင့် ဝိသုဒ္ဓိမဂ်အဋ္ဌကထာမှာ ယူ။

## ၁၉။ သောတာပန်၏ ဂုဏ် ခုနစ်ပါးကို ပြခြင်း

၁။ သောတာပတ္တိမဂ်ဖြင့် ကိလေသာတို့ကို ဘောက်ထွင်း၍ ပယ်ရုံသာ မဟုတ်သေး၊ စင်စစ်သော်ကား အနုမတဂ် စက်သံသရာ အဏ္ဏဝါဟု ဆိုအပ်သော ကိလေသာ ဒုက္ခ, ခန္ဓာ ဒုက္ခ တည်းဟူသော မဟာသမုဒ္ဒရာရေကို ခုနစ်ဘဝကို ချန်လှပ်၍ ခန်းခြောက်စေခြင်း။

၂။ အလုံးစုံသော အပါယ်တံခါးတို့ကို ပိတ်စေခြင်း။

၃။ သဒ္ဓါ, သီလ, သုတ, စာဂ, ပညာ, ဟိရီ, ဩတ္တပ္ပတည်းဟူသော သူတော်ကောင်း ဥစ္စာ ခုနစ်ပါးဘိုကို မျက်မှောက်ပြုခြင်း။

၄။ မိစ္ဆာဒိဋ္ဌိ, မိစ္ဆာသင်္ကပ္ပ စသော မိစ္ဆာမဂ္ဂင် ရှစ်ပါးကို ပယ်ခြင်း။

၅။ ပါဏာတိပါတ စသော ငါးပါးသော ရန်တို့ကို ငြိမ်းစေခြင်း။

၆။ မြတ်စွာဘုရား၏ ရှေရှင်တော်နှစ် သားတော် အစစ် အဖြစ်သို့ ရောက်ခြင်း။

၇။ ရတနာ သုံးပါးဌ မတုန်မလှုပ်သော ယုံကြည်ခြင်းအားဖြင့် ခုနစ်ပါးသော တံဆိပ်တို့ဖြင့် ခတ်နှိပ်ခြင်း စသည်ကို ခံတော်မူရ၏။

သရဏဂုံ သုံးပါးနှင့်တကွ ငါးပါးသော သီလနှင့် ပြည့်စုံပြီးသော သောတာပန်သည် ယခု ဘဝမှ စုတေ၍ ဘဝတပါးဌ မိမိကိုယ်ကို အရိယာ ဖြစ်ပြီးသော အဖြစ်ကို မသိပါငြားသော်လည်း၊ ပါဏာတိပါတ စသော ငါးပါးသော သီလကို အရိယာတို့ ဓမ္မတာအားဖြင့် မပြစ်မှား မလွန်ကျူးဘဲ

## စကြာမင်း စည်းစိမ်

တစုံတယောက်သော သူသည် ထိုသူကို "အချင်းယောကျ်ား.... ဤပိုးရှ, ခြပုန်းငယ်ကို သတ်ပါမူကား 'လေးကျွန်းသေဋ္ဌနင်း စကြာမင်း' အဖြစ်ကို ရပေအံ့" ဟု ဆိုပါငြားသော်လည်း၊ မသတ်တော့ပြီ။

## ခေါင်းဖြတ် ခံပံ့

ထိုနည်းအတူ "ဟယ် အချင်းယောကျ်ား ဤခြပုန်းငယ်ကို သတ်လော့။ အကယ်၍ မသတ်လျှင်၊ သင်၏ဦးခေါင်းကို ငါ ဖြတ်အံ့" ဟု ဆိုပါငြားသော်လည်း၊ မသတ်။ ဦးခေါင်းကို အဖြတ်ခံပံ့ရှာလေ၏။

အဒိန္နဘဒါန, ကာမေသုမိစ္ဆာစာရ, မုသာဝါဒ, သုရာမေရယတို့မှာလည်း ၎င်းနည်းတူ မှတ်လေ။

## သောတာပန်အင် သေ မဝင်။

အရိယာ သောတာပန် ပုဂ္ဂိုလ်တို့အား နို့ရည်နှင့်သေကို ရော၍ တိုက်သော်လည်း၊ မက်ဖြင့် ပယ်အပ်ပြီးသော ဝတ္ထု၊ ဖြစ်သောကြောင့်၊ နို့ရည်သာ ဝင်၍ သေ မဝင်နိုင်ကြောင်းကိုလည်း-

"အရိယသာဝကာနံ နု ဝတ္ထုံ အဇာနန္တာပိ မုခံ ပဝိသတိ" ဟု မဟာဝဂ္ဂသံယုတ်အဋ္ဌကထာ၌ လာ၏။

အရိယသာဝကာနံ၊ သောတာပန် စသော အရိယာသာဝကတို့အား။ ဝတ္ထုံ၊ သေအရက် ဟူသော ဝတ္ထုကို။ အဇာနန္တာပိ၊ မသိကုန်သော်လည်း။ မုခံ၊ ခံဘွင်းသို့။ နှ ပဝိသတိ၊ မဝင်နိုင်။

အရိယာသောတာပန် ပုဂ္ဂိုလ်တို့အား သေမှုန်း မသိမူ၍ သောက်သော်လည်း၊ ခံဘွင်းသို့ မဝင်နိုင်သည်ကား လွန်စွာ အပြစ်ကြီးသော ဝတ္ထု၊ ဖြစ်၍ မဝင်နိုင်ဟု မှတ်

အင်၏။ ကြိုးကြာငှက်တို့ကား နို့ရည်နှင့် ရေကို ရော၍ တိုက်သော်လည်း၊ နို့ရည်သာ ဝင်၍ ရေ မဝင်သည်ကား ကြိုးကြာငှက်တို့ သဘောတည်း။

ရဟန်း, သာမဏေ ဖြစ်ကုန်သော သောတာပန် ပုဂ္ဂိုလ်တို့အားကား မြတ်စွာဘုရားသခင်သည် ပညတ်တော်မူအပ်သော လောကဝတ္ထုသိက္ခာပုဒ်တို့ကို လွန်ကျူးလိုသော စိတ်ဖြင့် မိမိ၏ အသက်ကြောင့်လည်း မလွန်ကျူး။ {သတ္တိဘို့}

## ၂၀။ သောဘာပန်၏ စိတ်ပေါ်ပါးခြင်း သုံးပါးကို ပြခြင်း

နိဗ္ဗာန်ကို အာရုံပြု၍ သက္ကာယဒိဋ္ဌိ, ဝိစိကိစ္ဆာ, သီလဗ္ဗတပရာမာသ ဟု ဆိုအပ်သော သုံးပါးသော အရာဌာနတို့၌ အလွန် ပေါ့၏။ အလွန် လျင်၏။ အထက်မဂ်တို့၏ အရာဌာနတို့၌သာလျှင် လေးဖင့်၏။

အဘယ်ကြောင့်နည်းဟူမူ။ သောတာပန် ပုဂ္ဂိုလ်တို့အား ပုထုဇ္ဇန် ပုဂ္ဂိုလ်တို့ကဲ့သို့ မဟုတ်။ ပွါးအပ်ပြီးသော ကိုယ်, ပွါးအပ်ပြီးသော သီလ, ပွါးအပ်ပြီးသော သမာဓိ, ပွါးအပ်ပြီးသော ဝိပဿနာဉာဏ် ရှိကြကုန်၏။ ထို့ကြောင့်၊ စက္ခု, သောတ, ဃာန, ဇိဝှါ, အစောပနကာယ, ကာယဝိညတ်, ဝစီဝိညတ်, မနောဒွါရ ဟူသော သံဝရတရားတို့၌ဌာနဉာဏ်, ဗဟိဒ္ဓ ဖြစ်သော ဣန္ဒြိယဗဒ္ဓ, အနိန္ဒြိယဗဒ္ဓတို့၌ဌာနဉာဏ်း။

## ဒဒ္ဒို ပေါ့မုံ

အကြင်အခါ အာရုံအာရမ္မဏိကသို့ သက်၏။ ထိုအခါ ရုပ်ချင်း ခိုက်၍ နာမ်က မြင်သည်။

## ဝိစိကိစ္ဆာ ပေါ့မုံ

ထို ရုပ်နာမ် နှစ်ပါးတို့သည် အဝိဇ္ဇာ စသော အကြောင်းတရားတို့ကြောင့် ဖြစ်ကုန်၏။

## သီလဗ္ဗတ ပေါ့မုံ

ဤသို့ မြင်ခြင်းကား ပရမတ္ထဓမ္မတို့၏ ဓမ္မတာသာတည်းဟု စက္ခုဒ္ဒို ဒိဋ္ဌိ, ဝိစိကိစ္ဆာ, သီလဗ္ဗတပရာမာသသုံးဌာနတို့၌ လွန်စွာ ပေါ့၏။ ၎င်းနည်း ဆဲ့ခုနစ်ဌာန အာကုန် သွားလေ။ {လဟုကဘို့}

## ၂၁။ သောတာပန်၏ လက္ခဏာ နှစ်ပါးကို ပြခြင်း

နိဗ္ဗာန်ကို မြင်ပြီးသော သောတာပန် ပုဂ္ဂိုလ်အား အပဋိစ္ဆာဒလက္ခဏာ, အသမ္မဋိစ္ဆနလက္ခဏာအားဖြင့် နှစ်ပါးသော လက္ခဏာတို့နှင့် ပြည့်စုံရ၏။ ထိုတွင်-

## မဖုံးလွှမ်း

၁။ အကြင် သောတာပန်သည် မေ့လျော့ခြင်းကို စွဲ၍ မြတ်စွာဘုရားသည် ပညတ်တော်မူအပ်သော အကြင် လောကဝဋ္ဋ သိက္ခာပုဒ်သည် ရှိ၏။ ထိုလောကဝဋ္ဋသိက္ခာပုဒ်ကို လွန်ကျူးလိုသော စိတ်ဖြင့် မလွန်ကျူး။

လူ, နတ် အရိယာတို့မှာ ငါးပါးသီလ။ ရဟန်း, သာမဏေ အရိယာတို့မှာ လောကဝဇ္ဇ သိက္ခာပုဒ် ဟူသမျှ တို့ကို အသက်ကုပင် သတိမည ဆုံသော်လည်း၊ စေတနာဒုဿီလတက္က မလွန်ကျူး။

## မိုးခဲ နင်းကြွ

အချို့သော ပဏ္ဏတ္တိဝဇ္ဇ သိက္ခာပုဒ်တို့ကိုကား လွန်ကျူးမိသေး၏။ တိုသို့ လွန်ကျူးမိသည်ရှိသော်၊ ဤမအပ်သော အမှုကို ငါသည် မပြုအပ်ဟု သိ၍ တခဏမျှ မဖုံးလွှမ်း။ ထိုခဏ၌ပင်လျှင် ဆရာဘုရား အထံ၌ဌင်း၊ သိကြား လိမ္မာကုန်သော သီတင်းသုံးဘော်တို့၏ အထံ၌ဌင်း ထင်စွာ ပြု၍ ကန်တော့ခြင်း, လျှောက်ထားခြင်း, ပြောကြားခြင်းကို "မိုးခဲ" ကို နင်းမိသော သူသည် လျှင်စွာ ကြွတိသကဲ့သို့ လျှင်မြန်စွာ ကုသ၍ အပြစ်ကို မဖုံးလွှမ်းခြင်းသည် "အပဋိစ္ဆာဒ လက္ခဏာ" မည်၏။

လူအရိယာတို့မှာ ဘုရား အစရှိသော အထံတို့၌ ကန်တော့၍ စောင့်ရှောက်၏။ ရဟန်း, သာမဏေ အရိယာတို့မှာ ဘုရား အစရှိသော အထံတို့၌ ကန်တော့၍ ကုစားပြီးလျှင် စောင့်ရှောက်၏။

## ဝန်မခံ

၂။ လောက၌ လူ, နတ်, ဗြဟ္မာ သတ္တဝါ အပေါင်း တို့အား ငါ မြင်သည်, သူ မြင်သည်, မိန်းမ မြင်သည်, ယောကျ်ား မြင်သည်, လူ မြင်သည်, နတ် မြင်သည်,

ဗြဟ္မာ မြင်သည်ဟု ခေါ်ဝေါ်ပညတ် သမုတ်အပ်သော စကားသည် မှန်ပေ၏ဟု မှတ်ယူ စွဲလမ်းခြင်း ရှိကုန်၏။

နိဗ္ဗာန်ကို မြင်ပြီးသော သောတာပန် အစရှိသော ပုဂ္ဂိုလ်တို့အား ဤ လူ, နတ်, ဗြဟ္မာတို့ ခေါ်ဝေါ်အပ်သော စကားသည် အမှားဆုံးသာတည်း။ စင်စစ်မှာမူ ရုပ်ချင်း ခိုက်၍ နာမ်က မြင်ပေရကား ပရမတ္ထတရားတို့၏ ဓမ္မတာအားဖြင့် "မမြဲသော သဘော, နှိပ်စက်တတ်သော သဘော, ကိုယ် မဟုတ်သော သဘော ပေတည်း" ဟု ယထာဘူတ မြင်ပေရကား သူတို့ ခေါ်ဝေါ်ခြင်းကို ဝန်မခံခြင်း "အသမ္မဋိဆန လက္ခဏာ" ရှိ၏။

ဤသို့ သောတာပတ္တိမဂ် ခဏ၌ အာကာရ, ဘာဝ, ဒဿန, သတ္တိ, လဟုက, လက္ခဏာ ဟူသော ဤခြောက်ပါးသော ဂုဏ်ကို ဆောင်ယူတော်မူလျက် နိဗ္ဗာန်ကို မြင်တော်မူရာ၏။ ထိုနိဗ္ဗာန်ကို အာရုံပြုသော သောတာပတ္တိမဂ်ဉာဏ်၏ အခြားမဲ့၌ ထိုမဂ်ဉာဏ်၏ အကျိုး ဖြစ်၍ ဖြစ်ကုန်သော နှစ်ကြိမ်, သုံးကြိမ်သော ဖိုလ်စိတ်တို့သည် ဖြစ်ကြကုန်၏။

## ၂၂။ အာနာပါနကမ္မဋ္ဌာန်း၏ အကျိုး ငါးပါးကို ပြခြင်း

၁။ အာနာပါန ကမ္မဋ္ဌာန်းကို စီးဖြန်း အားထုတ်ခဲ့ပါမူ၊ ယခု ခေတ်, ယခု ကာလ, ယခု ဘဝ၌ပင်လျှင် အရဟန္တာ အဖြစ်သို့ ရောက်နိုင်သေး၏။

၂။ အကယ်၍ အသက်ရှိစဉ် ရဟန္တာ အဖြစ်သို့ မရောက်သေးပါမူ၊ သေခါနီးသော ကာလ၌ "သမသီသီ ရဟန္တာ" အဖြစ်သို့ ရောက်နိုင်သေး၏။

၃။ အကယ်၍ "သမသီသီရဟန္တံ့" မဖြစ်နိုင်သေးပါမူ၊ နတ်ပြည်သို့ ရောက်သော အခါ ဓမ္မကထိက နတ်သား၏ တရားသံကို ကြားရ၍ ရဟန္တာ အဖြစ်သို့ ရောက်နိုင်သေး၏။

၄။ အကယ်၍ နတ်ပြည်၌ ရဟန္တာ မဖြစ်သေးပါမူ၊ အရိမေတ္တေယျ ဘုရား မပွင့်မီ ပစ္စေကဗုဒ္ဓါ အဖြစ်သို့ ရောက်နိုင်သေး၏။

၅။ အကယ်၍ ပစ္စေကဗုဒ္ဓါ မဖြစ်ရသေးပါမူ၊ ပွင့်တော်မူလတ္တံ့ကုန်သော အရိမေတ္တေယျ အစရှိကုန်သော ဘုရားသခင် ကိုယ်တော်အရှင်မြတ်တို့၏ ခြေတော်ရင်း၌ ဒါရုစိရိယ မထေရ်တို့ကဲ့သို့ ခိုပ္ပါဘိညာ ရဟန္တာ ဖြစ်ရတော့မည် မုချပေတည်းဟု ကန် မှတ်ကြ။

ကျွဲခဲ ဘိက္ခု၊ အာနာပါနဿတိ အနုယုတ္တော ကောသနေ နိသိန္နော၀ သဗ္ဗာသ၀ေ ခေပေတ္ဝာ အရဟတ္တံ ပါပုဏာတိ၊ တထာ အသက္ကောန္တော မရဏကာလေ သမသီသီ ဟောတိ၊ တထာ အသက္ကောန္တံ့ာ ဒေ၀လောကေ နိဗ္ဗတ္တိတ္ဝာ ဓမ္မကထိကဒေ၀ပုတ္တဿ ဓမ္မံ သုတ္ဝာ အရဟတ္တံ ပါပုဏာတိ၊ တတော ဝိရဒ္ဓေါ အနုပုန္နေ ဗုဒ္ဓုပ္ပါဒေ ပစ္စေကဗောဓိံ သစ္ဆိကရောတိ၊ တံ အသစ္ဆိကရောန္တော ဗုဒ္ဓါနံ သမ္မုခီဘာ၀ေ ဗါဟိယတ္ထေရဒယော ဝိယ ခိပ္ပါဘိညော

ဟောတိ။ ။မဟာရာဟုလောဝါဒသုတ် မဇ္ဈိမပဏ္ဏာသ
အဋ္ဌကထာ။

ဘိက္ခု၊ ရဟန်းသည်။ ဣဓ၊ ဤဝါဒရား သာသနာ
တော်၌။ အာနာပါနဿတိ၊ အာနာပါနဿတိကမ္မဋ္ဌာန်း
ကို။ အနုယုတ္တော၊ ယှဉ်သည်ဖြစ်၍။ ကောသနေ၊ တထိုင်
တည်းသော နေရာ၌။ နိသိန္နော၀၊ နေလျက်သာလျှင်။
သဗ္ဗာသဝေ၀၊ အလုံးစုံသော အာသဝေါတရား လေးပါး
တို့ကို။ ခေပေတ္ဝာ၊ ကုန်စေ၍။ အရဟာတ္တံ၊ ရဟန္တာ အ
ဖြစ်သို့။ ပါပုဏာတိ၊ ရောက်နိုင်၏။ တထာ၊ ထိုဆိုပြီး
သောအတိုင်း။ အသင်္ကာန္တော၊ မရောက်နိုင်သေးသည်
ရှိသော်။ မရဏကာလေ၊ သေခါနီးသော ကာလ၌။ သမ
သီသိ၊ သမသီသိ ရဟန္တာသည်။ ဟောတိ၊ ဖြစ်နိုင်၏။
တထာ၊ ထို ဆိုပြီးသောအတိုင်း။ အသင်္ကာန္တော၊ မ
ရောက်နိုင်သေးသည်ရှိသော်။ ဒေ၀လောကေ၊ နတ်ပြည်
၌။ နိဗ္ဗတ္တိတ္ဝာ၊ ဖြစ်၍။ ဓမ္မကထိကဒေ၀ပုတ္တဿ၊ ဓမ္မက
ထိက နတ်သား၏။ ဓမ္မံ၊ တရားတော်ကို။ သုတ္ဝာ၊ နာရ
၍။ ဝါ၊ နာရသည်ရှိသော်။ အရဟာတ္တံ၊ ရဟန္တာ အ
ဖြစ်သို့။ ပါပုဏာတိ၊ ရောက်နိုင်၏။ တထော၊ ထိုနတ်
ပြည်မှ။ ဝိရဒ္ဓေါ၊ ချွတ်လွဲခဲ့သည်ရှိသော်။ ဗုဒ္ဓုပ္ပါဒေ၊
ဘုရားရှင်တို့၏ ဖြစ်ခြင်းသည်။ အနုပ္ပန္နေ၊ မရောက်သေး
သော ကာလ၌။ ပစ္စေကဗောဓိံ၊ ပစ္စေက ဗောဓိဉာဏ်
ကို။ သစ္ဆိကရောတိ၊ မျက်မှောက် ပြုနိုင်၏။ တံ၊ ထိုပစ္စေ
က ဗောဓိဉာဏ်ကို။ အသစ္ဆိကရောန္တော၊ မျက်မှောတ်
မပြုနိုင်သေးသည်ရှိသော်။ ဗုဒ္ဓါနံ၊ ပုဉ္ဇ်တော်မူလတ္တံ့ကုန်

သော အရိမေတ္တေယျ အစရှိကုန်သော ဘုရားရှင်တို့၏။ သမ္မုခီဘာဝေ၊ မျက်မှောက် အဖြစ်၌။ ဗာဟိယထေရော ဒယော ဝိယ၊ ဗာဟိယထေရ် အစရှိသည်တို့ကဲ့သို့။ ခိပ္ပါဘိညော၊ လျင်သော အဘိညာဏ် ရှိသော။ ခီဏာသဝေါ၊ ရဟန္တာသည် (ထည့်)။ ဟောတိ၊ ဖြစ်နိုင်၏။

၂၃။ သာသနဿဘေဒကဉ်း သဗဘနှင့် သာသနဿပ သဗထ နှစ်ပါး ထူးခြားပုံကို ခွဲပြခြင်း

ကမ္မဋ္ဌာန်းသည် သမထ ကမ္မဋ္ဌာန်း, ဝိပဿနာ ကမ္မဋ္ဌာန်း သို့မဟုတ် သမထ ဘာဝနာ, ဝိပဿနာ ဘာဝနာ ဟူ၍ နှစ်ပါးအပြား ရှိ၏။ ထိုတွင် "တတြိမာနိ စတ္တာလီသ ကမ္မဋ္ဌာနာနိ ဒသ ကသိဏာ, ဒသ အသုဘာ, ဒသ အနုဿတိယော, စတ္တာရော ဗြဟ္မဝိဟာရာ, စတ္တာရော အာရုပ္ပါ, ဧကာ သညာ, ဧကံ ဝဝတ္ထာနန္တိ။ ၁၀၇။" ဟူ၍ သမထ ကမ္မဋ္ဌာန်း ၄၀ ရှိသည်။ ထိုသမထ ကမ္မဋ္ဌာန်း လေးဆယ်တို့ကို-

၁။ သာသနာတော်တွင်း၌ ရအပ်သော သမထ ကမ္မဋ္ဌာန်း။

၂။ သာသနာတော်တွင်း၌ မရအပ်သော သမထ ကမ္မဋ္ဌာန်း။

၃။ သာသနာပ၌ ရအပ်သော သမထ ကမ္မဋ္ဌာန်း။

၄။ သာသနာပ၌ မရအပ်သော သမထ ကမ္မဋ္ဌာန်း ဟူ၍ လေးပါး ခွဲ။

၁။ သာသနာတော်တွင်း၌ သမထ ကမ္မဋ္ဌာန်း လေးဆယ်လုံး အကုန် ရ၏။

၂။ သာသနာတော်တွင်း၌ မရသော သမထ ကမ္မဋ္ဌာန်း ဟူ၍ တပါးမျှ မရှိ။

၃။ သာသနာပ၌ ကသိုဏ်း ဆယ်ပါး, ဗြဟ္မဝိဟာရ လေးပါး, အာရုပ္ပ လေးပါးအားဖြင့် ဤဆယ့်ရှစ်ပါး မှု၍။ အလျော်အားဖြင့် မရဏာနုဿတိ၊ ပေါင်း တဆယ့် ကိုးပါး ရ၏။

၄။ သာသနာပ၌ ဇုဒ္ဓ, ဓမ္မ, သံဃ, ဥပသမာနုဿတိ အားဖြင့် ဤလေးပါး မှု၍။ အလျော်အားဖြင့် ကြွင်း အနုဿတိ ငါးပါး, အသုဘ ဆယ်ပါး, ကာ သညာ, ကေ ဝဝတ္ထာန်, ပေါင်း ဒွစ်ဆယ့်တပါး မရ။

"ဤမာ ပန ဆ အနုဿတိယော အရိယသာဝကာ နညေ ဂစ္ဆန္တိ။ တေသံ ဟိ ဇုဒ္ဓဓမ္မသံဃဂုဏာ ပါကဋာ ဟောန္တိ။ တေ စ အခဏ္ဍတာဒိဂုဏေဟိ သီလေဟိ ဝိဉတ မလမစ္ဆေရေန စာဂေန မဟာနုဘာဝါနံ ဒေဝတာနံ ဂုဏသဒိသေဟိ သဒ္ဓါဒိဂုဏေဟိ သမန္နာဂတာ။ ၂၂၀။ ဆ အနုဿတိယော ဝိယ စ အယမ္ပိ အရိယသာဝကသ္သေဝ ဂစ္ဆန္တိ။ ၂၁၉။" ဟူသော ဝိသုဒ္ဓိမဂ်အဋ္ဌကထာ အရ "အရိယသာဝကာနညေ" ပုဒ်ကို ထောက်၍ သာသနာပ၌ ဇုဒ္ဓါနုဿတိ, ဓမ္မာနုဿတိ, သံဃာနုဿတိ, သီလာနုဿတိ, စာဂါနုဿတိ, ဒေဝတာ

နုဿတိ ဟူသော အနုဿတိ ခြောက်ပါး၊ ဥပသမာနုဿတိ၊ ဤအနုဿတိ ခုနစ်ပါးတို့ကို မရ။

ဤအနုဿတိ ခုနစ်ပါးတို့ကို အရိယာသာဝကတို့သည်သာလျှင် မုချအားဖြင့် ထင်မြင်အောင် ထင်ရှားစွာ ပွါးများနိုင်သော်လည်း၊ "ဝံ သန္တေပိ ပရိသုဒ္ဓသီလာဒိကုဏသမန္နာဂတေန ပုထုဇ္ဇနေနာပိ မနသိကာတဗ္ဗာ၊ အနုဿဝဝသေနာပိ ဟိ ဗုဒ္ဓါဒိနံ ဂုဏော အနုဿရတော စိတ္တံ ပသီဒတိယေဝ ၂၂၁။ ဝံ သန္တေပိ ဥပသမဂရုကေန ပုထုဇ္ဇနေနာပိ မနသိကာတဗ္ဗာ။ သုတဝသေနာပိ ဟိ ဥပသမေ စိတ္တံ ပသီဒတိ။ ၂၀၆။" ဟူ၍ ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၌ပင်လျှင် ချင်းချက် ပြုကာ ခွင့်ပြုချက်အရ သာသနာတော်တွင်း ပုထုဇဉ်တို့ ဘုရား တရား သံဃာတော်တို့ကို မျက်မှောက်ဒိဋ္ဌ ထင်ထင်ရှားရှား ဖူးမြင်ရခြင်း၊ ထိုဘုရား တရား သံဃာတော် စသည်တို့၏ ဂုဏ်ကျေးဇူးတို့ကို ကြိမ်ဖန် များစွာ ကြားနာရခြင်းတို့သည် သာသနာပ ပုထုဇဉ်တို့ထက် အဆပေါင်း များစွာ သာနေသည်။ သို့ သာသနာပ ပုထုဇဉ်တို့ထက် သာသနာတော်တွင်း ပုထုဇဉ်တို့က အဆပေါင်း များစွာ သာနေခြင်းကြောင့်၊ ဤအနုဿတိ ခုနစ်ပါးတို့ကို သာသနာတော်တွင်း ပုထုဇဉ်တို့သာ ပွါးများနိုင်သည်။

အမတံ တေ ဘိက္ခဝေ နု ပရိဘုဉ္ဇန္တိ၊ ယေ ကာယဂတာသတိံ နု ပရိဘုဉ္ဇန္တိ။ အမတံ တေ ဘိက္ခဝေ ပရိဘုဉ္ဇန္တိ၊ ယေ ကာယဂတာသတိံ ပရိဘုဉ္ဇန္တိ။

အမတံ တေသံ ဘိက္ခဝေ အပရိဘူတ္တံ၊ ယေသံ ကာယဂတာသတိ အပရိဘူတ္တာ။ အမတံ တေသံ ဘိက္ခဝေ ပရိဘူတ္တံ၊ ယေသံ ကာယဂတာသတိ ပရိဘူတ္တာတိ။ ။ ကေဂ်တ္တရပါဠိတော် အမတဝဂ် ၄၇။

အမတံ တေ ဘိက္ခဝေ ပရိဘုဉ္ဇန္တီတိ တေ မရဏဝိရဟိတံ နိဗ္ဗါနံ ပရိဘုဉ္ဇန္တီတိ အတ္ထော။ နန္ဒ စ နိဗ္ဗါနံ လောကုတ္တရံ၊ ကာယဂတာသတိ လောကိယာ၊ ကထံ တံ ပရိဘုဉ္ဇန္တာ အမတံ ပရိဘုဉ္ဇန္တီတိ။ တံ ဘာဝေတ္တာ အမတမဓိဂစ္ဆတိ၊ အဘာဝေန္တာ နာဓိဂစ္ဆတိ။ ။အင်္ဂုတ္တရအဋ္ဌကထာ ပဌမအုပ် ကေဂ်တ္တရအမတဝဂ် ၄၁၆။

အမတံ တေ ဘိက္ခဝေ ပရိဘုဉ္ဇန္တီ ဆိုသည်ကား ထိုသူတို့သည် သေခြင်း ကင်းသော နိဗ္ဗာန်ကို သုံးဆောင်ခံစားကြကုန်၏။ ဤကား ဆိုလိုရင်း သဘောတည်း။ နိဗ္ဗာန်ကား လောကုတ္တရာ၊ ကာယဂတာသတိကား လောကီ ဖြစ်နေ၍ ကာယဂတာသတိကို သုံးဆောင်ခံစားတာနှင့် ပူးတာနှင့် နိဗ္ဗာန်ကို သုံးဆောင်ခံစားသည်ဟု ဆိုခြင်းသည် အသို့ သင့်နိုင် ဟုတ်နိုင်ပါ့မလား။ ကာယဂတာသတိကို ပူးမှ နိဗ္ဗာန် ရသည်။ မပူးက မရပါ။ ထို့ကြောင့် ကာယဂတာသတိကို သုံးဆောင် ခံစားတာနှင့် နိဗ္ဗာန်ကို သုံးဆောင် ခံစားသည်ဟု ဆိုခြင်းသည် သင့်ပါ၏။ ဟုတ်ပါ၏။

မဟာ သတိပဋ္ဌာန သုတ်တော်၌ ဟောတော်မူသော “အာနာပါနဒ္ဓတ္တိံ သာကာရဓေါ ပဋိက္ကူလမနသိကာရ”

စသော ၁၄ ပိုင်းကို "ကာယဂတာသတိ" ဟု ခေါ်သည်။

အာနာပါနဒွတ်ိ သာကာရ ကာယဂတာသတိ ကမ္မဋ္ဌာန်းကို သမထ ကမ္မဋ္ဌာန်း ဆိုပြီး ယခုခေတ် ပုထုဇဉ်တို့က ဘုမသိ ဘမသိ သူများ နှတ်ယောင်လိုက်ကာ ကဲ့ရဲ့ပြစ်တင် မထေလေးစား ပြုကြသည်။ သဗ္ဗညုရှင်တော် ဘုရားက နိဗ္ဗာန်နှင့် တန်းတူထားပြီး "အမတံ တေ ဘိက္ခဝေ ပရိဘုဉ္ဇန္တိ၊ ယေ ကာယဂတာသတိ ပရိဘုဉ္ဇန္တိ (= ကာယဂတာသတိ ကမ္မဋ္ဌာန်းကို ပွါးက၊ နိဗ္ဗာန်၏ အရသာကို သုံးဆောင်ခံစားသည်နှင့် တူ၏။ အတူတူ ဘဲ)" ဟု ချီးမွမ်း မြောက်စားတော်မူပေသည်။ အယူသည်းသူတို့ ဆင်ခြင်ဖွယ် တရပ် ဖြစ်ပေသည်။

ဣဒါနိ ယံ တံ အညတြ ဗုဒ္ဓုပ္ပါဒါ အပ္ပဝတ္တပုဗ္ဗံ သဗ္ဗတ္ထိယာနံ အဝိသယဘူတံ။ ၂၃၂။

အပရပက္ကာဒပဋိက္ခေပကထာ

တာသတိဘာဝနာပိ ပါရိပူရိံ ဂစ္ဆတိ၊ အသုဘသညာယ အနုလောမပဋိပဒံ ပဋိပန္နော ဟောတိ။ ။ဝိသုဒ္ဓိမဂ်အဋ္ဌကထာ ၃၄၂။

ကာမံ ဗောဓိသတ္တာ အညေ စ တာပသာဒယော သရီရံ အသုဘန္တိ ဇာနန္တိ၊ ကမ္မဋ္ဌာနဘာဝေန ပန နံ ဇာနန္တိ။ ။မဟာဋီကာ ၂၉၇။

ထိုအဋ္ဌကထာ၊ မဟာဋီကာကို ထောက်၍ သာသနာပဉ္ဉာ ကာယဂတာသတိနှင့်တကွ ကာယဂတာသတိ မည်

သော အသုဘ ဆယ်ပါး, ကော သညာ, ကေ ဝဝတ္ထာန် ဤဆယ့်သုံးပါး မရ။

တတ္ထ ဣဓ ဘိက္ခဝေ ဘိက္ခု။ တိ ဘိက္ခဝေ ဣမသ္မိံ သာသနေ ဘိက္ခု။။ အယဉ္စိ ဇ္ဈာ ဣဓသဒ္ဒေါ သဗ္ဗပုကာရ အာနာပါနဿတိသမာဓိနိဗ္ဗတ္တကဿ ပုဂ္ဂလဿ သန္နိဿယဘူတသာသနပရိဒီပနော အညသာသနဿ တထာဘာဝပဋိသေဓနော စ။ ။ဝိသုဒ္ဓိမဂ် ၂၆၀။

တတ္ထ သဗ္ဗပုကာရ အာနာပါနဿတိ သမာဓိနိဗ္ဗတ္တကဿတိ သဗ္ဗပုကာရဂ္ဂဟဏံ သောဋ္ဌသ ပကာရေ သန္ဓာယ။ တေ ဟိ ဣမသ္မိံ ယေဝ သာသနေ။ ဗာဟိရကာ ဟိ ဇာနန္တာ အာဒိတော စတုပ္ပကာရမေဝ ဇာနန္တိ။

ပရိပုဏ္ဏသမ္ဗာရမ္ဘဓမ္မော ဟိ သော၊ ယော သဗ္ဗပုကာရအာနာပါနဿတိသမာဓိနိဗ္ဗတ္တကော။ ။ဝိသုဒ္ဓိမဂ် မဟာဋီကာ ၃၁၄။

ဣဓာတိ ဣမိဿာ ဒိဋ္ဌိယာ (ပ) ဣမသ္မိံ သတ္ထုသာသနေ၊ ဘေန ဝုစ္စတိ ဣဓာတိ။ ။ပဋိသမ္ဘိဒါမဂ်ပါဠိတော် ၁၇၄။

ယသ္မာ ပန ဣမသ္မိံ ယေဝ သာသနေ သဗ္ဗာကာရ အာနာပါနဿတိသမာဓိနိဗ္ဗတ္တကော ဘိက္ခု! ဝိဇ္ဇတိ၊ နအညတြ။ ။ပဋိသမ္ဘိဒါမဂ်အဋ္ဌကထာ ၁၀၄။

ဤသည်တို့ကို ထောက်၍ သာသနာပမ္မာသာ သမထကမ္မဋ္ဌာန်းတို့ကို ပွါးများ အားထုတ်ရသည်ဟု အယူသည်းသူတို့သည် ဤအာနာပါန ကမ္မဋ္ဌာန်းကိုလည်း

သမထဘဲ ဟူ၍ အထင်သေးကြ၏။ မခံ့လေးစား ပြုကြ၏။

သာသနာပတ္တင် မဆိုထားဘိ၊ ယခုလို သာသနာတော်တွင်းဌိပင် ဘုရား အဆုံးအမ မခံ၊ ဘုရား စကားတော်မြတ်ကို မနာယူ၊ ဘုရားအယူ မယူ၊ ဘုရား ဩဝါဒတော်အတိုင်း မလိုက်နာသူ တိတ္ထိတို့သည် ဝိပဿနာနှင့် ယှဉ်တွဲလျက် အာနာပါန ဆယ့်ခြောက်နည်းလုံး အပြည့် အစုံ ဝိပဿနာအခြေခံ ရအောင် မပွါးနိုင်၊ အားမထုတ်နိုင်ကြပေ။

အစ လေးနည်းသာ ပွါးနိုင် အားထုတ်နိုင်သည်ဟု မဟာဋီကာဆရာ ခွင့်ပြုကာ ပြထားပင် ပြထားပါသော်လည်း၊ အပ်နာသမာဓိခေါ် စျာန် ရအောင် မပွါးနိုင်၊ အားမထုတ်နိုင်ကြပေ။

ဤသာသနာတော်တွင်းဌိ ကသိုဏ်း စသော သမထကမ္မဋ္ဌာန်း ၄၀ တို့ကို ဘုရားအဆုံးအမ ဩဝါဒခံ ဘုရားသားတော် တပည့်သာဝကများသာ စျာန်မဂ်ဖိုလ် ရအောင် ပွါးနိုင်၊ အားထုတ်နိုင်ကြသည်။

ယခုလို သာသနာတော်တွင်းပင် ဖြစ်သော်လည်း၊ ဘုရားအဆုံးအမ ဩဝါဒ မခံ၊ ဘုရားအယူ မယူ၊ ဘုရား စကားတော်မြတ်အတိုင်း မလိုက်နာ မနာခံသော အခြားသော အယူဝါဒ ရှိသူ တိတ္ထိတို့ "နအာညတြ" ဆိုသည်နှင့်အညီ စျာန် ရအောင် မပွါးနိုင်၊ အားမထုတ်နိုင်ကြပေ။

စျာန် မရ၍သာ မြတ်စွာဘုရားနှင့်တကွ တပည့်ရဟန္တာအရှင်မြတ်တို့နှင့် အတူယှဉ်ပြိုင်ကာ မြေလျှိုး မိုးပျံ ကောင်းကင်ယံ၌ အဘိညာဉ်စျာန်တန်းခိုး အမျိုးမျိုး အထွေထွေ အဖုံဖုံ အဝဝ မဖန်ဆင်းနိုင်သည်ကား အလွန် သိသာထင်ရှားလှပေသည်။

## ရာဇဂြိုဟ်သွေး ဘာသာရှုး
## ရာဇဂြိုဟ်သွေး စိတ်ကူး ကြံစည်ဟန်

"လောက၌ 'ငါတို့ ရဟန္တာ ငါတို့ ရဟန္တာ'ဟု ပြောသူတွေ အလွန် ပေါများ၏။ ငါလဲ ရဟန္တာ တပါးတလေမျှ မသိရ မဖူးရဘူးဘူး။ အတောင် ခြောက်ဆယ် မြင့်သော ဝါးလုံးထိပ်ဖျားပေါ်၌ သပိတ် ဆဲ့ချိတ်ထားပြီး၊ သစေ အရဟာ အတ္ထိ၊ ဤမံ အာကာသေနဝဂန္ဓာဂဏ္ဌာတု (= ရဟန္တာ အမှန်တကယ် ရှိပါက၊ ကောင်းကင်မှ ကြွ၍ ဤသပိတ်ကို ယူလော့)" ဟု ဆိုထားမယ် ပြောထားမယ်။

"ယော တံ ဂဟေဿတိ၊ တံ သပုတ္တဒါရော သရဏံ ဂမိဿာမိ (= အကြင် သူသည် ထိုသပိတ်ကို ယူနိုင်က၊ ထိုသူကို ငါသည် သားမယားနှင့်တကွ ကိုးကွယ် ဆည်းကပ်မယ်)" ဟု ရာဇဂြိုဟ်သူဌေး စိတ်ကူး ကြံစည်နေ၏။

ထိုသူဌေးသည် ထိုစိတ်ကူး ကြံစည်ထားတိုင်း အတောင် ခြောက်ဆယ် မြင့်သော ဝါးလုံးထိပ်ဖျား၌ စန္ဒကူး သပိတ်ကို ဆဲ့ထားပြီး၊ "ယော ဤမသို့ လောက

အရဟာ၊ သော အာကာသေနာဂန္ဓာ ဣမံ ပတ္တိံ ဂဏှာတု (= ဤလောကဌ် အကြင် ပုဂ္ဂိုလ်သည် ရဟန္တာဘဲ၊ ထိုပုဂ္ဂိုလ်သည် မိုးပေါ်က ကြွလာ၍ ဤစန္ဒကူးသပိတ်ကို ယူလော့)" ဟု ပြောကာ သတင်းလွှင့်ထား၏။

တိတ္ထိတကဉ္စုန်း ဆရာကြီး ခြောက်ယောက်တို့သည် အသီးအသီး ကိုယ်စီကိုယ်ငှ သူဌေးကြီးအိမ်သို့ သွားပြီး၊ သူဌေးကြီးကို ကိုယ်တိုင်ပင် ဤပုံ ပြောပြော တောင်း တောင်း တောင်းပြော ပြောဆိုကြ၏။

"သူဌေးကြီး....အမှာကံ သေ အနုစ္ဆဝိကော၊ အမှာက မေဝ နံ ဒေဟိ (= ဤသပိတ် ငါတို့အား ပေးလှူခြင်းငှါ သင့်ပါ၏။ ငါတို့နှင့် သင့်လျော်ပါ၏။ ထိုသပိတ်ကို ငါတို့အားသာ ပေးပါတော့၊ လှူပါတော့)" ဟု တောင်းပြော ပြောဆိုကြကုန်၏။

ထိုသူဌေးကြီးက "အရှင်ဘုရားတို့ ... အာကာသေနာဂန္ဓာ ဂဏှထ (= မိုးပေါ် ပျံတက် ယူကြတော့)" ဟု ပြန်၍ လျှောက်ထားလိုက်၏။

သို့နှင့်ပင် တရှဲ့ရှဲ့ ရက်များ ကုန်ဆုံးလွန်မြောက် ခြောက်ရက်မြောက်သော နေ့၌ နာဠပုတ္တနိဂဏ္ဌ တိတ္ထိတကဉ္စုန်း ဆရာကြီးက တပည့်တို့ကို ဤပုံ သင်ကြား အမှတ်ပေး၍ လွှတ်လိုက်၏။ "တပည့်တို့ . သွားကြဟော့။ သွားပြီး သူဌေးကြီးကို ဤလို ပြောကြ။ 'ဤသပိတ် ငါတို့ ဆရာအားသာ သင့်လျော်ပါ၏။ မဆိုစလောက် မပြောပလောက်သော အကြောင်းကလေးကြောင့် မိုးပေါ်

ပျံတက်မှု မပြုသင့်ပါ။ ကောင်းကင် ပျံခြင်းကို မကြည့်ချင်ပါနဲ့။ ထိုသပိတ်ကို ငါ့အား ပေးပါတော့၊ လှူပါတော့'ဟု ပြောကြလေတဲ့'' ဟု တပည့်တို့ကို ဤပုံ သင်ကြား အမှတ်ပေး၍ လွှတ်လိုက်၏။ တပည့်တို့သည် သွား၍ သူဌေးကြီးကို ဆရာ သင်ပြလိုက်တိုင်း ပြောကြ၏။

သူဌေးကြီးသည် ''အာကာသေနာဂန္ဓာ ဂဏ္ဌိတုံ သမတ္ထောဝ ဂဏ္ဌာတု (= မိုးပေါ် ပျံ၍ ယူခြင်းငှါ အစွမ်းသတ္တိ ရှိသူ ယူတော့)'' ဟု ပြန်၍ လျှောက်ထားလိုက်၏။

## လက်မြောက် ခြေကြွ မိုးပျံဟန်ပြု ပရိယာယ်မှု

ဘယ်ပုံ အမှတ်ပေး သင်ကြား ပြောထားသလဲ။ ''အဟံ ကေ ဟတ္ထဥ္ဇု ပါဒဥ္ဇု ဥက္ခိပိတ္ဝာ ဥပ္ပတိတုကာမောဝိယ ဘဝိဿာမိ (= ငါ လက် တဘက် ခြေ တဘက် မြောက်ကာ မိုးပေါ် ပျံတက်တော့မယ့်ဟန် ပြုမယ်။) ဒီတော့ မင်းတို့က ငါ့ကို 'အာစရိယ ကိုံ ကရောထ၊ ဒါရုမယပတ္တာသာ ကာရဏာ ပဋိစ္ဆန္နံ အရဟတ္တဂုဏံ မဟာဇနဿ မာ ဒဿယိတ္ထ (= ဆရာ....ဘယ်ပုံ ပြုနေသလဲ၊ ဘာလုပ်နေသလဲ၊ လျှို့ဝှက် ဖုံးလွှမ်းရမဲ့ အရဟတ္တဂုဏ်ကို လူတွေအား မပြပါနဲ့)'ဆိုပြီး ငါ့ လက် ခြေတို့ကို

ကိုင်ကာ ဆဲ၍ မြေပေါ်သို့ ဆဲချကြ” ဟု သင်ကြား ပြောထား၏။

တပည့်အား သင်ကြား မှာထားပြီးရာ ထိုအခါ၌ ထို နာဠပုတ္တနိဂဏ္ဌတိထ္ထိတကုဋုန်း ဆရာကြီးသည် သူဌေး ကြီးအိမ်သို့ သွား၍ သူဌေးကြီးကို “မြတ်သော သူဌေး ကြီး.... ဤသပိတ် ငါ့အား ပေးလှူသင့်၏။ လျော်၏။ အညဲသံ နာနုဆွဲဝိကော (= အခြား သူတို့အား ပေး လှူဘို့ မသင့်၊ အခြား သူတို့နှင့် မထိုက်မတန်ပါ။) သင် သူဌေးကြီးသည် မပြောပလောက် မဆိုစလောက်သော အကြောင်းကလေးကြောင့် ငါကိုယ်တော် အရှင်မြတ် အား ဥပဇ္ဈာယ်ခံ ရုစ်စီ ‘မာရုစ်စီ’ (= မိုးပေါ် ပျံတက်ခြင်းကို မနှစ်သက် မလိုလားပါနဲ့၊ မကြည့်ချင်ပါလင့်။) သပိတ် ကို ငါ့အား ပေးလှူပါတော့” ဟု တောင်းလည်း တောင်းတော့၏။ ပြောလည်း ပြောတော့၏။

“အရှင်ဘုရားတို့.... မိုးပေါ် ပျံတက်၍သာ ယူကြ တော့” ဟု သူဌေးကြီးက ပြန်၍ လျှောက်ထားလိုက် သည်။

## ဟန်လုပ် မိုးပျံ ဆွဲချပြန်

ထိုနောင်မှ နာဠပုတ္တသည် “သို့ သူဌေးကြီး.... ငါ့ စကားကို နားမထောင် မယုံကြည်ပါက၊ အပေထ အပေ ထ (= ဟေ့ တပည့်တို့ တပည့်တို့ .. ဖယ်ကြ ဆုတ်ကြ၊ ငါဆရာနား မကပ်ကြနဲ့) ”ဟု တပည့်တွေကို မောင်း ထုတ် နှင်ထုတ်ဟန် ပြု၍၊ အာကာသေ ဥပ္ပတိဿာမိတိ

ကေံ ဟတ္ထဥ္စ ပါဒဥ္စ ဥက္ခိပိ (= မိုးပေါ် ပျံတက်တော့မယ်၊ ပရိယာယ်ဟန်လုပ်ကာ လက် တဘက် မြှောက်၊ ခြေ တဘက် ကြွလိုက်၏)။

ထိုအခါ ထိုဆရာကို တပည့်များက "အာစရိယ ကိံ နာမေတံ ကရောထ (= အို အို ဆရာ ဆရာ....ဘယ် အတွက် ဤမည်သော အကြောင်းကို ပြုလုပ်ရပါသလဲ။) သစ်သား သပိတ်ကြောင့် လျှို့ဝှက် ဖုံးလွှမ်းအပ်သော ဂုဏ်ဖြင့် လူတွေအား ပြသဖြင့်၊ ကော အတ္ထော (= ဘာ အကျိုးများသလဲ)" ပြောကာ ဆရာ သင်ကြား မှာထား တိုင်း တံ ဟတ္ထပါဒေသု ဂဟေတွာ အာကာသံတွာ ဘူမိ ယံ ပါတေသုံ (= လက်ခြေ ကိုင်ဆဲကာ ထိုဆရာကို မြေ ပေါ်သို့ ဆဲချလိုက်ကြကုန်၏)။

ထိုနာဠပုတ္တသည် "ဣမေ မဟာသေဋ္ဌိ ဥပ္ပတိတုံ နဒေန္တိ (= မြတ်သော သူဌေးကြီး ... ဤငါ့တပည့်တို့က မိုးပေါ် ပျံတက်ခြင်းငှါ အလိုမရှိ မနှစ်သက်ကြ၍ ပျံတက် ခြင်းငှါ ခွင့်မပြု ခွင့်မပေးကြကုန်။) သပိတ် ငါ့အား ပေးလှူပါတော့" ဟု ပြောလိုက်၏။

"အရှင်ဘုရား.... မိုးကောင်းကင် ပျံကာ ယူကြ တော့" သူဌေးကြီးက ပြန်၍ လျှောက်ထားလိုက်၏။

သို့နှင့် တိတ္ထိတက္ကဒုန်းတို့ ခြောက်ရက်တိုင်တိုင် စန္ဒ ကူး သပိတ်ကို ယူခြင်းငှါ ပရိယာယ်ဝေဝုစ် အမျိုးမျိုးတို့ ဖြင့် အားထုတ်ပါသော်လည်း၊ ထိုစန္ဒကူးသပိတ်ကို မရ ကြကုန်။

**ရှင်ပိဏ္ဍောလမှု စန္ဒကူးသပိတ်ကို ယူ။**

ခုနစ်ရက်မြောက်သော နေ့၌ ရှင်ပိဏ္ဍောလဘာရဒ္ဒါဇ မထေရ်မြတ်သည် သုံးဂါဝုတ် ရှိသော ကျောက်ဖျာကြီးကို ခြေဖျားတော်ဖြင့် ညှပ်ကာ ရာဇဂြိုဟ်ပြည်ကို ခုနစ်ပတ် ကောင်းကင်က ပျံဝဲပြပြီး၊ သူဌေးကြီး၏ အိမ် ကောင်းကင်ယံ၌ ရပ်နေတော်မူ၏။ ထိုပိဏ္ဍောလ မထေရ်မြတ်ကို သူဌေးကြီး ဖူးမြင်ရသဖြင့်၊ သူဌေးကြီးသည် ရင်ဖြင့် ပြားပြားဝပ်ကာ "ဩတရထ သာမိ (= အို အရှင်.... သက်ဆင်းတော်မူပါ)" ဟု လျှောက်ကာ ကောင်းကင်ယံမှ ဆင်းသက်သော မထေရ်ကို ထိုင်နေစေ၍၊ ပတ္တံ ဩတာရာပေတ္ဝာ စတုမဓုရပုဏ္ဏံ ကတ္ဝာ ထေရဿ အဒါသိ (= သပိတ်ကို ချ၍ သပိတ်ပြည့်အောင် စတုမဓုလောင်းထည့်၍ ရှင်ပိဏ္ဍောလ မထေရ်မြတ်အား ဆက်ကပ် လှူဒါန်းလိုက်လေတော့သတည်း။)

o oo o oo

သေဋ္ဌ ပန နေဝ သမ္မာဒဋ္ဌိ နာ မစ္ဆာဒဋ္ဌိ၊ မဇ္ဈတ္တဓာတုကော (= ထိုစဉ်က ရာဇဂြိုဟ်သူဌေးသည် သမ္မာဒိဋ္ဌိလည်း မဟုတ်၊ မိစ္ဆာဒိဋ္ဌိလည်း မဟုတ်၊ အလယ်စပ်ကြား က နေသည်၊ ကြားနေသည်။) ဗုဒ္ဓဘာသာလည်း မဟုတ်သေး၊ မယူသေး။ မိစ္ဆာဘာသာလည်း မဟုတ်သေး၊ မယူသေး။ အလယ်စပ်ကြားက နေ၍ ဘာသာကို စုံစမ်းရှေးချယ်စစ်ဆေး ဝေဘန်၍နေသည်။ ကမ္ဘာပေါ်တွင် အမွန်မြတ်ဆုံး အကောင်းဆုံးသော ဘာသာကို မိမိယူမည်။ ထိုအမွန်မြတ်ဆုံး အကောင်းဆုံးသော ဘာသာ

ကိုလည်း စန္ဒကူးသပိတ်ဖြင့် ဆုံးဖြတ်မည်။ ထိုအကောင်း ဆုံးသော ဘာသာကိုသာ "ယော တံ ဂဟေဿတိ၊ တံ သပုတ္တဒါရော သရဏံ ဂမိဿာမိ" ဆိုသည့်အတိုင်း မိမိ ယူမည်လို ဆိုလိုသည်။

ဘာသာ ရှေးချယ်ပုံ ဘာသာရေး ရှေးချယ်ပုံ သဘာဝ ကျ၍ အလွန် စံနစ်ကျသော သူဌေးကြီး တဦး ဖြစ်ပေ သည်။

ဘာသာ ရှေးချယ်ပုံ အတုခိုး နည်းယူ စံနမူနာ ထား သင့်သော သူဌေးကြီး ဖြစ်ပေသည်။

ရှင်ပိဏ္ဍောလ စန္ဒကူးသပိတ် ယူ၍ ဘယ်သာသာမျှ မယူသေးသော ဘာသာ မရှိသေးသော ရာဇဂြိုဟ်သူဌေး ဗုဒ္ဓအယူ ဗုဒ္ဓဘာသာ ဗုဒ္ဓဘာသာဝင် ဖြစ်သွားသကဲ့သို့ ယခုအခါ ရှင်ပိဏ္ဍောလလို ဈာနလာဘီ ရဟန္တာများ ဖြစ် ထွန်း ပေါ်ပေါက်နေပါက ရှိနေပါက၊ တို့သာသနာနှင့် တို့ဗုဒ္ဓဘာသာသည် တကမ္ဘာလုံး ပျံနှံ့ကာ တကမ္ဘာလုံး ဗုဒ္ဓဘာသာတွေ ဗုဒ္ဓဘာသာဝင်တွေချည့်ဘဲ ဖြစ်ကောင်း ဖြစ်သွားလေရဲ့ဟု ကြံဆ တွေးတောကာ ဝမ်းမြောက် ဘွယ် တရပ် ဖြစ်ပေသည်။

ဤကား တိတ္ထိတို့ ဈာန်မရ၍ အညံ့ခံ အရှုံးပေးရပုံ သက်သေခံ တရပ် ဖြစ်သည်။

ဤ ဝတ္ထုကား အရာမဟုတ်လှသော်လည်း၊ စကား အလျင်းသင့်၍ ရေးလိုက်သည်။ ။ဓမ္မပဒအဋ္ဌကထာ ဒေဝရောဟဏဝတ္ထု။

တတိယ သံဂါယနာတင်စဉ်၊ သီရိဓမ္မာသောကမင်း မြတ်က တိတ္ထိ ခြောက်သောင်းကျော် အဝတ်ဖြူ ပတ် ဝတ်စေလတ်ကာ ဝတ်ဖြူလဲ ခံရပုံကား အလွန် ပေါလွင် ထင်ရှား သဿာလှပေသည်။

ဘုရားသခင် လက်ထက်ကစ၍ ယခု ယနေ့အထိ တိတ္ထိများ တို့သာသနာတော်ကြီး၏ ဆူးငြောင့်ခလုတ်သ ဘွယ် ဖြစ်သော သို့မဟုတ် တို့သာသနာတော်ကြီး မှေး မှိန်သေးသိမ် ကွယ်ပရန် ကြံဆောင်ရွက်သော သာသနာတော် ကြီး၏ ရန်သူ ဆူးငြောင့်ခလုတ်သဘွယ် ဖြစ်သော တိတ္ထိ တို့ အကယ်၍သာ စွာန်တန်းခိုး အဘိညာဉ်များ ရခဲ့ သော်၊ ဤဘုရားသာသနာတော်ကြီးကို (ဝါ) တို့သာသ နာတော်ကြီးကို မည်မျှ ဖျက်ဆီး ချမှုန်းပစ်မည်ကို မ တွေးဝံ့အောင်ပင်။

သာသနာတော်တွင်းမှာပင် အညသာသန (=တ ပါးသော သာသနာ) တိတ္ထိတို့ အာနာပါန သမထကို မရ ဆိုပါက၊ သာသနာပဋိလည်း အာနာပါန သမထ မရဟု သိအပ်သိသင့် သိထိုက်လှပေသတည်း။

ဝိသုဒ္ဓိမဂ်အဋ္ဌကထာ ၁၁၀ ဋ္ဌိလည်း အဋ္ဌကထာဆရာ သည် "ဘူမိတောတိ ဇေတ္ထ စ ဒသ အသုဘာ, ကာယ ဂတာသတိ, အာဟာရေပဋိကူလသညာတိ ဣမာနိ ဒ္ဝါ ဒသ ဒေဝသု နပ္ပဝတ္တန္တိ။ တာနိ ဒ္ဝါဒသ, အာနာပါ နဿတိ စာတိ ဣမာနိ တေရသ ဗြဟ္မလောကေ နပ္ပ ဝတ္တန္တိ။ အရူပဘဝေ ပန ဌပေတ္ဝာ စတ္တာရော အာရုပ္ပေ

အညံ နပ္ပဝတ္တတိ။ မနုဿသု သဗ္ဗာနိပိ ပဝတ္တန္တိတိ ဧဝံ ဘူမိတော” ဟူ၍ နောက်ပုဂ္ဂိုလ်များ ယုံမှားသံသယ ကင်းစေခြင်းအကျိုးငှါ မည်သည့် ဘုံ၌ မည်သည့် ကမ္မ ဌာန်း ရ၏၊ မရဟု ခဲခြားဝေဘန်၍ ပြသည့်နည်းအတူ ပြသလို၊ နောက်ပုဂ္ဂိုလ်များ ယုံမှားသံသယကင်းစိမ့်ခြင်း အကျိုးငှါလည်း သာသနာတော်တွင်း၌ မည်သည့် သမထကမ္မဋ္ဌာန်း ရ၏၊ မရ။ သာသနာပ၌ မည်သည့် သမထ ကမ္မဋ္ဌာန်း ရ၏၊ မရဟု ခဲခြားဝေဘန်၍ ပြတော်မူခဲ့ဘို့ အလွန် ကောင်းလှသည်။ ဤသို့ ခဲခြားဝေဘန်၍ ပြကား ပြတော်မမူခဲ့ပေ။

“ဘာ့ကြောင့် ခဲခြား၍ မပြခဲ့ပါသနည်း” ဟု အ ကြောင်းကို ရှာသည်ရှိသော်၊ ဟတိယ သံဂါယနာတင် ပြီးသည့် နှစ်မှစ၍ ရှင်မဟာဗုဒ္ဓဃောသ အဋ္ဌကထာသစ် များ ပြုစဉ်၊ သာသနာတော်နှစ် ၉၀၀ အတွင်း ၉၀၀ ကျော်လောက် ထိုခေတ် ထိုအခါ ထိုအချိန်၌ သီဟိုဠ် ကျွန်းတွင် သာသနာတော်၏ အရိုန်အဝါသည် ပြောင် ပြောင်ဝင်းဝင်း ထိန်ထိန်လင်း၍ နေ လ အသွင် လွန် လွန်မင်းမင်း ထွန်းလင်း တောက်ပသော အခိုက်လည်း ဖြစ်ပေသည်။

ထို့ကြောင့်လည်း သာသနာတော်ထမ်း ရဟန်းသံ ဃာတော် မှန်သမျှတို့သည် မိမိတို့ ရှေးရှေးဘဝက လွေ လာဆည်းပူး အားထုတ် ပွါးများခဲ့ဘူးသော အထုံဘာဂီ ပါရမီအားလျော်စွာ ယခုဘဝ ပစ္စက္ခ မျက်မှောက်၌ မိမိ

တို့ ကြိုက်ရာ နှစ်သက်ရာ သဘောကျရာ စိတ်ဆန္ဒရှိရာ အသီးအသီးသော သမထကမ္မဋ္ဌာန်းတို့ကို ပွါးများ အားထုတ်ကြပေသည်။ ထိုသို့ မိမိတို့ ကြိုက်နှစ်သက်ရာ သမထကမ္မဋ္ဌာန်းတို့ကို ပွါးများ အားထုတ်သည်အားလျော်စွာ အများအပြား စျာန်လည်း ရကြပေသည်။ ထိုစျာန်ကို အခြေခံပြု၍ အမှီပြု၍ ဝိပဿနာရှုလျက် ခီဏာသဝ (= ရဟန္တာ) ဖြစ်တော်မူကြသော အရှင်မြတ်များလည်း မနည်းလှပေ၊ အလွန် များပြားလှပေသည်။ ကိုယ်တိုင် ဒိဋ္ဌိ ဖူးမြင်ရခြင်း၊ ယုံကြည် လေးစားထိုက်သော ပုဂ္ဂိုလ် မြတ်တို့ထံမှ တဆင့်စကား ကြားသိရခြင်းသည်လည်း များပြားလှပေသည်။

ဤကဲ့သို့ မျက်မြင်ဒိဋ္ဌ ဖူးတွေ့ရခြင်း၊ ကြားသိရခြင်း တို့ကြောင့် သာသနာတော်တွင်း၌ မည်သည့် သမထကမ္မဋ္ဌာန်း ရ မရ၊ အားထုတ်ကောင်း အားမထုတ်ကောင်း ဟု စီစစ်နေဘွယ် သံသယဖြစ်နေဘွယ် မလိုတော့ပေ။

ထို့ပြင်လည်း အစောင်စောင်သော အဋ္ဌကထာတို့၌ မည်သည့် ပုဂ္ဂိုလ်သည် မည်သည့် သမထကမ္မဋ္ဌာန်းကို ပွါးများအားထုတ်၍ မည်သည့် စျာန် ရသည်။ ထိုစျာန်ကို အခြေခံပြုလျက် ဝိပဿနာရှု၍ ခီဏာသဝ (= ရဟန္တာ) ဖြစ်တော်မူကြကြောင်းကို ထင်ထင်ရှားရှား ပြတော်မူခဲ့ပြီးဖြစ်၍ ခဲခြား ဝေဘန်နေဘွယ်ရာ မလိုတော့ဟု ယူဆတော်မူခြင်းကြောင့်သာ မခဲခြား မဝေဘန်ခဲ့ဟန် တူပေသည်။

ထို့ကြောင့်လည်း သာသနာတော်တွင်း၌ သမထကမ္မဋ္ဌာန်း လေးဆယ်တို့တွင် မည်သည့် သမထကမ္မဋ္ဌာန်းတို့ကိုမျှ အားမထုတ်အပ် အားမထုတ်ကောင်းဟု တစောင်တခု မည်သည့် အဋ္ဌကထာ ဋီကာကမျှ တားမြစ်ကန့်ကွက်ချက် မရှိပေ။

သမထကမ္မဋ္ဌာန်းကို အားထုတ်ပုံးများချင်း တူသော်လည်း၊ သာသနာတော်တွင်း ပုဂ္ဂိုလ်တို့၏ နှလုံးသွင်း အာဘောဂ အစွမ်းသတ္တိ ဆန္ဒနှင့် သာသနာပ ပုဂ္ဂိုလ်တို့၏ နှလုံးသွင်း အာဘောဂ အစွမ်းသတ္တိ ဆန္ဒချင်း ထူးခြားကဲပြား ခြားနားဟန်ကို ပြဦးမည်။

စွာန်ရမှု တခုတည်းကိုသာ ရှေးရှု အာရုံပြု၍ သာသနာပ ပုဂ္ဂိုလ်တို့သည် သမထကမ္မဋ္ဌာန်းကို အားထုတ်ပုံးများသည်။ ထိုပုဂ္ဂိုလ်တို့အဘို့ စွာန်ရလျှင် သမထကမ္မဋ္ဌာန်း အားထုတ် ပုံးများမှကိစ္စ ပြီးဆုံးတော့၏။ စွာနသုခ (= စွာန် ချမ်းသာ)ကိုသာ အမြဲမပြတ် ခံစားရှုနေတော့၏။

အရဟတ္တဖိုလ်ဉာဏ်နှင့်တကွ စွာန်ရမှုကိစ္စတို့ကို ရှေးရှု အာရုံပြု၍ သာသနာတော်တွင်း ပုဂ္ဂိုလ်တို့သည် သမထ ကမ္မဋ္ဌာန်းကို အားထုတ် ပုံးများသည်။ ထိုပုဂ္ဂိုလ်တို့ အဘို့ စွာန်ရရုံမျှနှင့် သမထကမ္မဋ္ဌာန်း အားထုတ် ပုံးများမှကိစ္စ မပြီးဆုံးသေး။ အရဟတ္တဖိုလ်ဉာဏ် ရမှုကိစ္စ အာဟွက် ဆက်လက်ပြီး ဝိပဿနာရှုရန် ကျန်သေး၏။ ဝိပဿနာရှုလျက် အရဟတ္တဖိုလ်ဉာဏ် ရမှသာ သမထ

ကမ္မဋ္ဌာန်း အားထုတ် ပွါးများမှုကိစ္စ ပြီးဆုံးတော့၏။ ဖလသမာပတ္တိသုခ (= ဖလသမာပတ်ဖိုလ်ချမ်းသာ)ကို သာ အမြဲမပြတ် ခံစားရှိနေတော့၏။ ဤသို့ ကဲ့ပြား ထူးခြား၏။

သာသနာပ သမထကမ္မဋ္ဌာန်း၏ အဆုံးကား စျာန် ရလျှင် ပြီးဆုံး၏။ သာသနာတော်တွင်း သမထ ကမ္မဋ္ဌာန်း၏ အဆုံးကား စျာန်ရရုံမျှနှင့် မပြီးဆုံးသေး။ အရဟတ္တဖိုလ်ဉာဏ် ရမှ ကိစ္စ ပြီးဆုံး၏။ ဤသို့လည်း အကျဉ်း ခဲ့ခြားရှိ ကဲ့ပြား ထူးခြားဟန်ကို မှတ်။

သမထ ဆိုလျှင် သာသနာတော်တွင်း သာသနာပ မကဲ့မပြား မခဲ့မခြားဘဲ အတူတူဘဲ မထူးပါဟု သာသနာတော်တွင်း သမထ, သာသနာပ သမထ ဟူ၍ မခဲ့မခြားဘဲ မကဲ့မပြား ရောထွေးရှိ မယူကြနှင့်၊ မပြောဆိုကြနှင့်၊ ပညာမဲ့ရာ ကျနေတတ်သည်။ အထူးသတိပြု။

သမထကမ္မဋ္ဌာန်းတို့ကို သာသနာတော်တွင်းရှိ အားမထုတ်အပ်၊ အားမထုတ်ကောင်း၊ အားထုတ်ရမည့် ကမ္မဋ္ဌာန်းမျိုး မဟုတ်။ သာသနာပရှိသာ အားထုတ်အပ်၊ အားထုတ်ကောင်း၏။ အားထုတ်ရမည့် ကမ္မဋ္ဌာန်းမျိုးသာ ဖြစ်၏ဟု ဤကဲ့သို့ သာမန်ပုဂ္ဂိုလ်ရှေ ပြောမိဆိုမိကတော်ပါသေး၏။ အကယ်၍ သတိသမ္ပဇဉ် အမြဲ ယှဉ်သော ပညာရှိရှေ ပြောမိဆိုမိပါက၊ သာသနာပရှိ ဇုဒ္ဓါနုဿတိ မမ္မာနုဿတိ သံဃာနုဿတိ သမထကမ္မာန်းတို့ကို

အားထုတ်နိုင်ပါရဲ့လား။ ယခု သာသနာတော်တွင်း၌ ထိုဗုဒ္ဓါနုဿတိ ဓမ္မာနုဿတိ သံဃာနုဿတိ သမထကမ္မဋ္ဌာန်းတို့ကို အားမထုတ်ကောင်းဘူးလား။ ဆင်ခြင် စဉ်းစား သတိထား၍ ပြောပါလို့ မိမိကို ပြန်၍မေးက ခိုးထုပ် ခိုးထည်နှင့်တက္ခ လူလယ်မှာ ဖမ်းမိနေသော သူခိုးကဲ့သို့ ဘာမျှ ပြန်မပြောနိုင်ဘဲ မပြောတတ်ဘဲ ဘာအဖြမှ ပြန် မဖြေနိုင်ဘဲ ပါးစပ် အဟောင်းသားနှင့် မှိုင်တွေ ငေး မော၍သာ နေရပေလိမ့်မည်။

သာသနာတော်နှင့် ကွဲကွဲက်ခိုက် သာသနာတော် တွင်း၌ သမထကမ္မဋ္ဌာန်းတို့ကို အသက်ထက်ဆုံး အား ထုတ်ရမည်ဟု မဆိုလို။ "သမာဓိ ဘိက္ခဝေ ဘာဝေထ" ဟူ၍ မြတ်စွာဘုရား ကိုယ်တော်တိုင် ထိုထိုသို့သော သုတ် တော်ဒေသနာ အဖြာဖြာတို့၌ အကြိမ်ကြိမ် အဖန်ဖန် အ ထပ်ထပ် မိန့်မြွက်ဟောပြ တိုက်တွန်းချက်အရ ခေတ်ကာ လ သက်တမ်း ကျန်းမာမှု ဣရိယာပုထ်တို့ကို ထောက်ဆ ၍ ဈာန်တည်းဟူသော "အပ္ပနာသမာဓိ" ကို မဖြစ်စေ နိုင်သော်လည်း၊ "ဥပစာရသမာဓိ" မျှလောက်ကိုတော့ ရအောင် အားထုတ်ဘို့ အလွန် ကောင်းလှ၏။ ဥပစာရ သမာဓိကို ရအောင် အားထုတ်ကြပါလေ ယောဂီဂုဏ်း ဝင် သူတော်စင် အပေါင်းတို့။

သမာဓိ ဘိက္ခဝေ ဘာဝေထ၊ သမာဟိတော ဘိက္ခဝေ ဘိက္ခု၊ ယထာဘူတံ ပဇာနာတိ။ ကိဉ္စ ယထာဘူတံ ပဇာ နာတိ၊ ရူပဿ သမုဒယဉ္စ အတ္ထင်္ဂမဉ္စ (ပ)။ ။ခန္ဓဝဂ္ဂ

သံယုတ်ပါဠိတော် နကုလပိတုဝဂ် သမာဓိသုတ် ၁၂။
ဤ၌ ခန္ဓာ ငါးပါးလုံး အပြည့်အစုံ ဟောထားသည်။

သမာဓိံ ဘိက္ခဝေ ဘာဝေထ၊ သမာဟိတော ဘိက္ခဝေ ဘိက္ခု ယထာဘူတံ ပဇာနာတိ။ ကိဉ္စ ယထာဘူတံ ပဇာနာတိ။ စက္ခု အနိစ္စန္တိ ယထာဘူတံ ပဇာနာတိ။ ရူပါ အနိစ္စာတိ ယထာဘူတံ ပဇာနာတိ။ စက္ခုဝိညာဏံ အနိစ္စန္တိ ယထာဘူတံ ပဇာနာတိ။ စက္ခုသမ္ဖဿော အနိစ္စောတိ ယထာဘူတံ ပဇာနာတိ။ ယမ္ပိဒံ စက္ခုသမ္ဖဿပစ္စယာ ဥပ္ပဇ္ဇတိ။ သုခံ ဝါ ဒုက္ခံ ဝါ အဒုက္ခမသုခံ ဝါ၊ တမ္ပိ အနိစ္စန္တိ ယထာဘူတံ ပဇာနာတိ (ပ)။ မနော အနိစ္စန္တိ (ပ) ပဇာနာတိ။ သမာဓိ (ပ) ပဇာနာတိ။ ။ သဠာယတနဝဂ် သံယုတ်ပါဠိတော် သဠဝဂ် သမာဓိသုတ် ၃၀၂။

သမာဓိံ ဘိက္ခဝေ ဘာဝေထ၊ သမာဟိတော ဘိက္ခဝေ ဘိက္ခု ယထာဘူတံ ပဇာနာတိ။ ကိဉ္စ ယထာဘူတံ ပဇာနာတိ။ ဣံ ဒုက္ခန္တိ ယထာဘူတံ ပဇာနာတိ။ အယံ ဒုက္ခသမုဒယောတိ (ပ)။ အယံ ဒုက္ခနိရောဓောတိ (ပ)။ အယံ ဒုက္ခနိရောဓဂါမိနိပဋိပဒါတိ ယထာဘူတံ ပဇာနာတိ။ သမာဓိံ ဘိက္ခဝေ (ပ) ပဇာနာတိ။ ။ မဟာဝဂ္ဂသံယုတ်ပါဠိတော် သစ္စသံယုတ် သမာဓိဝဂ် သမာဓိသုတ် ၅၆၃။

သမာဓိန္တိ ဣံ ဘဂဝါ တေ ဘိက္ခူ။ စိတ္တေကဂ္ဂတာ ယ ပရိယာယန္တေ ဒိဿာ စိတ္တေကဂ္ဂတံ လဘန္တောနံ ဣမေ

သံ ကမ္မဋ္ဌာနံ ဖါတိံ ဂမိဿတီတိ ဥတ္တာ အာဟ။ ။ ခန္ဓဝဂ္ဂ သံယုတ်အဋ္ဌကထာ နကုလပိတုဝဂ် သမာဓိ သုတ် ၂၄၁။

သမာဓိန္တိ စတ္တောကဂ္ဂတံ။ ဣဒံ ဟိ သုတ္တံ စိတ္တေကဂ္ဂတာယ ပရိဟာယန္တေ ဒိဿ္မာ ဣမေသံ စိတ္တေကဂ္ဂတံ လဘန္တာနံ ကမ္မဋ္ဌာနံ ဖါတိံ ဂမိဿတီတိ ဥတ္တာ ကထိတံ။ ။သဠာယတနသံယုတ်အဋ္ဌကထာ သဠ်ဝဂ် သမာဓိသုတ် ၃၁။

သမာဓိံ ဘိက္ခဝေတိ တေ ကိရ ဘိက္ခူ။ စိတ္တေကဂ္ဂတာယ ပရိဟာယန္တိ၊ အထ နေသံ သတ္ထာ ဧဝမေတေ စိတ္တေကဂ္ဂတံ လဘိတ္ဝာ ကမ္မဋ္ဌာနံ ဝဎ္ဎေတ္ဝာ ဝိသေသံ ပါပုဏိဿန္တီတိ ဣမံ ဒေသနံ အာဟရိ။ ။ မဟာဝဂ္ဂသံယုတ် အဋ္ဌကထာ သစ္စသံယုတ် သမာဓိ သုတ် ၃၂။

ဤ၌ သမာဓိတို့ကား သမထ၊ သမထသမာဓိ၊ ဥပစာရသမာဓိ၊ အပ္ပနာသမာဓိ။ ရူပဿ သမုဒယဥ္စ အတ္ထင်္ဂမဥ္စ၊ စက္ခု၊ အနိစ္စံ၊ ဣဒံ ဒုက္ခံတို့ကား ဝိပဿနာသမာဓိ၊ ခဏိကသမာဓိ။ ထိုခဏိကသမာဓိဖြင့် မဂ်ဖိုလ် ရဘို့ ခရီး မရောက်သေး၍ မဂ်ဖိုလ် မရသေး၍ မဂ်ဖိုလ် ရဘို့ လျင်မြန် ပြီးမြောက် ခရီးရောက်စေရန် "သမာဓိံ ဘိက္ခဝေ ဘာဝေထ" ဟု သမထကို (ဝါ) ဥပစာရသမာဓိ အပ္ပနာသမာဓိကို ချီးမြှောက်ကာ အရေးပေးထားပုံကို အထူး သတိပြုပါ။

ရဟန်းတို့.... သမာဓိကို ပွါးကြလော့။ ရဟန်းတို့...., စိတ်တည်သော ရဟန်းသည် အမှန်ကို သိ၏။ ဤကား ပါဠိတော်တို့၏ လိုရင်း အကျဉ်းသဘောတည်း။

သဗ္ဗညုရှင်တော်ဘုရားသည် စိတ်မငြိမ်မသက် ပျံလွှင့်၍ ဥပစာရသမာဓိကိုမျှ မရဘဲ ဝိပဿနာကမ္မဋ္ဌာန်း ရှုပွါးနေသော ရဟန်းတို့ကို မြင်၍ ထို့ရဟန်းတို့အား စိတ်တည် ငြိမ်သက်မှုကို ရပါက၊ ဝိပဿနာကမ္မဋ္ဌာန်း စည်ပင်ပြန့်ပွါးခြင်းသို့ ရောက်လိမ့်မယ်။ ဝိသေသံ ပါပုဏိဿတိ (= မဂ်ဖိုလ်တရားထူးသို့ ရောက်လိမ့်မယ် ရလိမ့်မယ်)ဟု သိမြင်တော်မူ၍ ဤသမာဓိသုတ်ကို ဟောတော်မူသည်။ ဤကား အဋ္ဌကထာတို့၏ လိုရင်းသဘောတည်း။

သမာဓိကို စ၍ မပျိုးထောင်၊ ဥပစာရသမာဓိမျှကို မရဘဲ ဝိပဿနာ သက်သက် ရှုပွါးနေသော ရဟန်းတို့ကို မြင်၍ ဤသမာဓိသုတ်တို့ကို ဟောတော်မူသည်။ သို့ဖြစ်၍ ဥပစာရသမာဓိမျှကို ရအောင် အားထုတ်ပါဟု အားပေး တိုက်တွန်းလိုက်ခြင်း ဖြစ်ပေသည်။

ဝိပဿနာချည်း သက်သက် အားထုတ်ရခြင်းသည် ပင်ပန်း၏။ မဂ်ဖိုလ် ရမှု နှေး၏။ ကြာ၏။ အပွနာသမာဓိကို ရပြီးမှ ဝိပဿနာ ရှုခြင်း ပွါးခြင်း အားထုတ်ရခြင်းသည် သက်သာ၏။ လွယ်ကူ၏။ မဂ်ဖိုလ် ရမှု လျင်မြန်၏။

ဥပစာရ သမာဓိမျှကို ရပြီးမှ ဝိပဿနာ ရှုခြင်းပွါးခြင်း အားထုတ်ရခြင်းသည်လည်း ထို အပွနာ သမာ

ဓိလောက် မသက်သာ မလျင်မြန်နိုင်ပါသော်လည်း၊ “သမာဓိံ ဘိက္ခဝေ ဘာဝေထ” ဆိုသည်နှင့်အညီ သက်သာလှပေ၏။

ဝိပဿနာ သက်သက် အားထုတ်ခြင်းသည် ပင်ပန်း၏။ ဆင်းရဲ၏။ မင်ဖိုလ် ရမှု နှေး၏။ ကြာ၏။ အပွနာသမာဓိ ရပြီးမှ သို့မဟုတ် ဥပစာရသမာဓိမျှလောက် ရပြီးမှ ဝိပဿနာ အားထုတ်ရခြင်းသည် သက်သာ၏။ ချမ်းသာ၏။ မင်ဖိုလ် ရမှု လျင်မြန်၏။ လွယ်ကူ၏။ ဤသို့ အကျိုးရှိ၏။ အနှေး အမြန် ကွာခြား၏။

## ၂၄။ သဖထကမ္မဋ္ဌာန်း ၄၀ ပါဠိတော်များနှင့် တိုက်ရိုက် ပေါသည်ကို ပြခြင်း

### ကသိဏ်း ၁၀ ပါး

ပထဝီကသိဏဝဝသေန, အာပေါကသိဏဝဝသေန, တေဇောကသိဏဝဝသေန, ဝါယောကသိဏဝဝသေန, နီလကသိဏဝဝသေန, ပီတကသိဏဝဝသေန, လောဟိတကသိဏဝဝသေန, ဩဒါတကသိဏဝဝသေန, အာကာသကသိဏဝဝသေန, ဝိညာဏကသိဏဝဝသေန။

### အသုဘတိ ၁၀ ပါး

ဥဒ္ဓုမာတသုဘတိဝဝသေန, ဝိနီလသုဘတိဝဝသေန, ဝိပုဗ္ဗကသုဘတိဝဝသေန, ဝိစ္ဆိဒ္ဒကသုဘတိ

ဝသေန, ဒေဝတာနုဿတိဝသေန, အာနာပါနဿတိ ဝသေန, မရဏဿတိဝသေန, ကာယဂတာဿတိဝသေန, ဥပသမာနုဿတိဝသေန။

## အသုဘ ၁၀ ပါး

ဥဒ္ဓုမာတကသညာဝသေန, ဝိနီလကသညာဝသေန, ဝိပုဗ္ဗကသညာဝသေန, ဝိစ္ဆိဒ္ဒကသညာဝသေန, ဝိက္ခာယိတကသညာဝသေန, ဝိက္ခိတ္တကသညာဝသေန, ဟတဝိက္ခိတ္တကသညာဝသေန, လောဟိတကသညာဝသေန, ပုဠုဝကသညာဝသေန, အဋ္ဌိကသညာဝသေန။ ။ပဋိသမ္ဘိဒါမဂ်ပါဠိတော် မဟာဝဂ် ဉာဏကထာ အာနန္တရိကသမာဓိဉာဏနိဒ္ဒေသ ၉၂။

## ကသိုဏ်း ၁၀ ပါး

ကတမေ ဓမ္မာ ကုသလာ။ ယသ္မိံ သမယေ ရူပူပပတ္တိယာ မဂ္ဂံ ဘာဝေတိ ဝိဝိစ္စေဝ ကာမေဟိ (ပ) ပဌမံ ဈာနံ ဥပသမ္ပဇ္ဇ ဝိဟရတိ ပထဝီကသိဏံ (ပ) အာကာသကသိဏံ (ပ)။

## အသုဘ ၁၀ ပါး

ကတမေ ဓမ္မာ ကုသလာ။ (ပ) ဥဒ္ဓုမာတကသညာသဟဂတံ (ပ)။ ။ဓမ္မသင်္ဂဏီပါဠိတော် စိတ္တုပ္ပါဒကဏ္ဍ ရူပါဝစရကုသလ။

## ကသိဏ်း ၁၀ ပါး

ကတမေ ဒသ ဓမ္မာ ဘာဝေတဗ္ဗာ။ ဒသ ကသိဏာယတနာနိ။ ပထဝီကသိဏမေကော သဉ္ဇာနာနိ (ပ)။ ။ သုတ်ပါဌေထယျပါဠိတော် သင်္ဂီတိသုတ် ဒသက ၂၂၃၊ ဒသုတ္တရသုတ် ဒသ ဓမ္မာ ၂၅၇။

### အသုဘ

ကတမဉ္စာဝုသော အနုရက္ခဏာပဓါနံ။ ဣဓါဝုသော ဘိက္ခု ဥပပ္ပန္နံ ဘဒ္ဒကံ သမာဓိနိမိတ္တံ အနုရက္ခတိ အဒ္ဓိက သညံ, ပုဋ္ဌဝကသညံ, ဝိနီလကသညံ, ဝိစ္ဆိဒ္ဒကသညံ, ဥဒ္ဓုမာတကသညံ။ ဣဒံ ဝုစ္စတာဝုသော အနုရက္ခဏာ ပဓါနံ။

သတ္တသညာ, အနိစ္စသညာ, အနတ္တသညာ, အသုဘ သညာ, အာဒီနဝသညာ, ပဟာနသညာ, ဝိရာဂသညာ, နိရောဓသညာ။ ။သုတ်ပါဌေထယျပါဠိတော် သင်္ဂီတိ သုတ် စတ္တာရိ ပဓာနာနိ စတုက္က ၁၀၉၊ သတ္တသညာ သတ္တက ၂၀၉။

### မရဏာသတိ

၁။ အညတရော ဘိက္ခု ဘဂဝန္တံ တေဒဝေါစ အဟံ ခေါ ဘန္တေ ဘာဝေမိ မရဏာသတိန္တိ။ ယထာ ကထံ ပန တုံ ဘိက္ခု ဘာဝေသိ မရဏာသတိန္တိ။ ဣဓ မယှံ ဘန္တေ ဧဝံ ဟောတိ (အဟောဝတာဟံ ရတ္တိန္ဒိဝံ ဇီဝေယျံ)

ဘဂဝတော သာသနံ မနသိကရေယျ။ ဗဟု ဝတ မေကတံ အဿာတိ။ ဧဝံ ခေါ အဟံ ဘန္တေ ဘာဝေမိ မရဏဿတိန္တိ။

၂။ အဟောဝတာဟံ ဒိဝသံ ဇီဝေယျံ။

၃။ အဟောဝတာဟံ တဒန္တရံ ဇီဝေယျံ၊ ယဒန္တရံ ကေပိဏ္ဍပါတံ ဘုဉ္ဇာမိ။

၄။ အဟောဝတာဟံ တဒန္တရံ ဇီဝေယျံ၊ ယဒန္တရံ စတ္တာရော ပဉ္စ အာလောပေ သခ်ါဒိတ္ဝာ အဇ္ဈောဟရာမိ။

၅။ အဟောဝတာဟံ တဒန္တရံ ဇီဝေယျံ၊ ယဒန္တရံ ကံ အာလောပံ သခ်ါဒိတ္ဝာ အဇ္ဈောဟရာမိ။

၆။ အဟောဝတာဟံ တဒန္တရံ ဇီဝေယျံ၊ ယဒန္တရံ အဿသိတ္ဝာ ဝါ ပဿသာမိ၊ ပဿသိတ္ဝာ ဝါ အဿသာမိ။ ။ဆက္ကအင်္ဂုတ္တရပါဠိတော် ပဌမ ပဏ္ဏာသက သာရဏီယဝဂ် ပဌမ မရဏဿတိသုတ် ၂၆၈။

## အာဟာရေ ပဋိကူလသညာ

ကတမေ နဝ ဓမ္မာ ဥပ္ပါဒေတဗ္ဗာ။ နဝ သညာ၊ အသုဘသညာ, မရဏသညာ, အာဟာရေ ပဋိကူလသညာ, သဗ္ဗလောကေ အနဘိရတိသညာ, အနိစ္စသညာ, အနိစ္စေ ဒုက္ခသညာ, ဒုက္ခေ အနတ္တသညာ, ပဟာနသညာ, ဝိရာဂသညာ။ ကတမေ နဝ ဓမ္မာ ဥပ္ပါဒေတဗ္ဗာ။

ကတမေ ဒသ ဓမ္မာ ဥပ္ပါဒေတဗ္ဗာ။ ဒသ သညာ၊ အသုဘသညာ, မရဏသညာ, အာဟာရေ ပဋိကူလသညာ,

(ပ) ဝိရာဂသညာ, နိရောဓသညာ။ ဣမေ ဒသ ဓမ္မာ ဥပ္ပါဒေတဗ္ဗာ။ ။သုတ်ပါထေယျ ပါဠိတော် ဒသုတ္တရ သုတ နဝ ဓမ္မာ ၂၅၄။ ဒသ ဓမ္မာ ၂၅၉။

## ဆ အနုဿတိ

ကတမေ ဆ ဓမ္မာ ဘာဝေတဗ္ဗာ။ ဆ အနုဿတိဋ္ဌာနာနိ၊ ဗုဒ္ဓါနုဿတိ, ဓမ္မာနုဿတိ, သံဃာနုဿတိ, သီလာနုဿတိ, စာဂါနုဿတိ, ဒေဝတာနုဿတိ။ ဣမေ ဆ ဓမ္မာ ဘာဝေတဗ္ဗာ။ ။သုတ်ပါထေယျပါဠိတော် သီဒီတိသုတ် ဆက္က ၂၀၇၊ ဒသုတ္တရသုတ် ဆ ဓမ္မာ ၂၃၇။

## ဆ အနုဿတိ

ဣဓ ဝိသာခေ အရိယသာဝကော တထာဂတံ အနုဿရတိ ဣတိပိ သော ဘဂဝါ အရဟံ (ပ) ဗုဒ္ဓေါ ဘဂဝါတိ (ပ)။ ဓမ္မံ (ပ)။ သံဃံ (ပ)။

ဣဓ ဝိသာခေ အရိယသာဝကော အတ္တနော သီလာနိ အနုဿရတိ။ အခဏ္ဍာနိ (ပ)။

ဣဓ ဝိသာခေ အရိယသာဝကော ဒေဝတာ အနုဿရတိ။ ။တိက်ကဂုံတ္တရပါဠိတော်ဒုတိယ ပဏ္ဏာသက မဟာဝဂ် ဥပေါသထသုတ် ၂၀၇။

၁။ ကထဉ္စ ဝိသာခေ အရိယုပေါသထော ဟောတိ၊ ဥပက်ကိလိဋ္ဌဿ ဝိသာခေ စိတ္တဿ ဥပက်ကမေန ပရိယောဒ ပနာ ဟောတိ။

၂။ သဒ္ဓါ ဓေါ မဟာနာမ အာရာဓကော ဟောတိ။ (ပ) အာရဒ္ဓဝီရိယော ဥပဋ္ဌိတဿတိ သမာဟိတော ပညဝါ (ပ)။ ဣမေသု ဓေါ တွံ မဟာနာမ ပဥ္စသု မဲမွေသု ပတိဋ္ဌာယ ဆ ဓမ္မေ ဥတ္တရိ ဘာဝေယျာသိ။ ။ကောဒဿဂုံတ္တရပါဋိတော် ပဌမ မဟာနာမသုတ် ၅၂၀။

၁။ အို ဝိသာခါ အာဘယ်သို့လျှင် အရိယာဥပုသိဖြစ်သနည်း။ အို ဝိသာခါ ညစ်နှမ်းသော စိတ်ကို လုံ့လပြုခြင်းဖြင့် စင်ကြယ်သန့်ရှင်းသည် ဖြစ်၏။

၂။ အို မဟာနာမ် သဒ္ဓါတရားနှင့် ပြည့်စုံသော သူသည် အရဟတ္တဖိုလ်ကို ပြီးစေနိုင်၏။ အားထုတ်အပ်သော ဝီရိယ ရှိသူ၊ ထင်သော သတိ ရှိသူ၊ တည်ကြည်သော စိတ် ရှိသူ၊ ပညာ ရှိသူသည် အရဟတ္တဖိုလ်ကို ပြီးစေနိုင်၏။ အို မဟာနာမ် သင်သည် ကျင်းပါးသော တရားတို့ကို တည်စေခြင်းငှါ ခြောက်ပါးသော တရားတို့ကို အလွန် ပွါးလေလော့။

တံ၊ သင် မဟာနာမ်သည်။ ဆ ဓမ္မေ ဥတ္တရိ ဘာဝေယျာသိ၊ ခြောက်ပါးသော တရားတို့ကို အလွန် ပွါးလေလော့။

ဤဆအနုဿတိ အတိုင်းပင် ဝိသုဒ္ဓိမဂ် အဋ္ဌကထာ၌ ဆအနုဿတိ နိဒ္ဒေသ ဟူ၍ နိဒ္ဒေသ တပါးအဖြစ် တသီးတခြား ပြတော်မူသည်။

သမထကမ္မဋ္ဌာန်း ၄၀ တို့ကို ဝိသုဒ္ဓိမဂ်၊ သဂ္ဂိဟ်တို့၌ လာသော ပြသော သမထကမ္မဋ္ဌာန်းတွေပါဟု မျှားသော အားဖြင့် ထင်မြင်ယူဆကြ၏။ သမထဘဲ ဟူ၍လည်း အထင်သေးကြ၏။ ထိုသူတို့ ယုံမှား သံသယကင်း၍ ယုံကြည် လေးစားစေရန် ဘုရားဟောပါဠိတော်၌ လာကြောင်းကို ထုတ်ပြလိုက်ရပေသည်။

**မှတ်ချက်။** မရဏာသတိ၌ ၁ နံပါတ် လက်သဲကွင်း အတွင်း၌ ပါဠိ အစား နံပါတ်စဉ် အတိုင်းပါ ပါဠိ အသီးအသီး ပြောင်းလဲ ဖလှယ် လဲလှယ် ထည့်လိုက်ပါက၊ ကျန် အားလုံး ပါဠိတွေသည် တူနေ၍ သဗ္ဗညုဓ္ဂဉ်တော်ဘုရားအား ရဟန်းတော် ခြောက်ပါးတို့က အသီးသီ. မိမိတို့ မရဏာသတိ ပွါးလိုပုံ ပွါးလိုဟန် ပွါးနိုင်ပုံ လျှောက်ထားချက် သရုပ်ပေါ်လာသည်။

ရဟန်းတော် တပါးက တနေ့ တည် ရက်အခါလည် ရက်တပတ် ၂၄ နာရီ၊ တပါးက တရက်၊ တပါးက ဆွမ်းတခါ ဘဉ်းပေး ဆွမ်း တကြိမ် ဘဉ်းပေး၊ တပါးက ဆွမ်း လေးငါးလုပ် ဘဉ်းပေး၊ တပါးက ဆွမ်း တလုပ် ဘဉ်းပေး၊ တပါးက ထွက်သက် ဝင်သက် တရှူတရှိုက်မျှ ထွက်သက် ငင်သက် တကြိမ်မျှလောက် အသက်ရှင်ပါက၊ သဗ္ဗညုဓ္ဂဉ်တော်ဘုရား၏ တရားကို ပွါးများ အားထုတ်နိုင်ပါသည် ဘုရားဟု ရဟန်းဘော် ခြောက်ပါးက အသီးသီး လျှောက်ထားလေသည်။

"ဘာဝေတပ္ပါ, အရိယသာဝကော, အရိယုပေါသထော, တုံ မဟာနာမ နှင့် ဆ ဓမ္မေ ဥတ္တရိ ဘာဝေယျာသိ" ဟူသော ပုဒ် ထူးတို့ကို နှလုံးအသဲ စွဲ၍နေအောင် မြဲမြံစွဲစွဲကြိုး မှတ်သား၍ ထားလိုက်ပါ။ မေ့ပျောက်၍ မသွားစေဘဲ မြဲမြံစွဲစွဲကြိုး မှတ်သားစေလိုပါသည်။

## ရဟန္တာရင့်မကြီး

သာသနာ အစကနဦးက ပဌမတန်း ထိပ်ဆုံးက နေပြီး သာသနာကြီး၏ ဝန်ကို ထမ်းဆောင်ကြကုန်သော ရဟန်းတော်အရှင်မြတ်များအား တရား စစ်သူကြီး ဖြစ်တော်မူသော ရဟန္တာရင့်မကြီး ရှင်သာရိပုတ္တရာ မဟာထေရ်မြတ်ကြီးပင်လျှင် ကသိုဏ်း, အသုဘ, အနုဿတိ စသော သမထကမ္မဋ္ဌာန်းတို့ကို ဘာဝေတဗ္ဗာ၊ ဘာဝေထ (= ပွါးကြလေကုန်။ ပွါးကြပါ။ အားထုတ်ကြကုန်။ အားထုတ်ကြပါ!) ဟူ၍ အကြိမ်ကြိမ် အခါခါ! ဟောနိုင် တိုက်တွန်း အားပေးနိုင်ပါလျက် ဟောနိုင် တိုက်တွန်း အားပေးနိုင်သည်။

## ပုထုဇဉ်နှင့် ရဟန္တာ

ယခု သာသနာတော် ၂၄၀၀ နှင့် ၂၅၀၀ ကျော် အချိန်အခါ ကျကာမှ သာသနာပမှာသာ အားထုတ်အပ် အားထုတ်ကောင်းတဲ့ အားထုတ်ရတဲ့ သမထ ကမ္မဋ္ဌာန်း တွေဘဲဟု ကသိုဏ်း, အသုဘ, အနုဿတိ စသော သမထ ကမ္မဋ္ဌာန်းတွေကို သမထဘဲဟု ဆိုပြီး ပမာမထား မလေးမစား အထင်အမြင်သေးကာ အယူသည်းနေကြသော ပုထုဇဉ်တွေနှင့် မကွာခြားပေဘူးလား။

ရဟန္တာနှင့် ပုထုဇဉ် စိတ်နေစိတ်ထား မကွာခြားပေဘူးလား။ မနှိုင်းယှဉ်သာအောင် ကွာခြားချင်တိုင်း ကွာခြားရှိနေပေတော့သတည်း။

## နိဗ္ဗာန်သွား မဂ်ရထား

ရဟန္တာအရှင်မြတ်များ၏ အဆင့်အတန်းကို လုံးဝ ညှိသုံ မမှီနိုင်စေကာမူ၊ တစိတ်တဒေသ အချို့အဝက် သာမန် ပုထုဇဉ်တို့ထက် အဆင့်အတန်း မြင့်မြတ်ကာ သာပြီး ထူးခြား လွန်ကဲသော ပုထုဇဉ်အဖြစ်မျိုး အနေ မျိုး ဖြစ်ပါစေ၊ ရောက်ပါစေ။

ယခုဘဝကစ၍ နိဗ္ဗာန်သွား မဂ်ရထားကြီး စီးဘို့ လက်မှတ် ရပြီး သေချာနေသော ဤသာသနာတော်တွင် ပုဂ္ဂိုလ်တိုင်းတို့၏ နှုတ်ဖျားတွင် သီးနေသော အသိ အမြားဆုံး ဖြစ်၍ အလွန် ပေါ်လွင် ထင်ရှားလှသော ပုဗ္ဗာရုံ ကျောင်းအမ အရိယာထွေး သောတာပန် ဝိသာခါ ကိုပင်လျှင် သေချာပေါက် နိဗ္ဗာန် ရောက်မည်ဖြစ်၍ စိတ်ချလက်ချ နေနိုင်သော်လည်း၊ မနေစေမူ၍ သဗ္ဗညုရှင်တော်ဘုရားက ဆ အနုဿတိကို ပွားမှု၍ အရိယုပေါသထ (= အရိယဥပုသ်) အနေမျိုး နေရန် ဟောတော်မူသည်။ ချီးမွမ်းတော်မူသည်။ ပုထုဇဉ်တွေက သမထဆိုပြီး ကွဲရဲ့ကြသည်။ ရှုတ်ချကြသည်။ မကွာလား။ အရိယာသောတာပန် မြန်မြန် ဖြစ်လိုက၊ မကွဲရဲ့ မရှုတ်ချမိစေရန် သတိပေးလိုသည်။

## သင့်ကို တိုက်ရိုက်

အို မဟာနာမ်.... သင်သည် ငါလည်း အရိယာဘဲ၊ ဤ ဆအနုဿတိတွေကို ပွားမှုနေသော အနေမျိုးဖြင့်

နေရန် မလို၊ ပွါးရန် မလို။ အခြား အရိယာတွေကိုသာ ရည်ရွယ်၍ ငါဘုရား ဟောသည်ဟု သင် မမှတ်လေလင့်။ အခြား အရိယာတွေနှင့်တကွ သင့်ကိုပါ တိုက်ရိုက် ငါဘုရား ရည်ညွှန်း၍ ဟောတော်မူသည်ဟု သိစေခြင်းငှါ "တွံ မဟာနာမ"၊ သင်လည်း အရိယာ ဖြစ်ပေမဲ့ ဤဆ အနုဿတိ တရား ခြောက်ပါးကို လွန်လွန်ကဲကဲကြီး ပွါးလေလော့ဟု "တွံ မဟာနာမ" ဟူသော ပုဒ်ကို အထူးပြု၍ ဟောတော်မူသည်ကိုလည်း ထူးခြားစွာ သတိပြုထားပါ။

## အမှတ်မဲ့ အနေမျိုး

သဗ္ဗညုရှင်တော်ဘုရား၏ ဆွေတော်မျိုးတော် သာကီဝင်မင်းမျိုး အရိယာ ဖြစ်သော မဟာနာမ်ကို ငါ အရိယာ ဖြစ်သည် ဘဝဇာတ်ငြိမ်း စခန်းသိမ်းကာ အေးငြိမ်းဘို့ သေချာနေပြီဟု စိတ်၌ စွဲကာ မှတ်ထားပြီး အမှတ်မဲ့ အနေမျိုးဖြင့် မနေစေဘဲ၊ ထူးမြတ်သော အရိယာအနေမျိုးဖြင့် နေကာ သဒ္ဓါ, ဝီရိယ, သတိ, သမာဓိ, ပညာ၊ ဤငါးဖြာတို့နှင့် အထူး ပြည့်စုံလိုပါက၊ ပတိဋ္ဌာယ(=တည်ခြင်းငှါ)ဆ အနုဿတိ(=ဗုဒ္ဓါနုဿတိ စသော ခြောက်ပါးသော အနုဿတိ)တရားကို ဥတ္တရိ(=အလွန်) ပွါးများလေလော့ဟု သဗ္ဗညုရှင်တော်ဘုရား ဟောတော်မူသည်။ တိုက်တွန်းတော်မူသည်။ ချီးမွမ်းတော်မူသည်။

ပုထုဇဉ်တွေက သမထ ဆိုပြီး ကွဲရဲ့ကြသည်၊ ရှုတ်ချကြသည်။ မကွာလား။

## မင်းတိုင်းကျေ

"အိမ်နီးချင်း ရိုသေရုံ ရုံးတက်" ဆိုသော စကားကဲ့သို့ သမန်ကာ ရှုံကာ ပေါ့တိပေါ့ဆ ရော့ရိုရော့ရဲ အဖြစ်မျိုး အနေမျိုး ပွါးပါတယ် ဆိုရရုံမျှ မင်းတိုင်းကျေ ဝတ်ကျေ တန်းကျေ တမ်းစေ့ရုံမျှ ပွါးနေမည်ကို မဟာကရုဏာသက် ပြင်းထန်လျက် အလွန်အမင်း အစိုးရိမ်ကြီးစိုးရိမ်တော်မူလျသဖြင့်၊ ဥတ္တရိ (= အလွန် လွန်လွန်ကဲကဲ လွန်လွန်မင်းမင်းကြီး) ပွါးလေ ပွါးများရမည်ဟု ဥတ္တရိပုဒ် သဒ္ဒါလွန်ဖြင့်လည်း အဓိပ္ပါယ် အလို အနက်ထူးကို သိစေလို၍ သဗ္ဗညု၊ ရှင်တော်ဘုရား ဟောတော်မူသည်ကိုလည်း အထူး သတိပြု၍ မှတ်သားစေလိုသည်။

## အားမရသေး

သဒ္ဒါ, ဝိရိယ, သတိ, သမာဓိ, ပညာတို့ကို သေက္ခ အရိယာတို့သည် မိမိတို့နှင့် ထိုက်တန်သလောက် ပြည့်စုံနေသည်ကိုပင် အားမရသေး၍ အရဟတ္တဖိုလ် ရရန်အတွက် ပြည့်စုံစေရန်အတွက် ဤတရား ငါးပါးတို့နှင့် ပြည့်စုံအောင် ဆ အနုသာတိတို့ကို ပွါးစေတော်မူသည်။ ပွါး၍လည်း သေက္ခ, အသေက္ခအရိယာများ ဖြစ်ကြသည်။

## အနုသတိ ပွါး

ပုထုဇဉ်တို့သည် ဤတရား ငါးပါးတို့နှင့် မပြည့်စုံသေးခိုက် မပြည့်စုံသေးသည်အတွက် အရိယာ မဖြစ်ကြ

သေး၊ ပုထုဇဉ် အဖြစ်နှင့်သာ နေရသည်။ ပုထုဇဉ်အဖြစ်မှ လွှတ်လိုပါက၊ ဤတရား ငါးပါးတို့နှင့် ပြည့်စုံအောင် ဆ အနုဿတိတို့ကို ပွါးရမည်။

## တမျိုးတဖုံ ပြောင်း

သေက္ခအရိယာ အရှင်မြတ်များတောင် ပွါးရသေးတဲ့ သမထပေဘဲ၊ တို့ပုထုဇဉ်တွေ မပွါးဘဲ နေလို့ ဘယ်ဖြစ်မလဲ။ မပွါးဘဲ မနေသင့်၊ သာ၍ပင် ပွါးများသင့်လှတော့သည်ဟု ဤကျမ်းကို ကြည့်ရှုမိက ကြည့်ရှုပြီးက၊ ကြီးစွာသော ထိတ်လန့်ခြင်း သတိသံဝေဂ ပြင်းစွာ ဖြစ်ကာ မိမိ စိတ်ကို တမျိုးတဖုံ ပြောင်းသင့်လှတော့သည်။ ပြောင်းကြစေသတည်း။ ပြောင်းကြပါစေ။

ဝိပဿက ယောဂိတို့သည်လည်း ဤတရား ငါးပါးတို့နှင့် မုချ ပြည့်စုံပါမှ မဂ်ဖိုလ်နိဗ္ဗာန်ကို ရနိုင်ပေမည်။ ထိုတရား ငါးပါးတို့နှင့် ပြည့်စုံရန် အနုဿတိကို ထူးထူးခြန်ခြန် လှန်လှန်ကဲကဲကြီး ပွါးရမည်။

သမထ ပွါးများမှကား အကြောင်းတရား။ အကျိုးတရားကား စျာန်မဂ်ဖိုလ်နိဗ္ဗာန်ပင်တည်း။

ဝိပဿနာရှုမှကား အကြောင်းတရား။ အကျိုးတရားကား မဂ်ဖိုလ်နိဗ္ဗာန်ပင်တည်း။

သို့ဖြစ်၍ "ကေရသဋ္ဌေန သမထဝိပဿနံ သမောဓာနေတိ" ဟူ၍ဂုဏ်း၊ "နိဗ္ဗေဓဘာဂိယတ္တာ" ဟူ၍ဂုဏ်း၊ "သာသနိကဿ စျာနဘာဝနာ ယေဘုယျေန" ဟူ၍ဂုဏ်း

ပဋိသန္ဓိဒါမင်္ဂပါဠိတော်, ဝိသုဒ္ဓိမဂ်နှင့် မဟာဋီကာတို့၌ မိန့်တော်မူသည်။

၁။ ဇကေရသဋ္ဌေန သမထဝိပဿနံ သမောဓါနေတိ။ ပဋိသန္ဓိဒါမင်္ဂပါဠိတော် ၁၇၉။

၂။ နိဗ္ဗေဓဘာဂိယတ္တာ ဝါ အနုပုဗ္ဗေန အရိယမဂ္ဂဝုဋ္ဌိပတ္တာ သမုဆ္ဆိန္နတိ ပဋိပဿဒ္ဓေတိ။ ။ဝိသုဒ္ဓိမဂ်အဋ္ဌကထာ ၂၆၀။

၃။ သာသနိကဿ စျာနဘာဝနာ ယေဘုယျေန နိဗ္ဗေဓဘာဂိယေဝ ဟောတီတိ အာဟ "နိဗ္ဗေဓဘာဂိယတ္တာ" တိ။ ။မဟာဋီကာ ၃၁၄။

၁။ တခုတည်း ကိစ္စတူသဖြင့်၊ သမထ ဝိပဿနာကို ပေါင်း၏။

၂။ ထိုးထွင်းနှိုင်ခြင်း အဘိုရှိသောကြောင့်၊ အစဉ်သဖြင့် အရိယမဂ်ဖြင့် ကြီးပွါးခြင်းသို့ ရောက်သည်ဖြစ်၍ အကြွင်းမဲ့ ဖြတ်၏။ ငြိမ်းစေ၏။

၃။ သာသနာတော်တွင်း စျာန်ရပုဂ္ဂိုလ်၏ စျာနဘာဝနာသည် များသောအားဖြင့် ရာခိုင်နှုန်း ၉၀ သည် မဂ်ဖိုလ်နိဗ္ဗာန်ကို။ ဝါ၊ သစ္စာလေးပါး တရားတို့ကို ထိုးထွင်းနှိုင်ခြင်း အဘိုရှိ၏။ ထိုကြောင့် "နိဗ္ဗေဓဘာဂိယတ္တာ" ဟူ၍ ဝိသုဒ္ဓိမဂ်အဋ္ဌကထာဆရာ မိန့်တော်မူ၏။

ဘာသနာပမ္ပာသာ အားထုတ်ကောင်းတဲ့ သမထကမ္မဋ္ဌာန်းတွေဘဲဟု အယူသည်းသူတို့အဘို့ ဤပါဠိတော်, အ

ဌဳကထာနှင့် ဋီကာတို့ကို အလွန် ရိုသေလေးစားထိုက်လှ ပေသည်။ သတိပြုဘို့ သတိရဘို့လည်း အလွန် ကောင်း လှပေတော့သတည်း။

## သောတာပန်လောင်း

"ဘာ့ကြောင့် ဝိပဿနာတရားကို ပွါးများ အား ထုတ်ပါသလဲ" ဟု မေးလျှင်၊ အမှန်အားဖြင့် အောက် ထစ်ပိုင်းခြား အယုတ်ဆုံးအားဖြင့် "တမစ်, တဖိုလ် ရလို၍။ ဝါ၊ သောတာပန် ဖြစ်လို၍" ဟု မုချ ဖြေဆိုကြပေ လိမ့်မည်။ ဝိပဿက ယောဂီတိုင်း ဤအဖြေအတိုင်းပင် မုချ ဖြေဆိုကြပေလိမ့်မည်။ ဖြေကြမည်ကား မလွဲပေ။ ဖြေလည်း ဖြေသင့်လှပေသည်။

သို့ အဖျင်းဆုံး အညံ့ဆုံး သောတာပန် ဖြစ်လိုပါက၊ "အဝေစ္ဆပ္ပသာဒ" ဆိုတဲ့ ဂုဏ်နှင့် ပြည့်စုံရပေမည်။ ဆ အနုဿတိကို ပွါးရမည်။ ပွါးအပ် ပွါးသင့် ပွါး ထိုက်လှတော့သည်။

## သောတာပန်အင်္ဂါ လေးပါး

စတ္တာရိ သောတာပန္နဿ အင်္ဂါနိ၊ ဣဓဝုသော အရိယသာဝကော ဗုဒ္ဓေ အဝေစ္စပ္ပသာဒေန သမန္နာဂတော ဟောတိ။ ဣတိပိ သော ဘဂဝါ အရဟံ (ပ)။

ဓမ္မေ အဝေစ္စပ္ပသာဒေန (ပ) သွာက္ခာတော (ပ)။

သံဃေ အဝေစ္စပ္ပသာဒေန (ပ) သုပ္ပဋိပန္နော (ပ)။

အရိယကန္တေဟိ သီလေဟိ သမန္နာဂတော ဟောတိ၊ အခဏ္ဍေဟိ (ပ)။ ။သုတ်ပါဌေယျပါဠိတော် သဒ္ဒါတိ သုတ စတုက္က ၁၉၀။

၁။ ဗုဒ္ဓေ အဝေစ္စပ္ပသာဒေါ။

၂။ ဓမ္မေ အဝေစ္စပ္ပသာဒေါ။

၃။ သံဃေ အဝေစ္စပ္ပသာဒေါ။

၄။ အရိယကန္တေ ငါးပါးသီလေါ။

မတုန်မလှုပ် ကြည်ညိုသည် ဆိုသည်ကား အသက်နှင့် လဲပြီး ကြည်ညိုနိုင်တဲ့ အကြည်ညိုမျိုးကို ဆိုလိုသည်။

"ဇဝိတံ ပရိစ္စဇာမိ၊ န သိက္ခာပဒံ" ဆိုသကဲ့သို့ သီလအကျိုး အပျက်မခံ သီလနှင့် အသက် လဲဝံ့သည်ကို ဆိုလိုသည်။

ဤအင်္ဂါ လေးပါးနှင့် တကယ်အဟုတ် ပြည့်စုံပါက၊ မုချ "သောတာပန်" ဖြစ်တော့သည်။

ဝိပဿနာ အားထုတ်ရကျိုး တဆင့် နပ်သွားပေပြီ။ တဆင့် ပြီးသွားပေပြီ။

## အလှမ်းကွာဝေး

ဂုဏ်အင်္ဂါ ၄ ပါးနှင့် မပြည့်စုံသေးပါက၊ သောတာပန် မဖြစ်သေးပေ၊ လို့ပေသေး၏။ အလှမ်းကွာဝေးလှပေသေးသည်။ ရှေ့သို့ ထို့ထက် ထမ်းပိုး တိုးပြီး ပိုမို လွန်ကဲစွာ ဝိပဿနာတရားကို ဆက်လက်ပြီး အမြဲတစေ

ကြိုးစားမင်းစား မဆုတ်တမ်း မလျှော့တမ်း သဲသဲမဲမဲ ကြီး အားထုတ်ပါ။ အားထုတ်ရန်ကိုလည်း များများကြီး တိုက်တွန်းလိုက်ပါသည်။ လွန်ကဲ ထူးခြားစွာလည်း တောင့်တပါသည်။ သမာဓိရင့်ဘို့ အနုဿတိကိုလည်း လက်မလွှတ်သင့်၊ မမေ့လင့်။

## တကယ်တမ်း ရွှေတန်း

သဗ္ဗညု ရှင်တော်ဘုရား၏ သာသနာတော်ကြီးကို ထွန်းလင်းသထက် ထွန်းလင်း၊ တောက်ပြောင်သထက် တောက်ပြောင်၊ ဝင်းထိန်သထက် ဝင်းထိန်အောင် တဘက်တလမ်းက တကယ်တမ်း ရွှေတန်းက နေပြီး ထမ်း ဆောင်နေသည်ကား သမထကမ္မဋ္ဌာန်း တည်းဟူသော စျာန် တရားကြီးပင် ဆိုက မလွဲနိုင်ပေ။

## ရွှေတန်းက ချမှုန်း

သာသနာတော်ကြီး၏ မာန်စွယ် အနန္တရာယ်ဘေးရန် ဟူဟူသမျှ ပေါ်ပေါက်လာပါက၊ တကယ်တမ်း ရွှေတန်း က နေပြီး ချမှုန်းလှဉ်းပစ်နိုင်သည်ကား သမထကမ္မဋ္ဌာန်း တည်းဟူသော စျာန် တရားကြီးပင် မဟုတ်ပါလား။ စျာန် တရားကြီးပင် ဆိုက၊ လွဲနိုင်လိမ့်မည် မဟုတ်ပေ၊

အနည်းငယ်မျှ သာဓကကို ထုတ်ပြရလျှင်၊ သက်တော် ထင်ရှား ရှိတော်မူသော သဗ္ဗညုရှင်တော်ဘုရား ရွှေလက် ထက်တော်နှင့် တချိန်က သီဟိုဠ်တွင် သာသနာတော်ကြီး

လွန်လွန်ကဲကဲ ထူးထူးခြားခြားကြီး သာသနာတော်ရောင် သက်နိုးတော်ရောင် တပြောင်ပြောင် တဝင်းဝင်း ထိန် လင်းနိုင်ခြင်းသည်လည်း စျာနလာဘီ ရဟန္တာအရှင် မြတ်များ ထင်ရှား ရှိနေခိုက်သာ ထင်ရှား ရှိလို့သာ စျာနလာဘီရဟန္တာအရှင်မြတ်များကြောင့်သာ သာသနာ ကြီး အတိုင်းထက် အလွန် ပင်းပြောင်ထိန်လင်း စည်ပင် ကြီးထွား စည်ကားတိုးတက်ခြင်း ဖြစ်ပေသည်။

## ရွှေးချယ် စီစစ်

ပဌမ သံဂါယနာတင်စဉ်နှင့် ဒုတိယ သံဂါယနာ တင်စဉ်က ဆဋ္ဌာဘိညာပဋိသမ္ဘိဒါပတ္တရဟန္တာအရှင်မြတ် များကိုသာ ရှင်မဟာကဿပ မဟာထေရ်မြတ်ကြီးနှင့် ရှင်မဟာယသ မဟာထေရ်မြတ်ကြီးတို့က ရွှေးချယ် စီ စစ်၍ ရွှေးကောက်ရပုံကိုလည်း ထောက်ဆသင့်လှပါ သည်။

## သေးသိမ် မွေးမိုန်

ယခု မျက်မြင် အခြေအနေအရ သာသနာတော်ကြီး ဘာ့ကြောင့် ဤမျှ ဆုတ်ယုတ် သေးသိမ် မွေးမိုန်လျက် နေရပါသလဲဟု အကြောင်းကို ရှာက၊ အရေး အကြီး ဆုံး အမြင့်မြတ်ဆုံး ရွှေတန်း ပဌမအဆင့်က နေသော ပဋိသမ္ဘိဒါအဋ္ဌသမာပတ္တိ စျာနလာဘီရဟန္တာ အရှင်မြတ် များ အထင်အရှား မရှိသေးလို့သာ ဟူသော အဖြေ မှန် တစ်နုပါတ် ရွှေတန်းက ပေါ်လာပေလိမ့်မည်။

## ဘယ်မျှ တောက်ပြောင်

အကယ်၍များ စျာနလာဘီ (= စျာန်ရ ရဟန္တာ)များ ထင်ရှား ရှိနေပါက၊ တို့ သာသနာတော်ကြီး အဘယ်မျှ လောက် တောက်ပြောင်ပါလိမ့်မ်စမ်း ဟု ဆက်လက်ပြီး အားရဝမ်းသာ ကြည်ညိုသင့်လှပေတော့သတည်း။

ရဟန္တာသည် စျာန်ရ ရဟန္တာ, စျာန်မရသော သုက္ခ ဝိပဿက ရဟန္တာ ဟူ၍ နှစ်မျိုး ရှိသည်။

စျာန်ရ ရဟန္တာလည်း အရဟတ္တဖိုလ် ရတာနှင့် တပြိုင်နက် အဋ္ဌသမာပတ္တိ စျာနလာဘီ ရဟန္တာ ဖြစ်ခြင်း၊ ရ ဟန္တာ ဖြစ်ပြီးမှ သမထ ကမ္မဋ္ဌာန်းကို အားထုတ်ပါမှ အဋ္ဌသမာပတ္တိ စျာနလာဘီ ရဟန္တာ ဖြစ်ခြင်းအားဖြင့် လည်း နှစ်မျိုး ရှိသည်။

မိမိလည်း "တမင် တဖိုလ်" ရအောင် ဝိပဿနာ တရားကို အားမထုတ်နိုင်ပါဘဲလျက် ပဌမစျာန်စသော စျာနလာဘီ (= စျာန်ရ ပုထုဇဉ်)ဖြစ်အောင် အားမထုတ် နိုင်သေးသော သမထက ယောဂီတွေကို ဘာ့ကြောင့်၊ ပုတ်ခတ်ရှုတ်ချ ကဲ့ရဲ့ပြစ်တင်ချင်ပါ၏ဘိသနည်း။

## တမင် ဝကွက်

မိမိလည်း "တမက် တဖိုလ်" ရအောင် မစ္ဆမ်းနိုင် အားမထုတ်နိုင်။ သူတပါးတို့လည်း စျာန် ရအောင် မ စ္ဆမ်းနိုင် အားမထုတ်နိုင်။ ထို့သို့ "တမက် တဖိုလ် စျာန်" ရအောင် မစ္ဆမ်းနိုင် အားမထုတ်နိုင်ချင်း အတူတူ ဖြစ်ပါ

လျက် သမထက ယောဂီတွေကိုသာ တမင်သက်သက် ဝက္ခက်ပြီး ဘာ့ကြောင့် ကဲ့ရဲ့ချင်ပါသလဲ။

## ပြည့်စုံသလောက်

သောတာပန်တို့ကဲ့သို့ အဝေစ္ဆပ္ပသာဒဂုဏ်နှင့် လုံးဝ ညီသို့ မပြည့်စုံနိုင်သေးသော်လည်း၊ "ဗုဒ္ဓ, ဓမ္မ, သံဃ အနုဿတိ" တို့ကို ဥပစာရသမာဓိ ရအောင် ပွါးများ အားထုတ်ပြီး၊ ထိုဥပစာရသမာဓိကို အခြေခံပြုကာ ဝိပဿနာသို့ တဆင့် တက်ကာ ပွါးများ အားထုတ်ပါက၊ သောတာပန်၏ အဆင့်အတန်းကို မီနိုင်သလောက်မီနေ၊ အဝေစ္ဆပ္ပသာဒဂုဏ်နှင့်လည်း ပြည့်စုံနိုင်သလောက် ပြည့်စုံနေ၍ သောတာပန် ဖြစ်ဘို့ အလွမ်း မဝေးလှ နီးကပ်နေပေတော့သည်။ အားတက်ဘွယ်ရာ တရပ် ဖြစ်ပေသည်။

ဤဥပစာရသမာဓိမျိုးကား ပုဂ္ဂိုလ်မရွေး လေးလေး စားစားကြီး ပွါးများ အားထုတ်ပါက၊ ပွါးများသူ ယောဂီတိုင်းလိုလို ရလွယ်သော သမာဓိမျိုး ဖြစ်ပေသည်။

## သမထနယ်

သမထကား ဇုဟ္မာ ၂၀ အထိ ပို့နိုင်သည်၊ ဇုဟ္မာဘုံ အထိသာဟု ယူဆကြသည်၊ နယ်ကန့်သတ်ကြသည်။ သာသနာပ သမထအတွက် မှန်ပင် မှန်နေပါသော်လည်း၊ ထိုဇုဟ္မာ ၂၀ အထိ ပို့နိုင်သည်၊ ဇုဟ္မာဘုံအထိသာ ဟူသော နယ်ကန့်သတ်ချက်ကို သာသနာတော်တွင်း သမ

ထကား သဘောမကျ သဘောမတူ မကြည်ဖြူ၍ လက်မ ခံနိုင်ပေ၊ လက်ခံနိုင်လိမ့်မည် မဟုတ်ပေ။ ဗြဟ္မာ့ဘုံ အာထိတ္ထင် မကဘဲ ကျော်လွန်ကာ မဂ် ၄ တန် ဖိုလ် ၄ တန် နိဗ္ဗာန် တည်းဟူသော အဝတ္ထာဘုံသို့ အထိ ပို့ နိုင်သည် ဟု နယ်သတ်မှတ် ပိုင်းခြားမှသာ သဘောကျ သဘောတူ ကြည်ဖြူစွာ လက်ခံနိုင်ပေမည်၊ လက်ခံနိုင် ပေလိမ့်မည်။

သာသနာတော်တွင်း စျာန်ရ ပုဂ္ဂိုလ်၏ စျာနဘာဝ နာသည် များသောအားဖြင့် ရာခိုင်နှုန်း ၉၀ သည် မဂ် ဖိုလ်နိဗ္ဗာန်ကို ဝါ၊ သစ္စာ ၄ ပါး တရားတို့ကို ထိုးထွင်း နိုင်ခြင်းအဘို့ ရှိ၏ ဟု မဟာဋီကာ ဆိုသည်နှင့် လျော် စွာ သာသနာတော်တွင်း သမထကား ဗြဟ္မာ့ဘုံတွင် မ ကဘဲ ပိုလွန်၍ နိဗ္ဗာန် တည်းဟူသော အဝတ္ထာဘုံသို့ အ ထိ ပို့နိုင်ပုံ ရောက်နိုင်ပုံ သက်သေကား အဋ္ဌတိံသ ကမ္မ ဋ္ဌာနာနိ ယာဝအာသဝက္ခယာ ဇေဒသေန လိခိ(= သုံး ဆဲ့ ၍စ်ပါးသော ကမ္မဋ္ဌာန်းတို့ကို အာသဝေါတရား ကုန် သည်တိုင်အောင် အကျဉ်း ရေး၏။) နှင့် သောတာပန် ဖြစ်ပေလတ် ဗိမ္မိသာရ မင်းမြတ်၏ သဝဏ်ရွှေစာလွှာပါ အာနာပါန ကမ္မဋ္ဌာန်း အားထုတ် ပွါးများရပုံ လုပ်ထုံး လုပ်နည်းကို ဖတ်စဉ်ကပင် အာနာပါနစတုတ္ထစျာန် ရ၍ သဗ္ဗညု ရှင်တော်ဘုရား၏ တရားတော်ကို နာရစဉ် မဂ် ဖိုလ် သုံးတန် ရ အနာဂါမ် ဖြစ်ပြီး စုတေ၍ သုဒ္ဓါဝါသ အဝိဟာဗြဟ္မာ့ဘုံသို့ ရောက်သည်နှင့် အပြိုင်နက် တချက် တည်း ရဟန္တာ ဖြစ်သွား၍ အဝတ္ထာဘုံသို့ ခိုလှုံစံမြန်း

သော ဥပရိပဏ္ဏာသအဋ္ဌကထာလာ အနာဂါမ် ပဋ္ဌာသာ တိမင်း ရဟန်းမြတ်နှင့် သောတာပန် ဖြစ်ပေလတ် ဗိမ္မိသာရ မင်းမြတ်၏ စကားကို သက်သေခံ တရပ်အဖြစ် ခိုင်ခိုင်လုံလုံ ယုံကြည် အားကိုးအားထားပြုလျက် အားရဝမ်းသာ အားကျ အားတက်သင့်လှတော့သည်။

သို့ဖြစ်၍ သာသနာတော်တွင်း သမထသည် ဗြဟ္မာ့ဘုံ အထိ မကဘဲ ပိုမိုကျော်လွန်၍ နိဗ္ဗာန်အဝင်္ဆာဘုံ အထိ ပို့နိုင် ရောက်နိုင်သည်ဟု ကိန်းသေ တထစ်ချ မှတ်ပါ၏လေ။

သမထသည် ဗြဟ္မာ့ဘုံအထိသာ ပို့နိုင်သည် ရောက်နိုင်သည် ဟု ယူဆချက်ကား "လူတင်ပါလို့ နှား ကျား ကိုက်" ဆိုသလို နည်းပေး သင်ကြား ပြသူ ဆရာနှင့် အားထုတ်သူ တပည့် ယောဂီတို့၏ စိတ်ဆန္ဒ သဒ္ဓါတရား ယုတ်ညံ့သေးသိမ်မှု ညံ့ဖျင်းမှု မလိမ္မာမှု မပါးနပ်မှု တင်း တိမ်ရောင့်ရဲလွယ်မှု အမြင်မကျယ် အမြင်မထွားမှု မျက်မှေး ကဆုံး မျက်တောင်မှေး တဆုံးလောက်သာ ကြည့်မှု အမြင်ကျဉ်းမှုတို့ကြောင့်သာ ဗြဟ္မာ့ဘုံအထိသာ တန့်ရပ်နေရတော့သည်၊ ပို့နိုင်တော့သည်၊ ရောက်နိုင်တော့သည်။ အမှန်စင်စစ်ကား သမထ၏ အပြစ်မဟုတ်ပေ။ ပြသူ ဆရာနှင့် အားထုတ်သူ တပည့် ယောဂီတို့၏ အပြစ်သာ။

နည်းပေး သင်ကြား ပြသူ ဆရာနှင့် အားထုတ်သူ တပည့် ယောဂီတို့၏ စိတ်ဆန္ဒ သဒ္ဓါတရား ထက်ထက်

သန်သန် ရှိပါက၊ တကယ်တမ်း အဟုတ်အဟတ် သံသ ရာမှ ထွက်မြောက်လိုပါက၊ တကယ်တမ်း မင်္ဂိုလ် နိဗ္ဗာန်ကို လိုချင်ပါက၊ ရောင့်ရဲတင်းတိမ်မှု မရှိပါက၊ အ မြင်ထွား အမြင်ကျယ်ပြန့်ပါက၊ မင်္ဂိုလ်နိဗ္ဗာန်အထိ တောင့်တ မြော်မှန်းကာ ဉာဏ်မျက်စိ အမြင်ကျယ်ပါက၊ ဗြဟ္မဝံဘုံအထိသာ မကဘဲ ကျော်လွန် ပိုမောက်လျက် အဝတ္ထာဘုံခေါ် နိဗ္ဗာန်သို့အထိ တိုင်အောင် ပို့နိုင်ပုံ ရောက်နိုင်ပုံကို သက်သေအဖြစ် ထုတဲ့ပြရသော်၊ ပုဏ္ဏ သာတိမင်း တယောက်တွင်မက ပိဋကတ်နိကာယ် ပါဠိ တော်, အဋ္ဌကထာ, ဋီကာ အသုယ်သုယ်တို့၌ ဂဏန်းချ ၍ မပြသာနိုင်လောက်အောင် များပြားလှပေတော့ သတည်း။

## ဗြဟ္မာ ဖြစ်ဘူး

ကမ္ဘာပျက်က သမထကမ္မဋ္ဌာန်း ပွါးများ အားထုတ် ကြသဖြင့်၊ သတ္တဝါတိုင်း စျာန်ရကြသည်။ စျာန်ရ၍လည်း ဗြဟ္မဝံဘုံသို့ ရောက်ကြသည်။ ဗြဟ္မဝံဘုံသို့ ရောက်ကြသ ဖြင့်လည်း၊ သတ္တဝါတိုင်း ဗြဟ္မာ ဖြစ်ဘူးကြသည်။ ဗြဟ္မာ မဖြစ်ဘူးသော သူ ဟူ၍ တယောက်မျှ မရှိချေ။

ဗြဟ္မာ ဖြစ်ဘူးသူတိုင်း ရဟန္တာ ဖြစ်သော အခါ၊ စျာနလာဘီ (= စျာန်ရ ရဟန္တာ) မဖြစ်ကြချေ။ သို့အ တွက် စျာန်ရ၍ ဗြဟ္မာ ဖြစ်ဘူးပါသော်လည်း၊ ထိုသာသ နာပ စျာန်ရခြင်းသည်ကား သာသနာတော်တွင်း စျာန် ရ ရဟန္တာ ဖြစ်ဘို့ စျာန်မျိုးစေ့အဖြစ်ဖြင့် အားပေးကူညီ

ထောက်ပံ့ခြင်းအမှုကို မပြုနိုင်ချေ။ ထို့ကြောင့်လည်း စျာန်ရ ရဟန္တာထက် စျာန်မရသော ရဟန္တာများကား များပြားကြပေသည်။

## ဘာဝနာကုသိုလ်စျာန် မျိုးစေ့

တတ္ထ ယေန အတီတဘဝေပိ သာသနေ ဝါ ဣသိပဗ္ဗဇ္ဇာယ ဝါ ပဗ္ဗဇိတ္ဝာ ပထဝီကသိဏော စတုက္ကပဉ္စကဈာနာနိ နိဗ္ဗတ္တိတပုဗ္ဗာနိ။ ။ဝိသုဒ္ဓိမဂ်အဋ္ဌကထာ ပထဝီကသိဏနိဒ္ဒေသ ပဌမအုပ် ၁၂၀။

ထိုအဋ္ဌကထာ စကားဦး အကြင် ပုဂ္ဂိုလ်သည် ရှေးလွန်ပြီး အတိတ်ဘဝက "သာသနာတော်" ဦးဏင်း၊ ရသေ့ရဟန်း အဖြစ်ဦးဏင်း ရဟန်းပြု၍ ပထဝီကသိုဏ်း စတုက္ကနည်းစျာန် ပဉ္စကနည်းစျာန်တို့ကို ဖြစ်စေအပ်ဘူးကုန်၏။

ယော ပန ပုရိမဇုဒ္ဓါနံ သန္တိကေ အာသေဝိတကမ္မဋ္ဌာနော ပရိဟာတဓုတင်္ဂါ ပရိမဒ္ဒိတမဟာဘူတော ပရိဂ္ဂဟိတသဒ္ဓါရော ဝဝတ္ထာပိတနာမရူပေါ ဥဿာဒိတသတ္တသညော ကတာသမဏဓမ္မော ဝါသိတဝါသနော ဘာဝိတဘာဝနော သဗီဇော ဉာဏုတ္တရော အပ္ပကိလေသော ကုလပုတ္တော။ ။ဝိသုဒ္ဓိမဂ်အဋ္ဌကထာ အသုဘနိဒ္ဒေသ ဥဒ္ဓုမာတကကမ္မဋ္ဌာန ပဌမအုပ် ၁၇၉။

အထူးကား ရှေးရှေး ပုဉ်တော်မူကြကုန်ပြီးသော ဘုရားရှင်တို့၏ အထံ၌ အသုဘကမ္မဋ္ဌာန်းကို ပုဒ်းများလေ့ကျက်ခဲ့ဘူးသော၊ သုသာန်ဓုတင် စသည် ဆောက်

တည် ကျင့်သုံးဘူးသော၊ မဟာဘုတ် ၀ါတ်ကြီး လေး ပါးအား ဖြင့် ချမ့ နှိပ်နယ်ဘူးသော၊ သခ်ါရတို့ကို ဉာဏ်ဖြင့် သိမ်းဆည်းဘူးသော၊ နာမ်တရား ရုပ်တရား တို့၏ အကြောင်းမျာ းကို မှတ်သား သိမ်းဆည်းဘူးသော၊ သတ္တ၀ါဟူသော အသိသညာကို ဝိပဿနာ၏ အစ့မ်းဖြင့် ခ့ါအပ်ပြီးသော၊ ရဟန်းတရားကို ကျင့်သုံးဘူးသော၊ ကုသိုလ်၀ါသနာဖြင့် ထုံအပ်သော အလေ့၀ါသနာ ရှိသော၊ ပ့ါးအပ်ပြီးသော ဘာဝနာ ရှိသော၊ ကုသိုလ်မျိုးစေ့ ရှိသော၊ ရင့်မာ သန်စ့မ်းသော ဉာဏ် ရှိသော၊ ကိလေသာ နည်းပါးသော အမျိုးကောင်းသားသည်။

ဤစကားတို့၌ "သာသနေ၊ ပုရိမဗုဒ္ဓါနံ သန္တိကေ နှင့် သဗ်ဓေ" တို့ကို ထောက်ဆပြီး၊ သာသနာတော်တ့ွင်း၌ သာ သမထကမ္မဋ္ဌာန်းကို ပ့ါးမျာ း အားထုတ်ဘူးပါမှ စျာန်ရ ရဟန္တာ ဖြစ်နိုင်ကြောင်းကို အထူး သတိပြုပါလေ၊ ဝိပဿက ယောဂီတော်။

သာသနာပမ့ာသာ သမထကမ္မဋ္ဌာန်းကို ပ့ါးမျာ းအပ် ပ့ါးမျာ းသင့် ပ့ါးမျာ းထိုက်၏ဟု အယူသည်းသူတို့ "ပုရိမဗုဒ္ဓါနံ သန္တိကေ" ကို ကြောက်လ့ထိုက်သည်၊ ထောက်ဆထိုက်သည်။

စျာန်ရ ရဟန္တာ ဖြစ်လိုပါက ဖြစ်ချင်ပါက၊ သာသနာတော်တ့ွင်းမှာ သမထမျိုးစေ့ ချ။ သမထမျိုးစေ့ ချဘို့ မမေ့လင့်။

"ပုရိမဗုဒ္ဓါနံ သန္တိကေ" ဟု ဆိုထား သဖြင့် သတိပေး ထား သဖြင့်၊ သာသနာပ စျာန်ရမှုသည် စျာန်ရ

ရဟန္တာ ဖြစ်ဘို့ မျိုးစေ့ အဖြစ်ဖြင့် အကူအညီ အထောက် အပံ့ မပေးနိုင်ဟု သိ၊ သတိရ။

## ပါရမီ မပြည့်စုံသေးခိုက်

သင် ဝိပဿကယောဂီသည် အကယ်၍ ယခုဘဝတွင် ပါရမီ မပြည့်စုံသေးခိုက် မဂ်ဖိုလ် မရသေးပါက၊ နောင် သာသနာတော်တွင် စျာန်ရ ရဟန္တာ ဖြစ်လိုပါက ဖြစ်ဘို့ အလှန့်အလှန်ကြီး တောင့်တလိုလားပါက၊ ယခုလို သာသနာတော်နှင့် ကြုံကြိုက်ခိုက် ကြုံကြိုက်တုန်း သာသနာတော်တွင်းမှာ သမထကမ္မဋ္ဌာန်း ပွါးများ အားထုတ်ဘို့ မမေ့လင့်။

"လသာတုန်း ဗိုင်းငင့်" ဆိုသည်ပမာ သမထ ကမ္မဋ္ဌာန်း ပွါးဘို့ အခွင့်သာခိုက် အရသိမ်းပိုက် ကြိုးစား လိုက်ဘို့ မမေ့သင့်။

သမထနှင့် ဝိပဿနာ ယှဉ်တွဲပြီး သို့မဟုတ် ဝိပဿနာနှင့် သမထတွဲကာ အားထုတ်ပါ။ ဝိပဿနာချည်း သက်သက်ဖြင့်သာ စိတ်ကြေနပ်ပြီး အားရတင်းတိမ် ရောင့်ရဲနှစ်မြို့ မနေပါလင့်ဟု ဆိုလိုသည်။

## သုဋ္ဌေး တိသဝဏ္ဏော

### ပေါင်ကျိုး ထေရ်ရှင် သီလဆင်ခြင်

သော ဟိ အာယသ္မာ တထာရူပံ သီလံ နိဿာယ။ ။
ဝိသုဒ္ဓိမဂ် အဋ္ဌကထာ ပဌမအုပ် ၄၆။

ထေရဿ ဝေဒနံ ဝိက္ခမ္ဘေတ္ဝာ သဒိလံ ပစ္စဝေက္ခတော ပရိသုဒ္ဓံ သဒိလံ နိဿာယ ပီတိပါမောဇ္ဇံ ဥပ္ပဇ္ဇတိ။ တတော အနုက္ကမေန ဝိပဿနံ ဝဍ္ဎေတွာ။ ။မူလ ပဏ္ဏာသ အဋ္ဌကထာ ပဌမအုပ် သတိပဋ္ဌာနသုတ် ၂၃၈။

ပေါင်ချိုးပြီး ဝိပဿနာရှု၍ ရဟန္တာ ဖြစ်သွားသော "ပေါင်ကျိုး တိဿ" ခေါ် သူကြွယ် သူဌေး တိဿ မဟာထေရ်မြတ်ကြီး၏ ဇာတ်ကြောင်း ဝတ္ထုသည်ကား ဝိပဿနာ နယ်ပယ်တွင် တွင်ကျယ်စွာ ခေတ်စားပြီး ပွဲတောင်းလှသော မရိုးနိုင်သော ဝတ္ထု ဖြစ်၍ ဝိပဿနာ တရားဟော ဓမ္မကထိကတို့၏ နှုတ်ဖျားတွင် သီးပြီး သွက်လက် ချိုမြိန်လှသည့်ပြင် သတိပဋ္ဌာန်သုတ်တိုင်း မပါလျှင် မပြီးသော "ပေါင်ကျိုး တိဿ" ဆိုက၊ ဝိပဿက ယောဂီတိုင်း အသိအမျှားဆုံးသော မဟာထေရ်မြတ်ကြီး၏ ဝတ္ထုပင် ဖြစ်ပေသည်။

## ဝိပဿနာ ကားဖုံး

ထို့ပြင်လည်း ပေါင်ချိုးပြီး ဝိပဿနာ ရှု၍လည်း ရဟန္တာ ဖြစ်သွားသတဲ့။ ဖြစ်သွားသည် ဟု ဝိပဿနာ ချည်း သက်သက် ရှုလေဟန် သမထနှင့် မတွဲမဖက်ဘဲ ရှုလေဟန် သမထကို ဖုံးဖိထား၍ ဝိပဿနာကို အမှန်းတင် ဇန်းပြ အပေါ်က ဖုံးကာ ပြထားသောကြောင့်လည်း၊ ဝိပဿက ယောဂီတို့အဘို့အတွက် နှစ်သက်အား ရ ကြေနပ်ဘွယ်ကြီး တရပ်ပင် ဖြစ်ပေတော့သည်။

## ကားဖုံးချ

ထိုသို့ ဝိပဿနာကို အပေါ်က ဖုံးကာ ဗန်းပြထားသ ဖြင့်လည်း၊ အတ္တင်းသား သမထကိုကား သိသူ ရိပ်မိ သူ စဉ်းစားမိသူ ရှားပေလိမ့်မည်။

ထိုအပေါ်ဖုံး ဗန်းပြထားသော ဝိပဿနာကို ခေတ္တ ခဏ မကာ မြှောက်ထားပြီး၊ အတ္တင်းက ပုန်းနေသော သမထကိုကား ကြည့်ရှုဘို့ သတိပြုမိသူတို့လည်း ရှာမှ ရှားပေလိမ့်မည်။

သို့သော် ဝိပဿနာ အပေါ်ဖုံးကားကို မြှောက်လှန် ကာ ကြည့်လိုက်ပါက၊ ကားတွင်း၌ ငုတ်တုပ်ကလေး ထိုင်နေသော သီလဆိုတဲ့ သမထကို ထင်ထင်ရှားရှား ဘွားဘွားကြီး မြင်ရပေလိမ့်မည်။

ကားတွင်း၌ ငုတ်တုပ်ကလေး ထိုင်နေသော "သမ ထ" ဟူသည်ကား အခြား ဟုတ်ပါရိုးလား၊ "သီလံ ပစ္စဝေက္ခတော ပရိသုဒ္ဓံ သီလံ နိဿာယ ပိတိပါမောဇ္ဇံ ဥပပဇ္ဇတိ" ပင် ဖြစ်လေသည်။

"သီလံ ပစ္စဝေက္ခတော သီလံ နိဿာယ" ဟူသော သီ လာနုဿတိ ကမ္မဋ္ဌာန်းပင် ဖြစ်သည်။

"ပိတိပါမောဇ္ဇံ ဥပပဇ္ဇတိ" တည်းဟူသော ဥပစာရ သမာဓိပင် ဖြစ်သည်။

"ဗုဒ္ဓဿ ဂုဏာနုဿရဏံ၊ ဧဝံ အနုဿရတော ဟိ ပိတိ ဥပပဇ္ဇတိ" ကို ထောက်။

ဤသူဌေးတိသဲ့ထေရ် ဝတ္ထုကို စံနမူနာပြု၍ သီလာနုဿတိ တည်းဟူသော သမထကမ္မဋ္ဌာန်း၏ ဥပစာရ စျာန်ခေါ် ဥပစာရသမာဓိကို အခြေခံ အမှီပြု၍ မှီ၍ ဝိပဿနာ ရှုဟန်ပုံးဟန်ကို ဝိပဿက ယောဂီများ နည်းယူ အားကျသင့်လှတော့သည်။

## သရက်ဖျော်မဟာတိသဝတ္ထု

အပရိယန္တပါရိသုဒ္ဓိသီလံ နိဿာယ ဥပါသကဿ ပိဋ္ဌဂတောဝ အရဟာတ္တံ ပါပုဏိ။ ။ဝိသုဒ္ဓိမဂ်အဋ္ဌကထာ ပဌမအုပ် ၄၄။

## သရက်ဖျော် သခင်
## ကျောပေါ်တွင် သီလဆောင်ခြင်း

သရက်သီး အဖျော် ဘုဉ်းပေးပြီး၊ ဒါယကာ၏ ကျောကုန်းထက် စီးလျက်ပင် ရဟန္တာ ဖြစ်သည့်အတွက် "သရက်ဖျော် မဟာတိဿ" ခေါ် မဟာတိဿ မဟာထေရ်မြတ်ကြီးလည်း "သီလံ နိဿာယ" တည်းဟူသော သီလာနုဿတိ သမထကမ္မဋ္ဌာန်း၏ ဥပစာရသမာဓိကို မှီ၍ အခြေခံပြု၍ ရဟန္တာ ဖြစ်သည်ကိုလည်း သတိပြု။

"သာသနိကဿဲ စျာနဘာဝနာ ယေဘုယျေန" ဟူသည်နှင့်အညီ သာသနာတော်တွင်း သမထသည် သာသနာတော်ကြီးအတွက် မည်မျှ အထောက်အပံ့ ကူညီအားပေးနိုင်သည်ကို အကျိုးများ အကျိုးရှိသည်ကို ဤ

ဒုစ်ဝဏ္ဏုကို ထောက်က သမထဘဲဟု အယူသည်းသူတို့ ပင်ကိုယ်စိတ်ဓါတ် ပြောင်းဘို့ အချိန်ကျပြီ၊ အချိန်တန်ပြီ၊ သတိရထိုက်လှတော့သည်။

ဤတိသဃထေရ်မြတ် ဒုစ်ပါးတို့၏ ဝတ္ထုကို အတွင်းကို ဦးက် ဥာဏ်စိုက်ပြီး ဦးက်ဦးက်ချတ်ချတ် ထိထိမိမိကြီး သိပါက၊ ဘယ်မှာလျှင် သမထကမ္မဋ္ဌာန်းကို ကဲ့ရဲ့ဝံ့ရွတ်ချဝံ့ ပြစ်တင်ဝံ့ပါတော့အံ့နည်း။ အမှန်ပင် မကဲ့ရဲ့မရွတ်ချ မပြစ်တင်ဝံ့တော့ပေ။

## ဝဒီသထေရ်အား ဘုရားရှင်ပင် ဒွတ္တိံသ သင်

၁။ အထဿ သတ္ထာ ဒွတ္တိံသာကာရကမ္မဋ္ဌာနံ ဒတ္ဝာ မန္တဿ ပရိကမ္မံ သဗ္ဗာယဟီတိ အာဟ။ ။ခမ္မပဒအဋ္ဌကထာ ဒုတိယအုပ် ဗြာဟ္မဏဝဂ် ဝဒီသထေရဝတ္ထု၊ ၄၅၀။

၂။ အထဿ သတ္ထာ ဒွတ္တိံသာကာရကမ္မဋ္ဌာနံ အာစိက္ခိ။ သော တံ အနုလောမပဋိလောမံ မနသိကရောန္တော ဝိပဿနံ ဝဍ္ဎေတ္ဝာ အနုက္ကမေန အရဟတ္တံ ပါပုဏိ။ ။သဂါထာဝဂ္ဂသံယုတ်အဋ္ဌကထာ ဝဒီသသံယုတ် ဝဒီသသုတ် ၂၆၂။

၃။ သတ္ထာ မန္တံပရိဝါသံ တာဝ ဝသာဟီတိ ဒွတ္တိံသာကာရံ အာစိက္ခိ။ ပညဝါ သတ္တော ဒွတ္တိံသာကာရံ သဗ္ဗာယန္တော ဝ တတ္ထ ခယဝယ ပဋ္ဌပေတ္ဝာ ဝိပဿနံ ဝဍ္ဎေတ္ဝာ အရဟတ္တံ ပါပုဏိ။ ။ကော်ဏ္ဍညအဋ္ဌကထာ တေဒဂ္ဂဝဂ် ဝဒီသထေရဝတ္ထု၊ ၂၁၀။

၁။ ထိုအခါ ဝံဂီသထေရ်အား သဗ္ဗညုရှင်တော်ဘုရားသည် ဒုတိယသာဝကာရ (= သုံးဆယ့်နှစ်ကောဋ္ဌာသသမထ ကမ္မဋ္ဌာန်း) ကို ပေး၍ မန္တန်၏ ရှေးအဘို့ ပုဒ်းအပ်သော ပရိကံတည်း ပြန်လှန် ရွတ်အံ သရဇ္ဈာယ်လေဦးလော့ဟု မိန့်တော်မူ၏။

၂။ ထိုအခါ ဝံဂီသထေရ်အား သဗ္ဗညုရှင်တော်ဘုရားသည် သုံးဆယ့်နှစ်စု သမထကမ္မဋ္ဌာန်းကို ပြောကြားလျက် သင်ကြားပေး၏။ ထိုသုံးဆယ့်နှစ်စု သမထကမ္မဋ္ဌာန်းကို ဆံ, အမွေး, ခြေသည်း လက်သည်း, သွား, အရေ စသော အနုလောမ (= အစဉ်အတိုင်း)၊ အရေ, သွား, ခြေသည်း လက်သည်း, အမွေး, ဆံ စသော ပဋိလောမ (= အပြန်အလှန် နောက်ပြန် နောက်ဆုတ်) နှလုံးသွင်း ဆင်ခြင်ပုံးသော ထိုဝံဂီသထေရ်သည်။ ဝ။၊ ထိုဝံဂီသထေရ်သည် ထိုသုံးဆယ့်နှစ်စု သမထကမ္မဋ္ဌာန်းကို အစဉ်အတိုင်း, အပြန်အလှန် နှလုံးသွင်းလျက် ဝိပဿနာကို ပုံး၍ အစဉ်အတိုင်း အရဟတ္တဖိုလ်သို့ ရောက်၏။

၃။ သဗ္ဗညုရှင်တော်ဘုရားသည် မန္တရားမန္တန်၏ အသိုင်းအဝိုင်း အခြံအရံကို ရှေးဦးအစ နှလုံးသွင်းလေဦးလော့ဟု သုံးဆယ့်နှစ်ဘို့ သမထကမ္မဋ္ဌာန်းကို ပြောကြားလျက် သင်ကြားပေး၏။ လွန်ကဲသော ပညာနှင့် ပြည့်စုံ၍ ထက်မြက်စူးရှ လျင်မြန် ဖျတ်လတ် ဉာဏ်ပဋိဘာန် ရှိသော ရှင်ဝံဂီသထေရ်သည် ဆံ, အမွေး, ခြေ

သည်း လက်သည်း, သွား, အရေစသော သုံးဆယ့်နှစ်ဘို သမထကမ္မဋ္ဌာန်းကို ရွတ်အံ ပြန်လှန် သရဇ္ဈာယ်လျက်သာ ထိုသုံးဆယ့်နှစ်ဘို သမထကမ္မဋ္ဌာန်း၌ "ဆံ, အမွေး, ခြေသည်း လက်သည်း, သွား, အရေသည် ကုန်ခြင်း ပျက်ခြင်း ခယဝယ သဘော ရှိ၏" ဟု ခယဝယတင် လျက် ဝိပဿနာကို နှလုံးသွင်း ပွါး၍ အရဟတ္တဖိုလ်သို့ ရောက်၏။

လျင်မြန်သော ဉာဏ် ပဋိဘာန်အရာ၌ တေဒဂ် ရသော ရှင်ဝဏ္ဏိသထေရ်အား သဗ္ဗညုရှင်တော်ဘုရားက ရှေးဦးစွာ သုံးဆဲ့နှစ်စု သမထကမ္မဋ္ဌာန်းကို သင်ကြား ပေး၍ သာသနာတော်တွင် ရှေးအကျဆုံး ရှင်ဝဏ္ဏိသ ထေရ် ထိုသုံးဆဲ့နှစ်စု သမထကမ္မဋ္ဌာန်းကို ပွါး၍ နိဗ္ဗာန် နန်းသို့ စံနေရပြီ။ သမထဘဲဟု ကဲ့ရဲ့ရွဲတ်ချ အပြစ်ဆိုဝံ့သူ၊ အယူသည်းသူတို့ ယခုတိုင် သံသရာ ကရွတ်ကင်း လျှောက်ရတုန်းပင်။ သတိရဘွယ်၊ ထိတ်လန့်ဘွယ် ကောင်းလှပေစွတကား။

## ဝဏ္ဏိသထေရ်ပင် ရှေးဦး သမထပင်
## ရဟန်းပါး မဝ မနှုးမနပ်

မိမိတို့နှင့် ဂုဏ်အဆင့်အတန်း ကွာချင်တိုင်း ကွာခြားလှသော ထိုစဉ်က "သောတာပန်" မျှသာ ဖြစ်ရှာသေးသော ရှင်အာနန္ဒာသည်ပင်လျှင် ရဟန်းပါး မဝ မနှုးမနပ် ရဟန်းဖြစ်စ ရဟန်းသစ်ကလေး ဖြစ်သော ရှင်ဝဏ္ဏိသထေရ်အား ရှေးဦးစွာ သမထကမ္မဋ္ဌာန်းကို ပေးပြီးမှ

ဟောပြီးမှ နောက်၌ ဝိပဿနာတရားကို ပေးပုံ ပေးဟန် ဟောပုံ ဟောဟန်ကို အောက်ပါ ဂါထာဖြင့်လည်း သတိပြုထိုက်လှတော့သည်။

အသုဘာယ စိတ္တံ ဘာဝေဟိ၊ ကေဂံ သုသမာဟိတံ။ ။ဤကား သမထ။

ဧဝံ သမထဘာဝနာယ ကာမရာဂဿ ဝိက္ခမ္ဘနံ။ ။ မဟာဋီကာ ၆၇။

သခ်ါရေ ပရတော ပဿ၊ ဒုက္ခတော နော စ အတ္တတော။ ။ဤကား ဝိပဿနာ။

ဧဝံ လက္ခဏတ္တယံ အာရောပေတ္ဝာ ဝိပဿနံ ဝဍ္ဎေန္တော။ ၎င်းဋီကာ ၆၇။

သောတာပန်နှင့် ပုထုဇဉ် မကွာပေဘူးလော။

## သာသနာတော်ဘောင်ဝင်စ သမထကမ္မဋ္ဌာန်း ပေးဟန်

တစပဉ္စကာ, ဒွတ္တိံသာ ဘုရားရှင်တိုင်း မစွန့်ပါ။

တဿ ပဋိကူလမနသိကာရဝသေန တစပဉ္စကကမ္မဋ္ဌာနံ အာစိက္ခိတ္ဝာ တံ ပဗ္ဗါဇေသိ။ သကလမ္ပိ ဟိ ဒွတ္တိံသာကာရံ ကထေတုံ ဝဋ္ဋတိယေဝ။ သဗ္ဗံ ကထေတုံ အသက္ကောန္တေန ပန တစပဉ္စကကမ္မဋ္ဌာန ကထေတဗ္ဗမေဝ။ ၁။ ဣဒဉ္ဥိ ကမ္မဋ္ဌာနံ သဗ္ဗဗုဒ္ဓါနံ အဝိဇဟိတမေဝ။ ကေသာဒီသု ဧကေကကောဋ္ဌာသေသု အရဟတ္တံ ပတ္တာနံ

ဘိက္ခူနမ္ပိ ဘိက္ခူနီနမ္ပိ ဥပါသကာနမ္ပိ ဥပါသိကာနမ္ပိ ပရိစ္ဆေဒေါ နတ္ထိ။

၂။ အဗျတ္တာ ဘိက္ခူ။ ပန ပဗ္ဗဇိတေန္တေ အရဟာတ္တသဲ့ ပနိဿယံ နာသေန္တိ။ ။ဓမ္မပဒအဋ္ဌကထာ ပဌမအုပ်ဝန ဝါသီတိဿ သာမဏေရဝတ္ထု၊ ၃၃၅။

၁။ ဤဒ္ဓတ္တိံ သာကာရ ကမ္မဋ္ဌာန်းကို ဘုရားရှင်တိုင်း ဘုရားရှင်တိုင်း မစ္ဆန့်သည်သာ။

၂။ မသိ မလိမ္မာသော ရဟန်းတို့ကား သုံးဆဲ့နှစ်ကောဋ္ဌာသ တစပ္ပုက ကမ္မဋ္ဌာန်း မသင်ကြားဘဲ ရှင်ရဟန်း ပြုပေးကြကုန်လျက် အရဟတ္တမဂ် အရဟတ္တဖိုလ် ရဘို့ ဥပနိဿယကို ချိုးဖဲ့ဖျက်ဆီးပစ်ကြကုန်၏။

ရှင်ရဟန်းပြုစဉ် သုံးဆဲ့နှစ်ကောဋ္ဌာသ တစပ္ပုက ကမ္မဋ္ဌာန်း သင်ကြားပေးရသည်အတွက် ဆရာတော်တို့ သည် "အဗျတ္တာ ဘိက္ခူ" ဟု ဓမ္မပဒအဋ္ဌကထာ ဆရာ၏ အပြစ်ဆိုထားချက်မှ လွတ်မြောက်ပြီး "ဗျတ္တာ ဗလဘိက္ခူ (= ရဟန်းလိမ္မာ ဆရာတော်လိမ္မာ) အဖြစ်သို့ ဆိုက်ရောက်နေခြင်းသည်ကား အကျိုးများ အဘိုးတန်ပေစ့။

ဤဒ္ဓ ကောဋ္ဌာသ တခု တခုသော သမထကမ္မဋ္ဌာန်း တို့ကို ပွါး၍ အရဟတ္တဖိုလ်သို့ ရောက်သော ပုဂ္ဂိုလ်တို့၏ ပရိစ္ဆေဒေါ နတ္ထိ (= အပိုင်းအခြား အရေအတွက်သည် ဂဏန်းချကာ မပြသာတော့ပေ။ များလွန်းလှ၍ မမှတ်နိုင် မရေတွက်နိုင်တော့ပေ) ဟု ဆိုထားချက်ကို သမထ

ကမ္မဋ္ဌာန်းကို အထင်သေးသူ အယူသည်းသူတို့ သတိပြုဘွယ် တရပ် ဖြစ်ပေသည်။

## တစ ပဉ္စက သမထ

ဝိဟာရံ နီတော တစပဉ္စကံ ဥဂ္ဂဏှိတ္ဝာ နိသိန္နော ကေသေသု ဩဟာရိယမာနေသု ခုရဂ္ဂေယေဝ အရဟာတ္တံ ပါပုဏာတိ။ ။ဥပရိပဏ္ဏာသ အဋ္ဌကထာ ဒေဝဒဟဝဂ် ဒေဝဒဟသုတ် ၇။

## ဆံချစဉ် ပဉ္စက သင်

ဧဝံ နဟာပနကာလေ ပန ကေသမသုံ ဩရောပန ကာလေ ဝါ(ပ)။ အထဒ္ဓသ အာဝုသော သုဋ္ဌု ဥပဓါရေဟိ သတိံ ဥပဋ္ဌာပေဟီတိ ဝတ္ဝာ "တစပဉ္စက ကမ္မဋ္ဌာနံ အစက္ခိတပ္ပံ"။ အာစိက္ခန္တေန စ ဝဏ္ဏသဏ္ဌာနဂန္ဓာသယော ကာသဝသေန အသုစိ ဇေဂုစ္ဆ ပဋိကူလဘာဝံ နိဿာတ္တဘာဝံ ဝါ ပါကဋံ ကရောန္တေန အာစိက္ခိတပ္ပံ။

## သင်ခုံးဆုံးလျှင် အရဟတ္တဖိုလ် မြင်

သစေ ဟိ သော ပုဗ္ဗေ မဒ္ဒိတသင်္ခါရော ဟောတိ ဘာဝိတဘာဝနော ကဏ္ဋကဝေဓါပေက္ခော ဝိယ ပရိပက္ကဉာဏော သူရိယုဂ္ဂမနာပေက္ခံ ဝိယ စ ပရိဏတပဒုမံ၊ အထ အာရဒ္ဓမတ္တေ ကမ္မဋ္ဌာနမနသိကာရေ ဣန္ဒြာသနိ ဝိယ ပဗ္ဗတေ ကိလေသပဗ္ဗတေ စုဏ္ဏယမာနံ ယေဝ ဉာဏံ ပဝတ္တတိ၊ ခုရဂ္ဂေယေဝ အရဟတ္တံ ပါပုဏာတိ။

## အစကောင်းမှ အနောင်းသေချာ

ယေဟ်ကေစ ခုရင်ဂ္ဂ အရဟ်တ္တ ပတ်တာ၊ သဗ္ဗေ တေ ဇေရ္ဆပံ သဝနံ ကလျာဏမိတ္တေန အာစရိယေန ဒိန္နနယံ နိသ်ာယ၊ နော အနိသ်ာယ။ တသ္မာသ်ာ အာဒိတော၁ ဇေရ္ဆပိ ကထာ ကထေတဗ္ဗာတိ။ ။ဝိနည်းမဟာဝါအဋ္ဌ ကထာ မဟာခန္ဓက ပဌမဘာကထာ ၂၄၉။

## ခေါင်းရိတ်စဉ် ပဉ္စက သင်

ဤကား ရှေးဦးစွာ သာသနာဘောင် ဝင်ပြီး သာမဏေရပဋိဋ္ဌ, ဥပသမ္ပဒပဋိဋ္ဌ အဖြစ်ဖြင့် သာသနာတော်ကြီး၏ ဝန်ကို ထမ်းဆောင်သည်ပိုးကာ ဆောင်ရွက်မည့် ရှင်သာမဏေလောင်းနှင့် ရဟန်းလောင်း ပဉ္စင်းလောင်းတို့ကို ကာယဂတာသတိခေါ် ဒဋ္ဌိ်သာကာရ (=သုံးဆယ့်နှစ်ကောဋ္ဌာသ) ကမ္မဋ္ဌာန်း တည်းဟူသော တစပဉ္စက သမထကမ္မဋ္ဌာန်းကို ကမ္မဋ္ဌာနဒီဇ (=ကမ္မဋ္ဌာန်းမျိုးစေ့) ချဲ့ ချဟန် စိုက်ပုံ စိုက်ဟန် ဖြစ်သည်။ ကမ္မဋ္ဌာန်းသက် စ၍ သွင်းပေးသည်လို့ ဆိုလိုသည်။

## အစကောင်း အနောင်းသေချာ

ထို့ကြောင့်လည်း ကမ္မဋ္ဌာန်း မျိုးစေ့ကို အပိုးသေသေ စံနစ်တကျ အောင်အောင်မြင်မြင် ချခဲ့ကြလို့ စိုက်ခဲ့ကြလို့ စိုက်ပျိုးခဲ့ကြလို့ ကမ္မဋ္ဌာန်း သစ်ပင်ကြီး စည်စည်ကားကား ပြန့်ပွါး တိုးတက်ပေသည်။

"အစကောင်းမှ အနှောင်းသေချာ" ဆိုသည့်ပမာ အစက ကမ္မဋ္ဌာန်းမျိုးစေ့ချ ကောင်းသဖြင့်၊ သာသနာတော်ကြီး၏ ဝန်ကို ထမ်းဆောင်နေသမျှ ကာလပတ်လုံး အသက်ထက်ဆုံး ကမ္မဋ္ဌာန်းနှင့်သာ မွေ့လျော် ပျော်ပိုက်တော်မူနိုင်ကြပေသည်။

ထိုသို့ သာသနာတော်ကြီး၏ ဝန်ကို ထမ်းဆောင်နေသမျှ ကာလပတ်လုံး ကမ္မဋ္ဌာန်းနှင့်သာ အချိန်ဖြုန်းကာ မွေ့လျော် ပျော်ပိုက်၍ နေနိုင်ခြင်းသည် အနှောင်းသေချာတော့၏။ အနှောင်း ကမ္မဋ္ဌာန်းလည်း သေချာနေတော့သည်။

အစကမ္မဋ္ဌာန်းမျိုးစေ့ချ ကောင်းလို့ နောင်ကမ္မဋ္ဌာန်းသစ်ပင်ကြီး ကြီးမား ထွားကျိုင်းစည်ကားသည် ဆိုလိုသည်။

သြော်.. ရှေးမဟာ ထေရ်မြတ်ကြီးတို့၏ ဉာဏ်တော်အမြော်အမြင် ကြီးမားတော်မူလှပါပေစွတကား၊ အားကျဘွယ် နည်းယူဘွယ် ကောင်းပေစွတကား။

## မကြာခဏ တွေ့တတ်

ရှာကျောင်း ဆရာတော်, မြို့ကျောင်း ဆရာတော်များနှင့် တိုက်တာ အုပ်စီးပြီး စာပေ ပို့ချနေတော်မူကြသော ဆရာတော်များသည်ကား ရှင်ပြုရဟန်းခံတို့နှင့် မကင်းတတ် မကင်းနိုင် မကင်းနိုင်သော သဘော ဖြစ်၍ မကြာခဏ တွေ့တတ်ပေသည်။

သို့ဖြစ်၍ ရှင်လောင်းရဟန်းလောင်းတို့ကို ဆံရိတ်စဉ် ဆံချစဉ် တစပဉ္စက ကမ္မဋ္ဌာန်း သင်ပေးဘို့ကား ငါတို့ တဝဝန်ကြီးပါတကား ဟု ကြီးမားစွာ သတိသံဝေဂရဘို့ ကောင်းလှပေသည်။

**မှတ်ချက်။** ။သိမ်ပြင်၌ကား ဥပဇ္ဈာယ် ဆရာတော်ဘုရားကြီးများ၏ တာဝန် ငယ်ရား ဖြစ်ပေလိမ့်မည်။

"ကမ္မဋ္ဌာနံ နာမ အတ္ထိတိပိ သညံ အကတ္ဝာ" ကမ္မဋ္ဌာန်းဆိုတာ ရှိသေး၏လို့ တောင် အမှတ်မရနိုင်သည်၏ အဖြစ်မျိုး လွတ်စေရန်။

"ကမ္မဋ္ဌာနံ နာမ အတ္ထိတိပိ သညံ ကတ္ဝာ" ကမ္မဋ္ဌာန်းဆိုတာ ရှိသေးပါကကားလို့ အမှတ်ရသည် သတိရသည် အဖြစ်မျိုးသို့ ပြောင်းလဲစေသင့်လှတော့သည်။ အဋ္ဌကထာ ဆိုချက်မှ လဲစေသင့်လှတော့သည်။

တနည်း။ "ကမ္မဋ္ဌာနံ နာမ နတ္ထိတိ သညမ်ပိ အကတ္ဝာ" ဟူသော အသွားအပြန် ကမ္မဋ္ဌာန်းမဆောင်နေဝ ဟရတိ နပစ္စာဟရတိ အဖွင့် သတိသမ္ပဇညကထာ သာမညဖလသုတ် သီလက္ခန္ဓအဋ္ဌကထာ ၁၆၉ နှင့် "ကမ္မဋ္ဌာနံ နာမ နတ္ထိတိပိ သညံ အကတ္ဝာ" ဟူသော အသွားအပြန် ကမ္မဋ္ဌာန်း နှလုံးမသွင်း မဆောင်ခြင်ခြင်း နေဝ ဟရတိ နပစ္စာဟရတိ အဖွင့် စတုသမ္ပဇညပဒ မဟာသတိပဋ္ဌာနသုတ် မူလပဏ္ဏာသအဋ္ဌကထာ ဆရာမြတ်တို့ ဆိုချက်မှ လဲစေသင့်လှတော့သည်။

## နည်းယူဘွယ်

ရှင်ပြု ရဟန်းခံနှင့် မကင်းတတ် မကင်းနိုင်သော မြို့ရွာ ဆရာတော်များ ဤအဋ္ဌကထာတို့၏ စကားကို ရိုသေစွာ နည်းယူဘွယ် ကောင်းလှသည်။ နည်းခိုး အတုယူ အားကျဘွယ် ကောင်းလှတော့သတည်း။

## တိုလည်း တာဝန်မကင်း

ဤတစပဉ္စက ကမ္မဋ္ဌာန်း သင်ကြားစေဘို့ ပို့ချစေဘို့ကား ဆရာတော်များ၏ တာဝန်ဘဲ တာဝန်သာဟု ဆရာတော်များအပေါ်ချည်းသာ လုံးဝ ပုံမချသင့်။ လုံးဝ ပုံမချဘဲ ရှင်မိ, ရှင်ဘ, ရှင်ဒါယကာ, ရှင်အမှန့် ရဟန်းဒါယကာ, ရဟန်းအမတို့သည် ကနဦးအစကပင် မိမိတို့၏ သား ရှင် ရဟန်းတို့သည် လျင်မြန်စွာ သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်လိုလှသော သမ္မာဆန္ဒ အာသီသ လိုလားတောင့်တ ရည်မှန်းကာ ရှင်ရဟန်းပြုပေးသည်ပြုစေသည်အားလျော်ညီစွာ ရှင်လောင်း ရဟန်းလောင်းများကို တစပဉ္စက ကမ္မဋ္ဌာန်း သင်ကြားပေးဘို့ ပို့ချစေဘို့ သင့်၏၊ လျော်၏။

## လျောက်ထားပုံ

“ဆရာတော်အရှင်သူမြတ်ဘုရား.... သဗ္ဗညုရှင်တော်ဘုရား ရွှေလက်ထက်တော်ကစ၍ ဆရာစဉ်ဆက် မပျက်စေဘဲ ရှင်လောင်း ရဟန်းလောင်းများအား ဆံရိတ်စဉ်၊

တစပဉ္စက ကမ္မဋ္ဌာန်း သင်ကြားပေးမှု ပုံးစေမှု အစဉ်ထုံးစံ ရှိသည် ဟု ကြားဘူးပါသည်ဘုရား။ သို့ဖြစ်ပါ၍ ဘုရားတပည့်တော်တို့၏ သား ရှင်လောင်းများအား လည်း သံသရာ ဝဋ်ဆင်းရဲမှ လျင်မြန်စွာ ထွက်မြောက်စေရန် သနားသောအားဖြင့် ခေါင်းရိတ်စဉ် တစပဉ္စက ကမ္မဋ္ဌာန်း သင်ကြား ပေးသနားတော်မူပါရန် ရိုသေစွာ သတိပေး လျှောက်ထားဝံ့ပါသည် ဆရာတော် အရှင် သူမြတ်ဘုရား" ဟု ဆရာတော်များအား သတိပေးသော အနေဖြင့် လျှောက်ထားရန်ကား " ငါတို့ တာဝန်ဘဲ၊ ငါတို့လည်း တာဝန်မကင်းပေ" ဟု တာဝန်သိစွာ တာဝန် ကျေစွာ ရှင်ကောင်း အမိ, ရှင်ကောင်း အဘ, ရှင်ကောင်း ဒါယကာ, ရှင်ကောင်း အမ, ရဟန်းကောင်း ဒါယကာ ပီသစွာ လျှောက်ထားရန် တာဝန်ရှိသည်။ တာဝန်မကင်းပေ။

ရှင်ကောင်း မိဘ ရှင်ကောင်း ရဟန်းကောင်း ဒါယကာ ဖြစ်လိုပါက၊ ဤကဲ့သို့ လျှောက်ထားထိုက်သည်။ လျှောက်ထားသင့်သည်။ မမေ့အပ်။ သတိရဘို့ ကောင်းလှသည်။

## စောစောစီးစီး လေ့လာ

ဒုလ္လဘ ရဟန်းတို့သည်ကား အသက်အရွယ် ကြီးရင့်သူများ ဖြစ်၍ ပင်ကိုယ် စိတ်ရင်းကပင် သံသရာဝဋ်ဆေး ကြီးကို ကြီးမားပြင်းထန်စွာ ထိတ်လန့် တုန်လှုပ်သူများ ဖြစ်ကြသည်အားလျော်စွာ သာသနာတော်ဝန်ကို စွမ်းနိုင်

သလောက် ထမ်းဆောင်လိုသော စိတ်ဆန္ဒ ဖြစ်သည်နှင့် တပြိုင်နက် စောစောစီးစီးကပင် ဤတစပဉ္စက ကမ္မဋ္ဌာန်း ကို ဆည်းပူး လေ့လာထားရန် သင့်လှတော့သည်။ သတိ ရဘို့ အလွန် ကောင်းလှပေသတည်း။

"တစပဉ္စက ကမ္မဋ္ဌာနံ အာစိက္ခိတဗ္ဗံ၊ ကလျာဏမိတ္တော နာ အာစရိယေန" ဆိုသည့်အတိုင်း သာသနာတော်ဝင်စ ရှေးဦးက ဤကဲ့သို့ တစပဉ္စက ကမ္မဋ္ဌာန်းကို သင်ကြား ပေးရခြင်းသည် ဆရာတော်များလည်း မိတ်စစ် မိတ် ကောင်း ဆရာများ ဖြစ်နေခြင်းကြောင့် သင့်လျော်လှ ပါသည်။

"ဒိန္နနယံ နိဿာယ၊ နော အနိဿာယ အာဒိတော၀" ဆိုသည်အတိုင်း အကယ်၍ ရှင်များသည် သာသနာ တော်၌ မပျော်ပိုက်စေကာမူ နှုးညံ့ပျော့ပျောင်း၍ လိမ္မာ ယဉ်ကျေးသော အမျိုးကောင်းသား ဖြစ်တတ်သည့်ပြင် ငယ်ရွယ်စဉ်က သတိမရနိုင်စေကာမူ၊ နောင် အရွယ်ကြီး ရင့် ဇရာသင့်သော အချိန်၌ သံသရာ ဘ၀ကူး ကောင်း ရန်အတွက် သတိရဘို့ များစွာ အထောက်အပံ့ ရတတ် လေသည်။

ရဟန်းများသည်ကား သိမ်မွေ့ ညက်ညော ပျော့ ပျောင်းအိစက် နှစ်သက်မြတ်နိုး ပြော မခက်သည့် ရဟန်း ကောင်း ရဟန်းမှန် ရဟန်းမြတ်များ များစွာ ဖြစ်ထွန်း တတ်ပေသည်။ ဤရဟန်းမျိုး များစွာ ဖြစ်ထွန်း၍သာ ရှေးရှေးက သာသနာတော်ကြီး အလွန်အမင်း စည်ပင် ပြန့်ပွါး တိုးတက်ခြင်း ဖြစ်ပေသည်။

ဤသည်တို့ကို ထောက်က သာသနာတော်တွင်းမှာပင် သမထကို ပွါးများ အားထုတ်အပ်သည်ဟု သိအပ်၏။

သာသနာတော်တွင်းမှာ သမထကို မည်မျှ အရေး ပေးထားပါသလဲ၊ ဦးစား ပေးထားပါသလဲ။

သမထ မပါလျှင် မပြီး၊ သမထ မပါလျှင် မဖြစ်နိုင် သော အခြေမျိုးသို့ ဆိုက်ရောက်နေပုံ နေဟန်ကိုလည်း သိပါလေ။

သာသနာတော်တွင်းမှာ သမထသည် မည်မျှ အရေး ပါ အရာရောက် တွင်ကျယ်စွာ စခန်းသွားနေသည်ကို လည်း "တစပဋ္ဌက ကမ္မဋ္ဌာန် အာစိက္ခိတဗ္ဗ" ဖြင့် သိ အပ်လှပေသည်။

## ရှင်လောင်းတို့အား တစပဋ္ဌက သင်ကြားပေးပုံ

### သင်ယူရခြင်း ၇ ပါး

နွုတ်အားဖြင့်, စိတ်အားဖြင့်, အဆင်းအားဖြင့်, သဏ္ဌာန်အားဖြင့်, အရပ်အားဖြင့်, ချက်မှ အထက် အောက်အရပ် နေရာအားဖြင့်, တည်ရာ အပိုင်းအခြား အားဖြင့် ၇ ပါး။

### နှလုံးသွင်းဆင်ခြင်မှု ၁၀ ပါး

အစဉ်, မမြှုန်လွှန်း, မနှေးလွှန်း, စိတ်မပျံလွှင့်, စက် ဆုပ်ဘွယ်, ထင်လွှန်းရာ, ဈာန်, သုတ္တန် သုံးမျိုးအား ဖြင့် ၁၀ ပါး။

**စက်ဆုပ်ရုံရှာဘွယ် ငါးမျိုး**

အဆင်း, သဏ္ဌာန်, အနံ့, မှီရာအရပ်, နေရာ တည်ရာ အားဖြင့် စက်ဆုပ် ရုံရှာဘွယ် ငါးမျိုး။ ဤသည်တို့ကို ရှေးဦးစွာ မှတ်မိအောင် ပြောကြားထားရမည်။

**ကျက်ရန် ရှေးဦးစွာ နှုတ်ဖြင့် ရွတ်ဆို။**

**ပါဠိလို အာနုလုံ**

ကေသာ, လောမာ, နခါ, ဒန္တာ, တစော။

**ပဋိလုံ**

တစော, ဒန္တာ, နခါ, လောမာ, ကေသာ။

**မြန်မာလို အစဉ်အတိုင်း**

ဆံ, အမွေး, ခြေသည်း လက်သည်း, သွား, အရေ။

**အပြန်အလှန်**

အရေ, သွား, ခြေသည်း လက်သည်း, အမွေး, ဆံ။

ဆံပင်တို့၏ အဆင်းသဏ္ဌာန်တို့ကား သိသာ ထင်ရှားလှ၏။ စက်ဆုပ်ဘွယ် မဖြစ်နိုင်သေးသော်လည်း၊ မီးရှို့ကြည့်က၊ အနံ့ ဆိုးဝါးလှ၍ စက်ဆုပ်ဘွယ် အလွန် ထင်ရှားလှသည်၊ စက်ဆုပ်ဘွယ် ဖြစ်သည်။

**မှီရာအရပ် စက်ဆုပ်ဘွယ် ဖြစ်ပုံ**

မစင်ကြယ်သော အရပ် ရှာ အနီးအပါး၌ ပေါက် ရောက်ကုန်သော ဟင်းရွက်တို့ကို မြို့သူမြို့သားတို့သည်

စက်ဆုပ် ရွံရှာကြကုန်၏၊ မသုံးဆောင်ကြကုန်။ ဤအတူ ဆံပင်တို့သည်လည်း ပြည်, သွေး, ကျင်ငယ်, ကျင်ကြီး, သည်းခြေ, သလိပ် စသည်တို့၏ အင့်အသက်အကျိုးဆက်ကြောင့် ဖြစ်သောကြောင့်၊ စက်ဆုပ် ရွံရှာဘွယ် ဖြစ်ကုန်၏။

## နေရာ တည်ရာ စက်ဆုပ်ဘွယ် ဖြစ်ပုံ

မစင် အစုအပုံ၌ တက်သော ပေါက်သော မွှိကဲ့သို့ ဆံပင်တို့သည် သုံးဆဲ့တပါးသော ကောင်္ဘာသအစု၌ ဖြစ်ကုန်၏။ သုသာန် တံမြက်ခြေး စုရာအရပ် စသည်တို့၌ ပေါက်ရောက်သော ဟင်းရွက်ကဲ့သို့ဎင်း၊ ကျုံး စသည်တို့၌ ပေါက်ရောက်သော ကြာနီ ကြာဖြူ စသော ပန်းတို့ကဲ့သို့ဎင်း၊ ဆံပင်တို့သည် မစင်ကြယ်ရာ အရပ်၌ ဖြစ်သောကြောင့်၊ လွန်စွာ စက်ဆုပ် ရွံရှာဘွယ်ရှိသည် ဖြစ်ကုန်၏။

အဆင်း, သဏ္ဌာန်, အနံ့, မွှိရာ, တည်ရာ၊ ဤစက်ဆုပ် ရွံရှာဘွယ် ငါးပါးတို့ကို မှတ်မိသည်တိုင်အောင် ရှုးဉီးစွာ ပြောကြားထားရပေမည်။

## ပါဠိလို နှလုံးသွင်း ဆင်ခြင်ရန်

ကေသာ ပဋိကူလာ ဇေဂုစ္ဆာ ဒုဂ္ဂန္ဓာ။
လောမာ ပဋိကူလာ ဇေဂုစ္ဆာ ဒုဂ္ဂန္ဓာ။
နခါ ပဋိကူလာ ဇေဂုစ္ဆာ ဒုဂ္ဂန္ဓာ။
ဒန္တာ ပဋိကူလာ ဇေဂုစ္ဆာ ဒုဂ္ဂန္ဓာ။
တစော ပဋိကူလော ဇေဂုစ္ဆော ဒုဂ္ဂန္ဓော။

## မြန်မာလို နှလုံးသွင်း ဆင်ခြင်ရန်

ဆံပင်တို့သည် ရုံရှာဘွယ်တကား၊ ရုံစရာပါတကား၊ စက်ဆုပ်ဘွယ်တကား၊ အနံ့ဆိုးဝါးလှပေစွတကား။

အမွေးတို့သည် ရုံရှာဘွယ်တကား၊ ရုံစရာပါတကား၊ စက်ဆုပ်ဘွယ်တကား၊ အနံ့ဆိုးဝါးလှပေစွတကား။

ခြေသည်း လက်သည်းတို့သည် ရုံရှာဘွယ်တကား၊ ရုံစရာပါတကား၊ စက်ဆုပ်ဘွယ်တကား၊ အနံ့ဆိုးဝါးလှပေစွတကား။

သွားတို့သည် ရုံရှာဘွယ်တကား၊ ရုံစရာပါတကား၊ စက်ဆုပ်ဘွယ်တကား၊ အနံ့ဆိုးဝါးလှပေစွတကား။

အရေသည် ရုံရှာဘွယ်တကား၊ ရုံစရာပါတကား၊ စက်ဆုပ်ဘွယ်တကား၊ အနံ့ဆိုးဝါးလှပေစွတကား။

ရှင်လောင်းတို့အား ခေါင်းရိတ်ပေးနေခိုက် ဦးစွာရိတ်ချလိုက်သော ဆံပင်တွေကို ကောက်ကာ ကိုင်ကြည့်စေလျက် လက်ပေါ် တင်ကြည့်စေလျက် "ဤဆံပင်တွေဟာ ရုံဘွယ်ပါတကား၊ ရုံဘွယ်ပါတကား၊ ရုံစရာပါတကား၊ ရုံစရာပါတကား" ဟု အကြိမ်ကြိမ် အဖန်ဖန် ရှုပွါးနေပါစေ၊ နှလုံးသွင်း ဆင်ခြင်နေပါစေ။ ခေါင်းရိတ် မပြီးမချင်း ရှုပွါးနေပါစေ၊ နှလုံးသွင်း ဆင်ခြင်နေပါစေ။

"ဆံပင်တွေဟာ စက်ဆုပ်ဘွယ်ပါတကား၊ စက်ဆုပ်ဘွယ်ပါတကား၊ ဆံပင်တွေဟာ အနံ့ဆိုးဝါးလှပေစွတ

ကား၊ အနံ့ဆိုးဝါးလှပေစွတကား" ဟု အကြိမ်ကြိမ် ရှုပွါးနေပါစေ၊ ဒုလုံးသွင်း ဆင်ခြင်နေပါစေ။

ရှင်လောင်းများ ခေါင်းရိတ်နေစဉ် ခေါင်းရိတ်နေတုန်း၊ ဒုလုံးသွင်း ဆင်ခြင်ရန်အတွက် ဖြစ်၍ ဆံပင်ကိုသာ ပဓါနထားလျက် အကျဉ်းမျှ ရှုပွါးရန် ပြလိုက်ခြင်း ဖြစ်ပေသည်။

## စပါးရိတ် လယ်သမား ဥပမာ

စပါးရိတ်သမား တယောက်သည် တံစဉ်ကို ကိုင်ကာ အစွန်အဖျားက စ၍ လယ်ကွင်း လယ်ခင်း၌ စပါးရိတ်နေ၏။ ထိုသို့ စပါးရိတ်နေသော အခါ၌၊ ထိုစပါးရိတ်သမား၏ လယ်စည်းရိုးကို ချိုးဖျက်ကာ နွားတွဝင်ကုန်၏။ ထိုစပါးရိတ်သမားသည် အသိတံ ဌပေတ္တာ (=တံစဉ် ချ၍) တံဖျာကြိမ်လုံး ကိုင်လျက် ထိုနွားတွဝင်လာသော လယ်စည်းရိုးပေါက် လမ်းဖြင့် နွားတွကို မောင်းထုတ်ကာ လယ်စည်းရိုးကို ပိတ်ဆို့ ပြန်ကာလျက် တဖန် တံစဉ်ကို ကိုင်ပြီး၊ စပါးရိတ်နေခြင် ရိတ်နေလေ၏။

## အသိတံ ဝိယ ပညာ

သဗ္ဗညုရှင်တော်ဘုရား သာသနာတော်နှင့် လယ်ကွက် လယ်ခင်း တူ၏။ စပါးရိတ်သမားနှင့် ယောဂီ တူ၏။ အသိတံ ဝိယ ပညာ(=တံစဉ်နှင့် ပညာ တူ၏။ ဝါ၊ တံစဉ်နှင့် ဝိပဿနာ တူ၏။)

## ယဋ္ဌိ ဝိယ အသုဘကမ္မဋ္ဌာနံ

စပါးရိတ်သော အခါနှင့် ဝိပဿနာ ကမ္မဋ္ဌာန်း ရှုသော အခါ တူ၏။ ယဋ္ဌိ ဝိယ အသုဘကမ္မဋ္ဌာနံ (= တံဖျာကြိမ်လုံးနှင့် အသုဘကမ္မဋ္ဌာန်း တူ၏။ ဝါ၊ တံဖျာကြိမ်လုံးနှင့် သမထ ကမ္မဋ္ဌာန်း တူ၏။) ဝတိ ဝိယ သံဝရော (= လယ်စည်းရိုးနှင့် စောင့်စည်းခြင်း သံဝရတရား တူ၏။) လယ်စည်းရိုးကို ချိုးဖေါက် ဝင်လာသော နွားတွေနှင့် မဆင်ခြင် မေ့လျော့သည့်အတွက် အဆောတလျင်ချက်ခြင်း ရာဂ ဝင်သည်ဖြစ်သည့် အခါ တူ၏။

## တံစဉ်ချ ကြိမ်လုံးကိုင်

တံစဉ် အသာ ချ၊ ကြိမ်လုံး ကောက်ကိုင်၊ ဝင်လာသော လယ်စည်းရိုးပေါက် လမ်းကပင် နွားတွေ မောင်းထုတ်၊ လယ်စည်းရိုး ကောင်းမွန်လုံခြုံစွာ ကာ၊ အစွန်အဖျားမှစ၍ စပါးရိတ်နေမြဲ ရိတ်နေသော အခါနှင့် သမထ အသုဘ ကမ္မဋ္ဌာန်းဖြင့် ရာဂကို ခါတွက် ပယ်ချိုး၍ တဖန် ပြန်ပြီးဝိပဿနာရှုနေသော အခါ တူ၏။

ဤအနက်သဘောကို ရည်ညွှန်း၍ "အသုဘာ ဘာဝေတဗ္ဗာ ရာဂဿ ပဟာနာယ၊ (= ရာဂပယ်ခြင်းငှါ အသုဘကမ္မဋ္ဌာန်း ပွါးအပ်၏)" ဟု သဗ္ဗညုရှင်တော်ဘုရား မိန့်တော်မူ၏။ ။သာဓကပါဠိ နဝဂုတ္တရ အဋ္ဌကထာ သမ္မောဓိသုတ် ၂၅၇ ဦး ရှု။

မင်္ဂဖိုလ် ရမ္မူသည် ဝိပဿနာ ပညာသည်သာလျှင် လို
ရင်း ပဓာန ဖြစ်ပါ၏။ မှန်ပါ၏။ သို့သော် "အသိတံ
ဌပေတွာ ယဒိဿ အာဒါယ ( = တံစဉ်ချ၊ ကြိမ်လုံးကိုင်)"
ဆိုသဖြင့်၊ ကြိမ်လုံးဖြင့် နွားတွေ မောင်းထုတ်ပြီး၊ စိတ်
အေးလက်အေး အေးအေးလူလူ စိတ်ချလက်ချ စပါး
ရိတ်၍ ခရီးရောက် တွင်ကျယ် လုပ်ငန်းပါပုံ လုပ်ငန်းပါ
သလို စပါးရိတ်နေနိုင်သလို သမထခေါ် အသုဘ ကမ္မ
ဋ္ဌာန်း တည်းဟူသော သမာဓိ အားပေးကူညီမှု ရှိပါ
မှ စိတ်မပျံလွင့်ဘဲ တည်တည်ကြည်ကြည် ငြိမ်ငြိမ်သက်
သက် စိတ်ချလက်ချ စိတ်အေးလက်အေး အေးအေး
လူလူ ဝိပဿနာရှု၍ ခရီးတွင်ကျယ် လုပ်ငန်းပါပါ အာ
ရုံထင်လွယ် မြင်လွယ်ပုံ မြင်လွယ်ဟန်ကို ဤဥပမာဖြင့်
သိအပ်၏။

**မှတ်ချက်။** အသုဘကို "သမထ ဝိပဿနာစိတ္တာသ" ဟု
ဤသုတ် ဤအဋ္ဌကထာ၌ "သမထ ကမ္မဋ္ဌာန်း" ဟု အမည်ပေး
ထားသည်။

## ဘုရား လိုသိ မထေရ်မွန် သမထကို ရှေးဦး ဩန်

သတ္ထာ တေသံ စရိယဝသေန ရာဂစရိတသဲ အသုဘ
ကမ္မဋ္ဌာနံ ဒေတိ။ ဒေါသစရိတသ မေတ္တာကမ္မဋ္ဌာနံ။
မောဟစရိတသ ဥဒ္ဓေသော ပရိပုစ္ဆာ (ပ)။ ဝိတက္ကစရိ
တသ အာနပါနသတိကမ္မဋ္ဌာနံ ဒေတိ။ သဒ္ဓါစရိတသဲ
ပသာဒနိယသုတ္တန္တော (ပ)။ ဉာဏစရိတသ အနိစ္စာဒိပဋိသံ
ယုတ္တော ဂမ္ဘီရေ သုတ္တန္တော ကထေတိ။ ၂၃၇။

ဤ၌ ပြအံ့သော မေဃိယသုတ်နှင့် မဟာရာဟုလော ဝါဒသုတ်တို့၌ ဟောတော်မူသော ဗုဒ္ဓမတ္တညူ (= သဗ္ဗညူ) ရှင်တော်ဘုရား၏ အလိုကို သိသည်) အားလျော်စွာ ဖွင့်ပြသော သုတ်ပါဌေယျ အဋ္ဌကထာ ဒသုတ္တရသုတ် ဖြစ်ပေသည်။

ရာဂစရိတဿ တာဝ ဇွတ္ထ ဒဿ အသုဘာ, ကာယဂတာသတိတိ ဇောဒဿ ကမ္မဋ္ဌာနာနိ အနုက္ကုလာနိ။ ဒေါသစရိတဿ စတ္တာရော ဗြဟ္မဝိဟာရာ, စတ္တာရိ ဝဏ္ဏကသိဏာနိ အဋ္ဌ အသုဘာနိ နဝ အာဃာတပဋိဝိနယာ။ မောဟစရိတဿ ဝိတက္ကစရိတဿ စ ဧကာဒသ အာနာပါနဿတိကမ္မဋ္ဌာနမေဝ။ သဒ္ဓါစရိတဿ ပုရိမာ ဆ အနုဿတိယော။ ဗုဒ္ဓိစရိတဿ မရဏဿတိ, ဥပသမာနုဿတိ, စတုဓါတုဝဝတ္ထာနံ, အာဟာရေ ပဋိကူလသညာတိ စတ္တာရိ။ သေသကသိဏာနိ, စတ္တာရော စ အာရုပ္ပါ သဗ္ဗစရိတာနံ အနုက္ကုလာနိ။ ။ဝိသုဒ္ဓိမဂ် ၁၁၀။

**မှတ်ချက်။** ဤဝိသုဒ္ဓိမဂ်ကို အားကိုးအားထား ပြု၍ သင်္ကြိဟ်၌လည်း ဤအတိုင်းပင် ပြသည်။

## ဘုရားသခင်ပင် သမထကို ရှေးဦးသင်

တေန စ ပန မေဃိယ ဘိက္ခုနာ ဣမေသု ပဉ္စသု ဓမ္မေသု ပတိဋ္ဌာယ စတ္တာရော ဓမ္မာ ဥတ္တရိ ဘာဝေတဗ္ဗာ။ အသုဘာ ဘာဝေတဗ္ဗာ ရာဂဿ ပဟာနာယ၊ မေတ္တာ ဘာဝေတဗ္ဗာ ဗျာပါဒဿ ပဟာနာယ၊ အာနာပါနဿတိ ဘာဝေတဗ္ဗာ ဝိတက္ကုပစ္ဆေဒါယ၊ အနိစ္စသညာ ဘာဝေတဗ္ဗာ အသ္မိမာနသမုဂ္ဃာတာယ၊ အနိစ္စေသညိနော မေ

ဃိယ အနတ္တာသညာ သဏ္ဌာတိ၊ အနတ္တာသညီ အသ္မိမာန သမုဂ္ဃာတံ ပါပုဏာတိ ဒိဋ္ဌေဝ ဓမ္မေ နိဗ္ဗာနန္တိ။ ။ နဝဂုဏ်တ္တရပါဋိတော် သမ္မောဓိဝဂ် မေဃိယသုတ် ၁၆၌။

မေတ္တံ ရာဟုလ ဘာဝနံ ဘာဝေဟိ၊ ကရုဏံ ရာဟုလ ဘာဝနံ ဘာဝေဟိ၊ မုဒိတံ ရာဟုလ ဘာဝနံ ဘာဝေဟိ၊ ဥပေက္ခံ ရာဟုလ ဘာဝနံ ဘာဝေဟိ၊ အသုဘံ ရာဟုလ ဘာဝနံ ဘာဝေဟိ၊ အနိစ္စသညံ ရာဟုလ ဘာဝနံ ဘာဝေဟိ၊ အာနာပါနဿတိ ရာဟုလ ဘာဝနံ ဘာဝေဟိ။ ။မဟာရာဟုလောဝါဒသုတ် ၇၂။ လိုရင်း အာကျဉ်းချုံးပြသည်။

**မှတ်ချက်။** ဤသုတ်၌ အာနာပါနဿတိ ၁၆ ပါးလုံး အပြည့်အစုံ ဟောတော်မူသည်။

## အနိစ္စသညီ နှုတ်ဖျားတွင် သိ

“ အနိစ္စသညိနော မေဃိယ အနတ္တာသညာ သဏ္ဌာတိ ” ဟူသော ပါဠိကိုကား ယောဂီတိုင်းလိုလို ရကြ၏။ ဝိပဿနာ ဓမ္မကထိကတို့၏ နှုတ်ဖျား၌ သီးနေသဖြင့်၊ အလွန် သွက်လက်ကာ တွင်ကျယ်လှသော ပါဠိပင် ဖြစ်ပေသည်။ သို့သော် ဘာကို စ၍ ဘာကို အဆုံး သတ်ထားမှန်း မသိသူ သတိမမူ မရိပ်မိသူတို့ များပေလိမ့်မည်။

သို့အတွက် သမထကမ္မဋ္ဌာန်းကို ကဲ့ရဲ့ဝံ့ ရှုတ်ချဝံ့ ပြစ်တင်ဝံ့ကြပေသည်။ အကယ်၍ အမှန်အတိုင်း သိပါ

က၊ ဘယ်မှာလျှင် ကဲ့ရဲ့ဝံ့ပါတော့အုံနည်း။ အမှန်ပင် မကဲ့ရဲ့ဝံ့တော့ပေ။

အသုဘ, မေတ္တာ, အာနာပါနသတိဖြင့် သမထကမ္မဋ္ဌာန်းကို ရှေးဦးစွာ ဟောတော်မူသည်။ အနိစ္စသညာဟူ ဝိပဿနာကမ္မဋ္ဌာန်းကို နောက်မှ ဟောသည်။

## ရာဟုလာစီးဖြန်း သမထကမ္မဋ္ဌာန်း

ရှင်ရာဟုလာအား ဟောသော ကမ္မဋ္ဌာန်းတို့ကား ရာဟုလသံယုတ် စသောအားဖြင့် မျှားလှသည်။ ခန္ဓဝဂ် သံယုတ်ပါဠိတော်၌ "ယံကိဉ္စိ ရာဟုလ ရူပံ အတီတာနာဂတပစ္စုပ္ပန္နံ" ဟူသော ပဌမ၊ ဒုတိယ ရာဟုလ ၂ သုတ်၊ မဇ္ဈိမပဏ္ဏာသပါဠိတော်၌ "ယံကိဉ္စိ ရာဟုလ ရူပံ အတီတာနာဂတပစ္စုပ္ပန္နံ" ဟု ဝိပဿနာ ရုပ်ကမ္မဋ္ဌာန်းကို သဗ္ဗညုရှင်တော်ဘုရား ဩဝါဒပေးတော်မူပြီးမှ၊ သစ်ပင်အောက်၌ ဝိပဿနာ ဓါတ်ကမ္မဋ္ဌာန်း စီးဖြန်းနေသော ရှင်ရာဟုလာကို ခေါ်တော်မူ၍ "စတုက္ကပဉ္စကဈာနံ နိဗ္ဗတ္တေတ္ဝာ ဝိပဿနံ ဝဍ္ဎေတ္ဝာ အရဟတ္တံ ဂဏှာဟိ (= စတုတ္ထဈာန် ပဉ္စမစျာန်တို့ကို ဖြစ်စေ၍။ ဝါ၊ ရစေလို၍ ဝိပဿနာရှု၍ အရဟတ္တဖိုလ်ကို ရယူလေလော့) " ဟု နှလုံးသွင်းကာ ဥပဇ္ဈာယ်ဆရာ ဖြစ်သည်အားလျော်စွာ တပည့်တို့အဘို့အတွက် အလွန်ကောင်း အကျိုးမျှားစေခြင်းငှါ "အာနာပါနသတိ ရာဟုလ ဘာဝနံ ဘာဝေဟိ" ဟု ရှင်မဟာသာရိပုတ္တရာမဟာထေရ်မြတ်ကြီးက၊ တဖန် ထပ်ဆင့်ကာ ဩဝါဒပေးတော်မူပြန်သည်။ နောက်တဖန်

သဗ္ဗညုရှင်တော်ဘုရားက "ယံကိဉ္စိ ရာဟုလ (ပ) ကေသာ လောမာ" အစချီပြီး၊ "မေတ္တံ ကရုဏံ မုဒိတံ ဥပေက္ခံ အသုဘံ အနိစ္စသည် အာနာပါနဿတိ" ဟု ဟောတော်မူသော မဟာရာဟုလောဝါဒသုတ်။ ဤသုတ်တို့ကို ဟောသော အခါ၌၊ ရှင်ရာဟုလာ အရဟတ္တဖိုလ် မရသေးပေ။

"တံ ကိ မညသိ ရာဟုလ။ စက္ခု နိစ္စ ဝါ အနိစ္စ ဝါ တိ" ဟူသော ဥပရိပဏ္ဏာသပါဠိတော် စူဠရာဟုလောဝါဒသုတ်၊ သဠာယတန သံယုတ်ပါဠိတော် ရာဟုလောဝါဒသုတ် ဟောတော်မူသော အခါကျမှ ရှင်ရာဟုလာ အရဟတ္တဖိုလ် ရတော်မူသည်။

ရှင်ရာဟုလာသည် နှစ်ပေါင်း ဆယ်နှစ်ကျော်မျှ သမထ ကမ္မဋ္ဌာန်း စီးဖြန်းရပုံကိုလည်း သတိပြုထိုက်၏။

အသုဘ, အာနာပါနဿတိ သမထ ကမ္မဋ္ဌာန်းတို့ကို ဖုံးဖိ ကွယ်ကာထားလျက် ရှင်ရာဟုလာ ပထဝီဓါတ် စသော တပါးပါးသော ဓါတ်ကမ္မဋ္ဌာန်း ဝိပဿနာ ကမ္မဋ္ဌာန်းကိုသာ ပွားလေဟန် ရှုလေဟန် ဤရာဟုလောဝါဒသုတ်တို့ကို အဖျားဆွတ်ပြီး သွက်သွက်လက်လက် ဟောပြောချက်တို့ကား ဝိပဿနာနယ်တွင် အတော်ကြီး ခေတ်စား တွင်ကျယ်နေပေသည်။

ဤမေဃိယသုတ်နှင့် ရာဟုလောဝါဒသုတ်တို့ကို အာလွန် ရှိသေလေးစား လိုက်နာအပ်လှပေသတည်း။

ဤဘုရားဟောမှ မယုံကြည် မလိုက်နာပါက၊ မည်သူ့စကားကိုမျှ ယုံကြည် လိုက်နာတော့မည် မဟုတ်ပေ။

ဤမေဃိယသုတ်နှင့် ရာဟုလောဝါဒသုတ်တို့ကို သဘောထိမိ သိရှိတော်မူကြကုန်သော ရှေးရှေး ကမ္မဋ္ဌာန်းဆရာ့ ဆရာကြီးများတို့သည် "အသုဘ, အာနာပါနသတိ" ဟူသည်နှင့်အညီ ရှေးဦးစွာ သမထ ကမ္မဋ္ဌာန်းဖြင့် သမာဓိကို ပျိုးထောင်ပြီးမှ "အနိစ္စသည်" ဟူသည်နှင့်အညီ နောက်မှ ဝိပဿနာရှုမှု စီးဖြန်းမှုကို ပြုလျက် သင်ကြား နည်းပေးတော်မူကြပေသည်။

သြော် .. ရှေးရှေး ကမ္မဋ္ဌာန်း ဆရာ့ ဆရာကြီးတို့၏ ဉာဏ်တော်သည် ပါဠိတော်၏ ဆိုလိုရင်းသဘော ထိမိသိရှိကာ စူးရှထက်မြက် လေးနက်လှပါပေစွတကား။

သမထကမ္မဋ္ဌာန်း နည်းမှန် လမ်းမှန် ပြသ သင်ကြားသော ကမ္မဋ္ဌာန်းဆရာ မှီဝဲ ဆည်းကပ်မိဘို့ကား အတိဒုလ္လဘပေတဲ့။

ပြပြီးနှင့် ကျန်သမထ ကမ္မဋ္ဌာန်းတို့ကို ထိုထိုပါဠိတော် မျာ၌ ဟောတော်မူသည်ကား များလှပေသည်။

အသက်ထက်ဆုံး သမထကမ္မဋ္ဌာန်းကိုချည်းသာ ပွါးများအားထုတ်နေရမည်လို့ မဆိုလို။ သမထ ကမ္မဋ္ဌာန်းဖြင့် ဥပစာရ သမာဓိ ရအောင် ပွါးများ ပျိုးထောင်ပြီး၊ ထို့ဥပစာရ သမာဓိကို အခြေခံ အမှီပြု၍ ဝိပဿနာရှုပါလို့ ဆိုလိုပါသည်။ သတိရကြပါလေ၊ ယောဂီတို့။

"တံ ဈာနံ ပါဒကံ ကတ္ဝာ ဝိပဿနံ ဝဍ္ဎေတ္ဝာ အရဟတ္တံ ပါပုဏာတိ (= ထိုဈာန်ကို အခြေခံပြု၍ အခြေ

ပြု၍ ဝိပဿနာကို ရှုလျက် အရဟတ္တဖိုလ်သို့ ရောက်၏)” ဟု ဆိုသလို။

“ဥပစာရံ ပါဒကံ ကတ္ဝာ ဝိပဿနံ ဝဍ္ဎေတ္ဝာ အရဟတ္တံ ပါပုဏာတိ (= ဥပစာရသမာဓိကို အခြေခံပြု၍ အခြေပြု၍ ဝိပဿနာကို ရှုလျက် အရဟတ္တဖိုလ်သို့ ရောက်၏)” ဟု ဆိုလိုသည်။

ဤ၌ အကျဉ်းမျှသာ။ အကျယ် “အာနာပါနသံခိပ်” မှာ ရှု။

## ၂၆။ ဘုရားရှင်ကိုင်း ဒုတိယ သာဏာရ ကမ္မဋ္ဌာန်းကို ဖယ်ခြင်းစွန့်ခြင်းကို ပြခြင်း

ဓမ္မသေနာပတိ တရားစစ်သူကြီး ဖြစ်ကော်မူသော ရှင်မဟာသာရိပုတ္တရာ မထေရ်မြတ်ကြီးသည် တိသ, ပိဏ္ဍပါတဒါယက တိသ, ကမ္မလဒါယက တိသ, ဓနဝါသီ တိသ ဟူ ခုနစ်ဦးသားအရှယ်တွင် လေးမည်ရ လေးဘဲခံ တိသသာမဏေလောင်း တိသရှင်လောင်းနှင့် စကား ပြောကြရာတွင် “ရှင်းရဟန်းအဖြစ်သည် ဆင်းရဲငြီးငွေ့ပင်ပန်းစွာ အသက်မွေးရ၏၊ အသက်ရှင်ကြရ၏” ဟု အောက်ပါအတိုင်း သတိပေး မိန့်တော်မူသည်။

“တိသ.... ရှင်ရဟန်းမည်သည် ပြုနိုင်ခဲ၏။ ပြုနိုင်ခဲသော အမှု ဖြစ်၏။ ဆင်းရဲလှ၏။ အပူ အလိုရှိလျှင်၊ အအေး ရတတ်၏။ အအေး အလိုရှိလျှင်၊ အပူ ရတတ်၏။ ဆွမ်းပူ ဟင်းပူ စားချင် ဘုဉ်းပေးချင်က၊ ဆွမ်းအေး

ဟင်းအေး စားရတတ်၏။ ဘဉ်းပေးရတတ်၏။ ဆွမ်းအေး ဟင်းအေး စားချင်က၊ ဆွမ်းပူ ဟင်းပူ စားရတတ်၏။ ဘဉ်းပေးရတတ်၏။ ရှင်ရဟန်း အဖြစ်သည် ဆင်းရဲဒြိုးငြင် ပင်ပန်းစွာ အသက်မွေးကြရ၏။ အသက်ရှင်ကြရ၏။ သင်ကား ချမ်းချမ်းသာသာ ကြီးပြင်းလာရ၏။

ဆွမ်းပူပူ ဟင်းပူပူ စားလိုပါက ဘဉ်းပေးလိုပါက၊ ဆွမ်းအေးအေး ဟင်းအေးအေး စားရတတ်လဲ့း စားရတတ်၏။ ဘဉ်းပေးရတတ်လဲ့း ဘဉ်းပေးရတတ်၏။ ဆွမ်းအေးအေး ဟင်းအေးအေး စားလိုပါက ဘဉ်းပေးလိုပါက၊ ဆွမ်းပူပူ ဟင်းပူပူ စားရတတ်လဲ့း စားရတတ်၏။ ဘဉ်းပေးရတတ်လဲ့း ဘဉ်းပေးရတတ်၏။ ရှင်ရဟန်း အဖြစ်သည် သို့ကလောက် အဆင်မပြေမှုနှင့် ရင်ဆိုင်တိုးကာ တွန့်ကုံရတတ်ပေသည်။ သင်ကား ချမ်းချမ်းသာသာ အေးအေးလူလူ ကြီးပြင်းလာသူ အိမ်ကြီးရခိုင်ရှင် တိုက်ကြီးတာကြီးရှင် စည်းစိမ်ရှင် ကြွယ်ဝချမ်းသာသူ သူဌေး သူကြွယ်သား သူဌေးသား ဖြစ်သည်။ ဘယ်နှယ်လဲ၊ ရှင်ရဟန်း ပြုနိုင်ပါ့မလား”ဟု သတိပေး မေးမြန်းတော်မူသည်။

ထိုအခါ၊ တိသ ရှင်လောင်းက “အရှင်ဘုရား ဘုရားတပည့်တော်သည် အရှင်ဘုရားတို့ အရှင်မြတ်တို့ မိန့်ဘော်မူသည့်အတိုင်း မှတ်သားနာယူ အစဉ်လိုက်နာသဖြင့် သာလျှင် အလုံးစုံကို လိုက်နာ ပြုကျင့်ခြင်းငှာ တတ်နိုင်ပါလိမ့်မည် အရှင်ဘုရား”ဟု လျှောက်ထားလေသည်။

ရှင်မဟာသာရိပုတ္တရာ မဟာထေရ်မြတ်သည် “သို့ဖြစ်က ကောင်းပေရဲ့” ဟု မိန့်တော်မူ၍ ထိုတိဿရှင်လောင်းအား စက်ဆုပ်ဘွယ်အဖြစ် နှလုံးသွင်းရသော တစပဉ္စကကမ္မဋ္ဌာန်းကို ပြောကြားသင်ကြား၍ ထိုတိဿရှင်လောင်းကို ရှင်ပြုပေးလေသည်။

သကလမိ ဟိ ဒုတ္တိံ သာကာရံ ကထေတုံ ဝဋ္ဋတိယေဝ။ သဗ္ဗံ ကထေတုံ အသက္ကောန္တေန ပန တစပဉ္စကကမ္မဋ္ဌာနံ ကထေတဗ္ဗမေဝ။ “ကုဒ္ဒဠိ ကမ္မဋ္ဌာနံ သဗ္ဗဋ္ဌာနံ အဝိဇဟိတမေဝ (= မှန်ပေသည်။ ဤဒုတ္တိံသာကာရ သုံးဆဲ့နှစ်ကောဋ္ဌာသ ကမ္မဋ္ဌာန်းကို ဘုရားတိုင်း ဘုရားတိုင်း အလုံးစုံသော ခပ်သိမ်းသော ဘုရားတိုင်း ဘုရားတိုင်း မလွတ် မစွန့်အပ်သည်သာ ဖြစ်တတမေဝ ။ ကသ္မာဒသ္မာ ဧကေကကောဋ္ဌာသေသု အရဟတ္တံ ပတ္တာနံ ဘိက္ခူနမ္ပိ ဘိက္ခုနီနမ္ပိ ဥပါသကာနမ္ပိ ဥပါသိကာနမ္ပိ ပရိစ္ဆေဒေါ နတ္ထိ။ အဗျတ္တာ ဘိက္ခူ ပန ပဗ္ဗာဇေန္တာ အရဟတ္တာသ္ဝူပနိဿယံ နာသေန္တိ။ ။ဓမ္မပဒအဋ္ဌကထာ ဗာလဝဂ်ီ ဝန၀ါသိတိဿသာမဏေရဝတ္ထု၊ ပဌမအုပ် ၃၃၅။

သုံးဆဲ့နှစ်ပါး အကုန်လုံး အလုံးစုံသော ဒုတ္တိံသာကာရကမ္မဋ္ဌာန်းကို သင်ကြား ပေးကြားခြင်းငှါ သင့်သည်သာလျှင်။ သို့သော် အလုံးစုံသော သုံးဆဲ့နှစ်ကောဋ္ဌာသ ကမ္မဋ္ဌာန်းကို သင်ကြား ပြောကြားခြင်းငှါ အချိန်မရ၍ မတတ်နိုင် မစွမ်းနိုင်ပါလျှင်၊ တစပဉ္စကကမ္မဋ္ဌာန်းကို သင်ကြား ပေးအပ်သည်သာလျှင်။ ကုဒ္ဒဠိ ကမ္မဋ္ဌာနံ သဗ္ဗဋ္ဌာနံ အဝိဇဟိတမေဝ (= မှန်ပေသည်။ ဤဒုတ္တိံသာကာရ သုံးဆဲ့နှစ်ကောဋ္ဌာသ ကမ္မဋ္ဌာန်းကို ဘုရားတိုင်း ဘုရားတိုင်း အလုံးစုံသော ခပ်သိမ်းသော ဘုရားတိုင်း ဘုရားတိုင်း မလွတ် မစွန့်အပ်သည်သာ

လျှင်)။ ဆံ အစရှိကုန်သော ဆံ, အမွေး, ခြေသည်း လက်သည်း, သွား, အရေ အစရှိကုန်သော တပုံတပုံ တစုတစု တခုတခုသော ကောဋ္ဌာသတို့၌ တပုံတပုံ တစု တစုတို့၌ အရဟာတ္တဖိုလ်သို့ ရောက်ကြ ရကြကုန်သော ရဟန်းတို့၏ဂုဏ်း၊ ရဟန်းမိန်းမ ဘိက္ခုနီ ထေရီမတို့၏ ဂုဏ်း၊ ဥပါသကာ ယောကျ်ားတို့၏ဂုဏ်း၊ ဥပါသိကာ မိန်းမ ဒါယိကာမတို့၏ဂုဏ်း ပရိစ္ဆေဒါ နတ္ထိ (=အပိုင်းအခြား မရှိ၊ ဤရှေ့ဤမျှ ဂဏန်းချကာ ရေတွက် ပိုင်းခြားခြင်းငှါ မတတ်နိုင် မစွမ်းနိုင်)။ မျှားလွန်း အားကြီးလို့ မရေတွက်နိုင်တော့ပေ ဆိုလိုသည်။

အဗျတ္တာ ဘိက္ခ။ ပန ပဗ္ဗာဇေန္တော အရဟတ္တံသဲ့ပ နိဿံယံ နာသေန္တိ (=အသိအလိမ္မာ ဉာဏ်ပညာကင်းမဲ့ မိုက်သော ရဟန်း မလိမ္မာသော ရဟန်း မိုက်မဲသော ရဟန်းတို့သည်ကား ရှင်ရဟန်း ပြုပေးကြကုန်သည်ရှိသော်၊ အရဟတ္တဖိုလ် ရရာရကြောင်း အထောက်အပံ့ မှီရာ ဥပနိဿယကို ဖျက်ဆီးပစ်လိုက်ကြကုန်၏။)

ဂင်္ဂါဝါလု သဲစုမက ပုဉ်တော်မူကြကုန်သော သဗ္ဗညုရှင်တော်ဘုရားတိုင်း ဘုရားတိုင်း သမထခေါ် သုံးဆဲ့နှစ်ကောဋ္ဌာသ ကမ္မဋ္ဌာန်းကို မစွန့်မလွှတ် အမြဲ လက်ကိုင်ထားပြီး၊ သတ္တဝါဝေနေယျတွေ့ကို မင်္ဂဖိုလ်နိဗ္ဗာန် အထိ ပို့ဆောင် ကယ်တင်တော်မူကြသည်။

ပုဉ်တော်မူတိုင်း ပုဉ်တော်မူတိုင်း ဘုရားတိုင်း ဘုရားတိုင်း လက်မလွှတ် မစွန့်သော ကောဋ္ဌာသ ကမ္မဋ္ဌာန်းကို

သာသနာတော်တွင်းမှာ ဖြစ်ပေမဲ့၊ ငါတို့လဲ အားထုတ်သင့် အားထုတ်ထိုက်၍ အားထုတ်လိုက်ဦးမည်ဟု ထိုဓမ္မပဒအဋ္ဌကထာကို အားကိုး အားထား ယုံကြည်ကာ အားထုတ်ကြပါလေ ယောဂီမြတ်တော့။

ရဟန်းနှင့် ဘိက္ခုနီ ထေရီမတို့ကား သာသနာတော်တွင်း ဖြစ်ကြောင်း ထောက်ခံထားသည်၊ သက်သေခံနေသည်။

“အရဟတ္တဖိုလ်သို့ ရောက်ကုန်သော” နှင့် “အပိုင်းအခြား မရှိ၊ မရေတွက်နိုင်” တို့ကား သာသနာတော်တွင်း သမထသည် မဂ်ဖိုလ်နိဗ္ဗာန် အထိ ပို့နိုင်ပုံ ရောက်နိုင်ပုံကို ထောက်ခံထားသည်၊ သက်သေခံနေသည်။

သာသနာတော်တွင်း သမထသည် ဗြဟ္မာ ၂၀ အထိ ပို့နိုင်သည်တွင် မကဘဲ ထို့ဗြဟ္မာ ၂၀ ကို ကျော်လွန်ပြီး မဂ်ဖိုလ်နိဗ္ဗာန်အထိ ပို့နိုင် ရောက်နိုင်သည်ကို ထောက်ခံထားသည်၊ သက်သေခံနေသည်။

ဗြဟ္မာ ၂၀ အထိသာ ဗြဟ္မာ့ဘုံအထိသာ သမထနယ် သတ်မှတ် ပိုင်းခြားသူ ကန့်သတ်သူ ယူဆသူတို့ ဤအရဟာတ္တံ ပတ္တာနံနှင့် ပရိစ္ဆေဒါ နတ္ထိ (= အရဟာတ္တဖိုလ်သို့ ရောက်ကုန်သောနှင့် အပိုင်းအခြား မရှိ မရေတွက်နိုင်) တို့ကို သတိရသင့်၏၊ ကြောက်သင့်၏။

“သဗ္ဗဗုဒ္ဓါနံ အဝိဇဟိတမေဝ (= ပုဗ္ဗင်္ဂတော်မူကြကုန်သော ဘုရားရှင်တိုင်း လက်မလွှတ် မစွန့်သော သမထကောင်းသော ကမ္မဋ္ဌာန်း တစပဉ္စက ကမ္မဋ္ဌာန်း) ကို ငါတို့

လည်း လက်မလွတ်သင့် မစွန့်သင့်၊ ပွါးများ အားထုတ်သင့်၏” ဟု သဘောပိုက်ကာ ပွါးများ အားထုတ်ကြပါလေ ယောဂီမြတ်တွေ့။

ထိုပွင့်တော်မူကြကုန်သော ဘုရားရှင်တိုင်း လက်မလွတ် မစွန့်သော သမထကောဋ္ဌာသ ကမ္မဋ္ဌာန်း တစပဉ္စက ကမ္မဋ္ဌာန်းကို ယခုအခါ သမထဆိုပြီး အထင်သေးလျက် လက်လွတ်ချင်ကြသည်၊ စွန့်ချင်ကြသည်။ လက်လွတ်ရုံ စွန့်ရုံတွင် မကသေးဘဲ အမှန်အတိုင်း မသိသူတွေက ကဲ့ရဲ့ကြသည်၊ ရှုတ်ချကြသည်။

“အဗျတ္တာ ဘိက္ခု။ (= မလိမ္မာသော ရဟန်း မိုက်မဲသော ရဟန်း ရဟန်းမိုက်)” ဟု ဓမ္မပဒအဋ္ဌကထာဆရာ၏ အပြစ်တင်ခြင်း အပြစ်ဆိုခြင်းကို ခံလိုပါသလား၊ ခံချင်ပါသလား။ သို့မဟုတ် လွတ်လိုပါသလား၊ လွတ်ချင်ပါသလား။

အပြစ်တင်ခြင်း အပြစ်ဆိုခြင်းကို ခံလိုပါက ခံချင်ပါက၊ ရှင်လောင်း ရဟန်းလောင်းတို့အား ဒုတ္တိံ သာကာရ ကောဋ္ဌာသ တစပဉ္စက ကမ္မဋ္ဌာန်းကို သင်ကြား မပေးဘဲ နေပါ၊ နှလုံးမသွင်း မဆင်ခြင်စေဘဲ နေပါ။ အကယ်၍ လွတ်လိုပါက လွတ်ချင်ပါက၊ ရှင်လောင်း ရဟန်းလောင်းတို့အား သုံးဆဲ့နှစ်ကောဋ္ဌာသ ဒုတ္တိံ သာကာရ တစပဉ္စက ကမ္မဋ္ဌာန်းကို သင်ကြားပေးပါ၊ နှလုံးသွင်း ဆင်ခြင်ပါစေ။

ကွမ်းတယာညက် အချိန်အတွက် သတိ လစ်ဟင်းမှုကလေးကြောင့် ပျင်းရိမှုကလေးကြောင့် ထိုဓမ္မပဒအဋ္ဌက

ထာဆရာ၏ အပြစ်တင်ဆိုချက် အတွင်းသို့ ဇွတ်အတင်း ခုန်ဆင်း သက်ဆင်း မတိုးမဝင်မိကြပါစေလင့်။ အပြစ်တင် အပြစ်ဆို မခံချင်ကြပါလင့်။ ထို ကွမ်းတယာညက် အချိန်သည် ခေါင်း တခါရိတ် အချိန်သည် မျှားစွာ မကြာလှပါ၊ သီလ တခါပေး ရေစက် တခါချ ပရိတ် တခါရွတ်လောက် မကြာလှပါ၊ ဝန်မလေးလှပါ၊ သို့ဖြစ်၍ ထိုဓမ္မပဒအဋ္ဌကထာဆရာ၏ အပြစ်တင် အပြစ်ဆိုချက်မှ ရှောင်ကွင်း လွှတ်မြောက်စေလိုလှသဖြင့် ရှောင်ကွင်း လွှတ်မြောက်စေချင်လွန်းလှသဖြင့်၊ ရှင်လောင်း ရဟန်း လောင်းတို့အား တစပဉ္စက ကမ္မဋ္ဌာန်း သင်ကြား ပြောကြား နှုတ်သွင်း ဆင်ခြင်စေလျက် ရှင်ရဟန်း ပြုပေး တော်မူကြပါရန် ထက်သန် ပြင်းပြ သန့်ရှင်း မွန်မြတ်လှသော စိတ်စေတနာ သဒ္ဓါတရား သန့်သန့်ဖြင့်သာ သတိပေး တိုက်တွန်း မေတ္တာရပ်ခံလိုက်ပါသည် သာသနာတော်ကြီး၏ ဝန်ကို သာသနာ့ ဝန်ကို ချီပိုးထမ်းဆောင် တော်မူကြပေကုန်သော သာသနာ့ဝန်ထမ်း သာသနာ့ဝန်ဆောင် အရှင်မွန် အရှင်မြတ် အရှင်ကောင်းတို့ဘုရား။

၂၆။ ဘုရားသခင် လက်ထက်ကစ၍ အစဉ်အဆက် မပျက် သဓဇကမ္မဋ္ဌာန်း ဆောင်ပုံကို ပြခြင်း

## တစပဉ္စက တမျိုး

ပြခဲ့ပြီးသော တစပဉ္စကသည်ကား သဗ္ဗညုရှင်တော် ဘုရား ဟောတော်မူသော တစပဉ္စက ဖြစ်ပေသည်။

ယခု ပြမည့် တစပဉ္စကကား “ဧဝမေ ဓေါ အာဝုသော အင်္ဂဉ္စု ပဋိစ္စ နှာရုဉ္စု ပဋိစ္စ မံသဉ္စု ပဋိစ္စ စမ္မဉ္စု ပဋိစ္စ အာကာသော ပရိဝါရိတော ရူပံတ္တဝ သင်္ခံ ဂစ္ဆတိ။ ။ မူလပဏ္ဏာသပါဠိတော် မဟာဟတ္ထိပဒေါပမသုတ် ၂၄၈ (=ငါ့ရှင်တို့ .. ဤအိမ်အတူသာလျှင် အရိုးကိုလည်း အစဲပြု၍ အရိုးတို့ကို ဖဲ့ယှက်တတ်သော အကြောတို့ကိုလည်း အစဲပြု၍ ထိုအရိုးတို့ကိုပင် မွမ်းမံ လိမ်းကျံလျက် တည်သော အသားတို့ကိုလည်း အစဲပြု၍ တကိုယ်လုံးကို ဖုံးလွှမ်း ရစ်ပတ်၍ တည်သော အရေကိုလည်း အစဲပြု၍ အာကာသ ဓါတ်ဖြင့် ခြုံရုံအပ်သည်ကို ကိုယ် ဟူ၍သာလျှင် ခေါ်ဝေါ်ခြင်းသို့ ရောက်၏)” ဟု တရားစစ်သူကြီး ဖြစ်တော်မူသော ရှင်သာရိပုတ္တရာ မဟာထေရ်မြတ်ကြီး ဟောတော်မူသည့်အတိုင်း ပြမည်။

“တစပဉ္စကံ ဒိဋ္ဌေန၊ သေသံ သုတေန (=တစပဉ္စကကို မြင်အပ်သော ဝတ္ထု၊ဖြင့် ယူအပ်သည်။ အကြွင်းကို ကြားအပ်သော ဝတ္ထု၊ဖြင့် ယူအပ်သည်” ဟု ဝိသုဒ္ဓိမဂ် ဆိုသဖြင့်၊ ဆံ, အမွေး, ခြေသည်း လက်သည်း, သွား, အရေတို့ကား ပကတိမျက်စိ မံသမျက်စိဖြင့် ပြတ်ပြတ်သားသား ထင်ထင်ရှားရှား မြင်ရသည်။ အကြောကား မထင်ရှားလှသော်လည်း၊ မြင်ရသည်။ အသားကား အရေနှင့် တထပ်တည်း ကျနေတော့သည်။ ခြေသည်း လက်သည်း, သွားတို့ကား အရိုးဌဲ့ ပေါင်းထားသည်။ အိမ်ဥပမာဖြင့် ပြလို၍၊ ဆံပင်ကား အရာမဟုတ်တော့ပေ။ ထို့ကြောင့် ချန်ထားသည်။

သဗ္ဗညုရှင်တော်ဘုရားက စက်ဆုပ် ရွံရှာဘွယ်အဖြစ် ဖြင့် ဟောတော်မူသည်။ ရှင်သာရိပုတ္တရာ မဟာထေရ် မြတ်က ရုပ်ခန္ဓာကိုယ်ကို ဖျက်ပြီး ကြည့်ရှုရန်အတွက် ထင်မြင်မှု လွယ်မှု လိုရင်း ကောဋ္ဌာသ (= အဘိုအစု)ကို သာ ရည်ရွယ်၍ ပဓါနထားပြီး ဟောတော်မူသည်။

သို့ဖြစ်၍ သဗ္ဗညု ရှင်တော်ဘုရား၏ နှလုံးသွင်းအာဘောဂအတိုင်းလည်း မလွတ်စေ၊ ရှင်သာရိပုတ္တရာ မဟာထေရ်မြတ်ကြီး၏ နှလုံးသွင်း အာဘောဂ အတိုင်းလည်း မလွတ်စေမူ၍၊ "ဆံ, အရိုး, အကြော, အသား, အရေ" ဟု တစပဉ္စကအမည် တစပဉ္စက အမည်တမျိုး အမည် တနည်းဖြင့် ပြလိုက်ပေသည်။

လောကလူသားတို့၏ စိတ်တွင် ဆံပင်ကို အထွဋ်အမြတ် အမှန်အမြတ်ဆုံး နှစ်သက်မြတ်နိုး ကျက်သရေရှိ တင့်တယ်၏ဟု စွဲလမ်းကြသည်။

## အိမ်ဖြစ်နေပုံ

သစ်သား စိုက်ထောင်၊ သစ်သားချင်း ကြိမ်နွယ်ကြိုး တို့ဖြင့် ချည်၊ သစ်ဝါး ကာ၊ အမိုး မိုး၊ အိမ် ဖြစ်တော့၏။ အိမ်ခေါ်တော့၏။

## ခန္ဓာကိုယ် ဖြစ်နေပုံ

အရိုး စိုက်ထောင်၊ အရိုးချင်း အကြောတို့ဖြင့် ချည်၊ အသားဖြင့် လိမ်းကျံ မံဖို့၊ အရေဖြင့် ဖုံးလွှမ်း၊ ကုံယ် ဖြစ်တော့၏၊ ကိုယ် ခေါ်တော့၏။

## ပွါးရွှဆင်ခြင်ဟန်

မိမိ ခန္ဓာကိုယ်ယုတ် အကောင်ပုပ်ကို ရပ်နေစေ၊ ရပ်နေဟန်ကို ဉာဏ်မနောတွင် ထင်မြင်နေပါစေ။

ရှေးဦးစွာ ဆံပင်ကို နှုတ်၊ အရေကို ဆုတ်ခွါချ၊ အသားကို ခြစ်ယူ ခြစ်ပစ်၊ အရိုးနှင့် အကြောသာ ဉာဏ်မနောတွင် ထင်နေပါစေ။

အကြောတွေ ဖြေလိုက်က၊ အရိုးတွေ တဖြုတ်ဖြုတ် ပြုတ်ကျနေသည်ကို ဉာဏ်မနောတွင် ထင်မြင်နေပါစေ။

ဉာဏ်မနောတွင် ထင်မြင်နေပါက၊ ကိုယ် ဟူ၍ အတ္တ ဟူ၍ ရှာမရဒေါ့ပေ။ ဉာဏ်မနောတွင် မထင်မြင်သေးပါက၊ ထင်မြင်လာအောင် အဖန်တလဲလဲ ရှုပွါးနွှဲ။ "ကိုယ် အတ္တ" ဟု ရှာမရက ရှာမတွေ့က "အနတ္တ" ဖြစ်၏။

တနည်း။ ဆံပင်, အရေ, အသား, အကြော, အရိုး တို့ကို နှုတ်၊ ဆုတ်၊ ခြစ်၊ ဖြေ၊ ဖြုတ်ယူ၍ ငါးစု ငါးပုံ ပြုထား။ ထိုငါးပုံကို ကိုယ် အတ္တ သို့မဟုတ် ဆံပင်ကို အရေကို အသားကို အကြောကို အရိုးကို ကိုယ်အတ္တဟု မခေါ်ရတော့ပေ။ ကိုယ်ဘဲ အတ္တဘဲဟု မခေါ်နိုင်တော့ပေ။ မစဲလမ်းတော့ပေ။ ကိုယ်ခေါ်စရာ အတ္တခေါ်စရာ မရတော့ပေ။ အနတ္တဟု ထင်နေတော့၏။

ဤတစပဉ္စက ကမ္မဋ္ဌာန်းကို တင့်တယ်မှု နည်းပါး ပါးလျား ရာဂ ပါးပါးလွှာလွှာ ကာမဂုဏ်အပြစ် များများ ထင်လွယ်မြင်လွယ်စေဘို့အတွက် အိမ်မက္ခာ ဝတ်

ကြောင် ယောဂီများ ရှေးဦးစွာ ပုဒ်းများ ဆင်ခြင်သင့်လှပေသည်။

## ဓါတုကောဋ္ဌာသ ဆောင်ပုဒ်

၁။ ဟောင်း, သစ်, ပယ်မြေ,၊ သည်းခြေ, လိပ်, သွေး,၊ ခဲ, ကြည်, စေး၊ နှစ်လေး စတုဇာတ်။

၂။ ချဲး, မျက်, တံ, နှပ်,၊ စိတ် ညစာတ်၊ လေးရပ် ဒြဇ မှတ်။

၃။ သစ်, ဟောင်း, ပြည်, ကျင်,၊ ဥတုပင်၊ လေးလျင် ကေဇာတ်။

၄။ ပါစက ကမ်၊ အသိ စိတ်တံ,၊ ဇီဝံ သဒ္ဒ ကေဇာတ်။

၅။ ကျန် သုံး, ငါး, လှစ်,၊ ပေါင်းလျင် ရှစ်,၊ မည် သစ် စတုဇာတ်။

၆။ နှစ်ဆယ့်လေး, ရှစ်,၊ စတု ဖြစ်၍,၊ ဒြဲ ဖြစ်က လေး,၊ လေး, နှစ်, ဖေး,၊ ပေါင်းရေး လေးဆယ့်နှစ်။

## ပထဝီ မြေဓါတ် ၂၀

(၁) ဆံပင် (၂) အမွေး (၃) ခြေသည်း လက်သည်း (၄) သွား (၅) အရေ (၆) အသား (၇) အကြော (၈) အရိုး (၉) ရိုးတွင်း ခြင်ဆီ (၁၀) အညှိ။ (၁၁) နှလုံး (၁၂) အသည်း (၁၃) အမွေး (၁၄) အပျဉ် (၁၅) အဆုတ် (၁၆) အူမ (၁၇) အူသိမ် (၁၈) အစာသစ်၁ (၁၉) အစာဟောင်း၁ (၂၀) ဦးနှောက်။

## အာပေါ ရေဓါတ် ၁၂ ပါး

(၁) သည်းခြေ (၂) သလိပ် (၃) ပြည်ဝ (၄) သွေး (၅) ချွေးဥ (၆) အဆီခဲ (၇) မျက်ရည်၂ (၈) ဆီးကြည် (၉) တံထွေး၂ (၁၀) နှပ်၂ (၁၁) အစေး (၁၂) ကျင်ငယ်ဲ။

## တေဇောမီးဓါတ် ၄ ပါး

(၁) သန္တပ္ပနတေဇော = ရက်ခြာဖျားပူ (၂) ဇီဏ ကတေဇော = မွဲ၊ ဖြူ၊ ရင့်၊ ပူ (၃) ဒဟတေဇော = ပူလောင်ပူ (၄) ပါစကတေဇောဲ = ကျေကျွေကိပူ။

## ဝါယောလေဓါတ် ၆ ပါး

(၁) ဥဒ္ဓင်္ဂမဝါတ = ဆန်တက်လေ။ (၂) အဓေါဂမဝါတ = စုန်ဆင်းလေ။ (၃) ကုစ္ဆိသယဝါတ = အူပြင်လေ။ (၄) ကောဋ္ဌာသယဝါတ=အူတွင်းလေ။ (၅) အင်္ဂမင်္ဂါနုသာရီဝါတ=ကြောလျှောက်လေ။ (၆) အဿာသပဿာသဲ = ထွက်သက် ဝင်သက်လေ။

## ဧကဇ ၄ ပါး

မြေဓါတ် (၁)အစာသစ် (၂)အစာဟောင်း
ရေဓါတ် (၃) ပြည် (၄) ကျင်ငယ် } ဥတုဇ။

## ဧကဇ ၂ ပါး

မီးဓါတ် (၁) ပါစက၊ ကမ္မဇ။
လေဓါတ် (၂) အဿာသပဿာသ၊ စိတ္တဇ။

## စိတ္တံဇ ဥတုဇဒ္ဓိဇ ၄ ပါး

ရေဓါတ် (၁) ချွေး (၂) မျက်ရည် (၃) တံထွေး (၄) နှပ်။

## စတုဇ ၈ ပါး

မီးဓါတ် (၁) သန္တပ္ပနတေဇော (၂) ဇီရဏတေဇော (၃) ဒဟနတေဇော။

လေဓါတ် (၄) ဥဒ္ဓင်္ဂမဝါတ၊ (၅) အဓောဂမဝါတ၊ (၆) ကုစ္ဆိသယဝါတ၊ (၇) ကောဋ္ဌာသယဝါတ၊ (၈) အင်္ဂမင်္ဂါနုသာရိဝါတ။

## စတုဇ ၂၄ ပါး

အစာသစ်, အစာဟောင်း နှုတ်၊ ကျန်မြေဓါတ် ၁၈ ပါးနှင့် သည်းခြေ, သလိပ်, သွေး, အဆီခဲ, ဆီကြည်, အစေး၊ ရေဓါတ် ၉ ပါးနှင့် ပေါင်းက စတုဇ ၂၄ ပါး ဖြစ်သည်။ အားလုံးပေါင်း ၄၂ ပါး ဖြစ်သည်။

ဇွန်ပြဿ်။ ၁ ကား ဇေဇ၊ ၂ ကား ဒွိဇဟု ပြသည်။

ဤဒုတိုံသာကာရကောဋ္ဌာသ ကမ္မဋ္ဌာန်းကို ဝိသုဒ္ဓိမဂ်က ဤပုံ အမည်ပေးထားသည်။ အမည်တပ်ထားသည်။ ခေါ်ထားသည်။

တတ္ထ ဓါတုဝသေန ကထိတံ ဝိပဿနာကမ္မဋ္ဌာနံ ဟောတိ။ ပဋိကူလဝသေန ကထိတံ သမထကမ္မဋ္ဌာနံ။ တဒေတံ

ဣဓ သမထ ကမ္မဋ္ဌာနမေဝ။ ။ဝိသုဒ္ဓိမဂ် ပဌမအုပ် ကာယဂတာသတိ ၂၃၅။

ထိုကမ္မဋ္ဌာန်းတို့တွင် ဓါတ်၏ အစွမ်းဖြင့် ဟောအပ်သော ကမ္မဋ္ဌာန်းသည် "ဝိပဿနာကမ္မဋ္ဌာန်း" မည်၏။

စက်ဆုပ်ရုံရှာဖွယ် အဖြစ်ဖြင့် ဟောအပ်သော ကမ္မဋ္ဌာန်းသည် "သမထကမ္မဋ္ဌာန်း" မည်၏။

ထိုကာယဂတာသတိကမ္မဋ္ဌာန်းသည် ဤနေရာ ဤအရာ၌ သမထကမ္မဋ္ဌာန်းသာလျှင် ဖြစ်ပေသတည်း။

## ဗျာန်ရဟူ လိမ္မာရေး

ဗျာန်ရရုန် လိမ္မာပါးနပ် အကင်းပါးမှုကို "အပ္ပဲနာကောသလ္လ" ဆိုသည်ဟု ရှေးဦးစွာ သိနှင့်ထားဘို့ အရေးကြီးလှပေသည်။ တဆင့် တက်ပြီး ဘာကမ္မဋ္ဌာန်းကို စီးဖြန်းပွါးများမှ ဗျာန် ရသည်ဟု အသိဉာဏ် ထူးဘို့လည်း အလွန် လုလှပေသေးသည်။ သို့မှသာ သမထကမ္မဋ္ဌာန်း၏ သဘောမှန်ကို တိကျစွာ သိနိုင်ပေမည်။

ကမ္မဋ္ဌာနမနုယုဉ္ဇတော ကမ္မဋ္ဌာနပိ ဝုတ္တံ ဝိရဇ္ဈိ ဝေပုလ္လံ ဂစ္ဆတိ။ ၁၂၅။

အပိစ သမာဓိကမ္မိကဿ ဗလဝတိပိ သဒ္ဓါ ဝဋ္ဋတိ။ ဇဝံ သဒ္ဓဟန္တော ဩကပ္ပေန္တော အပ္ပနံ ပါပုဏိဿတိ။ သမာဓိပညာသု ပန သမာဓိကမ္မိကဿ ဇောဂ္ဂတော ဗလဝတိ ဝဋ္ဋတိ။ ဇဝဿ သော အပ္ပနံ ပါပုဏာတိ။ ။ဝိသုဒ္ဓိမဂ်အဋ္ဌကထာ ပဌမအုပ် ဒသဝိဓ အပ္ပနာကောသလ္လ

၁၂၆၊ မဟာဝဂ္ဂသံယုတ် အဋ္ဌကထာ ဗောဇ္ဈင်္ဂသံယုတ် အာဟာရသုတ် ၁၉၄။ ဤ၌ "အပ္ပဒံ" ကို အထူး သတိပြုပါ။

ဤစ ပန အာရဒ္ဓကမ္မဋ္ဌာနဿ "ဥပစာရစ္ဆာနေ ဌတ္ဝာ အပ္ပနာပရိဝါသံ" ဝဿန္တိဿ ကာလန္တိရေ ဇာတေ တထာပဋိပတ္တိ အပ္ပနာကောသလ္လာယ ဝုတ္တာ။ ။တတ္ထ ကမ္မဋ္ဌာနန္တိ သမထကမ္မဋ္ဌာနံ အာဟ ၁၅၈။ ဤ၌ "ဥပစာရစ္ဆာနေ ဌတ္ဝာ အပ္ပနာပရိဝါသံ"ကို အထူး သတိပြုပါ။

သမာဓိ ကမ္မိကဿာတိ သမထ ကမ္မဋ္ဌာနိကဿ (ပ) ကေဂ္ဂတာ ဗလဝတီ ဝန္ဒတိ သမာဓိပဓာနတ္တာ စျာနဿ။ ။ ဝိသုဒ္ဓိမဂ် မဟာဋီကာ ပဌမအုပ် ၁၅၃။

ကာယဂတာသတိန္တိ ကာယပရိဂ္ဂါဟိကမ္ပိ ကာယာရမ္မဏမ္ပိ သတိ။ ကာယပရိဂ္ဂါဟိကန္တိ ဝုတ္တေ သမထော ကထိတော ဟောတိ၊ ကာယာရမ္မဏန္တိ ဝုတ္တေ ဝိပဿနာ၊ ဥဘယေန သမထဝိပဿနာ ကထိတာ ဟောန္တိ။ ။ဥပရိ ပဏ္ဏာသအဋ္ဌကထာ ကာယဂတာသတိသုတ် ၁၀၂။

သီဃံ ဒုတယုဂန္တိ ခေါဘိက္ခု၊ သမထဝိပဿနာနေတံ အဓိဝစနံ။ ။သဠာယတနဝဂ္ဂသံယုတ် ပါဠိတော် ကိံသုကောပမသုတ် ၃၉၉။

ဤကိံသုကောပမသုတ် အဋ္ဌကထာ ၁၀၃ ၌ ပြသော စကြာမင်းသည် ပြောဆိုဆုံးမခက်သော သားတော် မင်းသားကို ပညာရှိ အမတ်လိမ္မာအား စစ်သူကြီးကို အကူ

အညီပေးပြီး၊ ဆုံးမစေသော ဥပမာ ဝတ္ထု!ကို အာနာပါန သံခိပ်၌ ပြမည်။ ဤ၌ လို!ရင်းသာ ပြအံ့။

“ဒဋ္ဌေ သဃဋ္ဋိတာ ဝယ သမထကမ္မဋ္ဌာန!ဉ္စ ဝိပဿနာကမ္မဋ္ဌာန!ဉ္စ။ ကုမာရော အသုဏန္တော ဝိယ နံသီဒိ” ဆို!သဖြင့်၊

ပညာရှိ အမတ်လိမ္မာနှင့် ဝိပဿနာ ကမ္မဋ္ဌာန်း တူ၏။

စစ်သူ!ကြီးနှင့် သမထ ကမ္မဋ္ဌာန်း တူ၏။

မင်းသား၏ အပေါင်းအဖေါ် အရက်သမားနှင့် နီဝရဏတရား တူ၏။

အရက်၏ တန်းခိုးကြောင့် မင်းသားက အမတ်ကြီးစကား!ကို မကြားယောင်မူ ပြု!နေသလို နီဝရဏတရား!က ဝိပဿနာ ကမ္မဋ္ဌာန်း!ကို မလေးမခံ့ မထေမဲ့မြင် ပမာမထား မသိယောင်မူ ပြု!နေပုံနှင့် တူ၏။

အဖေါ် အရက်သမား!တို့ ထွက်ပြေး၊ အရက်တန်းခိုး အရှိန်သေ အမူး!ပြေနေသော မင်းသား!က စစ်သူ!ကြီး!ကို ကြောက်၍ ဘခင် ခမည်း!တော်၏ မင်း!ကြီး၏ စကား!ကို လို!က်နာရသကဲ့သို့ နီဝရဏတရား!သည် သမထကမ္မဋ္ဌာန်း!ကို ကြောက်၍ ထွက်ပြေး!သည်နှင့် တူ၏။

ပညာရှိ အမတ်လိမ္မာ မစ္စမ်းနိုင် မတတ်နိုင်၍ စစ်သူ!ကြီး!ကို အကူအညီ ခေါ်ရပုံ အမှီတံကဲ သဟဲ ပြု!ရပုံ!ကို သ!လေ။

အလွန် ရိုင်းပြ မို!က်ရိုင်း ကြမ်းထမ်း!သူသည် နှုးညံ့ပျော့ပျောင်း ဖျောင်းဖျ ပြောဆို!သော သူ!ကို မလေးမ

စား မခံ့ မညား မကြောက်မရံ့ သည်ကား လောကတံထွာ ဓမ္မတာထုံးစံပင် ဖြစ်ပေသည်။

အကြမ်း အကြမ်းချင်းမှ ကြောက်ကြသည်၊ ခံ့ကြသည်၊ ရိုသေလေးစားကြသည်ကား လောကတံထွာ ဓမ္မတာထုံးစံပင် ဖြစ်ပေသည်။

ဝိပဿကယောဂီများသည် ဤဘုရားဟော ဒွေ သီဃဒုတ ဥပမာကို လွန်စွာ ရိုသေလေးစားထိုက်လှပေသည်။

သမထ, ဝိပဿနာဟု တွဲ၍ ဟောတော်မူသော ပါဠိတော်တို့ကား များပြားလှပေသည်။

သမထ ကမ္မဋ္ဌာန်းဟု အမည်ပေးထား နာမယ်ပေးထားသော ဘုရားဟော ဤသဋ္ဌာယတနသံယုတ် ကိုသုကောပမသုတ်နှင့် အဋ္ဌကထာ စကားကို မယုံပါက၊ မိမိ၏ စကားကိုလည်း မည်သူမျှ ယုံတော့မည် မဟုတ်ပေ။

## သမထယာဉ် စီးကာ နိဗ္ဗာန်ခရီး သွားပါ။

စိတ္တဝိသုဒ္ဓိနာမ သဉ္ဉပစာရာ အဋ္ဌသမာပတ္တိယော။ ။ ဝိသုဒ္ဓိမဂ်အဋ္ဌကထာဒိဋ္ဌဝိသုဒ္ဓိနိဒ္ဒေသ ဒုတိယအုပ် ၂၂၃။

ဥပစာရသမာဓိ ဥပစာရဈာန်နှင့်တကွ ဖြစ်ကုန်သော ရှစ်ပါးသော သမာပတ်တို့သည် စိတ္တဝိသုဒ္ဓိ မည်၏။ စိတ်စင်ကြယ်သည် မည်၏။

ဥပစာရသမာဓိပိ အပ္ပနာသမာဓိ ဝိယ ဝိပဿနာယ အာဓိဋ္ဌာနဘာဝတော စိတ္တဝိသုဒ္ဓိယေဝါတိ အာဟ သဉ္ဉပ

စာရာတိ။ ။ဝိသုဒ္ဓိမဂ်မဟာဋီကာ ဒိဋ္ဌဝိသုဒ္ဓိနိဒ္ဒေသ ဒုတိယအုပ် ၃၅၀။

ဥပစာရသမာဓိသည်လည်း အပ္ပနာသမာဓိကဲ့သို့ ဝိပဿနာ၏ တည်ရာ၏ အဖြစ်ကြောင့် စိတ္တဝိသုဒ္ဓိ မည်သည်သာလျှင်၊ စိတ် စင်ကြယ်သည်သာလျှင်။ ထို့ကြောင့် “သဥပစာရာ” ဟူ၍ ဝိသုဒ္ဓိမဂ်အဋ္ဌကထာဆရာ မိန့်ဆိုတော်မူ၏။

ဝိသုဒ္ဓိမဂ်မဟာဋီကာ ၃၅၀ ၌ “သမထယာနိကေန” ဟူသော ပုဒ်ကို ဝိဂြိုဟ်ပြုပြီး အရကောက် ဆိုလိုရင်း စကားကို “စျာနေ စျာန္နုပစာရေ ဝါ ပတိဋ္ဌာယ ဝိပဿနံ အနုယုဉ္ဇန္တိသေတံ နာမံ၊ တေန သမထယာနိကေန (=ထိုသမထယာနိက ဟူသော အမည်သည်။ ဝါ၊ သမထ ဟူသော ယာဉ် ရှိသော ယောဂီပုဂ္ဂိုလ် ဟူသော အမည်သည် စျာန်၌ရင်း၊ စျာန်၏ ဥပစာ၌ရင်း တည်၍ ဝိပဿနာကို အားထုတ်သော ယောဂီပုဂ္ဂိုလ်၏ အမည်တည်း။ ထိုသမထ ဟူသော ယာဉ် ရှိသော ယောဂီပုဂ္ဂိုလ်သည်။ ဝါ၊ သမထ ဟူသော ယာဉ် ရှိသော စျာန်၌ရင်း၊ စျာန်၏ ဥပစာ၌ရင်း တည်၍ ဝိပဿနာကို အားထုတ်သော ယောဂီပုဂ္ဂိုလ်သည်)” ဟု ဆိုလိုရင်း အနက်အဓိပ္ပါယ်ကို ကောက်ပြတော်မူပေသည်။

ထို့ကြောင့်လည်း “တံ သမ္ပါဒေတုကာမေန သမထယာနိကေန” ဟူသော ဝိသုဒ္ဓိမဂ်အဋ္ဌကထာပါဠိကို နိဿယ ဆရာတော်မြတ်ကား အောက်ပါအတိုင်း မဟာဋီကာ

ကို မှီ၍ မဟာဋီကာအာဘိုင်း အနက်သမ္မန်တော်မူပေသည်။

တံ၊ ထိုဒိဋ္ဌိဝိသုဒ္ဓိကို။ သမ္မာဒေတုကာမေန၊ ပြည့်စုံစေလိုသော။ သမထယာနိကေန၊ သမထ ဟူသော ယာဉ်ရှိသော ယောဂီပုဂ္ဂိုလ်သည်။ ဝါ၊ သမထ ဟူသော ယာဉ်ရှိသော စျာန်၌ရင်း၊ စျာန်၏ ဥပစာရ်၌ရင်း တည်၍ ဝိပဿနာကို အားထုတ်သော ယောဂီပုဂ္ဂိုလ်သည်။

သမထယာနိက ယောဂီဆိုသည်ကား မြန်မာလို ရှင်းရှင်း ဆိုရသော် ခေါ်ရသော်၊ စျာန်ယာဉ် စီး၍ရင်း၊ စျာန်၏ အနီး ဥပစာရသမာဓိယာဉ် စီး၍ ဝိပဿနာ ရှုပွါးနေသော ယောဂီကို သမထယာနိက ယောဂီလို့ ဆိုသည်၊ ခေါ်သည်။

သော ဥပစာရပွနာဘေဒေါ ဝိပဿနာယာနိကဿ ဒေသနာတိ ကတ္ဝာ နသမာဓိမတ္တံ။ နဟိ ခဏိကသမာဓိ ဝိနာ ဝိပဿနာ သမ္ဘဝတိ။ ။ဝိသုဒ္ဓိမဂ်မဟာဋီကာ နိဒါနာဒိကထာ ပဌမအုပ် ၁၁။

သမထယာနိကဿ ဟိ ဥပစာရပွနာပွဘေဒံ သမာဓိံ ဣတရဿ ခဏိကသမာဓိံ ဥဘယေသမ္ပိ ဝိမောက္ခမုခတ္တာ ယံ ဝိနာ နကဒါစိပိ လောကုတ္တရာဓိဂမော သမ္ဘဝတိ။ ။ဝိသုဒ္ဓိမဂ် မဟာဋီကာ နိဒါနာဒိကထာ ပဌမအုပ် ၁၅။

နိဗ္ဗာန် ရောက်လိုက နိဗ္ဗာန်ခရီး သွားလိုက၊ သမထယာဉ် ဝိပဿနာယာဉ် ကြိုက်ရာယာဉ်ကို စီးသွားနိုင်

သည်။ နှစ်ယာဉ်စလုံးကိုလည်း ယာဉ် နှစ်မျိုးစလုံးကို လည်း စီးသွားနိုင်သည်။

"သမထယာနိကဿ" ဆိုသဖြင့်၊ အပ္ပနာ သမာဓိ ခေါ် "ပဌမစျာန်" စသည်ကိုသာ ခေါ်သည်၊ ယူရ သည် ဟု မုချကိန်းသေ မမှတ်လင့်။ မယူအပ် မယူသင့် မယူထိုက်ပေ။

"ဥပစာရ သမာဓိ"ကိုလည်း ယူရသည်၊ ယူရသေး၏ ဟု မှတ်ပါလေ။

ဘာကမ္မဋ္ဌာန်းကို စီးဖြန်း ပွါးများ အားထုတ်ပါမှ ဥပစာရ သမာဓိကို ရပါသလဲ။

ဥပစာရအပ္ပနာဝသေန ဒုဝိဓော။ ဂ၁။

ဒုဝိဓကောဋ္ဌာသေ ဆန္နံ အနုဿတိဋ္ဌာနာနံ မရဏဿတိယာ ဥပသမာနုဿတိယာ အာဟာရေ ပဋိကူလ သညာယ စတုဓါတုဝဝတ္ထာနဿာတိ ဣမေသံ ဝသေန လဒ္ဓစိတ္တေကဂ္ဂတာ၊ ယာ စ အပ္ပနာသမာဓိနံ ပုဗ္ဗဘာဂေ ကေဂ္ဂတာ၊ အယံ ဥပစာရသမာဓိ။ ဂ၂။

ဥပစာရပ္ပနာဝဟတောတိ ဌပေတ္ဝာ ကာယဂတာ သတိဉ္စ အာနာပါနဿတိဉ္စ အဝသေသာ အဋ္ဌ အနုဿတိ ယော, အာဟာရေ ပဋိကူလသညာ, စတုဓါတုဝဝတ္ထာနဉ္စ ဣမာနေဝ ဟတ္ထ ဒသ ကမ္မဋ္ဌာနာနိ ဥပစာရဝဟာနိ။ ။

ဝသုဒ္ဓိမဂ်အဋ္ဌကထာ စတ္တာလီသ ကမ္မဋ္ဌာန၀ဏ္ဏနာ ပဌမ အုပ် ၁၀၇။ ဟူသည်နှင့်အညီ ဗုဒ္ဓ, မမ္မ, သံဃ, သီလ, စာဂ, ဒေဝတာ, မရဏ, ဥပသမာ, ပဋိကူလ, စတုဓါတု

ဝဝတ္ထွာန် ဓါတ်ကမ္မဋ္ဌာန်း။ ဤကမ္မဋ္ဌာန်း ဆယ်ပါးတို့ကို စီးဖြန်း ပွါးများ အားထုတ်ပါက၊ "ဥပစာရ သမ်ာဓိ" ရ၏။ ဥပစာရသမာဓိ သက်သက်သာ ရ၏။

ထို ဥပစာရသမာဓိ သက်သက်သာ ရသော ကမ္မဋ္ဌာန်း ဆယ်ပါးတို့ကို စီးဖြန်း ပွါးများ အားထုတ်သော ကမ္မဋ္ဌာနိကယောဂီသည် "သမထယာနိက ယောဂီ" မည်၏။ "သမထယာနိကယောဂီ" လို့ ဆိုရ၏။ ခေါ်ရ၏။ ခေါ်နိုင်၏။

သမထယာဉ်ကို စီး၍ နိဗ္ဗာန်သွားခရီးသည် နိဗ္ဗာန်သွားယောဂီ မည်၏။ သမထယာနိက (= သမထဥပစာရ သမာဓိယာဉ် ရထားကို စီး၍ နိဗ္ဗာန်သွားခရီးသည် နိဗ္ဗာန်သွားယောဂီ) မည်၏။

ကျန်ကမ္မဋ္ဌာန်း ၃၀ သမထ ကမ္မဋ္ဌာန်း ၃၀ တို့ကို စီးဖြန်း ပွါးများ အားထုတ်ပါကလည်း၊ ဥပစာရ သမာဓိနှင့်တကွ အပ္ပနာ သမာဓိကိုပါ ရသည်၊ စျာန်ရသည်။ သို့ဖြစ်၍ သမထ ကမ္မဋ္ဌာန်း လေးဆယ်တို့တွင် မည်သည့် ကမ္မဋ္ဌာန်းကိုဘဲ စီးဖြန်းစီးဖြန်း ဥပစာရ သမာဓိ ရသော ကမ္မဋ္ဌာန်းတို့ချည်းဘဲ ဟူ၍ မှတ်။

သမထယာနိကခေါ် သမထဥပစာရသမာဓိ တည်းဟူသော လှေ, ဘောင်, သင်းဘောယာဉ်ကို စီး၍ ဘေးပေါင်း မျိုးစုံလွှသည့် မဟာသမုဒ္ဒရာပင်လယ် ရေပြင်ကျယ် အနန္တကို ကျော်ဖြတ်၍ ချမ်းချမ်းသာသာ အေးအေးလူလူ နိဗ္ဗာန်ခရီးသည် နိဗ္ဗာန်သွားယောဂီ မည်၏။

စျာန်ယာဉ်ကို စီးသွားနိုင်ပါက၊ အသက်သာ အချမ်းသာ တွင် ပြောမဆုံးနိုင်လောက်အောင် သက်သာ ချမ်းသာ လှပေတော့သည်။

သိလွယ်မှုကို ရှေးရှုပြီး ခေတ်အလိုက် ဥပမာ ပြရသော်၊ ကုန်းခရီး လှည်း, မော်တော်ကား, ရထား၊ ရေခရီး ဘောင်, လှေ, သင်္ဘော၊ အလျင်မြန်ဆုံး အကောင်းဆုံး အမှန်မြတ်ဆုံး ခေါ်ဆိုပညတ် သမုတ်ကြသည်ကား လေယာဉ်ပျံ။

အညွှန်းယာဉ်ကို သူဆင်းရဲ သူမွဲ ဘုန်းကံနည်းသူတို့ စီးကြရသည်။ အကောင်းဆုံး အမှန်မြတ်ဆုံး ယာဉ်ကို သူဌေး သူကြွယ် မင်း ဘုန်းကံရှိသူ ဘုန်းကံကြီးသူသာ စီးရသည်။

ဆင်းရဲသူ မဲသူ ဘုန်းကံနည်းသူတို့က ညှိသော လှေ, ဘောင်ကို စီးသွားရသည်။ ချမ်းသာသူ ဌေးသူ သူဌေး သူကြွယ် ဘုန်းကံကြီးသူတို့က အကောင်းဆုံး မော်တော်ကား, သင်္ဘော, ရထား ပဌမခန်းနှင့် လေယာဉ်ပျံ စီးသွားကြသည်။ စီးသွားနိုင်ကြသည်။

သို့ဖြစ်၍ ဆင်းရဲသူ မဲသူ ဘုန်းကံနည်းသူအဖြစ်မျိုးနှင့် လှည်း, လှေ စီးကာ ခရီးသွားမလား၊ ခရီးသွားချင်သလား။ ချမ်းသာသူ ဌေးသူ သူဌေး, သူကြွယ်, မင်း ဘုန်းကံကြီးသူ အဖြစ်မျိုးဖြင့် မော်တော်ကား, ရထား, သင်္ဘောနှင့် လေယာဉ်ပျံ စီးသွားမလား၊ စီးသွားချင်သလား။

ဆင်းရဲသူ မဲသူအဖြစ်မျိုးဖြင့် ခရီးသွားလိုက၊ လှည်း, လှေ စီးသွားပါ၊ ချမ်းသာသူ ငြေးသူ သူငြေး, သူကြွယ်, မင်း ဘုန်းကံကြီးသူ အဖြစ်မျိုးဖြင့် ခရီးသွားလိုက၊ မော်တော်ကား, ရထား, သင်္ဘော, လေယာဉ်ပျံ စီးသွားပါ။

ဆင်းရဲသူ မဲသူအဖြစ်မျိုးဖြင့် ခရီးသွားလိုပါသလား။ ချမ်းသာသူ ငြေးသူ ကြွယ်ဝသူ အဖြစ်မျိုးဖြင့် ခရီးသွားလိုပါသလား။ ကြိုက်ရာ အမျိုးအစားမျိုးဖြင့် ခရီးသွားနိုင်ပါသည်။

ထို့အတူ ဆင်းရဲသူ မဲသူ ဘုန်းကံနည်းသူ အဖြစ်မျိုးဖြင့် နိဗ္ဗာန် သွားလိုက၊ ဝိပဿနာယာဉ် စီးသွားပါ။ ချမ်းသာသူ ငြေးသူ သူငြေး သူကြွယ် မင်း ဘုန်းကံကြီးသူ ဘုန်းကံရှိသူ စွာန်ငြေးသူ စွာန်ပေါသူ အဖြစ်မျိုးဖြင့် နိဗ္ဗာန် သွားလိုက၊ သမထယာဉ် စွာန်ယာဉ် စီးသွားပါ။

ဝိပဿနာယာဉ် စီးသွားပါက၊ ဆင်းရဲသူ မဲသူ ဘုန်းကံနည်းသူ ဖြစ်နေမည်။ သမထယာဉ် စွာန်ယာဉ် စီးသွားပါက၊ ချမ်းသာသူ ငြေးသူ စွာန်ငြေးသူ စွာန်ပေါသူ ဘုန်းကံကြီးသူ ဘုန်းကံရှိသူ ဖြစ်နေမည်။ ကြိုက်ရာ အဖြစ်မျိုးကို ရွေးလေ။

သို့ဖြစ်၍ ဥပစာရ သမာဓိကိုလည်း သမထယာနိက ခေါ်နိုင်ယူနိုင်၏ဟု ကိန်းသေမှုချ အမြဲ မှတ်။ အသက်ထက်ဆုံး နိဗ္ဗာန်ရသည်အထိ မှတ်ပါလေ။

ဘာ့ကြောင့် ဥပစာရသမာဓိမျှ ရသော ယောဂီကို သမထယာနိက ယောဂီလို့ ခေါ်နိုင်ပါသလဲ၊ "သမထ

ယာနိကာဿ ဟိ ဥပစာရပ္ပနာပ္ပဘေဒံ သမာဓိံ။ စျာနေ စျာန္ဥပစာရေ ဝါ ပတိဋ္ဌာယ ဝိပဿနံ အနုယုဉ္ဇန္တဿေတံ နာမံ'' ဟူသည်တို့တွင် ''ဥပစာရန္ဒ်ိ စျာန္ဥပစာရေ'' ဟု မဟာဋီကာဆရာ မိန့်သောကြောင့်၊ ဥပစာရ သမာဓိမျ ရသော ယောဂီကို သမထယာနိက ယောဂီလို့ ခေါ်နိုင် ပါသည်။ ထိုမဟာဋီကာဆရာ၏ စကားကို အလွန် ရိုသေ လေစားထိုက်လှပေသည်။

ထိုကြောင့်လည်း သမထယာနိက ယောဂီ, ဝိပဿနာ ယာနိက ယောဂီ ဟူ၍ နာမပညတ် အမည်တပ်ကာ အမည်ပေးကာ ကမ္မဋ္ဌာန်းဆရာ အစဉ်အဆက် ခေါ်ဝေါ် ပြောဆို သုံးနှုံးလေ့ ရှိကြပေသည်။

## သမထမှ ဝိပဿနာသို့ ကူး၊ ကူးသည်။

ထိုသမထယာနိက ယောဂီသည် ဝိပဿနာ နှလုံးသွင်း ရှုပွါးလိုသော အခါ၊ မိမိ ရှေးဦးပဌမ မူတည်ထားသော သမထမှ ရအပ်သော ဥပစာရသမာဓိကို လက်မလွှတ်ဘဲ လက်ကိုင်အမြဲထားကာ အခြေခံမူတည် အကြောင်းပြု၍ ဝိပဿနာ နှလုံးသွင်း ရှုပွါးရမည်ဖြစ်၍ ဝိပဿနာ နှလုံးသွင်း ရှုပွါးသည်ကို ''သမထမှ ဝိပဿနာသို့ ကူး'' ဟူ၍ ဆိုင်း၊ ''သမထမှ ဝိပဿနာသို့ ကူးသည်'' ဟူ၍ဆိုင်း ခေါ်ဝေါ်ပြောဆို သုံးစွဲကြပေသည်။

ဥပစာရသမာဓိကို လက်မလွှတ်ဘဲ အမြဲ လက်ကိုင်ထားကာ ထိုဥပစာရ သမာဓိနှင့်တကွ တဆက်တည်း ဆက်လက်ကာ ကူးပြောင်း၍ ဝိပဿနာ နှလုံးသွင်း ရှု

ပ္ဍါးနေသည်ကို “သမထမ္ဘ ဝိပဿနာသ္ဍိ ကူး၊ သမထမ္ဘ ဝိပဿနာသ္ဍိ ကူးသည်”လို့ ဆိုသည်။

တတ္ထ သမထယာနိကဿ သမထမုခေန ဝိပဿနာဘိနိဝေသော၊ ဝိပဿနာယာနိကဿ ပန သမထံ အနိဿာယာတိ အာဟ သုဒ္ဓဝိပဿနာယာနိကော တိ၊ သမထ ဘာဝနာယ အမိဿိတဝိပဿနာယာနဝါတိ အတ္ထော။ အယမေဝ ဝါ သမထယာနိကော တိ ယထာဝုတ္တော သမထယာနိကော ဇဝ ဝါ။ တေန သမထယာနိကဿာပိ ရူပမုခေန ဝိပဿနာဘိနိဝေသော လဗ္ဘတိ၊ န အရူပမုခေနေဝါတိ ဒဿေတိ။ ။မဟာဋီကာ ဒိဋ္ဌဝိသုဒ္ဓိနိဒ္ဒေသ နာမရူပပရိဂ္ဂဟကထာ ဒုတိယအုပ် ၃၅၁။

ဤမဟာဋီကာအတိုင်း “သမထမ္ဘ ဝိပဿနာသ္ဍိ ကူး” လို့ ဆိုသည်။

ထိုပြင် “စျာနံ ပါဒကံ ကတ္ဝာ (= စျာန်ကို အခြေခံပြု၍)”ဟု ဆိုသည်နှင့်အညီ ဆိုသည်အတိုင်း၊ ဥပစာရံ ပါဒကံ ကတ္ဝာ(= ဥပစာရသမာဓိကို အခြေခံပြု၍ ဥပစာရသမာဓိကို အမှီပြု၍) ဥပစာရသမာဓိနှင့်တကွ တပါတည်း ဆက်လက်ကာ ဝိပဿနာ ရှုသည် ဝိပဿနာ ရှုနေသည်ကို “သမထမ္ဘ ဝိပဿနာသ္ဍိ ကူး၊ ကူးသည်” လို့ ဆိုသည်။

ဤသည်တို့ကား ကမ္မဋ္ဌာန်းဆရာ စဉ်ဆက် “သမထကမ္မဋ္ဌာန်း” ဟု ခေါ်ဝေါ်ပြောဆိုကြသည်ကို ပြခြင်းပေတည်း။

## ၂၇။ သင်္ဃညုရှင်တော်ဘုရားသည် ကမ္မဋ္ဌာန်းပေး လျှင်၊ များသောအားဖြင့် သဓထကမ္မဋ္ဌာန်းကို သာ ပေးတော်မူကြောင်းကို ပြခြင်း

သာဝတ္ထိပြည် ဇေတဝန် ရွှေကျောင်းတော်မြတ်၌ သီတင်းသုံးနေတော်မူသော အခါ၊ တနေ့သ၌ ရဟန်းတော် ခြောက်ကျိပ်တို့သည် သင်္ဃညုရှင်တော်ဘုရား အထံတော်မှ အရဟတ္တဖိုလ်တိုင်အောင် ကမ္မဋ္ဌာနံ ကထာပေတ္တာ (=ကမ္မဋ္ဌာန်းကို ဟောကြားစေတော်မူကာ သင်ယူ၍) မာတိကာရွာသို့ သွား၍ တရား အားထုတ်ကြလေကုန် သည်။

ဤ ရဟန်းတော် ခြောက်ကျိပ် ကမ္မဋ္ဌာန်းတောင်း ကမ္မဋ္ဌာန်းသင်ယူရာ၌ "ကမ္မဋ္ဌာနံ(=ကမ္မဋ္ဌာန်း)ဟူ၍ သာမန် သာမညအားဖြင့် ဆိုထားသဖြင့်၊ သမထ ကမ္မဋ္ဌာန်း လေလား၊ ဝိပဿနာ ကမ္မဋ္ဌာန်းလေလားဟု မသိရပေ၊ မသိနိုင်ပေ။ သို့သော် ရှေ့သို့ ဆက်လက်ပြီး ဖတ်ရှုလိုက် ကြည့်ရှုလိုက်ပါက၊ ဒုတိယသာကာရေ သဇ္ဈာယံ ကရောမ (=သုံးဆဲ နှစ်ကောဋ္ဌာသတို့ကို ရွတ်ဖတ်သရဇ္ဈာယ်ကြ ကုန်၏)ဟု ဆိုသဖြင့်၊ "သြော် ...ထို့ရဟန်းတော်ခြောက် ကျိပ်တို့သည် သင်္ဃညု၊ ရှင်တော်ဘုရားအထံတော်မှ မူ၍ သမထ ကမ္မဋ္ဌာန်းကို ယူလာကြသည်။ သင်ယူလာကြ သည်"ဟု သိရပေတော့သည်၊ သိနိုင်ပေတော့သည်။

ထို့ကြောင့် ထိုထိုပါဠိတော်တို့၌ သင်္ဃညု၊ ရှင်တော် ဘုရားသည် ကမ္မဋ္ဌာနံ ကထေသိ၊ ကမ္မဋ္ဌာန် ကထေတ္တာ

(= ကမ္မဋ္ဌာန်း ဟောတော်မူ၏၊ ကမ္မဋ္ဌာန်း ပေးတော်မူ၍)ဟူ၍ဂုဏ်း၊ သဗ္ဗညု၌ရှင်တော်ဘုရားအထံတော်မှ "ကမ္မဋ္ဌာနံ ဂဟေတွာ(= ကမ္မဋ္ဌာန်းသင်ယူ၍ ကမ္မဋ္ဌာန်းသင်၍ ကမ္မဋ္ဌာန်းယူ၍)ဟူ၍ဂုဏ်း၊ သာမန် သာမည ကမ္မဋ္ဌာန်းဟု ဆိုလျှင်၊ သမထကမ္မဋ္ဌာန်းသာ မှတ်ကြလေ။ ထိုဓမ္မပဒအဋ္ဌကထာ စကားအတိုင်း သဗ္ဗညု၌ရှင်တော်ဘုရားသည် ကမ္မဋ္ဌာန်းပေးတော်မူလျှင်၊ သမထ ကမ္မဋ္ဌာန်းသာ ပေးတော်မူသည်ဟု ဆိုခဲ့ပေသည်။

ထိုကြောင့် သဗ္ဗညု၌ရှင်တော်ဘုရားသည် ကမ္မဋ္ဌာန်းပေးတော်မူလျှင်၊ အမြဲလိုလို အများအားဖြင့် သမထကမ္မဋ္ဌာန်းကိုသာ ပေးတော်မူလေ့ရှိသည်ဟု မြဲမြဲမှတ်ကြလေ။

သမထကမ္မဋ္ဌာန်းကို ရှေးဦး ပေးပြီးမှ ပဋိများ အားထုတ်စေပြီးမှ ဟောပြီးမှ၊ ဝိပဿနာကမ္မဋ္ဌာန်းကို ဆက်လက်ပေးသည်၊ ဆက်လက်ပဋိများ အားထုတ်စေသည်။ ဆက်လက် ဟောတော်မူသည် ဟု မြဲမြဲမှတ်။ သမထကမ္မဋ္ဌာန်းတွင်သာ တန့်ရပ်မထားဘဲ ဝိပဿနာကမ္မဋ္ဌာန်းအထိ ဆက်လက် ပဋိများ အားထုတ်စေသည်၊ ဟော တော်မူသည် ဟူ၍လည်း အသိညာဏ် သဘော သက်ဝင်ပါလေ။

ဘာ့ကြောင့် သမထကမ္မဋ္ဌာန်းကို ရှေးဦး ပဋိများအား ထုတ်စေပြီးမှ ဝိပဿနာ ကမ္မဋ္ဌာန်းကို ပဋိများအားထုတ် စေပါသလဲ။ သာသနာတော်တွင်းလည်း ဖြစ်ခြင်း၊ သံသ

ရာဝင်္ဆင်းရဲမှ လွန်မင်းစ္စာ ထွက်မြောက် လွတ်မြောက် လိုလှသော စိတ်ဆန္ဒ ပြင်းပြသော ရဟန်းတော်တွေ့လည်း ဖြစ်ခြင်း၊ သမထကမ္မဋ္ဌာန်း ပွါးများ အားထုတ်ပါက၊ စျာန်ရလျှင် ထိုစျာန်ဖြင့်သာ တင်းတိမ်ရောင့်ရဲနေလိမ့်မည်မဟုတ်ဟု အဇ္ဈတ္တိကသန္တာန် အတွင်းစိတ်ဓါတ်မှန်ကို အမှန် သိတော်မူခြင်း၊ ထိုစျာန်ဖြင့်သာ တင်းတိမ်ရောင့်ရဲမနေဘဲ ဝိပဿနာသို့ ဆက်လက် ပွါးများ အားထုတ်လိမ့်မည်ကိုလည်း အစဉ်းသိ အတပ်သိ တိုက်ရိုက် သိတော်မူခြင်း၊ စျာန်ရလျှင် ထိုစျာန်ကို အခြေပြု၍ ဝိပဿနာ ပွါးများအားထုတ်ပါက၊ မဂ်ဖိုလ် ရမှုတွင် လျင်မြန် ချမ်းသာလွယ်ကူ မပင်မပန်း သက်သာစေလိုခြင်း၊ တပည့်တွေအပေါ် အလွန် လွယ်ကူစေချင် အလွန် ချမ်းသာစေချင် အလွန် သက်သာစေချင်လှသော၊ အလွန် ပြင်းပြသော မဟာကရုဏာတော်ကြောင့် သဗ္ဗညုရှင် တော်ဘုရားသည် သမထကမ္မဋ္ဌာန်းကို ရှေးဦး ပေးပြီးမှ ပွါးများအားထုတ်စေပြီးမှ၊ ဝိပဿနာကမ္မဋ္ဌာန်းကို ပွါးများအားထုတ်စေတော်မူသည်။

ဒုတိယသာကာရေ သဇ္ဈာယံ ကရောမ၊ အတ္တဘာဝေ စ ခယဝယံ ပဋ္ဌပေမ မဟာဥပါသိကေတိ။

အို ဒါယိကာမကြီး ... သုံးဆဲ့နှစ်ကောဋ္ဌာသတို့ကို ရှုတ်ဖတ်သရဇ္ဈာယ်ခြင်းကို ပြုကြကုန်၏။ ခန္ဓာကိုယ် အတွင်ဘောဋ္ဌဗ်လည်း ခယဝယ (= ကုန်ခြင်း ပျက်ခြင်း သဘော ခယဝယ တင်ခြင်း) ကို ဖြစ်စေကြကုန်၏။ ခယ

ဝယ တင်လျက် ဝိပဿနာ ရှုပွါးနေကြကုန်၏ ဒါယိကာမကြီးဟု ပြန်ပြောကြလေကုန်၏။

ဤသည်တို့ကို ထောက်၍ သမထ ပွါးများအားထုတ်ပြီးမှ ဝိပဿနာ ရှုပွါးရပုံကို သိကြလေ၊ နည်းယူအားကျကြလေ။

ထို့ပြင်လည်း စျာနဝိပဿနာမတွဲမို့ တေသံ နတ္ထိ (= ထိုခြောက်ကျိပ်သော ရဟန်းတော်တို့အား စျာန် ဝိပဿနာသော်မျှလည်း မရှိ။)

ဤ၌ သမထ ပွါးများ အားထုတ်က၊ စျာန် ရရမည်။ ဝိပဿနာ ပွါးများ အားထုတ်က၊ မဂ်ဖိုလ် ရရမည်။ သို့ဖြစ်၍ ထိုခြောက်ကျိပ်သော ရဟန်းတော်တို့အား စျာန်လည်း မရှိ၊ ဝိပဿနာလည်း မရှိလို့ ဆိုလိုပေသည်။

စျာန နတ္ထိ (= စျာန် မရှိ စျာန် မရသေး)ကို ထောက်က၊ ထိုခြောက်ကျိပ်သော ရဟန်းတို့သည် သမထ ကမ္မဋ္ဌာန်းကို ပွါးများ အားထုတ်ကြသည်ဟု သိအပ်သည်၊ သိနိုင်သည်၊ သိရမည်။ သမထကမ္မဋ္ဌာန် ပွါးများ အားထုတ်သည်ကား အလွန် ထင်ရှားနေသည်၊ အလွန် ထင်ရှားလှသည်။

ဝိပဿနာ နတ္ထိ (= ဝိပဿနာသော်မျှလည်း မရှိ) ကို ထောက်က၊ ထိုခြောက်ကျိပ်သော ရဟန်းတို့သည် "အတ္တဘာဝေ စ ခယဝယံ" ဟု သဗ္ဗညုရှင်တော်ဘုရား အထံတော်မှ ဝိပဿနာကမ္မဋ္ဌာန်းကို ယူပင် ယူခဲ့ပါသော်လည်း၊ အချိန်မကျသေး အခါမရောက်သေး စိတ်ကြနပ်မှု အား

ရမှု ရှိလောက်အောင် စျာန်မရသေး၍ ဝိပဿနာ မရှုမ ပဲ့ါး အားမထုတ်သေးခိုက် ဖြစ်၍ ဝိပဿနာသော်မျှလည်း မရှိသေးဟု ဆိုလိုသည်။

ထို ခြောက်ကျိပ်သော ရဟန်းတို့သည် သမထကမ္မဋ္ဌာန်း ပဲ့ါးများ အားထုတ်၍ စျာန်ရမှ ထိုစျာန်ကို အခြေပြုလျက် ဝိပဿနာ ကမ္မဋ္ဌာန်း ပဲ့ါးများ အားထုတ်ရန် စိတ်ကူးစီစဉ် ကြံစည် ရည်မှန်းထားချက်ကား အလွန် ထင်ရှားလှပေသည်။

သာသနာတော်တွင်းမှာ သမထကမ္မဋ္ဌာန်း ပဲ့ါးများ အားထုတ်ရမှာ မကြောက်၍ ပဲ့ါးများ အားထုတ်ကြကုန်သော ထိုခြောက်ကျိပ်သော ရဟန်းတော်တို့နှင့် မာတိကာ ဒါယိကာမကြီးတို့ မဂ်ဖိုလ် ရ၍ နိဗ္ဗာန်ရောဂုံ ခိုလှုံစံမြန်းနေတော်မူကြပေပြီ။

သာသနာတော်တွင်းမှာ သမထ ပဲ့ါးများ အားထုတ်ရမှာ ကြောက်သူတွေ သာသနာပမှာသာ ပဲ့ါးများ အားထုတ်ရတဲ့ သမထဘဲဟု အခွင့်သာတိုင်း သမထကို အပြစ်ခပ်တွင်တွင် ပြောသူတွေ မြိန်ရေ ရှက်ရေ ပြောသူတွေကဲ့ရဲ့သူတွေ ရှုတ်ချသူတွေ ယခုထက်ထိ ယနေ့ထိ သံသရာ ညွှတဲကွင်းမှ မလွတ်ကင်းနိုင်သေးဘဲ သံသရာကရှုတ်ကင်း တရှောက်ထဲ ရှောက်နေရတုန်းပင် ရှိသေးသည်။ ချော်...ကြောက်ဘွယ် လန့်ဘွယ် ကောင်းပေစွတကား။

ဤမမ္မပဒအဋ္ဌကထာ ပဌမအုပ် ၁၀၅ စိတ္တဝဂ် အာဠာရဘိက္ခု၊ ဝတ္ထုလာ စကားရပ်တို့ကို ယုံကြည် လေး

စားကာ လေးသခြံနှင့် ကမ္ဘာတသိန်း ပါရမီတော် ဖြည့်လျက် သာသနာပြုတော်မူသော ရှေးအကျဆုံး သာသနာတော်ဘုန်းမှာ သဗ္ဗညုရှင်တော်ဘုရား ကိုယ်တော်တိုင်ပင် သမထကမ္မဋ္ဌာန်း ပေးတော်မူကာ ပုံးများ အား ထုတ်သေးတာဘဲ၊ ငါတို့လည်း သမထကမ္မဋ္ဌာန်း ပေးမှ သမထကမ္မဋ္ဌာန်း ပုံးများ အားထုတ်ပါမှ သင့်မည် လျော်မည်ဟု သဗ္ဗညုရှင်တော်ဘုရာ ၏ ရှေမျက်နှာတော်ကို ထောက်ထား ငဲ့ညှာ အားနာသော အားဖြင့် သမထကမ္မဋ္ဌာန်းကို ရှေးဦး ပေးကာ ပုံးများ အားထုတ်တော်မူကြပါရန်နှင့် ဝိပဿနာကိုလည်း ဆက်လက် ရှုပုံးစေတော်မူကြပါရန် တိုက်တွန်း တောင်းပန် မေတ္တာရပ်လိုက်ပေသည် ယောဂီဂိုဏ်းဝင် သူတော်စင် သူတော်ကောင်း ယောဂီမြတ် အပေါင်းတို့။

## ၂၀။ သမထ၏ သဘောမှန်ကို ဒေဘန်၍ ပြခြင်း

ပုန စ ပရံ အာဝုသော ဘိက္ခု၊ သမထဝိပဿနံ ယုဂနဒ္ဓံ ဘာဝေတိ။ ။စတုက္ကဂုံတ္တရပါဠိတော် ယုဂနဒ္ဓသုတ် ၄၇၅၊ ပဋိသမ္ဘိဒါမဂ်ပါဠိတော် ယုဂနဒ္ဓကထာ ၂၀၃။

ယုဂနဒ္ဓ၏ သဘောအမှန် သုတ္တန္တနိဒ္ဒေသ၌ ထင်ရှားပေါ်လွင်စွာ ပြထားသည်။ အထူး သတိပြုပါလေ။

ယုဂနဒ္ဓံ ဘာဝေတိတိ ယုဂနဒ္ဓံ ကတ္ဝာ ဘာဝေတိ(ပ)။ ကထံ၊ ပဌမဇ္ဈာနံ သမာပဇ္ဇတိ၊ တတော ဝုဋ္ဌာယ သင်္ခါရေ

သမ္မသတိ။ ။စတုက္ကဂ်ံတ္တရအဋ္ဌကထာ ဒုတိယအုပ် ယုဂနဒ္ဓပုဒ်အဖွင့် ၃၄၆၊ ပဋိသမ္ဘိဒါမဂ်အဋ္ဌကထာ ဒုတိယအုပ် ယုဂနဒ္ဓအဖွင့် ၁၈၇။

ဤ၌ သမထကို ပဌမစျာန်စသည်ကို တိုက်ရိုက် ပြ၏။

သမထော စ ဝိပဿနာ စ။ ။ဓမ္မသင်္ဂဏိပါဠိတော်သုတ္တန္တိက ဒုကမာတိကာ ၁၅။

သမထော ဟောတိ ဝိပဿနာ ဟောတိ။ ။ဌင်း စိတ္တုပ္ပါဒကဏ္ဍ ကာမာဝစရကုသလပဒဘာဇနီယ ၁၇။

သမထော စ ဝိပဿနာ စ။ ။သုတ်ပါဌေထယျပါဠိတော် သဒ္ဒဂိတိသုတ် ဒုက ၁၅၃။

ကတမေ ဒ္ဝေ ဓမ္မာ ဘာဝေတဗ္ဗာ။ သမထော စ ဝိပဿနာ စ။ ။ဌင်း ဒသုတ္တရသုတ် ဒ္ဝေ ဓမ္မာ ၁၉၁။

ဒ္ဝေ ဓမ္မာ ဘာဝေတဗ္ဗာ။ သမထော စ ဝိပဿနာ စ။ ။ပဋိသမ္ဘိဒါမဂ်ပါဠိတော် သုတမယဉာဏနိဒ္ဒေသ ၂၇။

သမထဿ အဝိက္ခေပဋ္ဌော။ ။သမထဝိပဿနာနံ ဇကရသဋ္ဌော။ ။ယုဂနဒ္ဓဿ အနတိဝတ္တနဋ္ဌော။ ။ပါဠိတော် ၁၆။

ယုဂနဒ္ဓဿ သမထဝိပဿနာဒ္ဝယဿ ဇကရသဘာဝေ အနတိဝတ္တနဋ္ဌော။ ။အဋ္ဌကထာ ဂ၉။

အဝိက္ခေပဋ္ဌေန သမထံ သမောဓာနေတိ။ ။ကေရသဋ္ဌေန သမထဝိပဿနံ သမောဓာနေတိ။ အနတိဝတ္တနဋ္ဌေန ယုဂနဒ္ဓံ သမောဓာနေတိ။ ။ပါဠိတော် ၁၇၉။

## ကာမာဝစရကုသလ

ကတမော တသိံ သမယေ သမထော ဟောတိ။ ယာ တသ်မိံ သမယေ စိတ်တသ ဌိတိ သဏ်ဌိတိ အဝဋ္ဌိတိ အဝိသာဟာရော အဝိက္ခေပေါ အဝိသာဟဋ္ဌမာနသတာ သမထော သမာဓိန်ဒြိယံ သမာဓိဗလံ သမ္မာသမာဓိ။ အယံ တသ်မိံ သမယေ သမထော ဟောတိ။ ။ကာမာဝစရကုသလ ၂၅။

ဤကုသလ၌ သမထကို စွာန် ဆိုအံ့၊ အရကောက်အံ့။ ယူအံ့။ မှန်၏။ သင့်၏။ ကုသိုလ်အရာ ဖြစ်၍ ယူနိုင်ပါ၏။ ကောက်နိုင်ပါ၏။ သို့မှန်အံ့။ သင့်အံ့။ အကုသလ၌ ပြသော သမထကိုလည်း ဆက်လက်ပြီး စဉ်းစားသင့်၏။ စဉ်းစားပါ။

## ဒွါဒသ အကုသလ

ကတမော တသိံ သမယေ သမထော ဟောတိ။ ယာ တသ်မိံ သမယေ စိတ်တသ ဌိတိ သဏ်ဌိတိ အဝဋ္ဌိတိ အဝိသာဟာရော အဝိက္ခေပေါ အဝိသာဟဋ္ဌမာနသတာ သမထော သမာဓိန်ဒြိယံ သမာဓိဗလံ မိစ္ဆာသမာဓိ။ အယံ တသ်မိံ သမယေ သမထော ဟောတိ။ ။ဓမ္မသင်္ဂဏိပါဠိတော် စိတ္တုပ္ပါဒကဏ္ဍ ဒွါဒသ အကုသလ ၉၅။

ဤအကုသလ၌ သမထကို စွာန် ဆိုအံ့၊ ယူအံ့။ သင့်ပါ့မလား။ စဉ်းစားဘွယ်။ သို့ဖြစ်၍ သမထ ဆိုတိုင်း တွေ့တိုင်း မြင်တိုင်း စွာန်ဟု လွှဲနှံ ဒါးထစ် တထစ်ချ ကိန်းသေအနေမျိုး မယူနိုင်သည်ကား ထင်ရှားလှ၏။

ဤပါဠိတော်၌ ကုသလတွင် ဟောသော “သမ္မာသမာဓိ” အစား အကုသလတွင် “မိစ္ဆာသမာဓိ” ဟူ၍ အရာအားလျော်စွာ ပြောင်းလဲ ဟောသည်မှတပါး အားလုံး အကွာရာပုဒ်နေ ပုဒ်ထား တသွေမတိမ်း တထပ်တည်း ဟောတော်မူသည်ကိုလည်း သတိပြုပါ။ အဋ္ဌကထာ အဖွင့်ကိုလည်း ဆင်ခြင်ပါ။

ပစ္စနီကဓမ္မေ သမေတိတိ သမဏော။ ၉၅။

ကာမစ္ဆန္ဒာဒယော ပစ္စနီကဓမ္မေ သမေတတ် သမဏော။ ။အဋ္ဌသာလိနီအဋ္ဌကထာ ၁၇၅။

ကာမစ္ဆန္ဒာဒယော ပစ္စနီကဓမ္မေ သမေတိ ဝိနာသေတိတိ သမဏော။ သမာဓိသော်တံ နာမံ။ ။အဋ္ဌကထာ ပဌမအုပ် ၁၁၆။

ဤ၌ နီဝရဏဟူ မုချတိုက်ရိုက် မပြဘဲ ဥပစာအနေမျိုးဖြင့် သွယ်ဝိုက်ကာ “ကာမစ္ဆန္ဒာဒယော” ဟု အဋ္ဌကထာဆရာတို့ ဖွင့်ပြခြင်းသည် ဥပစာရ သမာဓိကိုလည်း ယူလိုရိပ် ထင်ရှားလှပေသည်။ ဘာ့ကြောင့်နည်း။ နီဝရဏပဓဟာတော ပဌမဈာနဝသေန ဟူသော ပဠိသမ္ဘိဒါမဂ်ပါဠိတော်၌ ပြသောကြောင့်ပင်။ သို့ဖြစ်၍၊ သမထကို “ဥပစာရသမာဓိ” ဟူ၍လည်း ခေါ်နိုင်သည်။

ဥဒ္ဓစ္စကုက္ကုစ္စဿ ယောကောစိ သမဏော ဝိက္ခမ္ဘနာသိဿရဏံ။ ။မဟာဝဂ္ဂသံယုတ် အဋ္ဌကထာ တတိယအုပ် ၂၁၀။

သမထော ဟောတီတိ အာဒိသု "အညေသု ကိစ္စေသု" အဝိက္ခေပသမနတော သမထော အကုသလပ္ပဝတ္တိယံ စိတ္တံ ပဂ္ဂဏှာတီတိ ပဂ္ဂါဟော။ ။အဋ္ဌသာလိနီ အဋ္ဌကထာ အကုသလပဒဘာဇနီယ ၂၉၁။

ဤတွင် အကုသလ၌ ဟောသော သမထကို "ကာမစ္ဆန္ဒ"ဟု မဆို မဖွင့်ဘဲ "အညေသု ကိစ္စေသု"ဟု ဖွင့်သည်ကိုလည်း သတိပြုပါ။

သမထော သမာဓိ ဝိပဿနာ ပညာ (ပ) လောကိယလောကုတ္တရမိဿကာ ကထိတာ။ ။သုတ်ပါဠိထေယျ အဋ္ဌကထာ သင်္ဂီတိသုတ် ဒုက ၁၉၅။

သမထော စ ဝိပဿနာ စာတိ ဣမေ ဒ္ဝေ သင်္ဂီတိသုတ္တေ လောကိယလောကုတ္တရမိဿကာ ကထိတာ။ ဣမေ မဿိံ ဒဿုတ္တရသုတ္တေ ပဋ္ဌာဂါ ကထိတာ။ ။ဂဏ်း ဒဿုတ္တရသုတ် ဒ္ဝေ ဓမ္မာအဖွင့် ၂၄၂။

ဤ၌ ပဋ္ဌာဂါ ဆိုသည်ကား စ၍ နှလုံးသွင်း ဆင်ခြင်သည်မှစ၍ ဥပစာရသမာဓိ ရသည်အထိကိုဂဏ်း၊ ဥပစာရသမာဓိ ရပြီးသည်မှစ၍ ပဌမဈာန် စသည်တို့ကို မရသေးမီကိုဂဏ်း ပဋ္ဌာဂါ ခေါ်သည်။ အရာအားလျော်စွာ သမထကို ဖွင့်ပြဟန့်ကိုလည်း သတိချပ်ပါ။

နေက္ခမ္မံ အဘိညေယျံ၊ အဗျာပါဒေါ အဘိညေယျော၊ အလောကသညာ အဘိညေယျာ၊ အဝိက္ခေပေါ အဘိညေယျော၊ ဓမ္မဝဝတ္ထာနံ အဘိညေယျံ၊ ဉာဏံ အဘိညေ

ယ္ခ်ဳ၊ ပါမောဇ္ဇံ အဘိညေယ္ခ်ဳ၊ ပဌမံ ဈာနံ အဘိညေယ္ခ်ဳ။ ပါဠိတော် ၂၀။

နေက္ခမ္မာဒိနိ သတ္တ ဝိဿဇ္ဇနာနိ ပဥ္စာရဏ္ဍာနဝသေန နိဒ္ဒိဋ္ဌာနိ။ (ပ) ပဌမဈာနာဒိနိ အဋ္ဌ ဝိဿဇ္ဇနာနိ ရူပါရူပသမာပတ္တိဝသေန နိဒ္ဒိဋ္ဌာနိ။ ။အဋ္ဌကထာ ပဌမအုပ် ၉၆။

ကာမစ္ဆန္ဒံ ပဇဟတော နေက္ခမ္မဝသေန ဇာတာ ဓမ္မာ အညမညံ နာတိဝတ္တန္တီတိ တတ္ထ ဇာတာနံ ဓမ္မာနံ အနတိဝတ္တနဋ္ဌေန ဘာဝနာ။

ဗျာပါဒံ (ပ) အဗျာပါဒဝသေန။ ထိနမိဒ္ဓံ (ပ) အာလောကသညာဝသေန။ ဥဒ္ဓစ္စံ (ပ) အဝိက္ခေပဝသေန။ ဝိစိကိစ္ဆံ (ပ) ဓမ္မဝဝတ္ထာနဝသေန။ အဝိဇ္ဇံ (ပ) ညာဏဝသေန။ အရတိံ (ပ) ပါမောဇ္ဇဝသေန။ နီဝရဏေ ပဇဟတော ပဌမဈာနဝသေန (ပ)။ ။ပါဠိတော် ၃၀။

တတ္ထ နေက္ခမ္မာဒီသု ဘာဝနာဝိသေသေသု ဇာတာနံ သမာဓိပညာသင်္ခါတာနံ ယုဂနဒ္ဓဓမ္မာနံ အညမညံ အနတိက္ကမနဘာဝေန။ ။အဋ္ဌကထာ ပဌမအုပ် ၁၂၃။

ဤ၌ “သမထဝိပဿနာနံ ယုဂနဒ္ဓါနံ” ဟု မဖွင့်မဆိုဘဲ။ “သမာဓိပညာသင်္ခါတာနံ ယုဂနဒ္ဓဓမ္မာနံ” ဟု ဖွင့်ခြင်းသည် ဥပစာရသမာဓိကိုလည်း စုံတွဲပြုကာ ပွါးနိုင်ပွါးသင့် ပွါးရသေး၏ဟု ပြသည်။

ကတမံ သမထဗလံ နေက္ခမ္မဝသေန စိတ္တသ္သေကဂ္ဂတာ အဝိက္ခေပေါ သမထဗလံ။ အဗျာပါဒဝသေန။ အာ

လောကသညာဝသေန။ အဝိက္ခေပဝသေန။ ပဌမဈာန ဝသေန။ ပထဝီကသိဏဝသေန။ ဇုဒ္ဓါနုဿတိဝသေန။ ဥဒ္ဓုမာတကဝသေန။ ဒီဃံ အဿာသဝသေန။ ပဋိနိဿဂ္ဂါနုပဿီ ပဿာသဝသေန စိတ္တသောကဂတာ အဝိက္ခေပါသမထဇလံ။ ။ပါဠိတော် ၉၅။

ဤကား မြုပ်ထားသည်ကို ဖော်ပြထားသည်။

နဝဟိ သမာဓိစရိယာဟိတိ ဇော်ထုပဌမဈာနာဒိဟိ အဋ္ဌ, ပဌမဈာနာဒိနံ ပဋိလာဘတ္ထာယ သဇ္ဇတ္ထ ဥပစာရဈာနဝသေန ကောတ နဝ သမာဓိစရိယာ။

## ဇလ, စရိယာနံ ကိ နာနတ္ထံ ?

သမထဇလော ဟိ နေက္ခမ္မဝသေနာတိ အာဒိဟိ သတ္တဟိ ပရိယာယေဟိ ဥပစာရသမာဓိ ဝုတ္တော။ ပေယျာလဝိတ္ထာရတော ပဌမဈာနဝသေနာတိ အာဒိဟိ သမသတ္တတိယာ ဝါရေဟိ ယထာယောဂံ အပ္ပနာပစာရသမာဓိ ဝုတ္တော။

သမာဓိစရိယာယပိ ပဌမဈာနန္တိ အာဒိဟိ အဋ္ဌဟိ ပရိယာယေဟိ အပ္ပနာသမာဓိ ဝုတ္တော။ ပဌမံ ဈာနံ ပဋိလာဘတ္ထာယာတိ အာဒိဟိ အဋ္ဌဟိ ပရိယာယေဟိ ဥပစာရသမာဓိ ဝုတ္တော။ ဥဘယတ္ထာပိ အပ္ပနာပစာရသမာဓိယေဝ ဝုတ္တော။ ။အဋ္ဌကထာ ပဌမအုပ ၂၀၄။

ဤ၌ သမထကို ဥပစာရသမာဓိဟူ၍ဂင်း၊ အပ္ပနာသမာဓိဟူ၍ဂင်း ခေါ်ဝေါ်သုံးစွဲနိုင် သုံးစွဲရသည်ကို ပြသည်။

ကသ္မာ ဒုတိယ တတိယ ဉာဏံ ဝိယ သမာဒဟိတ္ဘာ ပစ္ဆယပရိဂ္ဂဟေ ပညာတိ နု ဝုတ္တန္တိ စေ ? သမထဝိပဿနာနံ ယုဂနဒ္ဓတ္တာ (ပ)။ တသ္မာ သမာဓိ အဝိဿဇ္ဇေတ္ဘာ သမာဓိဠ္ဟ ဉာဏဠ္ဟ ယုဂနဒ္ဓံ ကတ္ဘာ ယာဝအရိယမဂ္ဂါ။ အဋ္ဌကထာ ပဌမအုပ် ၁၈။

ဤ၌ "သမထဝိပဿနံ ယုဂနဒ္ဓံ" အစား "သမာဓိဠ္ဟ ဉာဏဠ္ဟ ယုဂနဒ္ဓံ" ဟု ပြသည်ကိုလည်း သတိရထိုက်လ သည်။ သတိဖြစ်သင့်သည်။

နေက္ခမ္မဝသေန စိတ္တသ္မ ကေဂ္ဂတာ အဝိက္ခေပါ သမာဓိ၊ တဿ သမာဓိဿ ဝသေန ဉပ္ပဇ္ဇတိ ဉာဏံ (ပ)။ ဣတိ ပဌမံ သမထော၊ ပစ္ဆာ ဉာဏံ။ ။ပါဠိတော် ဧ၁။

ဤ၌ အဝိက္ခေပကို သမထ၊ ပညာကို ဉာဏ် ပြသည်။

ထို့ကြောင့် "အဝိက္ခေပါ သမာဓိ, ယောကောစိ သမထော" ဟူသတတ်။

အာနန္တရိကသမာဓိဉာဏနိဒ္ဒေသေ နေက္ခမ္မဝသေနာတိ အာဒီသု "နေက္ခမ္မ, အဗျာပါဒ, အာလောကသညာ, အဝိက္ခေပ, ဓမ္မဝဝတ္ထာန, ဉာဏ, ပါမောဇ္ဇာနိ" သုက္ခ ဝိပဿကသ္ဘ ဉပစာရဈာနသမ္ပယုတ္တာ တဿ တဿ ကိလေဿ ဝိပက္ခဘူတာ သတ္တ ဓမ္မာ ကေစိတ္တာသမ္ပယုတ္တာ ၎ဝ။

တဿ သမာဓိဿ ဝသေနာတိ ဉပစာရသမာဓိနာပိ သမာဟိတစိတ္တဿ ယထာဘူတာဝဗောဓတော ဝုတ္တပ္ပကာရဿ သမာဓိဿ ဝသေန။

ပဌမံ သမထောတိ ပုဗ္ဗဘာဂေ သမာဓိ ဟောတိ။ ပစ္ဆာ ဉာဏန္တိ အပရဘာဂေ မဂ္ဂင်္ဂဏော ဉာဏံ ဟောတိ။ ။အဋ္ဌကထာ ပဌမအုပ် ၂၇၉။

ဤ၌ သုက္ခဝိပဿကဿကို အထူး သတိထားပါ။ စျာန်မရဘဲ ဝိပဿနာ ရှုသူကို သုက္ခဝိပဿဲကယောဂီ ခေါ်သည်။ ဤနေရာ၌ ထိုသုက္ခဝိပဿက ယောဂီသည် ဥပစာရစျာန်ကို အားကိုးအားထား အမှီပြု၍ ဝိပဿနာ ရှုနေသည်လို့ ဆိုလိုသည်။

သို့ဖြစ်၍ သမထဆိုသော်လည်း၊ ပဌမစျာန် စသည်တို့ကိုသာ မဆိုကြောင်း ထင်ရှားလှပေသည်။

အဝိက္ခေပဝသေနာကိ ပဝတ္တမာနဿ သမာဓိဿ ဥပနိဿယဘူတသမာဓိဝသေန။

ဗုဒ္ဓါနုဿတိအာဒယော မရဏဿတိ ဥပသမာနုဿတိ စ ဥပစာရဇ္ဈာနဝသေန ဝုတ္တာ။ ။အဋ္ဌကထာ ပဌမအုပ် အာနန္တရိကသမာဓိဉာဏနိဒ္ဒေသ ၂၀၀။

အဗ္ဗာပါဒဝသေန။ အာလောကသညာဝသေန။ အဝိက္ခေပဝသေန။ ဓမ္မဝဝတ္ထာနဝသေန။ ဉာဏဝသေန။ ပါမောဇ္ဇဝသေန။

ပဌမဇ္ဈာနဝသေန (ပ) နေဝသညာနာသညာဝသေန။

ပထဝီကသိဏဝသေန။ အာပေါကသိဏဝသေန။ တေဇောကသိဏဝသေန။ ဝါယောကသိဏဝသေန။ နီလကသိဏဝသေန။ ပီတကသိဏဝသေန။ လောဟိတကသိ

ဏာဝသေန။ ဩဒါတကသိဏာဝသေန။ အာကာသကသိ
ဏာဝသေန။ ဝိညာဏကသိဏာဝသေန။

ပဋိဘါနုဿတိဝသေန။ ဓမ္မာနုဿတိဝသေန။ သံဃာ
နုဿတိဝသေန။ သီလာနုဿတိဝသေန။ စာဂါနုဿတိ
ဝသေန။ ဒေဝတာနုဿတိဝသေန။ အာနာပါနုဿတိ
ဝသေန။ မရဏာဿတိဝသေန။ ကာယဂတာသတိဝသေ
န။ ဥပသမာနုဿတိဝသေန။

ဥဒ္ဓုမာတကသညာဝသေန။ ဝိနီလကသညာဝသေန။
ဝိပုဗ္ဗကသညာဝသေန။ ဝိစ္ဆိဒ္ဒကသညာဝသေန။ ဝိက္ခာယိ
တကသညာဝသေန။ ဝိက္ခိတ္တကသညာဝသေန။ ဟတ
ဝိက္ခိတ္တကသညာဝသေန။ လောဟိတကသညာဝသေန။
ပုဠုဝကသညာဝသေန။ အဋ္ဌိကသညာဝသေန။

ဒီဃံ အဿာသဝသေန။ ဒီဃံ ပဿာသဝသေန
(ပ)။ ပဋိနိဿဂ္ဂါနုပဿီအဿာသဝသေန။ ပဋိနိဿဂ္ဂါ
နုပဿီပဿာသဝသေန။

ပဋိနိဿဂ္ဂါနုပဿီ ပဿာသဝသေန စိတ္တဿ ကေဂ္ဂ
တာ အဝိက္ခေပေါ သမာဓိ။ တဿ သမာဓိဿ ဝသေန
ဥပဋ္ဌာတိ ဉာဏံ (ပ)။ ဣတိ ပဌမံ သမထေဝါ၊ ပစ္ဆာ
ဉာဏံ။ ။ပါဠိတော် ၉၂။

ဤ၌ အာနာပါန ၁၆ နည်းကို အပြည့်အစုံ ပြထား
သည်။

ပဌမဈာနဝသေန စိတ္တဿ ကေဂ္ဂတာ အဝိက္ခေပေါ
သမာဓိ။ တဿ သမာဓိဿ ဝသေန ဥပဋ္ဌာတိ ဉာဏံ(ပ)။
ဣတိ ပဌမံ သမထေဝါ၊ ပစ္ဆာ ဉာဏံ။

ဤ၌ “ပဌမစျာန် စသည်ကို မုချ တိုက်ရိုက် သမထ ခေါ်နိုင်ပုံ ခေါ်ရသည်ကို အသိဉာဏ် ရှင်းသွားအောင် ပဌမဈာနဝသေန” ဟု မြွေပ်ထားသည်ကို အပြည့်အစုံ ဖေါ်ပြခြင်း ဖြစ်ပေသည်။

ဤပဋိသမ္ဘိဒါမဂ်ပါဠိတော် “အာနန္တရိကသမာဓိ ဉာဏနိဒ္ဒေသ”ကို လည်လည်ပတ်ပတ် စူးစူးစိုက်စိုက် နှစ်နှစ်နောနော သဘောဉာဏ်မိပါက၊ သမထဆိုတာ အပ္ပနာသမာဓိ ခေါ် ပဌမစျာန် စသည်ကိုသာ ခေါ်ရသည် ယူရသည် မဟုတ်ဘဲ၊ ဗုဒ္ဓါနုဿတိနှင့်တကွ ဆ အနုဿတိ စသည်တို့ကို တွေ့မြင် ဆင်ခြင် စဉ်းစား သတိထားမိပါက၊ “ဩော်.... သမထ ဆိုတာ ဥပစာရသမာဓိခေါ် ဥပစာရစျာန်ကိုလည်း ခေါ်နိုင်သေးသည် ယူရ ယူဆနိုင်သေးသည်တကား” ဟု ပိုမို၍ အသိဉာဏ် ရှင်းသွားပေလိမ့်မည်။

ကထံ သမထပုဗ္ဗင်္ကမံ ဝိပဿနံ ဘာဝေတိ နေက္ခမ္မဝသေန စိတ္တဿ ဧကဂ္ဂတာ အဝိက္ခေပေါ သမာဓိ၊ တတ္ထ ဇာတေ ဓမ္မေ အနိစ္စတော အနုပဿနဋ္ဌေန ဝိပဿနာ (ပ)။ ဣတိ ပဌမံ သမထော၊ ပစ္ဆာ ဝိပဿနာ။ တေန ဝုစ္စတိ သမထပုဗ္ဗင်္ကမံ ဝိပဿနံ ဘာဝေတိ ၂၀၄။

အဗျာပါဒဝသေန စိတ္တဿ ဧကဂ္ဂတာ အဝိက္ခေပေါ သမာဓိ (ပ)။ အာလောကသညာဝသေန စိတ္တဿ ဧကဂ္ဂတာ အဝိက္ခေပေါ သမာဓိ (ပ)။

ပဋိနိဿဂ္ဂါနုပဿီ အာဿာသဝသေန ပဋိနိဿဂ္ဂါနုပဿီ ပဿာသဝသေန စိတ္တဿ ဧကဂ္ဂတာ အဝိက္ခေပေါ

သမာဓိ။ တတ္ထ ဇာတေ မမ္မေ အနိစ္စတော အနုပဿနဉ္ဈေန ဝိပဿနာ (ပ)။ ဣတိ ပဌမံ သမထော၊ ပစ္ဆာ ဝိပဿနာ။ တေန ဝုစ္စတိ "သမထပုဗ္ဗင်္ဂမံ ဝိပဿနံ ဘာဝေတီ" တိ။ ။ပါဠိတော် သုတ္တန္တနိဒ္ဒေသ ၂၀၆။

ဤစကားတော်မြတ်သည်ကား ဥပစာရစျာန် ရရုံမျှ ဖြင့်လည်း ယုဂနဒ္ဓ (= အစုံအတွဲ ပူးတွဲပြီး) ရှုနိုင်ပုံ ရှုရပုံကို ယုဂနဒ္ဓကထာသုတ္တန္တဉ္စေဒ္ဒေသ အကျဉ်း ပြသည်ဖြစ် မပေါ်လွင် မထင်ရှား တိမ်မြုပ် ကွယ်ဝှက်နေသည်ကို ပေါ်လွင် ထင်ရှား ဉာဏ်ရှင်း သွားအောင် အကျယ် ပြ သော သုတ္တန္တနိဒ္ဒေသ၌ ကိုယ်တော်တိုင် ဟောတော်မူ သော တရားစစ်သူကြီး ဖြစ်တော်မူသော ရှင်သာရိပုတ္တရာ၏ စကားဘော်မြတ် ဖြစ်သည်။ ထိုစကားတော်မြတ်ကို အလွန် ရိုသေလေးစားထိုက်လှပေသည်။ လေးလေးနက်နက် နှစ်နှစ်ကာကာကြီး ယုံကြည်အပ် ယုံကြည်သင့် ယုံကြည်ထိုက်လှပေသတည်း။

ဤ၌ ပေယျာလကို သတိပြုမိပါက၊ အသိ ပို၍ ရှင်း သွားပေလိမ့်မည်။

သမထပုဗ္ဗင်္ဂမန္တိ သမထံ ပုဗ္ဗင်္ဂမံ ပုရေစာရိကံ ကတ္ဝာ။ ဝိပဿနာပုဗ္ဗင်္ဂမန္တိ ဝိပဿနံ ပုဗ္ဗင်္ဂမံ ပုရေစာရိကံ ကတ္ဝာ သမထံ ဘာဝေတိ ပကတိယာ ဝိပဿနာလာဘီ ဝိပဿနာယ ဌတ္ဝာ သမာဓိံ ဥပ္ပါဒေတိတိ အတ္ထော။ ။ စတုက္ကဂ်ုတ္တရအဋ္ဌကထာ ဒုတိယအုပ် ၃၄၆။

သမထပုဗ္ဗင်္ဂမံ ဝိပဿနံ ဘာဝေတီတိ သမထံ ပုဗ္ဗင်္ဂမံ ပုရေစာရိကံ ကတ္ဝာ ဝိပဿနံ ဘာဝေတိ၊ ပဌမံ

သမာဓိံ ဥပပါဒေတွာ ပစ္ဆာ ဝိပဿနံ ဘာဝေတီတိ အတ္ထော။ ၁၀၆။

ဝိပဿနာပုဗ္ဗင်္ဂမံ သမထံ ဘာဝေတီတိ ဝိပဿနံ ပုဗ္ဗင်္ဂမံ ပုရေစာရိကံ ကတွာ သမထံ ဘာဝေတိ၊ ပဌမံ ဝိပဿနံ ဥပပါဒေတွာ ပစ္ဆာ သမာဓိံ ဘာဝေတီတိ အတ္ထော။ ။ အဒ္ဓကထာ ဒုတိယအုပ် ယုဂနဒ္ဓကထာ ၁၀၇။

အာလောကသညာ ပဋိသုက္ကာနုပဿနာနံ အန္တရာ ပေယျာလေ အဝိက္ခေပါဒိနိ စ စျာနသမာပတ္တိကသိဏာ နုဿတိအသုဘာ စ ဒဃ အာသာသာဒန စ အာနန္တရိက သမာဓိဉာဏနိဒ္ဒေသေ နိဒ္ဒိဋ္ဌတ္တာ သဒ်ိုတ္တာနိ။ တတ္ထ စ အဝိက္ခေပဝသေနာတိ ပုဗ္ဗဘာဂါဝိက္ခေပဝသေန ဂဟေတဗ္ဗံ။ အနိစ္စာနုပဿီ အာသာသဝသေနာတိ အာဒိကေ သုဒ္ဓဝိပဿနာဝသေန ဝုတ္တစတုက္ကေ ပန တာရုဏ္ယဝိပဿနာကာလေ ဝိပဿနာသမ္မယုတ္တသမာဓိပုဗ္ဗင်္ဂမာ ဗလဝ ဝိပဿနာ ဓေဒိတဗ္ဗာ။ ၁၀၀။

ဝိပဿနာပုဗ္ဗင်္ဂမဝါရေ ပဌမံ (ပ) ဥပ္ပါဒိတော ယော စိတ္တဿ ကေဂ္ဂတာသဒ်ါတော ဥပစာရပ္ပနာဘေဒေါ အဝိက္ခေပေါ၊ သော သမာဓိတိ ဝိပဿနာတော ပစ္ဆာ ဥပ္ပါဒိတော နိဗ္ဗေဓဘာဂိယော သမာဓိ နိဒ္ဒိဋ္ဌော ဟောတိ။ ၁၀၀။

ယုဂနဒ္ဓနိဒ္ဒေသေ ယသ္မာ ဟေဋ္ဌာ သုတ္တန္တဝဏ္ဏနာယံ ဝုတ္တော ယုဂနဒ္ဓကမော ပုရိမဒ္ဒယံ နိဒ္ဒေသနယေနေဝ ပါကဋော၊ မဂ္ဂက္ခဏေ ယုဂနဒ္ဓကမော ပန နပါကဋော၊

တသ္မာ ပဋိဘာဂေ အနေကန္တိကံ ယုဂနဒ္ဓဘာဝနံ အဝတ္ဝာ မဂ္ဂက္ခဏေ ဧကန္တေန လဒ္ဓမာနယုဂနဒ္ဓဘာဝနမေဝ ဒဿေန္တော သောဠသဟိ အာကာရေဟိတ အာဒိမာဟ။ ။အဋ္ဌကထာ ဒုတိယအုပ် သုတ္တန္တနိဒ္ဒေသ။ ၁၀၉။

ယဿ ဟိ ဣမေ တယော ဓမ္မာ နတ္ထိ၊ တဿ ကမ္မဋ္ဌာနံ နေဝ အပ္ပနံ၊ န ဥပစာရံ ပါပုဏာတိ။ ယဿ ပန ဣမေ တယော ဓမ္မာ အတ္ထိ။ တဿေဝ ကမ္မဋ္ဌာနံ ဥပစာရဉ္စ အပ္ပနဉ္စ ပါပုဏာတိ။ ။ဝိသုဒ္ဓိမဂ်အဋ္ဌကထာ အနုသတိကမ္မဋ္ဌာနနိဒ္ဒေသ အာနာပါနဿတိကထာ။ ၂၇၇။

ဣမေ တယော ဓမ္မာတိ အဿာသော, ပဿာသော, နိမိတ္တန္တိ ဣမေ တယော ဓမ္မာ နတ္ထိတိ ကမ္မဋ္ဌာနဝသေန မနသိကာတဗ္ဗဘာဝေန နတ္ထိ န ဥပလဗ္ဘန္တိ။ န ဥပစာရန္တိ ဥပစာရမ္ပိ န ပါပုဏာတိ၊ ပဌေဝ အပ္ပနန္တိ အဓိပ္ပါယော။ ။ဝိသုဒ္ဓိမဂ် မဟာဋီကာ အာနာပါနဿတိကထာ။ ၃၃၅။

ကာမစ္ဆန္ဒာဒယော ပစ္စနီကဓမ္မေ သမေတိ ဝိနာသေတီတိ သမထော။ သမာဓိဿေတံ နာမံ။ ။ပဋိသမ္ဘိဒါမဂ် အဋ္ဌကထာ ပဌမအုပ် ၁၁၉။

သမထော သမာဓိ။ ။သဒ္ဒဂိတိသုတ်။

ဤ၌ “သမာဓိဿေတံ နာမံ”ဆိုသဖြင့်၊ သမထ ဆိုသည်ကား သမာဓိ၏ အမည်ဘဲ။ သမထနှင့် သမာဓိဟာ အမည် အတူတူဘဲ။ သဒ္ဒါမျှသာ ကဲ့သည်။ အဓိပ္ပါယ်သဘောအရ အတူတူ ဖြစ်သည်လို့ ဆိုလိုသည်။

"စျာနသေတံ နာမံ"ဟု မဖွင့် မပြုပေ။ ဘာ့ကြောင့် ပါလဲ။ "စျာနသေတံ နာမံ" ဆိုက၊ ဥပစာရ သမာဓိကို မယူမကောက်ရတော့ဘဲ အပ္ပနာ သမာဓိခေါ် အပ္ပနာ စျာန်ကိုသာ မုချတိုက်ရိုက် ယူရတော့သည်။ ကောက်ရ တော့သည်။ သို့ဖြစ်၍ "စျာနသေတံ နာမံ"ဟု မဖွင့်ပေ မပြုပေ။

သမာဓိ ဆိုက ဥပစာရသမာဓိနှင့်တကွ အပ္ပနာသ မာဓိ နစ်ပါးကို ယနိုင်၏။ ကောက်နိုင်၏။ ထိသမာဓိ နှစ်ပါးလုံးကို အရာအားလျော်စွာ ကောက်ယူစေလို၍၊ "သမာဓိသေတံ နာမံ" ဟု လိုရင်း အရကောက်ကိုပါ တပါတည်း ပဋိသမ္ဘိဒါမဂ် အဋ္ဌကထာဆရာ ပြခြင်း ဖြစ်ပေသည်။

ဥပစာရ သမာဓိမှ မဖြစ်က အဘယ်မှာ အပ္ပနာသ မာဓိ ဖြစ်ပါ့မလဲ၊ ရပါ့မလဲဟု ဆိုသဖြင့်လည်း၊ ဥပစာရ သမာဓိ မရက၊ အပ္ပနာသမာဓိခေါ် စျာန်လည်း မရနိုင် မဖြစ်နိုင်တော့ပေ။

"ကမ္မဋ္ဌာနံ, ကမ္မဋ္ဌာနဝသေန" ဆိုသဖြင့်၊ အစအ ထ အာနာပါနကမ္မဋ္ဌာန်း အားထုတ်ခါစ ပွါးခါစကို လည်း သမထခေါ်ရပုံ မည်ပုံကိုလည်း ထောက်ဆသင့် ၏။ သတိရသင့်၏။ ထို့ပြင်လည်း၊

ဗုဒ္ဓါနုဿတိတိ ဗုဒ္ဓဿ ဂုဏာနုဿရဏံ။ ဧဝံ အနုဿ ရတော ဟိ ပိတိ ဥပ္ပဇ္ဇတိ။ သော တံ ပိတိ ခယတော

ဝယတော ပဋ္ဌပေတ္ဝာ အရဟာတ္တံ ပါပုဏာတိ။ ဥပစာရ
ကမ္မဋ္ဌာနံ နာမေတံ ဂိဟိနမ္မိ လဗ္ဘတိ။ ။သုတ်ပါဌေ
ယျအဋ္ဌကထာ သင်္ဂီတိသုတ် ဆက္က ၂၂၀။

ဗုဒ္ဓဂုဏာနံ ပန ဂမ္ဘီရတာယ နာနပ္ပကာရဂုဏာနုဿ
ရဏာဓိမုတ္တတာယ ဝါ အပ်ံနံ အပတ္ဝာ ဥပစာရပတ္တမေဝ
စျာနံ ဟောတိ။ ၂၀၆။

ဣမာ ပန ဆ အနုဿတိယော အရိယသာဝကာ
နညေဝ ဣဒ္ဓိန်တိ။ ၂၂၀။

ဇေဝ သန္တေပိ ပရိသုဒ္ဓသလာဒဂုဏသမန္နာဂတေန
ပုထုဇ္ဇနေနာပိ မနသိကာတဗ္ဗာ။ ။ဝိသုဒ္ဓိမဂ် ပဌမ
အုပ် ၂၂၁။

ပိတိ ဥပ္ပဇ္ဇတိတိ ဘာဝနာဝသေန ဥပစာရဈာနနိပ္ဖါ
ဒိကာ ဗလဝတီ ပိတိ ဥပ္ပဇ္ဇတိ။ ။ဝိသုဒ္ဓိမဂ်မဟာဋီကာ
ပဌမအုပ် ၂၆၅။

ဤဒ် “ အပ်ံနံ အပတ္ဝာ ဥပစာရပတ္တမေဝ စျာနံ၊
ဥပစာရဈာနနိပ္ဖါဒိကာနှင့် ဥပစာရကမ္မဋ္ဌာနံ နာမ ” တို့
ကို ထောက်ဆအပ်သည်။ ထောက်ဆသင့်သည်။

**မှတ်ချက်။** ပါဠိတော်, အဋ္ဌကထာဟု သာမန် ဆိုက၊ ပဋိ
သမ္ဘိဒါမဂ် ပါဠိတော်နှင့် ပဋိသမ္ဘိဒါမဂ်အဋ္ဌကထာကို ယူပါ။

ဤပါဠိတော်, အဋ္ဌကထာတို့ဒ်ဒ် ပြသည်တို့ကို သိမ်းရုံး
ပြီး အကျဉ်း ချုံးကာ ဆိုလိုရင်း စကား လိုရင်းကို ပြရ
လျှင်၊ သမထပုဒ်ကို မူတည်ကာ “ပဌမဈာနံ သမာပဇ္ဇ

တိ” ဟု အပ္ပနာသမာဓိခေါ် စျာန်စစ်စစ် ပဌမစျာန် စသည်ကို မုချတိုက်ရိုက် ဥက္ကဋ္ဌ အနေအားဖြင့် အဂ်ုတ္တရအဋ္ဌကထာနှင့် ပဋိသမ္ဘိဒါမဂ် အဋ္ဌကထာဆရာတို့ ပြကြသည်။

“ကာမစ္ဆန္ဒာဒယော ပစ္စနီကဓမ္မေ” ဟူ၍ဌင်း၊ “နေက္ခမ္မာဒီနိ ဥပစာရဇ္ဈာနဝသေန” ဟူ၍ဌင်း၊ “အပ္ပနံ အပ်ပတ္ဝာ ဥပစာရပ်တ္တမေဝ စျာနံ” ဟူ၍ဌင်း၊ “ဥပစာရကမ္မဋ္ဌာနံ နာဝမ” ဟူ၍ဌင်း၊ “ကမ္မဋ္ဌာနံ နေဝ အပ်ပံ၊ နဥပစာရံ ပါပုဏာတိ” ဟူ၍ဌင်း၊ “ဥပစာရမ်ိ နု ပါပုဏာတိ၊ ပဂေဝ အပ္ပနံ” ဟူ၍ဌင်း၊ “ပရိယာယေဟိ ဥပစာရသမာဓိ ဝုတ်တာ” ဟူ၍ဌင်း၊ “အဝိက်ခေပါ သမာဓိ၊ ပဌမံ သမထော” ဟူ၍ဌင်း၊ “သမထ သမာဓိသ်ေတံ နာမံ” ဟူ၍ဌင်း၊ “သမထော သမာဓိ” ဟူ၍ဌင်း၊ “ဥပစာရသမာဓိ ဝုတ်တာ” ဟူ၍ဌင်း၊ ဥပစာရသမာဓိခေါ် ဥပစာရစျာန်ကို သ္ဌယ်ဝိုက်ကာ ဥပစာအနေအားဖြင့် ထို ပဋိသမ္ဘိဒါမဂ် အဋ္ဌကထာဆရာပင် ပြသည်။

“သမာဓိပညာသဒ်္ဒါတာနံ ယုဂနဒ္ဓဓမ္မာနံ” ဟူ၍ဌင်း၊ “သမထဝိပဿနာနံ ယုဂနဒ္ဓတ္တာ၊ သမာဓိဥ္စ ဉာဏဥ္စ ယုဂနဒ်ံ ကတ္ဝာ” ဟူ၍ဌင်း၊ “သုက္ခဝိပဿကသ ဥပစာရဇ္ဈာနသမ္မယုတ်တာ” ဟူ၍ဌင်း၊ “သုဒ္ဓဝိပဿနာဝသေန” ဟူ၍ဌင်း၊ “ပကတိယာ ဝိပဿ်နာ လာဘီ” ဟူ၍ဌင်း၊ “သုတ်တန်တဝ်ကနာယံ ဝုတ်တာ ယုဂနဒ်ကဓမော” ဟူ၍ဌင်း ဥပစာရသမာဓိခေါ် သမထနှင့် ဝိပဿနာယုဂနဒ်အဖြစ်

ဖြင့် ပဉ္စုပါးနိုင်သည်ကိုလည်း ထိုပဋိသန္ဓိဒါမင်္ဂလာကထာဆရာပင် ပြတော်မူသည်။

ဥက္ကဋ္ဌအနေအားဖြင့် "ဆ အနုဿတိယော အရိယသာဝကာနညော ဣဗျန်တိ" ဟု ဆိုသော်လည်း၊ ပုထုဇ္ဇနနာပိ မနသိကာတဗ္ဗာ" ဟု နောက်ထပ်တဖန် ပြန်ပြီးခွင့်ပြုသကဲ့သို့၊

ဤဌိလည်း ဥက္ကဋ္ဌအနေအားဖြင့် သမထကို စွာန်စစ်စစ် ပဌမစွာန် စသည်ကို မုချ တိုက်ရိုက် ပြသော်လည်း၊ "သမာဓိပညာသင်္ခါတာနံ ယုဂနဒ္ဓမမ္မာနံ၊ သမာဓိဉ္စ ဉာဏဉ္စ ယုဂနဒ္ဓံ ကတ္တာ၊ သုတ္တန္တဝဏ္ဏနာယံ ဝုတ္တာ ယုဂနဒ္ဓကထာမော" ဟု ထိုပဋိသန္ဓိဒါမင် အဋ္ဌကထာဆရာသည်ပင် နောက်ထပ်တဖန် ပြန်ပြီး ခွင့်ပြုထားသဖြင့်၊ ဥပစာရသမာဓိခေါ် ဥပစာရစွာန်ဖြင့်လည်း သမထဝိပဿနာယုဂနဒ္ဓ အဖြစ်ဖြင့် ယုဂနဒ္ဓပြု၍ ပဉ္စုပါးနိုင်သည် ရှုနိုင်သည်ဟု မှတ်။

"ယုဂနဒ္ဓ" ဆိုသည်ကား မယုတ်မလွန် ညီတူညီမျှ မပိုမလို အညီအမျှ အစုံအစုံ အတွဲအတွဲ အစုံအတွဲ ပူးတွဲ၍ ပဉ္စုပါးသည် ရှုသည်ကို ဆိုလိုသည်။ သို့ဖြစ်၍ ဥပစာရသမာဓိ ရလျှင်၊ သမထနှင့် ဝိပဿနာကို ယုဂနဒ္ဓ ယှဉ်စုံအတူတူ တွဲ၍ သမထ တကြိမ် ဝိပဿနာ တကြိမ် သမထ တလှည့် ဝိပဿနာ တလှည့် တကြိမ်စီ တလှည့်စီ ပဉ္စုပါးနိုင်သည် ရှုနိုင်သည်ဟု တထစ်ချ ယတိပြတ် ဆုံးဖြတ် ယုံကြည် နိဗ္ဗာန်ရသည်အထိ ယုံကြည်။

ဒသုတ္တရသုတ် ဘာဝေတဗ္ဗ တရားတို့ကား-

ဧကော ဓမ္မော ကာယဂတာသတိ။

ဒွေ ဓမ္မာ သမထော စ ဝိပဿနာ စ။

တယော ဓမ္မာ တယော သမာဓိ။

စတ္တာရော ဓမ္မာ စတ္တာရော သတိပဋ္ဌာနာ။

ပဉ္စ ဓမ္မာ ပဉ္စိကော သမ္မာသမာဓိ။

ဆ ဓမ္မာ ဆ အနုဿတိဋ္ဌာနာနိ။

သတ္တ ဓမ္မာ သတ္တ သမ္မောဇ္ဈင်္ဂါ။

အဋ္ဌ ဓမ္မာ အရိယော အဋ္ဌင်္ဂိကော မဂ္ဂေါ။

နဝ ဓမ္မာ နဝ ပါရိသုဒ္ဓိပဓာနိယင်္ဂါနိ။

ဒသ ဓမ္မာ သဒ္ဓ ကသိဏာယတနာနိ။

ပိဋကစောင်အား ကျနပြီး ဆရာနည်းလှလှ ကျကျန နကြီး ရတော်မူကြကုန်သော ရှေးရှေး ကမ္မဋ္ဌာန်းဆရာ့ ဆရာကြီးတို့လည်း ပဋိသမ္ဘိဒါမင် ပါဋိတော်နှင့် အဋ္ဌက ထာတို့၌ ပြသော ယုဂနဒ္ဓ၏ ဆိုလိုရင်း သဘောကို ရှင် သာရိပုတ္တရာမဟာထေရ်မြတ်ကြီးနှင့် ရှင်မဟာနာမထေရ် မြတ်ကြီးတို့၏ အာဘော ဒုလုံးသွင်း ဆိုလိုရင်းသဘော ကို ထိထိမိမိကြီး ဉာဏ်ငုံမိကြသဖြင့်၊ သမထဝိပဿနာ ကို ယုဂနဒ္ဓပြု၍ ပွါးများ အားထုတ်ရမည်ဟု အစဉ်အ ဆက် မပျက်စေဘဲ သြဝါဒ ပေးတော်မူကြပေသည်။ ထို ဆရာတော်ဘုရားကြီးတို့၏ သြဝါဒတော်အတိုင်း မတိမ် ကော မပပျောက် မတိမ်မမြုပ် မပျက်မစီးဘဲ ယခုယနေ့

# ဘာဝနာပါရဂူကျမ်း

တိုင် တည်ရှိလျက်နေပေသည်။ ထိုဆရာတော်ဘုရားကြီး တို့၏ ဩဝါဒတော်ကို အလွန် ရိုသေလေးစားကြသော တပည့်အဆက်ဆက်တို့လည်း ဖြစ်ထွန်း ပေါ်ပေါက်ကာ ယခု ယနေ့တိုင် အစဉ်အဆက် မပျက်ဘဲ ရှိပေသည်။ သြော်.... ရှေးဆရာတော်မြတ်ကြီးတို့၏ ဉာဏ်တော်သည် ထက်မြက် စူးရှတော်မူလှပါပေစွတကား။

ဤ အကျဉ်းမျှသာ။ ပုဒ်ပါဠိ ဆစ်၍ သဘောအနက် အဓိပ္ပါယ်ကို အာနဲ့ပါနသံခိပ်၌ ပြအံ့။

သဘာဝကထာ ပြီး၏။

ဘာဝနာပါရဂူကျမ်း ပြီးပြီ။

## ပညာရှိတို့အား ပန်ကြားခြင်း

ပညာအချုပ် ကဝိမဟန်တို့ ဤ "ဘာဝနာပါရဂူကျမ်း" ဦး အကယ်၍ သဒ္ဒါ အနက် စကားဆက်စပ် ချုတ်ယွင်းလတ်ကာ အပြစ်မမြင် မေတ္တာဝင်ကာ ကိုယ်တိုင်ပြုငြား ကျမ်း အလားကဲ့သို့ ပြင်ဆင်၍ ယူတော်မူကြပါကုန်။

# နိဂုံး

အယံ ဘာဝနာပါရဂူဂန္ထော နဋ္ဌာ ရောပတိယာ တိ
ရေ ဓနုဖြူနဂရေ ဇာတေန မြို့ပေါက်ဝိဟာရေ ဝသန္တဿ
မာလာလင်္ကာရမဟာထေရဿ အန္တေဝါသိကေန မရမ္မ
ရဋ္ဌသိရိဓာရဏဓဇူပမေ ဗုဒ္ဓဝါဒိနံ ဂုဏသိရိဓာရဏဘူတေ
ဝိဓေဝကကာမာနံ သုစိသလ္လဓဝုတ္တိနံ ဘာဝနမနုယုဉ္ဇန္တာနံ
ဝသနဘူတေ အနေကစေတျာဒိသောဘိတေ စစ်ကိုင်း
ပဗ္ဗတေ နိက္ခမန္တာနံ ပရိက္ကမဘာတရာနံ နိဝါသဋ္ဌာနဘူ
တတ္တာ ပရိက္ကမော တ လဒ္ဓနာမေ ဥမင်သုံးဆယ်စေတ
ယဿ စေဝ ဌက်မြက်နားစေတိယဿ စ ဌက်မြတ်နားသီ
မာယ စ ဥတ္တရာယ အနုဒိသာယ အံ့တော်မူစေတိယဿ
ပစ္ဆိမဒိသာဘာဂေ စတုပရိက္ကမကန္ဒရာနံ ပုဗ္ဗပရိက္ကမ
ကန္ဒရေ ဝသတာ ဝါယာမော တံ ဂုရူဟိ ဂဟိတနာမဓေ
ယျေန ထေရေန ကတော။

ယထာယ သာသနေ ဂန္ထဝရေ သာဇက ကပ္ပလော
ကေ သမ္မတ္တော မာဃမာသဿ ဇုဏှပက္ခနဝမဂုရုဒိဝသေ
အနန္တရာယေန နိဋ္ဌိတော။ တထာ သဗ္ဗပါဏိနော သုခီ
ဟောန္တု။ ယာဝ လောကေ ဗုဒ္ဓဿ ဗုဒ္ဓေါတိ နာမမ္ပိ
ပဝတ္တတိ။ တာဝါယံ တိဋ္ဌတု။

အယံ ဘာဝနာပါရဂူဂန္ထော၊ ဤဘာဝနာပါရဂူကျမ်း
ကို။ ရောဝတိယာ၊ ရောဝတီ အမည်ရှိသော။ နဋ္ဌာ၊ မြစ်
၏။ တီရေ၊ ဆိပ်ကမ်းခွင်။ ဓနုဖြူနဂရေ၊ သောင်းဇမ္ဗူ။ မြေ

အပြင်တွင် ဒေါင်းဖြူဟု ပေါ်လွင်ထင်ရှား ကျော်ကြား သော ဓနုဖြူမြို့၌။ ဇာတေန၊ ဖွါးမြင်သော။ မြို့ပေါက်ဝိ ဟာရ၊ မြို့ပေါက်ကျောင်း၌။ ဝါ၊ သတိုးမဟာဗန္ဓုလ စစ်သူကြီး နောက်ထပ်တဖန် ထပ်မံ ပြုလုပ်အပ်သော မြို့ ရိုးပေါက်၏ အနီး၌ ဆောက်လုပ်အပ်သဖြင့် မြို့ပေါက်ဟု ရအပ် ခေါ်ဆိုပညတ် သမုတ်အပ်သော မြို့ပေါက်ကျောင်း ၌။ ဝသန္တသာ၊ သီတင်းသုံး ပျော်မွေ့ နေထိုင်လေ့ရှိတော် မူသော။ မာလာလင်္ကာရမဟာထေရသာ၊ မာလာလင်္ကာရ မဟာထေရ်မြတ်၏။ အနွေဝါသီကေန၊ အတွင်းနေ တာ ပည့် ဖြစ်သော။ မရမ္မရဋ္ဌသီရိဓာရဏဓဇုပမေ၊ မြန်မာပြည် ၏ ကျက်သရေဆောင် တံခွန်သဘွယ် ဖြစ်သော။ ဗုဒ္ဓဝါ ဒီနံ၊ မြန်မာပြည်နေ ဗုဒ္ဓဘာသာ အယူရှိကြကုန်သော သူတို့၏။ ဂုဏသီရိဓာရဏဘူတေ၊ ဂုဏ်ကျက်သရေဆောင် သဘွယ် ဖြစ်၍ဖြစ်သော။ ပ်ဝေကကာမာနံ၊ ကိုယ်စိတ် နှစ်ဖြာ ဆိတ်ငြိမ်စွာကို အလိုရှိကုန်သော။ သုစိသလ္လခ ဝုတ္တီနံ၊ စင်ကြယ်သော မာန ဣဿာ မိစ္ဆာဝိတက်စသော အကုသိုလ်တရားကို ခေါင်းပါးစေနိုင်သော အကျင့်ရှိ ကုန်သော။ ဘာဝနံ၊ သမထဝိပဿနာ ဘာဝနာ နှစ်ဖြာ ကို။ အနုယုဉ္ဇန္တာနံ၊ ကိုယ်နှင့် အသက် ငဲ့ကွက်မရှိ မင်္ဂသီ ဖိုလ်မြင့် နိဗ္ဗာန်ဝင်ရန် အာသံပြင်းပြ ဆန္ဒအဟုတ် မ ယုတ်ကြိုးကုတ် လွန်စွာ အားထုတ်ကုန်သော သူတို့၏။ ဝသနဘူဒတ၊ နေရာ ဖြစ်၍ဖြစ်သော။ အနေကစေတျာ ဒိသောဘိတေ၊ တပါးမက များလှသဖွယ်သဖွယ် ကြီးငယ် စေတီ တလိဂူကျောင်း တန်ဆောင်းပြာသာဒ် စရပ် ရေ

ကန် တဖန်သခ်ိမ်း ချောင်စခန်း အာရာမ်စသည်တို့ဖြင့် တင့်တယ်ထသော။ စစ်ကိုင်း ပဗွတော၊ မြန်မာပြည်တွင် ပဓာနအလုပ် မဆုတ်တမ်း တကယ်တမ်း ပဌမတန်း ကျင့်ကြံကြိုးကုတ် အားထုတ်ကြကုန်သော များစွာ သောင်းသောင်း အရှင်ကောင်း အရှင်မွန် အရှင်မြတ်တို့ စိတ်ကြည်ပျော်မွေ့ သီတင်းသုံး နေထိုင်တော်မူလေ့ ရှိကြောင်း ကမ္ဘာနှံ့အောင် သတင်းဆောင်ကာ သမိုင်း ပြောင်သည့် စစ်ကိုင်းတောင်ကြီး၌။ နိဂ္ဂမန္တွာန်၊ ခန္ဓာငါးတန် ရုပ်နှင့်နာမ်ကို ကောန်ဘေးကြီး ထင်ပြီးငြီးငွေ့ပျော်မွေ့မရှိ ကြောက်ဘိလန့်ကာ တောထွက်လာကုန်သော။ ပရက္ကမဘာတရာနံ၊ ပရက္ကမညီနောင်တို့၏။ နိဝါသဋ္ဌာနဘူတတ္တာ၊ ကိုယ့်ဘို့ ကိုယ့်တာ ကိုယ့်တွက်တာဟု စိတ်မှာ စိုက်စူး အာရုံမြူးလျက် ညွတ်နူးဘာဝနာ ဝိပဿနာ တန်တန် ကသိုဏ်း ပရိကံ စျာန် သမာပတ် ရရန် မမေ့ ရှုလျက်သာ နေရာဌာန ဖြစ်၍ဖြစ်သည်၏ အဖြစ်ကြောင့်။ ပရက္ကမော်တိလဒ္ဓနာမေ၊ ပရက္ကမဟု ရအပ်သော အမည်ရှိသော။ ဥမင်သုံးဆယ်စေတီယသာ စေ၀၊ ၆၇၄ ခု၊ ဝိဇယပူရပန်းရတည် တစီးရှင် သခ်ိယာမင်း လက်ထက်လောက် ထို ပန်းရ-ပင်းယ ကောင်းစားစဉ် ထိုခေတ် ထိုအခါ ကာလလောက်က 'ပန်းထူးကြီးသံဃရာဇာ' အစဖြာ၍ တည်ထား ကိုးကွယ်ခဲ့သော ဥမင်သုံးဆယ် စေတီတော်၏ဂုဏ်း။ ငှက်မြတ်နားစေတီယသဲစ၊ ငှက်မြတ်နား စေတီတော်၏ဂုဏ်း။ ငှက်မြတ်နားသီမာယ စ၊ ရဟန္တာအရှင်မြတ်များ သမုတ်တော်မူခဲ့သော

ဌက်မြတ်နား သိမ်တော်၏ဂုဏ်း။ ဥတ္တရာယ အနုဒ္ဒိသာယ၊ အရှေ့မြောက်အရပ်၌။ အုံတော်မူစေတီယဿ၊ အုံတော်မူစေတီတော်၏။ ပစ္ဆိမ ဒိသာဘာဂေ၊ အနောက်အရပ်၌။ စတုပရက္ကမကန္ဒရာနံ၊ အရှေ့ပရက္ကမချောင်, အနောက်ပရက္ကမချောင်, အလယ်ပရက္ကမချောင်, အောက်ပရက္ကမချောင်ဟု ဆိုအပ်သော ပရက္ကမ လေးချောင်တို့တွင်။ ဝါ၊ အရှေ့တိုက်, အနောက်တိုက်, အလယ်တိုက်, အောက်တိုက်ဟု ဆိုအပ်သော ပရက္ကမ လေးတိုက်တို့တွင်။ ပဋ္ဌပရက္ကမကန္ဒရေ၊ အရှေ့ပရက္ကမချောင်၌။ ဝါ၊ ပရက္ကမချောင် အရှေ့တိုက်၌၊ ဝသတာ၊ နေသော။ ဝါယာမောတိ၊ ဝါယာမဟူ၍။ ဂုရူသီ၊ ကျောက်ထီးတန်တို့၊ အလေးပြုအပ်သော ဆရာကျော် ဆရာမြတ်တို့သည်။ ဂဟိတနာမဓေယျန၊ မှည့်ခေါ်အပ်သော အမည်ရှိသော။ ထေရေန၊ မထေရ်သည်။ ကတော၊ ရေးသားပြုပြင် စီရင်အပ်၏။

အယံ၊ ဤဘာဝနာပါရဂူကျမ်းသည်။ သာသနေန၊ အုံဘွယ်ရှစ်ဖြာ ဘုရားမြတ် သာသနာတော်သည်။ ဂန္ဓဝရေ၊ ၂၄၉၃ ခုသို့။ သာဂေ၊ မြန်မာဝေါဟာ ကောဇာတ်စစ် သင်္ကရာဇ်သည်။ ကပ္ပလောကေ၊ ၁၃၁၁ ခုနှစ်သို့။ သမ္ပတ္တော၊ ရောက်လတ်သော်။ မာဃမာသဿ၊ တပို့တွဲလ၏။ ဇုဏှပက္ခနဝမဂုရုဒိဝသေ၊ လဆန်း ၉ ရက် ကြာသပတေးနေ့၌။ အနန္တရာယေန၊ အန္တရာယ်မရှိသဖြင့်။ နိဋ္ဌိတော ယထာ၊ အပြီးသို့ ရောက်သကဲ့သို့။ တထာ၊ ထို့အတူ။ သဗ္ဗပါဏိနော၊ ခပ်သိမ်းသော သတ္တဝါတို့သည်။

အနန္တရာယေန၊ အန္တရာယ် မရှိသဖြင့်။ သုခီ၊ ချမ်းသာသော ကိုယ်စိတ်ရှိကုန်သည်။ ဟောန္တု၊ ဖြစ်ကြပါစေကုန်သတည်း။ ယာဝ၊ အကြင်ရွေ့လောက်သော ကာလပတ်လုံး။ လောကေ၊ လောကသုံးပါး၌။ ဗုဒ္ဓဿ၊ မြတ်စွာဘုရား၏။ ဗုဒ္ဓေါတိနာမမ်ပိ၊ ဘုရားဘုရား ဟူသော အမည်မျှသည်လည်း။ ပဓတ္တတိ၊ မပြတ်မစဲ တည်သေး၏။ တာဝ၊ ထိုရွေ့လောက် ဘုရားဘုရား ဟူသော အမည်တော်မပြတ်မစဲ တည်သမျှ ကာလပတ်လုံး။ အယံ၊ ဤဘာဝနာပါရဂူကျမ်းသည်။ လောကေ၊ လောကသုံးပါး၌။ တိဋ္ဌတု၊ ဘာဝနာအလုပ် အားထုတ်ကြိုးစား ယောဂီများတို့အား သဘာဝခပင်း ဉာဏ်မှာလင်း၍ မင်္ဂသီ ဖိုလ်ပေါက် နိဗ္ဗာန် ရောက်အောင် ကွင်းကွင်းကွက်ကွက် ဓိပ္ပါယ်နက်ကို အချက်ကျကျ ပြသလျက် တည်ပါစေသတည်း။

သာသနာ့ဂေဟ ဦးစီးဌာနသို့
အရှင်ကောဝိဒမှ
လွှဲပြောင်းပါသည်။

မန္တလေးမြို့၊ ဇေးဝန်းရပ်၊
ပဲစက်ပိုင် ဦးအိမ်၊ ဒေါ်လှတင်နှင့်
သား သမီး မြေး တစ်တို့ ကောင်းမှု။

စာအုပ်ရေ ၁၀၀၀

---

မန္တလေးမြို့, ၃၀ လမ်း, ဓါတ်နန်းရပ်,
လှခင်အင်ဆန်းစာပုံနှိပ်တိုက် (ယာယီမှတ်ပုံတင်အမှတ် ၀၀၃၄) တွင် ရိုက်နှိပ်ရှ
မောင်ဝင်းထိန် B. Sc. (ယာယီမှတ်ပုံတင်အမှတ် ၀၀၂၂) က ထုတ်ဝေသည်